http://www.dhammadownload.com

ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်

ပဓာန နာယကဆရာတော်

# အရှင်ပုညာနန္ဒ

ဓမ္မကထိက ဗဟုဇနဟိတဓရ
ကမ္မဋ္ဌာနာစရိယ

## နှစ် (၅၀) ပြည့်
## ရွှေရတုအထိမ်းအမှတ် အထူးထုတ်

## တရားတော်များ

ပထမတွဲ

http://www.dhammadownload.com

ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်

ပဓာန နာယကဆရာတော်

# အရှင်ပုညာနန္ဒ

ဓမ္မကထိက ဗဟုဇနဟိတဓရ
ကမ္မဋ္ဌာနာစရိယ

## နှစ် (၅၀) ပြည့်
# ရွှေရတုအထိမ်းအမှတ် အထူးထုတ်

## တရားတော်များ

ပထမတွဲ

http://www.dhammadownload.com

# "ကြွေးမတင်စေနဲ့"

လောဘ ဒေါသ မောဟ စတဲ့

ကိလေသာတွေ ရှိနေသမျှ ...

ကြွေးယူနေတာ။

ကြွေးတင်နေသမျှ ဒုက္ခမလွတ်ပါ။

ဒါနပြုနေတာ ... လောဘကြွေး ဆပ်နေတာ၊

သီလစောင့်တာ ... ဒေါသကြွေး ဆပ်နေတာ၊

အလုံးစုံကြွေးတွေကျေဖို့က ... ဝိပဿနာဘာဝနာပွားပါ။

ကြွေးမရှိမှ ချမ်းသာမှာ။

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်
နဝရတ်လမ်း၊ (၉) ရပ်ကွက်၊ သာကေတမြို့နယ်။
ဖုန်း - ၅၅၃၃၃၀, ၅၅၁၁၇၂

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်

ပဓာန နာယကဆရာတော်

# အရှင်ပုညာနန္ဒ

ဓမ္မကထိက ဗဟုဇနဟိတရေ
ကမ္မဋ္ဌာနာစရိယ

## နှစ် (၅၀) ပြည့်
## ရွှေရတုအထိမ်းအမှတ် အထူးထုတ်တရားတော်များ

"အရင်းအနှီးမပျောက်စေနဲ့"
ကုသိုလ်အရင်းအနှီးရှိလို့
လူပြည် နတ်ပြည် ဗြဟ္မာ့ပြည် ရနေကြတာ၊
နိဗ္ဗာန်ရောက်ကြရတာ၊
ကိုယ့်ပါလာတဲ့ အရင်းအနှီးလေး
ကျန်မှကျန်သေးရဲ့လား?
နေ့စဉ် ကုန်သွားတဲ့ အချိန်တိုင်း ပြန်ဆန်းစစ်ပါ၊
နိမ့်ကျတဲ့ အပါယ်လေးဘုံကို မရောက်ချင်ရင်
ဒီတရားတော် စာအုပ်ကို ဖတ်ဖြစ်အောင်ဖတ်ကြ၊

http://www.dhammadownload.com

# ပုံနှိပ်မှတ်တမ်း


- ✦ စာမူခွင့်ပြုချက်အမှတ် - ၃၂၀၄၉၈၀၈၀၉
- ✦ မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၂၀၄၄၉၀၉၀၉
- ✦ ပထမအကြိမ် - ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ
- ✦ အုပ်ရေ - ၁၀၀၀
- ✦ တန်ဖိုး - ၂၅၀၀ ကျပ်
- ✦ ကွန်ပျူတာစာစီ - "ကောင်းမွန်ကွန်ပျူတာ" အမှတ် ၁၁၄၊ ၃၄-လမ်း (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ☎ : ၃၈၉၀၂၃
- ✦ မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးစိုးအောင် ကျုံမငေးပုံနှိပ်တိုက် ( မြ - ၀၇၃၄၂ ) အမှတ် ၆၃၊ ပဒုမ္မာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ☎ : ၃၉၅၀၄၅
- ✦ အတွင်းဖလင် - ကိုဦး နှင့် ညီများ
- ✦ ထုတ်ဝေသူ - ဦးကျော်ဟင်း ( ယုံကြည်ချက်စာပေ ) အမှတ် - ၁၁၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)


| | |
|---|---|
| ပုညာနန္ဒ၊ အရှင် | ၂၉၄. ၃ |

အရှင်ပုညာနန္ဒဟောကြားတော်မူသောတရားတော်များ/အရှင်ပုညာနန္ဒ - ရန်ကုန်။ ယုံကြည်ချက်စာပေ (ပုံနှိပ်)၊ ၂၀၀၉။
၃၁၆ - စာ၊ ၁၅. ၆၅ × ၂၃. ၄၂ စင်တီ။
(၁) အရှင်ပုညာနန္ဒဟောကြားတော်မူသောတရားတော်များ (ပထမတွဲ)

http://www.dhammadownload.com

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏

# ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာ လည်ပုံ ပြတ်ပုံ




(လင်္ကာဆောင်ပုဒ်)

မူလနှစ်ဖြာ၊ သစ္စာနှစ်ရပ်၊ လေးခုအလှ္ဘာ၊ အင်္ဂါတစ်ဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့် သုံးပါးအစပ်၊ နှစ်ရပ် မူလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှလွတ်ကြောင်းတည်း။

အဝိဇ္ဇာနှင့် တဏှာရင်းခံ ၊ဥပါဒါန် ၊ကံကြောင့်ရုပ်နာမ်ပေါ်၊အပင်မှမျိုး ၊မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့်နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန် ဖြစ်ပြန် နည်းအလျော်၊ ပြဟ္မာ - သိကြား၊ စသည်များက ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့်ရှု၍မျှော်။

~~~~~~~~~~~~~~~

"ကျွဲမငေးပုံနှိပ်တိုက်" အမှတ် ၆၃၊ ပဒုမ္မာလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ☎ : ၃၈၉၀၂၃ , : ၀၉ ၅၁၆၀၉၉၄
~~~~~~~~~~~~~~~

http://www.dhammadownload.com

# ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာနှင့် ပူးတွဲ၍ ကြည့်ရှုလေ့လာပါ။

## ပဋိစ္စသမုပ္ပါဒ် အနုလုံပါဠိ

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊
နာမရူပ ပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊
ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊
ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာ မရဏံ၊ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊
ဧဝမေ တဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။

## ပဋိစ္စသမုပ္ပါဒ် ပဋိလုံပါဠိ

အဝိဇ္ဇာယ တွေဝ အသေသ ဝိရာဂ နိရောဓာ သင်္ခါရ နိရောဓော၊
သင်္ခါရနိရောဓာ ဝိညာဏနိရောဓော၊ ဝိညာဏ နိရောဓာ နာမရူပနိရောဓော၊
နာမရူပနိရောဓာ သဠာယတန နိရောဓော၊ သဠာယတနနိရောဓာ ဖဿနိရောဓော၊
ဖဿနိရောဓာ ဝေဒနာနိရောဓော၊ ဝေဒနာနိရောဓာ တဏှာ နိရောဓော၊
တဏှာနိရောဓာ ဥပါဒါန နိရောဓော၊ ဥပါဒါန နိရောဓာ ဘဝနိရောဓော၊
ဘဝနိရောဓာ ဇာတိနိရောဓော၊ ဇာတိနိရောဓာ ဇရာ မရဏံ၊ သောက ပရိဒေဝ
ဒုက္ခ ဒေါမနဿု ပါယာသာ နိရုဇ္ဈန္တိ၊ ဧဝ မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ နိရောဓော ဟောတိ။

၁ **မူလနှစ်ပြာ** - အဝိဇ္ဇာ၊ တဏှာ။

၂ **သစ္စာနှစ်စု** - သမုဒယသစ္စာ၊ ဒုက္ခသစ္စာ။

၃ **လေးစုအလွှာ** - အတိတ်အကြောင်းတစ်လွှာ၊ ပစ္စုပ္ပန်အကျိုးတစ်လွှာ။
ပစ္စုပ္ပန်အကြောင်းတစ်လွှာ၊ အနာဂတ်အကျိုးတစ်လွှာ။

၄ **အင်္ဂါတစ်ဆယ့်နှစ်ပါး** - အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ,
ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာ မရဏ။

၅ **သုံးပါးအစပ်** - သင်္ခါရနှင့် ဝိညာဏ်တစ်စပ်၊ ဝေဒနာနှင့် တဏှာတစ်စပ်၊
ကမ္မဘဝနှင့် ဇာတိတစ်စပ်။

**တစ်နည်း** - အတိတ်အကြောင်းနှင့် ပစ္စုပ္ပန်အကျိုး တစ်စပ်၊ ပစ္စုပ္ပန်အကျိုး
နှင့် ပစ္စုပ္ပန်အကြောင်း၊ သို့မဟုတ် အနာဂတ်ဖြစ်ကြောင်း
တစ်စပ်၊ ပစ္စုပ္ပန်အကြောင်း၊ သို့မဟုတ် အနာဂတ်ဖြစ်ကြောင်း
နှင့် အနာဂတ်အကျိုးတစ်စပ်။

၆ **ဝဋ်သုံးဝနှင့်** - ကိလေသဝဋ်သုံးပါး - အဝိဇ္ဇာ တဏှာ ဥပါဒါန်
ကမ္မဝဋ်နှစ်ပါး - သင်္ခါရ ကမ္မဘဝ
ဝိပါကဝဋ်ရှစ်ပါး - ဝိညာဏ် နာမ်ရုပ် သဠာယတန ဖဿ
ဝေဒနာ ဇာတိ / ဥပပတ္တိဘဝ ဇရာ မရဏ

**မှတ်ချက်။** (ဖြစ်စဉ်-ဇာတိ၊ ဥပပတ္တိဘဝ၊ ဇရာ မရဏ။ **ဟောစဉ်**-ဇာတိ ဇရာ မရဏ ဥပပတ္တိဘဝ)

၇ **ကာလသုံးပြာ** - လွန်လေပြီးသော အတိတ်ကာလ၊ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၊
နောင်ဖြစ်လတ္တံ့သော အနာဂတ်ကာလ။

၈ **ခြင်းရာနှစ်ဆယ်** -
အတိတ်အကြောင်းအခြင်းအရာငါးပါး - ( အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ )
ပစ္စုပ္ပန်အကျိုးအခြင်းအရာငါးပါး - ( ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ )
ပစ္စုပ္ပန်အကြောင်းအခြင်းအရာငါးပါး - ( တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ )
အနာဂတ်အကျိုးအခြင်းအရာငါးပါး - ( ဉာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ )

http://www.dhammadownload.com

**ခန္ဓာ (၅)ပါး**

| | | |
|---|---|---|
| ရူပက္ခန္ဓာ | - | ဖောက်ပြန်မှု သဘောတရားအစု (ရုပ်-၂၈ ပါး) |
| ဝေဒနာက္ခန္ဓာ | - | ကောင်း၊ မကောင်း ခံစားမှု သဘောတရားအစု (ဝေဒနာ) |
| သညာက္ခန္ဓာ | - | မှတ်သားမှု သဘောတရားအစု (သညာ) |
| သင်္ခါရက္ခန္ဓာ | - | ပြုပြင်မှုသဘောတရားအစု (စေတသိက်-၅၀) |
| ဝိညာဏက္ခန္ဓာ | - | သိမှု သဘောတရားအစု (စိတ်) |

**အာယတန (၁၂) ပါး**

**ဓာတ် (၁၈) ပါး**

| အစံဓာတ် (၆) ပါး | အတိုက်ဓာတ် (၆) ပါး | အပွင့်ဓာတ် (၆) ပါး |
|---|---|---|
| ၁။ မျက်စိအကြည် | ၁။ အဆင်း | ၁။ မြင်စိတ် |
| ၂။ နားအကြည် | ၂။ အသံ | ၂။ ကြားစိတ် |
| ၃။ နှာခေါင်းအကြည် | ၃။ အနံ့ | ၃။ နံစိတ် |
| ၄။ လျှာအကြည် | ၄။ အရသာ | ၄။ စားစိတ် |
| ၅။ ကိုယ်အကြည် | ၅။ တွေ့ထိစရာ | ၅။ ယားနာကောင်းစိတ် |
| ၆။ စိတ်(ဘဝင်စိတ်) | ၆။ ကြံတွေးစရာ | ၆။ တွေးတောစိတ် |

**သစ္စာ (၄)ပါး**

| | | |
|---|---|---|
| ဒုက္ခသစ္စာ | - | ဆင်းရဲခြင်းအမှန်တရား၊ ဖြစ်ဒုက္ခ-ပျက်ဒုက္ခ ပိုင်းခြားသိရမည့်တရား။ |
| သမုဒယသစ္စာ | - | ဒုက္ခဖြစ်ကြောင်းအမှန်တရား၊ (တဏှာ-လောဘ)ပယ်ရမည့်တရား။ |
| နိရောဓသစ္စာ | - | ဒုက္ခခပ်သိမ်းချုပ်ငြိမ်းရာအမှန် (နိဗ္ဗာန်) မျက်မှောက်ပြုရမည့်တရား။ |
| မဂ္ဂသစ္စာ | - | ဒုက္ခသစ္စာ၏ချုပ်ကြောင်း၊ သမုဒယသစ္စာကိုပယ်ကြောင်း နိရောဓသစ္စာကို မျက်မှောက်ပြုကြောင်း၊ အကျင့်မှန်တရား (မဂ္ဂင် ၈ ပါး) ပွားများရမည့်တရား။ |

**လောကီမဂ္ဂင် (၅) ပါး ရှုဉာဏ်တရား**

| | | | | |
|---|---|---|---|---|
| သမ္မာဒိဋ္ဌိ | သမ္မာသင်္ကပ္ပ | | ပညာမဂ္ဂင် | (၂) ပါး။ |
| သမ္မာဝါယာမ | သမ္မာသတိ | သမ္မာသမာဓိ | သမာဓိမဂ္ဂင် | (၃) ပါး |

**လောကုတ္တရာမဂ္ဂင် (၈) ပါး**

| | | | | |
|---|---|---|---|---|
| သမ္မာဒိဋ္ဌိ | သမ္မာသင်္ကပ္ပ | | ပညာမဂ္ဂင် | (၂) ပါး။ |
| သမ္မာဝါယာမ | သမ္မာသတိ | သမ္မာသမာဓိ | သမာဓိမဂ္ဂင် | (၃) ပါး |
| သမ္မာဝါစာ | သမ္မာကမ္မန္တ | သမ္မာအာဇီဝ | သီလမဂ္ဂင် | (၃) ပါး။ |

**စိတ္တာနုပဿနာရှုပွားနည်း**

**အပြင်ဧည့်သည်စိတ် (၅) ခု**

၁။ မြင်စိတ်
၂။ ကြားစိတ်
၃။ နံစိတ်
၄။ စားစိတ်
၅။ ယား၊ နာ ကောင်းစိတ်

**အတွင်းဧည့်သည်စိတ် (၆) ခု**

၁။ လောဘစိတ်
၂။ ဒေါသစိတ်
၃။ မောဟစိတ်
၄။ အလောဘစိတ်
၅။ အဒေါသစိတ်
၆။ တွေးတောစိတ်

**၁။ လေကိုထုတ်သောစိတ် ၂။ လေကိုသွင်းသောစိတ် အိမ်သည်စိတ် ၂-ခု။**

**ရှုပွားပုံရှုနည်းစနစ်မှာ** - အိမ်သည်စိတ် (၂) ခုကို အရင်းခံထား၍ မည်သည့်စိတ်ပေါ်ပေါ်၊ ပေါ်တိုင်းပေါ်တိုင်း ဖြစ်ပျက်မလွတ်အောင် ရှုရမည်ဖြစ်ပါသည်။

http://www.dhammadownload.com

## ဝေဒနာနုပဿနာ ရှုပွားနည်း

စိတ်နှင့် ဝေဒနာသည် ဖြစ်အတူ ပျက်အတူ သဟဇာတ တရားများ ဖြစ်သည်။

### အပြင်ညွှန်သည် ဝေဒနာ (၆) ခု

၁။ ဥပေက္ခာ ဝေဒနာသည် ..... မျက်လုံးမှာပေါ်သည်။

၂။ ဥပေက္ခာ ဝေဒနာသည် ..... နားမှာပေါ်သည်။

၃။ ဥပေက္ခာ ဝေဒနာသည် ..... နှာခေါင်းမှာပေါ်သည်။

၄။ ဥပေက္ခာ ဝေဒနာသည် ..... လျှာမှာပေါ်သည်။

၅။ သုခ ဝေဒနာသည် ..... ကိုယ်ပေါ်မှာပေါ်သည်။

၆။ ဒုက္ခ ဝေဒနာသည် ..... ကိုယ်ပေါ်မှာပေါ်သည်။

အထက်ပါဝေဒနာများကို **အပြင်ညွှန်သည် (၆)** ခုဟု ခေါ်သည်။

### အတွင်းညွှန်သည် ဝေဒနာ (၃) ခု

၁။ သောမနဿ ဝေဒနာသည် ..... စိတ်မှာပေါ်သည်။

၂။ ဒေါမနဿ ဝေဒနာသည် ..... စိတ်မှာပေါ်သည်။

၃။ ဥပေက္ခာ ဝေဒနာသည် ..... စိတ်မှာပေါ်သည်။

အထက်ပါဝေဒနာများကို **အတွင်းညွှန်သည် (၃) ခု**ဟု ခေါ်သည်။

### အိမ်သည် ဝေဒနာ (၃) ခု

၁။ သားရေး၊ သမီးရေး၊ စီးပွားရေးမှစ၍ အရပ်ရပ် အဆင်ပြေနေသောအခါ (ဝင်လေ-ထွက်လေကို) သောမနဿဝေဒနာနှင့် ရှုရှိုက်နေသည်။

၂။ သားရေး၊ သမီးရေး၊ စီးပွားရေးမှစ၍ အရပ်ရပ် အဆင်မပြေသည့်အခါ (ဝင်လေ-ထွက်လေကို) ဒေါမနဿဝေဒနာနှင့် ရှုရှိုက်နေသည်။

၃။ တစ်ခါတစ်ရံ (ဝင်လေ-ထွက်လေကို) သောမနဿလည်းမဟုတ်၊ ဒေါမနဿလည်းမဟုတ်၊ ဥပေက္ခာဝေဒနာနှင့် အမှတ်မထင် ရှုရှိုက်နေသည်။

အထက်ပါဝေဒနာများကို **အိမ်သည်**ဟု ခေါ်သည်။

ဝေဒနာနုပဿနာရှုရာ၌ ပေါ်သည့်အချိန်၊ ပေါ်သည့်နေရာကို စောင့်၍ ရှုရမည်ဖြစ်သည်။ ဝေဒနာသည် ဒွါရ (၆)ပေါက်၌ အမြဲဖြစ်နေသည်။ မဖြစ်သည့်အခါမရှိ၊ ဖဿဖြစ်တိုင်းဝေဒနာဖြစ်သည်။ ဝေဒနာကိုရှုရာ၌ နာမှကျင်မှ ဝေဒနာမဟုတ်ပါ။ နာမှု ကျင်မှု မခံသာသည့်ဝေဒနာရှိသလို၊ နာမှု ကျင်မှု ပျောက်ကင်းပြီး ခံသာသည့်ဝေဒနာလည်း ရှိသည်။ ခံသာသည်လည်း မဟုတ်၊ မခံသာသည်လည်းမဟုတ်၊ အလယ်အလတ် အမှတ်မဲ့ ခံစားမှုဝေဒနာမျိုးလည်းရှိသည်။ စိတ်နှင့်ဝေဒနာသည် သဟဇာတ တရားဖြစ်၍ စိတ်ဖြစ်တိုင်း ဝေဒနာဖြစ်သည်။


ဝေဒနာသည် ပေါ်လည်းပေါ်သည်၊ ပျက်လည်းပျက်သည်၊ ဝေဒနာနှင့်ငါ မရောစေနှင့်၊ ဝေဒနာခွာ၍ အနိစ္စမြင်အောင်ကြည့်၊ အနိစ္စတွေ့မှ လမ်းမှန်ကျမည်။

( ဤကား အကျဉ်းချုပ် သိရုံမျှသာဖြစ်သည်။ )

http://www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

# မိုးကုတ်ဆရာတော်ဘုရားကြီး



http://www.dhammadownload.com

http://www.dhammadownload.com

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်

ပဓာန နာယကဆရာတော်

# အရှင်ပုညာနန္ဒ

ဓမ္မကထိက ဗဟုဇနဟိတဓရ

ကမ္မဋ္ဌာနာစရိယ




http://www.dhammadownload.com

http://www.dhammadownload.com

ခမည်းတော်

# ဘဒ္ဒန္တဝိစာရ



http://www.dhammadownload.com

http://www.dhammadownload.com

မယ်တော်

# ဒေါ်ခင်စိ



http://www.dhammadownload.com

http://www.dhammadownload.com

ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်

# ဆရာတော် သီတင်းသုံးရာစံကျောင်း



http://www.dhammadownload.com

http://www.dhammadownload.com



မန္တလေး ချမ်းသာကြီးဆရာတော်

# ဘဒ္ဒန္တဇောတိကာဘိဝံသ

၏

## အမှာစာ

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ ဝိမလာရာမ နတ်ညွှန်းကျောင်းတိုက် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလ နတ်ညွှန်းဆရာတော်က ရန်ကုန်တိုင်း၊ သာကေတမြို့နယ်၊ (၉) ရပ်ကွက်၊ နဝရတ်လမ်း၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် ဆရာတော် အရှင်ပုညာနန္ဒ၏ နှစ် (၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်အဖြစ် (အထူးထုတ်) တရားတော်များကို စက်တင်ရိုက်နှိပ် ဖြန့်ဝေလိုပါသဖြင့် အမှာစာရေးပေးရန် ဤအမှာစာရေးသူအား အကူအညီတောင်းခံလာပါသည်။ ဤအမှာစာ ရေးသူကလည်း ဘဒ္ဒန္တဝိမလ နတ်ညွှန်းကျောင်းဆရာတော်၏ စိတ်စေတနာ နှင့် သဒ္ဓါတရားများကို အားပေးကူညီလိုလှပါသဖြင့် ဝမ်းမြောက်စွာပင် အလွယ်တကူ တာဝန်ယူလိုက်ပါသည်။

တာဝန်ယူစဉ်က အလွယ်တကူ ဝမ်းမြောက်စွာပင် တာဝန်ယူလိုက်ပါ သော်လည်း အလုပ်ကိစ္စတွေ အလွန်များပြားနေသဖြင့် ပြည့်ပြည့်စုံစုံ ကျယ်ကျယ်ပြန့်ပြန့် ရေးသားနိုင်ခြင်းမရှိဘဲ အနည်းငယ်မျှ တိုတိုကျဉ်းကျဉ်း ရေးသားနိုင်သည်ကို နားလည်ပေးပါ၊ နှစ်သိမ့်ကျေနပ်ပေးပါလို့ ရှေးဦးစွာ တောင်းပန်စကား ပြောကြားလိုက်ပါသည်။

ဦးစွာပထမ တရားတော် စာမူများကို တရားတစ်ပုဒ်ပြီးတစ်ပုဒ် လေ့လာ ဖတ်ရှုကြည့်ပါသည်။ တရားအပုဒ်ပေါင်း ( ၂၃ ) ပုဒ် ရှိသည်ကို တွေ့ရပါသည်။ တရားတော်တိုင်း တရားတော်တိုင်း ပေးထားသော တရား တော်နာမည်နှင့် ဟောကြားထားသော တရားစာသား၊ တရားစကားများမှာ

http://www.dhammadownload.com



လိုက်လျောညီထွေ ရှိလှပါသည်။ သံသရာဝဋ်ဆင်းရဲအပေါင်းမှ တကယ်တမ်း ထွက်မြောက် ကျွတ်လွတ်လိုသူတိုင်း မိမိတို့၏ အလိုအဇ္ဈာသယ ဓာတ်ခံနှင့် ကိုက်ညီသော တရားတော်များကို ဖတ်ရှုပြီး အားထုတ်သွားကြမည်ဆိုလျှင် ဤတရားစာအုပ်သည် တရားပြပေးသော ကမ္မဋ္ဌာနာစရိယ ဆရာတော်ကြီးတစ်ပါး မိမိအနီးမှာ ရှိနေဘိသကဲ့သို့ ဖြစ်ပေလိမ့်မည်။ သို့အတွက်ကြောင့် ဤကဲ့သို့သော တရားစာအုပ်တစ်အုပ် မိမိတို့လက်ဝယ်ထားရှိသင့်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

ဘဒ္ဒန္တဇောတိကာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
တွဲဖက်အကျိုးတော်ဆောင်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့,
မဟာနာယကကျောင်းတော်ကြီး၊ ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်။

http://www.dhammadownload.com



# အခါး

* ပစ္စည်းကြွယ်ဝ၊ လောကပညာ၊ ခြေထောက်သာ၊ လူမှာအားမပြည့်။

* သတိရှေ့ထား၊ တရားကျင့်ကြံ၊ လူ့တောင်ပံ၊ ကေန်စွမ်းအားပြည့်။

လူသည် (၁) ပစ္စည်းဥစ္စာ၊ (၂) လောကအတတ်ပညာ၊ (၃) တရား သုံးမျိုးဖြင့် အားယူနေကြသည်။ ပစ္စည်းဥစ္စာနှင့် လောကအတတ်ပညာတို့ သည် လောကကပေးသည့် ဒုက္ခအပူအောက်၌သာ နေရသည်ဖြစ်၍ လူ့ခြေထောက်များတည်း။ ကျင့်ကြံအားထုတ်၍ ရထားသည့်တရားကား ဒုက္ခအပူအပေါ် လွှမ်းမိုးအနိုင်ယူရကား အဆိုးကင်းအောင် ပျံသန်းနိုင်သည့် လူ့တောင်ပံတည်း။

ငှက်သည် ခြေထောက်ကိုသာ အားကိုးနေလျှင် နောက်က ဘေးရန် လိုက်လာလျှင် လွတ်အောင်မပြေးနိုင်၍ ဘေးဒုက္ခရောက်မည်။ အဝေးကို သွားလျှင်လည်း ကြာမည်၊ ပင်ပန်းမည်၊ မလုံခြုံ။ ခြေထောက်ဖြင့် အားယူပြီး တောင်ပံဖြင့် ပျံသန်းမှ ဘေးရန်လွတ်မည်၊ မြန်မည်၊ သက်သာမည်၊ လုံခြုံ မည်။ လူသည်လည်း တရားတောင်ပံဖြင့် ပျံသန်းမှ ဘေးရန်အပူ အဆိုး အားလုံး လွတ်မည်။ ခုရောနောင်ပါ သေရေး ဆင်းရဲလွတ်ရေး စိတ်အေး ရမည် ဖြစ်သည်။

သို့ဖြစ်၍ ရွှေရတုကာလရောက်လာပြီဖြစ်သော ဆရာတော် အရှင်ပုညာနန္ဒတို့သည်လည်း နည်းမှန်လမ်းမှန် လူ့တောင်ပံဖြင့် အဆိုးကင်း အောင် ချမ်းသာပန်းတိုင်ရောက်အောင် ပျံသန်းနိုင်ကြပါစေသတည်း။ လူအများကိုလည်း နည်းမှန်လမ်းမှန် ပျံသန်းတတ်အောင် တောင်ပံတပ်ဆင် အပျံသင်ပေးနိုင်ကြပါစေသတည်း။

အဆိုးကင်းဝေး ငြိမ်းအေးကြပါစေ ...။

ဘဒ္ဒန္တသိရိန္ဒ
တိပိဋကဓရဆရာတော်
မဟာဝိသုဒ္ဓါရုံပါဠိတက္ကသိုလ်
နန္ဒဝန်လမ်း၊ ဗဟန်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com



ကျိုက္ကလော့ဆရာတော်

# ဘဒ္ဒန္တ ဒေါက်တာ စန္ဒာဝရာဘိဝံသ

ပထမကျော်၊ သ.စ.အ. ဓမ္မာစရိယ ( Ph.D ) ၏

## အညွှန်းစာလွှာ

လူဟူသည် ကိုယ့်သမိုင်းကို ကိုယ်ကိုယ်တိုင်ရေးသော သတ္တဝါဖြစ်သည်ဟု ပညာရှင်များက ဆိုကြပါသည်။ ကိုယ့်ဘဝ၏ ကောင်းကျိုးဆိုးကျိုးကို ကိုယ်ကိုယ်တိုင် ပြုလုပ်နေသည်ဟု အဘိဓမ္မာက ညွှန်ပြပါသည်။ ကိုယ့်ဘဝ၏ မှတ်တိုင်များကို ကိုယ်ကိုယ်တိုင် စိုက်ထူထားခဲ့ခြင်းအားဖြင့် နောင်းခေတ် သမိုင်းသုတေသီများနှင့် နောင်းခေတ် ကမ္ဘဝါဒီ၊ သုတဂဝေသီပုဂ္ဂိုလ်များအတွက် တန်ဖိုးမဖြတ်နိုင်သော သင်ခန်းစာများ ရရှိနိုင်ပါသည်။

ဘဝသမိုင်းမှတ်တိုင်ကို ခိုင်ခိုင်မာမာ စိုက်ထူနေကြသူများတွင် ရွှေရတုသဘင် မွေးနေ့ရှင် အရှင်ပုညာနန္ဒသည်လည်း တစ်ဦးအပါအဝင်ဖြစ်ပါသည်။

အရှင်ပုညာနန္ဒသည် လူ့လောက၊ လူ့ပတ်ဝန်းကျင်တွင် အတိုင်းအတာတစ်ခုအထိ နှံ့စပ်ကျင်လည်ခဲ့ပြီး မြတ်ဗုဒ္ဓ၏ သာသနာ့လောင်းရိပ်အောက်သို့ ရောက်ရှိလာခဲ့သူဖြစ်သည်။ လောကအသိနှင့် ဓမ္မအသိ နှစ်ခုပေါင်းစပ်ပြီး မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မသာဝကအဖြစ်ကို ခံယူခဲ့သူလည်းဖြစ်သည်။

မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဓမ္မအသံတော်များ ကမ္ဘာအနှံ့ပြန့်လွင့်နေချိန်တွင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ပုံရိပ်ကို ကမ္ဘာအနှံ့သို့ လက်ဆင့်ကမ်း သယ်ဆောင်နေသူဖြစ်သည်။ အရှင်ပုညာနန္ဒ၏ ဓမ္မစာပေ

http://www.dhammadownload.com



များကို ဖတ်ရှုကြည့်လျှင် စာရေးသူ၏ အဆိုပြုချက်ကို လက်ခံနိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

အရှင်ပုညာနန္ဒ၏ ဓမ္မအသိ ဓမ္မကျင့်စဉ် ဓမ္မအင်အား ဓမ္မစေတနာ များကို ဤစာအုပ်တွင် လေ့လာသိရှိနိုင်ပါသည်။

ဤအချက်များသည်ပင် မြတ်ဗုဒ္ဓ၏ သာသနာ့မြေပေါ်၌ အရှင်ပုညာနန္ဒ စိုက်ပျိုးနိုင်ခဲ့သော ဓမ္မအသီးအပွင့်များ ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အရှင်ပုညာနန္ဒ စိုက်ထူခဲ့သော စိုက်ထူနေသော စိုက်ထူလတ္တံ့သော ဓမ္မမှတ်တိုင်များ ဖြစ်ပါသည်။

အရှင်ပုညာနန္ဒ၏ ဓမ္မမှတ်တိုင်များကို လေ့လာသုံးသပ်၍ အရှင်ပုညာနန္ဒ၏ ဘဝပုံရိပ်ကို ပုံဖော်ကာ ကြည်ညိုသဒ္ဓါ ပွားများနိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

မေတ္တာဖြင့် ...

ကျီးတ္တလေ့ဆရာတော်

http://www.dhammadownload.com



ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြို့မရပ် (၃) လမ်း
**ဝိမလာရာမ နတ်ညွှန်းကျောင်းတိုက်ဆရာတော်**

# ဘဒ္ဒန္တ ဝိမလ

အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဗုဒ္ဓသာသနာပြု ထေရဝါဒဩဝါဒါစရိယ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်

၏

## အမှာစာ

**ဓမ္မော လောကေ သမုပ္ပန္နော သုခါယ သဗ္ဗပါဏီနံ** – လောက၌ တရားရတနာ ပေါ်ထွန်းလာခြင်းသည် သတ္တဝါအများ ချမ်းသာရန်ဖြစ်ကြောင်း ဗုဒ္ဓမြတ်တရား ဟောကြားတော်မူခဲ့ပေသည်။ တရား (ဓမ္မ) ဟူသည် သတ္တဝါများ အပါယ်မလားအောင် ရှက်ဆောင်ခြင်း၊ အောက်တန်းမကျ အထက်တန်း ရောက်ရလေအောင် ပို့ဆောင်ခြင်းဟု အဓိပ္ပာယ်ရရှိပေသည်။

ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းတော်မမူမီက လူများသည် သတ္တဝါအသက်သတ်ဖြတ်၍ ယဇ်ပူဇော်ခြင်းသည် နတ်ရွာလားကြောင်း ကောင်းမှုကုသိုလ်ဖြစ်၏ဟု မှားယွင်းစွာ ယူဆ၍ ဆောင်ရွက်ခဲ့ကြသည်။ သတ္တဝါများ ဆင်းရဲဒုက္ခရောက်ခဲ့ရသည်။ ဗုဒ္ဓမြတ်စွာ ပွင့်ထွန်းတော်မူလာသောအခါ မြတ်စွာဘုရား၏ ဟောကြားဆုံးမ ဩဝါဒအရ သတ္တဝါအသက် သတ်ဖြတ်ညှင်းဆဲခြင်းများသည် အပါယ်လားကြောင်း မကောင်းမှုအကုသိုလ်ဖြစ်၏ဟု လူအများ သိရှိလာကြသဖြင့် သတ္တဝါများ ချမ်းသာသုခ ရရှိခဲ့ကြပေသည်။

မြတ်ဗုဒ္ဓ၏ တရားဓမ္မအနှစ်ချုပ်မှာ **သီလ၊ သမာဓိ၊ ပညာ** သိက္ခာသုံးရပ် အကျင့်မြတ်များပင်ဖြစ်ပေ၏။ သို့ရာတွင် လောကီလူမှုရေးနယ်ပယ်၌ လွှဲဖယ်၍မရသော အတွေးအမြင် ဒဿနများနှင့်တကွ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသော အရေးအရာများကိုလည်း လိုက်နာကျင့်ကြံ

http://www.dhammadownload.com



သူများ ကျန်းမာချမ်းသာ၍ လူကောင်း လူတော်များဖြစ်ရေးအတွက် အများအပြား ဟောကြားထားပေသည်။

အထူးသဖြင့် မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားဓမ္မများသည် တက္ကီဆရာ ဝိမံသီဆရာများ စိတ်ကူးဖြင့် တွေးခေါ်ကြံဆ စူးစမ်းမှုအရ ဖြစ်ပေါ်လာသော တရားဓမ္မများမဟုတ်ဘဲ ကိုယ်တိုင် ကျင့်ကြံပွားများအားထုတ်၍ ထိုးထွင်းသိမြင်မှုအရ ဟောကြား၍ ဖြစ်ပေါ်လာသော တရားဓမ္မများသာ ဖြစ်ပေသည်။ ထို့ကြောင့် လောကီ လောကုတ္တရာ နယ်ပယ်အသီးသီးအတွက် အကျိုးပြုတရားဓမ္မများ ဖြစ်နေရခြင်းဖြစ်ပေသည်။

ဤသို့ အကျိုးတရား ကြီးမားလှသော တရားဓမ္မများကို ကျင့်ကြံပွားများရသူများသည် အကောင်းတကာ့ထိပ်ခေါင် အနှစ်ဆောင်သော သီလ၊ သမာဓိ၊ ပညာ ကောင်းကျိုးချမ်းသာကို အပြည့်အဝ ခံစားနိုင်ကြမည်ဖြစ်ပေသည်။

မိမိတို့၏ဘဝကို မြတ်ဗုဒ္ဓ၏တရားဓမ္မဖြင့် ငြိမ်းချမ်းစွာ တည်ဆောက်နိုင်ကြမည်ဖြစ်ပေသည်။ မိမိတို့၏ ယဉ်ကျေးမှုကို မြတ်ဗုဒ္ဓ၏ တရားဓမ္မဖြင့် အားဆင့်၍ မြှင့်တင်နိုင်ကြမည်ဖြစ်ပေသည်။ မြတ်ဗုဒ္ဓ၏ တရားဓမ္မစာပေ အသိပညာ ဗဟုသုတဖြင့် လောကရေးရာ လောကုတ္တရာရေးရာ အဖြာဖြာသော အသိအမြင် ပညာဗဟုသုတများကို မှန်မှန်ကန်ကန် ဝေဖန်ဆန်းစစ်လက်ခံနိုင်ကြမည်ဖြစ်ပေသည်။ နူးညံ့သိမ်မွေ့သော မြတ်ဗုဒ္ဓ၏ တရားဓမ္မစာပေ အသိပညာဖြင့် ယဉ်ကျေးပြီး စာရိတ္တကောင်းသောဘဝကို ထူထောင်နိုင်ကြမည် ဖြစ်ပေသည်။ ယဉ်ကျေးသိမ်မွေ့ခြင်း၊ စာရိတ္တကောင်းမွန်ခြင်းဖြင့် လူ့ဘောင်လောက အေးချမ်းသာယာမှုကို ရရှိနိုင်ကြမည် ဖြစ်ပေသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ တရားဓမ္မများကို မသိရှိသေးသူများ သိရှိခံစားနိုင်စေရေး သိရှိပြီးသူများလည်း ပို၍သိရှိခံစားနိုင်လာစေရေးအတွက် ကမ္ဘာပေါ်ရှိ လူသားလောကအတွင်း ပြန့်ပွားအောင် ဆောင်ရွက်သင့်ပေသည်။

မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော တရားဓမ္မအနှစ်ချုပ်သည် **''မကောင်းမှုရှောင် ကောင်းမှုဆောင် စိတ်ကိုဖြူအောင်ထား''** ဟူသော

http://www.dhammadownload.com



အဆုံးအမ တရားတော်များပင်ဖြစ်ပေသည်။ ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့သော တရားဓမ္မများကို သင်ကြားပြသခြင်း၊ ဟောပြောပြသ ရေးသားဖြန့်ချိခြင်းသည် သာသနာပြုလုပ်ငန်းအစစ် ဖြစ်ပေသည်။ သာသနာပြုကုသိုလ်သည် ကုသိုလ်တကာတွင် အမြတ်ဆုံးကုသိုလ်ပင်ဖြစ်ပေသည်။ ယင်းသာသနာပြု ကုသိုလ်များတွင် ဗုဒ္ဓတရားဓမ္မကို မှန်ကန်စွာ မသိရှိကြ၍ အယူမှားနေကြသော ကမ္ဘာ့သူ ကမ္ဘာ့သား လူသားများ ယဉ်ကျေးသိမ်မွေ့လာအောင် ပြုဆောင်နိုင်သော သာသနာပြုကုသိုလ်လုပ်ငန်းမှာ ယခုခေတ်အခြေအနေ အချိန်အခါ၌ ဝိပဿနာတရား ဟောကြားပြသမှု လုပ်ငန်းသည် အဓိက ပဓာနကျသော လုပ်ငန်းတစ်ရပ်ပင်ဖြစ်ပေသည်။ ဝိပဿနာတရားသည် ကမ္ဘာ၌ပင် တိုးတက်ပြန့်ပွားနေသော လုပ်ငန်းဖြစ်၍ ကမ္ဘာအရပ်ရပ်ရှိ လူသားများအား သာသနာပြုရာတွင် အထက်မြက်ဆုံး လက်နက်တစ်ခုပင် ဖြစ်နေပေသည်။

ဝိပဿနာတရား အားထုတ်ရာတွင် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်အားလုံးကို ကျင့်သုံးဆောက်တည် ပွားများအားထုတ်ရသဖြင့် ထိုသူများသည် ဒုစရိုက် (၁၀) ပါးကို သမုစ္ဆေဒပဟာန်အားဖြင့် အမြစ်ပြတ်အောင် မပယ်ရှားနိုင်သေးစေကာမူ တဒင်္ဂပဟာန် ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်ရှားနိုင်ကြသဖြင့် ဒုစရိုက်တရား ခေါင်းပါးအောင် ဆောင်ရွက်နေသူများဖြစ်ကြောင်း သိသာထင်ရှားလှပေသည်။ အရိယာသူတော်ကောင်းများအား စွပ်စွဲသူမဖြစ်တော့သည့်အပြင် ကိုယ်တိုင်အယူမှန်လာပြီး ဗောဓိပဿိက တရားဂုဏ်တော်အရ အခြားသူများအားလည်း လာရောက်ကျင့်ကြံပွားများပါဟု ဆွဲဆောင်တိုက်တွန်းမှု ပြုလာနိုင်ပေသည်။ သရဏဂုံမြဲပြီး သစ္စာတရားလေးပါးကိုလည်း စွဲစွဲမြဲမြဲ သဘောပေါက်နိုင်ကြပြီဖြစ်ပေသည်။

ထို့ကြောင့် ဤသို့သော ဝိပဿနာလုပ်ငန်းဖြင့် သာသနာပြုကြသူများသည် သီလက္ခန် ဒိဗ္ဗစက္ခုအခန်း၌ မြတ်စွာဘုရားက ဒုစရိုက်မှုပြုနေသူများ သူတစ်ပါးကို အယူမှားအောင် ဆွဲဆောင်နေသူများသည် အပါယ်ဒုဂ္ဂတိသို့ လားရောက်နေကြသည်ကို တွေ့မြင်ရပြီး ဒုစရိုက်မှု မပြုသူများ အရိယာသူတော်ကောင်းများကို မစွပ်စွဲသူများ ကိုယ်တိုင်အယူမှန်သူများ သူတစ်ပါး

http://www.dhammadownload.com



အယူမှန်အောင် ဟောပြော ဆွဲဆောင်သူများသည် နတ်ရွာသုဂတိသို့သာ လားရောက်နေကြသည်ကို တွေ့မြင်ရကြောင်း ဟောကြားထားတော်မူသကဲ့သို့ တိကင်္ုတ္တရပါဠိတော် ဗဟုပကာရသုတ်၌လည်း သူတစ်ပါးအား သရဏဂုံ တည်အောင်ပြုသူ သူတစ်ပါးအား သစ္စာ (၄) ပါး သိအောင်ပြုသူနှင့် သူတစ်ပါးအား ရဟန္တာဖြစ်အောင်ပြုသူ (၃) ဦးသည် လောကတွင် ကျေးဇူးအကြီးမားဆုံးပုဂ္ဂိုလ်ဖြစ်ကြောင်း ဟောကြားထားတော်မူပေသည်။

ထို့ကြောင့် ယခုဆရာတော် အရှင်ပုညာနန္ဒမထေရ်မြတ်သည် ဝိပဿနာတရားဖြင့် လူသားများတွင် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ် အကျင့်မြတ်များတည်အောင် ဆောင်ရွက်လျက် ထိုလူသားများ ဒုစရိုက်တရား ခေါင်းပါးခြင်း၊ အရိယာသူတော်ကောင်းများ မြတ်နိုးခြင်း၊ အယူမှန်ခြင်း၊ အယူမှန်အောင် ဆွဲဆောင်မှုပြုခြင်း၊ သရဏဂုံတည်လာခြင်း၊ သစ္စာ (၄) ပါး သိလာခြင်း အကျိုးများကို ဆောင်ရွက်ပေးနိုင်သူ ပုဂ္ဂိုလ်ထူးဖြစ်သောကြောင့် သာသနာအတွက် လောကလူသားတို့အတွက် ကျေးဇူးကြီးသော ပုဂ္ဂိုလ်မြတ်ဖြစ်ပါကြောင်း ဆရာတော် ဟောကြားထားသော ဤတရားစာအုပ်ကို လေ့လာဖတ်ရှုသူများသည်လည်း သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာသုံးရပ် အကျင့်မြတ်များကို သဘောပေါက်၍ ကျင့်ကြံပွားများလာနိုင်ကြသဖြင့် ဒုစရိုက်ခေါင်းပါးခြင်း စသော အကျိုးတရားများကို ရရှိနိုင်ကြမည်ဖြစ်ပါကြောင်း . . . ။

"တရားရေစင်အေးမြြင့် ကိုယ်စိတ်နှလုံး ရွှင်ပြုံးနိုင်ကြပါစေ ..."

**ဘဒ္ဒန္တဝိမလ**

ဝိမလာရာမနတ်ညွှန်းကျောင်းတိုက်

http://www.dhammadownload.com



# အရှင်စန္ဒာဓောတိ

(ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင်)

၏

# အမှာစာ

ဘုရားရှင်ဟောကြားတော်မူခဲ့သော တရားတော်သည် တစ်မျိုးတည်း သာရှိသော်လည်း ဟောကြားတော်မူသော ဓမ္မကထိကဆရာတော်များ အလိုက် စိုပြေသော တရားဟောနည်းနှင့် ခြောက်သွေ့သော တရားဟော နည်းဟု တရားဟောနည်းမှာမူ နှစ်မျိုးရှိသည်။ စိုပြေသော တရားဟောနည်း ဆိုသည်မှာ တရားနာပရိသတ် အပျင်းပြေစေရန် အသံနေအသံထားဖြင့် ဟောခြင်း၊ ပုံတိုပတ်စများဖြင့်ဟောခြင်း၊ သီချင်းသံဖြင့်ဟောခြင်း၊ သီချင်း စသည် ဆိုသင့်တာဆို၍ ဟောခြင်းများဖြစ်သည်။ ထို့ကြောင့် အထက်ပါ စိုပြေသော တရားဟောနည်းကို လူတိုင်း နာနိုင်ကြသည်။ လူပြိန်းကြိုက် တရားဟောနည်းဟု ဆိုရမည်။ ခြောက်သွေ့သော တရားဟောနည်းဆိုသည် မှာ ဝိပဿနာ တရားဟောနည်း ဖြစ်သည်။ လူတိုင်း အသိရခက်သော ရုပ်သံ၊ ဓာတ်သံ၊ ပရမတ်သံတို့ အမြဲပါဝင်နေကြသဖြင့် လူတိုင်း စိတ်မဝင်စား ကြပေ။ ဝိပဿနာအားထုတ်သော အတွေ့အကြုံရှိသူများသာ စိတ်ဝင်စား ကြပြီး အခြားပုဂ္ဂိုလ်များအတွက် ပျင်းစရာကောင်းလှသကဲ့သို့ ငိုက်မြည်းစရာ လည်းကောင်းလှသည်။ အတွေ့အကြုံ မရှိပါက တီကောင်ကို ဆားနှင့် တို့သည့်ပမာ နောက်တွန့်သွားနိုင်သည့် တရားခြောက်ကြီးဟု ဆိုရပေမည်။

## တရားခြောက်ကို စိုအောင်ဟောနိုင်သူ

ယင်းတရားခြောက်ကြီးကို စိုပြေသွားအောင် အများနားလည်သွား အောင် ဟောပြောနိုင်သူကား အင်မတန် ရှားပါးလှ၏။ ဟောပြောနိုင်လျှင်မူ

http://www.dhammadownload.com



မတစ်ထောင် တစ်ကောင်ဘွား ဇာနည်ယောကျ်ားဟု ဆိုရပေမည်။ ယင်းကဲ့သို့သော ဇာနည်ယောကျ်ား ပုဂ္ဂိုလ်ထူးများထဲတွင် ဆရာတော် အရှင်ပုညာနန္ဒသည် တစ်ပါးအပါအဝင်ဖြစ်သည်။ ဆရာတော် အရှင်ပုညာနန္ဒသည် လူတိုင်းက တရားခြောက်ကြီးဟု ထင်မှတ်ကာ နောက်တွန့်နေသော ဝိပဿနာတရားတော်ကို စိုပြေအောင်နှင့် လူတိုင်း သဘောကျနှစ်ခြိုက်အောင် ဟောပြစွမ်းနိုင်သော ပုဂ္ဂိုလ်ထူးကြီးပါပေ။

## ကိုယ်တွေ့ပါမှ သဘောကျ

ဆရာတော် အရှင်ပုညာနန္ဒကဲ့သို့သော ပုဂ္ဂိုလ်ထူးများ၏ စွမ်းဆောင်မှုကြောင့် ဒကာ၊ ဒကာမများလည်း ရှေ့ကနှင့်မတူတော့ဘဲ တရားဗဟုသုတများ ပြည့်ဝလျက်ရှိကြသည်။ ထို့ကြောင့် တရားအရာ၌ ပါးစပ်မှလာသော တရားနှင့် နှလုံးသားမှလာသောတရားကို ခွဲခြားသိတတ်ကြသည်။ ရှင်းပါဦးမည်။ ပါးစပ်မှလာသော တရားဟူသည် ကိုယ်တိုင် ကျင့်ကြံမှုမပါဘဲ စာအုပ်စာပေကိုကြည့်၍ ဟောသောတရားဖြစ်၏။ ယင်းကဲ့သို့သော တရားမျိုးကို နာကြားရလျှင် ဆားမပါသောဟင်းကို စားရသည့်ပမာ ပေါ့ပျက်ပျက်နိုင်လှသည်။

နှလုံးသားမှလာသောတရားဟူသည် ကိုယ်တိုင် ကျင့်ကြံအားထုတ်ပြီးမှ မိမိရရှိလာသောတရားကို အခြေခံ၍ အားပါးတရ ဟောကြားသော တရားမျိုးဖြစ်သည်။ ယင်းတရားကို နာကြားရလျှင် ဆားပါသည့်ဟင်းကို စားရသည့်ပမာ လေးလေးပင်ပင် ရှိလှသည်။ နာကြား၍မဝနိုင်အောင် အရသာ ရှိလှသည်။

ဆရာတော် အရှင်ပုညာနန္ဒသည် မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဥပနိဿယကိုခံယူ၍ ကိုယ်တိုင် နှစ်ပေါင်းများစွာ ဝိပဿနာအလုပ် ကျင့်ကြံအားထုတ်ခဲ့သည်။ ထို့အပြင် ယောဂီသူတော်စင်များအား ဝိပဿနာတရားများ ဟောကြားပြသရင်းပင် ကိုယ်တိုင် ထပ်မံ၍ ကျင့်ကြံအားထုတ်ခဲ့ပြန်

http://www.dhammadownload.com



သည်။ ထို့ကြောင့် ဆရာတော် အရှင်ပုညာနန္ဒ၏ တရားတော်များကို နာကြားရသော ပရိသတ်များမှာ နာ၍မဝ တသသ ဖြစ်ကြရသည်။

ဆရာတော် အရှင်ပုညာနန္ဒသည် ယခုအခါ မိမိ၏ သက်တော် (၅၀)ပြည့် ရွှေရတုကာလ အခါသမယတွင် ဆရာတော် ဟောကြားတော်မူခဲ့သော တရားတော်များအနက် အချို့တရားတော်များကို ထုတ်နုတ်၍ အထူးထုတ် တရားတော်များအဖြစ် ထုတ်ဝေလိုက်ရာ နှလုံးသားမှလာသော တရားတော်များကို တိုက်ရိုက်နာကြားခွင့်ရရှိကြမည်ဖြစ်သဖြင့် ဖတ်ရှုကြသော ယောဂီသူတော်စင်များမှာ ဖရဏာပီတိ ဂွမ်းဆီထိကာ ကြည့်ရှုနာကြားရ၍ မဝနိုင်သော အရသာထူးများကို ရရှိခံစားရမည်ဆိုလျှင် လွန်အံ့မထင်ပါ။

အရှင်စန္ဒဇောတိ
( ပါဠိပါရဂူ၊ ပိဋကတ်တစ်ပုံဆောင် )
အာဂုံဆောင်ကျမ်းများနှင့် နိကာယ်အဖွင့်ကျမ်းများကျမ်းပြု
အောင်သိဒ္ဓိကျောင်းပရိယတ္တိစာသင်တိုက်၊ ဓမ္မသုခကျောင်းတိုက်
ကြားတောရလမ်း၊ ရွှေတိဂုံအရှေ့မုခ်လမ်းမကြီး
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ ႏ ၀၁-၃၈၃၄၂၇၊ ၃၈၀၈၇၅

http://www.dhammadownload.com

(၃)

# မာဃဂါ (သုတေသီ) ၏ အမှာစာ

မြတ်စွာဘုရားသည် ကလိယုဂ်အတွင်း မီးပုံအလယ်ရှိ ကြာပန်းပွင့်ကဲ့သို့ ပွင့်တော်မူခဲ့ပါသည်။ ပွင့်ထွန်းရာ မဇ္ဈိမဒေသအတွင်း ရှုပ်ထွေးနေသော အယူဝါဒရှင်များအကြားတွင် ပွင့်ထွန်းတော်မူခဲ့ရပြန်သည်။ မြတ်စွာဘုရား ပွင့်တော်မူချိန်တွင် မဇ္ဈိမဒေသ၌ အယူဝါဒ (၆၂)ပါး ထွန်းကားပြန့်ပွားလျက် ရှိနေပြီဖြစ်သည်။ မြတ်စွာဘုရား ပွင့်ထွန်းတော်မူလာသောအခါ ရှိရင်းအယူဝါဒ (၆၂)ပါးလုံးသည် အယူဝါဒ အလွဲအမှား မိစ္ဆာအယူများဖြစ်ကြောင်း ဟောကြားတော်မူခဲ့သည်။

ရှိရင်းအယူဝါဒ (၆၂)ပါးကို အယူဝါဒ အလွဲအမှားအဖြစ် ပယ်ရှားတော်မူပြီး သမ္မာဒိဋ္ဌိအယူမှန် ပြန့်ပွားရေးကို မနေမနား ဒေသစာရီကြွချီ၍ ဟောကြားတော်မူခဲ့သည်။ သို့ရာတွင် ကလိယုဂ် ဆုတ်ကပ်ခေတ်အခါဖြစ်၍ လူသားအားလုံးကို အယူမှန်၌တည်စေရန် ဟောပြောနိုင်မှု မရှိခဲ့ပါ။ ပညာရှိသူတော်ကောင်းများ စိတ်ကောင်းရှိသူများကသာ မြတ်စွာဘုရား ဟောကြားသော တရားကို ကျင့်ကြံပွားများ၍ ပစ္စုပ္ပန်သံသရာ အကျိုးနှစ်ဖြာ ရရှိခဲ့ကြသည်။

သစ္စယုဂ်ခေတ်အခါတွင် လူ (၁၀၀) လျှင် (၉၀) တရားကျင့်ကြသည်။ ကတယုဂ်ခေတ်အခါတွင် လူ (၁၀၀) လျှင် (၇၅) တရားကျင့်ကြသည်။ ဒွါပရခေတ်အခါတွင် လူ (၁၀၀) လျှင် (၅၀) တရားကျင့်ကြသည်။ ကလိယုဂ်ခေတ်အခါတွင် လူ (၁၀၀) လျှင် (၂၅) တရားကျင့်သည်ဟု ဆိုသော်လည်း ပုရာဏ်ဆရာတစ်ဦး၏ အမေးနှင့် စပ်လျဉ်း၍ မြတ်စွာဘုရားက ဒိဗ္ဗစက္ခုဖြင့် ကြည့်တော်မူရာ –

**ရာဂပ္ပမတ္တက** – ရာဂ (လောဘ) ဖြင့် ရှုးသွပ်နေသူများ၊ **ဒေါသမ္မတ္တက** – ဒေါသကြောင့် ရူးသွပ်နေသူများ၊ **မောဟုမ္မတ္တက** –

http://www.dhammadownload.com



မသိမိုက်မဲမှုကြောင့် ရှုံးသွပ်နေသူများ၊ **မာနုမ္မတ္တက** – မာန်မာနကြောင့် ရှုံးသွပ်နေသူများ၊ **ဒိဋ္ဌုမ္မတ္တက** – အယူအလွဲအမှားအစွဲတရားကြောင့် ရှုံးသွပ်နေသူများ၊ **ဗျာသနုမ္မတ္တက** – ဗျသနတရား (၅) ပါးကြောင့် ရှုံးသွပ်နေသူများ၊ **သုရုမ္မတ္တက** – အရက်သေစာ မူးယစ်ဆေးဝါးကြောင့် ရှုံးသွပ်နေသူများ၊ **ပိတ္တုမ္မတ္တက** – သည်းခြေပျက်၍ ရှုံးသွပ်နေသူများ၊ **ယက္ခုမ္မတ္တက** – ဘီလူးဖမ်း၍ ရှုံးသွပ်နေသူများကို မြင်တော်မူ၍ လေးအသချေ်နှင့် ကမ္ဘာတစ်သိန်းတိုင်အောင် ခဲယဉ်းပင်ပန်းစွာ ဖြည့်ကျင့်မှ ရလာခဲ့သောတရားတော်များကို ရာဂ ဒေါသ မောဟ တရား ထူပြောသောကလိယုဂ်ခေတ်အခါ၌ တရားဟောသော်လည်း မောရုံသာရှိမည်ဟု စိတ်အကြံ ဖြစ်တော်မူခဲ့ရသည်။

သို့ရာတွင် ကျွတ်ထိုက်သော တရားသိမြင်နိုင်စွမ်းရှိသောပညာရှိ သူတော်ကောင်း စိတ်ကောင်းရှိသူများ၏ ပစ္စုပ္ပန်သံသရာဘဝ နှစ်ဖြာ မြင့်မားရေးကို ရှေးရှုလျက် ဒေသစာရီ ကြွချီကာမနေမနား တရားဓမ္မအမြိုက်ဆေး တိုက်ကျွေးတော်မူခဲ့သည်။ တပည့်သားသာဝက အရှင်မြတ်များကလည်း မြတ်စွာဘုရားသက်တော်ထင်ရှား ရှိတော်မူစဉ်အခါ၌လည်းကောင်း၊ ပရိနိဗ္ဗာန်ပြုတော်မူပြီး အချိန်အခါများ၌လည်းကောင်း မြတ်စွာဘုရားဟောကြားတော်မူခဲ့သော တရားဓမ္မများကို စဉ်လာမပျက်ဟောကြားပြသ ပို့ချလျက် ထိန်းသိမ်းစောင့်ရှောက်တော်မူခဲ့ကြပါသည်။

သာသနာဟူသည်မှာ မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော အဆုံးအမ တရားတော်များပင် ဖြစ်ပါသည်၊ ဤသာသနာအဆုံးအမ တရားတော်များသည် လောကီအရာ၌ဖြစ်စေ၊ လောကုတ္တရာအရာ၌ဖြစ်စေ တရားတော်က ညွှန်ကြားထားသည့်အတိုင်း လိုက်နာကျင့်ကြံ ပွားများလျှင် မျက်မှောက်ပစ္စုပ္ပန်ဘဝတွင် လူကောင်းသူကောင်း ဖြစ်လာနိုင်ပြီး သံသရာတွင် အပါယ်ဘေး ကင်းဝေးအောင် ရှက်ဆောင်သောကြောင့် ဓမ္မဟု ခေါ်ဆို

http://www.dhammadownload.com



ရသည်။ သာသနာအဆုံးအမ တရားဓမ္မအချုပ်မှာ မကောင်းမှု ရှောင်၊ ကောင်းမှုဆောင် ဖြူစင်အောင် စိတ်ထားရန် လမ်းညွှန် ထားချက်များသာ ဖြစ်သည်။

လူသားသဘာဝသည် အေးချမ်းသာယာ ပြည့်စုံစွာဖြင့် သက်ထက်ဆုံး ဘဝရှင်သန်နေလိုကြသည်။ သို့ရာတွင် တဏှာခေါ်သော လောဘတရား၏ ဆိုးကျိုးကို နားမလည်သော ဝိသမလောဘသမား လူသားများကြောင့် အများမှာ စားဝတ်နေရေး ထိခိုက်နစ်နာလျက် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေကြရသည်။ ဒုဗ္ဘိက္ခန္တရကပ်ပင် ဆိုက်လျက် ငတ်မွတ်ခေါင်းပါး နေကြရ ရှာသည်။ ဒေါသဆိုးကျိုး နားမလည်သော လူသားများက ဒေါသအမျက် ဖက်တွယ်လျက် ဆောင်ရွက်နေကြမှုကြောင့် မိမိနှင့်တကွ အများမှာ ထိခိုက် နစ်နာ သေကြေပျက်စီး နေကြရသည်။ လူသတ်လက်နက် အပြိုင်အဆိုင် ဖန်တီးလျက် လူသတ်စစ်ပွဲ ဆင်နွှဲနေကြသည့် သတ္ထန္တရကပ် ဆိုက်ရောက် နေရသည်။

အဝိဇ္ဇာခေါ်သော မောဟတရား၏ဆိုးကျိုးကို နားမလည် ဖက်တွယ် နေကြသောကြောင့် လူသားနှင့် လူ့ဘောင်လောကတစ်ခုလုံး ကစင့်ကလျား ပျက်ပြားအောင် ဆောင်ရွက်နေကြ၍ သဘာဝတရားပျက်ပြားပြီး ရောဂါဆိုး အမျိုးမျိုး ဖြစ်ပွား ခံစားနေကြရသည်။ ရောဂန္တရကပ် ဆိုက်ရောက် နေရသည်။ အဝိဇ္ဇာမောဟ ထူပိန်းသော လူသားအချို့မှာ ဒုလ္လဘာ လူ့ဘဝ ဖြင့် လူ့လောက ကောင်းကျိုး သည်ပိုးရွက်ဆောင်မှု မပြုရုံမျှမက မိမိနှင့် တကွ အခြားသူများ ဘဝပျက်ပြားအောင်ပင် အသေခံလျက် ဖျက်ဆီး သတ်ဖြတ်နေကြသည်။

မြတ်စွာဘုရား ဟောကြားထားတော်မူခဲ့သော တရားဓမ္မ သာသနာ အဆုံးအမများသည် မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင် စိတ်ကိုထားရန် လမ်းညွှန်ထားသော တရားဓမ္မများဖြစ်သောကြောင့် လူသား ဘဝနှင့် လူ့ဘောင်လောက အေးချမ်းသာယာရေး အားပေးထားသော လူသားအကျိုးပြု တရားဓမ္မများသာဖြစ်ကြောင်း ထင်ရှားသည်။ ထို့ကြောင့် သီရိလင်္ကာ ဝန်ကြီးချုပ်ဟောင်း မစ္စဘန်ဒရာနိုက်ဘေးက ''နေနှင့်လ

http://www.dhammadownload.com



ရှိနေသမျှ ကမ္ဘာပေါ်မှာ လူသားမျိုးနွယ်တွေ ဖြစ်တည်နေသမျှ ကာလ ပတ်လုံး ဗုဒ္ဓဘာသာ ရှိနေမှာပါ။ ဘာကြောင့်လဲဆိုတော့ ဗုဒ္ဓဘာသာဆိုတာ လူသား ဘာသာတရား လူသားမျိုးနွယ်တစ်ရပ်လုံးရဲ့ ဘာသာတရား ဖြစ်နေလို့ပါ'' ဟု ပြောခဲ့ခြင်းဖြစ်သည်။

ပါမောက္ခ ရိုင်းစ်ဒေးဗစ်ကလည်း ''ဗုဒ္ဓဘာသာဝင်ပဲဆိုဆို၊ ဗုဒ္ဓဘာသာ ဝင် မဟုတ်ဘူးလို့ပဲဆိုဆို ကျွန်ုပ်ဟာ ကမ္ဘာပေါ်မှာ ထင်ရှားနေတဲ့ ဘာသာ တရားကြီးတွေ တစ်ခုချင်းစီရဲ့သဘောကို စိစစ်ခဲ့ပြီး ဖြစ်ပါတယ်၊ ပြေပြေ ပြစ်ပြစ်နှင့် ရှင်းလင်းနားလည်နိုင်စွမ်းရှိတဲ့ ဗုဒ္ဓရဲ့ သစ္စာလေးပါးနှင့် မဂ္ဂင်ရှစ်ပါး လမ်းစဉ်ထက် ပိုကောင်းတာ တစ်ခုမှမတွေ့ခဲ့ရပါ၊ အဲဒီ လမ်းစဉ်နှင့်အညီ ကျွန်တော့်ဘဝကို ပုံဖော်နိုင်လို့ ကျေနပ်ပါတယ်'' ဟု ပြောပါသည်။

မဂ္ဂင်ရှစ်ပါးလမ်းစဉ် အကျဉ်းချုပ်မှာ သီလ၊ သမာဓိ၊ ပညာ သိက္ခာ (၃) ပါး အကျင့်မြတ် လမ်းစဉ်ပင်ဖြစ်သည်။ သီလလမ်းစဉ်သည် ကိုယ်ဖြင့်ပြု လုပ်သော ကာယဒုစရိုက်၊ နှုတ်ဖြင့်ကျူးလွန်သော ဝစီဒုစရိုက် မကောင်းမှု များကို ပယ်ရှားနိုင်သည်။ သမာဓိလမ်းစဉ်သည် စိတ်ဖြင့် ကြံစည်သော မကောင်းမှု မနောဒုစရိုက်များကို ပယ်နိုင်သည်။ ပညာလမ်းစဉ်ကား ရုပ်တရား နာမ်တရားများကို အနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေးသုံးပါး တင်၍ ရှုသော ဝိပဿနာအလုပ်ဖြစ်သည်။

ပညာစခန်း ဝိပဿနာလမ်း ကျင့်ကြံလိုသူသည် ရှေးဦးစွာ သီလ လုပ်ငန်း၊ သမာဓိလုပ်ငန်းများကို လုပ်ဆောင်၍ သီလလုံခြုံပြီး သမာဓိရ၍ စိတ်ကြည်လင်မှုကို ရရှိပြီးမှ ဝိပဿနာကို ကျင့်ကြံပွားများရသည်။ ဤဝိပဿနာတရား ကျင့်ကြံပွားများသူများသည် ရည်မှန်းချက်ပန်းတိုင် ဖြစ်သော မဂ်ဖိုလ် ရနိုင်သည်။ မဂ်ဖိုလ်မရသော်မှ မဟာကုသိုလ်ရသည့်အပြင် လူသားနှင့် လူ့ဘောင်လောကကို ဖျက်ဆီးနေသော လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာ အညစ်အကြေးများ ကိန်းနေသော စိတ်ဓာတ် ကို ခေါင်းပါးနည်းပါးသွားစေသော အကျိုးကို ရရှိသည်။ လူ့လောကတွင် သူတော်ကောင်းအဆင့်သို့ ရောက်ရှိနိုင်သည်။

http://www.dhammadownload.com



အထူးသဖြင့် ဝိပဿနာတရားသည် လူသားနှင့် လူ့ဘောင်လောက အေးချမ်းသာယာရေးကို အားဆင့်ပေးနိုင်သော တရားပင်ဖြစ်သည်။ ကျင့်ကြံပွားများသူများလည်း အထိုက်အလျောက် အေးချမ်းသာယာမှုကို ရရှိသည်။ ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော အဆုံးအမတရားတွင် အထွဋ်အထိပ်ကျင့်စဉ် အနှစ်ပင်ဖြစ်ပါသည်။ ကိုယ်တိုင်ကျင့်ကြံမှ ရရှိသော တရားလည်းဖြစ်သည်။ ဤသို့ ကိုယ်တိုင်ကျင့်ကြံပွားများ၍ ရရှိသော အကျိုးခံစားမှုကို အခြားသူများအားလည်း ရရှိခံစားစေလိုမှု ဖြစ်ပေါ်လာသဖြင့် လာလှည့်ရှုလှည့်ပါဟု တိုက်တွန်းပြောဆိုရသည်အထိဖြစ်သော တရားဖြစ်သည်။ ထို့ကြောင့် ဝိပဿနာတရားသည် ယခုအချိန်အခါ၌ ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းတွင် အထက်မြက်ဆုံး လုပ်ရပ်ဖြစ်သည်။

ယခုအခါ ပြည်တွင်းပြည်ပ တရားဓမ္မ ဟောပြောပြသနေသော ရဟန်းတော်နှင့် လူပုဂ္ဂိုလ် အများအပြားရှိသည်။ သင်တန်းပေးသော ဆရာတော်များ လူပုဂ္ဂိုလ်များလည်း အများအပြားရှိသည်။ စာသင်တိုက် ကမ္မဋ္ဌာန်းတိုက် ဖွင့်လှစ်၍ တရားဓမ္မ ပို့ချပြသနေသူလည်း အများအပြား ရှိသည်။ တရားဓမ္မဆိုင်ရာ စာပေရေးသားနေသူများနှင့် ယင်းရေးသားပြီး စာများကို စာအုပ်အဖြစ် ရိုက်နှိပ်၍ ဖြန့်ချိနေသူများလည်း အများအပြား ရှိသည်။ ဤသို့သောပုဂ္ဂိုလ်များသည် ဓမ္မာနုဂ္ဂဟအရ သာသနာပြုနေသော ပုဂ္ဂိုလ်များပင် ဖြစ်သည်။

သာသနာပြုကုသိုလ်သည် **'သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ'** ဒေသနာတော်အရ အမြင့်မြတ်ဆုံး လုပ်ငန်းပင်ဖြစ်သည်။ ဤသာသနာပြုလုပ်ငန်းဖြင့် အယူမှားနေသူများ၊ ဇဝေဇဝါဖြစ်နေသူများ၊ လမ်းမှားနေသူများအား အမှန်သို့ ရောက်အောင် စွမ်းဆောင်နိုင်မှုရှိသော လုပ်ငန်းဖြစ်သောကြောင့် သီလက္ခန် ဒိဗ္ဗစက္ခုခန်း၌ မိမိကိုယ်တိုင် အယူမှန်ပြီး သူတစ်ပါးအယူမှန်အောင် ပြုသူသည် နတ်ရွာသုဂတိလားရသည်ကို မြင်ရကြောင်း မြတ်စွာဘုရား ဟောကြားထားမှုရှိသဖြင့် သံသရာကောင်းကျိုးပြုလုပ်ငန်းလည်း ဖြစ်သည်။ တစ်ဖန် တိကင်္ုတ္တရဗဟုပကာရသုတ်၌ သူတစ်ပါးအား သရဏဂုံတည်အောင် သစ္စာလေးပါးသိအောင် ရဟန္တာဖြစ်အောင် ပြုလုပ်သူ

http://www.dhammadownload.com



သည့် ကျေးဇူးအကြီးမားဆုံး ပုဂ္ဂိုလ်ဖြစ်သည်ဟု မြတ်စွာဘုရား ဟောကြားထားတော်မူသဖြင့် သာသနာအတွက် အကြီးမားဆုံး သာသနာပြုနေသူများ ဖြစ်သည်။

ကျုံမငေးပုံနှိပ်တိုက်နှင့် ကောင်းမွန်ကွန်ပျူတာလုပ်ငန်းပိုင်ရှင်တို့သည် ယော်ရွယ်သူဖြစ်စေကာမူ ဘာသာတရား ကိုင်းရှိုင်းသူများဖြစ်သောကြောင့် ဆရာတော်အရှင်မြတ်များ ဟောကြားထားသော တရားတော်များကို CD ခွေသွင်း၍လည်းကောင်း၊ စာအုပ်စာတမ်း ရိုက်နှိပ်၍လည်းကောင်း ဓမ္မဒါန ပြုနေမှု အများအပြားရှိသည်ကို တွေ့ရှိရသည်။ ကိုယ်တိုင်ကလည်း တရားဓမ္မလိုက်စားခြင်း၊ ကျင့်ကြံပွားများခြင်း ပြုနေကြသူများဖြစ်သည်။ ယခု မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တပုညာနန္ဒ၏ ဟောစဉ်တရားများကို စုပေါင်း၍ စာအုပ်အဖြစ် ရိုက်နှိပ်လျက် သာသနာပြုကုသိုလ် တိုးပွားရေး ဆောင်ရွက်နေပြန်ပါသည်။

ထိုသူတို့၏ သာသနာပြုကုသိုလ်အတွက် ဆောင်ရွက်နေမှုများသည် သာသနာပြုလုပ်ငန်းကို ဆောင်ရွက်တော်မူခဲ့သော မြတ်စွာဘုရားနှင့်တကွ သာဝကအဆက်ဆက်တို့အားလည်းကောင်း၊ ဗုဒ္ဓသာသနာအဆုံးအမ တရားတော်များကို ပစ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟဖြင့် ချီးမြှောက် ထောက်ပံ့ ထိန်းသိမ်းစောင့်ရှောက်လာသော မိဘ ဘိုးဘွား ဘီဘင်များအားလည်း ကောင်း ပြန်လည်ကျေးဇူးဆပ်မှု လုပ်ငန်းဖြစ်သောကြောင့် အလွန်ပင် မွန်မြတ်သော လုပ်ငန်းဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**မာမက (သုတေသီ)**

http://www.dhammadownload.com



# ထုတ်ဝေသူ၏ အာသီသ

ကျွန်ုပ်တို့၏ မိဘ, ဘိုးဘွား, ဘီဘင်မှ အစပြု၍ နှစ်နှစ်ကာကာ ကိုးကွယ် ယုံကြည်လာသော ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်မြတ်ကို မြတ်စွာဘုရားကိုယ်တော်တိုင် ပူသည် အေးသည် အယူလွဲမှားနေကြသော လူသားများ၏ ပစ္စုပ္ပန်သံသရာ ဘဝနှစ်ဖြာ ကောင်းမွန်မြင့်မားရေးအကျိုး အတွက် ဒေသအသီးသီးသို့ ဒေသစာရီကြွချီလျက် ( ၄၅ ) ဝါတို့ကာလပတ်လုံး သာသနာအဆုံးအမ တရားဓမ္မများကို ဟောကြားတော်မူကာ သာသနာပြုလုပ်ငန်းကို ဆောင်ရွက်တော်မူခဲ့ပါသည်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက်၌လည်း သာဝက အစဉ်အဆက် ဘုရင်မင်းများနှင့် သူတော်စင် ဒါယကာ, ဒါယိကာမများ၊ မိဘ ဘိုးဘွား ဘီဘင်များက သာသနာအဆုံးအမ တရားဓမ္မများကို သင်ကြားခြင်း၊ ပို့ချခြင်း၊ ဟောပြောခြင်း၊ ရေးသားခြင်း စသည်ဖြင့် အစဉ်အဆက် ပြုစုပျိုးထောင်လာခဲ့သောကြောင့် ဗုဒ္ဓမြတ်စွာ သာသနာတော်မြတ်လည်း နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်လာသည့် ယနေ့တိုင် အရှည်ခန့်၍ တည်တံ့ပြန့်ပွား ထွန်းကားနေရခြင်း ဖြစ်ပါသည်။

ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော သာသနာအဆုံးအမ တရားဓမ္မအချုပ်မှာ **"မကောင်းမှုရှောင် ကောင်းမှုဆောင်၊ ဖြူအောင် စိတ်ကိုထား"** ရန် ဖြစ်ပါသည်။ ကောင်းမှု, မကောင်းမှုဆိုရာတွင် မိမိတို့ ဆိုင်ရာ ဝေါဟာရအရ ဆိုခြင်းဖြစ်၍ မြတ်စွာဘုရား၏ သာသနာအဆုံးအမ အတွက် တိကျမှန်ကန်သော ဝေါဟာရဖြစ်သည်ဟု ဆိုရန်မဖြစ်ပေ။ ကောင်းသည် မကောင်းသည်ဟူသော ဝေါဟာရသည် သက်ဆိုင်ရာ လူ့ဝါသနာ လူ့စရိုက် လူမျိုးဓလေ့ ဘာသာဓလေ့အရ အယူအဆ ကွဲပြားမှုရှိနေသောကြောင့် ဖြစ်ပါသည်။

ဥပမာအားဖြင့် အရက်ကြိုက်သူများသည် အရက်ကောင်းသည်ဟု ဆိုကြသော်လည်း မကြိုက်သူများက မကောင်းဟု ဆိုကြမည်ဖြစ်ပါသည်။

http://www.dhammadownload.com



လူမျိုး တစ်မျိုး ဘာသာတစ်ရပ်က ယဇ်နတ်ပူဇော်မှုလေ့ကို ကောင်းသည်၊ ကောင်းမှုဖြစ်သည်ဟု ဆိုသော်လည်း အမှန်အားဖြင့် သူတစ်ပါး သတ္တဝါများ ထိခိုက်နစ်နာမှုရှိသောကြောင့် မကောင်းဟု ဆိုရမည့်အပြင် အပြစ်ဟူ၍ပင် ဆိုရမည်ဖြစ်ပါသည်။ အပြစ်ဟူ၍ဆိုရန် ရှိရုံမျှမက ပစ္စုပ္ပန်သံသရာ ဘဝ နှစ်ဖြာ၌ မကောင်းကျိုးကိုပင် ပေးတတ်ပါသည်။ ဗျတိရေကနည်းအားဖြင့် အပြစ်ကင်းပြီး ကောင်းကျိုးကို ပေးတတ်သော လုပ်ရပ်မျိုးသည်သာလျှင် ကောင်းမှုဖြစ်သည်ဟု ဆိုနိုင်ပါသည်။

မြတ်စွာဘုရား၏ သာသနာအဆုံးအမ တရားဓမ္မအကျဉ်းချုပ်ဖြစ်သော **"မကောင်းမှုရှောင် ကောင်းမှုဆောင်"** ဆိုခြင်းသဘောမှာ အပြစ်နှင့်တကွ မကောင်းကျိုးကို ပေးတတ်သော မကောင်းမှု အကုသိုလ်ကို ရှောင်ရန်နှင့် အပြစ်ကင်းပြီး ကောင်းကျိုးကိုပေးတတ်သော ကောင်းမှုကုသိုလ်ကို ဆောင်ရန် လိုရင်းအချုပ်ဖြစ်ပါသည်။ ဤသို့ မကောင်းမှု အကုသိုလ်ကိုရှောင်ပြီး ကောင်းမှု ကုသိုလ်ကိုဆောင်၍ ဖြူအောင်စိတ်ထားကြပါလျှင် ဤလောက လူ့ဘောင်လည်း အေးချမ်းသာယာပြီး အလွန်နှစ်လိုဖွယ်ရှိသော လောကကြီး ဖြစ်လာနိုင်မည်ဖြစ်ပါသည်။

သို့ရာတွင် ယနေ့ လူ့ဘောင်လောကကြီးမှာ လောဘ၊ ဒေါသ၊ မောဟတရားများ ဖုံးလွှမ်းပြီး အလွန်ပင် ညစ်နွမ်းလျက်ရှိနေပါသည်။ မြတ်စွာဘုရား၏ သာသနာအဆုံးအမ တရားဓမ္မကို မသိသူပေါများခြင်း၊ မကောင်းမှု အကုသိုလ် လုပ်ရပ်ကိုပင် ကောင်းမှုထင် ပြုလုပ်နေသူ ပေါများခြင်း၊ ဗုဒ္ဓမြတ်စွာ၏ သာသနာအဆုံးအမ တရားဓမ္မကို အနှစ်သာရအားဖြင့် မသိသူ ပေါများခြင်း၊ သိသော်လည်း မလိုက်နာ၊ မကျင့်ကြံသူ ပေါများခြင်းကြောင့် လောဘ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ စသော တရားဆိုးများ လွှမ်းမိုးကာ လူ့ဘောင်လောကကြီးလည်း ကပ်ကြီးများ ဆိုက်နေရပါတော့သည်။ ဗုဒ္ဓ မြတ်စွာဘုရား၏ သာသနာအဆုံးအမ တရားဓမ္မများကသာလျှင် ကပ်ဘေး ကင်းဝေးပြီး အေးချမ်းသာယာမှုကို ပေးစွမ်းနိုင်ပါသည်။

ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာအဆုံးအမ တရားဓမ္မများ မြန်မာပြည်အနှံ့ ကမ္ဘာဖြန့်၍ လောကလူသားများ သိရှိခံစားနိုင်ကြရေး

http://www.dhammadownload.com



အတွက် ဆောင်ရွက်ရန်ကိစ္စမှာ ယခုအခါ အချိန်ကောင်း အခါကောင်းပင် ဖြစ်နေပါသည်။ ဆောင်ရွက်ရာ၌လည်း စာအုပ်စာပေသည်သာလျှင် အဓိက ပဓာနကျလျက် ရှိနေပါသည်။

ဤသို့ မြန်မာအနှံ့ ကမ္ဘာဖြန့် တရားဓမ္မပြန့်ပွားအောင် ဆောင်ရွက်မှုတွင် ကျွန်ုပ်တို့ကလည်း အုတ်တစ်ချပ် သဲတစ်ပွင့်အားဖြင့် သာသနာပြုကုသိုလ်ထူးကိုရည်စူးလျက် သာသနာပြန့်ပွားရေး ဟောပြော ရေးသား ပြသပို့ချနေသော ဆရာများ၏ ဟောပြောရေးသားချက်များကို စာအုပ်၊ စီဒီခွေအဖြစ်သို့ ကူးယူပြီး ဓမ္မဒါနပြုခဲ့ကြပါသည်။

ယခုတစ်ဖန် ကျွန်ုပ်တို့သည် သာကေတမြို့နယ်၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်၏ ပဓာနနာယက နယ်လှည့်ဓမ္မကထိက ဘဒ္ဒန္တပုညာနန္ဒ၏ ရှမ်းပြည်နယ်အရှေ့ပိုင်းဒေသတွင် ဟောပြောခဲ့သော တရားတော်များကို စုစည်း၍ အများသိရှိနိုင်ရေး ကုသိုလ်အသိပေးလိုသောအားဖြင့် ယခုကဲ့သို့ စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေ ဖြန့်ချိလိုက်ရခြင်း ဖြစ်ပါသည်။

✦ ဓမ္မဂုဏ်ရောင်၊ အလင်းဆောင်၊ လူ့ဘောင်လောက တည်ပါစေ။

✦ ဓမ္မဂုဏ်ရောင်၊ ထွန်းလင်းပြောင်၊ လူ့ဘောင်အေးချမ်းရှိပါစေ။

ကျုံ့မငေးပုံနှိပ်တိုက်

http://www.dhammadownload.com



# အထူးပန်ကြားလွှာ

ဆရာတော် အရှင်ပုညာနန္ဒ ဟောကြားတော်မူသော တရားတော်များအား မိုင်းရှူးယောဂီအဖွဲ့က တရားခွေမှ အသံကိုနားထောင်၍ လက်ရေးဖြင့် ကူးယူပြီး ''ကောင်းမွန်ကွန်ပျူတာ'' မှ စာစီခဲ့ခြင်းဖြစ်ပါသည်။

ထို့အပြင် ထိုစာမူများအား စာမူကြမ်းထွက်လာသောအခါတွင်လည်း စာမူများမှာ များပြားလွန်း၍ ဆရာတော်ကိုယ်တိုင် ပြန်လည်ဖတ်ကြားနိုင်ချိန် မရှိသဖြင့် နားလည်တတ်ကျွမ်းသော ဆရာသမားများထံသို့ အကူအညီတောင်းခံ၍ အထပ်ထပ် ပြန်လည်ပြင်ဆင်ထားပြီး ဆရာတော်၏မွေးနေ့အမှတ်တရ ထုတ်ဝေလိုပါသဖြင့် အချိန်ကြာမြင့်စွာယူပြီး ပြင်ဆင်နိုင်ခွင့် မရှိပါ၍ စာပြင်ရာတွင် အမှားများကျန်ရှိခြင်း၊ သတ်ပုံအမှားအယွင်းပါရှိခြင်းများ ရှိပါက ခွင့်လွှတ်ပေးနိုင်ကြပါရန်နှင့် ပြင်ဆင် ဖတ်ရှုတော်မူကြပါရန် အထူးမေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

ကောင်းမွန်ကွန်ပျူတာ

http://www.dhammadownload.com



ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်ဆရာတော်

# အရှင်ပုညာနန္ဒ

၏

# "ထေရုပ္ပတ္တိအကျဉ်းချုပ်"

ပုညာရာမဆရာတော် အရှင်ပုညာနန္ဒ အလောင်းလျာကို ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ရှမ်းကန်ကျေးရွာ၌ ခမည်းတော် ဦးဘိုးလှ၊ မယ်တော် ဒေါ်ခင်စီတို့က ကောဇာသက္ကရာဇ် ၁၃၂၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁) ရက်၊ ၁၇. ၉. ၁၉၅၉ ခုနှစ်၊ ကြာသပတေးနေ့တွင် မီးရှူးသန့်စင် ဖွားမြင်တော်မူခဲ့ပါသည်။ ငယ်နာမည်မှာ မောင်မြင့်ဇော်ဖြစ်၍ မောင်နှမ (၇) ယောက်တို့တွင် သားဦးရတနာ ဖြစ်ပါသည်။

အရှင်ပုညာနန္ဒ အလောင်းလျာသည် ခေတ်မူလတန်းပညာကို ရှမ်းကန်ကျေးရွာ မူလတန်းကျောင်း၌လည်းကောင်း၊ အလယ်တန်းပညာကို ကဝမြို့နယ် မကြက်ကြီးကျေးရွာ အလယ်တန်းကျောင်း၌လည်းကောင်း၊ အထက်တန်းပညာကို ရန်ကုန်မြို့၊ တာမွေ အမှတ် (၁) အထက်တန်း ကျောင်း၌လည်းကောင်း ဆည်းပူးသင်ယူခဲ့၍ ၁၉၇၈ ခုနှစ်တွင် အခြေခံပညာ အထက်တန်းကို အောင်မြင်ခဲ့ပါသည်။

တပ်မတော် (လေ) ၌ ဝင်ရောက်ခဲ့ပြီး ၁၂-နှစ်ကြာမျှ တာဝန် ထမ်းဆောင်ခဲ့ပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်း မှတ်တမ်းဝင် ဂုဏ်ပြုလက်မှတ် ချီးမြှင့်မှုကိုလည်း ရရှိခဲ့ပါသည်။ လုပ်သား ကောလိပ်၌ တတိယနှစ်အထိ သင်ယူခဲ့ပါသည်။

ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ဘုရားကြီး၏ အသံတော် တရားများ အမှတ် (၁) စာအုပ်ကို ဖတ်ရှုရာမှ သံဝေဂရရှိပြီး၊ ကျေးဇူး

http://www.dhammadownload.com



တော်ရှင် ရွှေဥမင်ဆရာတော်ဘုရားကြီး၏ အဆုံးအမ၊ ကျေးဇူးရှင် ဇနိတာရာမဆရာတော် ဘုရား၏ လမ်းညွှန်မှုများဖြင့် ၁၃၅၃ ခုနှစ်၊ ကဆုန်လပြည့်၊ စနေနေ့ ၂၇၊ ၄၊ ၁၉၉၁၊ နံနက် ၈ နာရီ ၄၅ မိနစ်အချိန်တွင် ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် ဇနိတာရာမကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇနိတာလင်္ကာရအား ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

ပဋိပတ္တိ၊ ပရိယတ္တိအလုပ်များကို ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် ဇနိတာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက် ဆရာတော်ထံ၌လည်းကောင်း၊ မ/ဥက္ကလာပမြို့နယ် ရွှေဥမင်တောရ ဆရာတော်ဘုရားကြီးထံ၌လည်းကောင်း၊ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်း ဓမ္မဒူတဆရာတော် ဘဒ္ဒန္တပညာဇောတ ( အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ ဝိသိဋ္ဌဒီဃ ဘာဏကနှင့် သိရီပဝရ ဓမ္မာစရိယ )၊ မုဒုံမြို့၊ ကျောက်တစ်လုံးတောရဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ ( ပဉ္စနိကာယ ပိဋကတ္တယပါဠိပါရဂူ )၊ တောင်စွန်း ဓမ္မဒူတတောရကျောင်း ဘဒ္ဒန္တပညိဿရ ( ဓမ္မာစရိယ )၊ မော်ဘီဓမ္မဒူတ ဇေတဝန်တောရ ဆေကိန္ဒရာမကျောင်း ဘဒ္ဒန္တဆေကိန္ဒ ( ဓမ္မာစရိယ ) တို့ထံ၌ ပါဠိစာပေကျမ်းဂန်များကို သင်ယူဆည်းပူးခဲ့ပါသည်။

ယခုအခါ အရှင်သူမြတ်သည် သာသနာတော်အတွက် ရပ်ကွက်သံဃနာယကအကျိုးတော်ဆောင်၊ ရပ်ကွက်လုံးဆိုင်ရာဓမ္မာရုံကြီး၏ ဩဝါဒါစရိယ၊ ပုညာရာမ မိုးကုတ်ဝိပဿနာကျောင်းတိုက်ကြီး၏ ပဓာန နာယက ဆရာတော် စသော တာဝန်တို့ကို ဆောင်ရွက်တော်မူရင်း ကျောင်းတိုက်အတွင်း၌ လစဉ် ( ၁၀ ) ရက် တရားစခန်း၊ ဝါတွင်းရက်ရှည် ရက် ( ၁၀၀ ) တရားစခန်းများနှင့် တိုင်းနှင့်ပြည်နယ်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအသီးသီးတို့နှင့် ပြည်ပနိုင်ငံများသို့လည်း ဝိပဿနာတရား လှည့်လည်ဟောပြောပြသ လျက်ရှိပါသည်။

http://www.dhammadownload.com



# ကျေးဇူးစကား

ရွှေရတုအထူးထုတ် တရားစာအုပ် ဖြစ်မြောက်ရေးအတွက် တိပ်ခွေမှ စာမူအဖြစ်သို့ရောက်အောင် ကူးယူပေးခဲ့သော မိုင်းရှူး ယောဂီအဖွဲ့နှင့် ဆရာလေး ဂေါတမီ ( ဖားအောက်တောရရိပ်သာခွဲ၊ သန်လျင် ) အားလည်းကောင်း၊ စာမူများကို ကွန်ပျူတာစီပေးခဲ့သော 'ကောင်းမွန်' ကွန်ပျူတာအဖွဲ့အားလည်းကောင်း၊ စာမူများကို ပုံစံကျအောင် ပြန်လည်စိစစ်ပေးသော နတ်ညွှန်းကျောင်းဆရာတော် ဦးဝိမလအား လည်းကောင်း၊ ပါဠိစာလုံးနှင့် သတ်ပုံအမှားများကို ကူညီ ပြင်ဆင် ဖတ်ရှုပေးသော မာမက ( သုတေသီ ) အား လည်းကောင်း၊ စာအုပ်ဖြစ်မြောက်အောင် ဆောင်ရွက်ပေးသော 'ကျုံမငေး' ပုံနှိပ်တိုက် အား လည်းကောင်း၊ စာအုပ်ဖြစ်မြောက်ရေးအတွက် လှူဒါန်းကြသော မ,တည်အလှူရှင်များအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါသည်။

အရှင်ဖုညာနန္ဒ

http://www.dhammadownload.com



# ယမကာ ပါဋိဟာရိယ ဘုရားရှိခိုး

ကဏ္ဍမ္ဗမူလေ ပရဟိတကရော ယောမုနိန္ဒော နိသိန္နော၊
အစ္ဆေရံ သီဃံ နယနသုဘဂံ အာကုလန္တဂ္ဂိဇာလံ၊
ဒုဋ္ဌာလဒ္ဓံသံ မုနိဘိဇ, ဟိတံ ပါဋိဟောတံ အကာသိ၊
ဝန္ဒေတံ သေဋ္ဌံ ပရမ ရတိဓံ ဏ္ဏဒ္ဓိဓမ္မဟုပေတံ။

**ပရဟိတကရော** - ဝေနေယျအများ သူတစ်ပါးတို့ စီးပွားဉစ္စာဖြစ် စိမ့်ငှာလျှင် ဝါလေးဆယ့်ငါး ကာလ လျှားအောင် ဘုရားတို့ပြမ်း ကိစ္စတော်ငါးခန်းကို ကြိုးပမ်းမယုတ်ပြုလုပ်ပြီး ပြေတော်မူစေတတ်ထသော၊

**ယောမုနိန္ဒော** - အာဂါရိက စသည်အပြား မုနိများ၏ ဦးဖျားပရမေ သုံးလူ့ဆွေ ဖြစ်တော်မူသော အကြင်မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊

**ကဏ္ဍမ္ဗမူလေ** - ကဏ္ဍာဟူသော လူအမည်ဖြင့် ဂုဏ်ရည်လျှံပြီး သရက်ပင်အနီး၌၊

**နိသိန္နော** - တိတ္ထိအဝေး ရန်အလေးကို ဝေးရပ်ထိုဏ် ပြေးစိမ့်မည်ဟု, မျှညီ ယာပိုက်, နစ်ခြိုက်ရှင်ပြုံး သီတင်းသုံးစံနေတော်မူလျက်၊

**အစ္ဆေရံ** - မကြုံစဖူး မဖြစ်ထူးကို အထူးတွေ့ကြုံ သို့ဖြစ်ပုံကြောင့် လူ့ဘုံနတ်ရွာ ကောင်းကင်ပြာလျက် ပြဟ္မာမဟာဂ္ဂုတ် ဘဝဂ်လှုပ်အောင် လက်ခုပ်ပြာဟည်း လက်ဖျစ်တီး၍ အံ့ချီးခြင်းငှာ ထိုက်တန်စွာထသော၊

**သီဃံ** - ရေအယဉ်ကို ဖန်ဆင်းသည်က တစ်ကာလ, မီးအလျှံကို ဖန်းဆင်းသည်က တစ်ကာလ, ဤသို့လျှင် ကာလခြားကွဲ ဖြစ်တုံပါလည်း ပြဟ္မာနတ်လူ ဘုံသုံးသူတို့ စွဲယူမှတ်သား တစ်ချိန်တည်း တစ်ခဏတည်း ဖြစ်သည်ဟု အထင်မှားရအောင် လျင်လျားလည်း၊ လျင်လျားစွာထသော၊

**နယနသုဘဂံ** - နတ်လူရှိရှိ ဖူးမြင်သူတို့ မျက်စိဝယ် ပီတိဟုန်ဆင့်လွှမ်းအောင် အဆန်းအကြယ် တင့်တယ်သပ္ပါယ်စွာထသော၊

**ဒုဋ္ဌာလဒ္ဓံသံ** - နိယျာနိက သာသနာမှလျှင် ပြင်ပတာဟိ ဝိတဏ္ဍီတို့ ထိုဏ် မြေးယုက် မိစ္ဆာအယူတည်း ဟူသော ကွန်ယက်ကို ချိုးဖဲ့ဖျက်ဆီးခြင်းငှာ စွမ်းနိုင်စွာထသော၊

**မုနိဘိ** - ကဿပမြတ်စွာ အစဖြာသား မဟာပရမေ, ပွင့်တော်မူကြပြီးသော သုံးလူ့ဆွေ တို့သည်၊

**အဇဟိတံ** - ဤနေရာ ဤဌာနဝယ် မြဲမြဲမြံမြံ မှန်မလွဲသဖြင့် မစွန့်မပယ်အပ်သော တရားတစ်မျိုးလည်း ဖြစ်ပေထသော၊

**အာကုလန္တဂ္ဂိဇာလံ** - ရောယှက်ထွေးအုံ ရေမီးအစုံအစုံတည်းဟူသော၊

http://www.dhammadownload.com



**ပါဋိပဟေတံ** - တန်ခိုးပြာဋိဟာကို၊

**ဝါ-အာကုလန္တိ** - အထက်ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ၊

**ဗာလံ ပါဋိပဟေတံ** - အောက်ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယဉ်, အောက်ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ၊ အထက်ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယဉ်၊

- ရှေ့ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ
  နောက်ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယဉ်
  နောက်ဖြစ်သော ကိုယ်တော်အစိတ်မှ မီးအလျှံ
  ရှေ့ဖြစ်သော ကိုယ်တော်အစိတ်မှ ရေအယဉ်
- လက်ျာမျက်လုံးတော်မှ မီးအလျှံ , လက်ဝဲမျက်လုံးတော်မှ ရေအယဉ်
  လက်ဝဲမျက်လုံးတော်မှ မီးအလျှံ , လက်ျာမျက်လုံးတော်မှ ရေအယဉ်
- လက်ျာနားတွင်းတော်မှ မီးအလျှံ , လက်ဝဲနားတွင်းတော်မှ ရေအယဉ်
  လက်ဝဲနားတွင်းတော်မှ မီးအလျှံ , လက်ျာနားတွင်းတော်မှ ရေအယဉ်
- လက်ျာနှာခေါင်းပေါက်တော်မှ မီးအလျှံ , လက်ဝဲနှာခေါင်းပေါက်တော်မှ ရေအယဉ်
  လက်ဝဲနှာခေါင်းပေါက်တော်မှ မီးအလျှံ , လက်ျာနှာခေါင်းပေါက်တော်မှ ရေအယဉ်
- လက်ျာပခုံးတော်မှ မီးအလျှံ , လက်ဝဲပခုံးတော်မှ ရေအယဉ်
  လက်ဝဲပခုံးတော်မှ မီးအလျှံ , လက်ျာပခုံးတော်မှ ရေအယဉ်
- လက်ျာလက်တော်မှ မီးအလျှံ , လက်ဝဲလက်တော်မှ ရေအယဉ်
  လက်ဝဲလက်တော်မှ မီးအလျှံ , လက်ျာလက်တော်မှ ရေအယဉ်
- လက်ျာနံပါးတော်မှ မီးအလျှံ , လက်ဝဲနံပါးတော်မှ ရေအယဉ်
  လက်ဝဲနံပါးတော်မှ မီးအလျှံ , လက်ျာနံပါးတော်မှ ရေအယဉ်
- လက်ျာခြေတော်မှ မီးအလျှံ , လက်ဝဲခြေတော်မှ ရေအယဉ်
  လက်ဝဲခြေတော်မှ မီးအလျှံ , လက်ျာခြေတော်မှ ရေအယဉ်
- လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့၏ အကြားအကြားမှ မီးအလျှံ
  လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့မှ ရေအယဉ်
- လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့မှ မီးအလျှံ
  လက်ချောင်းတော် ခြေချောင်းတော် ဆယ်ဆူ ဆယ်ဆူတို့၏ အကြားအကြားမှ ရေအယဉ်

http://www.dhammadownload.com



- တစ်ဆူ တစ်ဆူသော မွေးညင်းတော်မှ မီးအလျှံ
  အခြား တစ်ဆူ တစ်ဆူသော မွေးညင်းတော်မှ ရေအယဉ်
  တစ်ဆူ တစ်ဆူသော မွေးညင်းတွင်းတော်မှ မီးအလျှံ
  အခြား တစ်ဆူ တစ်ဆူသော မွေးညင်းတွင်းတော်မှ ရေအယဉ်၊
- တသွင်သွင် ပြောင်းလဲပူးလိုက်တိုင်း အဆင်ကွဲသဖြင့် အံ့အဲ၍မဝ ချီးပ၍မကုန် ရောင်ခြည်တော်
  ခြောက်ပုံနှင့်တကွ အစုံအစုံသော ရေမီးတန်ခိုးပြာဋိဟာကို၊

**အကာသိ** - တိတ္တိတဝန်း တက္ကဒွန်းတို့ ဦးစွန်းငွေရောင်ပျက် ခြေတော်နှင့် ပေါက်သကဲ့သို့ နောက်တဖန် ဟန်မတင်ဝံ့အောင် ဖန်ဆင်းပြသတော်မူခဲ့လေပြီ၊

**သေဋ္ဌ** - ချီးမွမ်းအပ်သူ နတ်လူပြဟ္မာ သတ္တဝါဟူသမျှတို့ထက် သာလွန်ကျူး အထူးသဖြင့် ချီးမွမ်းအပ်မြတ်တော်မူထသော၊

**ပရမ ရတိင်** - နလုံးအာရုံ စွဲမြဲထုံက၊ ဘုံနန်းသိဝ, နိဗ္ဗူကျအောင် ဖလကျေးဇူး လွန်ပုံ့ပျူးသဖြင့် အထူးနှစ်သက်စေတတ်သည့် အမြတ်ဥစ္စာ ရတနာတစ်ဆူ ဖြစ်တော်မူထသော၊

**ဣဒ္ဓိဝမွေဟိ** - ဣဒ္ဓိအစိန္တေယျ ဓမ္မကျေးဇူး ဂုဏ်အထူးတို့နှင့်၊

**ဥပေတံ** - လောက်ငကုံလုံ ပြည့်စုံတော်မူပေထသော၊

**တံမုနိန္ဒံ** - အာဂါရိက စသည်အပြား မုနိများ၏ ဦးဖျားပရမ သုံးလူ့ဆွ ဖြစ်တော်မူသော ထိုမြတ်စွာဘုရားကို

**အဟံ** - သူတော်သူမြတ် လူနှင့်နတ်တို့ ကျေနပ်ရန်မြော် ဘုရားတပည့်တော်သည်၊

**ဝန္ဒေ ဝန္ဒာမိ** - ယမက ပါဋိဟာရိယ ရွှေဘွဲ့သာသည့် အသာဒဂုဏ် မဟာဂုဏ်ကို အာရုံမျှော်ကိုး လက်စုံမိုး၍ ရှိခိုးကန်တော့ပါ၏ မြတ်စွာဘုရား၊

**မယံ** - တရားဟောပုဂ္ဂိုလ် တရားနာပုဂ္ဂိုလ် ခေါ်ဆိုသမုတ် အကျွန်ုပ်တို့သည်၊

**ဝန္ဒေ ဝန္ဒာမ** - ယမက ပါဋိဟာရိယ ရွှေဘွဲ့သာသည့် အသာဒဂုဏ် မဟာဂုဏ်ကို အာရုံမျှော်ကိုး လက်စုံမိုး၍ ရှိခိုးဦးနှိမ့်ကြပါကုန်၏ မြတ်စွာဘုရား။

( သာဓု သာဓု သာဓု )



http://www.dhammadownload.com



# နမောမြွန်ဘုရားရှိခိုး

( နမောတဿ ယတော မဟိမတော ယဿ တမောန )[၃]

**ယတောမဟိမတော** – အကြင်ဒါနပါရမီ, သီလပါရမီ, နိက္ခမပါရမီ, ပညာပါရမီ, ဝီရိယပါရမီ, ခန္တီပါရမီ, သစ္စာပါရမီ, အဓိဋ္ဌာနပါရမီ, မေတ္တာပါရမီ, ဥပေက္ခာပါရမီ တည်းဟူသော ပါရမီဆယ်ပါး အပြားသုံးဆယ် များကျယ်အညီ ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်း ကြောင့် ( ဝါ ) ဥစ္စာပစ္စည်းကိုစွန့်ခြင်း, သမီးသားကိုစွန့်ခြင်း, ဇနီးမယားကို စွန့်ခြင်း, အင်္ဂါကြီးငယ်ကိုစွန့်ခြင်း, အသက်ကိုစွန့်ခြင်း တည်းဟူသော စွန့်ခြင်းကြီးငါးပါးကို စွန့်ခြင်းတည်းဟူသော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် ( ဝါ ) သတ္တဝါအပေါင်း၏ အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်း ဆွေမျိုးအပေါင်း၏ အကျိုးငှာ ဖြည့်ကျင့်တော်မူခြင်း ဘုရားအဖြစ်၏အကျိုးငှာ ဖြည့်ကျင့်တော် မူခြင်းတည်းဟူသော စရိယသုံးပါးကို ဖြည့်ကျင့်တော်မူခဲ့သော တန်ခိုးသိဒ္ဓိ အစွမ်းကြောင့် ( ဝါ ) ဒေဝပုတ္တမာရ်, ကိလေသမာရ်, ခန္ဓမာရ်, မစ္စုမာရ်, အဘိသင်္ခါရမာရ် တည်းဟူသော မာရ်ငါးပါးကို အောင်မြင်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့် (ဝါ) သုံးပါးဝိဇ္ဇာ ပု–ဒိ–အာနှင့် ဝိမာက္ကစွေ ဒိဗ္ဗထည့်လေငြား ရှစ်ပါးဝိဇ္ဇာတို့ကို သိမြင်တော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်း ကြောင့် ( ဝါ ) မဟာပဓာန ဒုက္ကရစရိယာကို ခန္ဓာတော်နွမ်း ပင်ပန်းကြီးစွာ ခြောက်နှစ်ကြာအောင် ကျင့်စွမ်းတော်မူခဲ့သော တန်ခိုးသိဒ္ဓိအစွမ်းကြောင့်။

**ယဿဗုဒ္ဓဿ** – တန်ခိုးရှင်သိဒ္ဓိရှင် အကြင်သစ္စာလေးပါး တရား သိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ သန္တာန်တော်၌။

**တမော** – အဝိဇ္ဇာလျှင် အရင်းမူလရှိသော တစ်ထောင့်ငါးရာ ကိလေသာ တည်းဟူသော အမိုက်မှောင်သည်။

**န** – မကျန်မကြွင်း ပျက်ခြင်းမလှ ပျက်စီးရသဖြင့် အလျှဉ်းမျှပင် ရှိတော်မမူတော့ချေ။

http://www.dhammadownload.com



**တသာ ဗုဒ္ဓသာ** – တန်ခိုးရှင်သိဒ္ဓိရှင် အဝိဇ္ဇာလျှင် အရင်းမူလရှိသော တစ်ထောင့်ငါးရာကိလေသာတည်းဟူသော အမိုက်မှောင်ကင်းစင် ထိုသစ္စာ လေးပါး တရားသိမြင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား။

**ဓမေ** – သူတော် သူမြတ် လူနှင့်နတ်တို့ ကျေနပ်ရန်မျှော် ဘုရားတပည့် တော်သည်။

**နမော** – မင်္ဂလာ စရဏ လက်ဦးစ၍ ကြည်စွကော်ရော် ပူဇော် မြတ်နိုး လက်စုံမိုး၍ ရှိခိုးခြင်းသည်။

**အတ္ထု** – နေ့ညမစဲ အမြဲမကွာ မှန်စွာမသွေဖြစ်ပါပေ၏။

**ဏ္ဏမိနာ ဗုဒ္ဓ ပဏာမေန** – ဤသို့ဘုရားရှင်အား ရှိခိုးကြောင်း ဖြစ်သော ပဏာမကုသိုလ် စေတနာကြောင့်။

**ဓမေ** – မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင်ရန်မျှော် ဘုရားတပည့်တော်၏။

**ဝေါတုမှာကံ** – မအောင်သေးခင် အောင်ကြွေးတင်၍ အောင်မြင် ရန်မျှော် တရားနာပရိတ်သတ်ပေါင်း သူတော်ကောင်းတို့၏။

**ယထိစ္ဆိတစ္ဆော** – အကြင်အကြင် အလိုရှိအပ် တောင့်တအပ်သည့် ကောင်းကျိုးချမ်းသာ ကျက်သရေမင်္ဂလာ အထွေထွေသည်။

**ယထဇ္ဈာသယံ** – အကြင် အကြင် အလိုရှိအပ် တောင့်တအပ်သည့် အတိုင်း။

**သမိဇ္ဈတု** – ထင်စွာမျက်မှောက် ဝင်လာရောက်၍ ဖြိုးမောက်လျှံညီး အံ့လောက်ချီးရအောင် ပြီးပြည့်စုံပါစေသတည်း။

( သာဓု ။ ။ ။ သာဓု ။ ။ ။ သာဓု )

http://www.dhammadownload.com

# မာတိကာ





၃ အကြောင်းကောင်းမှ အကျိုးပေးကောင်းမယ်

သားသတ်ရုံမှန်းသိကြပါ ၅၃










၉၉ အချိန်မီလေးကျေးဇူးဆပ်ကြပါ

မလိမ္မာ မိုက်ခဲ့သမျှ ၁၅၃









၂၀၃ နေ့စဉ်လုအောင်ပြင်ပြီးနေကြပါ

ချည်တိုင်ချိုးလို့ ကြိုးဖြတ်စို့ ၂၅၉




http://www.dhammadownload.com

http://www.dhammadownload.com

# အကြောင်းကောင်းမှ အကျိုးပေးကောင်းမယ်

## တရားတော်



http://www.dhammadownload.com

http://www.dhammadownload.com

# အကြောင်းကောင်းမှ အကျိုးပေးကောင်းမယ်တရားတော်

သာသနာတော်နှစ် (၂၅၅၁) ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၆၉) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ( ၅ ) ရက်၊ ခရစ်နှစ် ( ၂၀၀၇ ) ခု၊ နိုဝင်ဘာလ ( ၂၉ ) ရက်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးမြို့နယ်၊ လွိုင်ဆောင်ထောက် ဒေသ၊ ဝမ်ကမ်ရတနာနယ်မြေ၊ ဂျိပီခန်းမ၌ ယနေ့ ဓမ္မဒါနအလှူ အမတဒါန အမြိုက်နိဗ္ဗာန်အလှူပေးလှူတဲ့ (၁၀) ရက်တာ တရားအလှူပေးပွဲ၏ ပထမည ဟောကြားအပ်သော ခုဒ္ဒကနိကာယ် ဓမ္မပဒပါဠိ အဋ္ဌကထာ အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ် အင်္ဂုတ္တိုရ်ပါဠိတော်တို့မှ ထုတ်နုတ် ဟောကြားအပ်သော **" အကြောင်းကောင်းမှအကျိုးပေးကောင်းမယ်တရားတော် "**။

ဒီတရားတော်ကို မဟောကြား၊ မနာကြားမီမှာ တရားပိုင်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို နမောပြန် ဘုရားရှိခိုးနဲ့ ရှိခိုးကြည်ညိုပါ့မယ်၊ လေးလေးစားစား အာရုံပြုထားကြပါ။

(------------------------)

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com



'ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးကြည်ညိုပြီးတဲ့နောက် တရားတော်ကို ဟောကြ နာကြရအောင် . . . သတိထားပြီး တရားနာကြ'

'တရားနာစဉ်ကာလမှာ မိမိတို့ရဲ့ခေါင်းတွေမှာ ဆောင်းထားတဲ့ အရာတွေအားလုံး ခဏလေးဖြုတ်ထားပေးကြပါ၊ တရားနာကြတဲ့အခါမှာ ခေါင်းပေါင်း ပေါင်းထားတဲ့ပုဂ္ဂိုလ်တွေ ဦးထုပ်ဆောင်းထားတဲ့ပုဂ္ဂိုလ်တွေ အဲဒီပုဂ္ဂိုလ်တွေကို ဟောတဲ့ပုဂ္ဂိုလ်တွေမှာ အပြစ်ရှိပါတယ်၊ အာပတ်လည်း သင့်ပါတယ်၊ ဒါကြောင့် မိမိတို့တစ်တွေ တရားနာတိုင်း နာတိုင်းမှာ သတိတွေထားပြီးတော့ ဒါလေးတွေကို ပြုပြင်ပေးကြပါ၊ မိမိတို့နာရမယ့်တရားက အကြောင်းကောင်းမှ အကျိုးပေး ကောင်းမယ်၊ ဘယ်လိုပြောလိုက်?'

'အကြောင်းကောင်းမှ အကျိုးပေးကောင်းမှာပါဘုရား'

'အကြောင်းကောင်းမှ အကျိုးပေးကောင်းမယ်ဆိုတာ အခုလောကမှာ ရောက်ရှိလာကြတဲ့ ပတ်ဝန်းကျင်က ပုဂ္ဂိုလ်တွေကို အသာထားလိုက်အုံး၊ ဟောဒီ တရားနာပရိသတ်ထဲမှာကိုပဲ လူရယ်လို့ လူ့ဘဝမှာလာပြီး ဖြစ်ရပေမယ့် တစ်ဦးနဲ့တစ်ဦး တစ်ယောက်နဲ့တစ်ယောက် အကျိုးပေးချင်းတူလား?'

'မတူပါဘူးဘုရား'

'နိမ့်ကျတဲ့ဘဝမှာ ဘယ်သူမှ မနေချင်ပါဘူး၊ မြင့်မြတ် အထက်တန်းကျတဲ့ဘဝမှာကြီးပဲ နေချင်ကြပေမယ့် ရကြလားမေးတော့'

'မရပါဘုရား'

'ရတဲ့ပုဂ္ဂိုလ်ရော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ရတဲ့ပုဂ္ဂိုလ်ကရသလို မရတဲ့ပုဂ္ဂိုလ်ကမရဘူး၊ ဘာကြောင့်လဲဆိုတာ သိစေချင်တဲ့အတွက် မိမိတို့ရဲ့ ရှေ့မှောက်မှာ တွေ့နေရတဲ့ ပဋိစ္စသမုပ္ပါဒ်ရှေ့ပိုင်းမှာ အနည်းငယ်လေး အာရုံပြုပါ၊ အကွက်အားဖြင့် လေးကွက်ရှိတဲ့အထဲမှာ တစ်အကွက်ရယ်၊ နှစ်အကွက်ရယ်၊ သုံးအကွက်ရယ်၊ လေးအကွက်ရယ်လို့ အကွက်ဘယ်နှစ်ကွက်လဲ?'

'လေးကွက်ပါဘုရား'

http://www.dhammadownload.com



'လေးကွက်ရှိတဲ့နေရာမှာ တစ်အကွက်ဆိုတာက ပြီးခဲ့တာကို ဖော်ပြတာမို့လို့ အတိတ်လို့မှတ်ထား'

'တင်ပါ့ဘုရား'

'နှစ်နဲ့သုံးကတော့ ယခုရောက်နေကြတဲ့ဘဝမှာ လုပ်ကိုင်ဆောင်ရွက်နေတဲ့ အပိုင်းနဲ့ပြတာမို့လို့ နှစ်နဲ့သုံးကို ပစ္စုပ္ပန်လို့မှတ်ထား'

'မှန်လှပါဘုရား'

'လေးဆိုတာကတော့ မရောက်သေးတဲ့အတွက် အနာဂတ်လို့ မှတ်ထားလိုက်ပါ'

'မှန်လှပါဘုရား'

'အတိတ် ပစ္စုပ္ပန် အနာဂတ်၊ အခု မိမိတို့အားလုံးသည် လက်ရှိပစ္စုပ္ပန်မှာရောက်ရှိနေတာကို ကြည့်ခြင်းအားဖြင့် လွန်ခဲ့ ပြီးခဲ့တာကို အတိတ်မရောက်သေးတာကို'

'အနာဂတ်ပါဘုရား'

'လက်ရှိကြုံတွေ့နေတာက'

'ပစ္စုပ္ပန်ပါဘုရား'

'လက်ရှိကြုံတွေ့နေတဲ့ပစ္စုပ္ပန်မှာ ပြည့်စုံကြွယ်ဝ ချမ်းသာတဲ့ပုဂ္ဂိုလ်၊ ဆင်းရဲနွမ်းပါးတဲ့ပုဂ္ဂိုလ်လို့ နှစ်မျိုးရှိလေတော့ ဆင်းရဲနွမ်းပါးတဲ့ပုဂ္ဂိုလ် ဘာကြောင့် လောကထဲမှာ လူဖြစ်ပါရဲ့သားနဲ့ စီးပွားဥစ္စာတွေ ဆုတ်ယုတ်ပျက်စီးသလဲလို့မေးရင် အတိတ်အကြောင်းကို ပြန်လှန်ရမှာပါ၊ ဥစ္စာပစ္စည်းပြည့်စုံတဲ့ပုဂ္ဂိုလ်လည်း ဘာကြောင့် ပြည့်စုံသလဲဆိုတာကို သိချင်ရင် လောကမှာရှိနေတဲ့ မိမိတို့တွေ အားလုံးအတိတ်ရဲ့အရိပ်ကို စံနေရတာဖြစ်တဲ့အတွက် ကိုယ့်အတိတ်မှာ ဘာလုပ်ခဲ့တယ်ဆိုတာကို အဖြေရှာလိုက်ရင် မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ဒီလိုဆိုရင် အတိတ်အကြောင်းမှာ အဝိဇ္ဇာနဲ့သင်္ခါရလို့ နှစ်မျိုးရှိတယ်ပေါ့'

'မှန်လှပါဘုရား'

'အဝိဇ္ဇာဆိုတာက မသိတဲ့တရား'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'မသိဘူးဆိုတာကလည်း မိမိတို့ကောင်းတာလုပ်ရင် ကောင်းကျိုးပေးမယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုးပေးမယ်ဆိုတဲ့ အသိလောက်တောင် မရှိခဲ့ပါဘူး၊ အဲဒီလောက်ထိကိုလည်း မသိအောင်လည်း ဟန့်တားပါတယ်၊ အဝိဇ္ဇာ အုပ်ချုပ်ပြီးတော့ သင်္ခါရဆိုတဲ့အလုပ်ကို လုပ်တဲ့နေရာမှာ ကုသိုလ်သင်္ခါရနဲ့ အကုသိုလ်သင်္ခါရလို့ လွယ်လွယ်လေး မှတ်ထားလိုက်ပေါ့'

'မှန်လှပါဘုရား'

'ကုသိုလ်သင်္ခါရကိုလုပ်ခဲ့တဲ့ မည်သူမဆို ဟောဒီပစ္စုပ္ပန်မှာ လူလည်းဖြစ်မယ်၊ နတ်လည်းဖြစ်မယ်၊ ဗြဟ္မာလည်းဖြစ်မယ်၊ အကုသိုလ်ကို လုပ်လိုက်မယ်ဆိုရင်တော့ လူဖြစ်ချင်လို့လည်း မရောက်ပါဘူး၊ နတ်ဗြဟ္မာဖြစ်ချင်လို့လည်း မရောက်ပါဘူး၊ သူနဲ့ထိုက်တန်တာက အပါယ်လေးဘုံထဲရောက်မယ်၊ ဒီလိုဆိုရင် ပစ္စုပ္ပန်မှာ မိမိတို့ ဘယ်ဘဝရောက်နေလဲ?'

'လူ့ဘဝထဲ ရောက်နေပါတယ်ဘုရား'

'လူ့ဘဝကိုရောက်တာ ကြည့်ခြင်းအားဖြင့် ကုသိုလ်သင်္ခါရလုပ်ခဲ့တယ်ဆိုတာကိုတော့ သေချာသွားပြီ'

'မှန်လှပါဘုရား'

'ကုသိုလ်သင်္ခါရလုပ်ခဲ့လို့ လူ့ဘဝကိုရောက်ပေမယ်လို့ ပြည့်စုံကြွယ်ဝချမ်းသာ မချမ်းသာမှု ရှိလား မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ပြည့်စုံကြွယ်ဝ ချမ်းသာတဲ့ဘဝသည် တခြားကြောင့်မဟုတ်ဘူး၊ ပြည့်စုံမှုကိုပေးတာ ဒါန-

**"ဒါနဆိုတာ၊ စားဝတ်ပါ၊ နေရာတွက်သာ၊ ထုတ်ပိုးသည်"**

စားရေး ဝတ်ရေး နေရေး ပြဿနာတွေကို ပြေလည်ချင်ရင် အတိတ်က လုပ်ခဲ့တာကို ပြန်ပြီးတော့ အဖြေရှာလိုက်တော့ ဒါနလုပ်ခဲ့လို့'

'မှန်လှပါဘုရား'

'ဒါနအတိတ်က အကြောင်းပါခဲ့ရင် ခုပစ္စုပ္ပန်မှာ စားဖို့မပူရဘူး၊ နေဖို့မပူရဘူး၊ စားရေး ဝတ်ရေး နေရေး အလုံးစုံပြည့်စုံ ကြွယ်ဝချမ်းသာတာသည် ဘယ်သူက ပေးတာလဲမေးရင်'

'ဒါနပါဘုရား'

http://www.dhammadownload.com



'ဟောဒီပစ္စုပ္ပန်မှာ ဆင်းရဲနွမ်းပါးတယ်ဆိုရင် ဘာမပါခဲ့လို့?'

'ဒါနမပါခဲ့လို့ပါဘုရား'

'ဒီအချက်တော့ သဘောပေါက်သွားပြီလား?'

'သဘောပေါက်ပါပြီဘုရား'

'ဒါနအကြောင်းရှိလို့ ပစ္စုပ္ပန်မှာ ပြည့်စုံကြွယ်ဝချမ်းသာတယ်၊ ဒါနမပါတဲ့ ပုဂ္ဂိုလ် ဟောဒီပစ္စုပ္ပန်မှာ ဆင်းရဲနွမ်းပါးမယ်၊ ဒီလိုဆိုရင် ပစ္စုပ္ပန်က အနာဂတ် ခရီးဆက်တဲ့နေရာမှာ ပြည့်စုံကြွယ်ဝ ချမ်းသာချင်မယ်ဆိုရင် ဘာလုပ်ရမလဲ?'

'ဒါနပြုလုပ်ရမှာပါဘုရား'

'ဒါနကအကြောင်း ပြည့်စုံကြွယ်ဝ ချမ်းသာတာက?'

'အကျိုးပါဘုရား'

'အလိုလိုဖြစ်လာ တာမရှိပါဘူး၊ ပြည့်စုံကြွယ်ဝချမ်းသာအောင် တန်ခိုးရှင် ဖန်ဆင်းရှင်က လုပ်ပေးတာ မပါပါဘူး၊ မိမိတို့ ပြည့်စုံကြွယ်ဝ ချမ်းသာချင်တယ်၊ လူချင်းတူတူ သူချင်းမျှမျှ ထိပ်တန်းကျ စံချင်ပါတယ်ဆိုရင် ဘာအားကိုးရမလဲ?'

'ဒါနပါဘုရား'

'ဒီတစ်ချက်ကို သဘောပေါက်သွားရင် ယနေ့ ဟောရတာ လွယ်ပါတယ်'

'မှန်လှပါဘုရား'

'ဒါနကို အကြောင်းခံပြီးတော့ ပြည့်စုံကြွယ်ဝချမ်းသာတဲ့ဘဝကို ရပြီဆို တော့ ဩော်-ငါတို့ အတိတ်မှာ ဒါနမေ့ခဲ့တဲ့ပုဂ္ဂိုလ် ဆင်းရဲနွမ်းပါးမှာပဲ၊ ဟောဒီ ပစ္စုပ္ပန်မှာ ဒါနလုပ်ရင်တော့ အနာဂတ်သံသရာမှာ ပြည့်စုံကြွယ်ဝ ချမ်းသာမှာပဲ ဆိုတော့ ဒါနလုပ်ဖို့ကို သတိရသွားပြီ၊ ခုပစ္စုပ္ပန်မှာ ကြွယ်ဝချမ်းသာအောင်လို့ ဘယ်သူကပေးတာ?'

ဒါနကပေးတာပါဘုရား'

'အဲဒီလိုဆိုရင် ဒါနကုသိုလ်လုပ်ခဲ့တဲ့ အကြောင်းရှိရင် ဟောဒီပစ္စုပ္ပန်မှာ မင်းမျိုးမှာလည်း ဖြစ်နိုင်တယ်၊ ပုဏ္ဏားမျိုးမှာလည်း ဖြစ်နိုင်တယ်၊ သူဌေးသူကြွယ် ဘဝမှာလည်း ဖြစ်နိုင်တယ်၊ မြင့်မြတ်တဲ့အမျိုးသုံးပါးမှာ ဖြစ်ပြီးတော့ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာအောင်လို့ ပံ့ပိုးတဲ့နေရာမှာ ဒါနတရားကအကြောင်းပါ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဌေးသူကြွယ်မျိုးမှာဖြစ်ပြီး ဥစ္စာပစ္စည်း ပြည့်စုံကြွယ်ဝတာက အကျိုး၊ မင်းမျိုး ပုဏ္ဏားမျိုး သူဌေးသူကြွယ်မျိုးမှာ ဖြစ်တာက?'

'အကျိုးပါဘုရား'

'အကြောင်းလုပ်ရင်'

'အကျိုးပေးပါတယ်ဘုရား'

'မိမိတို့အကြောင်းတော့ လုပ်ခဲ့ပါတယ်၊ ဟောဒီမှာ အကျိုးပေးကလည်း မင်းမျိုး ပုဏ္ဏားမျိုး သူဌေးသူကြွယ်မျိုးမှာ ပြည့်စုံကြွယ်ဝမှုကိုရပါပြီ၊ မတူညီတဲ့ အချက် သတိပြုပါ၊ သို့သော်လည်းပဲ မတူညီတဲ့အချက်လေးတွေကို သတိထားစေချင်ပါတယ်၊ ပြည့်စုံကြွယ်ဝချမ်းသာတဲ့ ဘဝကို ရအောင်တော့ ဒါနလုပ်ရင် သေချာတယ်ဆိုတာက အကြောင်းအကျိုးနဲ့ဝေဖန်ပြလို့ ရှင်းသွားပြီ'

'မှန်လှပါဘုရား'

'ပြည့်စုံကြွယ်ဝ ချမ်းသာတဲ့ပုဂ္ဂိုလ်တွေထဲမှာ ရုပ်ဆိုးတာရော မပါဘူးလား?'

'ပါပါတယ်ဘုရား'

'ရုပ်လှတာလည်း?'

'ပါပါတယ်ဘုရား'

'ဒီလိုဆိုရင် ပြည့်စုံ ကြွယ်ဝတဲ့ဘဝရောက်လာတဲ့အခါ ရုပ်ဆိုးချင်လား၊ လှချင်သလား?'

'လှချင်ပါတယ်ဘုရား'

'လှချင်ရင် လှတဲ့အကြောင်း ရှိတယ်၊ ဒါနကတော့ ပစ္စည်းပြည့်စုံ ကြွယ်ဝ ချမ်းသာအောင်တော့ စောင့်ရှောက်ပါတယ်၊ ပံ့ပိုးပါတယ်၊ ကူညီပါတယ်၊ ပြည့်စုံအောင် ဖြည့်ဆည်းဖို့အတွက် တာဝန်ယူလိုက်တယ်၊ သို့သော် ရုပ်လှတာ မလှတာကတော့ သူနဲ့မဆိုင်ဘူး'

'မှန်လှပါဘုရား'

'ရုပ်လှချင်ရင် သူ့အကြောင်း ရှိတယ်၊ ယနေ့သူတော်စင်များ ရုပ်ဆိုးချင်လား၊ ရုပ်လှချင်လား?'

'လှချင်ပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီရုပ်လှတဲ့ဘဝ ပြည့်စုံတဲ့ဘဝမှာ ထပ်လောင်းပြီးတော့ သတိထားကြည့်စမ်းပါ။ ပြည့်စုံကြွယ်ဝချမ်းသာတဲ့ဘဝမှာ တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက် အကျိုးပေးကတော့ ချမ်းသာတယ်လို့ ပြောပေမယ့် ကိုယ့်လက်အောက်ငယ်သားတွေကို ထိန်းကွပ်တဲ့နေရာမှာ ဩဇာညောင်းတဲ့ပုဂ္ဂိုလ်နဲ့ မညောင်းတဲ့ပုဂ္ဂိုလ်၊ ဘုန်းတန်ခိုးကြီးတဲ့ပုဂ္ဂိုလ်နဲ့ မကြီးတဲ့ပုဂ္ဂိုလ်လို့ မကွာဘူးလား?'

'ကွာပါတယ်ဘုရား'

'အဲဒီလို ပြည့်စုံတဲ့ဘဝမှာ ဘုန်းတန်ခိုးလည်း ကြီးချင်မှာပဲ၊ ဩဇာတိက္ကမ ညောင်းတဲ့ဘဝကိုလည်း ကိုယ်က အလိုရှိမှာပါ။ အလိုရှိတိုင်း ရသလား?'

'မရပါဘူးဘုရား'

'အကြောင်းမကောင်းရင် အကျိုးပေးမကောင်းပါဘူး၊ အကြောင်းကောင်းရင်တော့'

'အကျိုးပေးကောင်းမှာပါဘုရား'

'ဥစ္စာပစ္စည်းလည်း ပြည့်စုံကြွယ်ဝချင်တယ်၊ မိမိက ရုပ်လည်း ချောချင်ပြန်တယ်၊ ဘုန်းတန်ခိုးကြီးပြီး၊ ဩဇာတိက္ကမလည်း ညောင်းချင်ပြန်တယ်၊ အဲဒါ ထပ်လောင်းပြီး ဘယ်အကြောင်းတရားတွေ ဖြည့်ဆည်းရမလဲဆိုတာတော့ ဟောရင်းနဲ့ပေါ်မှာပါ'

'မှန်လှပါဘုရား'

'ပစ္စုပ္ပန်မှာ အခုပြည့်စုံကြွယ်ဝ ချမ်းသာတဲ့ဘဝတော့ ရတယ်၊ ခေတ်ပေါ်ပစ္စည်းမှန်သမျှကို ကိုယ့်ခါးပေါ်တင်ချင်တိုင်း ရတဲ့ပုဂ္ဂိုလ်ရှိသလို မရတဲ့ပုဂ္ဂိုလ်ရော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'လိုတိုင်း တတိုင်း ရတဲ့ပုဂ္ဂိုလ်ရော ရှိသလို မရတဲ့ပုဂ္ဂိုလ်ကလည်း ရှိပါတယ်၊ ကိုယ့်မှာ ဥစ္စာပစ္စည်း ချမ်းသာသားပဲ၊ လိုတိုင်းပြည့်စုံသလားဆိုပေမယ့် မရဘူးနော်၊ ဒါဖြင့်ပြည့်စုံတဲ့ဘဝ ချမ်းသာတာချင်းအတူတူ ကွဲပြားတဲ့အချက်လေးတွေ သတိထားရင် မြင်သွားပါပြီ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲဒါ ဘယ်အကြောင်းတွေ ပြည့်စုံရင် ဘယ်လိုပြည့်စုံတယ်၊ ဘယ်အကြောင်းချွတ်ယွင်းရင် ဘာချွတ်ယွင်းတယ်ဆိုတာ ပေါ်တော့မှာပါ၊ တစ်ချို့ကျတော့လည်း ပြည့်စုံကြွယ်ဝ ချမ်းသာတဲ့ဘဝကို ရောက်ပင် ရောက် ငြားသော်လည်းပဲ အမျိုးသုံးပါး မြင့်မြတ်တဲ့ ဘဝကိုရပါတယ်၊ သို့သော်လည်းပဲ အဲဒီ မြင့်မြတ်တဲ့ဘဝမှာ ပထမအရွယ်မှာကိုပဲ ဆင်းရဲသွားတဲ့ ပုဂ္ဂိုလ်တွေရောပဲ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'တချို့ကျတော့ စည်းစိမ်ဥစ္စာပေါ်မှာပဲ ထပ်လောင်းပြီးတော့ ခြေပြတ် လက်ပြတ် ကိုယ်အင်္ဂါမစုံဘဲ စံရတာရော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'တချို့ အခြွေအရံကောင်းမှုပြီး အထီးကျန်ဆန်စွာ စံရတာရော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒီလိုဘဝမျိုးရော နေချင်လား?'

'မနေချင်ပါဘူးဘုရား'

'ဒါနလုပ်ရင် ပြည့်စုံတာတော့ သေချာတယ်နော်'

'မှန်လှပါဘုရား'

'သို့သော် ခုနပြောခဲ့တဲ့ အကျိုးတရားတွေ ထပ်လောင်းပြည့်စုံဖို့ကျတော့ ဘယ်အကြောင်းဖြည့်ဆည်းရမယ် ဆိုတာကို မသိရင်မရပါဘူး'

'မှန်လှပါဘုရား'

'တချို့ဥစ္စာပစ္စည်းပြည့်စုံပါတယ်၊ ကိုယ်လက်အင်္ဂါ မစုံရှာပါဘူး'

'မှန်လှပါဘုရား'

'တချို့ သားသမီး မထွန်းကားဘူး၊ ဒါမျိုးတွေရော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အကြောင်းကောင်းမှ'

'အကျိုးပေးကောင်းမှာပါဘုရား'

'ဒါနလုပ်ရင်ပြီးရောဆိုပြီး မေ့မေ့လျော့လျော့နေလို့မရပါဘူး'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အကြောင်းတရား ဘာတွေဖြည့်ဆည်းပေးရမလဲဆိုတာကို အကြောင်းနဲ့အကျိုး ရှင်းပေးတဲ့အခါ ပေါ်တော့မယ်၊ တချို့ဥစ္စာပစ္စည်း ပေါကြွယ်ဝပါတယ်၊ မင်းမျိုး ပုဏ္ဏားမျိုး သူဌေးသူကြွယ်မျိုးမှာနေရပါတယ်၊ သို့သော်လည်း ကိုယ့်ဥစ္စာပစ္စည်းကို တချို့မှားမီးလောင်လို့ ပျက်စီးသွားတယ်၊ ရေတိုက်စားလို့ ပါသွားတယ်၊ သူခိုးခိုးလို့ ပါသွားတယ်၊ အမွေခံ သားဆိုး သမီးဆိုးဖျက်ဆီးလို့ ပါသွားတယ်၊ မင်းသိမ်းခံရလို့ ပါသွားတယ်၊ ရန်သူမျိုးငါးပါးနှောက်ယှက်လို့ ပါသွားတာရော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'တချို့ရထားတဲ့ ပစ္စည်းဥစ္စာ ဘယ်လောက်ခိုင်ခဲ့လဲမေးရင် ရန်သူမျိုးငါးပါးက လာပြီး နှောင့်ယှက်လို့ကိုမရဘူး၊ အဲလို ဘဝမျိုးရရင် ကျေနပ်စရာမကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'ရကြစေသတည်း၊ ရရောလား?'

'မရပါဘူးဘုရား'

'ရချင်ရင် ဘာလုပ်ရမလဲ အကြောင်းကောင်းအောင် လုပ်ရမယ်'

'မှန်လှပါဘုရား'

'ဖြည့်ဆည်းရမယ့်အကြောင်း ဘုရားဟောပြီ၊ ဟောဒီပြုထားတဲ့ ဒါနကုသိုလ်ပေါ်မှာ ဘယ်လိုဖြည့်ဆည်းရမယ့်အကြောင်း ဘုရားဟောပြီ၊ အကြောင်းတွေ ဖြည့်ဆည်းရမယ်ဆိုတာလေးကို အကြောင်းမှန်အကျိုးမှန်နဲ့ ကောင်းစွာ သဘောပေါက်အောင်လို့ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ဘယ်ပြည်ဌာန ဘယ်လောကမှာ သီတင်းသုံးတော်မူစဉ်အခါမှာ ဘယ်ပုဂ္ဂိုလ်တွေကို အကြောင်းပြုပြီး ဟောကြားသွားတာလဲဆိုတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်မွန်၊ ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတဲ့အချိန် တစ်နေ့ နေ့လယ်ခင်းကြီး နာရီပြန်တစ်ချက်လောက် နေပူကလည်း ခြစ်ခြစ်တောက်ပူလို့ ချွေးသီးချွေးပေါက်တွေ ရွှဲပြီးတော့ အမောတကောနဲ့ ရောက်ရှိလာတာက တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့ ကောသလမင်းကြီးပဲ ဖြစ်ပါတယ်၊ မင်းကြီး ရောက်လာတဲ့အခါ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒကာတော်မင်းကြီး

http://www.dhammadownload.com



နေကလည်း ပူလိုက်တာ၊ ချွေးသီးချွေးပေါက်တွေ ရွဲပြီးတော့ အမောတကောနဲ့ ရောက်လာတာ တိုင်းရေးပြည်ရေးကိစ္စ အရေးအကြီးလို့လား?'

'မှန်လှပါဘုရား'

'တပည့်တော် အရှင်ဘုရားထံကို ရောက်လာတာက တိုင်းရေးပြည်ရေး ကိစ္စ အရေးကြီးလို့ မဟုတ်ပါဘူးဘုရား၊ ထူးဆန်းတဲ့ အကြောင်းတရားလေး တစ်ရပ်ကို မြင်တွေ့ခဲ့ရလို့ သိချင်လှတဲ့အတွက် အရှင်ဘုရားကို မေးမယ်ဆိုပြီး နန်းတော်တောင် မပြန်နိုင်ဘဲနဲ့ အရှင်ဘုရားထံကို တန်းဝင်ခဲ့တာပါဘုရား'

'တခြားအကြောင်းတော့ မဟုတ်ပါဘူး၊ ဟောဒီ သာဝတ္ထိပြည်ထဲမှာ လွန်ခဲ့သော ခုနစ်ရက်ခန့်က အပုတ္တကသေဋ္ဌိလို့ခေါ်တဲ့ သားသမီး မထွန်းကား တဲ့ သူဌေး၊ ဒီသူဌေးကြီး ကွယ်လွန်အနိစ္စရောက်ခဲ့ပါတယ်ဘုရား၊ သူပိုင်တဲ့ ပစ္စည်းတွေကို အမွေစားအမွေခံ သားထောက်သမီးခံ မရှိတဲ့အတွက်ကြောင့်မို့ လို့ မှူးကြီးမတ်ရာတွေကိုမေးတဲ့အခါမှာ မင်းဘဏ္ဍာအဖြစ် သိမ်းသင့်တယ်ဆိုလို့ သွားပြီး မင်းအမှုထမ်းတွေနဲ့သိမ်းခဲ့တာ ခုနစ်ရက်တိုင်တိုင် စာရင်းပြုစုခဲ့ရပါ တယ်ဘုရား၊ အဲဒီလောက် များပြောင်တဲ့ပစ္စည်းတွေကို ပိုင်ဆိုင်ခဲ့တဲ့ သူဌေးကြီး ထူးဆန်းအံ့ဖွယ် ဖြစ်ရပ်ကလေးက တခြားမဟုတ်ဘူးဘုရား၊ သူ့ကို အမွန် အမြတ်တွေ ကောင်းပေ့ညွန့်ပေ့ဆိုတဲ့ အာဟာရတွေကို အလုပ်အကျွေးတွေက လာပြီးတော့ပေးရင် ဘေးဖယ်ထားပြီး အော်ငေါက်လွှတ်တယ်ဘုရား၊ စားတဲ့ အခါမှာ ကြမ်းပေ့ဆိုတဲ့ ဆန်ကွဲထမင်းနဲ့ ပုန်းရည်ဟင်းမှ စားတယ်ဘုရား၊ သူဌေးကြီး ပစ္စည်းဥစ္စာ ဒီလောက်ပေါများတာတောင် တူတူတန်တန် စားနိုင် လား?'

'မစားနိုင်ပါဘူးဘုရား'

'ပစ္စည်းမရှိလို့ မဟုတ်ဘူးနော်'

'မှန်လှပါဘုရား'

'အကြောင်းတော့ရှိပါလိမ့်မယ်'

'မှန်လှပါဘုရား'

'သူစားတာကိုကြည့်ခြင်းအားဖြင့် ဆန်ကွဲထမင်းနဲ့ ပုန်းရည်ဟင်းနဲ့ အညံ့စား စားတယ်၊ ဝတ်ပြန်တော့လည်းဘုရား အနူးအညံ့ ကောင်းပေ့ညွှန့်ပေ့

http://www.dhammadownload.com



ဆိုတဲ့ အဝတ်အစားတွေ လာပေးရင် အဲဒါတွေကိုပေးတဲ့ ပုဂ္ဂိုလ်တွေကို အော်ငေါက်လွှတ်တယ်ဘုရား၊ သူဝတ်တဲ့အခါမှာ ကြမ်းပေ့ဆိုတဲ့ ဖျင်ကြမ်း အဝတ်မှ ဝတ်တယ်ဘုရား၊ ဟိုသွားသည်သွား သွားဖို့အတွက် ယာဉ်စီးပြန်တော့ လည်း သူများလွှင့်ပစ်တဲ့ ယာဉ်အို ယာဉ်စုတ်မှ စီးတယ်ဘုရား၊ ခြေထောက်မှာ စီးဖို့ ဖိနပ်ကိုလည်းပဲ အလွန်နူးညံ့တဲ့ ကတ္တီပါတွေကို စီးနိုင်သော်လည်းပဲ မစီးဘဲနဲ့ တာရာဖိနပ် ခုံဖိနပ်မှ စီးတယ်ဘုရား၊ အဲဒီသူဌေးကြီး ကြည့်စမ်း သူဌေးနဲ့တူလား?'

'မတူပါဘူးဘုရား'

'မိမိတို့ ပတ်ဝန်းကျင်မှာ အလွန်ကြွယ်ဝ ပြည့်စုံချမ်းသာတဲ့ သူဌေးတွေကို မြင်ဖူးပါလိမ့်မယ်၊ အဲဒီသူဌေးတွေထဲမှာ ခုနပြောခဲ့သလို တူတူတန်တန် မနေနိုင် မထိုင်နိုင် မဝတ်နိုင် မစားနိုင်ဘဲ သူဆင်းရဲအသွင်ပေါက်ပြီးတော့များ သူဌေးကြီးနဲ့မတူတဲ့ ပုဂ္ဂိုလ်တွေရော မရှိကြဘူးလား?'

'ရှိပါတယ်ဘုရား'

'ချိုးခြံတယ် မထင်နဲ့နော်'

'မှန်လှပါဘုရား'

'အကြောင်းရှိတယ်လို့ မှတ်ထားပါ'

'မှန်လှပါဘုရား'

'သူဌေးဖြစ်ပြီဆို ဇိမ်ကျကျစံရတဲ့အဖြစ်မျိုး နေချင်ကြတဲ့ မည်သူမဆို ဘယ်လိုအကြောင်းတရားတွေကိုများ ကောင်းစွာပြုရမယ်ဆိုတာ အခု ကောသလမင်းကြီးက လျှောက်ထားတဲ့အတွက် ဘုရားရှင်ကိုယ်တော်မြတ် ကြီးက ဒကာတော်မင်းကြီး တခြားအကြောင်းမဟုတ်ပါဘူး၊ လှူဒါန်းတဲ့နေရာမှာ အကြောင်း ချို့ယွင်းခဲ့လို့ပော့၊ ဒီတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အင်္ဂုတ္တရနိကာယ် ပဉ္စကနိပါတ်ပါဠိတော်မှ ဒါနငါးမျိုး ဟောသွားတယ်လို့ မှတ်ထားပါ'

'မှန်လှပါဘုရား'

'ဒီနေ့တရားနာပရိသတ်တွေနဲ့ အလှူရေစက် လက်နဲ့မကွာ ကိုယ်က ကြိုးစားပြီးတော့ စွမ်းနိုင်သမျှ ရှန်းကန် ရှာဖွေခဲ့တဲ့ ဥစ္စာပစ္စည်းတွေကို အရင်း

http://www.dhammadownload.com



တည်ပြီး စွမ်းနိုင်သမျှ မလှူကြဘူးလား၊ အဲဒီလှူတဲ့ ဒါနကုသိုလ်အပေါ်မှာ ငါးပါးသောဒါန ပြည့်စုံအောင် ဖြည့်ဆည်းဖို့ မမေ့ပါနဲ့'

'မှန်လှပါဘုရား'

'နံပါတ်တစ် ဖြည့်ဆည်းရမှာက "သဒ္ဓါယ ဒါနံဒေတိ" လှူဒါန်းတဲ့ နေရာမှာ သဒ္ဓါဒါနဖြစ်အောင် လှူပါ၊ ဒါနကုသိုလ်ကိုတော့ ပြုတယ်၊ ဒီသဒ္ဓါ တရားလေးက အရေးကြီးတယ်၊ သဒ္ဓါဒါနလို့ တွဲလိုက်ပြီနော်'

'မှန်လှပါဘုရား'

'အဲဒီ ဒါနသည် မင်းမျိုး ပုဏ္ဏားမျိုး သူဌေးမျိုးမှာ ဥစ္စာပစ္စည်း ပေါကြွယ်ဝအောင်တော့ အထောက်အပံ့ကောင်းပေးတယ်၊ ဒီသဒ္ဓါတရားက ထပ်လောင်းပြီးတော့ ဘာကိုများ အကျိုးပေးတယ်ဆိုတာကို သိဖို့လိုပါတယ် '

'မှန်လှပါဘုရား'

'ပါဠိလိုပြောတော့ သဒ္ဓါဒါန၊ ယနေ့မြန်မာလို နားလည်လွယ်အောင် ပြောရင်၊ မိမိတို့သိထားရမှာက ယုံကြည်မှုနဲ့လှူရမယ်၊ ဘယ်လိုလှူရမလဲ?'

'ယုံကြည်မှုနဲ့ လှူရမှာပါဘုရား'

'လှူတိုင်းလှူတိုင်းမှာ နံပါတ်တစ် သတိထားရမှာက ယုံကြည်မှုနဲ့လှူဆိုတာက ကံနဲ့အကျိုးပေးကို ယုံကြည်ရမယ်၊ ဘာနဲ့ဘာ?'

'ကံနဲ့ အကျိုးပေးကိုယုံကြည်ရမှာပါဘုရား'

'ကောင်းတာလုပ်ရင် ကောင်းကျိုးပေးမယ်၊ မကောင်းတာလုပ်ရင် မကောင်းကျိုးပေးမယ်ဆိုတဲ့ သာမန်အသိတဲ့၊ အခုလို ဒါနကောင်းမှု ကုသိုလ်ကံကိုလုပ်ရင် ကောင်းကျိုးပေးတယ်၊ သို့သော်လည်းပဲ ဒီသဒ္ဓါတရားလေးက ဘယ်လိုထပ်ဆင့် အကျိုးပေးတယ်ဆိုတာ သိပြီးလှူမယ်ဆိုရင် မကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'ယနေ့ သာသနာပနဲ့ သာသနာတွင်းရဲ့ အကျိုးပေးချင်းရော တူရဲ့လား?'

'မတူပါဘူးဘုရား'

'မတူတာကိုလည်း သတိပြုနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'သာသနာပမှာ ထမင်းရည်ချောင်းစီး ဘယ်လောက်ကြီးပဲလှူလှူ သာသနာတွင်းမှာ ရှင်သာမဏေတစ်ပါး သရဏဂုံသီလတွေ ပိုင်ဆိုင်ထားတဲ့ ဆောက်တည်ထားတဲ့ သူတော်စင်တစ်ဦး တစ်ဇွန်း တစ်ယောက်မလေးများ လှူခွင့်ရမယ်ဆိုရင် သာသနာပမှာလှူခဲ့တဲ့ ထမင်းရည်ချောင်းစီး လှူခဲ့တဲ့အလှူ ကြီးထက် အဆပေါင်းများစွာသာအောင် အကျိုးပေးတယ်ဆိုတာကိုတော့ ယနေ့သာသနာတော်တွင်းနဲ့ မဆုံဘူးလား?'

'ဆုံပါတယ်ဘုရား'

'အလှူခံပုဂ္ဂိုလ်ကောင်းတွေရော မရဘူးလား?'

'ရပါတယ်ဘုရား'

'တစ်ဇွန်းတစ်ယောက်မ လှူရင်တောင် အကျိုးပေးသန်တယ်လို့ အဲဒီလို မျိုး ယုံကြည်နားလည်ပြီး လှူမယ်ဆိုရင် သဒ္ဓါဒါန ရသွားပြီ'

'မှန်လှပါဘုရား'

'ယနေ့ အသီးသီးရောက်ရှိလာကြတဲ့ တရားနာ သူတော်စင်တို့ လှူဖူးကြ ပါတယ်၊ အဲဒီ လှူဖူးတဲ့နေရာမှာ မကင်းရာမကင်းကြောင်းမို့ လှူတာရော မပါဖူးဘူးလား?'

'ပါပါတယ်ဘုရား'

'ဒါလည်း ပါတာပဲနော်'

'မှန်လှပါဘုရား'

'တချို့က လှူလိုက်တဲ့အခါမှာ ဂုဏ်ဖော်ချင်လို့ လှူတာရောမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'တချို့ကလည်း အို-ငါ့ဘိုးဘွားလက်ထက်ကတည်းက လှူခဲ့တာ ငါ့လက် ထက်မှမလှူဘူးဆို နာမည်ပျက်တော့မှာပဲဆိုပြီး နာမည်ပျက်မှာကြောက်လို့ လှူတာရော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'တချို့ကျတော့ လှူကြပါတယ်၊ ဩော်-ဒါဒီနေရာမှာ လှူလိုက်ရင် ငါ့ အတွက်တော့ အခွင့်အရေးတစ်ခုတော့ ရမှာပဲဆိုပြီးတော့ မျှော်လင့်ချက်နဲ့ လှူတာရော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီလို လှူပြီဆိုရင် သဒ္ဓါဒါန ချွတ်ယွင်းသွားပြီ'

'မှန်လှပါဘုရား'

'ဒါနကုသိုလ်တော့ မြောက်တယ်၊ သဒ္ဓါတရားတော့ မပါပြန်ဘူး၊ ယုံကြည်မှုဆိုတာ အရေးကြီးတယ်နော်'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် မိမိတို့တစ်တွေ အခု သဒ္ဓါဒါနဆိုတဲ့ ယုံကြည်မှုနဲ့လှူတဲ့ အကြောင်းတရားလေးတော့ သိသွားပြီ၊ သိရုံလေးနဲ့ မရဘူး'

'သူ့အကြောင်းအကျိုးလေးပေါ်မှာ ဉာဏ်ရှင်းမယ်ဆိုရင် ပိုမကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'အဲဒီလိုဆိုရင် ဟောဒီပစ္စုပ္ပန်မှာ ရောက်နေကြတဲ့ မိမိတို့အားလုံး သတိထားလိုက်ပါ ပြည့်စုံကြွယ်ဝ ချမ်းသာတဲ့ဘဝကို ဘယ်သူကပေးလဲမေးရင်'

'ဒါနပါဘုရား'

'ဘယ်သူကပေးလဲ?'

'ဒါနကပေးပါတယ်ဘုရား'

'အခုကံနဲ့ အကျိုးပေးကို ယုံကြည်ပြီး လှူဒါန်းခဲ့တဲ့ ဒါနတရားက အတိတ်ကသာ ပြည့်စုံအောင်လှူခဲ့ရင် ဟောဒီပစ္စုပ္ပန်မှာ ဘယ်လိုအကျိုးပေးတယ်ဆိုတာလေးကို သဘောပေါက် ဉာဏ်ရောက်အောင် အကြောင်းအကျိုးနဲ့ ဝေဖန်ပြောရင် -

**"သဒ္ဓါကြည်လင်၊ လှူဒါန်းလျှင်၊ ရုပ်သွင်အဆင်း လှပသည်"**

'ဒါနကုသိုလ်အတိတ်ကလုပ်ခဲ့လို့ ဟောဒီပစ္စုပ္ပန်မှာ ပြည့်စုံကြွယ်ဝချမ်းသာ မင်းမျိုးမှာလည်း ဖြစ်နိုင်တယ်၊ ပုဏ္ဏားမျိုးလည်း ဖြစ်နိုင်တယ်၊ သူဌေးသူကြွယ်မျိုးလည်း ဖြစ်နိုင်တယ်၊ ပြည့်စုံကြွယ်ဝချမ်းသာတဲ့ဘဝတော့ ရတယ်၊ သို့သော် ပြောခဲ့တဲ့အတိုင်း မကင်းရာ မကင်းကြောင်း အားနာလို့ လှူရတာ၊ ဒီလိုအကြောင်းအမျိုးမျိုးကြောင့် လှူတာဆိုရင် ဒီပုဂ္ဂိုလ်သည် အကျိုးပေးစုံပါ့မလား?'

'မစုံပါဘူးဘုရား'

http://www.dhammadownload.com



'အတိတ်က ကံနဲ့အကျိုးပေးကို သက်ဝင်ယုံကြည်ပြီးလှူခဲ့ရင် ဟောဒီပစ္စုပ္ပန်မှာ ပြည့်စုံကြွယ်ဝ ချမ်းသာတဲ့ ဘဝမှာ ထပ်လောင်းပြီးတော့ ရုပ်ရည်အဆင်းလှပခြင်းကို ဖြည့်ဆည်းပါတယ် ရုပ်ချော ဥစ္စာပစ္စည်းပေါတာ ဘယ်လိုလှူတာလဲ?'

'ယုံယုံကြည်ကြည် လှူတာပါဘုရား'

'သဒ္ဓါဒါနပေါ့နော်'

'မှန်လှပါဘုရား'

'မိမိတို့မှာ ဥစ္စာပစ္စည်းတော့ ပေါသားပဲ ရုပ်ရည်အဆင်းလှပပြီးတော့ ပြည့်စုံတဲ့ဘဝကိုလိုချင်ရင် ဟောဒီပစ္စုပ္ပန်မှာ ဘယ်လိုလှူမလဲ?'

'ယုံယုံကြည်ကြည်နဲ့ လှူရမှာပါဘုရား'

'ဒါဖြင့် ရုပ်လှအောင် ဘယ်သူလုပ်ပေး?'

'သဒ္ဓါဒါနက လုပ်ပေးပါတယ်ဘုရား'

'ဥစ္စာ ပစ္စည်းပြည့်စုံပြီး ရုပ်ချောအောင် တန်ခိုးရှင်မတတ်နိုင်ပါဘူး'

'မှန်လှပါဘုရား'

'မိမိတို့ ရုပ်ချောပြီး ဥစ္စာပစ္စည်း ပေါချင်ပါတယ်ဆိုရင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အကြောင်းတရားရှိတယ်ကွ ယုံယုံကြည်ကြည် လှူလိုက်ကြ'

'မှန်လှပါဘုရား'

'ယုံကြည်မှုနဲ့ လှူတာကအကြောင်း ရုပ်ချော ဥစ္စာပစ္စည်းပေါတာက'

'အကျိုးပါဘုရား'

'အကြောင်းကြောင့်ဘာဖြစ်?'

'အကျိုးဖြစ်ပါတယ်ဘုရား'

'အကြောင်းက ပဋိစ္စ၊ အကျိုးကသမုပ္ပါဒ်၊ အကြောင်းအကျိုးဆက်တော့'

'ပဋိစ္စသမုပ္ပါဒ်ပါဘုရား'

'ဩော်-ပဋိစ္စသမုပ္ပါဒ်ဆိုတာ အကြောင်းနဲ့အကျိုးကို ပုံဖော်တာပါလား၊ ဘာကိုမှမသိဘူးဆိုရင် သံသရာမှာ တန်းလန်းတန်းလန်းနဲ့၊ ဩော်-ဘယ်သူက

http://www.dhammadownload.com



များ လုပ်ပေးတာလဲဆိုပြီးတော့ အားကိုးလွဲမှာစိုးတဲ့အတွက် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သံသရာတစ်လျောက်လုံးမှာ ပြည့်စုံကြွယ်ဝ ချမ်းသာပြီးတော့ ရုပ်ရည်အဆင်းလှပချင်ရင် တန်ခိုးရှင်လည်း မတတ်နိုင်ဘူး၊ ငါဘုရားလည်း လုပ်ပေးလို့မရဘူး၊ လုပ်ချင်ရင်တော့ ဒီဒါနလေးပြုကြလို့ သင်မပေးသွားဘူးလား?'

'သင်ပေးပါတယ်ဘုရား'

'လှူတိုင်း လှူတိုင်းမှာ ယုံကြည်မှုနဲ့ လှူတဲ့အလှူကအကြောင်း၊ မိမိတို့ရုပ်ချော ဥစ္စာပစ္စည်း ပေါတာက'

'အကျိုးပါဘုရား'

'ယခုပစ္စုပ္ပန်မှာတော့ ပြင်လို့မရတော့ဘူးပေါ့နော်'

'မရတော့ပါဘုရား'

'အနာဂတ်သံသရာအတွက်တော့ အကြောင်းကောင်းအောင် လုပ်လို့မရဘူးလား?'

'ရပါတယ်ဘုရား'

'ရုပ်ချောပြီး ဥစ္စာပစ္စည်းပေါချင်ရင် ဘယ်လိုလှူမယ်'

'ယုံယုံကြည်ကြည်နဲ့လှူရမှာပါဘုရား'

'နောက်ဒါနတစ်မျိုးကို ဟောလိုက်တာက "သက္ကစ္စဒါနံ ဒေတိ" ရိုရိုသေသေ လှူရမယ်၊ သက္ကစ္စဒါန၊ ဒါနကောင်းမှု ကုသိုလ်ပြုတယ်၊ ပထမယုံကြည်မှုနဲ့လှူတယ်၊ ဘာကို သဘောပေါက်သွားသလဲ ဒုတိယလှူရမယ့်အလှူက ရိုရိုသေသေလှူရမယ်၊ ဘယ်လို လှူရမယ်?'

'ရိုရိုသေသေလှူရမှာပါဘုရား'

'အခုတရားတွေကို ကိုယ်တိုင် ကိုယ်ကျ နာကြရတယ်၊ အားထုတ်ကြရတယ်၊ ဩော်-တရားရဲ့အရသာ တရားရဲ့ကောင်းခြင်းတွေကို ကောင်းစွာသိတော့ ကိုယ့်လိုပဲသိအောင် ဓမ္မမိတ်ဆွေတွေအပေါ်မှာ အာရုံပြုပြီးတော့ အသိတရားတွေ တိုးအောင်ဆိုပြီး တရားအပေါ်မှာ ရိုသေလေးစားစွာနဲ့ ယနေ့ တရားပွဲတွေကို အောင်မြင်စွာရော မလုပ်ကြဘူးလား?'

'လုပ်ကြပါတယ်ဘုရား'

http://www.dhammadownload.com



'တစ်ခါထပ်ပြီးတော့ မိမိတို့တစ်တွေ ဒီတရားတွေအပေါ်မှာ ရိုသေလေးစားမှုနဲ့ အမြတ်တနိုးထားပြီး ယခုလို တရားပွဲတွေကို အများသူငှာအတွက် လုပ်ပေးသလိုပဲ အလှူခံပုဂ္ဂိုလ်တွေကို လှူဒါန်းတဲ့နေရာမှာလည်းပဲ ပုဂ္ဂိုလ်တွေကို အာရုံပြုရင် ရိုသေလေးစားမှု လျော့နိုင်ပါတယ်၊ ဘာကြောင့်လဲမေးရင် ဥပမာအားဖြင့် ဆွမ်းခံကြွလာကြတယ်ပေါ့၊ တန်းဆွမ်းကြွလာတဲ့အခါမှာ သံဃာအပါး သုံးလေးဆယ်လောက် ရှိမယ်ပေါ့၊ ရှေ့ကထေရ်ကြီးကိုတော့ မိမိတို့က အားရကြည်ညိုစွာ ဦးအကြိမ်ကြိမ်ချပြီးတော့မှ ရိုသေလေးစား မြတ်နိုးမှုအပြည့်နဲ့ ဆွမ်းတွေကို လောင်းလှူလိုက်တယ်၊ တဖြည်းဖြည်းနဲ့ နောက်ကိုရောက်တဲ့အခါမှာ လေးစားမှုက ပိုအားကောင်းလား လျော့သွားလား?'

'လျော့သွားပါတယ်ဘုရား'

'သေချာ အာရုံပြုကြနော်'

'မှန်လှပါဘုရား'

'ဒီကြားထဲမှာ ကိုယ့်ရဲ့အပေါင်းအသင်း မိတ်ဆွေ ကိုယ့်သူငယ်ချင်းများ ရဟန်းဝတ်တာပါရင် တစ်ဖက်က ဆွမ်းလောင်းပြီးတော့ တစ်ဖက်ပါးစပ်က ပြောလိုက်တာ စလိုက် နောက်လိုက် ပြောင်လိုက်တာရော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'တချို့ ကိုရင်လေးတွေဆိုရင် သက်နှ်းလေးဆွဲပြီး စတာရော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒီလို လှူတဲ့အလှူသည် သေချာပြန်ကြည့်ရင် မရိုမသေအလှူတွေပါ'

'မှန်လှပါဘုရား'

'မရိုမသေလှူပြီဆိုရင် အကျိုးပေးလည်း ကောင်းမှာလား နုံချာမှာလား?'

'နုံချာမှာပါဘုရား'

'ဒါဖြင့် အကျိုးပေးကောင်းချင်ရင် ဘယ်လိုလှူမလဲ?'

'ရိုရိုသေသေလှူရမှာပါဘုရား'

'ရိုရိုသေသေလှူချင်ရင် သံဃာတော်အရှင်မြတ်တွေရဲ့ဂုဏ်ကို ဦးထိပ်ထားလိုက်ရင် ပုဂ္ဂိုလ်ပေါ်မမြင်တဲ့အတွက် တစ်တန်းတည်းထားပြီး ကြည့်လိုက်

http://www.dhammadownload.com



သွားနိုင်ပြီ၊ အဲလိုဆိုရင် လှူတိုင်း လှူတိုင်းမှာ ဂုဏ်ကိုအာရုံပြုပါ ဘယ်ကို အာရုံပြုရမလဲ?'

'ဂုဏ်ကိုအာရုံပြုရမှာပါဘုရား'

'ကျောင်းတိုက်တစ်တိုက်ကို ရောက်သွားရင်လည်း ကျောင်းထိုင်ဆရာတော်လောက်ပဲ အာရုံမပြုနဲ့နော်'

'မှန်လှပါဘုရား'

'လှူပြီဆိုရင် ကျောင်းထိုင်ဆရာတော်က စပြီးတော့မှ ကျောင်းတွင်းမှာ ရှိတဲ့ သံဃာတော်အရှင်မြတ်တွေကို လှူတော့မယ်ဆိုရင် ပုဂ္ဂိုလ်အပေါ်မြင်လိုက်ရင် ခုနကပြောသလိုပဲ ရိုသေမှု လေးစားမှုတွေ လျော့သွားမှာ'

'မှန်လှပါဘုရား'

'ကိုယ်ကြည်ညိုရင် ကြည်ညိုသလို မကြည်ညိုရင် မကြည်ညိုသလို အဲဒီလို မဖြစ်ရအောင်လို့ အားလုံးကို တစ်တန်းတည်းထားပြီး နှလုံးသွင်းလို့ထားပြီး ရိုသေလေးစားချင်ရင် သံဃာ့ဂုဏ်ကို အာရုံပြုလိုက်၊ ဂုဏ်ကိုအာရုံပြုလိုက်ရင် အားလုံးကို ရိုရိုသေသေ လေးလေးစားစားနဲ့ လှူလိုက်နိုင်တဲ့အတွက် ကြောင့်မို့လို့ နံပါတ်နှစ်အချက် မပြည့်စုံဘူးလား?'

'ပြည့်စုံပါတယ်ဘုရား'

'အတိတ်က ဒီလိုမျိုး ပြည့်စုံအောင်လှူခဲ့ရင် ဟောဒီပစ္စုပ္ပန်မှာ ပြည့်စုံကြွယ်ဝချမ်းသာတဲ့ဘဝကို ဒါနအကျိုးပေးသွားလို့ သက္ကစ္စရိုသေမှုက ထပ်လောင်းပြီး ဘယ်လိုပံ့ပိုးလိုက်လဲဆိုတော့ -

**"ရိုသေလှူငြား၊ သူ့စကား၊ အများနာယူသည်"**

'အတိတ်က ရိုရိုသေသေ လေးလေးစားစား အာရုံပြုပြီး လှူတတ်ခဲ့ရင် ဟောဒီပစ္စုပ္ပန်မှာ ပြည့်စုံကြွယ်ဝချမ်းသာတဲ့ဘဝမှာ ကိုယ့်ရဲ့အောက်လက်ငယ်သားတွေ ကိုယ်တစ်ခွန်းထဲပြောတာနဲ့ ငြိမ်ဝပ် ပိပြားစွာ ချစ်ကြောက်ရိုသေမှုကို ရရှိပါသည်၊ ဘုန်းတန်ခိုးအာနုဘော်ကြီးပြီး သြဇာတိက္ကမ မညောင်းကြတာ ဘယ်လိုလှူခဲ့လို့?'

'ရိုရိုသေသေ မလှူခဲ့လို့ပါဘုရား'

'ကိုယ့်မှာ ပစ္စည်းဥစ္စာ ကြွယ်ဝပါတယ်၊ သို့သော် မရိုမသေ မလေးမစား လှူခဲ့ရင် ကိုယ့်အောက်ငယ်သားတွေကို ကိုယ်ဘယ်လောက်ပြောပြော သြဇာ

http://www.dhammadownload.com



မညောင်းပါဘူး၊ ဒါဖြင့် ဩဇာညောင်းချင်ရင် ဘယ်လိုလှူရမယ်'

'ရိုရိုသေသေလှူရမှာပါဘုရား'

'ရိုရိုသေသေလှူခြင်းကအကြောင်း၊ ဩဇာတိက္ကမညောင်း ဘုန်းတန်ခိုးကြီးပြီး ပြည့်စုံကြွယ်ဝတဲ့ဘဝကိုရတာက'

'အကျိုးပါဘုရား'

'အကြောင်းကြောင့် ဘာဖြစ်?'

'အကျိုးဖြစ်ပါတယ်ဘုရား'

'ဒီလိုသိသွားရင် ဟောဒီပစ္စုပ္ပန်မှာ အကြောင်းကောင်းလေး ဖြည့်ဆည်းလိုက်ရင် အနာဂတ်သံသရာမှာ အကျိုးပေး မစုံသွားဘူးလား?'

'စုံပါတယ်ဘုရား'

'ရုပ်လှချင်ရင် ဘယ်လိုလှူမယ်?'

'ယုံယုံကြည်ကြည် လှူရမှာပါဘုရား'

'ဩဇာတိက္ကမ ညောင်းပြီး ဘုန်းတန်ခိုးကြီးချင်ရင်'

'ရိုရိုသေသေလှူရမှာပါဘုရား'

'အကြောင်းနှစ်မျိုးတော့ သိသွားပြီ'

'မှန်လှပါဘုရား'

'နောက်တစ်မျိုးလေးကိုကြည့်ရအောင်'

**"ကာလေန ဒါနံ ဒေတိ"**

'တတိယဟောလိုက်တဲ့ ဒါနက ကာလဒါန၊ အချိန်အခါ သိပြီးလှူ'

'ဘယ်လို လှူရမယ်'

'အချိန်အခါသိပြီးလှူရမှာပါဘုရား'

'လှူတော့လှူတယ် မိမိတို့က လိုအပ်တဲ့ ကွက်လပ်တွေကို ဖြည့်စွက်ပြီးတော့ မလှူတတ်ရင် အချိန်အခါသိပြီးတော့ မလှူတတ်ရင် လှူတော့လှူလိုက်တဲ့နေရာမှာ ကာလဒေသ မပြည့်စုံကြဘူး၊ ကာလဒေသဆိုတာ လိုအပ်တဲ့ ကွက်လပ်ကို လိုအပ်တဲ့အချိန်အခါမှာ လိုအပ်သလို ဖြည့်ဆည်းပြီး လှူတတ်တာကိုပြောတာ၊ သံဃာတော်အရှင်သူမြတ်တွေကို အရှက်ဆွမ်းတွေလိုတယ်၊

http://www.dhammadownload.com



ကိုယ်ကလိုအပ်သလို ဖြည့်ဆည်းလှူတယ်၊ နေ့ဆွမ်းလိုတယ်၊ လိုအပ်တာကို ဖြည့်ဆည်းပြီး လှူတယ်၊ ဝါဆိုချိန်မှာ ဝါဆိုသင်္ကန်း၊ ကထိန်အချိန်ခါမှာ ကထိန်သင်္ကန်း၊ ကျောင်းတိုက်တွေဆောက်နေရင် ကျောင်းတိုက်မှာ လိုအပ်တာတွေကို ဖြည့်ဆည်းပြီးလှူတယ်ဆိုရင် သူ့နေရာနဲ့သူ လိုအပ်တဲ့ကွက်လပ်ကို ဖြည့်ဆည်းလှူတတ်တဲ့အလှူသည် ကာလဒါန ဖြည့်စုံသွားတယ်'

'ဒါဖြင့်ရင် အဲဒီ ကာလဒါနစွမ်းအားသတ္တိလေးရဲ့ အကြောင်းအကျိုးလေးကို ဝေဖန်ပြရင် သူတော်စင်များ ကြားဖူးထားတဲ့ ရှင်မဟာကဿပကြီးဆိုတာ ခုတင်ဆယ့်သုံးပါးကို ဘုရားလက်ထက်က ကောင်းစွာ ဆောက်တည်ပြီးတော့ ထင်ရှားကျော်ကြားတဲ့ ရဟန္တာအရှင်သူမြတ်ကြီးပါ၊ ဒီပစ္စုပ္ပန်မှာ ကျွတ်တန်းဝင်သွားပါပြီ၊ အတိတ်ရှေးအခါတုန်းက အမျိုးကောင်းသား တစ်ချိန်ဖြစ်တဲ့အခါမှာ ပစ္စေကဗုဒ္ဓါနဲ့ကြုံတော့ သွားရှိခိုးလိုက်တော့ ပစ္စေကဗုဒ္ဓါက သင်္ကန်းချုပ်ခြင်း ရပ်တန့်လိုက်တယ်၊ အရှင်ဘုရား တပည့်တော်ရောက်လာတဲ့အတွက် အနှောင့်အယှက် ဖြစ်ပါသလား၊ မဟုတ်ဘူး ဒကာတော်၊ ငါ သင်္ကန်းချုပ်ခြင်း ဒီနေရာမှာ ပြီးသွားပြီ၊ သို့သော်လည်းပဲ သင်္ကန်းက အပိုင်းအစလေး တစ်ထွာတစ်မိုက်လောက်လိုနေတယ်၊ ဒီကွက်လပ်ကိုဖြည့်စွက်ပြီး လှူတဲ့သူ မရှိရင် ဒီသင်္ကန်းဝတ်ရုံခွင့်မရဘူး၊ အဲဒီတော့ သဒ္ဓါတရားရှိတဲ့ အရှင်မဟာကဿပအလောင်းဟာ အရှင်ဘုရား အရှင်ဘုရား လိုအပ်နေတဲ့ ကွက်လပ်အပိုင်းအစလေးကို တပည့်တော်လှူခွင့်ရမယ်ဆိုရင် တပည့်တော် ဝတ်ထားတဲ့ အပေါ်ရုံအဝတ်ကို လှူချင်ပါတယ်ဘုရား၊ အလှူခံတော်မူပါဆိုတော့ ပစ္စေကဗုဒ္ဓါက အလှူခံလိုက်တဲ့အတွက် လိုအပ်နေတဲ့ ကွက်လပ်လေး ပြည့်သွားတယ်၊ ပြည့်မသွားဘူးလား?'

'ပြည့်သွားပါတယ်ဘုရား'

'မလိုတဲ့အချိန်မှာ လှူတာမဟုတ်ဘူး၊ လိုအပ်တဲ့အချိန်မှာ လှူလိုက်တာ လိုအပ်တဲ့အချိန်မှာ လှူလိုက်တဲ့အတွက်ကြောင့်မို့လို့ ဟိုမှာကွက်လပ်လေးလည်း ပြည့်သွားရော သူ့မှာဝမ်းမြောက်ဝမ်းသာ ဖြစ်လိုက်တာ၊ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီးတော့မှ အရှင်ဘုရားတဲ့ အရှင်ဘုရားကို လှူခွင့်ရလို့ အရှင်ဘုရားကို လှူလိုက်ရတဲ့ အလှူဟာ လိုအပ်နေတဲ့ကွက်လပ်ကို ဖြည့်စွက်လိုက်လို့

http://www.dhammadownload.com



အရှင်ဘုရား ပြည့်စုံသွားပြီဘုရားတဲ့၊ အဲဒီပြည့်စုံမှုကိုအကြောင်းခံပြီး တပည့်တော်သည် ဤကောင်းမှုကုသိုလ်ကံကြောင့် တောင်းတဲ့ဆုလေး အားလုံး မှတ်ထားနော်'

'မှန်လှပါဘုရား'

'အရှင်ဘုရားတဲ့ ဤကဲ့သို့ပြည့်စုံသွားတဲ့အကြောင်းကောင်းမှုကြောင့် တပည့်တော်သည် ဖြစ်လေရာဘဝတိုင်းမှာ အလိုရှိတဲ့အချိန်အခါမှာ အလိုရှိတဲ့နေရာမှာ အလိုရှိတဲ့ပစ္စည်းကို လိုတိုင်းတတိုင်း ရပါစေသားလို့ တောင်းဆုချွေပြီးတော့ အဲဒီဘဝမှာ ခန္ဓာရလာတော့ နေရတာလား သေရတာလား?'

'သေရတာပါဘုရား'

'သေပြီးတော့ ဘဝတစ်လျှောက် ရှင်မဟာကဿပ ဂေါတမမြတ်စွာဘုရားလက်ထက် ကျွတ်တန်းဝင်သည့်တိုင်အောင် အပါယ်တစ်ကြိမ်မှ မကျခဲ့ဘူး၊ အပါယ်လေးပါးက လွတ်လောက်အောင် စွမ်းအားကြီးတာလည်း ကာလဒါနလို့မှတ်ထား'

'မှန်လှပါဘုရား'

'အပါယ်လေးပါး လွတ်လောက်အောင်ကို စွမ်းအားကြီး စောင့်ရှောက်နိုင်စွမ်းသတ္တိရှိတဲ့ ဒါနကို ပြောဆိုရင်'

'ကာလဒါနပါဘုရား'

'အလိုရှိတဲ့အချိန်အခါမှာ လိုအပ်တဲ့နေရာက ဖြည့်ဆည်းလှူတဲ့အလှူလို့ နားလည်လိုက်ပါ'

'မှန်လှပါဘုရား'

'အပါယ်လည်းမကျဘူး၊ လူ့ပြည်နတ်ပြည်ကို စုန်ချည်ဆန်ချည်နဲ့ စံစားပြီးတော့ တစ်ခုသောဘဝမှာ ရှင်ဘုရင်အဖြစ်ကိုရတော့ မင်းအဖြစ်ကိုစံမယ်ဆိုပြီး မင်းမြောက်တန်ဆာငါးပါးနဲ့ အဘိသိက်ခံတဲ့အခါမှာ ကိုင်ကြည့်ပြီးတော့ ကြမ်းလို့မဝတ်နိုင်ဘူးတဲ့နော်၊ အဲဒီမှာပဲ အရှင်မင်းသား ရှေးရှေးမင်းတွေလည်းပဲ ဒီမင်းမြောက်တန်ဆာငါးပါးနဲ့ အဘိသိက်ခံသွားကြပါတယ်၊ ကြမ်းလို့ မဝတ်နိုင်ရင်လည်း ဒီထက်နူးညံ့တာ မရှိတော့ပါ။ အေး. . . အဲဒါက သူ့ဘုန်းသူ့ကံနဲ့ ဖြစ်တာ ပေးစမ်းငါ့ကို ရွှေကရားနဲ့ရေဆိုတော့ ရွှေကရားထဲမှာ ရေထည့်လို့

http://www.dhammadownload.com



အရှေ့ဘက်ကို မျက်နှာမူပြီး 'ငါသည် အတိတ်တစ်ခုခုက ကောင်းသော ထိုက်တန်သော ကုသိုလ်ကို ပြုခဲ့ဖူးအံ့၊ အဲဒီကုသိုလ်နဲ့ထိုက်တန်တဲ့ အဝတ် ပဒေသာပင် ပေါက်ပါစေသား' လို့ ရေစက်သွန်းလောင်းချပြီး သစ္စာပြုလိုက်တာ အဝတ်ပဒေသာပင် ရှစ်ပင်ပေါက်လာပါတယ်၊ အနောက်အရပ်၊ တောင် အရပ်၊ မြောက်အရပ်တွေမှာလည်း ဤနည်းအတိုင်း သစ္စာပြုတာ အဝတ် ပဒေသာပင် ရှစ်ပင်စီပေါက်လာတယ်ဆိုတော့ အဲဒီမင်းလက်ထက်မှာ တိုင်းသူ ပြည်သားတွေကအစ နတ်ဒိဗ္ဗဖြစ်တဲ့ နတ်ဝတ်တန်ဆာတွေဝတ်ရတယ်၊ နတ်ဒိဗ္ဗ ဖြစ်သော နတ်သြဇာတွေကို သုံးဆောင်စားသောက်ရတဲ့ အကျိုးပေး ကောင်း သွားတာတွေ ဘယ်အကြောင်းလဲ ထောက်လိုက်တော့ ကွက်လပ်ဖြည့်တဲ့ အလှူ တစ်ထွာ တစ်မိုက်ကလေးနော်'

'မှန်လှပါဘုရား'

'အနည်းငယ်လေးပဲဆိုပြီး သွားပြီးတော့ မိမိတို့မှာ စိတ်မကောင်းမဖြစ်နဲ့ သူများတကာတွေ အများကြီးလှူနိုင်တယ်၊ ငါဒီလောက်လေးလှူတယ်ဆိုပြီး တော့လည်း အာရုံသွားပြီးတော့ စိတ်ဆင်းရဲမှုသောကတွေ မခံစားလိုက်နဲ့၊ စွမ်းအားတွေ ဘယ်လောက်ကြီးတယ်ဆိုတာ အနည်းငယ်လေး လိုအပ်တဲ့ ကွက်လပ်ကို အနည်းငယ်လေး ဖြည့်လိုက်ရင်တောင်မှ သံသရာတစ်လျှောက် လုံးမှာ အပါယ်မကျဘဲနဲ့ ကြီးကျယ်ခမ်းနားတဲ့ အကြောင်းတရားတွေကို အလိုရှိတဲ့အချိန်အခါမှာ အလိုရှိတဲ့နေရာက အလိုရှိတဲ့ပစ္စည်းကို တောင့်တ လိုက်တိုင်း မရနိုင်သွားဘူးလား၊ အဲဒီလို ပြည့်စုံရတာက'

'ကာလဒါနကြောင့်ပါဘုရား'

'ဒါဖြင့် လိုအပ်တဲ့အချိန်အခါမှာ လိုအပ်သလိုဖြည့်ဆည်းပြီး လှူဒါန်း လိုက်တဲ့ ကာလဒါနကအကြောင်း မိမိတို့မှာ လိုတိုင်းတတိုင်း ပြည့်စုံနိုင်တာက'

'အကျိုးပါဘုရား'

'အခု ပစ္စုပ္ပန်မှာ မိမိတို့ လိုတိုင်းတတိုင်း ပြည့်စုံကြလား?'

'မပြည့်စုံပါဘူးဘုရား'

'အကြောင်းမကောင်းခဲ့လို့ အကျိုးပေးမကောင်းတာ၊ ရှင်မဟာကဿပ အမျိုးကောင်းသားတွေကျတော့လည်း အကြောင်းကောင်းခဲ့တဲ့အတွက်

http://www.dhammadownload.com



အကျိုးပေးကောင်းအောင်လို့?'

'ရသွားပါတယ်ဘုရား'

'ဒီလိုမှ တိတိကျကျ တရားတွေကိုမနာရရင် အကြောင်းကောင်း ဖြည့်ဆည်းဖို့ မလွယ်ပါဘူး'

'မှန်လှပါဘုရား'

'ယနေ့ည တန်ဖိုးမရှိဘူးလား?'

'တန်ဖိုးရှိပါတယ်ဘုရား'

'တရားအလှူကို ခံရတာကိုက ကျေးဇူးများသွားပြီနော်'

'မှန်လှပါဘုရား'

'ဒီလိုဆိုရင် ကိုယ့်ရဲ့သန္တာန်မှာ အနာဂတ်သံသရာအတွက် အကြောင်းကောင်းအောင် ရုပ်လှခြင်းရဲ့အကြောင်းလည်း သိသွားပြီ၊ ဘုန်းတန်ခိုးကြီးတဲ့ အကြောင်းလည်း သိသွားပြီ၊ လိုတိုင်းတတိုင်း ပြည့်စုံနိုင်တဲ့ အကြောင်းရော မသိသွားနိုင်ဘူးလား?'

'သိသွားနိုင်ပါတယ်ဘုရား'

'ဒါကြောင့် မှတ်မိအောင် -

**"ချိန်ခါသိသဖြင့်၊ လှူတုံလင့်၊**

**ချိန်သင့် ကောင်းကျိုးပေးလေသည်"**

'လှူဒါန်းတဲ့နေရာမှာ အချိန်အခါကိုသိပြီး ကွက်လပ်ဖြည့် လှူနိုင်လျှင် အဲဒီအလှူတွေမှန်သမျှ အလိုရှိတဲ့အချိန်မှာ အလိုရှိတဲ့နေရာက အလိုရှိတဲ့ ပစ္စည်းကို လိုတိုင်းတတိုင်း ရနိုင်ပါသည်၊ အပါယ်လေးပါးကိုလည်း လွတ်အောင် စွမ်းအားကြီးနိုင်တယ်ဆိုတော့ အဖိုးတန်တဲ့ဒါနတစ်မျိုးရော သိမသွားဘူးလား?'

'သိသွားပါတယ်ဘုရား'

'လှူတိုင်း လှူတိုင်းမှာ ဒီ ဒါနတွေ စုံအောင် လှူရမှာနော်'

'မှန်လှပါဘုရား'

'အကြောင်းကောင်းရင်'

'အကျိုးပေးကောင်းပါတယ်ဘုရား'

http://www.dhammadownload.com



'သုံးမျိုးတော့ သိသွားပြီ၊ နောက်တစ်မျိုးက မငြိစွန်းဘဲ လှူရမယ်၊ စေတနာသုံးတန်ကိုပြောတာ၊ အလှူတစ်ခုလှူပြီဆိုရင် မလှူမီက ဖြစ်ပေါ်တဲ့ စေတနာ ဝမ်းမြောက်ကြည်လင်ရမယ်၊ ယခုလို လှူနေဆဲအချိန်မှာလည်း အလှူခံပုဂ္ဂိုလ်များကိုကြည့်ပြီး ကြည်နူးဝမ်းမြောက်ရမယ်၊ လှူပြီးတဲ့နောက်မှာလည်း လှူရတဲ့အကျိုးကြီးပုံကိုသိပြီး ကြည်လင်ဝမ်းမြောက် အပရစေတနာတွေ တိုးရမယ်၊ ဒါဆိုရင် ငြိစွန်းစရာ မရှိတော့ပါ၊ တချို့ရွာတွေ လှူတဲ့အလှူတွေ သတိထားကြည့်ရအောင်၊ ရွာနီးစပ်အားလုံးဖိတ်ပြီး မီးခိုးတိတ် ကျွေးဖို့ ကြိုတင်ပြီး ဝက်လေးတွေဝယ်မွေးထားကြ၊ အလှူနီးတော့ သတ်ပြီးချက်ကြ၊ မလှူမီကတည်းက ငြိထားပြီ၊ လှူနေဆဲမှာလည်း ဟိုလူမရောက်လာ၊ ဒီလူပျော်ရ၊ အမူးသမားထိန်းရ၊ ချက်ပြုတ်တဲ့သူတွေအတွက် အရက်ဝိုင်းတွေ စီစဉ်ရနဲ့ မောရကျိုးမနပ်လောက်အောင် အကုသိုလ်တွေများလိုက်တာ၊ စိတ်တိုင်းမကျလို့ ဒေါသထွက်ရ၊ အော်ရငေါက်ရနဲ့ စေတနာတွေ မဲညစ်ကုန်ရော၊ အလှူလည်းပြီးရော ခြေကုန်လက်ပန်းကျပြီ၊ သိမ်းစရာတွေများ၊ လုပ်ကိုင်တဲ့ ပုဂ္ဂိုလ်တွေလည်း မရှိကြ၊ ၂-ရက် ၃-ရက်လည်းမပြီး၊ စိတ်ညစ်လိုက်ရတာ၊ စေတနာတွေ ကုန်ပြီ၊ အရောင်မထွက်တော့ဘူး၊ ငြိချင်တိုင်းငြိပြီး လှူခဲ့ကြတဲ့အလှူတွေ အကြောင်းအကျိုးနဲ့ နှိုင်းယှဉ်ကြည့်ရအောင်'

'ဒီတရားရဲ့ အဓိကဇာတ်ကောင် အပုတ္တကသေဋ္ဌေး သဒ္ဓါမရှိ အလှူအတန်းလည်းမလုပ်၊ တစ်နေ့ ဆွမ်းခံကြွလာတဲ့ ပစ္စေကဗုဒ္ဓါနဲ့တွေ့၊ အလွန်ကြည်ညို၊ အိမ်ကိုဆွမ်းပင့်၊ ရှေးဦးစွာဖြစ်တဲ့စေတနာ စင်ကြယ်တယ်နော်၊ အိမ်ရောက်တော့လည်း ဒကာမကို မွန်မြတ်တာတွေ လောင်းလှူဖို့ ထက်သန်ရှင်လန်းစွာမှာ၊ ဒကာမ အံ့သြဝမ်းသာ၊ မုဥ္စစေတနာလည်း စင်ကြယ်တယ်နော်၊ အမွန်မြတ်ဆုံး အရသာအရှိဆုံးတွေချည်း ချက်ပြုတ်ပြီး လှူဒါန်းလိုက်၊ ပြန်ကြွလာတဲ့ ပစ္စေကဗုဒ္ဓါကို သူဌေးက လောင်းလှူလိုက်တဲ့ ဆွမ်းတွေကို ကြည့်လိုက်တော့ ကောင်းပေ့ညွန့်ပေ့ မွန်မြတ်တဲ့ ဆွမ်းအာဟာရတွေကို မြင်လိုက်ရတာနဲ့ ငါသည် အရတော်လေစွ၊ လှူရတာ တန်ဖိုးရှိလိုက်တာဆိုပြီး ဝမ်းမြောက်ကြည်နူးရင်း အပရစေတနာမငြိဘူးနော်၊ ခုတော့ ဒီလောက်မွန်မြတ်တဲ့ အာဟာရတွေကို ငါ့ရဲ့အလုပ်အကျွေးတွေများ ကျွေးလိုက်ရင် အားအင်တွေပြည့်ဖြိုး နှစ်ဆတိုးလို့လုပ်လိုက်ရင် ဥစ္စာပစ္စည်းတွေ ပိုရမှာပဲလို့ မဆီမဆိုင်

http://www.dhammadownload.com



အတွေးက ဝင်နှိပ်စက်လိုက်တာ အပရစေတနာလေး ငြိသွားပြီ'

'အပရစေတနာငြိစွန်းရင်'

'အဲဒီစေတနာလေး ငြိသွားတဲ့အတွက် ဘယ်လိုအကျိုးပေး နုံချာသွားရတယ်ဆိုတာ အကြောင်းအကျိုးဆက်သွယ်မှုနဲ့ ဖော်ပြရင် -

**"လှူပြီးနောက်မှာ၊ တွန့်တိုပါသော်၊ နောင်ခါသမီးသား မဲ့တုန်ငြား၊ ဂုဏ်များနှိမ့်ကျဖြစ်တတ်သည်"**

'သေချာအာရုံပြုလိုက်ပါ၊ အပရစေတနာများ ယုတ်လျော့သွားရင် ဘယ်လောက်နစ်နာသွားလဲမေးတော့ ဒါနရဲ့အကျိုးပေးတော့ စံလိုက်ရပါတယ်၊ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဌေး၊ သူကြွယ်မျိုး၊ ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာတဲ့ ဘဝကိုရတာ၊ သို့သော် အပရစေတနာ ချွတ်ယွင်းသွားတဲ့အတွက်ကြောင့်မို့လို့ သူသည် သူဌေးလို ဇိမ်ကျစွာ မနေရပါ၊ သူဆင်းရဲ သူရင်းငှါးအသွင်နေပြီးတော့ သားထောက်သမီးခံလည်း မထွန်းကားပါဘူး၊ အခြံအရံပရိသတ်လည်း ကင်းမဲ့ရပါတယ်၊ အထီးကျန်ဆန်စွာနဲ့နေရတယ်၊ သူသည် အဲဒီလိုဘာကြောင့်နေရလဲမေးရင် အပရစေတနာ ချွတ်ယွင်းလို့ ပြောလိုက်ပါ'

'အပရစေတနာ ချွတ်ယွင်းလို့ပါဘုရား'

'လောကမှာ အမျိုးသမီးတွေ တချို့တချို့ အိမ်ထောင်ပြုပေမယ့် သားသမီးမရတာ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒီလို သားသမီး မရတာသည် တခြားအကြောင်းမဟုတ်ဘူး၊ လောကမှာ မိန်းမမြုံလို့ဆိုပေမယ့် လောကမှာ မိန်းမမြုံဆိုတာ မရှိပါဘူး၊ သားသမီး မထွန်းကားရတာ ဘာကြောင့်လဲဆိုရင် အပရစေတနာချွတ်ယွင်းခဲ့လို့၊ အဲဒါကို မသိခဲ့တဲ့အတွက် ဗုဒ္ဓဂါယာတက်ပြီးတော့မှ သားယောက်ျားလေး ရမလားဆိုပြီးတော့မှ သွားဆုတောင်းကြတယ်၊ ဘယ်လောက်တောင်းတောင်း မရပါဘူး၊ မိမိတို့မှာ အဲလိုသားသမီးတွေကိုလိုချင်ရင် အခြံအရံပရိသတ်တွေများချင်တယ်ဆိုရင် လှူလိုက်စမ်းပါ အပရစေတနာမချွတ်ယွင်းအောင်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ရှင်းသွားပြီလား?'

'ရှင်းပါပြီဘုရား'

'အပရစေတနာချွတ်ယွင်းရင် သားထောက်သမီးခံ မရှိဘူး၊ အခြံအရံ ပရိသတ်ကင်းမဲ့တယ်၊ ဘယ်လိုပဲ သူဌေးဘဝကိုရောက်ရောက် ဇိမ်ကျကျနဲ့ မစံရ၊ သူရင်းငှါးအသွင် သူဆင်းရဲအသွင်ပေါက်ပြီးတော့ ဘဝကို အဆုံးသတ် ရတယ်၊ ရှုံးချက်မနာဘူးလား?'

'နာပါတယ်ဘုရား'

'ဒီလိုဘဝမျိုးမှ လွတ်ချင်ရင် ဘယ်လိုလှူရမယ်'

'အပရစေတနာ စင်ကြယ်စွာနဲ့ လှူရမှာပါဘုရား'

'လှူပြီးတိုင်း လှူပြီးတိုင်းမှာ ဘယ်တော့မှ စိတ်မကောင်းမဖြစ်နဲ့ ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းတက်ကြွပြီးတော့ အားရကြည်နူးအောင် စောင့် ရှောက်ပါ'

'မှန်လှပါဘုရား'

'တစ်ချို့ လှူနေဆဲမှာရော မထိခိုက်ဘူးလား?'

'ထိခိုက်ပါတယ်ဘုရား'

'အခု အပုတ္တကသေဋ္ဌိကို အကြောင်းပြုပြီးတော့ ဟောနေတာနော်၊ သူ့အပရစေတနာ ချွတ်ယွင်းသွားတဲ့အတွက် သားထောက်သမီးခံ မရဘဲ အထီးကျန်ဆန်ရသလား၊ မဆန်ရဘူးလား?'

'ဆန်ရပါတယ်ဘုရား'

တကယ်လို့ မုဥ္စစေတနာများ ငြိစွန်းခဲ့မယ်ဆိုရင် -

"လှူနေဆဲမှာ၊ တွန့်တိုပါသော်၊ အင်္ဂါချို့ကွယ်၊

ဂုဏ်မဲ့နွယ်၊ တင့်တယ်မရှိ ညှိုးနွမ်းမည်"

'လှူနေတဲ့အခိုက်အတန့်မှာ မုဥ္စစေတနာများ ငြိစွန်းသွားခဲ့ရင် အဲဒီပုဂ္ဂိုလ် တွေ ဘယ်လောက်တောင်ပဲ နစ်နာရလဲမေးတော့ ဒါနရဲ့အကျိုးပေးတော့

http://www.dhammadownload.com



မဆုံးရှုံးပါဘူး၊ မင်းမျိုး၊ ပုဏ္ဏားမျိုး၊ သူဌေး သူကြွယ်မျိုးမှာ ဖြစ်ပါတယ်၊ ပစ္စည်းဥစ္စာ ပေါကြွယ်ဝတဲ့ဘဝတော့ ရပါတယ်၊ ဒါပေမယ့် ခြေလက်အင်္ဂါ မစုံတော့ ဘဝမှာ ဂုဏ်သိမ်တဲ့ဘဝ မဖြစ်သွားဘူးလား?'

'ဖြစ်သွားပါတယ်ဘုရား'

'မျက်နှာငယ်ရတဲ့ဘဝ ရောက်သွားတာပဲ'

'မှန်လှပါဘုရား'

'ခြေလက်အင်္ဂါ မစုံရတာ ဘယ်စေတနာထိခိုက်ခဲ့လို့?'

'မဥ္စစေတနာ ထိခိုက်ခဲ့လို့ပါဘုရား'

'အတိတ်မှာ မုဥ္စစေတနာများ ထိခိုက်ပြီးတော့လှူခဲ့ရင် ဟောဒီ ပစ္စုပ္ပန်မှာ ခြေလက်အင်္ဂါမစုံရတဲ့အကျိုးပေးကို စံရတယ်ဆိုတော့ ဂုဏ်သိမ်သွားပြီ၊ နိမ့်ကျသွားပြီ၊ လူချင်းတူတူ သူချင်းမျှမျှ နေရတဲ့ဘဝမျိုးမှာ မျက်နှာငယ်သွားရရှာပြီ၊ အဲဒီဘဝမျိုးက လွတ်ချင်ပါတယ်ဆိုရင် မုဥ္စစေတနာကို မညစ်နွမ်းအောင် စောင့်ရှောက်ပါ'

'မှန်လှပါဘုရား'

'တချို့တချို့သောပုဂ္ဂိုလ်တွေ မလှူရသေးဘူး၊ လှူတော့မယ်ဆိုတော့ တစ်ယောက်နဲ့တစ်ယောက် ညှိလို့မရလို့ မလှူခင်ကတည်းက စိတ်ဆိုး စိတ်ပျက်ကြရ၊ လှူဖြစ်သည့်တိုင်အောင် ရှေးဦးစွာဖြစ်ခဲ့တဲ့ စေတနာလေးတွေ ညစ်နွမ်းခဲ့ရပြီ၊ အဲလိုဆိုရင် ဘယ်လိုအကျိုးပေးနဲ့ချာနိုင်တယ်ဆိုတာလေးကို တစ်ဆင့်တက်ပြီး အကြောင်းအကျိုးနဲ့ ဝေဖန်ပြတော့'

**"လှူထွေရှေ့ဖို့၊ ညဏ်မဲ့ချို့၍၊ တွန့်တွန့်တိုပါ၊**

**ပထမအရွယ်၊ နှောင်ခါမယ်၊ ရုပ်ဝါဆိုးဝါး ဆင်းရဲမည်"**

'မလှူခင်က ဖြစ်ပေါ်ခဲ့တဲ့ ပုဗ္ဗစေတနာများ ငြိုစွန်းသွားရင် စိတ်မကောင်းလက်မကောင်းလှူရပြီဆိုရင် ဒီအကြောင်းတရားလေး ချွတ်ယွင်းသွားတဲ့အတွက် ဒါနရဲ့အကျိုးပေးကတော့ ပြည့်ပြည့်စုံစုံ ချမ်းသာတဲ့ဘဝတော့ရမယ်၊ သို့သော် ကိုယ့်လက်ထဲရောက်တဲ့အခါကျမှ ပထမအရွယ် ရုပ်ရည်အဆင်းတွေ

http://www.dhammadownload.com



ပျက်စီးပြီးမှ ဆင်းရဲဒုက္ခကြုံရတယ်ဆိုတော့ ဒီဘဝလည်းပဲ ကျေနပ်စရာ ကောင်းလား?'

'မကောင်းပါဘုရား'

'ဩော်-လောကမှာဘာကြောင့်များ ဒီလိုချွတ်ယွင်းချက်တွေနဲ့ စံရသလဲ ဆိုတာ ခုတော့ပေါ်သွားပါပြီ'

'မှန်လှပါဘုရား'

'အကြောင်းမကောင်းလို့'

'အကျိုးပေးမကောင်းတာပါဘုရား'

' အကြောင်းကောင်းရင်'

'အကျိုးပေးကောင်းမှာပါဘုရား'

'နံပါတ်လေးမှာ လှူရမှာက မငြိစွန်းဘဲလှူ ဘယ်လိုလှူရမယ်'

'မငြိစွန်းဘဲလှူရမှာပါဘုရား'

'စေတနာသုံးတန်ကို မငြိစွန်းဘဲ လှူရမှာ၊ မှာချင်ပါတယ်၊ ဒါကြောင့် သူတော်စင်များကို မှာခဲ့ချင်တာက လှူတော့မယ်ကြံရင် မလှူမီက စဉ်းစား၊ မပြတ်သားရင် ဘယ်တော့မှ မလှူပါနဲ့၊ လှူတော့မယ်ကြံရင်'

'စဉ်းစားရမှာပါဘုရား'

'မလှူမီက စဉ်းစားမပြတ်သားရင်'

'ဘယ်တော့မှမလှူပါနဲ့ဘုရား'

'ဘာကြောင့်လဲမေးတော့ မပြတ်သားရင် စေတနာက ငြိသွားပြီ၊ ငြိသွား ရင် အကျိုးပေး မနုံချာဘူးလား?'

'နုံချာပါတယ်ဘုရား'

'အလှူခံပုဂ္ဂိုလ် ဆရာသမားတွေက စေတနာသုံးတန် စင်ကြယ်အောင် စောင့်ရှောက်လှူပါလို့ အရေးတကြီးမှာတယ်ဆိုတာရော မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ဒါကြောင့် နံပါတ်လေးအချက်လေးကို စွဲအောင်မှတ်ရင် -

**"မစွန်းမငြိ ၊ လှူတုံ့ဘိ၊ စုံစိကောင်းကျိုးပေးလေသည်"**

http://www.dhammadownload.com



အနည်းငယ်လေးမှ ချွတ်ယွင်းချက်မရှိ စုံစုံစိစိနဲ့ ပြည့်ပြည့်ဝဝ အရွယ် သုံးပါးလုံးမှာ အပြစ်ကင်းပြီးတော့ အကျိုးပေးကိုအရယူချင်ရင် လှူရမှာက မငြိစွန်းဘဲလှူပေ့ါ'

'မှန်လှပါဘုရား'

'ဘယ်လိုလှူရမလဲ?'

'မငြိစွန်းဘဲလှူရမှာပါဘုရား'

'မငြိစွန်းဘဲလှူခြင်းကအကြောင်း၊ စုံစုံစိစိနဲ့ အပြစ်ကင်းတဲ့ အကျိုးတွေကို ရတာကအကျိုး၊ အကြောင်းကြောင့် ဘာဖြစ်?'

'အကျိုးဖြစ်ပါတယ်ဘုရား'

'အကြောင်းကောင်းလေးမျိုးတော့ သိသွားပြီ၊ သဒ္ဓါတရားနဲ့ဦးစီးလှူတာ၊ ရိုရိုသေသေနဲ့ ဦးစီးလှူတာ၊ အချိန်အခါသိပြီးတော့လှူတာ၊ စေတနာသုံးတန်ကို စင်ကြယ်အောင် စောင့်ရှောက်ပြီးတော့လှူတာ အနုပဟစ္စဒါန၊ နောက်ဆုံး တစ်ခုက **အတ္တာနဥ္စ ပရဥ္စ အနုပဟစ္စ ဒါနံ ဒေတိ၊ အနုပဟစ္စဒါနလို့** နောက်ဆုံး ဒါနကို ဟောထားပါတယ်၊ အနုပဟစ္စဒါနဆိုတာ မြန်မာလိုနားလည် လွယ်အောင်ပြောရင် မိမိသူတစ်ပါး နှစ်ဦးသားကိုမထိပါးဘဲ လှူရမယ်၊ လွယ်လွယ်လေးမှတ်လိုက် မထိပါးဘဲလှူ ဘယ်လိုလှူရမလဲ?'

'မထိပါးဘဲ လှူရမှာပါဘုရား'

'မိမိကိုလည်း မထိပါးရဘူး၊ သူတစ်ပါးကိုလည်း မထိပါးရဘူး၊ ထိပါးတယ် ဆိုတာက များသောအားဖြင့် တစ်ဦးနဲ့တစ်ဦး တစ်ဖွဲ့နဲ့တစ်ဖွဲ့၊ တစ်သင်းနဲ့ တစ်သင်း၊ တစ်လမ်းနဲ့တစ်လမ်း၊ တစ်ရပ်ကွက်နဲ့ တစ်ရပ်ကွက်၊ အပြိုင်တွေ လှူကြပြီဆိုရင် ဖြစ်ပြီ၊ နိုင်ချင်ကြတော့ နိုင်အောင်ကြိုးစားကြ၊ အဲလိုကြိုးစား တဲ့အခါမှာ နှစ်စဉ် နှစ်စဉ် ကိုယ်ကနိုင်တော့ ကြည့်ပါလားကွာ သူတို့ရပ်ကွက်၊ ငါတို့ရပ်ကွက်ကို ဘယ်တုန်းကများ တုနိုင်လို့လဲ၊ ငါတို့ကို ဘယ်တော့မှ ကြော အောင်လုပ်လို့မရပါဘူးကွာဆိုပြီးမှ ကိုယ့်ကိုယ်ကိုနိုင်လို့ လှူနိုင်တဲ့အတွက် လက်မလေးတစ်ထောင်ထောင်နဲ့ ကိုယ့်ကိုယ်ကို လောဘနဲ့ ချီးမြှောက် သာယာ နေကြတယ်၊ သူများကိုကျတော့ နှိမ့်ချတဲ့ အပြောတွေနဲ့ ပြောမိတဲ့အတွက် ဒေါသနဲ့ထိပါးသွားတယ်၊ အဲဒီအလှူတွေမှန်သမျှ ဘယ်တော့မှ မစင်ကြယ်

http://www.dhammadownload.com



ပါဘူး၊ ဒါဖြင့် လှူတဲ့နေရာမှာ စင်ကြယ်အောင်လှူဖို့ အရေးကြီးပါတယ်၊ ကိုယ့်ပစ္စည်းနဲ့ကိုယ်လှူပြီးတော့ သူတစ်ပါးကိုလည်း မကြွားဝါပါနဲ့၊ ထိခိုက်သွားမှာစိုးလို့ အပြစ်ကင်းတဲ့ အလှူနဲ့လှူမယ်ဆိုရင် ကိုယ့်ကိုယ်ကိုလည်း ဂုဏ်ဖော်ပြီး မချီးမြှောက်နဲ့ သူတစ်ပါးကိုလည်း ဘယ်တော့မှ နှိမ့်ချတဲ့အပြုအမူ အပြောတွေ အကြည့်တွေနဲ့လည်း အာရုံမများနဲ့၊ အဲလို အာရုံများသွားရင် နစ်နာသွားမှာစိုးတဲ့အတွက် အတိတ်အကြောင်းနဲ့ ပစ္စုပ္ပန်ကို အကြောင်းအကျိုး ဆက်ပြရင် အတိတ်ကမထိပါးဘဲ လှူခဲ့တဲ့ပုဂ္ဂိုလ် ဟောဒီ ပစ္စုပ္ပန်မှာ အကျိုးပေးဘယ်လိုများ ပြည့်စုံသွားတယ်ဆိုတာလေးကို သိဖို့အတွက် -

**"မထိမပါး ၊ လှူတုံငြား၊ ငါးပါးရန်သူကင်းလေသည်"**

'မိမိတို့လှူဒါန်းတဲ့နေရာမှာ သူတစ်ပါးကိုလည်း မထိခိုက်ဘူး ကိုယ့်ကိုယ်ကိုလည်း မချီးမြှောက်ဘူး၊ အပြစ်ကင်းတဲ့ အလှူမျိုးကိုလှူလို့ ဒါနရဲ့အကျိုးပေး မင်းမျိုး ပုဏ္ဏားမျိုး သူဌေးသူကြွယ်မျိုး အမျိုးသုံးပါးမှာ ပြည့်စုံကြွယ်ဝ ချမ်းသာတဲ့ဘဝကို ရတဲ့အပြင် ကိုယ့်ဥစ္စာပစ္စည်းကို ရန်သူမျိုးငါးပါး အပ်တိုတစ်ချောင်းတောင် လာဖျက်ဆီးလို့ မရပါဘူး၊ ကိုယ့်ပစ္စည်းတွေ ခဏခဏ ဆုံးရှုံးပျက်စီးတယ်ဆိုရင် ကိုယ်လှူခဲ့တာကိုက ပြန်ကြည့် ထိပါးပြီးလှူခဲ့လို့ပါ၊ ရှင်းသွားပြီလား?'

'ရှင်းသွားပါပြီဘုရား'

'ငါတို့ ဒီလောက်ကွာ ချွေးနည်းစာနဲ့ စုဆောင်းခဲ့ပြီး မကြာမကြာ ဆုံးရှုံးပျက်စီးတယ်ဆိုပြီး စိတ်မကောင်းမဖြစ်နဲ့၊ ကိုယ့်အတိတ်အကြောင်း မကောင်းခဲ့လို့ဆိုတာ ပေါ်မသွားဘူးလား?'

'ပေါ်သွားပါတယ်ဘုရား'

'အကြောင်းမကောင်းရင်'

'အကျိုးပေး မကောင်းပါဘူးဘုရား'

'ဒါရှင်းသွားပါပြီ'

'မှန်လှပါဘုရား'

'ဩော်-ငါတို့ အတိတ်က ထိပါးပြီးလှူခဲ့ရင် အဲဒီပစ္စည်းသည် ရန်သူမျိုးငါးပါး စိတ်မချရပါလား မထိပါးဘဲ လှူခဲ့မယ်ဆိုရင် အိမ်တံခါးဖွင့်ထား အပ်တို

http://www.dhammadownload.com



တစ်ချောင်းတောင် မပျောက်ဘူး အခုဖွင့်ရဲလား?'

'မဖွင့်ရဲပါဘူးဘုရား'

'ကုန်မှာစိုးလို့'

'မှန်လှပါဘုရား'

'ကုန်မှာစိုးလို့ ဖွင့်ကိုမဖွင့်ရဲဘူး၊ အဲတော့ မိမိတို့တစ်တွေ လှူတဲ့နေရာမှာ အနာဂတ်သံသရာမှာ အကြောင်းကောင်းလေးတွေ အခုသိမသွားဘူးလား?'

'သိသွားပါတယ်ဘုရား'

'ရန်သူမျိုးငါးပါးလက်က လွတ်ချင်ရင် ဘယ်လို လှူရမလဲ?'

'မထိပါးဘဲလှူရမှာပါဘုရား'

'ဒါန ဘယ်နှစ်မျိုး?'

'ငါးမျိုးပါဘုရား'

'အေး ဒါနငါးမျိုး အတိတ်က ကောင်းခဲ့ရင် အခုပစ္စုပ္ပန်မှာ အကျိုးပေးစုံသွားမှာပဲ'

'မှန်လှပါဘုရား'

'အခု တရားတစ်ပွဲလုံးကြည့် ဒီလိုအကျိုးပေးတွေက အကုန်စုံလား?'

'မစုံပါဘူးဘုရား'

'အနာဂတ်သံသရာမှာ မဆုံချင်ဘူးလား?'

'ဆုံချင်ပါတယ်ဘုရား'

'ယနေ့ သူတော်စင်များက အခုပစ္စုပ္ပန်မှာ အကြောင်းတရားတွေမစုံလို့ အနာဂတ် သံသရာမှာ အကြောင်းတရားတွေကို ယောဒီပစ္စုပ္ပန်မှာ ဖြည့်ဆည်းပြီး အကျိုးပေးစုံချင်ပါတယ်ဆိုရင်တော့ ရှပ်လှပြီး ဥစ္စာပစ္စည်း ပေါချင်ရင် ဘယ်လိုလှူမယ်?'

'ယုံယုံကြည်ကြည်လှူရမှာပါဘုရား'

'ယုံယုံကြည်ကြည်နဲ့ ပစ္စုပ္ပန်မှာ'

'လှူရမှာပါဘုရား'

http://www.dhammadownload.com



'အနာဂတ်သံသရာမှာ ရုပ်ချောပြီး ဥစ္စာပစ္စည်း ပေါတဲ့အကျိုးကိုရမယ်၊ ဘုန်းတန်ခိုး အာနုဘော်ကြီးချင်ရင် ဘယ်လိုလှူမယ်?'

'ရိုရိုသေသေလှူရမှာပါဘုရား'

'လိုတိုင်းတတိုင်း ပြည့်စုံချင်ရင်'

'အချိန်အခါသိပြီး လှူရမှာပါဘုရား'

'မိမိတို့မှာ အရွယ်သုံးပါးလုံးကို ပြည့်ပြည့်စုံစုံနဲ့ တကယ့်ကို ချမ်းချမ်း သာသာ စံချင်ပါတယ်ဆိုရင်တော့'

'မငြိစွန်းဘဲလှူရ မှာပါဘုရား'

'ရန်သူမျိုးငါးပါးလက်က လွတ်ချင်တယ်ဆိုရင်'

'မထိပါးဘဲလှူရ မှာပါဘုရား'

'လှူတိုင်းလှူတိုင်း ဒီငါးမျိုးကိုသတိထားရင် သံသရာမှာ လောကီစည်းစိမ် မှန်သမျှ အလုံးစုံပြည့်စုံသွားပြီ၊ အဲဒီလိုဘဝမျိုးကို မလိုချင်ဘူးလား?'

'လိုချင်ပါတယ်ဘုရား'

'ကဲ-လိုချင်ရင် ဒါနဘယ်နှစ်မျိုး လှူရမယ်'

'ငါးမျိုးလှူရမှာပါဘုရား'

'အဲဒီငါးမျိုးကို လှူပြီးတော့ ယနေ့သူတော်စင်များ အဲဒီလို ပြည့်စုံတဲ့ဘဝ တွေကို ရမယ်ဆိုရင် တစ်ဘဝထဲ လိုချင်သလား၊ ဘဝတိုင်း လိုချင်သလား?'

'ဘဝတိုင်းလိုချင်ပါတယ်ဘုရား'

'ဘဝတိုင်းလိုချင်တယ်၊ ဒါဖြင့် ဘဝတိုင်းလိုချင်ရင် ဒီလိုလှူပါလို့ ဘုရားက သင်ပေးသွားပြီ၊ အဲဒီတော့ ,သင်ပေးတဲ့အတိုင်းပဲ သိသွားတဲ့အတွက် ဒီအကြောင်းကောင်းတွေကို ဖြည့်ဆည်းရင် ဒီအကျိုးပေးကတော့ ရပြီ၊ အဲဒီလို ရလာတဲ့အခိုက်အတန့်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်းလုံးလုံး သုမေဓာရှင်ရသေ့ဘဝမှာ လက်တစ်ကမ်းအလို နိဗ္ဗာန်ကို ကျောခိုင်းပြီးတော့ ဟောဒီခန္ဓာ ဒုက္ခတွေပေးဆပ်ပြီး သစ္စာလေးပါးကို ရှာဖွေ သိပြီးတော့မှ သတ္တဝါတွေကိုကယ်တင်ဖို့ ပွင့်လာတာ၊ ဒီလောကီအကျိုးပေး လေးနဲ့ တင်းတိမ်ရောင့်ရဲပြီး ထားခဲ့ဖို့မဟုတ်ပါဘူး'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'မိမိတို့မမြင်တဲ့ ကံပေးတဲ့ မျက်လုံးလေးအပေါ်မှာ မြင်အောင် ဉာဏ်မျက်လုံးလေးတပ်ပေးချင်လို့ ပွင့်လာတယ်လို့ မှတ်ထားပါ'

'မှန်လှပါဘုရား'

'ကံပေးတဲ့မျက်လုံးတွေမှာ ဘာမျက်လုံးတပ်မှာ?'

'ဉာဏ်မျက်လုံးပါဘုရား'

'ဉာဏ်မျက်လုံးတပ်ရမယ်နော်၊ အတိတ်ကပြုခဲ့ပါတယ်၊ သဒ္ဓါဒါနက ယုံယုံကြည်ကြည်နဲ့လှူခဲ့တော့ ဟောဒီပစ္စုပ္ပန်မှာ ရုပ်ချောပြီးတော့ ဥစ္စာပစ္စည်း မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ရုပ်ချောပြီး ဥစ္စာပစ္စည်းပေါ်တဲ့ လူ့ဘဝသည် ဝိညာဏ်အစ ဝေဒနာအဆုံး ခန္ဓာဘယ်နှစ်ပါးပေါ်?'

'ငါးပါးပါဘုရား'

'အတွင်းထောက်တော့ ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ဒါဖြင့်လူချမ်းသာလို့သာ ပြောတယ်၊ ရုပ်ချောတယ်လို့သာပြောတာ၊ ဇာတိကစပြီးတော့ မအိုရဘူးလား အိုရမှာလား?'

'အိုရမှာပါဘုရား

'အိုရင် ချောနိုင်ပါအုံးမလား?'

'မချောနိုင်ပါဘူးဘုရား'

'အိုရင် လှနိုင်ပါအုံးမလား?'

'မလှပါဘုရား'

'အိပ်ယာဖျာကပ် အော်ညည်းနေရတဲ့ ရှုံ့မဲ့နေရတဲ့ဘဝ၊ ရှုံ့မဲ့နေတဲ့ဘဝ ဗျာဓိဒုက္ခနဲ့ကြုံရင်လည်းပဲ ရုပ်ဆိုးတာတွေ ပေါ်လာလိမ့်မယ်နော်'

'မှန်လှပါဘုရား'

'မရဏာသေပွဲ ဝင်ရင်လည်းပဲ ရုပ်လှနိုင်ပါအုံးမလား?'

'မလှနိုင်ပါဘူးဘုရား'

http://www.dhammadownload.com



'ဒါဖြင့် ဘယ်လောက်ပဲလှလှ၊ ဘယ်လောက်ပဲ ဥစ္စာပစ္စည်းပေါပေါ ဒါတွေဟာကွာ သာယာဖွယ်မဟုတ်ပါဘူး၊ ဒုက္ခသစ္စာလို့ ဘုရားမဟောဘူးလား?'

'ဟောပါတယ်ဘုရား'

'မြန်မာလိုပြန်ရင် ဆင်းရဲခြင်း အမှန်တရားပြောလိုက်ပါ'

'ဆင်းရဲခြင်း အမှန်တရားပါဘုရား'

'ဆင်းရဲတယ်ဆိုမှတော့ သာယာစရာမဟုတ်ဘူးနော်'

'မှန်လှပါဘုရား'

'အဲဒီတစ်လုံးကိုမြင်ဖို့အတွက် ဘာမျက်လုံးတပ်ရမယ်?'

'ဉာဏ်မျက်လုံး တပ်ရမှာပါဘုရား'

'ဩော်-မိမိတို့ ရိုရိုသေသေ လျှုလိုက်ပါပြီ၊ လျှုလိုက်တဲ့အတွက် ဘုန်းတန်ခိုးအာနုဘော်ကြီး ဩဇာတိက္ကမညောင်း ကိုယ့်လက်အောက်ငယ်သားတွေ ကိုယ်တစ်ခွန်းထဲပြောရင် ပြီးပါတယ်၊ ဟော ဒီခန္ဓာရဲ့နှိပ်စက်နေတဲ့ ဒုက္ခတွေကို ပြောလို့ပြီးလား?'

'မပြီးပါဘူးဘုရား'

'ဟောဒီခန္ဓာကိုယ်ရဲ့သွားနေတဲ့ အိုခြင်းတရားကို မအိုအောင်ရော တန်ခိုးရှင်က လုပ်လို့ရလား?'

'မရပါဘူးဘုရား'

'မနာအောင်ရော အမိန့်ပေးလို့ရလား?'

'မရပါဘူးဘုရား'

'မသေအောင်လည်းဘဲ သူ့တန်ခိုးက စွမ်းနိုင်အုံးမလား?'

'မစွမ်းနိုင်ပါဘူးဘုရား'

'အိုရတဲ့ဒုက္ခ၊ နာရတဲ့ဒုက္ခ၊ သေရတဲ့ဒုက္ခ၊ ဒီတန်ခိုးရှင်တွေ ဘာကြောင့်မို့ ခံရတာလဲ ခန္ဓာရလို့ ဘာရလို့?'

'ခန္ဓာရလို့ပါဘုရား'

'ဒီလိုဆို ရိုရိုသေသေလှူတဲ့ အလှူလည်းပဲ ဘာအကျိုးပေး?'

'ခန္ဓာပဲအကျိုးပေးပါတယ်ဘုရား'

http://www.dhammadownload.com



'ယုံယုံကြည်ကြည်နဲ့ လှူတဲ့အလှူလည်းပဲ'

'ခန္ဓာပဲ အကျိုးပေးပါတယ်ဘုရား'

'ရုပ်ချောပြီး ဥစ္စာပစ္စည်းပေါလည်း ခန္ဓာငါးပါးနော်'

'မှန်လှပါဘုရား'

'မိမိတို့ ဘုန်းတန်ခိုး အာနုဘော်ကြီးလည်း'

'ခန္ဓာငါးပါးပါဘုရား'

'အိုနာသေ ဒုက္ခက လွတ်ရဲ့လား?'

'မလွတ်ပါဘူးဘုရား'

'အတိတ်က မိမိတို့အတွက် ကာလဒါနကိုလှူခဲ့လို့ အပါယ်လေးပါးတွေ လွတ်ပါတယ်၊ အလုံးစုံပြည့်စုံတဲ့ ဘဝကိုရပါပြီ၊ သူလည်းခန္ဓာဘယ်နှစ်ပါးလဲ?'

'ခန္ဓာငါးပါးပါဘုရား'

'မအိုရမှာ လား အိုရမှာလား?'

'အိုရမှာပါဘုရား'

'နာတာ သေတာရော မရှိဘူးလား'

'ရှိပါတယ်ဘုရား'

'လိုတိုင်း တတိုင်း ပြည့်စုံတယ်ဆိုပေမယ့် အိုဘေးလွတ်အောင်လည်း သူမတတ်နိုင်ပါဘူး၊ နာတာသေတာကိုလည်း အလိုမရှိဘူးဆိုပြီး တောင့်တ တိုင်းရော ပြည့်ရဲ့လား?'

'မပြည့်ပါဘူးဘုရား'

'ဩော်-ဒီလို အလို မပြည့်တာ ဘာရလို့?'

'ခန္ဓာရလို့ပါဘုရား'

'ခန္ဓာဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား'

'ဩော်-ဆင်းရဲခြင်း အမှန်တရားတွေနဲ့ ထုံးဖွဲ့ထားတဲ့ ဒီခန္ဓာကိုယ်ကြီး သာယာဖွယ် မဟုတ်ပါလားဆိုတာကို သဘောပေါက်အောင် ဘုရားက သစ္စာ

http://www.dhammadownload.com



ဉာဏ်မျက်လုံး တပ်ပေးလိုက်တော့ ယနေ့သူတော်စင်များ ဒီတရားတွေကို နာရတဲ့အခါမှာ ချော-ဘယ်ဘဝမှ သာယာစရာမရှိပါလားဆိုတာကို ပေါ်မသွားဘူးလား?'

'ပေါ်သွားပါတယ်ဘုရား'

'ရုပ်လှလည်းပဲ ဒုက္ခသစ္စာနော်'

'မှန်လှပါဘုရား'

'ဘုန်းတန်ခိုးကြီးလည်းပဲ'

'ဒုက္ခသစ္စာပါဘုရား'

'လိုတိုင်းတတိုင်း ပြည့်စုံလည်းပဲ'

'ဒုက္ခသစ္စာပါဘုရား'

'ချော-ဆင်းဆင်းရဲရဲ မနေရပါဘူးဆိုတဲ့ အခြံအရံပရိသတ်တွေများစွာနဲ့ တကယ့်ကို ဇိမ်ကျတဲ့သူဌေးကြီးဘဝကို ငြိမ့်ခနဲ ငြိမ့်ခနဲနေရပါပြီ၊ အဲဒီဘဝကို ဇိမ်ခံရင်း ဇိမ်ခံရင်းနဲ့ နုပျိုလား အိုလာလား?'

'အိုလာပါတယ်ဘုရား'

'ဗျာဓိဒုက္ခရော အနှိပ်စက် မခံရဘူးလား?'

'ခံရပါတယ်ဘုရား'

'ဘယ်လောက်ပဲ ဇိမ်ကျကျ ဒီဒုက္ခလွတ်လား?'

'မလွတ်ပါဘူးဘုရား'

'မလွတ်တာဘာရလို့?'

'ခန္ဓာရလို့ပါဘုရား'

'မငြိစွန်းဘဲ လျှုခဲ့ပြန်တော့လည်း ခုလို အလုံးစုံ ပြည့်စုံတဲ့ဘဝကိုရတယ်၊ တကယ်ကို ရပင်ရငြားသော်လည်းပဲ အရွယ်သုံးပါး ဘယ်လောက်ပဲ ဇိမ်ကျကျ ခန္ဓာရတဲ့ဒုက္ခက မလွတ်ပါလား?'

'မှန်လှပါဘုရား'

'သံသရာတစ်လျှောက်လုံး ဒုက္ခခံခဲ့ရတာလား မခံခဲ့ရတာလား?'

'ခံခဲ့ရပါတယ်ဘုရား'

http://www.dhammadownload.com



'ဒါလေးတွေကိုသိအောင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အဝိဇ္ဇာမျက်နှာဖုံး ချွတ်ပြီးတော့မှ သစ္စာဉာဏ်မျက်လုံးတပ်လိုက်တော့ စုံစုံစိစိ အကျိုးပေးတဲ့ဘဝလည်း မကောင်းပါလားဆိုတာ ပေါ်သွားပြီ'

'မှန်လှပါဘုရား'

'တစ်ခါရန်သူမျိုးငါးပါး လွတ်တဲ့ဘဝကို ရပြန်ပြီ၊ ခန္ဓာဘယ်နှစ်ပါး?'

'ငါးပါးပါဘုရား'

'ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ကဲ ကိုယ်က အဲဒါကိုမမြင်တဲ့အတွက်ကြောင့်မို့လို့ ဟောဒီမှာလာပြီး မထိပါးဘဲ လှူလိုက်ပြန်တော့ အနာဂတ်သံသရာမှာ ပြန်ပြီးကြည့်၊ ရန်သူမျိုးငါးပါးလက်ကလွတ်တဲ့ဘဝပြန်ရတော့လည်း ဇာတိဘေး တွေ့ မတွေ့?'

'တွေ့ပါတယ်ဘုရား'

'ဇာတိဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ဇရာဘေးနဲ့ရော ကြုံမကြုံ'

'ကြုံရပါတယ်ဘုရား'

'ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ဗျာဓိဘေးရောလွတ်သလား?'

'မလွတ်ပါဘူးဘုရား'

'ဗျာဓိပိ ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'သေဘေးရော လွတ်သလား?'

'မလွတ်ပါဘူးဘုရား'

'မရဏမ္ပိ ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

http://www.dhammadownload.com



'အဲဒီလို ဘေးမျိုးစုံနဲ့ကြုံပြီး ခန္ဓာရဲ့ဒုက္ခတွေကို ဘဝသံသရာတစ်လျှောက် စံခဲ့ရလို့ ပစ္စုပ္ပန်မှာလည်း မလွတ်တာ ဘာရနေလို့?'

'ခန္ဓာရလို့ပါဘုရား'

'ဒီလိုဆိုရင် ဒါနငါးမျိုးရဲ့ အကျိုးပေးကိုကြည့်တော့ သဒ္ဓါဒါနလည်းပဲ ခန္ဓာအကျိုးပေးတာပဲ'

'မှန်လှပါဘုရား'

'သက္ကစ္စဒါနလည်း'

'ခန္ဓာအကျိုးပေးတာပါဘုရား'

'ကာလဒါနလည်း'

'ခန္ဓာအကျိုးပေးတာပါဘုရား'

'အနုဂ္ဂဟိတ စိတ္တဒါနလည်း'

'ခန္ဓာ အကျိုးပေးတာပါဘုရား'

'အနုပဟစ္စ ဒါနလည်း'

'ခန္ဓာအကျိုးပေးတာပါဘုရား'

'ဩော်-ဒီခန္ဓာတွေ သာယာဖွယ်မဟုတ်ပါလားဆိုတာကို ယခု သူတော်စင်များကို ဒုက္ခသစ္စာတစ်လုံးနဲ့ ဆင်းရဲခြင်းအမှန်တရားလို့ ပြောလိုက်ပေမယ့် တချို့တချို့သောပုဂ္ဂိုလ်တွေဟာ အလိုက်သင့်သာ ဖြေလိုက်ရပေမယ့် ဉာဏ်ရောက်ပုံမပေါ်ဘူး၊ သံဝေဂလည်းပဲ ဖြစ်ပုံမရပါဘူး၊ အဲလို မရတဲ့ပုဂ္ဂိုလ်တွေကို ကွက်ကွက်ကွင်းကွင်း မြင်နိုင်အောင်ဆိုပြီး မဟာကရုဏာတော်ရှင်ဆိုတော့ သတ္တဝါတွေအပေါ်မှာ အလွန် ကရုဏာသက်သည့်အတွက် ဒီလိုနည်းနဲ့ နားမလည်ရင် ဘယ်လိုများ ဥပမာဖော်ဆောင်ပြီး ပြရမလဲဆိုတာကို သဘောပေါက် ဉာဏ်ရှင်းအောင်လို့ နိဒါနဝဂ္ဂ သံယုဂ်ပါဠိတော်မှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက တံငါသည်ဥပမာနဲ့ရထားတဲ့ဘဝကို ပုံဖော်လိုက်ပါတယ်'

'ဘာနဲ့ ဥပမာပေးတာ?'

'တံငါသည်နဲ့ပါဘုရား'

http://www.dhammadownload.com



'တံငါသည်ဥပမာနဲ့ ပေးမှာဆိုတော့ ယနေ့ တံငါသည်တွေ ကိုယ်က ငါးတစ်ကောင်ကိုအလိုရှိတော့ ငါးမျှားတံလေးကိုယူသွားပြီး ကြိုးလေးနဲ့ ငါးမျှားတံလေး ဆက်သွယ်၊ အဲဒီ ငါးမျှားကြိုးမှာ ငါးမျှားချိတ်ကလေးချိုပြီးတော့ ရေထဲကို ချလိုက်ပြီ ငါးမျှားချိတ်လေးကို ဘယ်ထဲချ?'

'ရေထဲကိုပါဘုရား'

'ဘာလိုချင်လို့?'

'ငါးလိုချင်လို့ပါဘုရား'

'ရေထဲက ငါးတွေက ငါးမျှားချိတ် ကျလာတာတွေ့တော့ ဟပ်လား?'

'မဟပ်ပါဘူးဘုရား'

'ဘာမပါလို့?'

'ငါးစာမပါလို့ပါဘုရား'

'ကဲသူတော်စင်များ မြင်ပါပြီ၊ ငါးစာမပါရင် မဟပ်ဘူးပေါ့နော်'

'မှန်လှပါဘုရား'

'အခု အဲဒါကြောင့် ငါးစာတွေတပ်လိုက်ပြီ၊ ငါးစာတွေတပ်လိုက်တော့ ငါးမျှားချိတ်ကို ငါးစာကဖုံးလိုက်တော့ ငါးမျှားချိတ်မြင်လား ငါးစာမြင်လား?'

'ငါးစာကို မြင်တာပါဘုရား'

'ငါးစာတပ်ထားတဲ့ငါးမျှားချိတ်လေး ရေထဲချလိုက်ပြီ၊ လူးလာတုံ့ခေါက် ပြေးလွှားနေတဲ့ ငါးလေးတွေက မြင်လည်းမြင်ရော ငါးမျှားချိတ်မမြင်ဘဲ ငါးစာလေးမြင်တော့ အလုအယက်ပြေးလာလိုက်ကြတာ အရင်ရောက်တဲ့ အကောင်က ပါးစပ်လေးဟပြီးတော့ မျိုချလိုက်တော့ ငါးစာတင်ပဲလား ငါးမျှားချိတ်ရော ပါမသွားဘူးလား'

'ပါသွားပါတယ်ဘုရား'

'ငါးမျှားချိတ်ပါတဲ့အတွက် ကိုယ်ကကြိုးလေးကို တင်းလည်း တင်းလိုက်ရော အာခေါင်ဖောက်စူးသွားတော့ ငါးလေးခမျာ ရေထဲမှာ အရှေ့ပြေးလိုက် အနောက်ပြေးလိုက်၊ တောင်ပြေးလိုက်၊ မြောက်ပြေးလိုက်နဲ့ ငါးစာရလို့ ပျော်နေတာပေါ့နော်၊ ဟုတ်လား'

'မဟုတ်ပါဘူးဘုရား'

http://www.dhammadownload.com



'ဘာဖြစ်လို့?'

'ငါးမျှားချိတ်စူးမိလို့ပါဘုရား'

'ငါးမျှားချိတ်စူးမိလို့ ဒုက္ခတွေ့နေတာ၊ ပျော်နေလို့ ကူးနေတာရော ဟုတ်ရဲ့လား?'

'မဟုတ်ပါဘူးဘုရား'

'ငါးလေးသည် ဒုက္ခဆင်းရဲရောက်နေပါတယ်ဆိုပြီးတော့ အရှေ့ အနောက် တောင် မြောက်ကို ပိုမိုပြေးလွှား ကူးခတ်နေလိုက်တာ ဒုက္ခဆင်းရဲ ကြီးနေတာက ဘာမြင်ပြီး ဘာမမြင်လို့ခံရတာ?'

'ငါးစာမြင်ပြီး ငါးမျှားချိတ်မမြင်လို့ ခံလိုက်ရတာပါဘုရား'

'ငါးစာမြင်ပြီး ငါးမျှားချိတ် မမြင်လို့ ခံလိုက်ရတဲ့ဒုက္ခ ဘယ်သူကယ်နိုင် တုန်း?'

'မကယ်နိုင်ပါဘူးဘုရား'

'အဲဒီကျတော့ ကိုယ်က ငါးမျှားတံလေး ဆွဲမလိုက်တော့ ကြိုးလေးတန်း လန်း တန်းလန်းနဲ့ ငါးလေး လှုးကာလွန့်ကာ မပါလာဘူးလား?'

'ပါလာပါတယ်ဘုရား'

'လူးကာတွန့်ကာပါလာတာလေးကို ကြည့်လိုက်ရင် ငါးလေး က,နေတာ ပေါ့နော်'

'မဟုတ်ပါဘူးဘုရား'

'ဘာဖြစ်နေတာတုန်း'

'ဒုက္ခရောက်နေတာပါဘုရား'

'ဒုက္ခရောက်နေတယ်လို့ သူဘယ်လောက်ပင်ပြောနေပြောနေ ဘယ်သူမှ မကယ်နိုင်ဘူး'

'မှန်လှပါဘုရား'

'နောက်ဆုံးတော့ ကုန်းပေါ်မှာ တံငါသည်လက်တွင်း မရှုမလှသေပွဲဝင်ရ တဲ့ ငါးလေးအဖြစ် ကြည့်လိုက်စမ်း၊ ရေထဲကငါး ကုန်းပေါ်သွားပြီးသေရတာ ဘာမြင်ပြီး ဘာမမြင်လို့?'

'ငါးစာမြင်ပြီး ငါးမျှားချိတ်မမြင်လို့ပါဘုရား'

http://www.dhammadownload.com



'အဲဒါဥပမာနော်'

'မှန်လှပါဘုရား'

'ငါးစာသာမြင်နေကြသည်၊ ကနေ့ မိမိတို့ခန္ဓာအားလုံး ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'အတိတ်ကပြုခဲ့တဲ့ ကောင်းမှုကုသိုလ်ကံကြောင့် ရလာတဲ့ဘဝ ပြည့်စုံတဲ့ ပုဂ္ဂိုလ် ခန္ဓာငါးပါး ဒုက္ခသစ္စာ၊ မပြည့်စုံတဲ့ဘဝလည်း ခန္ဓာငါးပါး'

'ဒုက္ခသစ္စာပါဘုရား'

'အဲဒီ ခန္ဓာငါးပါး ဒုက္ခသစ္စာတွေကို ဟောပင်ဟောငြားသော်လည်း အဲဒီ ဒုက္ခကို မမြင်အောင်လို့ အခုသူတော်စင်များကို ရုပ်ရည်အဆင်း လှပတယ် ဆိုတဲ့ ငါးစာလေး အုပ်ပေးလိုက်တယ်၊ အဲတော့ ဘဝသံသရာမှာ သူတော်စင် များသည် ရုပ်ဆိုးချင်လား ရုပ်လှချင်လား?'

'ရုပ်လှချင်ပါတယ်ဘုရား'

'ဘာမြင်လိုက်?'

'ငါးစာမြင်လိုက်ပါတယ်ဘုရား'

'ငါးမျှားချိတ်မမြင်ဘူး'

'မမြင်ပါဘူးဘုရား'

'မြင်လား?'

'မမြင်ပါဘူးဘုရား'

'မမြင်တော့ အငန်းမရ မျိုတော့မယ်'

'မှန်လှပါဘုရား'

'ရုပ်လှချင်တယ်ဆိုတာ တခြားလား တဏှာလား?'

'တဏှာပါဘုရား'

'တဏှာနဲ့ သူတော်စင်များမျိုပြီ၊ အဲဒီမျိုတဲ့အတွက်ကြောင့်မို့လို့ ဟောဒီ တဏှာအုပ်ချုပ်တဲ့ကံက ကမ္မဘဝ ပစ္စယာ'

'ဇာတိပါဘုရား'

http://www.dhammadownload.com



'ကဲ ငါးမျှားစူး ပြန်မစူးဘူးလား?'

'စူးပါတယ်ဘုရား'

'အို နာ သေ ဒုက္ခရော မပါဘူးလား?'

'ပါပါတယ်ဘုရား'

'တစ်ဘဝထဲလား ဘဝတိုင်းလား?'

'ဘဝတိုင်းပါဘုရား'

'အဲဒီလောက်မရှုမလှနဲ့ သေပွဲအထပ်ထပ်ဝင်ပြီးတော့ ဒုက္ခဆင်းရဲတွေ အမျိုးမျိုး ကြုံပြီး လူးလိမ့်ခံခဲ့ရတာသည် ငါးစာသာမြင်ပြီး ငါးမျှားချိတ်'

'မမြင်လို့ပါဘုရား'

'ဒီလို အကြောင်းကောင်းတွေကို ဖြည့်ဆည်းပြီးတော့ လျှုတာ ဒီလို အကျိုးပေးရမယ်ဆိုပြီး သာယာစရာဟောနေတာ မဟုတ်ဘူးနော်'

'မှန်လှပါဘုရား'

'အဲဒီအပြစ်ကိုရော ပြန်မပြဘူးလား?'

'ပြပါတယ်ဘုရား'

'ဒါဖြင့် ရုပ်ချောပြီး ဥစ္စာပစ္စည်းပေါတာလည်းပဲ ငါးမျှားချိတ်မှာ ငါးစာ တပ်နေတာ'

'မှန်လှပါဘုရား'

'ဒီနေ့ ငါးစာလည်း မြင်တယ်ပေါ့နော်'

'မှန်လှပါဘုရား'

'ရုပ်လှချင်သေးလား?'

'မလှချင်ပါဘုရား'

'တကယ်လား?'

'တကယ်ပါဘုရား'

'ငါးပါးသီလယူထားတာနော်၊ ရုပ်လှချင်ရင် ဘာပဲမြင်တာ?'

'ငါးစာပဲ မြင်တာပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့် မမျိုမှာလား မျိုမှာလား?'

'မျိုမှာပါဘုရား'

'မျိုကြ မျိုကြ'

'မမျိုတော့ပါဘူးဘုရား'

'ဒီလောက်ဟောနေတာတောင် မျိုချင်သေးတယ်၊ အဲဒါငါးစာလေး ပြပြ နေတာ အနာဂတ်သံသရာမှာ ခန္ဓာဒုက္ခ ပြန်ရရင် မစူးဘူးလား စူးမှာလား?'

'စူးမှာပါဘုရား'

'ရေထဲကနေ ကုန်းပေါ်ကို သွားသေတဲ့ အဖြစ်ဆိုးလေး မကြုံစေချင်လို့ပါ'

'မှန်လှပါဘုရား'

'ဘုန်းတန်ခိုး အာနုဘော်ကြီးတယ်ဆိုတာလည်း ငါးစာတပ်နေတာနော်'

'မှန်လှပါဘုရား'

'ကနေ့ သူတော်စင်တွေက ဘုန်းတန်ခိုးနည်းချင်လား ကြီးချင်လား?'

'ကြီးချင်ပါတယ်ဘုရား'

'လာသေးတာပဲ'

'မှန်လှပါဘုရား'

'ဘယ်လိုလုပ်မတုန်း ဘုန်းတန်ခိုးကြီးချင်တယ်ဆိုရင်လည်းပဲ ငါးစာပဲ မြင်နေမှာလား၊ ဘယ်လောက်ပဲချွတ်ချွတ် ကျွတ်တော့မှာမဟုတ်ဘူး'

'ကျွတ်မှာပါဘုရား'

'ဒီလောက် ဒုက္ခတွေ ပြနေတာကို မမြင်ဘူးလား?'

'မြင်ပါပြီဘုရား'

'ဟော-ခန္ဓာကိုယ်ကြီး ဘယ်လောက် နှိပ်စက်နေလဲမေးတော့ အငြိမ်နေလို့မရဘူး'

'မရပါဘူးဘုရား'

'အမြဲတမ်းနှိပ်စက်နေတာ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'သေသည့်တိုင်အောင် နှိပ်စက်နေတာ ဒုက္ခတွေ ခန္ဓာရရင် ကြုံရမှာ'

'မှန်လှပါဘုရား'

'အဲဒီရုပ်လှတယ်ဆိုပြီး ငါးစာလေးတပ်တော့ မမြင်ဘူး၊ ဘုန်းတန်ခိုးကြီးတယ်ဆိုပြီး ငါးစာလေးတပ်တော့ မမြင်ဘူး၊ ငါးမျှားချိတ်ကို ဖုံးသွားတော့ ရေထဲကငါးလိုပဲ အဝိဇ္ဇာမျက်နှာဖုံးကြီးစွပ်တော့ ဘယ်မြင်ပါ့မလဲ?'

'မှန်လှပါဘုရား'

'အခု အဝိဇ္ဇာမျက်နှာဖုံးကြီး ခွာချပေးလိုက်တာတောင် သူတော်စင်တို့က ကောက်ကောက်ပြီး စွပ်နေကြတာ ခက်တယ်လို့ ဆိုရတော့မယ်နော်'

'မဟုတ်ပါဘူးဘုရား'

'ဘယ်ဘုံဘယ်ဘဝကကောင်းလဲ?'

'မကောင်းပါဘူးဘုရား'

'နည်းနည်းချမ်းသာချင်လား များများချမ်းသာချင်လား၊ ဘယ်လောက်ချမ်းသာချင်လဲ နေ့မအား ညမအားကို ကြိုးစားနေကြတာ၊ ဒုက္ခဆင်းရဲတွေ ဘယ်လောက်ပဲ ကြုံကြုံ များများချမ်းသာချင်တာကိုး'

'မှန်လှပါဘုရား'

'အဲတော့ များများချမ်းသာချင်တဲ့ပုဂ္ဂိုလ် ဘယ်လောက်တောင် ဒုက္ခကြီးတယ်ဆိုတာလေးကို ကံမျက်လုံးနဲ့ ဉာဏ်မျက်လုံးနဲ့ ထပ်ခွဲမှသာ သဘောပေါက်မယ်ထင်တယ်'

'မှန်လှပါဘုရား'

'ဒီလောက်ပြောတော့လည်း ရမှမရတာကိုး၊ အဲတော့ ကံမျက်လုံးနဲ့ ဉာဏ်မျက်လုံးနဲ့ ထပ်ခွဲကြစို့ဆိုတော့ အခုမိမိတို့ ကျောက်လုပ်ငန်းလုပ်ကြတယ်ပေါ့၊ အဲဒီ ကျောက်လုပ်ငန်းလေးဟာ လုပ်ငန်းခွင်တစ်ခုကနေ နောက်ဘယ်နှစ်ခုလောက် လိုချင်ကြလဲ၊ သုံးလေးခုလောက် လိုချင်ကြတယ်ပေါ့၊ ဒါနည်းနည်းလျှော့ပြီးပေးလိုက်တာနော်၊ အဲဒီကနေ့ နောက်ထပ်တစ်ခုလောက် ထပ်ချဲ့လိုက်ပြီဆိုတော့ ပိုပြီးမကြီးပွားဘူးလား?'

'ကြီးပွားပါတယ်ဘုရား'

http://www.dhammadownload.com



'လုပ်ငန်းလေးငါးဆယ်ခုလောက်ပိုင်တဲ့ပုဂ္ဂိုလ် ကြီးပွားတယ်လို့ မဆိုဘူး လား?'

'ဆိုပါတယ်ဘုရား'

'လုပ်ငန်းတွေ တိုးလာတိုင်း တိုးလာတိုင်းမှာ အများအမြင်မှာတော့ ကြီးပွားလိုက်တာ ချမ်းသာလိုက်တာ ပြည့်စုံလိုက်တာလို့ ကံမျက်လုံးနဲ့ကြည့်ရင် ဥစ္စာတွေတိုးပွားတိုင်း ချမ်းသာတယ် ထင်တယ်၊ ဘာမျက်လုံးနဲ့ကြည့်ရင်?'

'ကံမျက်လုံးနဲ့ကြည့်ရင်ပါဘုရား'

'ကြည့်ရမှာက ဘာမျက်လုံး?'

'ဉာဏ်မျက်လုံးနဲ့ကြည့်မှာပါဘုရား'

'လုပ်ငန်းတစ်ခုမှာ အုပ်ချုပ်ရတဲ့အပိုင်းတစ်ခု အလုပ်သမားအတွက် လည်း မပူရဘူးလား?'

'ပူရပါတယ်ဘုရား'

'ကျောက်ရမှ ရပ့်မလားလို့လည်း မပူရဘူးလား?'

'ပူရပါတယ်ဘုရား'

'အဲဒီကျောက်တွင်းကထွက်လာမယ့် အကောင်းစားလေးတွေများ လစ် သွားမလားဆိုပြီး မပူရဘူးလား?'

'ပူရပါတယ်ဘုရား'

'ဒါတစ်တွင်းမှာ ပူရတာ၊ နောက်တစ်တွင်းတိုးတော့ အဲဒီမှာ အလုပ် သမားကလည်းများပြီး ကျောက်ထွက်တာလည်းကောင်းလာပြီ၊ အဲဒီလောက် ပြည့်စုံပြီလို့ဆိုရပေမယ့် အပူက ပိုလျော့သွားလား တိုးလာသလား?'

'တိုးလာပါတယ်ဘုရား'

'ကြည့်လည်း ဖြေကြအုံး၊ ချမ်းသာရင် အပူက လျော့ကိုလျော့ရမှာ၊ ခုတော့ လျော့လား တိုးလား?'

'တိုးပါတယ်ဘုရား'

'အခု ဥစ္စာပစ္စည်းတွေ ချမ်းသာပြီ အပူလျော့သွားလား တိုးလား?'

'တိုးပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒါ ကံပေးတဲ့မျက်လုံးက မြင်လား?'

'မမြင်ပါဘူးဘုရား'

'ကံပေးတဲ့မျက်လုံးက ငါးစာပဲမြင်တယ်'

'မှန်လှပါဘုရား'

'ငါးမျှားချိတ်မတွေ့ဘူး'

'မှန်လှပါဘုရား'

'အခုမိမိတို့က ကျောက်တွင်းတစ်တွင်းကို ပိုင်တုန်းကတော့ ဟော့ . . . ဒီကျောက်တွင်းနဲ့ ပတ်သက်တဲ့ သောကတွေ အို-နည်းတာမှ မဟုတ်တာ၊ နှစ်တွင်းလည်းပိုင်ရော နှစ်တွင်းအပူ ပိုမကြီးဘူးလား?'

'ကြီးလာပါတယ်ဘုရား'

'အဲဒီအပူကျတော့ အပြင်မှာ မတွေ့ဘူး၊ နှလုံးသားစိတ်မှာ လာနှိပ်စက်နေတာ'

'မှန်လှပါဘုရား'

'ညအိပ်မရအောင်ရော မနှိပ်စက်ဘူးလား?'

'နှိပ်စက်ပါတယ်ဘုရား'

'ဘယ်ကိုသွားသွား စိတ်မချရအောင်လည်း စိုးရိမ်ပူပန်မှု ကြောင့်ကြမှုတွေနဲ့ နှိပ်စက်မှုကြီးလွန်းလို့ သွားနေရတာလည်း ကြောက်စရာ'

'မှန်လှပါဘုရား'

'အဲဒီဒုက္ခက သေးလား ကြီးလား'

'ကြီးပါတယ်ဘုရား'

'ကြီးတယ်ဆိုရင် နောက်တစ်တွင်းရော မလိုချင်ဘူးလား?'

'မလိုချင်တော့ပါဘူးဘုရား'

'တော်သေးတာပေါ့နော် တော်တော့်ကို ပြောယူရတယ်၊ အခု မြင်လာပြီလား?'

'မြင်လာပါပြီဘုရား'

'မြင်လာမှ ဖြစ်တော့မှာ ကိုယ်ပြုတဲ့ ကောင်းမှုကုသိုလ်တွေမှာ အကြောင်းတရားတွေကိုကောင်းအောင် ဒီလိုဖြည့်ဆည်းကြရင် အကျိုးတရားတွေကို

http://www.dhammadownload.com



သံသရာမှာ နိဗ္ဗာန်မရမချင်းမှာတော့ အကျိုးပေးအောင် လှူခိုင်းတာပါ'

'မှန်လှပါဘုရား'

'သို့သော်လည်း ဒုက္ခသက်ကြီး ရှည်နေမှာစိုးတဲ့အတွက် လက်ရှိရတဲ့ဘဝ နောင်ရမယ့် ဘဝတွေရဲ့ ဆင်းရဲသက်သက်အဖြစ်တွေကို မြင်အောင် မီးမောင်းထိုးမပြရဘူးလား?'

'ပြရပါတယ်ဘုရား'

'ညမီးမောင်းထိုးပြီးပြတဲ့အခါကျမှ အပြစ်တွေမြင်သွားပြီ၊ ရုပ်လှတာလည်း ဒုက္ခသစ္စာပါ ဘုန်းတန်ခိုးကြီးတာလည်း ဒုက္ခသစ္စာပါ၊ လုပ်ငန်းတွေ ဘယ်လောက်ပဲ ကျယ်ပြန့်ကျယ်ပြန့် အတွင်းမနောက ဟောဒီစိတ်မှာတော့ သောကပရိဒေဝတွေ နှိပ်စက်လိုက်တာ အိပ်လို့တောင်မရဘူး၊ နေပူမရှောင် မိုးရွာမရှောင် ခေါင်းကိုက် ဖျားနာရင်တောင်မှ ကျောက်ကောင်းလေးများ လွတ်သွားရင် ခက်ရချေရဲ့ဆိုပြီး သွားစောင့်နေရတာ ဥစ္စာစောင့်ဖြစ်မှာတောင် ကြောက်ရတယ်၊ စောင့်ကြအုံးမလား?'

'မစောင့်တော့ပါဘူးဘုရား'

'ဘာသစ္စာလဲ?'

'ဒုက္ခသစ္စာပါဘုရား'

'ဒုက္ခသစ္စာဆိုတော့ မိမိတို့က အခုလက်ရှိခန္ဓာလည်း ဒုက္ခသစ္စာ ပြည့်စုံကြွယ်ဝတဲ့ပုဂ္ဂိုလ်လည်း ဒုက္ခသစ္စာ၊ ကျောက်တွင်း လေးငါးတွင်းပိုင်တဲ့ပုဂ္ဂိုလ်လည်း'

'ဒုက္ခသစ္စာပါဘုရား'

'ဘယ်ဒုက္ခကြိုက်လည်း?'

'ဘယ်ဒုက္ခမှမကြိုက်ပါဘူးဘုရား'

'အသံလာအောင်မနည်း ဟောရတယ်၊ အဲဒီတော့ ယနေ့ပြုတဲ့ ကောင်းမှုကုသိုလ်ကို ဉာဏ်ယှဉ်လိုက်စမ်းပါ၊ လက်ရှိဒုက္ခကိုလည်း ကြောက်သွားပါပြီ ရွံသွားပါပြီ မုန်းသွားပါပြီ၊ နောင်သံသရာမှာလည်း ဒီလိုဒုက္ခတွေ မလိုချင်တော့ပါဘူး၊ ဒါကြောင့်မို့လို့ ဉာဏ်ယှဉ်ပြီးတော့ ဒုက္ခကင်းတဲ့နိဗ္ဗာန်ကိုသာလျှင်

http://www.dhammadownload.com



ရပါလို၏ ရောက်ရပါလို၏၊ အထောက်အပံ့ဖြစ်ရပါလို၏လို့ ဆိုလို့ရှိရင် နိဗ္ဗာန်ရောက်တဲ့အထိ မကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'အကြောင်းကောင်းရင် နိဗ္ဗာန်ရောက်သည့်တိုင်အောင် အကျိုးပေးရော မကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'အဲဒါကြောင့် အကြောင်းကောင်းမှ'

'အကျိုးပေးကောင်းမှာပါဘုရား'


'အေး-လူတိုင်းလူတိုင်းမှာ ယုံကြည်မှုနဲ့လှူဖို့ ရိုရိုသေသေနဲ့လှူဖို့ အချိန်အခါ သိပြီးတော့လှူဖို့၊ မငြိစွန်းဘဲလှူဖို့၊ မထိပါးဘဲလှူဖို့၊ သံသရာမှာ နိဗ္ဗာန်မရမချင်းမှာ ဒီလိုအကျိုးပေးတွေစုံအောင် ဒီလိုလှူပါလို့ ဟောပေးပေမယ့် အဲဒီအပေါ်မှာသာယာပြီးတော့ အဆုံးစွန်သောဘဝ၌ပင် လမ်းဆုံးနေမှာစိုးတဲ့ အတွက် ခန္ဓာဒုက္ခတွေ မိမိတို့ရဲ့ပြည့်စုံမှုရဲ့အပေါ်မှာ သောကပရိဒေဝတွေ ရင်ဝယ်ပိုက်ပြီး လောင်နေရတဲ့အလောင်တွေကို ကံမျက်လုံးကနေ ဉာဏ်မျက်လုံး တပ်ကြည့်လိုက်တော့ ဒုက္ခတွင်းကြီး မြင်မသွားဘူးလား?'

'မြင်သွားပါတယ်ဘုရား'

'လက်ရှိဒုက္ခလည်း ကြောက်သွားပါပြီ၊ ရွံ့သွားပါပြီ၊ နောင်သံသရာ ဒုက္ခတွေလည်း အလိုမရှိတော့ပါဘူး၊ ဒုက္ခသိမ်းတဲ့ နိဗ္ဗာန်ကိုသာလျှင် ယနေ့ လှူတဲ့ကုသိုလ်အစုစုသည် လျှင်မြန်စွာ မျက်မှောက်ပြုရပါလို၏လို့ လှူဒါန်းခြင်း ရဲ့ ကိုယ့်ရဲ့အသိ တရားအပေါ်မှာ အကြောင်းကောင်းတွေ ဖြည့်ဆည်းနိုင်ကြ ပါစေလို့ တိုက်တွန်းရင်းပဲ သာဓုသုံးကြိမ်ခေါ်ပြီး တရားပွဲကို အဆုံးသတ်လိုက် ကြရအောင်။

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com



# သားသတ်ရုံမှန်းသိကြပါ

တရားတော်

http://www.dhammadownload.com

http://www.dhammadownload.com

# သားသတ်ရုံမှန်းသိကြပါတရားတော်

❦ ❦ ❦

သာသနာတော်နှစ် (၂၅၅၁) ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၆၉) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၆) ရက်၊ ခရစ်နှစ် (၂၀၀၇) ခု၊ နိုဝင်ဘာလ (၃၀) ရက်နေ့၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးမြို့နယ်၊ ဝမ်ကမ်ဒေသ၊ ဈေးသစ်နယ်မြေ၊ သစ္စာမဏ္ဍာရုံ ထေရဝါဒ ဗုဒ္ဓသာသနာ ပြန့်ပွားရေးအဖွဲ့ခွဲ ဂေါ်ရခါးမဏ္ဍာရုံမှာ ဆယ်ရက်တိုင်တိုင် ကျင်းပပြုလုပ်တဲ့ ဓမ္မဒါနတရားအလှူ အမတဒါန အမြိုက်နိဗ္ဗာန်အလှူ ပေးလှူတဲ့ပွဲမှာ ယနေ့ ဒုတိယမြောက်နေ့ နံနက်ပိုင်းတရားအဖြစ် ဟောကြားအပ်သော **"သားသတ်ရုံမှန်း သိကြပါ တရားတော်"** ။

ဒီတရားတော်ကို မဟောမီ မနာမီ တရားပိုင်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို နမောတဿ သုံးကြိမ်နဲ့ ညီညီညာညာ ပူဇော်ကန်တော့ကြရအောင်။

( နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)³

http://www.dhammadownload.com



ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးပူဇော်ပြီးနောက်မှာ အသီးသီး မိမိတို့တစ်တွေ အားလုံး လက်ရှိဘဝ ဖြတ်ကျော်ခဲ့ရတဲ့ သံသရာတစ်လျှောက် မှာနေခဲ့ရတဲ့ဘဝမျိုးစုံ နောင်အနာဂတ်သံသရာမှာလည်းပဲ အမှန်ကိုကောင်းစွာ သဘောမပေါက်ရင် လျှောက်ရအုံးမယ့် ဘဝမျိုးစုံ၊ နောင်အနာဂတ် သံသရာမှာ လည်းပဲ ဩော်. . . ဒီဘဝတွေအားလုံး ဖြတ်ကျော်ရရှိခဲ့တာတွေမှန်သမျှ တယ်ကြောက်စရာကောင်းပါလားလို့ ယနေ့ ကောင်းစွာသဘောပေါက်ပြီး မိမိတို့ရဲ့ အဖြစ်မှန်တွေကို ပိုင်ပိုင်နိုင်နိုင် သိနိုင်အောင် ယနေ့ ပဋိစ္စသမုပ္ပါဒ် တရားနဲ့ တွဲရှင်းပြီးပြပါ့မယ်၊ အားလုံးသော သူတော်စင်တွေ ရရှိထားတဲ့ ဘဝ အမှန် ရောက်ရှိနေတာကို ကြည့်မယ်ဆိုရင် ပစ္စုပ္ပန် (၂)အကွက်မှာ အားလုံး ရောက်နေကြတယ်၊ ဘယ်မှာရောက်နေကြလဲ?'

'ပစ္စုပ္ပန် ၂-အကွက်မှာ ရောက်နေပါတယ်ဘုရား'

'ပစ္စုပ္ပန် (၂) အကွက်မှာ ရောက်ရှိနေကြတဲ့ မိမိတို့အားလုံး အပါယ် လေးဘုံသားတွေလည်းပဲ (၂) အကွက် ပစ္စုပ္ပန်မှာရှိသလို လူနတ်, ဗြဟ္မာတွေ လည်းပဲ (၂) အကွက်မှာ ရှိတယ်၊ အဲဒီ (၂) အကွက်မှာရှိတဲ့ အားလုံးသော သတ္တဝါတွေသည် လာရာလမ်းကိုပြန်ကြည့်ရင် လွန်ခဲ့ပြီးတဲ့ အတိတ်ကို ပြန်ပြီး တော့ အာရုံပြု၊ ငါတို့ ဘာတွေနဲ့လာကြလဲဆိုတာလေးတွေကို သိနိုင်အောင် အတိတ်တုန်းက အဝိဇ္ဇာအုပ်ချုပ်ပြီး သူသူငါငါ အားလုံးဟာ သင်္ခါရ တရားတွေ ကို လုပ်ခဲ့ကြတယ်၊ ဘာတွေလုပ်ခဲ့ကြလဲ?'

'သင်္ခါရတရားတွေကို လုပ်ခဲ့ကြပါတယ်ဘုရား '

'အဲဒီ သင်္ခါရတရားမှာ ကုသိုလ်သင်္ခါရ၊ အကုသိုလ် သင်္ခါရ၊ တစ်နည်း ပြောရရင် ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနဉ္ဇာဘိ သင်္ခါရလို့ သင်္ခါရ (၃) မျိုးမှာ (၂) ပိုင်းပိုင်းလိုက်ရင် ကုသိုလ်သင်္ခါရ၊ အကုသိုလ်သင်္ခါရ၊ အကုသိုလ် ကိုလုပ်ရင်လည်းပဲ ဟောဒီပစ္စုပ္ပန်မှာ ငရဲကျတယ်၊ တိရစ္ဆာန် ဖြစ်တယ်၊ ပြိတ္တာ ဖြစ်တယ်၊ အသူရကာယ်ဖြစ်တယ်၊ အပါယ်လေးဘုံသားဘဝ ရောက်ရတာ သည် အတိတ်က ဘာလုပ်လို့လဲမေးရင် အကုသိုလ်လုပ်ခဲ့လို့ပါ၊ ဘာလုပ်ခဲ့ လို့လဲ?'

'အကုသိုလ်လုပ်ခဲ့လို့ပါဘုရား'

http://www.dhammadownload.com



'အကုသိုလ်လုပ်ခဲ့ရင် ဟောဒီပစ္စုပ္ပန်မှာ အပါယ်လေးဘုံကို ရောက်မယ်၊ ယနေ့ လူ့ဘဝကိုရောက်တယ်ဆိုတာကို ပြန်ကြည့်လိုက်ရင် အတိတ်က ကိုယ်က အကုသိုလ်ကို မလုပ်ဘဲနဲ့ ကုသိုလ်တွေကို လုပ်ခဲ့တဲ့အတွက် ဟောဒီ လူ့ဘဝကို ရောက်လာတယ်ဆိုရင် မမှန်ဘူးလား?'

'မှန်ပါတယ်ဘုရား'

'အကုသိုလ်ကို အာရုံပြုလုပ်ခဲ့ရင် လူ့ဘဝနဲ့ဝေးမှာပဲ'

'မှန်လှပါဘုရား'

'ဒါဖြင့် လူ့ဘဝကို ရောက်တယ်ဆိုတာက အတိတ်ကုသိုလ်ကြောင့်၊ ဒါဖြင့် လူ့ဘုံလည်းရောက်မယ်၊ နတ်ဘုံလည်းရောက်မယ်၊ ဗြဟ္မာ့ဘုံလည်း ရောက်မယ်၊ လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝကိုရောက်စေတာသည် တန်ခိုးရှင်က ဖန်ဆင်းလို့ဖြစ်တာလား?'

'မဟုတ်ပါဘုရား'

'ဗြဟ္မာကြီးက မွေးဖွားတယ်ဆိုတာကော ဟုတ်ရဲ့လား?'

'မဟုတ်ပါဘုရား'

'အပါယ်လေးဘုံကို ကျရတာလည်း သူတို့ကို မကိုးကွယ်၊ သူတို့စကားနားမထောင်လို့ ဒဏ်ခတ်တာကောပါလား?'

'မပါပါဘုရား'

'အကုသိုလ်ကိုလုပ်ရင် အကုသိုလ်နဲ့ထိုက်တန်တဲ့ အပါယ်လေးဘုံကိုကျမယ်၊ ကုသိုလ်ကို လုပ်ရင် ကုသိုလ်နဲ့ထိုက်တန်တဲ့ သုဂတိဘုံကို ရောက်မယ်၊ ဒီလိုဆိုရင် သုံးဆယ့် တစ်ဘုံထဲမှာကို ဟောဒီ (၂) အကွက်မှာ ရောက်နေကြတဲ့ သူတော်စင်တွေအတွက် အဖြစ်မှန်ကို သိဖို့ဆိုရင် -

**"ကံပစ်ချရာ၊ သတ္တဝါ၊ ရောက်ကာနေရသည်"**

'ဟောဒီသုံးဆယ့်တစ်ဘုံထဲကို ရောက်လာကြတဲ့ သတ္တဝါတွေအားလုံး ဘာကြောင့်များ ဖြစ်လာသလဲမေးရင် ကံပစ်ချလိုက်တာ၊ ဘာပစ်ချလိုက်တာ'

'ကံပစ်ချလိုက်တာပါဘုရား'

http://www.dhammadownload.com



'အပါယ်လေးဘုံကိုရောက်တာ ဘယ်ကံက ပစ်ချ'

'အကုသိုလ်ကံက ပစ်ချတာပါဘုရား'

'လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံကို ရောက်တာ'

'ကုသိုလ်ကံက ပစ်ချတာပါဘုရား'

'အကုသိုလ်ကံနဲ့ ကုသိုလ်ကံပဲရှိတယ်'

'မှန်လှပါဘုရား'

'မိမိတို့ မျောက်ကဆင်းသက်လာတာလည်း မပါပါဘူး၊ မျောက်က ဆင်းသက်တာလည်း မဟုတ်ဘူးနော်'

'မှန်လှပါဘုရား'

'သမိုင်းကြောင်းမှာတော့ သင်ရတာပေါ့၊ မျောက်နဲ့ နည်းနည်း ဆင်တယ်ဆိုရင် မျောက်ကနေ ဆင်းသက်တာလို့ပြောနေကြတယ်၊ အခုတော့ ဟော့. . . အပါယ်လေးဘုံသားထဲမှာ မျောက်မပါဘူးလား?'

'ပါပါတယ်ဘုရား'

'ဒါဖြင့် မျောက်ကနေ ဆင်းသက်လာတယ်ဆိုရင် အားလုံးက တိရစ္ဆာန်တွေ ဖြစ်ကုန်တော့မှာပေါ့'

'မှန်လှပါဘုရား'

'အဲဒီတော့ မျောက်က ဆင်းသက်လာတာမဟုတ်၊ မျောက်လည်းပဲ အကုသိုလ်လုပ်ရင် ဖြစ်မှာပဲ၊ အကုသိုလ်ကံရဲ့ အကြောင်းခံနေတော့ အပါယ်လေးဘုံ ရောက်လာကြသလို၊ ကုသိုလ်ကံအကြောင်းခံပြီးတော့ လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံကို ရောက်လာကြတယ်ဆိုတော့ အကြောင်းအကျိုးပေါ်တော့ ဉာဏ်ရှင်းသွားပြီ၊ ကံရဲ့အကျိုးပေးက သုံးဆယ့်တစ်ဘုံထဲ ရောက်မယ်၊ ဒီသဘောလေး မပေါ်သွားဘူးလား?'

'ပေါ်သွားပါတယ်ဘုရား'

'ဒါဖြင့် ရောက်တဲ့ဌာနကို ကြည့်လိုက်ပါ၊ အကုသိုလ်ကံကပစ်ချလို့ ရောက်လာတဲ့ အပါယ်လေးဘုံသားလည်းပဲ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာလို့ ခန္ဓာငါးပါးပေါ်ပုံကို ဟောသွားတယ်၊ အကုသိုလ်ကံက

http://www.dhammadownload.com



ပစ်ချလို့ ငရဲ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဖြစ်လည်းပဲ ခန္ဓာဘယ်နှစ်ပါးပေါ်'

'ငါးပါးပေါ်ပါတယ်ဘုရား'

'အတွင်းထောက်တော့ ဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား'

'ကုသိုလ်ကံကြောင့် ဟောဒီမှာ လူဖြစ်တယ်လို့ပြောတယ်၊ နတ်ဖြစ်တယ်လို့ပြောတယ်၊ ဗြဟ္မာဖြစ်တယ်လို့ပြောတယ်၊ ဘယ်လိုပဲ သုဂတိဘုံသား ဆိုင်းဘုတ်ဆွဲပြီး ခေါင်းတွေကို ဘယ်လောက်ပဲတပ်တပ် သူတို့လည်းပဲ ရောက်ရှိတာသည် ဝိညာဏ်အစ ဝေဒနာအဆုံး ခန္ဓာဘယ်နှစ်ပါးပေါ်လဲ'

'ငါးပါးပေါ်ပါတယ်ဘုရား'

'သစ္စာနဲ့ပြောတော့'

'ဒုက္ခသစ္စာပါဘုရား'

'အားလုံးသော သုံးဆယ့်တစ်ဘုံသားတွေသည် ရောက်ရာဌာနကို အကောင်းမပါပုံလေးက ဒုက္ခသစ္စာကို ပြနေတယ်၊ ဒါကြောင့် ကံပစ်ချတဲ့နေရာကို ရောက်လာကြတဲ့ သုံးဆယ့်တစ်ဘုံသားတွေသည် -

**"ရောက်ရာဌာန ဆင်းရဲလှ၊ ရရဇာတိ ဆင်းရဲတည်း "**

'ကံပစ်ချလို့ရောက်လာတဲ့ ဟောဒီ သုံးဆယ့်တစ်ဘုံထဲမှာ အပါယ်လေးဘုံသားတွေ ဖြစ်တော့လည်းပဲ ခန္ဓာပေါ်တဲ့အတွက် ဒုက္ခသစ္စာ ဆင်းရဲခြင်းနဲ့ မနေရဘူးလား?'

'နေရပါတယ်ဘုရား'

'ကုသိုလ်ကံက ပစ်ချလို့ လူဖြစ်လာတဲ့ ခန္ဓာငါးပါးလည်း ဒုက္ခဆင်းရဲနဲ့ မနေရဘူးလား?'

'နေရပါတယ်ဘုရား'

'ဒီထက် တစ်ဆင့်မြင့်တဲ့ နတ်တွေ, ဗြဟ္မာတွေဖြစ်လည်းပဲ ခန္ဓာရရင် ဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား'

http://www.dhammadownload.com



'အဲဒါကို မသိတဲ့အတွက်ကြောင့်မို့လို့ ကိုယ့်ဘဝလေးမှာ သူသူငါငါ သားနဲ့သမီးနဲ့ သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင် ဇိမ်ကျကျနဲ့နေရလို့ ဒီဘဝကို ခင်တယ်ဆိုတဲ့ တဏှာကလာပြန်တယ်၊ ဟောဒီပစ္စုပ္ပန်မှာ ရောက်ရာဌာနကြည့်လိုက်တဲ့အခါမှာ ပြည့်စုံကြွယ်ဝချမ်းသာတဲ့ ပုဂ္ဂိုလ်လည်း ဘာသစ္စာနဲ့နေရ'

'ဒုက္ခသစ္စာနဲ့နေရပါတယ်ဘုရား '

'ချမ်းသာတယ်ဆိုတာ မြူမှုန်ကိုမတွေ့ရဘူး၊ အဲဒီ ချမ်းသာမပါတဲ့ ဆင်းရဲကိုမမြင်တဲ့အတွက်ကြောင့်မို့လို့ လက်ရှိဘဝကို ကျေနပ်ပြီးတော့ သာယာတယ်ဆိုကတည်းက တဏှာလာတာသည် လက်ရှိ ပစ္စုပ္ပန်ဘဝကိုကျေနပ်လို့၊ လက်ရှိပစ္စုပ္ပန်ဘဝသည် ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ကျေနပ်စရာ မဟုတ်ပါလားလို့ မသိတာက'

'အဝိဇ္ဇာပါဘုရား'

'မသိတဲ့အဝိဇ္ဇာကြောင့် ဟောဒီမှာ ခင်တဲ့တဏှာကလာတယ်၊ မဖြစ်မနေ စွဲလမ်းတဲ့ ဥပါဒါန်ကလာတယ်၊ ဒါကြောင့် ဒီပေါ်မှာ ဒီသား ဒီသမီးနဲ့ သိုက်သိုက်ဝန်းဝန်း ပျော်ပျော်ရွှင်ရွှင် ပြန်နေချင်လို့ ဒါနကံတွေပြုပြန်တယ်၊ သီလကံတွေစောင့်ထိန်းတယ်၊ အဲဒီကံတရားတွေကြောင့် ကမ္မဘဝပစ္စယာ ဇာတိဆိုတော့ ဇာတိက ပြန်မစဘူးလား?'

'စပါတယ်ဘုရား'

'ဒုက္ခနဲ့ဒုက္ခ လဲနေတာနော်'

'မှန်လှပါဘုရား'

'အဲဒီလောက်လေး ပြောတဲ့အခါကျတော့ သူတော်စင်များက ဒုက္ခသရုပ်ကို မမြင်ပြန်ဘူး၊ သံဝေဂရဖို့အတွက်ကလည်းပဲ ဉာဏ်က မထက်ရင် မြင်လွယ်တဲ့အနေအထား မရတဲ့အတွက်ကြောင့်မို့လို့ ဥပမာနဲ့ ပုံဖော်မှ သူတော်စင်များက ကွက်ကွက်ကွင်းကွင်း မြင်တတ်ပါတယ်၊ အဲတော့ ဥပမာလေးနဲ့ ပုံဖော်ပြီးတော့ ဟောဒီရထားတဲ့ဘဝကို ကံပစ်ချလို့ ရောက်လာတဲ့ ရောက်ရာဌာနသည်လည်း ချမ်းသာမပါ ဆင်းရဲသက်သက်ဆိုတာကို ဒုက္ခသစ္စာ

http://www.dhammadownload.com



နဲ့ ပုံဖော်ပေမယ့် ပြည့်စုံကြွယ်ဝချမ်းသာရင် ဒုက္ခမြင်မလား?'

'မမြင်ပါဘူးဘုရား'

'တိုက်နဲ့ကားနဲ့နေရလို့ ဇိမ်ကျနေရင်လည်း မမြင်ဘူးနော်'

'မှန်လှပါဘုရား'

'အဲဒီမမြင်တဲ့အတွက်ကြောင့် ဒီဘုံဒီဘဝကို လိုချင်တဲ့ တဏှာက လာမှာပဲ၊ လာရင်အနာဂတ်သံသရာမှာ ဇာတိက မကြိုဘူးလား?'

'ကြိုပါတယ်ဘုရား'

'ကြိုတဲ့ဇာတိ ဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား '

'အဲဒီလောက်လေးပြောတော့ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်တွေက အား. . . ဒုက္ခ သိပ်ကြောက်စရာကောင်းတယ်ကွာ၊ လွတ်အောင်ကြိုးစားမယ်လို့ ဒီအသိ ပေါ်ပေမယ့် အများသူငါ အားလုံးက ဒုက္ခမမြင်ဘူးနော်'

'မှန်လှပါဘုရား'

'မမြင်တဲ့အတွက်ကြောင့်မို့လို့ ဟောဒီ ဒုက္ခသစ္စာဆိုတဲ့ အဓိပ္ပာယ် လေးမှာ ဒုရယ်၊ ခရယ်၊ သစ္စာရယ် သုံးပုဒ်ခွဲလိုက်၊ ဒုဆိုတာက စက်ဆုပ်စရာ၊ ခဆိုတာက အသုံးမကျတာ၊ သစ္စာဆိုတာက'

'မှန်တာပါဘုရား'

'ဒါဖြင့် ဒုက္ခသစ္စာဆိုတဲ့ ဟောဒီသရုပ်ကို အဓိပ္ပာယ်ဖော်လိုက်တော့ စက်ဆုပ်စရာ အသုံးမကျတာအမှန်၊ စက်ဆုပ်စရာ အသုံးမကျတာသည် ဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား'

'စက်ဆုပ်စရာလည်း ကောင်းလှပါတယ်၊ အသုံးမကျတာလည်း မှန်တယ်၊ အဲဒါဆိုရင် ဒီလိုသိသွားတဲ့ အနက်အဓိပ္ပာယ်ပေါ်မှာ ဉာဏ်ရောက် သွားရင် ဒီဘဝကြီးကို ဘယ်သူမှ မခင်တော့ဘူး၊ အခုမခင်ဘူးလား ခင်နေ ကြလား?'

'ခင်နေကြပါတယ်ဘုရား'

http://www.dhammadownload.com



'ခင်တာက ဒုက္ခရဲ့သရုပ်ကို မမြင်လို့ပါ'

'မှန်လှပါဘုရား'

'ရောက်ရာဌာန ဆင်းရဲတယ်၊ စက်ဆုပ်စရာ သိပ်ကောင်းတယ်လို့ သဘောမကျစရာအဖြစ်ကို ကွက်ကွက်ကွင်းကွင်း မြင်အောင်က ဒီလိုဟော နေလို့မရပါဘူး၊ ဉာဏ်ရောက်တဲ့ပုဂ္ဂိုလ်အတွက်က လွယ်တယ်နော်'

'မှန်လှပါဘုရား'

'ဉာဏ်နည်းတဲ့ ဉာဏ်နုတဲ့ပုဂ္ဂိုလ်များအတွက်ကို ကွက်ကွက်ကွင်းကွင်း မြင်နိုင်အောင်က ဆုပ်ကိုင်ပြမှရပါတယ်၊ အဲလိုပြနိုင်ဖို့အတွက်က ဟောဒီ ရောက်ရာဌာန ဘုံဘဝတွေမှာ ဘာနဲ့တူတယ် ဆိုတာလေးကို သရုပ်ပေါ်အောင် ပြောရင် ယနေ့မိမိတို့တစ်တွေ သုံးဆယ့်တစ်ဘုံထဲကို ရောက်လာကြတဲ့ ပုဂ္ဂိုလ် တွေရဲ့ခန္ဓာသည် အပါယ်လေးဘုံ ခန္ဓာလည်းပဲ ဇာတိကစတယ်၊ သုဂတိ ဘုံခန္ဓာလည်းပဲ ဇာတိကစတယ်'

'မှန်လှပါဘုရား'

'ဇာတိဆိုတာက မွေးတာ၊ ဇာတိဆိုတာက ဖြစ်တာ၊ မွေးတယ် ပြောလည်းမှန်တယ်၊ ဖြစ်တာပြောလည်း မှန်တယ်၊ ဒါဖြင့် မွေးတာလည်း ဇာတိ ဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား'

'အဲဒီလိုနဲ့ ဟောဒီမွေးလာပြီးတဲ့နောက်မှာ အချိန်တွေ ကုန်သွားတိုင်း အိုမင်းလာတော့ ဇရာလက်တွင်း မရောက်ဘူးလား?'

'ရောက်ပါတယ်ဘုရား'

'အဲဒီ ဇရာလက်တွင်းထဲ ရောက်တဲ့အတွက် ခါးတွေကိုင်း၊ နားတွေ ထိုင်း၊ မျက်လုံးတွေမွဲ၊ မိမိရဲ့ခန္ဓာကိုယ်ကြီး ကိုင်းကျတဲ့အထိ သူများဆီမှာ သွားလို့မရ၊ ထလို့မရတဲ့ အနေအထားမျိုးနဲ့ တကယ့်ကို အနှိပ်စက်ခံရတဲ့ ဇရာသရုပ်ကလည်းပဲ ခန္ဓာရတဲ့ပုဂ္ဂိုလ်တိုင်းမှာ မပါဘူးလား?'

'ပါပါတယ်ဘုရား'

'အနှိပ်စက်ခံရလို့ ဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့် မိမိတို့ စတုန်းကလည်း ဘာနှင့်စ'

'ဒုက္ခသစ္စာနဲ့ စပါတယ်ဘုရား'

'အလယ်မှာနေရတဲ့ ဇရာကလည်း ဘာနှင့်နေရ'

'ဒုက္ခသစ္စာနဲ့နေရပါတယ်ဘုရား'

'အဆုံးသတ်ကော မသေရဘူးလား?'

'သေရပါတယ်ဘုရား'

'သေရတာလည်း သုခလား, ဒုက္ခလား?'

'ဒုက္ခသစ္စာပါဘုရား'

'အစ အလယ် အဆုံးကို ကြည့်လိုက်ရင် ဒုက္ခနဲ့စခဲ့တယ် ဒုက္ခနဲ့ ဆုံးခဲ့တယ်၊ ဒုက္ခနဲ့ဆုံးပါလားဆိုတာ ဘယ်မှာသုခပါလဲ?'

'မပါပါဘုရား'

'ကြိုက်စရာ ဘာမှမပါပါလားဆိုတာကို ဒီသရုပ်လေးနဲ့ပြောတော့လည်းပဲ သိသလိုလိုနဲ့ ပျောက်သွားခဲ့ပြန်တယ်၊ ရင်ထဲမှာစွဲဖို့ မလွယ်ပြန်ဘူး၊ ဒါကြောင့် .ရင်ထဲမှာစွဲပြီးကျန်နေအောင်လို့ ဟောဒီ ရုပ်နာမ်ခန္ဓာတွေ ရောက်ရှိလာတဲ့ သုံးဆယ့်တစ်ဘုံသားထဲမှာ အပါယ်လေးဘုံသားလည်းပဲ မွေးပြီးရင်သေမှာပဲ၊ ဖြစ်ပြီးရင် ပျက်မှာပဲ၊ သုံးဆယ့်တစ်ဘုံသားထဲမှာ သုဂတိဘုံကို ကုသိုလ်ကံကြောင့် ရောက်လာတဲ့ လူနတ် ဗြဟ္မာတွေလည်းပဲ မွေးပြီးရင် ဘာဖြစ်ရ'

'ပျက်ရပါတယ်ဘုရား'

'သဗ္ဗညုမြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်ပင်လျှင် မသေခဲ့ရဘူးလား?'

'သေခဲ့ရပါတယ်ဘုရား'

'အဲဒီလို ပုဂ္ဂိုလ်ကြီးတွေတောင် သေကြရတယ်ဆိုရင် ကိုယ်တွေဆိုရင် ပြောစရာမလိုတော့ပါဘူး'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့် ဘဝတိုင်း ဘဝတိုင်းမှာ ပြောသာပြောနေကြတာ နောက်ဆုံးတော့ အဆုံးသတ်ပြီး သေခဲ့ရ၊ ကြုံခဲ့ရတာသည် သုံးဆယ့်တစ်ဘုံရဲ့သဘာဝပါ'

'မှန်လှပါဘုရား'

'ဒါဖြင့် သုံးဆယ့်တစ်ဘုံထဲကို ရောက်လာကြတဲ့သတ္တဝါတွေသည် ရောက်လာတိုင်း ရောက်လာတိုင်း ရှင်ဖို့ဖြစ်လာတာလား၊ သေဖို့ဖြစ်လာတာလား ?'

'သေဖို့ဖြစ်လာတာပါဘုရား'

'ဒီတရားနာပရိသတ်ထဲမှာ မသေရမယ့် ပုဂ္ဂိုလ်တွေပါသလား?'

'မပါပါဘူးဘုရား'

'သေကိုသေရမယ်'

'သေရမှာပါဘုရား'

'အဲဒီသေရမယ့်အဖြစ်လေးတွေကို ယနေ့ သူတော်စင်များက ဩဇာ-ရှေ့ဆုံးမှာရောက်နေတဲ့ပုဂ္ဂိုလ်က အရင်သေမှာပဲလို့ မတွက်နဲ့နော်'

'မှန်လှပါဘုရား'

'ဒါဖြင့် သူသူငါငါအားလုံးသည် သေတော့မသေရဘူးလား?'

'သေရမှာပါဘုရား'

'အဲဒီသေရမယ့်ဘဝကို ရောက်လာတဲ့အတွက် တစ်ဦးနဲ့တစ်ဦးဟာ ငါ့အလှည့် ဘယ်တော့ရောက်မလဲလို့ စောင့်နေရတာနဲ့ မတူဘူးလား ?'

'တူပါတယ်ဘုရား '

'ဒါဖြင့် စောင့်နေရတဲ့ဘဝလေးသည် ဘယ်လောက်အဖြစ်ဆိုးတယ်ဆိုတာကို ပုံပေါ်အောင်ပြောရင် ယနေ့ သူတော်စင်များသည် အခု ကိုယ်စားသောက်နေတဲ့ အသားလေးတွေသည် သေမှုစားတာလား၊ အရှင်ကိုစားတာလား?'

'သေမှုစားတာပါဘုရား'

http://www.dhammadownload.com



'သေမှစားကြတာပါ။ အဲဒီလို သေမှစားကြရတဲ့အတွက်ကြောင့်မို့ သားသတ်ရုံဆိုတာ ရှိ၊ မရှိ'

'ရှိပါတယ်ဘုရား'

'ရှိတယ်နော်'

'မှန်လှပါဘုရား'

'အဲဒီ သားသတ်ရုံဆိုတာက သတ္တဝါတွေကို ဘေးမဲ့ပေးဖို့ ဖွင့်တာလား၊ သတ်ဖို့လား?'

'သတ်ဖို့ ဖွင့်တာပါဘုရား'

'သတ်ဖို့ဆိုတာ ပေါ်သွားပါပြီ'

'မှန်လှပါဘုရား'

'သားသတ်ရုံဆိုတာ ရောက်လာတဲ့ သတ္တဝါတွေကို အရှင်ထားဖို့ မဟုတ်ဘူး သတ်ဖို့၊ ဒါဖြင့်ရင် ရောက်လာတဲ့သတ္တဝါတွေကို သတ်ဖြတ်တဲ့ရုံကို ဘာလို့ခေါ်'

'သားသတ်ရုံလို့ ခေါ်ပါတယ်ဘုရား'

'အဲဒီ သားသတ်ရုံထဲကို ပို့လွှတ်လိုက်တဲ့အရာတွေမှန်သမျှ အသတ်ခံရဖို့လို့ မှတ်ထားနော်'

'မှန်လှပါဘုရား'

'နွားသတ်ရုံဆိုရင် ပို့လိုက်တဲ့ နွားတွေသည် အသတ်ခံရမယ့် နွားတွေပဲလို့ မှတ်ထားပါ။ ဝက်သတ်ရုံဆိုတာသည် ပို့လွှတ်လိုက်တဲ့ ဝက်တွေ အသတ်ခံရမယ်၊ ဒါဖြင့်ရင် သားသတ်ရုံထဲကို အသတ်ခံရမယ့် သတ္တဝါတွေကော ရောက်မနေဘူးလား?'

'ရောက်နေပါတယ်ဘုရား'

'အဲဒီသတ္တဝါတွေ တိုင်မှာချည်ထားတာကို သူတော်စင်များ တွေ့ဖူးကြတယ် မဟုတ်လား?'

'တွေ့ဖူးပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီ သတ္တဝါလေးတွေသည် သူတို့ရဲ့ ကျောလေးတွေမှာ သူတို့ အတွက်ကို တံဆိပ်လေးတွေ ကပ်ထားပြီးသား၊ သူတို့သေရမယ်ဆိုတာကို သိလား?'

'မသိပါဘူးဘုရား'

'မိမိတို့ရဲ့အမှတ်မထင် ကြည့်လိုက်တဲ့အခါမှာ ဪ. . . ဒီကောင် မနက်ဖြန် သေရတော့မှာပဲ ကိုယ်ကတန်းမြင်တယ်၊ အဲလို မြင်လိုက်တဲ့အခါမှာ သူ့အတွက်ကို ကရုဏာတန်းဖြစ်တယ်၊ သူကတော့ သိလား?'

'မသိပါဘုရား'

'မသိတော့ ပျော်မပျော်'

'ပျော်ပါတယ်ဘုရား'

'ပျော်ရဲတာသည် ငါမနက်ဖြန်သေရတော့မှာကို မသိလို့'

'မှန်လှပါဘုရား'

'အဲဒီသတ္တဝါလေးရဲ့အဖြစ်ကို မြင်သွားပြီ၊ အဲဒီသတ္တဝါလေး နက်ဖြန် လည်း ရောက်ရော ဟောဒီသားသတ်ရုံမှာ သတ်မယ့်သူကလည်း မရှိဘူး လား?'

'ရှိပါတယ်ဘုရား'

'သတ်မယ့်သူသည် သားသတ်သမားပေါ့နော်'

'မှန်လှပါဘုရား '

'သားသတ်ရုံလည်းရှိတယ်၊ အသတ်ခံရမယ့် သတ္တဝါလည်းရှိနေတယ်၊ သားသတ်သမားကလည်း ရောက်နေပြီ၊ အဲဒီအချိန်မှာ ဟောဒီ အလှည့်ကျတဲ့ သတ္တဝါလေး နွားသော်လည်းကောင်း၊ ဝက်သော်လည်းကောင်း၊ သိုးသော် လည်းကောင်း၊ ဆိတ်သော်လည်းကောင်း တစ်ကောင်ကောင်ပေါ့၊ အဲဒီ အကောင်လေး သူ့အလှည့်လည်းရောက်ရော အဲဒီ သူသတ်သမား လက်တွင်း ကို သွားပြီးတော့ လည်စင်းပြီး သူ့အလိုလို သွားအသတ်ခံလား?'

'မခံပါဘုရား'

http://www.dhammadownload.com



'ဘယ်သူမှ အသတ်မခံဘူး၊ အသတ်ခံရမယ့်အလှည့်ကို ရောက်လာပြီဆိုရင် အဲဒီသတ္တဝါလေး သတ်မယ့်သူထံရောက်ဖို့ ကြားထဲမှာ ဘယ်သူရှိလဲ မေးတော့ သားဆွဲသမားရှိတယ်၊ ဘယ်သူရှိလဲ ?'

'သားဆွဲသမားပါဘုရား'

'အဲဒီ သားဆွဲသမားက ကြိုးလေးကို ဆွဲသွား, ဆွဲသွားရင် အသတ်ခံရမယ့် နွားလေးသော်လည်းကောင်း၊ သိုးလေးသော်လည်းကောင်း ခြေတစ်လှမ်း ရှေ့ကို တိုးမသွားဘူးလား ?'

'တိုးသွားပါတယ်ဘုရား'

'ခြေတစ်လှမ်း ရှေ့ကိုတိုးသွားတာသည် သေဖို့နီးလား၊ ဝေးလား?'

'နီးပါတယ်ဘုရား'

'ငါ အသတ်ခံရတော့မယ်လို့ အဆွဲခံရတဲ့ နွားသော်လည်းကောင်း၊ သိုးလေးသော်လည်းကောင်း သူသိလား?'

'မသိပါဘုရား'

'အဲဒီလို သူမသိတဲ့အတွက်ကြောင့်မို့လို့ ပတ်ဝန်းကျင်မှာရှိတဲ့ နွားတွေ သိုးတွေ တစ်ခုခုကိုများ တွေ့ပြီဆိုရင် ဥပမာအားဖြင့် နွားသတ်တဲ့သူဆို အဲဒီနွားလေးကို ဆွဲလာ၊ အဆွဲခံလာရတဲ့ နွားလေးက ငါ့ကို သတ်တော့မယ်၊ ငါသေဖို့နီးလာပြီ၊ ငါသေရတော့မယ်ဆိုပြီး ရုန်းထွက်ဖို့ မကြိုးစားတာက မသိလို့ပေါ့နော်'

'မှန်လှပါဘုရား'

'အဲလို မသိတဲ့အတွက်ကြောင့် ဒီသားသတ်ရုံနားက တဖြည်းဖြည်းနဲ့ သူသတ်သမားနား နီးလာတာတောင်မှ ဆွဲတဲ့ပုဂ္ဂိုလ်ကို ရန်သူလို့ မသတ်မှတ်ဘဲ မိတ်ဆွေလို့ထင်တဲ့အတွက် အားကိုးပြီး ပတ်ဝန်းကျင်မှာရှိတဲ့ အဖော်နွားတွေကို တွေ့ရင်တောင် ချိုလေးသွေးပြီး မာန်စောင်လို့ ခွာလေးယက်ပြလိုက်၊ တွန်ပြလိုက်နဲ့ သူပျော်ပုံလေးကိုကြည့်ရတာ အကျည်းမတန်ဘူးလား?'

'အကျည်းတန်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဩော်. . . အဖြစ်သိပ်ဆိုးတယ်ဆိုတာ ပေါ်သွားပြီနော်'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် ဒါက ဥပမာပေးနေတာ၊ ဥပမာပေးသွားတဲ့နေရာမှာ သားသတ်ရုံရယ်၊ အသတ်ခံရမယ့်သတ္တဝါရယ်၊ သားဆွဲသမားရယ်၊ သားသတ်သမားရယ် ရှင်းသွားပြီနော်'

'မှန်လှပါဘုရား'

'ဒီထက်ပိုပြီး ပေါ်လွင်အောင်ပြောရရင် နွားသတ်ရုံရှိတယ်ပေါ့'

'မှန်လှပါဘုရား'

'အသတ်ခံရမယ့် နွားလေးတွေလည်း ရှိတယ်ပေါ့၊ နွားဆွဲသမားလည်း ရှိတယ်၊ နွားသတ်သမားလည်းရှိတယ်၊ ဘယ်နှစ်မျိုးရှိတာလဲ'

'လေးမျိုးရှိပါတယ်ဘုရား'

'ဒီလေးမျိုးက ဥပမာလို့ မှတ်ထား'

'မှန်လှပါဘုရား'

'ယနေ့ရတဲ့ ဘဝဖြစ်စဉ်နဲ့ တိုက်ကြည့်ရအောင် မိမိတို့အားလုံး ဟောဒီ ပစ္စုပ္ပန်ထဲမှာ သုံးဆယ့်တစ်ဘုံသားတွေ ကံပစ်ချလို့ရောက်လာတာ'

'မှန်လှပါဘုရား'

'ကံပစ်ချလို့ ရောက်လာကြတဲ့ ဟောဒီ သုံးဆယ့်တစ်ဘုံသားတွေ အားလုံးသည် သူဆိုင်ရာ ဆိုင်ရာကို ရောက်တဲ့အတွက် အပါယ်လေးဘုံသားလည်းပဲ အသတ်ခံရဖို့ ရောက်နေကြတာ'

'မှန်လှပါဘုရား'

'မိမိတို့ရောက်နေကြတာသည် လူ့ဘဝကံ အကျိုးပေးကောင်းတယ်လို့ပြောပင် ပြောငြားသော်လည်း လူဖြစ်တဲ့ ဘဝကလည်း ဘာဖြစ်လို့ရောက် အသတ်ခံရဖို့'

'ရောက်လာတာပါဘုရား'

'နတ်သား နတ်သမီးတွေလည်း ဘာဖြစ်လို့ရောက်နေ'

'အသတ်ခံရဖို့ ရောက်နေတာပါဘုရား'

http://www.dhammadownload.com



'ပြဟ္မာကြီးတွေလည်းပဲ ဘာဖြစ်လို့ရောက်နေ'

'အသတ်ခံရဖို့ ရောက်နေတာပါဘုရား '

'အသတ်ခံရဖို့ရောက်နေတဲ့ သုံးဆယ့်တစ်ဘုံသားတွေသည် သေချာ ပြန်ကြည့်လိုက်တော့ ရှင်လမ်းမရှိပါလား?'

'မှန်လှပါဘုရား'

'ဒါဆိုရင် ဥပမာ ဥပမေယျနဲ့ နှိုင်းယှဉ်ကြည့်လိုက်လျှင် -

**"သုံးဆယ့်တစ်ဘုံ၊ သားသတ်ရုံ၊ ပမာပုံတူသည်"**

'အခုရောက်ရှိနေတဲ့ သုံးဆယ့်တစ်ဘုံကြီး ဘာနဲ့တူလဲမေးရင် သား သတ်ရုံနဲ့တူတယ်လို့မှတ်ထား'

'မှန်လှပါဘုရား'

'ဘာနဲ့တူ?'

'သားသတ်ရုံနဲ့ တူပါတယ်ဘုရား'

'ကိုယ်ရောက်နေတာကြီးက ဘယ်ထဲမှာ'

'သားသတ်ရုံထဲမှာ ပါဘုရား'

'မြင်အောင်ကြည့်နော်'

'မှန်လှပါဘုရား'

'အခု သားသတ်ရုံထဲကို ရောက်နေတယ်ဆိုတော့ အပါယ်လေးဘုံ သားသတ်ရုံကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'လူ့ပြည်ဌာန လူ့လောကကိုရောက်နေကြတဲ့ ပုဂ္ဂိုလ်တွေက လူ သားသတ်ရုံ၊ နတ်ပြည်ဌာန နတ်လောကကို ရောက်နေကြတဲ့ နတ်သား နတ်သမီးတွေကော နတ်သားသတ်ရုံမှာ၊ ပြဟ္မာကြီးတွေက ပြဟ္မာ သားသတ် ရုံမှာ၊ သူ့သားသတ်ရုံနဲ့ သူရှိမရှိ?'

'ရှိပါတယ်ဘုရား'

'သားသတ်ရုံမှန်း ပေါ်လွင်အောင် ပြောလိုက်ပြီ၊ အဲဒီ သုံးဆယ့်တစ်ဘုံ ကြီးသည် သားသတ်ရုံနဲ့တူတယ်ဆိုတော့ ကိုယ့်ဆိုင်ရာဆိုင်ရာ သားသတ်ရုံမှာ

http://www.dhammadownload.com



နေရာယူပြီးသွားကြပြီ၊ နေရာယူထားကြတဲ့ပုဂ္ဂိုလ်တွေ အားလုံးကို လူလို့ခေါ်တယ်၊ နတ်လို့ခေါ်တယ်၊ ပြဟ္မာလို့ခေါ်တယ်၊ အပါယ်လေးဘုံသားလို့ခေါ်တယ်၊ ပုံသဏ္ဍာန်အထည်နဲ့ရှိတဲ့ သတ္တဝါတွေ ဟောဒီ ပစ္စုပ္ပန် (၂) အကွက်ထဲကို ရောက်မနေဘူးလား?'

'ရောက်နေပါတယ်ဘုရား'

'ဘာလုပ်ဖို့ရောက်'

'အသတ်ခံရဖို့ရောက်နေတာပါဘုရား'

'နွားသတ်ရုံထဲကို ပို့လိုက်တဲ့ နွားလေးတွေသည် ဘာဖြစ်လို့ရောက်'

'အသတ်ခံရဖို့ရောက်နေတာပါဘုရား'

'ဟော-နည်းနည်းတော့ ဆင်သွားပြီနော်'

'မှန်လှပါဘုရား'

'ဥပမာပေးကြမ်းတယ်လို့ မထင်နဲ့နော်၊ ဥပမာကို သူတော်စင်များက ယနေ့ အဲဒီဘဝ စက်ဆုပ်စရာ အသုံးမကျတာအမှန်ပဲလို့ ထင်ခဲ့တဲ့ပုံကို ရင်ထဲစွဲအောင်လို့ ဥပမာပေးနေတာ'

'မှန်လှပါဘုရား'

'ဒုက္ခနဲ့ ဒုက္ခလဲနေတယ်ကွာလို့ ဒီလောက်ပြောရင် သူတော်စင်များက သိပ်မမြင်တဲ့အတွက် မြင်လွယ် ထင်လွယ်အောင် ဥပမာပေးလိုက်တော့ သုံးဆယ့်တစ်ဘုံကြီးသည် ဘာနှင့်တူ'

'သားသတ် ရုံနှင့်တူပါတယ်ဘုရား'

'ကဲ-ဒါဖြင့် သုံးဆယ့်တစ်ဘုံရောက်နေကြတဲ့ သတ္တဝါတွေ ဥပမေယျနဲ့ တွဲစပ်ကြစို့ဆိုတော့. . .

**"သတ္တဝါများ၊ သတ်မည့်နွား၊ မခြားတူလေသည်"**

'ကံပစ်ချလို့ ရောက်ရှိလာကြတဲ့ ပုံသဏ္ဍာန်အမျိုးမျိုးကို လိုက်ပြီးတော့ ငရဲသားလို့ခေါ်တယ်၊ တိရစ္ဆာန်လို့ခေါ်တယ်၊ ပြိတ္တာလို့ခေါ်တယ်၊ အသူရကာယ်လို့ခေါ်တယ်၊ လူနတ်, ပြဟ္မာလို့ခေါ်တယ်၊ ခေါ်ချင်သလောက်ခေါ် ပြောနေကြတဲ့ သတ္တဝါတွေအားလုံး ခုတော့ ပေါ်လွင်သွားပြီ၊ ဘာနဲ့တူသလဲမေးရင်

http://www.dhammadownload.com



အသတ်ခံရမယ့် နွားလေးတွေနဲ့တူတယ်၊ ဘာနဲ့တူ'

'အသတ်ခံရမယ့်နွားလေးတွေနဲ့ တူပါတယ်ဘုရား'

'အခု ကိုယ့်အဖြစ်ပေါ်သွားပြီပေါ့'

'ပေါ်ပါတယ်ဘုရား'

'ဘဝ ဘယ်လောက်ဆိုးတယ်ဆိုတာ မြင်လာပြီနော်'

'မှန်လှပါဘုရား'

'သုံးဆယ့်တစ်ဘုံကြီးက သားသတ်ရုံနဲ့တူသလို ရောက်နေကြတဲ့ သတ္တဝါတွေအားလုံးက အသတ်ခံရမယ့် နွားလေးတွေနဲ့တူနေတယ်'

'မှန်လှပါဘုရား'

'ကိုယ့်အလှည့် ဘယ်တော့ကျမလဲဆိုတာမြင်လား'

'မမြင်ပါဘူးဘုရား'

'မမြင်တဲ့အတွက် လုပ်ငန်းတွေနဲ့ပျော်ကြတယ်၊ သားတွေ သမီးတွေနဲ့ ပျော်ကြတယ်၊ အိုးအိမ်, တိုက်တာ ကာမဂုဏ်အာရုံထဲမှာ အပျော်ကြီးပျော် နေကြတာ ပျော်ဖို့မသင့်ပါလားဆိုတာကို ဒီဥပမာလေးက သူတော်စင်များ အတွက်ကို သံဝေဂ ပုံဖော်နေတာဖြစ်တဲ့အတွက် ကဲ-မြင်အောင်ကြည့်ကြ ပါနော်'

'မှန်လှပါဘုရား'

'သုံးဆယ့်တစ်ဘုံကြီးသည် သားသတ်ရုံနဲ့တူသလို ရောက်နေကြတဲ့ သတ္တဝါတွေက အသတ်ခံရမယ့် နွားလေးတွေနဲ့တူတယ်၊ အလှည့်ကျတဲ့ နွားလေး တစ်နေ့တစ်နေ့ ကုန်သွားတိုင်း အလှည့်ကဝေးလား, နီးလား?'

'နီးလာပါတယ်ဘုရား'

'အခု မိမိတို့တစ်တွေလည်း အလှည့် နီး မနီး'

'နီးပါတယ်ဘုရား'

'ဘယ်သူအရင်သွားချင်တုန်း'

'ဘယ်သူမှမသွားချင်ပါဘူးဘုရား'

http://www.dhammadownload.com



'မသွားချင်လည်းမရဘူး၊ ကိုယ့်မှာက ကံတံဆိပ်က နှိပ်လိုက်ပြီးပြီ၊ ဘယ် အသက်အရွယ်မှာ ဘယ်အချိန်မှာ ဘယ်လိုပုံစံနဲ့ သေမယ်ဆိုတာ ပါပြီး သားနော်'

'မှန်လှပါဘုရား'

'အဲဒီပါလာတဲ့ ဟောဒီကံကို ဘယ်သူမှ မမြင်နိုင်ဘူး'

'မမြင်နိုင်ပါဘူးဘုရား'

'အဲဒီ မမြင်နိုင်တဲ့အရာကို သေချာပေါက် ပြောရဲတာက တစ်နေ့တခြား နီးနေပြီပဲ'

'မှန်လှပါဘုရား'

'အဲဒီနီးနေတဲ့ နေရာက ဟောဒီရောက်နေတဲ့သတ္တဝါ အသတ်ခံရမယ့် အဖြစ်ဆိုးဟာ တစ်နေ့တခြား သားသတ်သမားနဲ့ နီးလာတာကို ဘယ်သူက ဆွဲလာသလဲဆိုတာကို သိဖို့မလိုဘူးလား?'

'လိုပါတယ်ဘုရား'

'အသတ်ခံရမယ့်နွားကိုတော့ ဆွဲလာလိုက်တာ နွားဆွဲသမားနော်'

'မှန်လှပါဘုရား'

'မိမိတို့တစ်တွေကျတော့ ဇာတိမွေးလာရင် ဘယ်သူ့လက်ထဲ တဖြည်း ဖြည်း ရောက်လာတုန်း'

'ဇရာ လက်ထဲပါဘုရား'

'အခုဘယ်သူ့လက်ထဲမှာ'

'ဇရာလက်ထဲမှာပါဘုရား'

'ဒါကြောင့်မို့လို့ -

**"ဇရာတရား၊ နွားဆွဲသမား၊ သတ်သူထံ ဆွဲနေသည်"**

'တစ်နေ့တစ်နေ့ အချိန်တွေ ကုန်ဆုံးပြီးတော့ အိုလာ, အိုလာတယ် ဆိုတာဟာ တခြားမမှတ်နဲ့ကွာတဲ့၊ အသတ်ခံရမယ့်နွားသည် အလှည့်ကျလာလို့ တဖြည်းဖြည်းကြိုးလေးနဲ့ ဆွဲလာလို့ တရွေ့ရွေ့ပါလာသလိုမျိုး ကိုယ့်ကိုလည်း ဇရာတရားက နေ့စဉ် ဆွဲမလာဘူးလား?'

'ဆွဲလာပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီ ဆွဲလာရတဲ့ ဘဝလေးဟာ သူသတ်သမားလက်ထဲကို မရောက်သေးဘူးနော်'

'မှန်လှပါဘုရား'

'ရောက်ခါနီးပြီလို့ မှတ်ထားပေါ့'

'မှန်လှပါဘုရား'

'ဝေးလား, နီးလား'

'နီးလာပါတယ်ဘုရား'

'တရွေ့တရွေ့ နီးလာပြီ၊ အဲဒီ နီးလာတဲ့ အခိုက်အတန့်လေးမှာ ပြန်ကြည့်လိုက်တော့ ဆွဲလာတာက နွားဆွဲသမား၊ ဟော နွားလေးကလည်း ကြိုးလေးတင်းသွားတိုင်း တင်းသွားတိုင်း ရှေ့ခြေလေးတစ်ချောင်း ရှေ့တိုးမသွားဘူးလား?'

'တိုးလာပါတယ်ဘုရား'

'ရှေ့ကိုတိုး၊ သေဖို့သာပြင်'

'ကဲ. . . ရှေ့တိုးတာ ဘာဖြစ်ဖို့'

'သေဖို့ရာဖြစ်လာတာပါဘုရား'

'ရှေ့ တစ်လှမ်းတိုးတိုင်းဟာ သေဖို့ရန်နီးလာပြီနော်'

'မှန်လှပါဘုရား'

'တရွေ့တရွေ့ ကုန်သွားတိုင်းကော သေဖို့ရန် နီးလာလား၊ ဝေးလာလား?'

'နီးလာပါတယ်ဘုရား'

'ကြောက်လှချည်ရဲ့ဆိုပြီး နောက်ပြန်ဆုတ်မယ်ဆိုရင် ဆုတ်လိုက်စမ်းပါ'

"ရှေ့ကိုတိုး၊ သေဖို့သာပြင်၊ နောက်တစ်လှမ်းပြန်ဆုတ်၊ လွတ်ရိုးထုံးစံမရှိ"

'ရှိပါ့မလား'

'မရှိပါဘူးဘုရား'

http://www.dhammadownload.com



'နောက်ပြန်ဆုတ်တဲ့ ခြေလှမ်းလည်းပဲ သေဖို့နီးသွားတာ ရှေ့တိုးတဲ့ ခြေလှမ်းလည်းပဲ'

'သေဖို့ နီးလာတာပါဘုရား '

'ဒါဖြင့် ဘေးတိုက်သွားချင်သေးလား?'

'မသွားချင်ပါဘုရား'

'ကန့်လန့်လုပ်ချင်တဲ့သူ ရှိသေးတာပေါ့၊ အဲဒီ ဘေးတိုက်သွားလည်းပဲ သေဖို့နီးလာတာပဲ'

'မှန်လှပါဘုရား'

'ဘယ်သူက ဆွဲလာလဲမေးတော့ ဇရာဆိုတဲ့ နွားဆွဲသမားက ဆွဲလာတယ်၊ အဲဒီနွားဆွဲသမား လက်ထဲမှာပါလာတဲ့ ကြိုးတန်းလန်းနဲ့ နီးလာတဲ့ နွားလေးဟာ ငါသေဖို့နီးလာပြီ သေဖို့နီးလာပြီဆိုတာကို မေ့မေ့လျော့လျော့ မသိတဲ့အတွက်ကြောင့်မို့လို့ အဖော်နွားတွေကို တွေ့လိုက်တဲ့အချိန်မှာ အဲဒီ ဆွဲလာတဲ့ နွားဆွဲသမားကို အားကိုးပြီးတော့များ ခွာလေး ယက်ပြလိုက်သေးတယ်၊ ချိုလည်း သွေးပြလိုက်သေးတယ်၊ တွန်လည်း တွန်ပြလိုက်သေးတယ်၊ အဲဒီနွားလေးကြည့်စမ်း မပျော်ဘူးလား၊ ပျော်နေလား?'

'ပျော်နေပါတယ်ဘုရား'

'ပျော်နေတာက သေဖို့နီးလာတာ မသိလို့'

'မှန်လှပါဘုရား'

'အခု မိမိတို့ရဲ့ ဘဝဘယ်လောက်ဆိုးလဲမေးတော့ ဟောဒီပစ္စုပ္ပန်မှာ ရောက်ရှိနေတဲ့ဘဝမှာ သား သမီး မြေး မြစ်နဲ့ မနေရဘူးလား?'

'နေရပါတယ်ဘုရား'

'အိုးအိမ် တိုက်တာ ဥစ္စာပစ္စည်းနဲ့လည်း မပျော်ကြဘူးလား?'

'ပျော်ကြပါတယ်ဘုရား'

'အဲဒီပျော်နေတာသည် ဘယ်သူ့လက်ထဲမှာ'

'ဇရာလက်ထဲမှာပါဘုရား'

http://www.dhammadownload.com



'နွားဆွဲသမားနဲ့တူတဲ့ ဇရာလက်ထဲမှာ'

'မှန်လှပါဘုရား'

'ပျော်ကောင်း မပျော်ကောင်းဆိုတာ ပေါ်လာပြီနော်'

'မှန်လှပါဘုရား'

'အဲဒီ ဇရာလက်တွင်းမှာ ပျော်နေရတဲ့ မိမိတို့အဖြစ် တရွေ့ရွေ့နဲ့ နီးလာနီးလာတာကို မသိတဲ့အတွက်ကြောင့်မို့လို့ ဟော-သားလေးနဲ့လည်းပဲ ချစ်ချစ်ခင်ခင်နေချင်တယ်၊ သမီးနဲ့လည်းပဲ မခွဲချင်ဘူး၊ မြေးတွေ မြစ်တွေနဲ့ လည်း အပျော်ကြီး ပျော်ချင်ပြန်တယ်၊ ဒါဖြင့် မြေးလေး တွေနဲ့ တီတီတာတာ နေချင်၊ သားတွေ သမီးတွေနဲ့ ပျော်ပျော်ရွှင်ရွှင် နေနေရင် ခုန ပစ္စည်းတွေနဲ့ ကာမဂုဏ်အာရုံမှာ ပျော်နေခဲ့သမျှ ဘာလုပ်တာလဲမေးရင် ချိုသွေးနေသည်၊ ခွာယက်နေသည်၊ တွန်ပြနေသည်၊ တူ , မတူ ?'

'တူပါတယ်ဘုရား'

'အဖြစ်လေး ပေါ်လာပြီနော်'

'မှန်လှပါဘုရား'

'ပျော်ကောင်း မပျော်ကောင်းဆိုတာ ပေါ်လာပြီနော်'

'မှန်လှပါဘုရား'

'သားတွေ သမီးတွေနဲ့ ပျော်ပျော်ရွှင်ရွှင်နေရင် ဘာလုပ်နေတာ'

'ချိုသွေးနေတာပါဘုရား'

'ကိုယ့်ကို ကိုယ်ပြောတာနော်၊ ကိုယ့်ဘာသာကိုယ်ပြောနေကြတာ၊ အဲတော့ သေချာပြန်ကြည့်ရင် ဒီအဖြစ် မတူဘူးလား, တူလား?'

'တူပါတယ်ဘုရား'

'ပျော်ကောင်း မပျော်ကောင်း'

'မပျော်ကောင်းပါဘုရား'

'အခုမှသိတာ နဂိုတုန်းကတော့ အရမ်းပျော်နေကြတာ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အခုတော့ နွားဆွဲသမားလက်ထဲမှာ တစ်နေ့တစ်နေ့ တရွေ့ရွေ့နဲ့ ပါလာပါလာတဲ့ဘဝကို ပြန်ကြည့်တော့ ဩော်-ပျော်စရာမရှိပါလား၊ အချိန် မရွေးသေနိုင်ပါလားလို့ ဒီအဖြစ်ကို မသိတဲ့အတွက်ကြောင့်မို့လို့ သားလေးနဲ့ တွေ့ပြန်တော့လည်း မခွဲနိုင်မခွာရက်၊ သမီးလေးနဲ့တွေ့တော့လည်းပဲ လွမ်းလို့ မဆုံး၊ မြေးတွေ မြစ်တွေကျတော့လည်း ပခုံးပေါ်ကမချချင်၊ လက်ပေါ်ကနေ ဖက်တွယ်ပြီးတော့နေနေတာသည် သူ့ခမျာ ဘာလုပ်နေတာလဲလို့မေးရင်'

'ချီသွေးနေတာပါဘုရား'

'အဲဒါ ကိုယ့်ကိုကိုယ် ပြန်မေးကြနော်၊ အဲလိုလေးလုပ်ပြီဆိုရင် ဩော်-ငါ တယ်မိုက်ပါလားလို့ ဒီလိုအသိလေးဝင်လိုက်တာနဲ့ မြေးလေးကိုလည်း ပစ်ချလိုက်တော့နော်၊ ဘာလုပ်ရမှာလဲ'

'ပစ်ချရမှာပါဘုရား'

'ဖြည်းဖြည်းချင်းချရမှာ၊ လွှတ်ချခိုင်းတာ မဟုတ်ဘူး၊ အဲဒီပစ်ချ ခိုင်းတယ်ဆိုတာက ဟောဒီတဏှာလေးကို ခင်တွယ်မှုလေး လျှော့အောင် ပြောနေတာပါ'

'မှန်လှပါဘုရား'

'ဒီတဏှာရှိရင် ဇာတိဒုက္ခပြန် မရဘူးလား?'

'ရပါတယ်ဘုရား'

'ဒုက္ခပြန်ရရင် ဘယ်ထဲပြန်ဝင်ရမှာလဲ၊ သားသတ်ရုံ ထဲပြန်ဝင်ရမယ်၊ ကဲ ဘယ်ထဲပြန်ဝင်ရမလဲ ?'

'သားသတ်ရုံထဲ ပြန်ဝင်ရမှာပါဘုရား'

'ကိုယ့်ရဲ့အဖြစ်ကို ဆိုးမှန်းမသိတဲ့အတွက်ကြောင့်မို့လို့ တစ်နေ့တခြား ပျော်ခဲ့ရတဲ့ဘဝ အကျည်းတန်တယ်ဆိုတာ ပေါ်သွားပြီ '

'မှန်လှပါဘုရား'

'နောက်ဆုံး ဘယ်သူ့လက်ထဲရောက်မလဲဆိုရင် သားသတ်သမား လက်ထဲရောက်တော့မယ်၊ ဘယ်သူ့လက်ထဲရောက်တော့မလဲ?'

'သားသတ်သမားလက်ထဲ ရောက်တော့မှာပါဘုရား'

http://www.dhammadownload.com



'အဲ့ပြီးရင် ဘာလုပ်ရမယ် '

'သေရမှာပါဘုရား'

'ဒါကြောင့် -

**"မရဏတရား၊ သားသတ်သား၊ ရောက်နွားအကုန်သတ်လေသည်"**

'နွားသတ်ရုံထဲကို ရောက်လာမယ့် အသတ်ခံရတဲ့ နွားလေးကို နွားဆွဲသမားက ဆွဲလာတယ်ဆိုရင် နွားသတ်သမားက တစ်ကောင်မကျန် သတ်ဖို့ အကုန်တာဝန်ယူလိုက်တယ်၊ ဒါဖြင့် သားသတ်ရုံထဲကိုရောက်တဲ့ နွားတွေ မှန်သမျှ တစ်ကောင်မချန် နွားသတ်သမားက သတ်နေသလို ဟောဒီ သုံးဆယ့် တစ်ဘုံကြီးထဲကိုရောက်နေတဲ့ သုံးဆယ့်တစ်ဘုံ သတ္တဝါတွေ အားလုံးကို ဇရာတရားကဆွဲပို့ရင် မရဏတရားက ဘယ်သူ့များချန်တုန်း'

'မချန်ပါဘူးဘုရား'

'အကုန်မသတ်ဘူးလား သတ်လား?'

'သတ်ပါတယ်ဘုရား'

'ဩော်-ဒီလို ဥပမာလေးပေးတော့ နည်းနည်းတော့ မြင်ပြီနော်'

'မှန်လှပါဘုရား'

'မြင်လောက်ပါပြီ၊ အဲဒီမြင်ပြီဆိုတာ ယနေ့ သူတော်စင်များ လက်ရှိဘဝရတာက ကျေနပ်စရာ မကောင်းတော့ မလိုချင်ဘူးပေါ့၊ လိုချင်ရင်ရမယ် တစ်ခါနဲ့မကျေနပ်ရင် အကြိမ်ကြိမ်အခါခါလိုချင်ရင် အကြိမ်ကြိမ်အခါခါရမယ်၊ ကောင်းမှုကုသိုလ်လေးလုပ်ပြီး တောင်းဆု ချွေကြတာက တပည့်တော်တို့ ဘုရား ဤကောင်းမှုကုသိုလ်ကံကြောင့် လူချမ်းသာအကြိမ်ကြိမ် နတ်ချမ်းသာ အကြိမ်ကြိမ် စည်းစိမ်ဥစ္စာတွေကို အကြိမ်ကြိမ်ခံစားပြီးတော့မှ နိဗ္ဗာန်ကို အဆုံးစွန်သောဘဝမှ ရရပါလို၏ဆိုပြီး တောင်းကြတာ၊ လူ့ချမ်းသာ အကြိမ်ကြိမ်ကော ခံစားလို့ကုန်လား?'

'မကုန်နိုင်ပါဘုရား'

http://www.dhammadownload.com



'နတ်ချမ်းသာအကြိမ်ကြိမ် ခံစားလို့ကော?'

'မကုန်နိုင်ပါဘုရား'

'မိမိတို့က ဟိုမှာ အားရတယ်လို့ရှိရဲ့လား?'

'မရှိပါဘူးဘုရား'

'ဘယ်တော့ဆုံးမလဲ?'

'မဆုံးနိုင်ပါဘူးဘုရား'

'မဆုံးနိုင်တော့ဘူး'

'မှန်လှပါဘုရား'

'အဲတော့ တောင်းလိုက်တဲ့ဆုတွေက အဆုံးစွန်သောဘဝမှာ နိဗ္ဗာန်ကို ရချင်တယ်၊ ဘယ်တော့မှ မဆုံးတော့ဘူး၊ ယနေ့ သူတော်စင်များ အပါယ် လေးဘုံထက် လူ့ဘုံက မသာဘူးလား?'

'သာပါတယ်ဘုရား'

'လူ့ဘုံထက် နတ်ချမ်းသာက မမြတ်ဘူးလား?'

'မြတ်ပါတယ်ဘုရား'

'နတ်ချမ်းသာထက် ဗြဟ္မာချမ်းသာက မြတ်တယ်၊ အဲဒီလို လေးမြတ်တဲ့ အတွက်ကြောင့်မို့လို့ အပါယ်လေးဘုံကိုကြောက်တယ် မသွားချင်တော့ဘူး၊ ဟော-လူချမ်းသာလေးနေချယ်တယ်၊ ဗြဟ္မာချမ်းသာလေး နေချင်တယ်ပေါ့၊ အဲလို ချမ်းသာလေးနေချင်တယ်ဆိုတာ ဘာကို ကြည့်ပြောတာလဲမေးတော့ တစ်ဘုံနဲ့တစ်ဘုံကြည့်ပြီးတော့ပြောနေတာ၊ ယနေ့ မိမိတို့တစ်တွေ အာရုံပြု လိုက်ပါ၊ လက်ရှိဒီမှာရှိနေကြတဲ့ မိမိတို့ မိုင်းရှူးနယ်မြေ၊ ဟောဒီ ရတနာ နယ်မြေကနေပြီးတော့ လားရှိုးမြို့၊ မန္တလေးမြို့၊ ရန်ကုန်မြို့ရယ်လို့ မရှိဘူး လား?'

'ရှိပါတယ်ဘုရား'

' အဲဒီလိုရှိတဲ့နေရာမှာ ဘယ်မြို့က သာယာလဲ?'

'ရန်ကုန်မြို့ပါဘုရား'

http://www.dhammadownload.com



'မြို့နဲ့ကြည့်ရင်ပေါ့နော်၊ ရန်ကုန်မြို့က သာယာတယ်'

'မှန်လှပါဘုရား'

'ဟော-ရန်ကုန်မြို့က သာယာတယ်ဆိုတာ မြို့ကိုကြည့်ပြီး ပြောနေတာ၊ ကဲ-ဟောဒီနယ်မြေမှာလည်း နွားသတ်ရုံမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'လားရှိုးမှာလည်း'

'ရှိပါတယ် ဘုရား'

'မန္တလေးမှာလည်း'

'ရှိပါတယ်ဘုရား'

'ရန်ကုန်မှာလည်း'

'ရှိပါတယ်ဘုရား'

'သားသတ်ရုံဆိုတာက ဘေးမဲ့ပေးတာလား၊ သားသတ်တာလား'

'သတ်တာပါဘုရား'

'စက်ဆုပ် အကျည်းတန် ကြောက်စရာကောင်းတဲ့ သားသတ်ရုံကိုပြလိုက်ပြီ၊ လားရှိုးမှာလည်း သားသတ်ရုံရှိတယ်၊ မန္တလေးမှာလည်း သားသတ်ရုံရှိတယ်၊ ရန်ကုန်မှာလည်း သားသတ်ရုံရှိတယ်၊ ဘယ်သားသတ်ရုံက ပျော်စရာကောင်း'

'ဘယ်ဟာမှ မကောင်းပါဘူးဘုရား'

'ပျော်စရာ မကောင်းတော့ဘူးလား၊ ခုနမြို့တွေ မြို့တွေနဲ့ နှိုင်းယှဉ်ပြတုန်းက ရန်ကုန်မြို့က သာယာစရာကောင်းတယ်လို့ ထင်ခဲ့တာ၊ အခုမြင်ရမှာက ဘာနဲ့မြင်ရမလဲမေးရင် သားသတ်ရုံအသွင်မြင်လိုက်၊ ဘယ်သားသတ်ရုံမှာ ပျော်ချင်တုန်း'

'မပျော်ချင်ပါဘူးဘုရား'

'မပျော်ချင်တော့ဘူးလား'

'မပျော်ချင်တော့ပါဘူးဘုရား'

http://www.dhammadownload.com



'အပါယ်လေးဘုံက ဘာတဲ့တုန်း'

'သားသတ်ရုံပါဘုရား'

'လူ့ဘုံလည်း'

'သားသတ်ရုံပါဘုရား'

'နတ်ဘုံလည်း'

'သားသတ်ရုံပါဘုရား'

'ဗြဟ္မာ့ဘုံလည်း'

'သားသတ်ရုံပါဘုရား'

'အဲဒီလို သားသတ်ရုံဆို ဘယ်သားသတ်ရုံမှာ ပျော်ချင်သေးတုန်း'

'မပျော်ချင်ပါဘူးဘုရား'

'ကဲ-ဒကာကြီးတွေ နတ်သမီးတွေ တစ်ဖက်လေးငါးရာနဲ့ မနေချင်ဘူးလား?'

'မနေချင်တော့ပါဘူးဘုရား'

'ဘာမှန်းသိလို့'

'သားသတ်ရုံမှန်းသိလို့ပါဘုရား'

'သားသတ်ရုံမှန်း မသိတာက'

'အဝိဇ္ဇာပါဘုရား'

'သားသတ်ရုံမှန်းမသိတဲ့ အဝိဇ္ဇာကြောင့် လိုချင်တာက'

'တဏှာပါဘုရား'

'လူချမ်းသာလို့ ထင်တာလည်း'

'တဏှာပါဘုရား'

'ဒါကြောင့် တဏှာအုပ်ချုပ်ပြီးရသမျှကြိုးစားတဲ့ ကံတွေကြောင့် ကမ္မဘဝပစ္စယာ ဇာတိဆိုပြီး လူ့ဇာတိရမယ်၊ နတ်ဇာတိရမယ်၊ ဗြဟ္မာဇာတိရမယ်၊ ဒီလိုနဲ့ အလဲအလှယ်လုပ်ပြီး ကျင်လည်ခဲ့ရတဲ့ ဘဝတစ်လျှောက် ပြန်ကြည့်လိုက်တော့ လူသားသတ်ရုံကနေ နတ်ပြည်ကို ပြောင်းခဲ့ပါသည်၊ ဗြဟ္မာပြည်ကိုရောက်တော့လည်း လူသားသတ်ရုံကနေ ဗြဟ္မာပြည်ကို ပြောင်းခဲ့

http://www.dhammadownload.com



တာ ဘာလုပ်နေကြလဲမေးတော့ သားသတ်ရုံပြောင်း အသတ်ခံနေရတာ'

'မှန်လှပါဘုရား'.

'ကဲ-ဘယ်သားသတ်ရုံမှာ ပျော်ချင်သေးတုန်း'

'မပျော်ချင်တော့ပါဘူးဘုရား'

'နည်းနည်းရွေးလိုက်ပါအုံး၊ မရွေးချင်တော့ဘူးလား?'

'မရွေးချင်တော့ပါဘူးဘုရား'

'လူချမ်းသာကော မက်မောသေးလား?'

'မမက်မောတော့ပါဘူးဘုရား'

'ကဲ-ယနေ့ ကိုယ်ရှိတာလေးနဲ့ပဲ မျှမျှတတစားမယ်လို့ ဆုံးဖြတ်ချက်ချပြီး ကိုယ့်ကိုယ်ကို ကယ်တင်ရာကယ်တင်ကြောင်း သုံးဆယ့်တစ်ဘုံ သားသတ်ရုံက လွတ်မြောက်တဲ့အလုပ်တွေကို ကြိုးစားမယ်လို့ ဆုံးဖြတ်ချက်ချရင် ကိုယ်ကြိုးစားရတဲ့ လုပ်ငန်းလေးတွေသည် မလျှော့သင့်ဘူးလား?'

'လျှော့သင့်ပါတယ်ဘုရား'

'ဒါအခုချိန်မှာ လျှော့ချင်တာနော်၊ တရားနာတုန်းလေး တရားပွဲလည်းပြီးလည်းပြီးရော ဘာလုပ်မှာလဲ?'

'တိုးလုပ်မှာပါဘုရား'

'ဒီအချိန်လေး လျှော့ထားတာပြန်ကြည့်တော့ ဘာလုပ်တာလဲ မေးတော့ သားသတ်ရုံပြောင်းနေတာ၊ ပေါ်တိုင်းပေါ်တိုင်း ဘာလုပ်ခဲ့တာလဲ?'

'သားသတ်ရုံပြောင်းနေတာပါဘုရား'

'အခုလည်း ဘယ်ထဲမှာနေရ'

'သားသတ်ရုံထဲမှာနေရပါတယ်ဘုရား'

'နောက်ထပ် လူချမ်းသာနေချင်ရင်လည်း'

'သားသတ်ရုံထဲမှာ နေရမှာပါဘုရား'

'ပြောင်းမလား'

'မပြောင်းတော့ပါဘူးဘုရား'

http://www.dhammadownload.com



'လက်ရှိဘဝကော ပျော်လား?'

'မပျော်တော့ပါဘူးဘုရား'

'ညာနေကြတာ၊ ဒီတရားတွေမနာရတုန်းကတော့ တပည့်တော်သည် တကယ်ပျော်ခဲ့ပါတယ်ဘုရား၊ ဒီတရားတွေကို နာလည်းနာလိုက်ရရော ပျော်စရာကင်းမဲ့သွားပြီ'

'မှန်လှပါဘုရား'

'သားသတ်ရုံ မှာ ဘဝတိုင်းဘဝတိုင်း နေခဲ့ရတာကို သိသွားတာသည် ဘာကျေးဇူးလဲမေးတော့ ပဋိစ္စသမုပ္ပါဒ်တရားနာရတဲ့ ကျေးဇူး၊ တရားသာ မနာရရင် ယနေ့သူတော်စင်များ ကွက်ကွက်ကွင်းကွင်းလည်း မြင်ဖို့မလွယ်ပါဘူး'

'မှန်လှပါဘုရား'

'အခုတော့ ကိုယ့်သားသမီးလည်း သားသတ်ရုံမှာ၊ မြေးလေးလည်း သားသတ်ရုံမှာ၊ ကိုယ်ကိုယ်တိုင်လည်း'

'သားသတ်ရုံမှာပါဘုရား'

'ဘယ်သူ့ဘယ်သူ ကယ်နိုင်လဲ'

'မကယ်နိုင်ပါဘူးဘုရား'

'မြေးလေးအလှည့်ကျလည်း လိုက်ဆွဲထားလို့ လွယ်လား?'

'မလွယ်ပါဘူးဘုရား'

'ကိုယ့်အလှည့်ကျတော့လည်း သားတွေ သမီးတွေက လိုက်ဆွဲထားလို့ လွယ်လား'

'မလွယ်ပါဘူးဘုရား'

'တစ်ကောင်မကျန် သတ်နေတာက သားသတ်သမားနဲ့တူတဲ့ မရဏ တရား'

'မှန်လှပါဘုရား'

'အဲဒီလက်တွင်းထဲကို မရောက်ခင်လေး လွတ်အောင်ကြိုးစားမယ် ဆိုရင် အချိန်ရပါသေးတယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'မရဘူးလား, ရလား?'

'ရပါတယ်ဘုရား'

'ဒါကြောင့်မို့လို့ သူတော်စင်များ အဲဒီလက်က လွတ်ချင်ပါတယ်ဆိုရင်-

**"ယခုချိန်ဟာ၊ ရှုန်းထွက်ရာ၊ ချိန်ခါကောင်းလေသည်"**

'ဘယ်အချိန် ရုန်းထွက်မလဲ သိတဲ့အချိန်ကစ ရုန်းထွက်ရတော့မယ်'

'မှန်လှပါဘုရား'

'အချိန်ကိုပြန်ကြည့်တော့လည်းပဲ သေချိန်က နီးလား, ဝေးလား ?'

'နီးပါတယ်ဘုရား'

'ချက်ချင်းချက်ချင်းကော မသေနိုင်ဘူးလား?'

'သေနိုင်ပါတယ်ဘုရား'

'တဖြုတ်ဖြုတ်နဲ့ သေခဲ့တာလည်း ကိုယ့်ရှေ့မှာ အများကြီးနော်'

'မှန်လှပါဘုရား'

'အဲဒီလောက် သေပြတော့လည်း ကိုယ်က နောက်ဆုတ်လား ရှေ့တိုးတာပဲလား?'

'ရှေ့တိုးတာပါဘုရား'

'ခုနကြည့်နော် တဖြည်းဖြည်းနဲ့ ဆွဲခေါ်လာပါတယ်၊ ရှေ့ကို တစ်လှမ်းတိုးတော့ သေဖို့နီးလာပါတယ်၊ ဩော်-ငါသည် သေတွင်းထဲ နီးလာပါပြီ၊ ငါအသတ်ခံရတော့မယ်၊ ငါ့အလှည့်လည်း နီးလာပြီလို့ ဘယ်လိုမှမသိအောင် အဝိဇ္ဇာက ဖုံးထားတော့ တဏှာကအချော့ကောင်းတဲ့ချိန်ခါမှာ ကျောက်ကောင်းလေးများရမလားဆိုပြီးတော့ ဖွတ်မတိုးဘူးလား, တိုးလား?'

'တိုးပါတယ်ဘုရား'

'ကဲ-တိုးတိုင်း တိုးတိုင်းမှာ ကိုယ့်ရဲ့ အကျိုးပေးအဖြစ်က အကျည်းတန်အရုပ်ဆိုးနေတာကော မပေါ်ဘူးလား?'

'ပေါ်ပါပြီဘုရား'

'ဒါလေးတွေကို ယနေ့သိပြီးတော့မှ ဩော်-ငါတို့ တစ်ဘဝ တစ်နပ်စာအတွက်နဲ့ အများအတွက်ကို ရုန်းကန်ပြီးတော့ မိုက်လုံးသန်နေတာဟာ

http://www.dhammadownload.com



ဒီတစ်ဘဝတည်း မဟုတ်ပါလား၊ ဘဝတိုင်း ဘဝတိုင်း ဖြစ်ခဲ့ပြီ၊ ဒါကြောင့်မို့လို့ ယနေ့သစ္စာတရားတွေ နာရတဲ့အချိန်ကစပြီး ကိုယ့်ကိုယ်ကိုတော့ အလွတ် ရုန်းပြီး ကယ်တင်နိုင်အောင် ကြိုးစားမယ်လို့ ဆုံးဖြတ်ချက်ချပြီးတော့မှ ရုန်းထွက်မယ်ဆိုရင် ဘယ်အချိန်'

'ယခုအချိန်ပါဘုရား'

'အခုအချိန် တရား မနာဘူးလား နာလား?'

'နာပါတယ်ဘုရား'

'ဒါကိုယ့်ကိုယ်ကို ကယ်တင်နေတာ'

'မှန်လှပါဘုရား'

'ရသရွေ့ အချိန်လေးကို ယခုလို ကြိုးစားသွားမယ်ဆိုရင် တစ်နေ့ မလွတ်ဘူးလား, လွတ်မှာလား'

'လွတ်မှာပါဘုရား'

' ဒါကြောင့် -

**"မရုန်းထွက်က၊ တစ်နေ့ကျ၊ မုချအသတ်ခံရမည်"**

'ကဲ-ကိုယ်က မရုန်းထွက်ဘဲနဲ့များ မှိန်းလိုက်နေမယ်ဆိုရင် သေချာ ပေါက် အသတ်ခံရမှာ'

'မှန်လှပါဘုရား'

'ကဲ-ကိုယ်က လုပ်ငန်းလေးလုပ်မယ်၊ အဲဒီ လုပ်ငန်းလုပ်တဲ့ အခါကျ တော့ လုပ်ငန်းလေး အောင်မြင်လာတိုင်း လာတိုင်းမှာ သဘောမကျဘူးလား?'

'ကျပါတယ်ဘုရား'

'သဘောကျရင် ဘယ်သူလာ?'

'တဏှာလာပါတယ်ဘုရား '

'ကိုယ့်လုပ်ငန်းလေး အဆင်မပြေတော့လည်း သဘောကျလား?'

'မကျပါဘူးဘုရား'

'မကျတော့ ဒေါသက'

'လာပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီပုဂ္ဂိုလ်သည် ရုန်းထွက်တာမဟုတ် မှိန်းလိုက်နေတာ'

'မှန်လှပါဘုရား'

'ဘာလုပ်နေတာ'

'မှိန်းလိုက်နေတာပါဘုရား'

'အလိုမကျတဲ့ လောဘကလည်း အရှုခံ၊ အဲဒီလို အရှုခံကို အရှုဉာဏ်လေးနဲ့ လိုက်မယ်ဆိုရင် ဒါရုန်းထွက်လိုက်တာ'

'မှန်လှပါဘုရား'

'လိုချင်တဲ့တဏှာနောက်ကိုပါသွားရင် မှိန်းလိုက်သွားတာ၊ မကျေနပ်တဲ့ ဒေါသနောက်ကို ပါသွားရင် မှိန်းလိုက်နေတာ'

'မှန်လှပါဘုရား'

'ဥစ္စာပစ္စည်းတွေ စိတ်မချ လက်မချဖြစ်နေရင်'

'မှိန်းလိုက်နေတာပါဘုရား'

'လိုက်ကောင်း မလိုက်ကောင်း'

'မလိုက်ကောင်းပါဘုရား'

'ရှေ့က ဘယ်သူဆွဲနေတုန်း နွားဆွဲသမားဆိုတဲ့ ဇရာတရားက ဆွဲနေတာ'

'မှန်လှပါဘုရား'

'အဲဒါကို တဏှာနဲ့မပျော်ကောင်းဘဲနဲ့ ကိုယ်ကပျော်နေတာ'

'မှန်လှပါဘုရား'

'ကိလေသာတွေနဲ့ မပျော်ကောင်းတာကို ကိုယ်လိုက် ပျော်နေတာ၊ အဲဒီလိုပျော်နေသမျှ မှိန်းလိုက်နေတယ်လို့မှတ်'

'မှန်လှပါဘုရား'

'တစ်နည်းပြောရရင် ဟောဒီ ပဋိစ္စသမုပ္ပါဒ် (၂) အကွက်ကနေ (၃) ကို ဆက်နေသမျှ မှိန်းလိုက်နေတာ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဖြတ်ရင်တော့ ရုန်းထွက်နေတာ၊ အခုဘာလာလုပ်တာ'

'ရုန်းထွက်နေတာပါဘုရား'

'တရားပွဲပြီးရင် ဘာလုပ်မလဲ'

'ဖြတ်ကြမှာပါဘုရား'

'မှိန်းလိုက်မှာပဲလား?

'မလိုက်ပါဘူးဘုရား'

'ရုန်းထွက်တာက ခဏ၊ မှိန်းလိုက်တာက နာရီပြည့်ပေါ့၊ ဘ၀ မဆိုးဘူးလား, ဆိုးနေလား?'

'ဆိုးပါတယ်ဘုရား'

'အဲဒီလို တရားတွေကို နာရပြီးတော့ ဖြတ်နိုင်အောင် ကြိုးစားရမှာ၊ အခု သူတော်စင်များက ဖြတ်နိုင်အောင် ကြိုးစားဖို့ကိုလည်း ယောဒီမှာ ရှိနေကြတဲ့ ပရိသတ်ထဲမှာ ပြန်ခိုင်းကြည့်လိုက်ရင် တစ်သိန်းမှာ တစ်ယောက်ပါတာ ကျေနပ်စရာနော်'

'မှန်လှပါဘုရား'

'တကယ် သူတော်ကောင်း စိတ်ဓာတ်တွေနဲ့ ကိုယ်က လာရောက်ပြီးတော့ ကြိုးစားကြတယ်၊ တရားတွေကို နာကြတယ်၊ အားထုတ်ကြတာ ဒါ ရုန်းထွက်ဖို့ သင်တန်းလာတက်နေတာပါ'

'မှန်လှပါဘုရား'

'နည်းသိသွားပြီဆိုရင် အချိန်မရွေး ရုန်းထွက်လို့ မရဘူးလား?'

'ရပါတယ်ဘုရား'

'ဒါဖြင့် သူတော်စင်များက မှိန်းလိုက်မလား, ရုန်းထွက်မလား?'

'ရုန်းထွက်မှာပါဘုရား'

'ဒါကြောင့် ရုန်းထွက်ဖို့အတွက်ကို သင်ပေးချင်တာက -

**"ဝိပဿနာရှုတာ၊ ရုန်းကန်ကာ၊ ထွက်ခွာသွားတဲ့အလုပ်မည်"**

"သုံးဆယ့်တစ်ဘုံ သားသတ်ရုံထဲကနေ ယနေ့ ငါတို့ ရုန်းထွက်တော့မယ်လို့ ဆုံးဖြတ်ချက်ချလိုက်ရင် ရုန်းထွက်တဲ့နည်း အကောင်းဆုံးပဲ ပြောလိုက်

http://www.dhammadownload.com



ပြီ၊ ဘာလုပ်ရမလဲ'

'ဝိပဿနာအလုပ်ပါဘုရား'

'ဝိပဿနာအလုပ်ကလွဲပြီး ရုန်းထွက်လို့မရပါဘူး၊ ဒါနနဲ့ပဲ ကျေနပ်ရင်တော့ ဇာတိပြန်ရမှာပဲ'

'မှန်လှပါဘုရား'

'လူ့ဇာတိ နတ်ဇာတိရောက်ရင် သုံးဆယ့်တစ်ဘုံ သားသတ်ရုံထဲ ပြန်ရောက်မှာပဲ၊ သီလကုသိုလ်လေးနဲ့ ကျေနပ်နေရင်လည်းပဲ ဗြဟ္မာဇာတိ နတ်ဇာတိ ပြန်မရနေဘူးလား?'

'ရပါတယ်ဘုရား'

'ရလည်း ဘယ်ထဲမှာ'

'သားသတ်ရုံမှာပါဘုရား'

'သမထမေတ္တာတွေပို့ပြီး ကျေနပ်ရင်လည်း ဗြဟ္မာကြီးဘဝ ရောက်မှာပဲ၊ ဘယ်ထဲမှာ'

'သားသတ်ရုံထဲမှာပါဘုရား'

'သားသတ်ရုံဆိုတာ ဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား'

'အေး-ဒုက္ခသစ္စာဆိုတဲ့ ဆင်းရဲခြင်း အမှန်တရား စက်ဆုပ်စရာ အသုံးမကျစရာအမှန် ဘဝအဖြစ်ဆိုးတွေ ဖော်သွားတဲ့အတွက် ဒီဘဝတွေထဲမှာ ပျော်သွားခဲ့ရတာ မသိပျော်ပါလား?'

'မှန်လှပါဘုရား'

'ယခုအချိန်ကစပြီး လွတ်အောင်ကြိုးစားမယ်လို့ ဆုံးဖြတ်ချက်ချလိုက်ရင် ဘာအလုပ်လုပ်မယ်'

'ဝိပဿနာအလုပ်လုပ်ရမှာပါဘုရား'

'ဒီတစ်ချက်တော့ သိသွားပြီပေါ့နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ငါတို့တွေသည် ကိုယ့်ကိုယ်ကို ကယ်တင်ဖို့အတွက် ရုန်းထွက်တဲ့ အလုပ်ကောင်းကို လုပ်တော့မယ်၊ ဝိပဿနာအလုပ်သည် အကောင်းဆုံးပဲလို့ ဆုံးဖြတ်ချက်ချတော့ ဝိပဿနာဆိုတာ ဘာမှန်းမသိရင်လည်း ရုန်းထွက်ဖို့ မလွယ်တဲ့အတွက် ဟောပေးရမှာပေါ့'

'မှန်လှပါဘုရား'

**"ဝိပဿနာရှုတာ၊ ရုန်းကန်ကာ၊ ထွက်ခွာသွားတဲ့အလုပ်မည်"**

'ဝိပဿနာရှုတယ်ဆိုတာ ရုန်းကန်ပြီးတော့ထွက်တယ်ဆိုတာ သေချာ ပေါက်သိသွားတဲ့အတွက်ကြောင့်မို့လို့ ဆရာသမားတွေ မှာကြားတဲ့ ဝိပဿနာ အလုပ်ကို လုပ်တော့မယ်ဆိုရင် ဝိပဿနာဆိုတာ. .'

'ခန္ဓာမှာပေါ်ရာထင်ရှားရာ ရှုရပါမယ်ဘုရား'

'ပေါ်ရာထင်ရှားရာ ရှုရမည်'

'အခု ဝိပဿနာဆိုတာကို ပြန်ပြီးတော့ အဓိပ္ပာယ်ပေါ်လွင်အောင် ပြောလိုက်ပါပြီ၊ ဟောဒီခန္ဓာမှာ ပေါ်ရာထင်ရှားရာ ရှုတဲ့အလုပ်သည် ဝိပဿနာ အလုပ်၊ ကဲ-ဒီခန္ဓာကိုယ်ကြီးထဲမှာ ပြောလိုက်ပါ ပေါ်ရာထင်ရှားရာကိုရှုတာ ဘာအလုပ်'

'ဝိပဿနာအလုပ်ပါဘုရား'

'ဝိပဿနာအလုပ်ကို ပြောလိုက်ပြီ၊ ပေါ်ရာထင်ရှားရာ ရှုကြဆိုတော့ ပေါ်ရာထင်ရှားရာ (၆) နေရာရှိတယ်'

'မှန်လှပါဘုရား'

'ပေါ်ရာထင်ရှားရာ ရှုတဲ့နေရာမှာ (၆) နေရာ၊ ဘာတဲ့တုန်း ခန္ဓာ ငါးပါးမှာ သဠာယတန မပါဘူးလား?'

'ပါပါတယ်ဘုရား'

'သဠာယတနဆိုတာ ဆအာယတနလို့ မိမိတို့ရဲ့တည်ရာအတွင်းမှာ (၆) နေရာကို ပြထားတာ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'တည်ရာ (၆) နေရာကို ပြထားတဲ့အတွက်ကြောင့်မို့လို့ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဘာတွေတဲ့တုန်း'

'မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ပါဘုရား'

'(၆) ခုသော နေရာသည် အရှုခံတရား ပေါ်တတ်တဲ့နေရာလို့ မှတ်ထားပါ'

'မှန်လှပါဘုရား'

'မျက်လုံးမှာလည်းပဲ နေ့စဉ်, နေ့စဉ် မျက်လုံးလေးဖွင့်တော့ မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'အဲဒီ မျက်လုံးမှာ အရှုခံလေးပေါ်သွားတော့ သတိထားပြီး ကြည့်နိုင်ရင် ဒိပုဂ္ဂိုလ် ရှုန်းထွက်တတ်လိမ့်မယ်'

'မှန်လှပါဘုရား'

'နားနဲ့ အသံလေး တိုက်တိုင်း,တိုက်တိုင်း ပေါ်လာတဲ့ အရှုခံလေး အပေါ်မှာ သတိထားမိရင် ရှုန်းထွက်တတ်မယ်လို့ မှတ်ထားပါ'

'မြင်မြင်သမျှအာရုံသည်'

'အဆင်းပါဘုရား'

'သမီးလေးကိုမြင်လည်း'

'အဆင်းပါဘုရား'

'ကျောက်ကလေးကိုမြင်လည်း'

'အဆင်းပါဘုရား'

'မြေးတွေ မြစ်တွေ မြင်လည်း'

'အဆင်းပါဘုရား'

'အဲဒီ အဆင်းလေးပြလိုက်တာ မျက်လုံးလေးဖွင့်တော့ တွေ့ပြီပေါ့'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'မြင်လိုက်တိုင်း မြင်လိုက်တိုင်းမှာ ဩော်-မျက်လုံးအကြည်ကလည်း ရုပ်တရား၊ မြင်စရာ အဆင်းအာရုံကလည်း ရုပ်တရား'

'မှန်လှပါဘုရား'

'မြင်လိုက်တဲ့ခဏမှာ မြင်သိစိတ်လေး ဩော်-ဒါက နာမ်တရားလို့ ရုပ်နာမ်ကို သင်ပေးပေမယ့် တကယ်တမ်းကိုယ်က တရားနာတဲ့ အခိုက်တန့်မှာ သဘောပေါက်သလိုရှိပြီး တကယ် လည်း မြင်လိုက်ရရော သားလေးမြင်လည်း ငါ့သားပဲ၊ သမီးလေးမြင်လည်း ငါ့သမီး၊ ဟော ကျောက်လေးမြင်တော့လည်း ငါရသင့်တယ်ဆိုပြီး အဲဒီအပေါ်မှာ တစ်ငါတည်း ငါတော့ ဒိဋ္ဌိမဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'ငါ့သားဆိုတော့ မခင်ဘူးလား?'

'ခင်ပါတယ်ဘုရား'

'ငါ့သမီးဆိုတော့ မချစ်ဘူးလား?'

'ချစ်ပါတယ်ဘုရား'

'ကိုယ်မြင်တဲ့ ကျောက်လေးအပေါ်မှာလည်း မသာယာဘူးလား?'

'သာယာပါတယ်ဘုရား '

'ဟောဒီ ပုဂ္ဂိုလ်ရဲ့သဏ္ဍာန် ပြန်ကြည့်လိုက်ပါ၊ မြင်လိုက်တဲ့ ခဏမှာ အရှုခံ တရားပြတာကို ဝိပဿနာတရားမလိုက်နိုင်တဲ့အတွက် အဝိဇ္ဇာက လည်း ဖုံးရော တဏှာလက်ထဲကို တွန်းပို့လိုက်တော့ ဒီပုဂ္ဂိုလ် မှိန်းပြီး လိုက်သွားတဲ့အတွက် ချောက်ထဲကျတော့မယ်'

'မှန်လှပါဘုရား'

' တစ်နေ့ တစ်နေ့ ဒီတိုင်း သွားနေတာ'

'မှန်လှပါဘုရား'

'အဲဒီ မှိန်းလိုက်တဲ့ဘဝကလေး လွတ်မြောက်ဖို့အတွက် ရှန်းထွက်ကြစို့ ဆိုတော့ ဝိပဿနာအလုပ်ကို လုပ်တဲ့နေရာမှာ အရှုခံတရား (၆) ဌာန ပြောပေမယ့် တန်းသင်လို့ မရသေးဘူး'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'မရသေးတဲ့အတွက်ကြောင့်မို့လို့ အခြေခံပိုင်အောင်ပြောဆိုတော့ ဟောဒီခန္ဓာမှာ သူတော်စင်များအတွက်ကို နည်းတွေကလည်း စုံတဲ့အတွက် သူတော်စင်များကို ဟိုယောင်ယောင် ဒီယောင်ယောင် ဖြစ်နေမှာစိုးလို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပွင့်လာတဲ့အခါမှာ ဂင်္ဂါဝါဠု သဲစုမက ဘုရား အဆူဆူ ဘယ်လောက်ပဲပွင့်ပွင့် ဟောခဲ့တဲ့တရားက ကောဓမ္မော အများကြီး ဟောလား, တစ်ခုတည်းပဲလား?'

'တစ်ခုတည်းပါဘုရား'

'တူညီတာက တစ်ခုတည်း၊ အားလုံးသောသတ္တဝါတွေ ဘယ်သတ္တဝါ ပဲဖြစ်ဖြစ် ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးလို့ ဘုရားတွေဟောတယ်၊ အဲဒီ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးသည် ဖြစ်ပြီးရင်ပျက်လို့ အနိစ္စလို့ မဟောဘူးလား?'

'ဟောပါတယ်ဘုရား'

'ဒီခန္ဓာရတဲ့ ပုဂ္ဂိုလ်တိုင်း အဖြစ်အပျက်တွေ နှိပ်စက်နေလို့လည်း ဒုက္ခ သစ္စာလို့ကော မဟောဘူးလား?'

'ဟောပါတယ်ဘုရား'

'ဖြစ်ပြီး ပျက်နေ ပျက်နေတဲ့ တရားသည်ပင် ကိုယ့်သဘော ကိုယ့် အကြိုက် မပါတဲ့အတွက် အနတ္တလို့ကော မဟောဘူးလား?'

'ဟောပါတယ်ဘုရား'

'ဘုရားတိုင်း ဟောသွားတဲ့တရား တူညီတဲ့အချက်လေးက ရုပ်နာမ်ပဲ ရှိတယ်၊ ခန္ဓာငါးပါးပဲရှိတယ်၊ ဖြစ်ပျက် အနိစ္စ ဒုက္ခ အနတ္တပဲရှိတယ်၊ ဒီတစ်လုံး ကို ပိုင်ရင် မတူစရာအကြောင်း မရှိတော့ဘူး'

'မှန်လှပါဘုရား'

'နည်းတွေဘယ်လောက်ပဲစုံစုံ အားလုံးသောတရားသည် တစ်ခုတည်း ကို ရောက်အောင်ကြည့်တတ်ဖို့ အရေးကြီးတယ်'

'မှန်လှပါဘုရား'

'အဲဒါကိုမှ မမြင်ဘူးဆိုရင် ဩော်-ဒီဝိပဿနာကတစ်မျိုး၊ နောက် ဝိပဿနာက တစ်မျိုးဆိုပြီးတော့ အမျိုးမျိုးကွဲပြားတယ်ထင်ရင် အငြင်းသန်ပြီး

http://www.dhammadownload.com



တရားက မတရားဖြစ်သွားလိမ့်မယ်'

'မှန်လှပါဘုရား'

'အဲဒါတွေ မဖြစ်ရအောင်လို့ နေရာတွေ ဘယ်လောက်ပဲကွဲကွဲ ဒီအချက်တွေကို သဘောပေါက်အောင်လို့ မသင်ဘဲနဲ့ အခြေခံဝိပဿနာ နည်းတွေကို သဘောပေါက်အောင်သင်ပေးရင် မကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'ဒီလိုဆိုရင် မိမိတို့ရဲ့သန္တာန်မှာ ထင်ရှားရှိတဲ့တရားကို နှာခေါင်း နှာသီးဝကို အာရုံယူပြီးတော့ သမာဓိနယ်ပယ်မှာ ထူထောင်ရမယ့်အပိုင်းကို စပြီးတော့ သင်ပေးတာတွေရှိသလို တချို့ငယ်ထိပ်မှာပေးတယ်၊ တချို့က ရင်ချိုင့်မှာပေးတယ်၊ တချို့က ဝမ်းဗိုက်မှာပေးတယ်၊ အဲဒီလို နေရာလေးတွေ မကွဲဘူးလား?'

'ကွဲပါတယ်ဘုရား'

'အဲဒီနေရာကွဲလို့ တရားမတူဘူး မထင်နဲ့နော်'

'မှန်လှပါဘုရား'

'အရေးကြီးတာက နေရာဘယ်လောက်ပဲကွဲကွဲ၊ သဘောတစ်ခုကို ပိုင်နိုင်အောင် ကြည့်နိုင်ရင် တရားအားလုံးတူရင် လွတ်မြောက်ဖို့ကိုရမှာပါ'

'မှန်လှပါဘုရား'

'တချို့က နှာခေါင်းကို သင်ပေးပေမယ့် ဒီနှာခေါင်းမှာ ပြတဲ့တရားကို လူတိုင်းမြင်နိုင်ဖို့ မလွယ်ဘူး'

'မလွယ်ပါဘူးဘုရား'

'အဲဒီ မမြင်နိုင်တဲ့တရားကို မမြင်နိုင်တဲ့ပုဂ္ဂိုလ်က ဝမ်းဗိုက်မှာပြရင် ဝမ်းဗိုက်မှာသိနိုင်တဲ့သဘောလေး ရှိကောင်း ရှိလိမ့်မယ်၊ ရင်ချိုင့် သိနိုင်တဲ့ သဘောလေး ရှိကောင်း ရှိလိမ့်မယ်၊ ရင်ချိုင့်မှာ ပြတဲ့သဘောလေး မြင်ကောင်း မြင်နိုင်တယ်၊ ငယ်ထိပ်ပြလို့ ငယ်ထိပ်မှာ အပ်စပ်သွားရင်ကော ကြည့်လို့မရဘူး လား?'

'ရပါတယ်ဘုရား'

http://www.dhammadownload.com



'နေရာကွဲပေမယ့် သဘောလေး အပ်စပ်သွားရင် နှာခေါင်း နှာသီးဝ ဆိုတဲ့ နေရာလေးကို ကြည့်ခိုင်းတဲ့အခါမှာ လေရှူသွင်းလိုက်၊ လေရှူထုတ်လိုက် လုပ်တော့ ရှူသွင်းရှူထုတ်လုပ်တဲ့အခါမှာ တိုးသွား အေးသွား နွေးသွားတဲ့ သဘောလေးကို မကြည့်ရဘူးလား?'

'ကြည့်ရပါတယ်ဘုရား'

'အဲဒီလို ကြည့်နေတဲ့အချိန်ခါမှာ နှာခေါင်းကြီးကြည့်ခိုင်းတာလား၊ အကြောင်းတိုက်ဆိုင်လို့ ပေါ်လာတဲ့တရားကို ကြည့်ခိုင်းတာလား?'

'အကြောင်းတိုက်ဆိုင်လို့ပေါ်လာတဲ့တရားကို ကြည့်ခိုင်းတာပါဘုရား'

'အဲဒါလေးကို မမေ့နဲ့နော်'

'မှန်လှပါဘုရား'

'ဝိပဿနာဆိုတာ ပေါ်ရာ ထင်ရှားရာကို ရှုရမယ့်သဘောလေးကို ပြန်အမှတ်ရပါ'

'မှန်လှပါဘုရား'

'အခု နှာခေါင်းနှာသီးဝကို နေရာအားဖြင့် ပေးထားပေမယ့် နေရာကြီး ကို အာရုံပြုပြီးတော့ အလေ့အကျင့်လုပ်ခိုင်းတာ မဟုတ်ဘူး၊ သူတော်စင်များ အဲဒီနေရာလေးမှာ စောင့်ကြည့်ရင် ရှူသွင်းတိုင်း အကြောင်းဆုံလို့ပေါ်လာတဲ့ တိုးတာလေးပေါ်ရင် သိအောင်၊ တိုးသဘောက'

'ရုပ်တရားပါဘုရား'

'အေး သဘောက'

'ရုပ်တရားပါဘုရား'

'ဒါဖြင့် ထင်ရှားတဲ့တရားလေးပြတိုင်း,ပြတိုင်း ကြည့်နိုင်ရင် ဝိပဿနာ ဖြစ်တော့မယ်နော်'

'မှန်လှပါဘုရား'

'ဒါဖြင့် နှာခေါင်း နှာသီးဝကို ပြတုန်းက သင်ပေးတဲ့ အေးတယ် နွေးတယ်လို့ ဆိုင်းဘုတ်ဆွဲပြီး တကယ်သိခိုင်းတာက ဖောက်ပြန်တဲ့ ရုပ်တရား လေးကို ကိုင်လိုက်ပါ၊ ဝမ်းဗိုက်မှာ သင်ပေးပြီး ဝမ်းဗိုက်မှာ ဖောင်းသွားတာ

http://www.dhammadownload.com



ရှုထုတ် ပိန်တယ်လို့ ပြောနေပေမယ့် အဲဒီဝမ်းဗိုက်မှာ တင်းသွား လျော့သွားတာလေး ထင်ရှားပါတယ်၊ တစ်ခါရှုလိုက်တဲ့အခါမှာ ဝမ်းကြောလေး တင်းလာမယ်၊ တင်းတာ ရုပ်တရား၊ တင်းနေတဲ့ ဝမ်းကြောလေး ပြန်ရှုထုတ်တော့ လျော့သွားမယ်၊ လျော့သွားတဲ့သဘော ရုပ်တရား၊ ဒါဖြင့် ဝမ်းဗိုက်ကြည့်နိုင်းတော့လည်း ထင်ရှားတဲ့ ရုပ်အရှုခံပေါ်တာကို မကြည့်နိုင်းဘူးလား?'

'ကြည့်နိုင်းပါတယ်ဘုရား'

'ဒါဖြင့် ဝမ်းဗိုက်မှာကြည့်တုန်းကလည်း ဖောက်ပြန်တဲ့ ရုပ်သဘောကို ကြည့်နိုင်းပါသည်၊ တစ်ခါငယ်ထိပ်ကို ပေးပြန်တော့လည်း ငယ်ထိပ်မှာ လှုပ်နေတာလေးကြည့်နိုင်းတယ်၊ ဒါဖြင့် လှုပ်နေတယ်ဆိုတာ ငယ်ထိပ်ကြီး ကြည့်နိုင်းတာ မဟုတ်ဘူး၊ အဲဒီ လှုပ်သဘောလေးသည် အကြောင်းတိုက်ဆိုင်လို့ ပြလာတဲ့ ရုပ်အရှုခံ ဘာအရှုခံလဲ'

'ရုပ်အရှုခံပါဘုရား'

'ဝမ်းဗိုက်တုန်းကလည်း'

'ရုပ်အရှုခံပါဘုရား'

'ငယ်ထိပ်တုန်းကလည်း'

'ရုပ်အရှုခံပါဘုရား'

'ရင်ချိုင့်ကိုကြည့်နိုင်းပြန်တော့ ရင်ချိုင့်ကြည့်နိုင်းတာလား, တုန်နေခုန်နေတဲ့ သဘောကို ကြည့်နိုင်းတာလား?'

'တုန်နေခုန်နေတဲ့သဘောကို ကြည့်နိုင်းတာပါဘုရား'

'တုန်သဘောကလည်း ဖောက်ပြန်တဲ့ရုပ် ခုန်သဘောကလည်း'

'ဖောက်ပြန်တဲ့ ရုပ်ပါဘုရား'

'ဒါဖြင့် ဖောက်ပြန်တဲ့ ရုပ်သဘောကိုသိရင် အားလုံးတူသွားပြီ၊ ဒါမှ မဟုတ်ဘဲနဲ့ နှာခေါင်းကြီးကြည့်နေတာ ဝမ်းဗိုက်ကြီးကြည့်နေတာ ရင်ချိုင့်ကြည့်နေတာ ငယ်ထိပ်ကြည့်နေတာဆိုတော့ ဆိုင်းဘုတ်မတူတဲ့ နောက်ကိုပါသွားရင် ငြင်းရလိမ့်မယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ငါးယယ်ထိပ်မှာကြည့်တာ လှုပ်တာမြင်တာကွ၊ ရင်ချိုင့်ကြည့်တာ တုန်တာ ခုန်တာ မြင်တာကွ၊ ဝမ်းဗိုက်ကြည့်တာ တင်းတာ၊ လျော့တာ မြင်တာကွ၊ နှာခေါင်းကြည့်တာ တိုးတာ၊ အေးတာ မြင်တာကွ၊ ဘယ်လောက် ဆိုင်းဘုတ်တွေကွဲကွဲ သူ့ရဲ့သဘောသည် ဖောက်ပြန်တဲ့ ရုပ်တရား၊ ဘာတဲ့တုန်း'

'ဖောက်ပြန်တဲ့ ရုပ်တရားပါဘုရား'

'ဒါဖြင့် ဖောက်ပြန်တဲ့ ရုပ်သဘောကိုသိရင် အားလုံး ဒီနေရာမှာ နှာခေါင်း နှာသီးကလည်း ဖြစ်ပြီးရင် ပျက်ပါတယ်ဘုရား၊ ငယ်ထိပ်ကို ကြည့် လိုက်ရင် ဖြစ်ပြီးရင်'

'ပျက်ပါတယ်ဘုရား'

'ရင်ချိုင့်မှာကြည့်တဲ့ ဖောက်ပြန်မှုလေးကလည်း ဖြစ်ပြီးရင်'

'ပျက်ပါတယ်ဘုရား'

'ဝမ်းဗိုက်မှာကြည့်တဲ့ ဖောက်ပြန်မှုလေးကလည်း ဖြစ်ပြီးရင်'

'ပျက်မှာပါဘုရား'

'ဝမ်းဗိုက်မှာကြည့်တဲ့ ဖောက်ပြန်မှုလေးကလည်း ဖြစ်ပြီးရင်'

'ပျက်မှာပါဘုရား'

'တူညီတဲ့ အချက်လေး သွားမတွေ့ရဘူးလား?'

'တွေ့ရပါတယ်ဘုရား'

'ရုပ်သဘောကိုလည်း သိသွားတယ်၊ ဖြစ်ပျက် အနိစ္စကိုလည်း သိသွား တယ်၊ ဘယ်နေရာကြည့်ကြည့် နေရာတိုင်းမှာ ပျက်နေတဲ့အတွက်ကြောင့်မို့လို့ အသုံးမကျတဲ့သဘောလေး ပေါ်လွင်လှတဲ့အတွက် သုခလား ဒုက္ခလား?'

'ဒုက္ခပါဘုရား'

' ဖြစ်ပျက်ကိုမြင်ရင် ဒုက္ခပါ ထင်သွားပြီ'

'မှန်လှပါဘုရား'

'အဲဒီဖြစ်နေတဲ့တရားလေးကို မဖြစ်အောင် ဟန့်တားလို့ရမလား?'

'မရပါဘုရား'

http://www.dhammadownload.com



'ပျက်နေတဲ့တရားကို မပျက်ပါနဲ့လို့ တောင်းပန်လို့ရမလား?'

'မရပါဘုရား'

'အဲဒီဖြစ်နေတာသည်ပင် ငါလား သူလား ရုပ်တရားလား?'

'ရုပ်တရားပါဘုရား'

'ရုပ်တရားဖြစ်တဲ့အတွက် ငါကောင် သူကောင် ပုဂ္ဂိုလ်သတ္တဝါ ဆိတ်သုဉ်းနေတဲ့ အမြင်လေးသည် ဉာဏ်ရှင်းသွားတော့ ကိုယ့်အလို ကိုယ့်အကြိုက် ကိုယ့်သဘောမပါတဲ့ အတ္တကင်းပျောက်တဲ့ အနတ္တကော ပေါ်မသွားဘူးလား?'

'ပေါ်သွားပါတယ်ဘုရား '

'ဒါဖြင့် ဧကော ဓမ္မော ဆိုတဲ့ တူညီတဲ့အချက်လေး ပေါ်သွားပြီပေါ့'

'မှန်လှပါဘုရား'

'အဲဒါကိုသိရင် ယနေ့ နှာသီးဝကို ကြည့်လည်းပဲ အရှုခံနဲ့ အရှုဉာဏ်'

'မှန်လှပါဘုရား'

'သိစရာကိုသိနေရင် တဏှာ လာ, မလာ'

'မလာပါဘုရား'

'ကိလေသာ နယ်ပယ်ကကော မလွတ်ဘူးလား?'

'လွတ်သွားပါတယ်ဘုရား'

'ကဲ-နှောင်ဖွဲ့မှုကနေ လွတ်သွားတဲ့အတွက်ကြောင့်မို့လို့ ဒီပုဂ္ဂိုလ်သည်ပဲ ဟော ရုန်းထွက်တိုင်းမှာ အဆင်ပြေသွားတာက ကိလေသာကို ပယ်သတ်နိုင်တဲ့အတွက် သမုဒယကို သေစေတယ်၊ ဒါကြောင့် အနာဂတ်သံသရာမှာ ဇာတိရအုံးမလား? '

'မရပါဘုရား'

'သုံးဆယ့်တစ်ဘုံ သားသတ်ရုံထဲက မလွတ်သွားဘူးလား?'

'လွတ်သွားပါတယ်ဘုရား'

'လွတ်သွားတာသည် ဒုက္ခငြိမ်းသွားတာ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ငြိမ်းရင် နိဗ္ဗာန်ကော မပေါ်ဘူးလား'

'ပေါ်သွားပါပြီဘုရား'

'အဲဒီလို နိဗ္ဗာန်ပေါ်အောင် သမုဒယကိုပယ်သတ်နိုင်အောင် ဟောဒီ ဒုက္ခကို သိနိုင်ဖို့အတွက်က ပွားများတဲ့ဉာဏ် ကိုယ့်သန္တာန်ကိန်းမှ'

'မှန်လှပါဘုရား '

'ဝိပဿနာအလုပ်ကို လုပ်တယ်ဆိုတာ ပွားများနေတာ၊ အဲဒီပွားများတဲ့ ပုဂ္ဂိုလ် မည်သူမဆို ကိုယ့်သန္တာန် ဉာဏ်ကိန်းပြီဆိုလျှင် မဂ္ဂသစ္စာ မလာဘူးလား?'

'လာပါတယ်ဘုရား'

'မဂ္ဂသစ္စာကို ပွားများရင် ဒုက္ခသစ္စာကို ပိုင်းခြားသိမယ်၊ ဒုက္ခကို ပိုင်းခြားသိရင် ဒီဒုက္ခကို မြင်သွားတဲ့အတွက် စက်ဆုပ်စရာ အသုံးမကျစရာ သုံးဆယ့်တစ်ဘုံ သားသတ်ရုံကြီးကို ငါဘယ်တော့မှ အလိုမရှိတော့ဘူးဆိုပြီး ဟော-ပွားများတဲ့ဉာဏ်လေးက အထောက်အပံ့လည်းပြုရော ဒီဘက်က ခင်တဲ့ တဏှာပယ်လို့ကတော့ သမုဒယသစ္စာသေသွားပြီ'

'မှန်လှပါဘုရား'

'သေသွားရင် ဒုက္ခသိမ်းသွားတဲ့အတွက် ဇာတိမလာရင် သုံးဆယ့် တစ်ဘုံ သားသတ်ရုံကို မရောက်တော့ပါ'

'မှန်လှပါဘုရား'

'ရောက်စရာလိုသေးလား?'

'မလိုတော့ပါဘူးဘုရား'

'ဒါဖြင့် ရုန်းထွက်ချင်ရင်အကောင်းဆုံး ဘာလုပ်ကြမယ်'

'ဝိပဿနာအလုပ် လုပ်ရမှာပါဘုရား'

'ဝိပဿနာကို ရှုတယ်ဆိုတာ ပေါ်ရာထင်ရှားရာ ခန္ဓာရှုတာနော်'

'မှန်လှပါဘုရား'

'နှာခေါင်းမှာပေါ်လည်းမလွတ်စေနဲ့'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ငယ်ထိပ်မှာပေါ်လည်း မလွတ်စေနဲ့'

'မှန်လှပါဘုရား'

'ရင်ချိုင့်မှာပေါ်လည်း'

'မလွတ်စေရပါဘုရား'

'တစ်ကိုယ်လုံး တစ်ကောင်လုံးမှာပေါ်လည်း'

'မလွတ်စေရပါဘုရား'

'အေး. . . ဒီသဘောလေးတွေကိုပိုင်အောင် အရှုခံနဲ့အရှုဉာဏ် တည့်နေရင် ကိုယ့်သန္တာန်မှာ ရုန်းထွက်တဲ့ ဝိပဿနာအလုပ်ဟာ သုံးဆယ့် တစ်ဘုံက လွတ်မြောက်အောင်ကယ်မယ်လို့ ဆုံးဖြတ်ချက်ချပြီးတော့ သား သတ်ရုံ ပြောင်းတဲ့အလုပ်ကို ငါတို့မသိတုန်းကလုပ်ခဲ့ပေမယ့် ယနေ့သိတဲ့အချိန် ကစပြီး ဟောဒီတရားလေးကို အားကိုးရာအနေနဲ့ ကိုယ့်ကိုယ်ကိုကိန်းအောင် ကြိုးစားပြီး လွတ်မြောက်အောင် စွမ်းအားရှိသမျှ ရုန်းထွက်မယ်လို့ ဆုံးဖြတ်ချက် ချပြီး ကြိုးစားကြပါလို့ တိုက်တွန်းရင်း တရားပွဲအချိန် စေ့သွားတဲ့အတွက် သာဓု သုံးကြိမ်ခေါ်ပြီး တော်လိုက်ကြရအောင်။

( သာဓု . . . သာဓု . . . သာဓုပါဘုရား )

http://www.dhammadownload.com

# အချိန်မီလေး ကျော့ရှုးဆင်ကြပါ

## တရားတော်



http://www.dhammadownload.com

http://www.dhammadownload.com

# အချိန်မီလေးကျေးဇူးဆပ်ကြပါ တရားတော်

သာသနာတော်နှစ် (၂၅၅၁) ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၆၉) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၆) ရက်၊ ခရစ်နှစ် (၂၀၀၇) ခု၊ နိုဝင်ဘာလ (၃၀) ရက်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်ဆောင်ထောက်ဒေသ၊ ဝမ်ကမ်ရတနာနယ်မြေ၊ ဂျိုပီခန်းမ၌ ဆယ်ရက်တာ ပြုလုပ်သော ဓမ္မဒါန တရားအလှူ အမတဒါန အမြိုက်နိဗ္ဗာန် အလှူပေးလှူတဲ့ တရားအလှူပွဲမှာ နှစ်ရက်မြောက်ည ကျေးဇူးပြုဟောကြားအပ်သော ခုဒ္ဒကနိကာယ် ဓမ္မပဒပါဠိ အဋ္ဌကထာမှ ဂေါယာတကပုတ္တဝတ္ထုကို တန်ဆာဆင်၍ ဟောကြားအပ်သော **"အချိန်မီလေး ကျေးဇူးဆပ်ကြပါ တရားတော်"** ။

ဒီတရားတော်ကို မဟောကြား၊ မနာကြားမီမှာ တရားပိုင်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို နမောပြန်ဘုရားရှိခိုးနဲ့ပဲ ရှိခိုးကြည်ညိုပါ့မယ်၊ လေးလေးစားစား အာရုံပြုထားကြပါ။

(---------------------------)

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com



ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးကြည်ညိုပြီးတဲ့နောက်မှာ မိမိတို့ အားလုံးကိုယ့်မှာကျေးဇူးရှိခဲ့ဖူးတဲ့ပုဂ္ဂိုလ်တွေကော ကိုယ့်ရဲ့မိဘတွေအပေါ်မှာ အဖိုးအဖွားတွေအပေါ်မှာ ကိုယ့်ကိုယ်ကိုလည်းပဲ ပြန်အာရုံပြုပြီးတော့ အချိန်မီ လေးကျေးဇူးဆပ်နိုင်အောင် ယနေ့ဒီတရားအလှူကို ပေးလှူကြတဲ့ အလှူရှင် အပေါင်းကလည်း ကိုယ်နဲ့သံသရာတစ်လျှောက်လုံးမှာ မတော်ဖူးသူမည်သည် မရှိ ဆွေမျိုးတော်စပ်ခဲ့လို့ အားလုံးသော အစ်ကိုအစ်မ အဖေအမေ ညီအစ်ကို မောင်နှမတွေအပေါ်မှာ အချိန်မီလေး ကျေးဇူးဆပ်သွားတယ်ဆိုရင်လည်း မှန်ပါတယ်၊ လာရောက်ပြီးတော့ ဟောကြားတဲ့ ပုဂ္ဂိုလ်ဆိုတာက အလွယ်တကူ ရောက်ဖို့မလွယ်ပါဘူး'

'ယနေ့ ဒီတရားပွဲကြီးကို ဖြစ်မြောက်လာအောင် ဟောကြားတဲ့ပုဂ္ဂိုလ်ကို လည်း ဒီအရောက်ပင့်ဆောင်နိုင်ဖို့က ဒကာမကြီး ဒေါ်မီးမီးတို့အဖွဲ့နဲ့ ဒီဘက် ကလည်းပဲ တရားတွေကိုဟောဖို့အတွက် အခွင့်ရအောင် စွမ်းဆောင်ကြတဲ့ ဦးစိုးလှိုင်တို့အဖွဲ့၊ သူတို့တွေရဲ့စွမ်းဆောင်မှုကြောင့် ယနေ့တရားပွဲကြီး ဖြစ်လာ ပြီး တရားတွေကို နာကြားနေကြရတော့ အသိတွေ ကိန်းပြီး လုပ်သင့်လုပ်ထိုက် တဲ့ အလုပ်တွေကို အချိန်မှီလေး ကိုယ်ပြုရမယ့် ကျေးဇူးရှင်တွေအပေါ်မှာ ကျေးဇူးဆပ်နိုင်အောင် ဒီတရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဘယ်ပြည်ဌာန၊ ဘယ်ဒေသမှာ သီတင်းသုံးတော်မူစဉ်အခါမှာ ဘယ်ပုဂ္ဂိုလ်တွေ ကို အကြောင်းပြုပြီး ဟောကြားတာလဲဆိုတော့ -

'ဘုရားရှင်ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်း တော်မှာ သီတင်းသုံးတဲ့အချိန် အလွန်ကို လိမ္မာရေးခြားရှိတဲ့ မိသားစုကို အကြောင်းပြုပြီးတော့ ဟောသွားခဲ့တဲ့ တရားပါ။ သာဝတ္ထိပြည်ဆိုတာက ဘုရားရှင်ကိုယ်တော်မြတ်ကြီး (၄၅) ဝါကာလတစ်လျှောက်မှာ (၂၅) ဝါ တိုင်တိုင် ဝါဆိုဝါကပ် သီတင်းသုံးခဲ့တဲ့အတွက် သာဝတ္ထိပြည်ကြီးဟာ အလွန်ကို ကံကောင်းတဲ့ပုဂ္ဂိုလ်တွေရဲ့ စုဝေးတဲ့နေရာဆိုရင်လည်းမှန်ပါတယ်၊ သာဝတ္ထိ ပြည်သူပြည်သားတွေဟာ ခုနစ်ကုဋေမှာ ငါးကုဋေမျှဟာ အရိယာတွေ ဖြစ်ကြ တယ်၊ ကျန်တဲ့နှစ်ကုဋေကို သုံးစုသုံးပုံပြုလိုက်ရင် နှစ်စုနှစ်ပုံက သရဏဂုံတည် ကြတဲ့ပုဂ္ဂိုလ်တွေ ကျန်တဲ့တစ်စုတစ်ပုံလောက်ကပင် အနည်းငယ်မျှ အသိ တရားမကိန်းတဲ့ လူမိုက်လောက်ပဲ ကျန်တာပါ။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး

http://www.dhammadownload.com



ချီးမြှောက်ခဲ့တဲ့အတွက် သာဝတ္ထိပြည်ကြီးဟာ အရိယာတွေနဲ့ကို စည်ပင်ပြီး လှစေခဲ့သလို အခုလို တရားစခန်းတွေတော့ ဖွင့်လေ့မရှိပါဘူး၊ တရားစခန်းတွေ သွားရောက်ပြီး အားထုတ်ဖို့ အခွင့်လည်းမရပါဘူး၊ အခုလို တရားပွဲတွေ ကျင်းပတယ်၊ ဒီတရားပွဲတွေမှာ လာရောက်ပြီးတော့ အားတဲ့အချိန်လေး အလုအယက်နာကြ၊ နာပြီးတဲ့အခါမှာ ဒီတရား ဘယ်လိုဟောသွားတယ်၊ ဘယ်လိုကျင့်ရမယ်၊ သိအောင်ကြိုးစား နာပြီးတော့ လုပ်ရင်းကိုင်ရင်း ရောင်းရင်း ရှာရင်း ဖွေရင်း လျှော်ရင်း ဖွတ်ရင်း အိမ်ထောင်သားမွေးနဲ့ ကျင့်သွားကြတာ အရိယာတွေ ဖြစ်ကုန်ကြတယ်၊ တရားနာတယ်ဆိုတာက အရေးကြီးပါတယ်၊ သာဝတ္ထိပြည်သူပြည်သားတွေ အရိယာဖြစ်ကြတယ်ဆိုတာဟာ နာကျင့်ကျင့်လို့ ဘယ်လိုတဲ့ ?'

'နာကျင့်ကျင့်လို့ပါဘုရား'

'ယနေ့တရားနာနေကြတဲ့ သူတော်စင်များက နာကျင့်လား နာပစ်လား?'

'နာကျင့်ပါဘုရား'

'ပီပီလေးဖြေကြပါ'

'နာကျင့်ပါဘုရား'

'တရားကိုနာတယ် နာပြီးတဲ့အခါမှာ-'

'ကျင့်ရမှာပါဘုရား'

'မနေ့ကတရား ဘာခေါင်းစဉ်တုန်း?'

'အကြောင်းကောင်းမှ အကျိုးကောင်းမှာပါဘုရား'

'တချို့မသိကြဘူး၊ နာပစ်တွေများတယ်ပေါ့နော်၊ ဘာတွေများ?'

'နာပစ်တွေများပါတယ်ဘုရား'

'သာဝတ္ထိ ပြည်သူပြည်သားတွေက ခုနစ်ကုဋေမှာ ငါးကုဋေဘာကြောင့် အရိယာဖြစ်လဲ၊ နာကျင့်ကျင့်သွားလို့ ရိပ်သာတွေမှာ သွားပြီးတော့ အားထုတ်ရင်းနဲ့ ရလားဆိုတော့ ရိပ်သာမရှိပါဘူး၊ ကိုယ့်အိမ်မှာကိုယ်နေရင်းနဲ့ ရောင်းရင်း ဝယ်ရင်း ချက်ရင်းပြုတ်ရင်း လျှော်ရင်းဖွတ်ရင်းနဲ့ ကိုယ်သိတဲ့အသိကို နှလုံးသွင်း

http://www.dhammadownload.com



သွားတဲ့အတွက်ကြောင့်မို့လို့ တရားထူးတွေ သိကုန်ကြတယ်၊ ယနေ့ မိမိတို့လည်း တရားတွေနာပြီးတော့များ သိတဲ့အတိုင်းကို ကိုယ့်အိမ်ကိုယ့်ယာမှာ လက်တွေ့ကျင့်မယ်ဆိုရင်တော့ အဖိုးတန်တဲ့အသိဟာ ကိုယ်စီကိုယ်စီ မကိန်းဘူးလား?'

'ကိန်းပါတယ်ဘုရား'

'အေး . . . ကျေးဇူးဆပ်တဲ့နေရာမှာ ဘယ်လိုဆပ်ရမယ်ဆိုတာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်းတော်မှာ သီတင်းသုံးတော့ ဘုရားရှင်ရဲ့ကျောင်းနဲ့ မနီးမဝေးမှာက နွားသတ်သမားကြီးဟာ ငါးဆယ့်ငါးနှစ်လုံးလုံး သူ့မိသားစုအရေး စားဝတ်နေရေး ပြဿနာပြေလည်အောင်ဆိုပြီးတော့ သာသနာတွင်းနဲ့ဆုံပြီး ဘုရားကျောင်းနဲ့ ဒီလောက်နီးကပ်နေတာတောင် ဘုရားရှင် ဆွမ်းခံကြွတာ ဆွမ်းတစ်ဇွန်းတောင်မလောင်းပါဘူး၊ သူ့သားသမီး မိသားစုကိစ္စအတွက်နဲ့ သူများအသက်ကို သတ်ဖြတ်ပြီး လုပ်ကိုင်ရှာဖွေကျွေးမွေးရင်းနဲ့ ကိုယ့်ကိုယ်ကို နှစ်မြှုပ်လိုက်တာ ငါးဆယ့်ငါးနှစ်တောင်နော်'

'မှန်လှပါဘုရား'

'ကုသိုလ်လား အကုသိုလ်လား?'

'အကုသိုလ်ပါဘုရား'

'အသားမပါရင် မစားတတ်တဲ့ ဒီနွားသတ်သမားကြီးဟာ သူ့အတွက်ချန်မထားတော့ နောက်နေ့သတ်မယ့် နွားတွေထဲက အရှင်လတ်လတ်နွားရဲ့ လျှာကို ဖြတ်ပြီးတော့မှ အာဟာရအတွက်ကို တည်ခင်းတော့ အဲဒီဟင်းလျာ သူ့ရဲ့လျှာပေါ်ကိုလည်းရောက်သွားရော အရင်းကပြတ်ကျပြီး ခုနစ်ရက်တိုင်တိုင် နွားလိုအော်ပြီးတော့မှ ဘဝကို အဆုံးသတ်သွားပြီး ငရဲကျရတဲ့အဖြစ်ဆိုးသည် ဒီသား ဒီသမီးအတွက်နဲ့ ရုန်းကန်လှုပ်ရှား စီးပွားရေးတွေလုပ်ရင်း ရှာရင်းဖွေရင်းကနေ ကိုယ့်ကိုယ် နစ်သွားလိုက်တာ၊ ဘယ်သူကယ်နိုင်တုန်း'

'ဘယ်သူမှ မကယ်နိုင်ပါဘုရား'

http://www.dhammadownload.com



'အားလုံးဝိုင်းစားပြီးတော့ ဒီအဖေအတွက် ငါတို့ ဝင်ခံပေးလို့ကော ရလား'

'မရပါဘုရား'

'ကိုယ်လုပ်ရင် ကိုယ်ခံရမှာပါ'

'မှန်လှပါဘုရား'

'အချိန်မီလေး ကိုယ့်ကိုယ်ကို အမှတ်ရပြီး ကယ်မယ်ဆိုရင်ကော မလွတ်နိုင်ဘူးလား?'

'လွတ်နိုင်ပါတယ်ဘုရား'

'အဲဒီအဖြစ်ဆိုးကို မြင်ရတဲ့အတွက်ကြောင့်မို့လို့ မိခင်လုပ်တဲ့ပုဂ္ဂိုလ်က သားကိုအဝေးတစ်နေရာကို ရောက်အောင်ပြေးတော့ဆိုပြီး ခိုင်းလိုက်တဲ့အတွက် သားလေးခမျာမှာ သာသနာအင်မတန်ထွန်းကားတဲ့ သာဝတ္ထိပြည်က နေပြီး သာသနာဝေးကွာလှတဲ့ တက္ကသိုလ်ပြည်ကို ရောက်ခဲ့ရတယ်၊ ဘုရားလည်းပဲ အဲဒီဘက်ကိုမရောက်၊ သာသနာလည်းပဲ မကျယ်ပြန့်တော့ ဒီလိုနဲ့ပဲ အဲဒီတက္ကသိုလ်ပြည်မှာ ပန်းထိမ်ဆရာကြီးနဲ့တွေ့ပြီး သနားလို့ဆိုပြီးတော့ အဖြစ်မှန်သိလို့ ပန်းထိမ်အတတ်ပညာကိုသင်ပေး၊ လိမ္မာရေးခြားလည်းရှိတဲ့အတွက် ပန်းထိမ်ဆရာကြီးက သူ့သမီးနဲ့ပေးစားတော့ အဲဒီမှာပဲ မိသားစုရေးအတွက် သူတတ်တဲ့ပညာနဲ့ လုပ်ကိုင်ရှာဖွေရင်းကနေ အချိန်တွေကုန်လာသမျှ ဒါနလည်းမပြုနိုင်၊ သီလလည်း မစောင့်ထိန်းနိုင်၊ ဘာဝနာလည်းမပွားနိုင်ဘဲနဲ့ သက်တမ်းတွေကြီးလာလိုက်တာ၊ အသက်ရှစ်ဆယ်တောင် ရောက်ခဲ့ပါပြီ၊ သူမွေးဖွားလာတဲ့ သားသမီးတွေကျတော့လည်း ကံကောင်းထောက်မတဲ့အတွက် သာဝတ္ထိပြည်မှာ အိမ်ထောင်ကျသွားပြီးနောက် ဘုရားရဲ့တရားကို နာရ၊ နာရပြီးတော့ ကျင့်ကြံ ကြိုးစားအားထုတ်လိုက်တာ သူတို့ရဲ့သန္တာန်မှာ အားကိုးရာ တရားကိန်းတဲ့အတွက်ကြောင့်မို့လို့ သူတို့ရဲ့ကြွေးကြော်တဲ့ အသံလေးကို ထောက်ဆခြင်းအားဖြင့် သိနိုင်တာက ငါတို့တွေသည် ဟောဒီဘုရားရဲ့ တရားကိုနာရပြီးတော့ ကျင့်ကြံကြိုးစား အားထုတ်ထားလို့ ငါတို့ရင်ထဲကိန်းနေတဲ့တရားဟာ ဘယ်လောက်တောင်များ အစွမ်းထက်သလဲမေးရင် ဒီမဟာပထဝီမြေကြီးကို လက်ဖဝါးနဲ့ပုတ်ရင် လွဲကောင်းလွဲနိုင်သေးတယ်၊

http://www.dhammadownload.com



မဟာပထဝီမြေကြီးကို ကြိုက်တဲ့အချိန် လက်ဖဝါးနဲ့ပုတ် လွဲနိုင်ပါ့မလား ? '

'မလွဲနိုင်ပါဘူးဘုရား'

'သူ့ရဲ့တင်စားချက် ဘယ်လောက်ပေါ်လွင်တယ်ဆိုတာလေးကို သေချာအာရုံပြုလိုက်ပါ၊ ဟောဒီ မဟာပထဝီမြေကြီးကို လက်ဝါးနဲ့ပုတ်ရင် လွဲကောင်းလွဲနိုင်သေးတယ်၊ သူသိထား မြင်ထားပြီးသား တရားကတော့ သုဂတိဘုံကို လွဲစရာ အကြောင်းမရှိဘူးလို့ ရဲရဲတောက်ကြွေးကြော်ပြီး ပြောနိုင်တာသည် ဘာကိန်းနေလို့'

'တရားကိန်းနေလို့ပါဘုရား'

'တရားကိန်းရင် ကိုယ့်ကိုယ်ကို ဘယ်လောက် စိတ်ချတယ်ဆိုတာ ပေါ်သွားပါပြီ'

'မှန်လှပါဘုရား'

'သူတို့အတွက် စိတ်ချတဲ့အသိလေးနဲ့ ကြွေးကြော်နိုင်ပေမယ့် အဝေးတစ်နေရာမှာရှိနေတဲ့ ကျေးဇူးရှင်ဖခင်ကြီးအတွက် အာရုံပြုမိတော့ အရွယ်ကလည်းကြီးနေပြီ၊ ဒါနလည်းမပြု သီလလည်း မစောင့်ထိန်း ဘာဝနာလည်း မပွားတော့ အလွတ်မဲ့သာသေသွားရင် ငါတို့အဖေ ကိုယ်ကျိုးနည်းတော့မယ် အပါယ်မှတစ်ပါး သွားစရာမရှိပါလား၊ မဖြစ်ချေဘူး မဖြစ်ချေဘူး၊ ဟောဒီ အသိတရားတွေကို အချိန်မီရအောင်လို့တော့ ငါတို့ကျေးဇူးဆပ်မယ်ဆိုပြီး အဖေအိုကြီးထံကို အရောက်သွားပြီးတော့ ချော့မော့ပြီး ဖျောင်းဖျလို့ သာဝတ္ထိပြည်ကို အပါခေါ်ခဲ့ပါတယ်၊ ဘာလုပ်ဖို့လဲမေးရင် ကျေးဇူးဆပ်ဖို့ပါ ဖခင်ကြီးက ဒါန သီလ ဘာဝနာတွေ မကင်းဝေးဘူးလား?'

'ကင်းဝေးပါတယ်ဘုရား'

'ဒီအသက်အရွယ်ရောက်အောင်လို့ သူတတ်တဲ့ပညာနဲ့ လောဘ ဒေါသ မောဟ အုပ်ချုပ်ပြီး အကုသိုလ်အလုပ်တွေသည် သူ့ရဲ့သန္တာန်မှာ ဒါန သီလ ဘာဝနာသာကင်းနေရင် ကုသိုလ်အလုပ်လား အကုသိုလ် အလုပ်လား?'

'အကုသိုလ်အလုပ်ပါဘုရား'

http://www.dhammadownload.com



'ဒီလိုနဲ့သက်တမ်းတွေကို ဖြတ်ကျော်လာတာ အသက်ရှစ်ဆယ်တောင်မှ ကျော်ကျော်လေးဖြစ်လာခဲ့တာ၊ အဲဒီတော့ သားလိမ္မာ သမီးလိမ္မာလေးတွေက မဖြစ်ချေတော့ဘူးဆိုပြီး အိုမင်းလှတဲ့အဖေအိုကြီးကို သာဝတ္ထိကိုရောက်အောင် ခေါ်လာပြီးတော့မှ ဘုရားထံသွားပြီး လျှောက်ထားကြသည် . . . '

'ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားနဲ့တကွ သံဃာတော်အရှင်မြတ်များ တပည့်တော်တို့အိမ်မှာ ဆွမ်းစားကြွပါဘုရား' ဆိုပြီးတော့ ဘုရားရှင်ကို လျှောက်ထားတော့ ဘုရားရှင်က ဆိတ်ဆိတ်နေ ဝန်ခံလိုက်တာနဲ့ ဘုရားရှင် လက်ခံတော်မူတာကိုသိတော့ အိမ်ပြန်ပြီး မွန်မြတ်တဲ့ ဆွမ်းခဲဖွယ်တွေကို ပြင်ဆင်ပြီး စောင့်ဆိုင်းနေတယ်။ ဘုရားကလည်း အချိန်ကျတော့ သံဃာတော် အရှင်သူမြတ်တွေနဲ့ ဆွမ်းစားကြွလာ၊ ခင်းပေးထားတဲ့ နေရာအသီးသီးမှာ သီတင်းသုံးတော့ အဖေအိုကြီးနဲ့တကွ သားသမီးတွေက ဆွမ်းတွေကို ဝမ်းမြောက်ဝမ်းသာ ဆက်ကပ်လှူဒါန်းကြ၊ ဘုရားရှင်က တော်ပြီ တန်ပြီဆိုသည့် တိုင်အောင်ကို ဆွမ်းတွေကို လုပ်ကျွေးပြုစုကြတယ်။ ဆွမ်းစားပြီးတဲ့အခါ သားလိမ္မာ သမီးလိမ္မာတွေက လျှောက်ထားတယ်၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင်ဘုရားနဲ့တကွ သံဃာတော် အရှင်မြတ်များကို တပည့်တော်တို့ အခု ဆွမ်းဆက်ကပ်လှူဒါန်းတာဟာ တပည့်တော်တို့ရဲ့ဘေးမှာရှိတဲ့ အိုမင်းရင့်ရော်နေပြီဖြစ်တဲ့ အဖေအိုကြီးရဲ့ ရှင်စဉ်ကာလမှာ လှူဒါန်းပေးတဲ့ ဆွမ်းအလှူပါဘုရား၊ သေမှလှူတာလား ရှင်စဉ်လှူတာလား?'

'ရှင်စဉ်လှူတာပါဘုရား'

'ဒါလေးကိုလည်းပဲ သတိပြုထားပေါ့နော် . . . '

'မှန်လှပါဘုရား'

'ရှင်စဉ်ကာလမှာ လှူဒါန်းပေးတဲ့ ဆွမ်းအလှူဖြစ်ပါတယ်ဘုရား၊ ဒါကြောင့်မို့လို့ တပည့်တော်တို့ရဲ့ အိုမင်းရင့်ရော်နေတဲ့ အဖေအိုကြီးကို တရားဟောပေးပါဘုရားဆိုပြီး တရားပါတောင်းလိုက်တယ်၊ ကုသိုလ်လည်း လုပ်ပေးတယ်၊ တရားပါတောင်းတယ်၊ အဖေအိုကြီးကို ကျေးဇူးဆပ်ချင်လွန်းလို့ကို သားတွေသမီးတွေက မရအရ ဘုရားကိုပင့်ပြီးတော့မှ တရားဟောစေတယ်

http://www.dhammadownload.com



တရားကို နာစေတယ်၊ အဖိုးအိုကြီးကိုဟောတဲ့တရား ယနေ့ည တရားနာ ပရိသတ်အားလုံး မနာရမှာလား နာရမှာလား?'

'နာရမှာပါဘုရား'

'ဘယ်သူ့ကိုဟောတဲ့တရား'

'အဖိုးအိုကိုဟောတဲ့တရားပါဘုရား'

'အသက်ရှစ်ဆယ်ကျော် အဖိုးအိုကြီးကို ဟောတဲ့တရား၊ ငယ်ရွယ်တဲ့ ပုဂ္ဂိုလ်တွေက ငါတို့နဲ့မဆိုင်ဘူးလို့ နှလုံးသွင်းမှားမှာစိုးလို့ ရှေ့ပိုင်းက အနည်း ငယ်လေးပြောပြပါ့မယ်၊ အတိတ်က လုပ်ခဲ့ကြတဲ့ ကောင်းမှုကုသိုလ်ကံကြောင့် ဟောဒီပစ္စုပ္ပန်မှာ အဖိုးအိုကြီး လူ့ဘဝမရဘူးလား?'

'ပါပါတယ်ဘုရား'

'မိမိတို့လည်း အတိတ်ကကုသိုလ်ကံကြောင့် ဟောဒီပစ္စုပ္ပန်မှာ လူရယ် လို့ လာမဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'အဖိုးအိုကြီးရတာလည်း ခန္ဓာဘယ်နှစ်ပါး?'

'ငါးပါးပါဘုရား'

'မိမိတို့အားလုံးလည်းပဲ . . '

'ခန္ဓာငါးပါးပါဘုရား'

'ခန္ဓာငါးပါး ကိုယ်စီရထားတယ်၊ ခန္ဓာကိုယ်စီ ရထားတဲ့အတွက်ကြောင့် မို့လို့ အဖိုးအိုကြီးကိုဟောတဲ့တရား ခန္ဓာရတဲ့ပုဂ္ဂိုလ်တိုင်း ဆိုင်တယ်လို့ နားလည် လိုက်ပါ'

'မှန်လှပါဘုရား'

'ဘယ်သူနဲ့ဆိုင်တဲ့တရား?'

'အားလုံးနဲ့ဆိုင်တဲ့တရားပါဘုရား'

'အဖိုးအိုကြီးသည် ခန္ဓာရတဲ့အတွက်ကြောင့်မို့လို့ ဘုရားရှင်က အဖိုးအို ကြီးရဲ့ ခန္ဓာကိုကြည့်ပြီးတော့ ဟောမှာဆိုတော့ ခန္ဓာရတဲ့ပုဂ္ဂိုလ်တိုင်းနဲ့ ဆိုင်တဲ့

http://www.dhammadownload.com



တရားဖြစ်တဲ့အတွက် ခန္ဓာဉာဏ်ရောက် ဟောတာကို ခန္ဓာဉာဏ်စိုက် မနာရင် ယနေ့ည အကျိုးကြီးတဲ့တရားတစ်ပုဒ် ကိုယ့်သန္တာန် မတည်မှာလား တည်မှာလား?'

'တည်မှာပါဘုရား'

'ဒါဆိုရင် ဝမ်းမြောက်စရာ သိပ်ကောင်းသွားပါပြီ'

'မှန်လှပါဘုရား'

'အဖိုးအိုကြီးကို ဘုရားရှင်တော်မြတ်ကြီးက ကြည့်ပြီးတော့ ဘယ်လို တရားဟောလိုက်လဲဆိုရင် -

**"အို . . ဒါယကာ၊ အသင့်မှာ၊ ကြွေကျနီးလာ၊**

**ဖက်ပမာ၊ မှည့်ဝါဝင်းနေသည်"**

'ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အဖိုးအိုကြီးကို တည့်တည့်ကြည့်ပြီး တော့မှ သူ့ခန္ဓာတွေရဲ့သဘောတွေကို မြင်အောင် စတင်ပြီးတော့ ဟောလိုက် ပြီ၊ ဒါယကာကြီး အသက်အရွယ်တွေ ကြီးရင့်နေတဲ့ အိုဒကာကြီး၊ သင်သည် အခုချိန်ခါမှာ အရွယ်ကလည်း အိုမင်းရင့်ရော်နေပြီဖြစ်တဲ့အတွက် ကိုယ့်ကိုယ် ကို သတိမထားနိုင်ဘဲနဲ့ မေ့လျော့ပေါ့ဆပြီးတော့ ဒီသား ဒီသမီး ဒီစည်းစိမ်ဥစ္စာ အတွက်နဲ့ အချိန်တွေကို ဖြုန်းလာခဲ့တာ အခုကိုယ့်သက်တမ်း ဘာမှမကျန်တော့ ဘူး၊ သင့်ရဲ့အနေအထားဟာ ဘာနဲ့တူလဲလို့မေးရင် ပတ်ဝန်းကျင်မှာရှိတဲ့ သစ်ပင်တွေကို သတိပြုလိုက်ပါ၊ ပတ်ဝန်းကျင်မှာရှိတဲ့ သစ်ပင်တွေသည် အရွယ်လေးတွေဟာ နုရာကနေပြီး ရင့်ရင့်ရာကနေ ရော်လာတဲ့အခါ ဝါလာတဲ့ အဆင့်လေးမှာ အညှာလေးတွေက တွဲလို့တွဲလည်းနဲ့ ကြွေကျလု ကြွေကျခင်မှာ လေလေးတိုက်တိုင်း တိုက်တိုင်း လှုပ်လို့လှုပ်လဲ့နဲ့ အနေအထားလေး မမြင် ဖူးဘူးလား?'

'မြင်ဖူးပါတယ်ဘုရား'

'ဒါယကာကြီး သင့်ရဲ့အနေအထားဟာ အရွယ်တွေကြီးနေပြီဖြစ်တဲ့ အတွက် လှုပ်လို့လှုပ်လဲ့နဲ့ ကြွေလုကြွေခင် ရော်ရွက်ဝါနဲ့တူလှပါတယ်၊ အဲဒီလို လည်းပြောလိုက်ကော အဲဒီပုဂ္ဂိုလ်ကြီးဟာ ကိုယ့်ကိုယ်ကို သေတော့မယ့်

http://www.dhammadownload.com



အနေအထားရောက်နေပါလားလို့ သတိမပြုမိသွားဘူးလား?'

'ပြုမိသွားပါတယ်ဘုရား'

'ခန္ဓာအကြောင်းကို ဖော်ပြောမှ မြင်တာနော်'

'မှန်လှပါဘုရား'

'နဂိုတုန်းက ဒီသား ဒီသမီး ဒီဥစ္စာပစ္စည်းအတွက်နဲ့ အချိန်တွေကို ဖြုန်းလာခဲ့တာ ကိုယ့်သက်တမ်း ဘယ်လောက်ကျန်မှန်းတောင် မသိနိုင်ဘူး'

'မှန်လှပါဘုရား'

'အခုအဖိုးအိုကြီးရဲ့အနေအထားကို ကြည့်လိုက်တော့ ဘာနဲ့တူလဲ?'

'ရော်ရွက်ဝါနဲ့တူပါတယ်ဘုရား'

'ရော်ရွက်ဝါနဲ့ဆိုတော့ အပင်ပေါ်မှာ လေလေးတိုက်တိုင်းတိုက်တိုင်း လှုပ်လှီလှုပ်လဲ့နဲ့ သစ်ရွက်လေး ဖြုတ်ခနဲကြွေဖို့အတွက် တဲတဲလေးအနေအထား မမြင်ရဘူးလား?'

'မြင်ရပါတယ်ဘုရား'

'ဘယ်သူ့အသွင်ကိုပြောနေတာ'

'အဖိုးအိုရဲ့အသွင်ကို ပြောနေတာပါဘုရား'

'ယနေ့ အသက်ရှစ်ဆယ် အဖိုးတွေ အဖွားတွေပါကြလား?'

'ပါပါတယ်ဘုရား'

'ပါရင်သတိပြုနော်'

'မှန်လှပါဘုရား'

'မိမိတို့ရဲ့ အနေအထားသည် ဘာနဲ့တူသလဲမေးရင် ရော်ရွက်ဝါနဲ့ တူတယ်'

'မှန်ပါဘုရား'

'အဲသလိုပြောလိုက်တော့ အရွယ်အလယ်အလတ်တွေ အရွယ်ငယ်တဲ့ ပုဂ္ဂိုလ်တွေက အိုး . . . ငါတို့က နေရအုံးမှာပါ ဒီလိုထင်ကြအုံးမှာ၊ အဲဒီလို ထင်မှာစိုးတဲ့အတွက်ကြောင့်မို့လို့ ကိုယ့်သက်တမ်းလေးကို သတိရအောင်

http://www.dhammadownload.com



ပြောရင် -

**"ရှုသွင်းစိတ်ဖြစ်လာ၊ နောက်ခိုက်မှာ၊**

**ရှုထုတ်စိတ်မလာ သေလေပြီ"**

'အားလုံးရဲ့သက်တမ်းလေးကို အခုပြောပြလိုက်ပြီ၊ မိမိတို့ အခုချိန်ခါမှာ အသက်လေး ရှူသွင်းလိုက်တယ်၊ ရှူသွင်းလိုက်တဲ့အခါမှာ . . '

'ရှူချင်တဲ့စိတ်လေး စဖြစ်ပါတယ်ဘုရား'

'အဲဒီအချိန်လေးကို သတိပြုလိုက်ရင် ငယ်ရွယ်တဲ့ကလေးပဲဖြစ်ဖြစ် အရွယ်အလယ်အလတ်ပဲဖြစ်ဖြစ်၊ အရွယ်ကြီးတဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ လေလေး ရှူသွင်းလိုက်ရင် ဘာနဲ့အသက်ရှင်လဲမေးရင် ရှူချင်စိတ်နဲ့ အသက်ရှင်တယ်၊ ဘာနဲ့အသက်ရှင်လဲ?'

'ရှူချင်စိတ်နဲ့ အသက်ရှင်ပါတယ်ဘုရား'

'အရွယ်ငယ်သူရော အရွယ်အလယ်အလတ်လည်း'

'ရှူချင်စိတ်နဲ့ အသက်ရှင်ပါတယ်ဘုရား'

'အသက်ကြီးတဲ့ပုဂ္ဂိုလ်လည်း'

'ရှူချင်စိတ်နဲ့ အသက်ရှင်ပါတယ်ဘုရား'

'ဟောဒါက အသက်ရှူသွင်းတဲ့အခိုက်အတန့်လေးမှာ မိမိတို့ရဲ့ ရှင်တဲ့ သဘောလေးကို ပြောလိုက်တော့ ရှူချင်တဲ့စိတ်လေးပေါ်တုန်းမှာ ရှင်ခွင့် ရတယ်၊ ပြန်ပြီးတော့ အသက်ရှူထုတ်လိုက်တော့ အသက်ရှူထုတ်လိုက် တာလေး အစားမထိုးဘူးလား?'

'ထိုးပါတယ်ဘုရား'

'အသက်ရှူထုတ်တဲ့အခါမှာ ဘယ်စိတ်နဲ့အသက်ရှင်'

'ရှူချင်စိတ်နဲ့ အသက်ရှင်ပါတယ်ဘုရား'

'ရှူထုတ်ချင်တဲ့စိတ်နဲ့ အသက်ရှင်တယ်၊ ရှူထုတ်ချင်တဲ့ စိတ်ကလေး လည်း အစားထိုးရော ရှူသွင်းတဲ့စိတ်ကလေး ရှိသေးလား?'

'မရှိတော့ပါဘုရား'

http://www.dhammadownload.com



' ချုပ်သွားပြီ၊ သေသွားပြီ၊ ပြန်ပြီးတော့များ ရှုသွင်းချင်တဲ့စိတ်ကလေး၊ အစားမထိုးရင် နေရမှာလား သေရမှာလား ? '

' သေရမှာပါဘုရား '

' ဒီလိုဆိုရင် သူတော်စင်များရဲ့ သက်တမ်းကြည့်လိုက်တော့ ဟော. . ရှုသွင်းချင်တဲ့စိတ်ကလေးပြတယ်၊ ရှုထုတ်ချင်တဲ့စိတ်ကလေးပြတယ်၊ ဟော. . နှစ်စိတ်နဲ့ရှင်တာလား တစ်စိတ်ထဲနဲ့ ရှင်တာလား ? '

' တစ်စိတ်ထဲနဲ့ရှင်တာပါဘုရား '

' ဟောဒါကြောင့် . . . '

**" တစ်စိတ်နဲ့သာ၊ ရှင်နေတာ၊ သတိထားကာ၊ ကြည့်ရမည် "**

' ဘယ်နှစ်စိတ်နဲ့ရှင်နေတာ '

' တစ်စိတ်နဲ့သာ ရှင်နေတာပါဘုရား '

' ဒီလိုဆိုရင် ဗုဒ္ဓ သရဏံ ဒီလောက်ပဲထားလိုက်ပါတော့၊ ဂစ္ဆာမိဆို ရှည်သွားမှာစိုးလို့ ဗုဒ္ဓ သရဏံ ငါးလုံးပေါ့နော် '

' မှန်လှပါဘုရား '

' အဲဒီငါးလုံးလေးမှာကြည့် ဗုဒ် ဆိုတဲ့အသံလေး စမဖြစ်ဘူးလား ? '

' ဖြစ်ပါတယ်ဘုရား '

' ဖြစ်တဲ့အခါမှာ ဗုဒ် ဆိုတာကို ပြောချင်တဲ့စိတ်ကလေးပေါ်ရတယ်၊ ဗုဒ် ဆိုတဲ့အသံလေး မထွက်လာဘူးလား ? '

' ထွက်လာပါတယ်ဘုရား '

' ရွတ်ချင်တဲ့စိတ်ရယ်၊ ရွတ်ချင်တဲ့အမူအရာကြောင့် ဖြစ်ပေါ်လာတဲ့ အသံရယ် ရုပ်နာမ်လေး စပေါ်လာတယ်၊ ဒီကနေပြီးတော့ ဓံလို့လည်း ပေါ်လာရော ဗုဒ်ရှိသေးလား ? '

' မရှိပါဘူးဘုရား '

' ဖြစ်ပြီးတော့ '

' ပျက်သွားပါပြီဘုရား '

http://www.dhammadownload.com



' ရှာလို့တောင် မတွေ့တော့ဘူးနော်၊ အဲဒီလို အချိန်အခါမှာ ဘယ်သူနဲ့ အသက်ရှင်လဲမေးရင် ခံလည်းအစားထိုးလိုက်ရော ဗုဒ်ရှိသေးလား ? '

' မရှိပါဘူးဘုရား '

' ချုပ်သွားပြန်ပြီ တစ်စိတ်တစ်နာမ်နဲ့ မိမိတို့ရဲ့သက်တမ်းလေးပေါ် လိုက်ချုပ်သွားလိုက် ပြနေပြီနော် '

' မှန်လှပါဘုရား '

' သ ဆိုတဲ့ရှုတ်ဆိုမှုလေးပေါ်တဲ့အခါမှာ ရှုတ်ဆိုချင်တဲ့စိတ်နဲ့ သ ဆိုတဲ့ အသံ ရုပ်နာမ်လေးပေါ်တော့ ခံမရှိတော့ ချုပ်သွားပါပြီ၊ သ အစားထိုးလာ၍ ရှင်ခွင့်ရနေသေးတယ် '

' ရှင်ခွင့်ရနေပါသေးတယ်ဘုရား '

' ရ ဆိုတာလည်း ပေါ်လာရော ရှိသေးလား၊ သ ရှိသေးလား ? '

' မရှိပါဘူးဘုရား '

' သေသွားပြီနော် '

' မှန်လှပါဘုရား '

' တကယ်လို့များ ဏံဆိုတာလေးကို ပြောခွင့်မရ၊ မရရင်သေပြီ ရှင်နိုင်ပါတော့မလား ? '

' မရှင်နိုင်ပါဘူးဘုရား '

' ဒါဖြင့် ဏံလို့ပြောနိုင်ခြင်းအားဖြင့် ဏံနဲ့ဆက်ရှင်နေတာ '

' မှန်လှပါဘုရား '

' ဘယ်နှစ်စိတ်နဲ့ရှင် '

' တစ်စိတ်နဲ့ ရှင်နေပါတယ်ဘုရား '

' ဒီလိုဆိုရင် . . . '

**" သတိထားက၊ တစ်စိတ်က၊ ချုပ်ရတစ်စိတ်၊ ဖြစ်သိမည် "**

' ခုနကပြောခဲ့သလို ဗုဒ္ဓသရဏံ ငါးမျိုးပေါ့နော် '

' မှန်လှပါဘုရား '

http://www.dhammadownload.com



' ဗုဒ် ဆိုတဲ့စိတ်ကလေး စဖြစ်ခဲ့တယ်၊ ဖြစ်ပြီးတော့ ပျက်သွားတယ်၊ ဓံ ဆိုတဲ့ စိတ်ကလေး အစားမထိုးဘူးလား ? '

' ထိုးပါတယ်ဘုရား '

' အဲဒီအစားထိုးတဲ့ စိတ်ကလေးကလည်း ဖြစ်ပြီးတည်တာလား၊ ပျက်တာလား '

' ပျက်တာပါဘုရား '

' ဒါဖြင့် **သတိထားက တစ်စိတ်က ချုပ်ရတစ်စိတ် ဖြစ်သိပြီ** ဆိုတော့ တစ်စိတ်ချုပ်ပြီး တစ်စိတ်အစားထိုးတာ ဖြစ်နေတာ၊ တကယ်လို့သာ အစား မထိုးရင် နေရမှာလား သေရမှာလား ? '

' သေရမှာပါဘုရား '

' ယနေ့ မိမိတို့ သက်တမ်းမြဲင်သွားပြီ '

' မှန်လှပါဘုရား '

' အရှည်ကြီးနေရမှာလား တစ်စိတ်ထဲလား ? '

' တစ်စိတ်ထဲပါဘုရား '

' ချက်ချင်း ချက်ချင်း သေနိုင်တယ်၊ မှန်ရဲ့လား ? '

' မှန်လှပါဘုရား '

' ဒါဖြင့်ရင် အခုပေါ်လာတဲ့ ရှေ့စိတ်ကလေးပေါ်တယ်၊ နောက်စိတ်ကလေးအစားထိုးတယ်၊ ဒီစိတ်လည်း ချုပ်မှာပဲ၊ ဒါကြောင့်မို့ -

**" ရှေ့စိတ်မမြဲ နောက်စိတ်လည်း မမြဲသေတာသိရမည် "**

' ကိုယ့်စိတ်ကလေးတွေ တစ်စိတ်ပေါ်လိုက် သေသွားလိုက်၊ နောက်စိတ်အစားထိုးလိုက် အစားထိုးတဲ့စိတ်လည်းပဲ ဖြစ်ပြီးရင် ပျက်ရမှာပဲ၊ မွေးပြီးရင်'

' သေရမှာပါဘုရား '

' ဒါဖြင့် ကိုယ့်သက်တမ်း ကိုယ်စိတ်ချလို့ရလား ? '

' မရပါဘူးဘုရား '

http://www.dhammadownload.com



' အို . . . ငါက အကြာကြီးနေရမှာပါဟေ့ အေးအေးဆေးဆေးမှ တရား အားထုတ်ပါ့မယ်ဆိုလို့ ဖြစ်ပါတော့မလား ? '

' မဖြစ်ပါဘူးဘုရား '

' ဒါကြောင့်မို့-အားလုံးသည် မွေးခါစကလေးကစပြီး ခုနက အဖိုးအိုကြီး တိုင်အောင် ကိုယ့်တစ်စိတ်က ချက်ချင်း ချက်ချင်း သေနိုင်တာမို့ ကြွေလု ကြွေချင် ရော်ရွက်ဝါတွေလို့ အားလုံးမှတ်လိုက်ပါ '

' မှန်လှပါဘုရား '

' မိမိတို့အားလုံး ဘာနဲ့တူ '

' ရော်ရွက်ဝါနဲ့တူပါတယ်ဘုရား '

' လေလေးတိုက်တိုင်းတိုက်တိုင်း ချောက်ချား စရာကောင်းအောင် တလှုပ်လှုပ်ပြနေတာက ကြွေတော့မယ် ကြွေတော့မယ်လို့ သတိပေးနေတာနဲ့ မတူဘူးလား ? '

' တူပါတယ်ဘုရား '

' ဒီကြားထဲမှာ တဖြုတ်ဖြုတ်နဲ့ ကြွေသွားပြီးတော့ သေသွားကြတဲ့ ပုဂ္ဂိုလ်တွေကော သက်သေမရှိဘူးလား ? '

' ရှိပါတယ်ဘုရား '

' မိမိတို့အနေအထားကြည့်ပြန်တော့လည်း ခိုင်ခံ့တာလား၊ ကြွေလု ကြွေချင်တွေလား ? '

' ကြွေလုကြွေချင်ပါဘုရား '

' မြေးလေး ကြည့်တော့လည်း '

' ကြွေလုကြွေချင်ပါဘုရား '

' ကိုယ်တိုင်ကော '

' ကြွေလု ကြွေချင်ပါဘုရား '

' ရှင်းသွားပြီလား ? '

' မှန်လှပါဘုရား '

http://www.dhammadownload.com



' ဒါဖြင့် စိတ်ချလို့ ဖြစ်တော့မလား ? '

' မဖြစ်ပါဘူးဘုရား '

' မြန်မြန်ဆန်ဆန်လုပ်မှဖြစ်တော့မယ် '

' မှန်လှပါဘုရား '

' အဘိုးအိုကြီးကို -

'အို . . . ဒကာကြီးတဲ့ သင်ဟာ အရွယ်တွေကြီးလို့ အပင်မှာရှိနေတဲ့ ကြွေလုကြွေချင် ရော်ရွက်ဝါနဲ့တူတယ်လို့ ဒီလိုလေး ပြောလိုက်တော့ ဩော်-အဖိုးအိုကြီး အဲဒီကျမှ ငါသေခါနီးပြီပဲဆိုတာသိသွားတယ် '

' မှန်လှပါဘုရား '

' မိမိတို့လည်း သေခါနီးလား သေခါဝေးလား ? '

' သေခါနီးပါဘုရား '

' အဖိုးအိုတွေက သေခါနီးလို့ပြောပြီး ကိုယ်က ငယ်ရွယ်သေးလို့ သေခါဝေးလို့ မထင်နဲ့နော် '

' မှန်လှပါဘုရား '

' အားလုံးသည် ကြွေလုကြွေချင် ရော်ရွက်ဝါနဲ့တူလို့ သေခါနီးနေပြီ၊ ကိုယ့်ကိုယ်ကို စိတ်ချလက်ချ မနေကြပါနဲ့ '

' မှန်လှပါဘုရား '

' အဖိုးအိုကြီး သံဝေဂရသလို ကိုယ်လည်း သံဝေဂရမယ်ဆို အချိန်မရွေး လုပ်နိုင်တဲ့အခွင့်အရေးကို တစ်စိတ်နဲ့ရှင်ခိုက်မှာ ကြိုးစားရင် လွတ်လမ်း ကျွတ်လမ်း ကြုံတော့မှာလားဆိုတာ အားရပါးရ သိမြင်ရတော့မှာပါ '

' မှန်လှပါဘုရား '

' ဒီမှာတင် အဖိုးအိုကြီးက တုန်လှုပ်ချောက်ချားတဲ့အသွင်ကြီး ပေါ်သွားတဲ့အခါမှာ ဘုရားရှင်က ဆက်ပြီးတော့မှ -

" သေမင်းတမန်၊ အတန်တန်၊ သင့်ထံကပ်နေသည် "

http://www.dhammadownload.com



အရွယ်တွေကြီးလာတဲ့ အို. . . ဒကာကြီး၊ သင် အခုလိုဖြစ်နေတဲ့ သေပေါက်သေဝ သေခါနီးအချိန်လေးမှာ သင့်ကို ဘယ်သူမှ မသတ်ဘဲနဲ့ သေတွင်းကို တသွင်သွင်တွန်းပို့နေတာက တခြားမဟုတ်ဘူးတဲ့၊ သင့်သန္တာန်မှာ သတ်နေတဲ့ သေမင်းငါးယောက် သေတွင်းကို နေ့တိုင်းနေ့တိုင်း အချိန်တိုင်း အချိန်တိုင်း တွန်းပို့နေတာမို့လို့ အချိန်မရွေး အနေအထားကို သတိပြု လိုက်စမ်းပါ ဆိုပြီးမှ ခန္ဓာဉာဏ်သွင်းပြီနော် '

' မှန်လှပါဘုရား '

' အဖိုးအိုကို ခန္ဓာဉာဏ်ရောက်အောင် ဟောပေးသလို ခန္ဓာပြပြီး ဟောပေးသလို ယနေ့တရားနာ ပရိသတ်တွေကိုလည်း ခန္ဓာကိုပြပြီးတော့ ဟောနေတယ်လို့မှတ်ပါ '

' မှန်လှပါဘုရား '

' မိမိတို့ အနေအထားက ရော်ရွက်ဝါနဲ့တူနေသလို သေမင်းတမန် ငါးယောက်က မွေးခါစကလေးလည်းပဲ သူက နှိပ်စက်နေပါတယ်၊ မိမိတို့ အားလုံးကိုလည်း သေမင်းတမန်က အသေကိုတွန်းပို့နေတာကို သိရအောင် ဆိုရင်တော့ အားလုံးရထားတာ၊ မွေးခါစကစပြီး အဘိုးအိုကြီးတိုင်အောင် ခန္ဓာဘယ်နှစ်ပါးရ '

' ငါးပါးရပါတယ်ဘုရား'

' ပဋိစ္စသမုပ္ပါဒ်နည်းမှာ ပြတာကတော့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာ ယတန၊ ဖဿ၊ ဝေဒနာလို့ပြောပါတယ်၊ အဘိဓမ္မာနည်းမှာ ပြတဲ့တရားက ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ '

' ဝိညာဏက္ခန္ဓာပါဘုရား '

' ခန္ဓာဘယ်နှစ်ပါးရှိလဲ ? '

' ငါးပါးရှိပါတယ်ဘုရား '

' ဒီခန္ဓာငါးပါးက အဘိဓမ္မာနည်းမှာပြတဲ့ ခန္ဓာငါးပါး၊ ပဋိစ္စသမုပ္ပါဒ် နည်းမှာပြတဲ့ ခန္ဓာငါးပါးကတော့ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာလို့ပြောတာ၊ အို. . . ပဋိစ္စသမုပ္ပါဒ်မှာပြတော့ ခန္ဓာကတစ်မျိုးပါလား၊

http://www.dhammadownload.com



ဟောဒီ အဘိဓမ္မာနည်းမှာပြတော့ ခန္ဓာကတစ်မျိုးပါလားလို့ သို့လောသို့လော အတွေးတွေနဲ့ ယောင်နန မဖြစ်ရအောင် အနည်းအကျဉ်းလေးကို ခန္ဓာအကြောင်းလေး ရှင်းပေးပါ့မယ်၊ ဟောဒီ ဝိညာဏ်ဆိုတာက ဘဝမှာ ဦးဆုံး အစဆုံး ကံပစ်ချလို့ သတ္တဝါတွေမှာ စတင်ဖြစ်တဲ့ ပဋိသန္ဓေစိတ်လို့ မှတ်ထား '

' မှန်လှပါဘုရား '

' ဘာစိတ် '

' ပဋိသန္ဓေစိတ်ပါဘုရား '

' ဒီကနေကြည့်လိုက် သဠာယတနမှာ မျက်စိ နား နှာခေါင်း လျှာ ကိုယ် စိတ်လို့ခြောက်ပါးမရှိဘူးလား၊ အဲဒီမှာ စိတ်မပါဘူးလား ? '

' ပါပါတယ်ဘုရား '

' အခုပြောနေတဲ့ စိတ်လေးတွေ ပဝတ္တိစိတ်၊ ဩော်. . . ဒီမှာက ပဋိသန္ဓေစိတ်၊ စိတ်ချင်းကို တူရာပေါင်းပြီးတော့ ဝိညာဏက္ခန္ဓာလို့ ပြောလိုက်ပါ'

' မှန်လှပါဘုရား '

' ဒါဖြင့် အဘိဓမ္မာနည်းမှာပြတဲ့ ခန္ဓာတစ်ပါး ပေါ်မသွားဘူးလား ? '

' ပေါ်သွားပါတယ်ဘုရား '

' ဒီက ဝိညာဏ်ရယ်၊ သဠာယတနက စိတ်ရယ်၊ ဒီနှစ်ခုပေါင်းပြီးတော့ ဝိညာဏက္ခန္ဓာ၊ ဟောဒီ နာမ်ရုပ်မှာ နာမ်ဆိုတာက စေတသိက် (၅၂) ပါးမှာ ဝေဒနာစေတသိက်ရယ်၊ သညာစေတသိက်ရယ် တစ်ခုစီကို ယူလိုက်တယ်၊ ကျန်တာ စေတနာ ဦးဆောင်တဲ့ စေတသိက် (၅၀)ကို တစ်ခုယူလိုက်တော့ သုံးမျိုးပေါ်သွားတယ်၊ ဝေဒနာကို တစ်အုပ်စု၊ သညာကို တစ်အုပ်စု၊ စေတနာ ဦးဆောင်တဲ့ စေတသိက် (၅၀)က တစ်အုပ်စုလို့ နာမ်မှာဘယ်နှစ်အုပ်စုပါ'

' သုံးအုပ်စုပါပါတယ်ဘုရား '

' ဒါဖြင့်ဝေဒနာဆိုတဲ့ တရားမှာ ဟောဒီဘက်က ဝေဒနာမရှိဘူးလား ?'

' ရှိပါတယ်ဘုရား '

http://www.dhammadownload.com



' အဲဒီဝေဒနာနဲ့ နာမ်ထဲမှာပါတဲ့ ဝေဒနာနဲ့ တူရာပေါင်းပြီး ဝေဒနာက္ခန္ဓာ လို့မှတ်ထားလိုက် '

' မှန်လှပါဘုရား '

' ဘာခန္ဓာ '

' ဝေဒနာက္ခန္ဓာပါဘုရား '

' ပြောခဲ့တဲ့ဝိညာဏ်ရယ်၊ သဠာယတနက စိတ်ရယ်က ဝိညာဏက္ခန္ဓာ၊ ဒါဖြင့်ဝေဒနာရယ်၊ ဒီဘက်ကပါတဲ့ ဝေဒနာရယ်က ဝေဒနာက္ခန္ဓာ၊ နောက် တစ်ခါ သညာ၊ အဲဒီသညာက သညာက္ခန္ဓာ၊ ဘာခန္ဓာလဲ ? '

' သညာက္ခန္ဓာပါဘုရား '

' အခုဝိညာဏ်ရယ်၊ နာမ်ရယ်၊ သဠာယတနမှာပါတဲ့ စိတ်ရယ်၊ ဖဿ ရယ်၊ ဝေဒနာရယ်၊ ဒီတရားတွေအားလုံး အကျုံးဝင်တဲ့နေရာမှာ ဝေဒနာက္ခန္ဓာ ရယ်၊ သညာက္ခန္ဓာရယ်၊ သင်္ခါရက္ခန္ဓာရယ်၊ ဝိညာဏက္ခန္ဓာရယ်၊ ခန္ဓာဘယ်နှစ်ပါး ပေါ်သွားလဲ ? '

' လေးပါးပေါ်သွားပါတယ်ဘုရား '

' ခုက်က ငါးလုံးချထားတော့ ရုပ်သွားတာပေ့ါနော်၊ လေးပါးနော်'

' မှန်လှပါဘုရား '

' နာမ်ခန္ဓာလေးပါး ပေါ်သွားပြီ၊ ဒီမှာ ဘာကျန်သေးလဲဆိုတော့ ရုပ်ရယ်၊ သဠာယတနမှာပါတဲ့ မျက်စိ နား နှာခေါင်း လျှာ ကိုယ်ဆိုတဲ့ ငါးမျိုးရယ်၊ ဒါပဲကျန်တော့တယ် '

' မှန်လှပါဘုရား '

' အဲဒီငါးမျိုးရယ်၊ ဟောဒီရုပ်ထဲမှာ အကျုံးဝင်တဲ့အတွက် တူရာပေါင်းပြီး ရူပက္ခန္ဓာလို့မှတ်လိုက်၊ ဒါဖြင့် ပဋိစ္စသမုပ္ပါဒ်မှာပြောတဲ့ ဝိညာဏ်အစ ဝေဒနာ အဆုံး ပဋိစ္စသမုပ္ပါဒ် အစဉ်တန်းထားတဲ့ ဒီခန္ဓာငါးပါးသည် အဘိဓမ္မာနည်းမှာ ပြောတဲ့ ခန္ဓာငါးပါးနဲ့ လွဲချော်မှုများရှိသေးလား ? '

' မရှိပါဘူးဘုရား '

http://www.dhammadownload.com



' အသီးသီး ရထားတဲ့ခန္ဓာငါးပါးကို ပုံပေါ်သွားပြီနော် '

' မှန်လှပါဘုရား '

' အဲဒီခန္ဓာငါးပါးသည်ပင် ကိန်းရာပုဂ္ဂိုလ်ကို အမြဲမပြတ် သေတွင်းကို တွန်းပို့ပြီးတော့ အချိန်တိုင်း သတ်ဖြတ်နေတဲ့ သေမင်းငါးယောက်လို့ မှတ်ထား '

' မှန်လှပါဘုရား '

' ယနေ့မိမိတို့အားလုံး ဘယ်သူနဲ့နေရလဲလို့မေးရင် '

' သေမင်းနဲ့ နေနေရပါတယ်ဘုရား '

' မိမိတို့အားလုံးလည်းပဲ '

' သေမင်းနဲ့နေရပါတယ်ဘုရား '

' သေမင်းနဲ့နေရပါလားဆိုတာ ဒီလောက်လေးပြောလို့ သိမှာမဟုတ်ပါဘူး '

' မှန်လှပါဘုရား '

' ဟောဒီခန္ဓာငါးပါးသည် ရူပက္ခန္ဓာဆိုတာက ဖောက်ပြန်တတ်တဲ့ သဘော၊ ဘာသဘော '

' ဖောက်ပြန်တတ်တဲ့သဘောပါဘုရား '

' ဖောက်ပြန်တတ်တဲ့သဘောသည် ဘာခန္ဓာ '

' ရူပက္ခန္ဓာပါဘုရား '

' ကဲ-ဒီတစ်လုံးသိသွားပြီ၊ အဲဒီ ဖောက်ပြန်တတ်တဲ့ ရူပက္ခန္ဓာဆိုတာကို နားမလည်မှာစိုးလို့ ဟောဒီ တစ်ကိုယ်လုံး တစ်ကောင်လုံးမှာ နာတယ်၊ ကျင်တယ်၊ ကိုက်တယ်၊ ခဲတယ်၊ စူးတယ်၊ အောင့်တယ်၊ တုန်တယ်၊ ခုန်တယ်၊ မူးတယ်၊ ဝေတယ်၊ အော်ဂလီဆန်တယ် အစရှိတဲ့ ဖောက်ပြန်မှုမျိုးစုံသည် ကိုယ်နဲ့စပ်ပြီး မပေါ်ဘူးလား ? '

' ပေါ်ပါတယ်ဘုရား '

' အဲဒါသည် '

' ရူပက္ခန္ဓာပါဘုရား '

http://www.dhammadownload.com



' ဒါဖြင့် ရူပက္ခန္ဓာသည် ဟောဒီခန္ဓာငါးပါးထဲမှာ တစ်ပါး အပါအဝင် ဖြစ်တဲ့အတွက် သေမင်းငါးယောက်ထဲက တစ်ယောက်ပေါ့နော် '

' မှန်လှပါဘုရား '

' သူက ကိုယ့်ကို ဘယ်လိုသတ်တယ်ဆိုတာလေးကို သိနိုင်အောင် ယနေ့ဟောဒီ ခန္ဓာကိုယ်ကြီးမှာ ပူတဲ့အခါမှာ အပူလွန်လို့သေတဲ့အခါ မရှိဘူးလား ? '

' ရှိပါတယ်ဘုရား '

' အေးတဲ့ရာသီမှာ အေးလွန်းလို့သေတာ မရှိဘူးလား ? '

' ရှိပါတယ်ဘုရား '

' အဲဒီလိုပူအောင်လောင်ပြီး သတ်တာ၊ အေးအောင်လောင်ပြီး သတ်တာသည် ဘယ်သူကသတ်တာ '

' ရူပက္ခန္ဓာက သတ်တာပါဘုရား '

' လေဖြတ်လို့သေတာ ဘယ်သူသတ် '

' ရူပက္ခန္ဓာ သတ်တာပါဘုရား '

' အစာအိမ်ဖြစ်လို့သေရတာလဲ '

' ရူပက္ခန္ဓာက သတ်တာပါဘုရား '

' သွေးထွက်လွန်လို့သေရတာကော မရှိဘူးလား ? '

' ရှိပါတယ်ဘုရား '

' အစာအိမ်ပေါက်လို့ သေရတာကော မရှိဘူးလား ? '

' ရှိပါတယ်ဘုရား '

' အဲဒီလို ကိုယ်နဲ့စပ်ပြီး အမျိုးမျိုး နှိပ်စက်ပြီးတော့ သေပွဲဝင်သွားရတာသည် တခြားကြောင့်မမှတ်နဲ့၊ ရောဂါတွေလို့ ဘယ်လောက်ပဲပြောပြော ရုပ်ခန္ဓာသတ်လို့သေရတာ '

' မှန်လှပါဘုရား '

http://www.dhammadownload.com



' ဘာသတ်တာ '

' ရုပ်ခန္ဓာက သတ်တာပါဘုရား '

' ဒီသဘောရှင်းသွားရင် ဟောဒီ ရုပ်ခန္ဓာသည်ပင်လျှင် သေမင်းတစ်ယောက်ဆိုတာ ယုံမှားသံသယ မရှိတော့ဘူး '

' မှန်လှပါဘုရား '

' ဝေဒနာက္ခန္ဓာကော မရှိဘူးလား ? '

' ရှိပါတယ်ဘုရား '

' ခံစားတတ်တဲ့သဘောသည် '

' ဝေဒနာက္ခန္ဓာပါဘုရား '

' သူတော်စင်များ ကိုယ့်ရဲ့စိတ်တိုင်းကျများဖြစ်လာလို့ ရစရာလေးများရလာလို့ရှိရင် ဝမ်းမသာဘူးလား ? '

' ဝမ်းသာပါတယ်ဘုရား '

' ကိုယ်လိုချင်တာလေးများ မရရင် စိတ်ပျက် ဝမ်းနည်းတာကော မရှိဘူးလား ? '

' ရှိပါတယ်ဘုရား '

' အဲဒါလေးကို သရုပ်ပေါ်အောင်ပြောရင် -

**" ဝမ်းသာလွန်က သေရရှာ၊ ခန္ဓာဝေဒနက် သတ်လေသည် "**

' ဝေဒနာက္ခန္ဓာဘယ်လိုသတ်တယ်ဆိုတာ ပုံဖော်လိုက်တာ '

' မှန်လှပါဘုရား '

' တချို့တွေများ ကိုယ့်အတိုင်းအဆမရှိ ရလိုက်တဲ့အခါမျိုး ဝမ်းသာလုံးဆို့ပြီးသေသွားတာကော မရှိဘူးလား ? '

' ရှိပါတယ်ဘုရား '

' ဝမ်းသာလို့သတ်တာ၊ ဘယ်သူသတ်တာ '

' ဝေဒနာက္ခန္ဓာပါဘုရား '

http://www.dhammadownload.com



'ဝမ်းနည်းလို့ သေရတာ'

'ဝေဒနာက္ခန္ဓာပါဘုရား'

'ဒါဖြင့် ခန္ဓာရတဲ့ငါးပါးထဲမှာ အခု သေမင်းသရုပ်၊ နှစ်ခုတော့ ပေါ်သွားပြီ'

'မှန်ပါ့ဘုရား'

'ရုပ်ခန္ဓာကလည်း ကိန်းရာပုဂ္ဂိုလ်ကို အချိန်မရွေး နေရာမရွေး သတ်တယ်'

'မှန်လှပါဘုရား'

'ဝေဒနာက္ခန္ဓာကလည်း အချိန်မရွေး နေရာမရွေး'

'သတ်ပါတယ်ဘုရား'

'မသေမှာတော့ မပူနဲ့နော်၊ အချိန်မရွေး သေဖို့ကတော့ တဲတဲလေးပဲ၊ ဒါကြောင့် . . . အားလုံးဘာနဲ့တူ'

'ရော်ရွက် ဝါနဲ့တူပါတယ်ဘုရား'

'ကိုယ့်အဖြစ်ကိုမမေ့ပါနဲ့'

'မှန်လှပါဘုရား'

'သညာက္ခန္ဓာကော မရှိဘူးလား ?'

'ရှိပါတယ်ဘုရား'

'သညာက္ခန္ဓာကလည်း ဘယ်လိုသတ်လဲ ဆိုရင်တော့ -

'**အမှတ်မှားကာ၊ သေရရှာ၊ ခန္ဓာသညာက် သတ်လေသည်"**

'သညာက္ခန္ဓာ သတ်ပုံကလည်းပဲ မိမိတို့အစားအသောက်တွေကို ဒါက မတည့်ဘူး၊ ဒါကတည့်တယ်လို့ ပြောပင်ပြောငြားသော်လည်း မတည့်တဲ့ အစာကို တည့်တယ်ထင်၊ အမှတ်အသားတွေလွဲမှားပြီးတော့ အစားမှားလို့ သေရတာလည်းပဲ မရှိဘူးလား ?'

'ရှိပါတယ်ဘုရား'

'ဆေးသောက်မှားလို့ သေရတာရှိလား'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com



' အဲဒါ ဘယ်သူသတ်တာ '

' သညာက္ခန္ဓာသတ်တာပါဘုရား '

' ဘယ်မှာရှိတာလဲ ? '

' ခန္ဓာမှာ ရှိတာပါဘုရား '

' အားလုံးရဲ့သန္တာန်မှာရှိနေတဲ့ ခန္ဓာကိုယ်က ကိုယ့်ကို ညာညာတာတာနဲ့ ကရုဏာသက်ပြီး ကူညီနေတဲ့နေရာ မတွေ့ရပါလား '

' မှန်လှပါဘုရား '

' ကလေးလေးလည်း သူသတ်နေတာနော် '

' မှန်လှပါဘုရား '

' လူကြီးလည်းပဲ '

' သူသတ်တာပါဘုရား '

' ဘယ်သူသတ်လဲမေးရင် ခန္ဓာသတ်နေတာ၊ အဲဒါကို ဘာရောဂါကြောင့် ညာရောဂါကြောင့် သေရတယ်လို့ ပြောနေပေမယ့် ရောဂါကြောင့် သေရတာမဟုတ်ဘူး '

' ခန္ဓာသတ်လို့ သေရတာပါဘုရား '

' သင်္ခါရက္ခန္ဓာဆိုတာက ပြုပြင်စေ့ဆော်တတ်တဲ့သဘော ပြုပြင်စေ့ဆော်တတ်တဲ့သဘောသည် ဘာခန္ဓာ '

' သင်္ခါရက္ခန္ဓာပါဘုရား '

' အဲဒီ သင်္ခါရက္ခန္ဓာကလည်း ကိုယ့်ကိုယ်ဘယ်လို သတ်လဲဆိုတော့ . .

" လိုမပြည့်ကာ သေရရှာ၊ ခန္ဓာသင်္ခါရက် သတ်လေသည် "

' သင်္ခါရက္ခန္ဓာသတ်ပုံကလည်း ဘဝတိုင်း ဘဝတိုင်းမှာ ကိုယ့်သားသမီး ဥစ္စာ ပစ္စည်းအတွက် ကိုယ့်ရဲ့ဘဝရပ်တည်ဖို့အတွက် ရှာလိုက်ကြတာ၊ တစ်နေ့ ရှာလည်း ရလာပါတယ်၊ နောက်နေ့လည်းပဲ ထပ်မရှာကြဘူးလား ? '

' ရှာပါတယ်ဘုရား '

http://www.dhammadownload.com



' ဒီလောက်အတိုင်းအဆလေးရရင် တော်ပြီကွာဆိုပြီးတော့ ဒီနေ့ ဟစ်သိန်းဝင်ရင် ငါတော်ပြီဆိုပြီးတော့ အဲလို တစ်သိန်းဝင်လိုက်တဲ့အချိန်ခါမှာ နောက်ထပ် နှစ်သိန်းလမ်းမြင်လိုက်ပြီ၊ ကဲ. . . သဒ္ဓါရက္ခန္ဓာက ဒါလေးက အခွင့်အရေးပဲ မင်းပင်ပန်းတယ်မထင်နဲ့ ဆက်လုပ်ဆက်လုပ်လို့ သူက မတိုက်တွန်းဘူးလား ? '

' တိုက်တွန်းပါတယ်ဘုရား '

' အို. . . တော်ပြီကွာလို့ ငြင်းတာလား ဆက်လုပ်တာလား ? '

' ဆက်လုပ်တာပါဘုရား '

' နှစ်သိန်းလည်းရသွားပြီ၊ နောက်ထပ် လေးသိန်းလောက်ရတဲ့လမ်းလည်း ဆက်မြင်လိုက်ရော နောက်တွန့်တာလား ဆက်လုပ်တာလား ? '

' ဆက်လုပ်တာပါဘုရား '

' အဲလိုနဲ့ သေသွားလိုက်တာ အလိုပြည့်ပြီးသေတဲ့မသာပေါ်လား ? '

' မပေါ်ပါဘူးဘုရား '

' သေခဲ့ရတဲ့ဘဝ ပြန်ကြည့် အလိုမပြည့်အောင် ခိုင်းခိုင်းပြီး သတ်ခဲ့တာ ဘယ်သူပါလိမ့် '

' သဒ္ဓါရက္ခန္ဓာပါဘုရား '

' ဒါဖြင့်သူလည်း လူသတ်သမားပဲ '

' မှန်လှပါဘုရား '

' ဘယ်မှာကိန်းနေတာ '

' ခန္ဓာမှာကိန်းနေတာပါဘုရား '

' အဖိုးကြီးခန္ဓာလည်း လူသတ်သမားတွေ ဝိုင်းနေတယ် '

' မှန်ပါ့ဘုရား '

' တရားတစ်ပွဲလုံးရတဲ့ခန္ဓာလည်းပဲ လူသတ်သမားတွေ ဝိုင်းနေတယ်၊ ဒါဖြင့် မသေမှာတော့ မပူနဲ့နော် '

' မှန်လှပါဘုရား '

http://www.dhammadownload.com



' လုပ်ရင်းကိုင်ရင်းလည်းပဲ '

' သေမှာပါဘုရား '

' သူတို့သတ်နေတာနော် '

' မှန်လှပါဘုရား '

' ကဲ. . . နောက်ဆုံး ဝိညာဏက္ခန္ဓာကော မရှိဘူးလား ? '

' ရှိပါတယ်ဘုရား '

' သိတတ်တဲ့စိတ်ကလည်း ကိုယ့်ကို ဘယ်လိုသတ်လဲဆိုတော့ ကိုယ့်မှာက သားတွေသမီးတွေနဲ့နေရသော်လည်း ဘယ်လိုမှ ပြောလို့ ဆိုလို့မရ စိတ်ဆင်းရဲတာတစ်မျိုး၊ ဒီကြားထဲမှာ အိမ်ထောင်ပြုမှားလို့ လင်ယောကျ်ားက မူးမူးရူးရူးနဲ့ နေ့စဉ်ရိုက်နှက်တာကတစ်မျိုး၊ စိတ်ဆင်းရဲလွန်းလို့ စိတ်ဆင်းရဲတဲ့အခါမျိုးမှာကျတော့ ဒင်းတို့နဲ့နေရတာ ငါသေတာကမှ အေးသေးတယ်ဆိုပြီး အဆိပ်ဆေးကို သောက်ရင်သေမယ်ဆိုတာ သိသိကြီးနဲ့ အဆိပ်သောက်တာကောမရှိဘူးလား ? '

' ရှိပါတယ်ဘုရား '

' ရေထဲဆင်းသေတာကော မရှိဘူးလား ? '

' ရှိပါတယ်ဘုရား'

' အဲဒီလို နည်းမျိုးစုံနဲ့ ကိုယ့်ကိုယ်ကို သတ်သေတာသည် ဝိညာဏက္ခန္ဓာက သတ်တာ၊ ဒါကြောင့် ခန္ဓာဘယ်နှစ်ပါးရှိလဲ ? '

' ငါးပါးရှိပါတယ်ဘုရား '

' ရှိတဲ့ခန္ဓာငါးပါး အဖိုးအိုမှာကော မပါဘူးလား ? '

' ပါပါတယ်ဘုရား '

' အဖိုးအိုကြီးပါတဲ့ခန္ဓာ ဘုရားက ပြောနေပြီ အို-ဒကာကြီး ရော်ရွက်ဝါနဲ့ တူတဲ့ ကြွေလု ကြွေခင်ဖြစ်နေတဲ့ကြားထဲမှာ သင့်ကို သေမင်းတမန် ငါးယောက်က မသေသေအောင် မကြွေကြွေအောင် ချွေနေတယ် သတ်နေတယ်လို့ ပြောနေတယ်နော် '

' မှန်လှပါဘုရား '

http://www.dhammadownload.com



'အခုမိမိတို့တစ်တွေလည်းပဲ ခန္ဓာငါးပါးရလာတော့ ဟောဒီခန္ဓာငါးပါးသည်ပင် ကိုယ့်ကို မဖြစ်မနေ ခြွေချနေတဲ့သဘောဟာ အချိန်တိုင်း အချိန်တိုင်း ဟုတ် မဟုတ်'

'ဟုတ်ပါတယ်ဘုရား'

'ပူလာပြီ အေးလာပြီဆို သတိထားတော့ သတ်နေတာ'

'မှန်လှပါဘုရား'

'ဝမ်းသာတယ် ဝမ်းနည်းတယ်ဆိုတာလည်း'

'သတ်နေတာပါဘုရား'

'အမှတ်သားတွေ မှားအောင်လုပ်တာလည်း'

'သတ်နေတာပါဘုရား'

'မိမိကို အလိုမပြည့်အောင် ခိုင်းခိုင်းနေတာလည်း'

'သတ်နေတာပါဘုရား'

'စိတ်ဆင်းရဲတယ်ဆိုပြီး ကိုယ့်ကိုယ်ကိုသေကြောင်းကြံတာလည်း'

'သတ်နေတာပါဘုရား'

'ခန္ဓာဘယ်နှစ်ပါး'

'ငါးပါးပါဘုရား'

'အဖိုးအိုကြီးကိုလည်း သူသတ်သမားငါးယောက်က အချိန်ပြည့်သတ်နေသလို မိမိတို့ကိုလည်း အချိန်ပြည့် သတ်နေတာဖြစ်တဲ့အတွက်ကြောင့် မို့လို့ ဩော်-ငါသည် အချိန်တိုင်း အချိန်တိုင်း သေနိုင်တယ်ဆိုတာ မမေ့ကြနဲ့နော်'

'မှန်လှပါဘုရား'

'အဲဒါကို သာသနာတွင်းနဲ့ဆုံပြီး ခေတ်ကောင်းအခါကောင်းနဲ့ ကြုံနေတာတောင် မိမိရဲ့ပေါ့ဆမှုနဲ့နေမယ်ဆိုရင် ကိုယ့်လောက်မိုက်တာများ ရှိကြသေးလား'

'မရှိပါဘုရား'

http://www.dhammadownload.com



' ယနေ့ ဘာလုပ်နေတာလဲမေးရင် '

' အချိန်မီ ကျေးဇူးဆပ်နေတာပါဘုရား '

' အဖိုးအိုကြီးကို အဲဒီလိုပြောတော့ အဖိုးအိုကြီးမှာ ချွေးဒီးချွေးပေါက်တွေ တောင်ကျလာပြီး ဩော်-ငါသည် သေရတော့မှာပါလား၊ သေရမယ့်အရေးမှာ ခန္ဓာငါးပါးလူသတ်သမားကလည်း သတ်နေပါလား၊ ကြောက်စရာ လန့်စရာ ပါလားလို့ အဖိုးအိုကြီးဟာ သံဝေဂအကြီးအကျယ် ရနေပြီ၊ မိမိတို့က ဖြုတောင် မဖြုဘူးနော် '

' မှန်လှပါဘုရား '

' အဲဒါ ဖြုရဲ့လား '

' ဖြုပါတယ်ဘုရား '

' အဖိုးအိုကြီးကို ဆက်ပြီးတော့မှ ဘုရားရှင်က ဘယ်လိုဟော လိုက်လဲ ဆိုတော့ -

**" အသက်ကြီးလှ၊ သေမင်းဝ၊ တည်ရနေလေပြီ "**

' အသက်အရွယ်ကြီးပြီးတော့ ရော်ရွက်ဝါနဲ့တူလို့ ကြွေလုကြွေချင် ဖြစ်နေတဲ့ကြားထဲ သေမင်းတမန်ငါးယောက်က မကြွေကြွေအောင်ခြွေ မသေသေအောင် လိုက်သတ်နေလို့ အခြေအနေက ယိမ်းယိုင်လှတဲ့ အို. . . ဒကာကြီး၊ သင်သည် အခုအနေအထားမှာ ဘာနဲ့တူလဲလို့မေးရင် သေမင်း နှုတ်ခမ်းဝ သွားရပ်နေတဲ့ ပုဂ္ဂိုလ်နဲ့တူလှပါသည်၊ ဘယ်မှာသွားရပ်နေတာ '

'သေမင်းနှုတ်ခမ်းဝမှာ သွားရပ်နေပါတယ်ဘုရား '

' အရွယ်တွေကြီးလာတဲ့ အဖိုးအိုကြီး ဘာလုပ်နေလဲမေးရင် သေမင်း နှုတ်ခမ်းဝမှာ သွားရပ်နေတယ်ဆိုမှတော့ အချိန်မရွေး ပြုတ်ကျ ကြွေကျသေ နိုင်တဲ့ တို့လို့တွဲလဲအနေအထားလေးမှာ ရောက်နေပါလားဆိုတာကို သတိ ပေးတာနဲ့ မတူဘူးလား ? '

' တူပါတယ်ဘုရား '

' ဒီလိုဆို အဖိုးအိုကြီးက သေမင်းနှုတ်ခမ်းဝ သွားရပ်နေလို့ အချိန်မရွေး ပြုတ်ကျမယ့်အနေအထား၊ အဖိုးအိုကြီး မြင်လည်းမြင်ရော ချွေးသီးချွေးပေါက်

http://www.dhammadownload.com



ကျ၊ အသားတွေဆတ်ဆတ်တုန်ပြီးတော့ လန့်ပြီလေ၊ ယနေ့ မိမိတို့တစ်တွေ လည်းပဲ ဘယ်မှာရပ်နေလဲမေးရင် '

' သေတွင်းသေဝမှာရပ်နေပါတယ်ဘုရား '

' သားလေးလည်း ဘယ်မှာရပ်နေတာလဲ ? '

' သေတွင်းသေဝမှာရပ်နေပါတယ်ဘုရား '

' သမီးလေးလည်း ဘယ်မှာရပ်နေတာလဲ ? '

' သေတွင်းသေဝမှာ ရပ်နေပါတယ်ဘုရား '

' ကိုယ်လည်းပဲ ဘယ်မှာရပ်နေ '

' သေတွင်းသေဝမှာ ရပ်နေပါတယ်ဘုရား '

' တရားနာပရိတ်သတ်လည်းပဲ သေမင်းနှုတ်ခမ်းဝနားကရပ်ပြီး တရားနာ နေရတာ '

' မှန်လှပါဘုရား '

' ဟောတဲ့ပုဂ္ဂိုလ်လည်း သေတွင်းနှုတ်ခမ်းဝနား ရပ်ပြီးတော့ ဟော နေရတာ အချိန်မရွေး ဝုန်းဝုန်းနဲ့ ပြုတ်ကျနိုင်တယ်၊ တဲတဲလေး အနေအထားမှာ စိတ်မချစရာတော့ သေချာတယ်နော် '

' မှန်လှပါဘုရား '

' ဩော်. . . ပြုတ်မကျခင်လေး ဟောနိုင် နာနိုင်တာပါ '

' မှန်လှပါဘုရား '

' အဲဒီ အခွင့်အရေးလေးကို လက်ဆုပ်လက်ကိုင် ပိုင်ပိုင်မိမိရမယ်ဆိုရင် ကိုယ့်ကိုကယ်နိုင်တဲ့အသိကော ချက်ချင်းမကိန်းဘူးလား ? '

' ကိန်းနိုင်ပါတယ်ဘုရား '

' အဖိုးအိုကြီး ဒီလောက်ကြောက်နေ လန့်နေ ထိတ်နေတာက သေရ မယ့်အရေးကို မြင်သွားပြီ '

' မှန်လှပါဘုရား '

http://www.dhammadownload.com



' မိမိတို့လည်းပဲ မမြင်သွားဘူးလား ? '

' မြင်သွားပါတယ်ဘုရား '

' သေမင်းနှုတ်ခမ်းဝကို ရပ်နေတာမို့လို့ ချောက်ကြီးကလည်း အနက်ကြီး ကိုယ်လုပ်နေတာကလည်း လောဘ ဒေါသ မောဟဆိုတော့ သေချာပေါက် နက်ရှိုင်းသထက် နက်ရှိုင်းတဲ့နေရာကြီး အရောက်ဆင်းရမယ်ဆိုရင် တော်ပါ့မလား ? '

' မတော်ပါဘူးဘုရား '

' အဲဒီလိုမျိုးဖြစ်နေတဲ့ တုန်လှုပ်နေတဲ့ အခိုက်အတန့်မှာဘုရားရှင်က သတိသံဝေဂလေးရအောင်ဆိုပြီး တပ်လှန့်နှိုးဆော်တဲ့ သတိပေးပုံလေးက-

**" တမလွန်သွားခါ သင့်ထံမှာ ရိက္ခာမရှိပြီ "**

' အို. . . အရွယ်ကြီးလှတဲ့ဒကာကြီး ရော်ရွက်ဝါနဲ့တူလို့ ကြွေလုကြွေခင် အနေအထား သေမင်းငါးယောက်ကလည်းပဲ သင့်ကို အချိန်တိုင်း အချိန်တိုင်း သတ်ဖြတ်နေလို့ သေမင်းနှုတ်ခမ်းဝနားမှာရောက်ပြီးတော့မှ ရပ်နေရတဲ့အခိုက်အတန့်လေးကို သင် သတိပြုလိုက်စမ်းပါ၊ တစ်ချက်လေးများ လစ်ခနဲ ဝုန်းခနဲဖြစ်လို့ ပြုကျသွားလို့များ သေပွဲဝင်သွားရင် သင် နောင်တမလွန်ကို ဘာနဲ့သွားမှာလဲလို့ သတိပေးလိုက်ပြီနော် '

' မှန်လှပါဘုရား '

' သူပစ္စုပ္ပန်မှာနေခဲ့တဲ့တစ်လျှောက်ကို ပြန်ကြည့်လိုက်ရင် ပစ္စုပ္ပန်မှာ ကိုယ်ကောမနေဘူးလား ? '

' နေပါတယ်ဘုရား '

' အဘိုးအိုကြီးလည်း ပစ္စုပ္ပန်မှာနေခဲ့ပါတယ်၊ သူသည် ဒီသား ဒီသမီး ဒီဥစ္စာပစ္စည်းအတွက်နဲ့ လိုချင်တဲ့တဏှာ၊ မသိတဲ့ အဝိဇ္ဇာ ဖုံးအုပ်ပြီး အဝိဇ္ဇာ တဏှာ၊ ကိလေသာတွေ လွှမ်းခြုံပြီးတော့ ကံတွေကို အသက် (၈၀) ကျော်သည့်တိုင်အောင် မလုပ်ခဲ့ဘူးလား ? '

' လုပ်ခဲ့ပါတယ်ဘုရား '

' အဲဒီကံတွေသည် ကံကောင်းလား ကံဆိုးလား ? '

' ကံဆိုးပါဘုရား '

http://www.dhammadownload.com



' ကမ္မဘဝပစ္စယာ '

' ဇာတိပါဘုရား '

' သူ့ရဲ့အားကိုးရာတရားတွေကို ကြည့်လိုက်တော့ ဒါနလည်းရှာ မတွေ့ဘူး သီလဘာဝနာကိုလည်းပဲ ရှာမတွေ့ဘူး '

' ရှာမတွေ့ပါဘူးဘုရား '

' ရှာမတွေ့တဲ့အတွက် အားကိုးရာကင်းမဲ့နေတဲ့ အဖိုးအိုကြီးကို ဘုရားရှင်က သတိသံဝေဂရအောင်ဆိုပြီးတော့ အခုအချိန်သေသွားပြီး စုတိနောင် ပဋိသန္ဓေတစ်ဖက်ကိုများ တမလွန်ကို သင်သွားရင် သင့်မှာ ဘာအားကိုးရှိလဲလို့ ထောက်ပြလိုက်ပြီ '

' မှန်လှပါဘုရား '

' အဖိုးအိုကြီးမှာ အားကိုးရှိလား ? '

' မရှိပါဘူးဘုရား '

' သက်တမ်းတစ်လျှောက်လုံး ဘာမှအားကိုးမရှိဘူး၊ အခုသားလိမ္မာ သမီးလိမ္မာတွေက ဘုရားကိုပင့် သံဃာတော်အရှင်မြတ်တွေကို ပင့်ဖိတ်ပြီးတော့ ဆွမ်းလေးလှူပေးလို့ ဆွမ်းအလှူလေး သူ့မှာရထားတုန်းရှိသေးတာ '

' မှန်လှပါဘုရား '

' ဘုရားကိုဖူးတွေ့ပြီး ဘုရားဟောတဲ့တရားကို နာခွင့်ရတုန်းပဲ ရှိသေးတာ '

' မှန်လှပါဘုရား '

' တမလွန်ကို သွားရင်သင်ဘာနဲ့သွားမလဲလို့ အသက်ရှစ်ဆယ်ကျော် ဖြတ်သန်းခဲ့ရတဲ့ ဘဝတစ်လျှောက်ကို ပြန်လည်မီးမောင်းထိုးလိုက်တော့ အားကိုးမဲ့နေတဲ့ အဖိုးအိုကြီး ယနေ့ မိမိတို့တစ်တွေက ကောင်းမှုကုသိုလ်တွေကို စုံအောင် လုပ်မထားဘူးလား ? '

' လုပ်ထားပါတယ်ဘုရား '

' တရားပွဲတွေကိုလည်းပြုကြတယ်၊ တရားတွေလည်းနာကြတယ်၊ အလှူအတန်းတွေလည်းပြုတယ်၊ ကိုယ်တိုင်ကိုယ်ကျလည်း တရားတွေကို နှလုံးသွင်း

http://www.dhammadownload.com



တဲ့အတွက် အားကိုးရာရှိမနေဘူးလား ?'

'ရှိနေပါတယ်ဘုရား'

'ဒါကြောင့် ဘယ်လောက်ဟောဟော မကြောက်ကြဘူးပေါ့နော်'

'မှန်လှပါဘုရား'

'အားကိုးတွေက သိပ်ရှိနေကြတာ အားကိုးရှိတော့ ကြောက်ကို မကြောက်ဘူး အဖိုးအိုကြီးက အားကိုးမရှိတော့'

'ကြောက်ပါတယ်ဘုရား'

'တုန်လှုပ်ချောက်ချားနေတယ်၊ အသားတွေ ဆတ်ဆတ်တုန်နေပြီ၊ ကြောက်လွန်းလို့ အခု ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သင့်မှာ အားကိုးရာ ဘာရှိလဲလို့မေးလိုက်တော့ အဲဒီတော့မှ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားတာ'

'မှန်လှပါဘုရား'

'ယနေ့ သူတော်စင်များက အပြုံးတောင်မပျက်ဘူး အားကိုးတွေရှိ တယ်ပေါ့၊ အဲဒီအချိန်မှာ ထပ်လောင်းပြီးတော့ ခုလို ရှင်ခွင့်ရတဲ့ အခိုက် အတန့်လေးမှာ ကိုယ့်ကိုယ်ကို အချိန်မီ ကယ်နိုင်ပုံလေးကို အချိန်မီလေး ရအောင်ဆိုပြီး ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ထပ်လောင်း သတိပေးလိုက် တာက -

**"ကျွန်းတူမှီရာ၊ ကုသိုလ်သာ၊ ပြုပါအချိန်မီ"**

'အို. . . ဒကာကြီး၊ ရော်ရွက်ဝါနဲ့တူလို့ ကြွေလုကြွေချင် အနေအထား တိုးလို့တန်းလန်းလေးမှာ မကြွေကြွေအောင် ခြွေချမယ့် သေမင်းတမန်ကလည်း သင့်ရဲ့သန္တာန်မှာ အပြည့်အနှက်နေရာယူပြီးတော့ အချိန်တိုင်းမှာလို ခြွေချ နေတဲ့ အခိုက်အတန့် သင်ကလည်းပဲ သေမင်းနှုတ်ခမ်းဝမှာ သွားရပ်နေတယ်၊ အချိန်မရွေးပြုတ်ကျ ကြွေကျနိုင်တဲ့ အနေအထားလေးမှာ မကြွေခင် မပြုခင် လေး သင့်ကို အမှတ်ရပြီးတော့ ဒီအခိုက်အတန့်လေးမှာ ကြိုးစားနိုင်အောင် သတိပေးချင်တာက ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဆိုတာလေးကို မမေ့နဲ့၊ ဥပမာ လေးပေးလိုက်ပြီနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



' မိမိတို့ မြစ်တွေချောင်းတွေထဲမှာ သောင်တွေ ကျွန်းတွေထွန်းပြီးတော့မှ အဲဒီသောင်တွေ ကျွန်းတွေပေါ်မှာ မှီပြီး ဘာတွေပေါက် '

' ကိုင်းပင်တွေ ပေါက်ပါတယ်ဘုရား '

' ဒါဖြင့် သောင်တွေ ကျွန်းတွေ ထွန်းလာပြီဆိုရင် ဒီသောင်ကျွန်းကို မှီပြီးတော့ ကိုင်းပင်တွေပေါက်တယ်၊ အဲဒီကိုင်းပင်တွေ များလာ များလာပြီး ကိုင်းပင်ကို အမှီပြုပြီးတော့ ကျွန်းကမြဲသွားတယ်၊ ဒါဖြင့်ကျွန်းကို မှီပြီးကိုင်းပင်ပေါက်တယ်၊ ကိုင်းကိုမှီပြီး ကျွန်းကမြဲသွားတယ်၊ ဒါကြောင့် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဒါကဥပမာ '

' မှန်လှပါဘုရား '

' အခုအဖိုးအိုကြီးကို သတိပေးတာက ဟောဒီပစ္စုပ္ပန်မှာ အဖိုးအိုကြီးသည် ရောက်ရှိနေပြီ၊ အဲဒီရောက်ရှိတာက လူ့ဘဝမှာရောက်တာသည် အလိုလိုရောက်တာလား ကံအကျိုးပေးလား ? '

' ကံ အကျိုးပေးပါတယ်ဘုရား '

' အဲဒီကံအကျိုးပေးကိုကြည့်ရင် အကုသိုလ်လား ကုသိုလ်လား ? '

' ကုသိုလ်ပါဘုရား '

' ကုသိုလ်ကံကအကြောင်း ဟောဒီဘက်မှာ လူ့ဘဝရတာက '

' အကျိုးပါဘုရား '

' ယနေ့မိမိတို့လည်း ဘာကံလုပ်ခဲ့ '

' ကုသိုလ်ကံလုပ်ခဲ့ပါတယ်ဘုရား '

' ကုသိုလ်ကံ လုပ်ခဲ့တဲ့အတွက် လူ့ဘဝမှာ လူလာမဖြစ်ဘူးလား ? '

' ဖြစ်ပါတယ်ဘုရား '

' ဒီလိုဆိုရင် လူဆိုတာ ဟောဒီခန္ဓာကိုင်းပင်တွေ ပေါက်ရတာသည် အတိတ်က ကုသိုလ်ကျွန်းကိုမှီခဲ့လို့၊ ဘာကျွန်းကိုမှီခဲ့တာလဲ ? '

' ကုသိုလ်ကျွန်း မှီခဲ့လို့ပါဘုရား '

' ကုသိုလ်ကျွန်းကိုမှီခဲ့ပြီး လူ့ခန္ဓာ ကိုင်းပင်ပေါက်ခဲ့ရတဲ့ ဟောဒီ လူ့ခန္ဓာ

http://www.dhammadownload.com



ကိုင်းပင်ပေါက်ခဲ့တဲ့အခါမှာ သာသနာတွင်းဆုံတဲ့အတွက်ကြောင့်မို့လို့ အခွင့်ကောင်း အခါကောင်းတွေရပြီ၊ အချိန်ကောင်း အခါကောင်းတွေနဲ့ကြုံလို့ အလှူခံပုဂ္ဂိုလ်တွေနဲ့ဆုံတဲ့အခါမှာ ဒီကျွန်းကို မြဲသထက်မြဲအောင် ဒါနကုသိုလ်တွေကော များစွာလုပ်လို့ မရဘူးလား ? '

' ရပါတယ်ဘုရား '

' သီလကုသိုလ်တွေလည်း လုပ်လို့ရသလို၊ ဘာဝနာ ကုသိုလ်တွေလည်း ထုံမွှန်းလို့ရတဲ့အတွက် ကျွန်းကို မြဲသထက်မြဲအောင် စောင့်ရှောက်သည့်ပုဂ္ဂိုလ်သည် အနာဂတ်သံသရာမှာ လှူချမ်းသာ ကိုင်းပင်တွေ ထပ်ပေါက်မှာပဲနော် '

' မှန်လှပါဘုရား '

' နတ်ချမ်းသာ ကိုင်းပင်တွေရော မပေါက်ဘူးလား ? '

' ပေါက်ပါတယ်ဘုရား '

' ဟောဒီကိုင်းပင်ကို အမှီပြုပြီးတော့ ကျွန်းကို မြဲသထက်မြဲအောင် လုပ်လို့ရရင် အဲဒီကျွန်းမြဲမှုကြောင့် ဟောဒီကိုင်းပင် လေးတွေလည်း ရှင်သန်ပေါက်ဖွားမှာပဲ '

' မှန်လှပါဘုရား '

' ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဆိုတဲ့သဘောလေး ပေါက်သွားပြီနော် '

' မှန်လှပါဘုရား '

' ကုသိုလ်ကျွန်းကိုမှီပြီး ခန္ဓာကိုင်းပင်ပေါက်တယ်၊ အဲဒီခန္ဓာကိုင်းပင်က သုဂတိခန္ဓာကိုင်းပင် ဒီသုဂတိခန္ဓာကိုင်းပင်ကို အကြောင်းပြုပြီး ကုသိုလ်တွေကို ပြုလုပ်ခွင့်ရတဲ့အတွက် ကျွန်းမြဲသထက်မြဲအောင် စောင့်ရှောက်လိုတဲ့အတွက် အနာဂတ်သံသရာမှာ သုဂတိပြန်မရဘူးလား ? '

' ရပါတယ်ဘုရား '

' ဒီလိုနဲ့ သံသရာလည်ပုံလေးကို ပြလိုက်တဲ့အခါကျတော့ ဒါယကာကြီး သင်သေချာ အာရုံပြုရမှာက ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီကိုပြတဲ့နေရာမှာ ကုသိုလ်ကျွန်းလေးကို အမှီပြုပြီး ခန္ဓာကိုင်းပင်ပေါက်ရတာသည် တခြားမဟုတ်ဘူးကွာ၊ အဝိဇ္ဇာအုပ်ချုပ်လို့ ခန္ဓာကိုင်းပင်ပေါက်ပြီး ဒုက္ခရောက်ရတာ၊

http://www.dhammadownload.com



ဟော. . . တစ်ခါထပ်ပြီးတော့ ဒါကိုမသိဘဲ တဏှာအုပ်ချုပ်ပြီး ကံတွေ လုပ်အုံးမယ်ဆိုရင် ခန္ဓာ့ကိုင်းပင် ဒုက္ခက ပြန်ပေါက်အုံးမှာ၊ အဲဒီခန္ဓာ့ကိုင်းပင် ဒုက္ခတွေကို သင်သည် ရပ်တန်းကရပ်အောင်လို့ အခုချိန်ခါမှာ သင့်ခန္ဓာထဲကို အခုလို ကျွန်းလေးကို အမှီပြုပြီးတော့မှ ဖြစ်ပေါ်လာတဲ့ ကိုင်းပင်လေးကို ထပ်လောင်းပြီးတော့မှ အခြေခံထားပြီးတော့ ငါဘုရားဟောတဲ့ ဝိပဿနာ ကုသိုလ်ကျွန်းလေးကို သင်သာပြုစုပြီး ပျိုးထောင်လိုက်ရင်တော့ သင် သံသရာက လွတ်နိုင်မယ့် အခွင့်အရေး လေးပေါ်မယ်ဆိုပြီး ခန္ဓာညဏ်သွင်း ပေးပါတယ် '

' မှန်လှပါဘုရား '

' ဘယ်မှာ ညဏ်သွင်းပေးတာလဲ ? '

' ခန္ဓာမှာ ညဏ်သွင်းပေးပါတယ်ဘုရား '

ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဆိုတဲ့နေရာမှာ ရိုးရိုးလေးကို အဝိဇ္ဇာ အုပ်ချုပ်ပြီးလုပ်နေရင်တော့ ခန္ဓာကိုင်းပင်ကြီးတွေ ဆက်ကာဆက်ကာရတဲ့ အတွက် ခန္ဓာကိုင်းပင် ဘာသစ္စာ '

' ဒုက္ခသစ္စာပါဘုရား '

' အနာဂတ်သံသရာ ခန္ဓာ့ကိုင်းပင် ဘာသစ္စာ '

' ဒုက္ခသစ္စာပါဘုရား '

' ဘုရားရှင်ကိုယ်တော်မြတ်ကြီး ပွင့်လာတာက ဒုက္ခနဲ့ ဒုက္ခ အလဲအလှယ် လုပ်ပေးဖို့ ပွင့်လာတာဟုတ်သလား ? '

' မဟုတ်ပါဘူးဘုရား '

' အဖိုးအိုကြီးကို သက်တမ်းလေးကလည်း အနည်းငယ်ပဲကျန်တယ်၊ သေမင်း နှုတ်ခမ်းဝမှာလည်းရပ်လို့၊ ပြုတ်ကျလု ကြွေလုကြွေချင်ဖြစ်နေတဲ့ အနေအထားမှာ ဘယ်လောက်တောင် အခွင့်အရေးလေးပေးပြီးတော့ နှလုံး သွင်းမှန်အောင် ခန္ဓာညဏ်သွင်းပေးလဲဆိုတော့ ဒါယကာကြီး သင့်ရဲ့သန္တာန်မှာ အခုချိန်ခါမှာ နှလုံးသွင်းလိုက်စမ်းပါ၊ ဟောဒီခန္ဓာကိုယ်ထဲမှာရှိတာက ကိုယ်နဲ့ စပ်ပြီးပြနေတဲ့ ဖောက်ပြန်မှုမျိုးစုံ စိတ်နဲ့စပ်ပြီးပြတဲ့ ခံစားမှုတွေ မှတ်သားမှုတွေ

http://www.dhammadownload.com



စေ့ဆော်မှုတွေ အပိုင်းဒီနှစ်ပိုင်းကို ခွဲကြည့်လိုက်ရင် ခန္ဓာမှာရှိတာက ငါလည်း မဟုတ် သူလည်းမဟုတ် ပုဂ္ဂိုလ်သတ္တဝါလည်းမဟုတ် ရုပ်နဲ့နာမ်၊ ဒါဖြင့် ရုပ်နာမ် ကို ပုံဖော်ပေးမယ် -

"ကိုယ်နဲ့စပ်ရာ၊ ကိုယ်ထဲမှာ၊ ပေါ်ရာရုပ်ဟု ရှု့ရမည် "

' သစ္စာရှိလိုက်ကြတာ၊ နောက်တစ်ခေါက်ဆိုရင် ဘာဖြစ်မှာမို့လဲ၊ ဟောဒီ ခန္ဓာကိုယ်ထဲမှာ ရုပ်နာမ်နှစ်ပါးရှိတယ်၊ အဲဒီရုပ်နာမ်နှစ်ပါးကို အခုရုပ်ကို ပုံဖော်လိုက်တော့ ဒီကိုယ်ကောင်ကြီးနဲ့စပ်ပြီး ပေါ်သမျှသည် ဘာတရား '

' ရုပ်တရားပါဘုရား '

' ပူတာအေးတာလည်း '

' ရုပ်တရားပါဘုရား '

' တုန်တာ ခုန်တာလေးလည်း '

' ရုပ်တရားပါဘုရား '

' စူးတာအောင့်တာလည်း '

' ရုပ်တရားပါဘုရား '

' ယားတာကိုက်တာလည်း '

' ရုပ်တရားပါဘုရား '

' တစ်ကိုယ်လုံး တစ်ကောင်လုံးမှာ ပေါ်ချင်ရာပေါ် ကိုယ်နဲ့စပ်ပြီး ပေါ်သမျှ '

' ရုပ်တရားပါဘုရား '

' အဲဒါလေးကို ဖောက်ပြန်ပျက်စီးနေတာ ပေါ်တဲ့နေရာမှာ မမြဲတာလေး ကို သင်နှလုံးသွင်းကြည့်ပါဆိုပြီး အဖိုးအိုကြီးကို သင်ပေးသလို ယနေ့ သူတော်စင်များကိုလည်း ခန္ဓာဉာဏ်စိုက်ပြီး ကိုယ်မှာပြတဲ့ဖောက်ပြန်မှုမျိုးစုံ ဘယ်နေရာမှာပေါ်ပေါ် ပေါ်ပြီးရင် ကြည့်လိုက်တဲ့နေရာရှိသေးလား ? '

' မရှိတော့ပါဘူးဘုရား '

' အဲလိုဖြစ်နေပျက်နေတဲ့နေရာကို မြင်လိုက်ပြီဆိုရင် တဏှာ၊ ဥပါဒါန်၊

http://www.dhammadownload.com



ကံဆိုတာ လာခွင့်ရသေးလား ? '

' မရပါဘူးဘုရား '

ဩော်. . . ဒီတစ်ချက်လေးသည်ပင် အပါယ်လေးပါးကလွတ်အောင် ကိုယ့်ကိုယ်ကို စောင့်ရှောက်နိုင်တဲ့ အလွန်ကိုအဖိုးတန်တဲ့ ဝိပဿနာဉာဏ် ကုသိုလ်ဆိုတော့ တန်ဖိုးမရှိဘူးလား ရှိလား ? '

' ရှိပါတယ်ဘုရား '

' ဘုရားရှင်ကိုယ်တော်မြတ်ကြီးက တဏှာကိလေသာတွေကို ပယ်နိုင်အောင် ဟောနေတာနော် '

' မှန်လှပါဘုရား '

' ဒါဖြင့်ရင် ရုပ်ကိုတော့ သိသွားပြီ၊ နာမ်ပိုင်းကိုပြောရရင် -

**" စိတ်နဲ့စပ်ရာ စိတ်ထဲမှာ၊ ပေါ်ရာနာမ်ဟု ရှုရမည် "**

' နာမ်တရားကို ဖော်ပြတဲ့နေရာမှာ စိတ်နဲ့စပ်ပြီးပေါ်သမျှ ဘာတရား '

' နာမ်တရားပါဘုရား '

' မိမိတို့သန္တာန်မှာ လိုချင်မှုလေးပေါ်လည်း '

' နာမ်တရားပါဘုရား '

' စိတ်ဆိုးမှုလေးပေါ်လည်း '

' နာမ်တရားပါဘုရား '

' အလိုမကျမှုလေးပေါ်လည်း '

' နာမ်တရားပါဘုရား '

' ဝမ်းသာမှုပေါ်လည်း '

' နာမ်တရားပါဘုရား '

' ဝမ်းနည်းမှုလေးပါလည်း '

' နာမ်တရားပါဘုရား '

' သူများကိုစိတ်ဆိုးလည်း '

' နာမ်တရားပါဘုရား '

http://www.dhammadownload.com



'မနာလိုလည်း'

'နာမ်တရားပါဘုရား'

'အရှုခံတွေချည်းပဲနော်'

'မှန်လှပါဘုရား'

'ဒီအာရုံလေးက ကိုယ့်ကိုပြလို့ အဲဒီလို လိုချင်မှုတွေ တပ်မက်မှုတွေ နှစ်သက်မှုတွေမျိုးစုံ ဘာတွေပဲပြပြ အကြောင်းရှိလို့ပေါ်လာတဲ့တရား ဒီအကြောင်းလည်းချုပ်ရော ရှိသေးလား ?'

'မရှိပါဘူးဘုရား'

ဩော်-ဖြစ်နေပျက်နေတဲ့ တရားလေးကို ဉာဏ်သာလိုက်စမ်းပါ၊ ဝိပဿနာဉာဏ်ကုသိုလ် သင့်ရဲ့သန္တာန်မှာ ကိန်းနေပြီဆိုရင် -

"ကုသိုလ်မှီရာ၊ ရှိသူမှာ၊ ပညာရှိဖြစ်သည်"

'ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒီဒကာကြီးအပေါ်မှာပညာရှိကုသိုလ်တည်အောင် ဟောပေးလိုက်တယ်၊ ယနေ့မိမိတို့တစ်တွေလည်း ပညာရှိကုသိုလ်ဆိုတာ ဘာလဲမေးရင် ဝိပဿနာဉာဏ်ကိုပြောတာ'

'မှန်လှပါဘုရား'

'ဘာဉာဏ်လဲ ?'

'ဝိပဿနာဉာဏ်ပါဘုရား'

'ဝိပဿနာဉာဏ် ကိုယ့်သန္တာန် ကိန်းပြီဆိုရင် ခန္ဓာထဲကို ဉာဏ်စိုက်ကြည့်လိုက်ရင် ကိုယ်နဲ့စပ်ပြီးပေါ်တာ ဘာတရား'

'ရုပ်တရားပါဘုရား'

'စိတ်နဲ့စပ်ပြီးပေါ်တာ'

'နာမ်တရားပါဘုရား'

'ဒီတရားလေးတွေ မမြဲပုံလေးကို အခုချက်ချင်း အာရုံပြုနိုင်အောင် ဟောပြောလိုက်တဲ့အသံလေး မပေါ်လာဘူးလား ?'

'ပေါ်လာပါတယ်ဘုရား'

http://www.dhammadownload.com



'ရှိသေးလား ?'

'မရှိတော့ပါဘူးဘုရား'

'မပေါ်ခဲ့လို့လား ?'

'ပေါ်ခဲ့ပါတယ်ဘုရား'

'အဲဒီအသံလေးကိုက ရုပ်တရားလား ?'

'မှန်လှပါဘုရား'

'ဒီရုပ်တရားလေးက တစ်သံပြီး တစ်သံပေါ်လာတယ်၊ ပေါ်လာပေါ်လာပြီး ကြည့်လိုက်ရင် မရှိတော့ဘူး၊ အလွန်ကို လျှင်မြန်စွာ မပျက်ဘူးလား ပျက်လား ?'

'ပျက်ပါတယ်ဘုရား'

'သူများအပြောလား ကိုယ့်အာရုံစိုက်ရင်ကော ချက်ချင်း မသိနိုင်ဘူးလား ?'

'သိနိုင်ပါတယ်ဘုရား'

'ကဲ-ကိုယ်က အဲဒီလို အာရုံလေးကပြတယ်၊ အသံလေးက တစ်သံပေါ်လိုက် မိမိရဲ့နားနဲ့တိုက်နေတော့ မကြားဘူးလား ?'

'ကြားပါတယ်ဘုရား'

'အဲဒီလိုကြားတိုင်းကြားတိုင်းမှာ နားကကြားတာ မဟုတ်ပါ၊ ဒါလေးတစ်ချက်မှတ်နော်'

'မှန်လှပါဘုရား'

'နားဆိုတာ ရုပ်တရား မကြားတတ်ပါ'

'မှန်လှပါဘုရား'

'ကြားတာက ကြားစိတ်ကကြားတာ ဘယ်ကကြားတာလဲ ?'

'ကြားစိတ်ကကြားတာပါဘုရား'

'စိတ်ဆိုးတော့'

'နာမ်တရားပါဘုရား'

http://www.dhammadownload.com



' အဲဒီလိုစိတ်ဆိုတဲ့ ကြားစိတ်လေးထဲ အသံလေးပေါ်တော့ ကြားလိုက်တာ အဲဒီအသံလေးချုပ်တော့ ကြားတာလေး ရှိသေးလား ? '

' မရှိတော့ပါဘူးဘုရား '

' အသံရောမြဲလား ? '

' မမြဲပါဘူးဘုရား '

' ကြားစိတ်ရော မြဲလား ? '

' မမြဲပါဘူးဘုရား '

' ဒီသဘောလေးကို ဉာဏ်ရောက်အောင် အသိလေးကပ်ရင် ဉာဏ်ဦးစီးထားတဲ့အသိမှာ လောဘလည်း မလာဘူး၊ ဒေါသလည်း မလာဘူး၊ မောဟလည်းမလာတဲ့အတွက် တဏှာ ကိလေသာတွေကို ပယ်နိုင်အောင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အဖိုးအိုကြီးကို အနာဂါမ်တည်အောင် ဟောပေးပါတယ် '

' မှန်လှပါဘုရား '

' ဘာတည်အောင် ဟောပေးတာလဲ ? '

' အနာဂါမ်တည်အောင်ဟောပေးပါတယ်ဘုရား '

' အဖိုးအိုကြီးမှာက အရွယ်ကလည်းကြီး၊ ကံကလည်းနည်းနေပြီ၊ ဉာဏ်ကလည်းမွဲနေပြီ၊ အသက်ကြီးတော့ ကံကလည်းနည်း ဉာဏ်ကလည်းမွဲနေပြီဆိုတော့ သူ့မှာ အားကိုးစရာ ကုသိုလ်လည်း မရှိရှာတဲ့အတွက်ကြောင့် ဘာနဲ့တူလဲ၊ ယနေ့မိမိတို့တစ်တွေ ကိုယ်မွေးထားတဲ့ သားလေး သမီးလေး လေးဘက်သွားတဲ့အရွယ်လေးတွေမှာ ကိုယ်က မြန်မြန်ကြီးအောင် အားအင်တွေပြည့်ဖြိုးအောင်လို့ ကိုယ့်လက်အတိုင်းအဆနဲ့ အားရှိလှတဲ့အစာတွေကို ကလေးပါးစပ်ထဲ အတင်းခွံ့၊ အကုန်ဝင်လား ? '

' မဝင်ပါဘူးပါဘုရား '

' သို့သော်လည်းပဲ ပါးစပ်လေးနဲ့ ဆံ့သလောက်တော့ မဝင်သွားဘူးလား ? '

' ဝင်သွားပါတယ်ဘုရား '

http://www.dhammadownload.com



' ကိုယ်က ချစ်လွန်းလို့ အတင်းဇွတ်ကျွေးတဲ့ ကိုယ့်လက်အတိုင်းအဆ တော့ မဝင်နိုင်ဘူးပေါ့နော် '

' မှန်လှပါဘုရား '

' ပါးစပ်ကလေးနဲ့ ဆံ့သလောက်ဝင်နိုင်သလိုပဲ ဘုရားရှင်ကိုယ်တော် မြတ်ကြီးကလည်း အဖိုးအိုကြီးရဲ့ အချိန်သက်တမ်းကလည်း အင်မတန်မှ တိုတောင်းနေပြီဖြစ်လို့ ရတဲ့အချိန်လေးမှာ များများစားစားလေး ကိန်းအောင်း အောင်ဆိုပြီးတော့မှ ဘယ်လောက် စေတနာ မေတ္တာထားပြီး ခွံ့ကျွေး ခွံ့ကျွေး အဖိုးအိုကြီးမှာလည်း သူ့မှီသလောက်ဉာဏ်လေးနဲ့ ကြိုးစားလိုက်တာ၊ အဲဒီလို ကြိုးစားလိုက်တော့ ကိုယ်နဲ့စပ်ပြီးပေါ်လာတဲ့ ရုပ်တရားလေးမြင်လာပြီး ဖြစ်တာ ပျက်တာလေးတွေ့သွားပြီ၊ စိတ်နဲ့စပ်တဲ့နာမ်တရားလေးတွေကို ဉာဏ်သွင်း လိုက်တော့လည်း မြင်သွားပြန်ပြီ၊ ဖြစ်တာ ပျက်တာလေးတွေကို မြင်သွားတဲ့ အခါမှာ အဲဒီရုပ်နာမ်တွေရဲ့ ဖြစ်ခြင်းပျက်ခြင်း အဆုံးတွေကိုလည်း မျက်မှောက် ပြု သိလိုက်ရော အဖိုးအိုကြီး သောတာပန်တည်သွားပြီ၊ အဖိုးအိုကြီးဘာ ဖြစ်သွား '

' သောတာပန်တည်သွားပါတယ်ဘုရား '

' ဒါဖြင့် အသက်ရှစ်ဆယ်ရောက်နေတဲ့ အဖိုးအဖွားတွေ အားမငယ် ကြပါနဲ့ '

' အားမငယ်ပါဘူးဘုရား '

' တရားလေးကို တစ်ပုဒ်နာပြီး ဆွမ်းတစ်ဇွန်းကိုလှူလိုက်တဲ့ အလှူ လေးပင် ဘယ်လောက်ကျေးဇူးများသွားလဲမေးတော့ တစ်ကြိမ်လှူပြီး တစ်ကြိမ် တရားနာရတာ သောတာပန်ဖြစ်သွားတယ်၊ ဒီအတိုင်းသာထားမယ်ဆိုရင် အဖေအိုကြီး အလွတ်မဲ့သေရင် အပါယ်မှတစ်ပါး သွားစရာရှိသေးလား ? '

' မရှိတော့ပါဘူးဘုရား '

' သားလိမ္မာ သမီးလိမ္မာတွေက အချိန်မီ ကျေးဇူးဆပ်လိုက်တဲ့အတွက် ကြောင့်မို့လို့ အဖေကြီး အပါယ်လေးပါး လွတ်မသွားဘူးလား ? '

' လွတ်သွားပါတယ်ဘုရား '

http://www.dhammadownload.com



' ကဲ-မိမိတို့လည်း မိဘတွေကို စိတ်ပျော်ရွှင်အောင်ဆိုပြီး ကျေးဇူးတွေ မဆပ်ဘူးလား ? '

' ဆပ်ပါတယ်ဘုရား '

' ဘယ်လိုဆပ်ကြလဲမေးတော့ -

ဩော်-သားတို့ သမီးတို့ မင်းတို့ ကျွေးမွေးစောင့်ရှောက်နိုင်ရင် ငါ့ကို တရားရိပ်သာမပို့နဲ့ TV လေးဝယ်ပေး၊ ဟော-အဲဒီကျတော့ အဖေအမေ တွေကို စိတ်ချမ်းသာပါစေဆိုပြီး မဝယ်ပေးလိုက်ဘူးလား ? '

' ဝယ်ပေးလိုက်ပါတယ် ဘုရား '

' TV တင်မဟုတ်ဘူး အောက်စက်ပါတပ်ပေး၊ အဲဒီတော့ သားတွေ သမီးတွေကလည်း အဖေအမေ စိတ်ချမ်းသာရင်ပြီးရော၊ ငါတို့လည်း ရှိတုန်း ပွဲပိုးမယ်ဆိုပြီးတော့မှ ရိပ်သာကိုပို့ပြီး တရားနာစေတာလား၊ အောက်စက် ဝယ်ပေးတာလား ? '

' အောက်စက်ဝယ်ပေးတာပါဘုရား '

' ကဲ-သေကာနီးမှာ ကြည့်လိုက်ပါ၊ အဖေ အမေက အသက်ကြီးပြီ သေလည်းသေခါနီးပြီ၊ ကိုယ့်ကို ကျွေးမွေးစောင့်ရှောက်ပြီး လူလားမြောက်ပြီး ချမ်းသာနေတဲ့ ကိုယ်က ကျေးဇူးဆပ်လိုက်တဲ့နေရာမှာ TV လေးဝယ်ပေးတယ်၊ အောက်စက်လေးဝယ်ပေးပြီးတော့ အဖေအမေပျော်တာကို ထိုင်ကြည့်ပြီးတော့ နေ့စဉ်နဲ့အမျှ အဖေအမေတွေ အဖိုးတွေ အဖွားတွေ ကျေးဇူးရှင်တွေက ဒါလေးကို ရှေ့ကိုထားပြီးတော့ အမြဲတမ်းကြည့်နေတဲ့အတွက် ကုသိုလ်ကြီးလား အကုသိုလ်ကြီးလား ? '

' အကုသိုလ်ကြီးပါတယ်ဘုရား '

' ဟုတ်ရဲ့လား ? '

' ဟုတ်ပါတယ်ဘုရား '

' အဲဒီအကုသိုလ်တွေကြီးပြီး သေသွားရင် ဘယ်ရောက်မယ် '

' အပါယ်ရောက်မှာပါဘုရား '

http://www.dhammadownload.com



' အဆင်းဘာတပ် '

' ဘီးတပ်တာပါဘုရား '

' တော်တယ်နော် ဒီသား ဒီသမီးတွေ အဖေအမေကို ကျေးဇူးဆပ်တာ ဘယ်ကိုတွန်းချ '

' အပါယ်ကို တွန်းချတာပါဘုရား '

' ဟုတ်လား မွေးကျေးဇူးတွေ ကျွေးကျေးဇူးတွေ ဆပ်လိုက်ကြတာ၊ အဆင်းဘီးတပ်ပေးတာ ဟုတ်လား ? '

' မှန်လှပါဘုရား '

' လုပ်သင့်ရဲ့လား '

' မလုပ်သင့်ပါဘူးဘုရား '

' မသိလို့လုပ်ခဲ့ပါတယ်၊ သိတဲ့အချိန်ကစပြီး ပြင်ပြီးကျေးဇူးဆပ်ကြ '

' မှန်လှပါဘုရား '

' ဒီသား ဒီသမီးတွေ ကျေးဇူးဆပ်သွားတဲ့နေရာမှာ အဖေဟာ တရားခမ္မတွေနဲ့ဝေးကွာလို့သေရင် အပါယ်မှတစ်ပါး သွားစရာမရှိတဲ့အချိန်တိုအတွင်းလေးမှာ ကယ်နိုင်တဲ့အသိဟာ တစ်ကြိမ်ဆွမ်းလှူပေးတယ်၊ တစ်ကြိမ်တရားနာလိုက်တာ ကျေးဇူးမများသွားဘူးလား ? '

' များသွားပါတယ်ဘုရား '

' ခုတော့ မိဘတွေစိတ်ချမ်းသာအောင်၊ အဖိုးအဖွားတွေ စိတ်ချမ်းသာအောင်၊ ကျေးဇူးရှင်တွေ ချမ်းသာအောင် ဘုရားကျောင်းကန်တွေကို အရောက်ပို့ပေးဖို့လည်း မစဉ်းစားဘူး၊ တရားတွေကို ပေးနာဖို့လည်းပဲ စဉ်းစားမှုမရှိဘဲနဲ့ သူတို့ ပျော်ရွှင်တာလေးနဲ့ပဲ ထားပြီးတော့မှ သေသွားတဲ့အခါကျမှ ရက်လည်ဆွမ်းတွေ၊ လပြည့်ဆွမ်းတွေ၊ နှစ်ပြည့်ဆွမ်းတွေ အို. . . နှစ်ဆယ်တွေရော၊ သုံးဆယ်တွေရော စုံနေတာပဲ၊ ဘယ်လောက်ပဲပြုပြု သရဏဂုံတောင် မတည်ပါဘူး၊ တည်ပါ့မလား ? '

' မတည်ပါဘူးဘုရား '

http://www.dhammadownload.com



' အခုရှင်စဉ်ကာလလေးမှာ ဆွမ်းလှူပေးတဲ့ အလှူတရားလေး နာလိုက်ရတဲ့အခါ အပါယ်တံခါးတောင် ပိတ်မသွားဘူးလား ? '

' ပိတ်သွားပါတယ်ဘုရား '

' ကျေးဇူးဆပ်ပုံတွေ အတုယူစေချင်တာပါ '

' မှန်လှပါဘုရား '

' အချိန်မီလေး ဘာလုပ်ရမှာလဲ ? '

' ကျေးဇူးဆပ်ရမှာပါဘုရား '

' ကျေးဇူးဆပ်ရမှာ၊ သားလိမ္မာ သမီးလိမ္မာလေးတွေက ကျေးဇူးဆပ်တဲ့အတွက် အဖေအိုကြီး သောတာပန်တည်သွားပြီ၊ အပါယ်တံခါး ပိတ်မသွားဘူးလား ? '

' ပိတ်သွားပါတယ်ဘုရား '

' ယနေ့ . . သူတော်စင်များက အပြုံးမပျက်တာ သောတာပန် တည်ပြီလား ? '

' မတည်သေးပါဘူးဘုရား '

' အပါယ်တံခါး ပိတ်လောက်ပြီပေါ့နော် '

' မပိတ်သေးပါဘူးဘုရား '

' ကိုယ့်ကိုယ်ကိုလည်း စိတ်ချပြီပေါ့ '

' မချသေးပါဘူးဘုရား '

' အဖိုးအိုကြီးက တရားတွေနာပြီး ထိတ်လာ ကြောက်လာ လန့်လာပြီး အခုလို ကြိုးစားတာ '

' မှန်လှပါဘုရား '

' မိမိတို့က တရားတွေနာပြီး ထိတ်လန့် ကြောက်ရွံ့ဖို့နေနေသာသာ အပြုံးမပျက်တော့ ကြိုးစားဖို့စွမ်းအားတောင် နည်းလား များလား ? '

' နည်းပါတယ်ဘုရား '

http://www.dhammadownload.com



'တော်တော်အားရှိစရာပဲ၊ ကြိုးစားဖို့ ပြောနေတာနော် '

'မှန်လှပါဘုရား '

'နာပစ်လား၊ နာကျင့်ရမှာလား ? '

'နာကျင့် ကျင့်ရမှာပါဘုရား '

'အဲဒီလိုနဲ့ အဖိုးအိုကြီးဟာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး အနာဂါမ် တည်အောင်ဟောပေမယ့် သောတာပန်လောက်ပဲတည်သွားတာ၊ သူ့အတွက် တော့ စိတ်ချသွားရပြီ၊ ဒါပေမယ့် သားလိမ္မာ သမီးလိမ္မာတွေက မကျေနပ်သေး တဲ့အတွက်ကြောင့်မို့လို့ နောက်သုံးလကြာတဲ့အခါမှာ ဘုရားနဲ့တကွ သံဃာ တော်အရှင်မြတ်တွေကို ပင့်ဖိတ်ပြီးတော့မှ ဝမ်းမြောက်ဝမ်းသာ ဆွမ်းတွေ ဆက်ကပ်လှူဒါန်းပြီးလို့ ဘုရားက တော်ပြီတန်ပြီတိုင်အောင် ပြုစုလုပ်ကျွေးပြီး တဲ့ အခါကျတော့ ဘုရားကို လျှောက်ပြန်တယ်၊ အရှင်ဘုရား တပည့်တော်တို့ အခုလိုလှူဒါန်းတာလည်းပဲ တပည့်တော်တို့ရဲ့ဘေးမှာ အိုမင်းရင့်ရော် အသက် အရွယ်ကြီးလှတဲ့အဖေအိုကြီးရဲ့ ရှင်စဉ်ကာလမှာ လှူဒါန်းပေးတဲ့ ဆွမ်းအလှူ ပါဘုရား၊ ဒါကြောင့်မို့ တပည့်တော်တို့ရဲ့အဖေအိုကြီးကို တရားဟောပေးပါ ဘုရား၊ အဖေအိုကြီး သောတာပန်တည်တာတောင်မှ သူတို့ကျေနပ်လား?'

'မကျေနပ်ပါဘူးဘုရား '

'ဒါကြောင့် အလှူတစ်ခါလုပ်ပေးပြီးတော့ ရှင်စဉ်မှာ လှူဒါန်းပြီးတော့ တရားနာစေပြန်တယ်၊ အဲလိုပေးနာတဲ့အခါမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဒီအဖိုးအိုကြီးကို ကြည့်ပြီးတော့ တရားဟောတယ်'

'အို. . . ဒကာကြီး သင်သည် အသက်အရွယ်တွေလည်းကြီးလို့ အရွယ် လွန်နေပါပြီ၊ ဘယ်အချိန်ကြည့်ကြည့် သင်သည် ဟောဒီခန္ဓာကိုယ်ကြီးက သေမင်းထံသို့ တစိုက်မတ်မတ်သွားနေပါသည်၊ ဘယ်ကိုသွားနေ '

'သေမင်းထံသို့ သွားနေပါတယ်ဘုရား '

'မိမိတို့ရဲ့ဟောဒီခန္ဓာကိုယ်ကြီးရဲ့ သဘောလေးကို မြင်အောင်ပြောရင်-

**" ခန္ဓာကြီးဟာ၊ သေရွာသာ၊ မှန်စွာသွား၍နေလေသည်**

**ရောင်းဝယ်ရေးဟာ၊ ယာယီပါ၊ သေရွာသွားတာမြဲလေသည် "**

http://www.dhammadownload.com



' သူတော်စင်များကို မေ့နေမှာစိုးလို့ ယာယီနဲ့အမြဲပါ ခွဲပြီးတော့ တွဲရှင်းပေးလိုက်တယ်၊ နေ့စဉ်နေ့စဉ် မအားဘူး မအားဘူးနဲ့ အချိန်တွေပေးပြီးမှ အရောင်းအဝယ်ထဲမှာ နစ်နေကြတယ်၊ အဲဒါ အမြဲအလုပ်လား ယာယီအလုပ်လား ? '

' ယာယီအလုပ်ပါဘုရား '

' ရောင်းရင်းဝယ်ရင်း လုပ်ရင်း ကိုင်ရင်း ဟောဒီခန္ဓာကိုယ်ကြီးက တစ်နေ့တစ်နေ့ ဘယ်သွား '

' သေရွာသွားနေပါတယ်ဘုရား '

' ရပ်ထားလို့ရလား ? '

' မရပါဘူးဘုရား '

' သေမင်းကို မဆွဲပါနဲ့အုံး မခေါ်ပါနဲ့အုံး မသေပါရစေနဲ့အုံးလို့ တားထားလို့ရလား ? '

' မရပါဘူးဘုရား '

' ကိုယ့်ဆိုင်မရောင်းချင်ရင် ပိတ်ထားလို့ ရမရ '

' ရပါတယ်ဘုရား '

' မလုပ်ချင်ရင်ကော နားထားလို့ ရ မရ '

' ရပါတယ်ဘုရား '

' တရားနာဖို့ကျတော့ မနာချင်ဘူး၊ တရားအားထုတ်ဖို့ကျတော့ မအားဘူး ဟုတ်လား ? '

' ဟုတ်ပါတယ်ဘုရား '

' ကိုယ့်ကိုယ်ကို နှစ်နေကြတာ '

' မှန်လှပါဘုရား '

' ဟောဒီခန္ဓာကိုယ်ကြီးက ရောင်းရင်း ဝယ်ရင်း ချက်ရင်းပြုတ်ရင်းနဲ့လည်း တစ်စက်ကလေးမှ အနားမပေးဘဲနဲ့ အသေဘက်ကို တဒိုင်းဒိုင်းသွားနေတာဟာ အချိန်မရွေးသေဖို့အတွက်ကို အဆင်သင့်ဖြစ်နေပါလားလို့

http://www.dhammadownload.com



သဘောပေါက်အောင်လို့ ဘုရားရှင်က -

'အို . . . ဒကာကြီး အသက်အရွယ်တွေကြီးလှပြီ အရွယ်တွေလည်း လွန်လှပြီ၊ သင့်ခန္ဓာကိုယ်ကြီးဟာ တစိုက်မတ်မတ်နဲ့ သေမင်းထံသို့သာသွား နေပါသည်၊ ဒါကြောင့် အကြားအခိုက်မှာ နေချိန်မရှိတော့ဘူး ဘယ်လို ပြောလိုက်လဲ ?'

' အကြားအခိုက်မှာ နေချိန်မရှိတော့ပါဘုရား '

' အကြားခိုက်မှာ နေချိန်မရှိဘူးဆိုတာ အဖိုးကြီးက အိုနေပြီနော် '

' မှန်လှပါဘုရား '

' ဇရာနဲ့ မရဏအတွင်းမှာ နေချိန်မရှိတော့ဘူး '

' မှန်လှပါဘုရား '

' ယနေ့မိမိတို့တစ်တွေလည်း ဇရာလက်တွင်း မရှိဘူးလား ? '

' ရှိပါတယ်ဘုရား '

' အရှေ့မှာ ဘယ်သူကနီး '

' မရဏကနီးပါတယ်ဘုရား '

' အဲဒီမရဏနဲ့နီးတဲ့ ဟောဒီအိုခြင်းနဲ့ မရဏကြားထဲမှာ တစ်စိတ်နဲ့ ရှင်နေတာမို့လို့ နေချိန်မှရှိသေးရဲ့လား ? '

' မရှိပါဘူးဘုရား '

' အို. . . အဲဒါများ ငါ့အရွယ်ကောင်းပါသေးတယ်၊ နေရအုံးမှာပါ လုပ်လိုက်အုံးမယ်ဟဲ့လို့ ပြောနေကြတာ အလွဲကြီးမလွဲဘူးလား ? '

' လွဲပါတယ်ဘုရား '

' ဒီတရားနာရတာ အချိန်မီပါတယ်နော် '

' မှန်လှပါဘုရား '

' လုပ်ဖို့သာလိုတော့တယ်နော် '

' မှန်လှပါဘုရား '

http://www.dhammadownload.com



' လုပ်ရောလုပ်မှာလား ? '

' လုပ်မှာပါဘုရား '

' ဟောရကျိုးနပ်အောင်လည်း ကြိုးစားကြစမ်းပါ၊ မိမိတို့ရဲ့ ခန္ဓာကိုယ်ကြီးရဲ့ သက်တမ်းဟာ စိတ်မချရတဲ့အတွက်ကြောင့်မို့လို့ နေချိန် အကြားအခိုက်မှာ မရှိတော့ဘူး၊ ဒါကြောင့်မို့လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ပထမ ဟောခဲ့တဲ့တရားကို ပြန်ဟောခဲ့လိုက်တာက -

" ကျွန်းတူမှီရာ ကုသိုလ်သာ၊ ပြုပါအချိန်မှီ "

'အို. . . ဒကာကြီး သေမင်းထံကိုသာ တစိုက်မတ်မတ်သွားနေလို့ အကြားခိုက်မှာတောင်မှ နေချိန်မရှိလောက်အောင် ကုန်ဆုံးခဲ့တဲ့အချိန်တွေ များသွားပြီ၊ ဒါကြောင့်မို့လို့ သင်သည် ဟောဒီကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီလေးကို ပြန်အမှတ်ရပြီးတော့ လက်ရှိနိဗ္ဗာန်ကို မျက်မှောက်ပြုထားတဲ့ ဝိပဿနာ မဂ်ကုသိုလ် သူ့မှာမရှိဘူးလား ? '

' ရှိပါတယ်ဘုရား '

' အဲဒီကုသိုလ်ကလေးကို မြဲသထက်မြဲအောင်များ ကြိုးစားမယ်ဆိုရင် ခန္ဓာကိုဉာဏ်လှည့်ရင် ရုပ်နာမ်ဓမ္မတွေက ဖြစ်ပျက်ကို ပြန်မမြင်ရဘူးလား ? '

' မြင်ရပါတယ်ဘုရား '

' အဲဒီသဘောလေးကို စွဲသထက်စွဲ၊ မြဲသထက်မြဲအောင် သင်ပြန်ကြိုးစားစမ်းပါ၊ သင်ဒီအလုပ်ကို လုပ်စမ်းပါ၊ ဟောဒီရုပ်နာမ်တွေရဲ့ အဖြစ်အပျက်တွေကို တရစပ်မြင်အောင် ကြိုးစားလိုက်မယ်ဆိုရင် နောက်ဆုံး ရုပ်နာမ်ဓမ္မတွေရဲ့ ဖြစ်ပျက်အဆုံးမှာ ကိလေသာတွေကို ပယ်သတ်ပြီးတော့ ရဟန္တာအဖြစ်နဲ့ မျက်မှောက်ပြုနိုင်တယ်ဆိုပြီး ကိလေသာကို ကုန်အောင် ခမ်းအောင်လို့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဆက်လက်ပြီး ကျေးဇူးပြုတာဟာ ရဟန္တာဖြစ်အောင် ဟောပေးတာပါ '

' မှန်လှပါဘုရား '

http://www.dhammadownload.com



'အဖိုးအိုကြီးက သူသိထားတဲ့ ဝိပဿနာဉာဏ် မဂ်ကုသိုလ်လေးနဲ့ ပြန်ပြီးကြိုးစားလိုက်ပြီ၊ အမှတ်ရပြီးတော့ ခန္ဓာကို ဉာဏ်ပြန်သွင်းလိုက်တယ်၊ ခန္ဓာမှာဉာဏ်သွင်းလိုက်တော့ ဘာနဲ့ဘာပေါ်မှာ'

'ရုပ်နဲ့နာမ် ပေါ်မှာပါဘုရား'

'ကိုယ်နဲ့စပ်ပြီးပေါ်တဲ့ ရုပ်တရားကလည်း ဖြစ်ပြီးတော့ ပျက်ပါတယ်၊ စိတ်နဲ့စပ်ပြီးပေါ်တဲ့ နာမ်တရားကလည်း ဖြစ်ပြီးတော့'

'ပျက်ပါတယ်ဘုရား'

'ရုပ်နာမ် မှန်သမျှ ဖြစ်လိုက်ပျက်လိုက် တဖွဲဖွဲပြနေတော့ တရားသည်ပင် ဘစ်ကိုယ်လုံး တစ်ကောင်လုံး ရစရာမရှိအောင် ပြိုပျက်နေတာမို့ နှိပ်စက်မှု ထင်ရှား မထင်ရှား ?'

'ထင်ရှားပါတယ်ဘုရား'

'အဲဒီထင်ရှားတဲ့ ဖြစ်ခြင်း ပျက်ခြင်းသည်ပင် နှိပ်စက်တတ်လို့ဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား'

'ဒုက္ခသစ္စာဆိုတဲ့တစ်လုံးကို မြင်တာက တခြားလား ဉာဏ်လား?'

'ဉာဏ်ပါဘုရား'

'အဲဒီဉာဏ်က မဂ္ဂသစ္စာ ဒီလိုနဲ့ဖြစ်ခြင်းပျက်ခြင်း ရုပ်နာမ်ပေါ်မှာ အဲဒီ မဂ္ဂင်လေးကိန်းပြီး ဉာဏ်ကလိုက်တဲ့အတွက်ကြောင့်မို့လို့ နောက်ဘက်မှာ အဝိဇ္ဇာကလည်းလွတ်မြောက်၊ တဏှာကလည်း ဝင်ခွင့်မရတဲ့အတွက် ကိလေသာ က သေ မသေ'

'သေပါတယ်ဘုရား'

'ကိလေသာသေရင် သံသရာမှာ ဒုက္ခပေးတဲ့ သမုဒယ လာခွင့်မရတဲ့ အတွက် သမုဒယသေပြီးသားပါ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'သမုဒယသစ္စာသေရင် အနာဂတ်သံသရာမှာ ဒုက္ခသိမ်းတဲ့ နိဗ္ဗာန် နိရောဓသစ္စာ မျက်မှောက်ပြုမှာလား မပြုဘူးလား ?'

'ပြုမှာပါဘုရား'

'အဲဒီလို ဘုရားက သစ္စာလေးပါးဆိုက်အောင် မျက်မှောက်ပြုအောင် ဟောလိုက်တော့ အဖိုးအိုကြီးက ကြိုးစားလိုက်တာ ခန္ဓာမှာ ဉာဏ်စိုက်ပြီးတော့ နှလုံးသွင်းလိုက်တာ ရုပ်နာမ်ဓမ္မတွေရဲ့ဖြစ်ပျက်ကို ကောင်းစွာမြင်ပြီးတော့ ဒုတိယအကြိမ်မြောက်ဆုံး၊ တတိယအကြိမ်မြောက်ဆုံးတော့ အနာဂါမ်တည် သွားပါတယ်၊ ဘာတည်သွားတာလဲ ?'

'အနာဂါမ်တည်သွားပါတယ်ဘုရား'

'ရဟန္တာတော့ မဖြစ်ပါဘူး၊ အနာဂါမ် တည်သွားတာကို ပြန်ကြည့်တော့ အဖိုးအိုကြီးက အသက်ကလည်းကြီးပါပြီ၊ သူ့အတွက် သားလိမ္မာ သမီးလိမ္မာ တွေက ကျွေးမွေးဆပ်ပေးတဲ့နေရာမှာ ဆွမ်းလှူတဲ့အခါမှာ ဘယ်နှစ်ကြိမ်လှူပေး'

'နှစ်ကြိမ်လှူပေးပါတယ်ဘုရား'

'ရှင်စဉ်ကာလမှ ဆွမ်းနှစ်ကြိမ်လှူပေးပြီး တရားနှစ်ကြိမ်ပေးနာလိုက်တာ အနာဂါမ်တည်ပြီးတော့ တစ်ဆင့်တက်လိုက်ရင် ရဟန္တာဖြစ်ပြီး လွတ်လမ်း ကျွတ်လမ်း မရဘူးလား'

'ရပါတယ်ဘုရား'

'ဒီလိုဆိုရင် မိဘကိုကျွေးမွေးဆပ်တဲ့နေရာမှာ ဟောဒီ သားလိမ္မာ သမီး လိမ္မာလေးတွေ ကျွေးမွေးဆပ်ပုံကို ယနေ့ နမူနာယူပြီးတော့ အာရုံပြုရင် ကြွေး ကျေအောင် ဆပ်မှာလား ?'

'ကြွေးကျေအောင်ဆပ်မှာပါဘုရား'

'ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည် သူ့ရဲ့မိခင်ကို ကြွေးဆပ်တဲ့ နေရာမှာ နို့ဘယ်နှစ်လုံးဖိုးကျေ'

'နှစ်လုံးဖိုးကျေပါတယ်ဘုရား'

'ဘယ်နှစ်လုံးဖိုးကျေ'

'နှစ်လုံးပါဘုရား'

http://www.dhammadownload.com



‘ ပီပီသသဖြေကြစမ်းပါ **One** လား **Two** လား ? ’

‘ **Two** ပါဘုရား ’

‘ တစ်ချို့က တစ်လုံးပဲထင်တာ၊ နှစ်လုံးဖိုးကျေပါတယ်၊ ဘယ်နှစ်လုံးဖိုး ကျေတာ ’

‘ နှစ်လုံးပါဘုရား ’

‘ မိခွေးတော် ဂေါတမီက သားတော်ဘုရားကို တိုက်ကျွေးတဲ့ မိခင်နို့က ဟောဒီခန္ဓာကိုယ်ကြီး ကြီးထွားဖို့ပဲဖြစ်ပါတယ်၊ သားတော်ရဲ့တိုက်ကျွေးတဲ့ ဓမ္မနို့ရည်က သံသရာက လွတ်မြောက်တယ်၊ ဒါကြောင့်မို့လို့ သူ့ရဲ့သံသရာက တိုက်တဲ့ နို့ဖိုးတွေ ပစ္စုပ္ပန်မှာတိုက်ခဲ့တဲ့ နို့ဖိုးတွေအားလုံးကျေတယ်၊ မင်္ဂကုသိုလ် ဖိုလ်ကုသိုလ်ရအောင် ကျေးဇူးဆပ်နိုင်ရင် နို့ဖိုးအားလုံးကျေပါတယ်၊ မိမိတို့ အခု ကျွေးမွေးစောင့်ရှောက်တဲ့ ကိုယ့်လုပ်အားလေးနဲ့ ပံ့ပိုးနေရုံနဲ့တော့ မကျေဘူးနော် ’

‘ မှန်လှပါဘုရား ’

‘ ဒါဖြင့် မိခင်ဖခင်တွေရဲ့အကြွေး ကျေးဇူးရှင်တွေရဲ့ အကြွေးကို ကျေချင် ရင် ဘာနဲ့ဆပ်မယ် ’

‘ တရားနဲ့ဆပ်မှာပါဘုရား ’

‘ အခု အလှူရှင်တွေက တရားပွဲကြီးလုပ်ပြီး မတော်ဖူးသူမည်သည် မရှိ ဆွေမျိုးသားချင်း အားလုံးအပေါ်မှာ တရားနဲ့ကျေးဇူးဆပ်တာပါ၊ အချိန်မမီ ဘူးလား ? ’

‘ မီပါတယ်ဘုရား ’

‘ ဒါကြောင့် အချိန်မီလေး ဘာလုပ်တာလဲ ? ’

‘ ကျေးဇူးဆပ်တာပါဘုရား ’

‘ အချိန်မီလေး ကျေးဇူးဆပ်တဲ့အတွက် တရားတွေကို နာရတော့ ကိုယ်ကတရားတွေကို သိသွားရင် ဩော် . . . ငါတို့ရဲ့ သက်တမ်းလေးက

http://www.dhammadownload.com



တစ်စိတ်ထဲပါလား၊ အဲဒီ တစ်စိတ်နဲ့လျှုတဲ့အတွက်ကြောင့်မို့လို့ ရှင်တဲ့အတွက်ကြောင့်မို့လို့ ဥပမာပေးသွားတဲ့နေရာမှာ ငါတို့အမြဲတမ်းမြင်ယောင်ရမှာက ငါတို့ကိုယ့်ကိုယ်ကို ဘာနဲ့တူတယ် '

' ရော်ရွက်ဝါနဲ့တူပါတယ်ဘုရား '

' ရော်ရွက်ဝါနဲ့ တူတဲ့အတွက် တလှုပ်လှုပ်နဲ့ ကြွေလုကြွေခင် မရှိဘူးလား ? '

' ရှိပါတယ်ဘုရား '

' မသေခင်လေးအချိန်မီကြိုးစားမယ်ဆိုရင် အသက် (၈၀) အဖိုးကြီးလည်း မရဘူးလား ? '

' ရပါတယ်ဘုရား '

' ကိုယ်တွေက သန်တုန်း မြန်တုန်း ဉာဏ်ကောင်းတုန်းမို့လို့ အချိန်မီကြိုးစားမယ်ဆိုရင် သူ့ထက်တောင်သာမလား မသာဘူးလား ? '

' သာပါတယ်ဘုရား '


' အချိန်မီကြိုးစားပြီး ကိုယ့်ကိုယ်ကို ကယ်နိုင်ကြပါစေလို့ တိုက်တွန်းရင်းပဲ သာဓုသုံးကြိမ်ခေါ်ပြီး တရားပွဲကိုအဆုံး သတ်လိုက်ကြရအောင်'

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com

# မလိမ္မာ မိုက်ခဲ့သမျှ

တရားတော်



http://www.dhammadownload.com

http://www.dhammadownload.com

# မလိမ္မာမိုက်ခဲ့သမျှ တရားတော်

သာသနာတော်နှစ်(၂၅၅၁) ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၆၉) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၇) ရက်၊ ခရစ်နှစ် ၂၀၀၇-ခု၊ ဒီဇင်ဘာလ (၁) ရက်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးမြို့နယ်၊ ဝမ်ကန်ဒေသ၊ ဈေးသစ်နယ်မြေ၊ ထေရဝါဒဗုဒ္ဓသာသနာပြန့်ပွားရေးအဖွဲ့ခွဲ သစ္စာဓမ္မာရုံမှာ (၁၀) ရက်တိုင်တိုင် ကျင်းပပြုလုပ်တဲ့ ဓမ္မဒါနတရားအလှူ အမတဒါန အမြိုက်နိဗ္ဗာန်အလှူပြုတဲ့ တရားအလှူပေးပွဲ ယနေ့ တတိယမြောက်နေ့ နံနက်ပိုင်းတရားအဖြစ် ဟောကြားအပ်သော "မလိမ္မာမိုက်ခဲ့သမျှ တရားတော်" ။

ဒီတရားတော်ကို မဟောကြား မနာကြားမီမှာ တရားပိုင်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးအား နမောတဿသုံးကြိမ်ဖြင့် ညီညာဖြိုဖြိုး ပူဇော်ကန်တော့ကြရအောင်။

( နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ )၃

http://www.dhammadownload.com



'ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးကြည်ညိုပြီးတဲ့နောက် သံသရာတစ်လျှောက်လုံးမှာ ဖြတ်ကျော်ခဲ့ရတဲ့ အတိတ်ကာလတစ်လျှောက် ရောက်ဆဲပစ္စုပ္ပန်၊ ရှေ့လျှောက်ရမယ့်အနာဂတ် ဖြတ်သန်းကျော်လွှား ခဲ့ရတာတွေ ရှေ့မှာစောင့်ကြိုနေတာတွေ၊ ဩော်. . . ငါတို့မလိမ္မာ မိုက်နေသမျှတော့ ဘယ်လိုအဖြစ်ဆိုးတွေနဲ့ ကြုံမယ်ဆိုတာကို မနေ့ကလည်း သဘောပေါက်အောင်သားသတ်ရုံနဲ့ ဥပမာပေးခဲ့သလိုပဲ၊ ယနေ့လည်း တစ်မျိုး သံဝေဂတွေကောင်းစွာရပြီး လွတ်လမ်း, ကျွတ်လမ်းတွေကို အချိန်မီ ကြိုးစားနိုင်အောင်ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဘယ်လိုဟောလို့ ဥပမာတွေ ပေးသွားတာကိုသဘောပေါက်အောင် ယနေ့လည်းတစ်မျိုး ဘယ်လိုဟောသွားမယ်ဆိုတာကိုနာကြားနိုင်အောင် အရှေ့ပိုင်းက ကိုယ့်ရဲ့လာရာလမ်းလေးအကြောင်းကိုပုံဖော်ပြီးတော့ ပဋိစ္စသမုပ္ပါဒ်နဲ့သွင်းရင်းနဲ့ ရှင်းကြဦးစို့'

'ယနေ့မိမိတို့အားလုံး ပစ္စုပ္ပန်မှာရောက်နေကြတော့ လာခဲ့ရတဲ့ဘဝတွေကို ပြန်ပြောင်းပြီးကြည့်ရင် -

" အတိတ်အကြောင်းမှာ၊ အဝိဇ္ဇာ၊ သစ္စာမသိ စခဲ့သည် "

'မိမိတို့ ဘယ်လိုလာခဲ့ကြတယ်ဆိုတာတွေကို ကောင်းစွာ သဘောပေါက်အောင်လို့ အခု ပဋိစ္စသမုပ္ပါဒ်ရဲ့ အကြောင်းအကျိုးနဲ့ ဝေဖန်တဲ့အခါမှာလက်ရှိ အသီးသီး ပစ္စုပ္ပန်မှာရောက်နေကြတဲ့ ကိုယ့်ရဲ့ဘဝဖြစ်စဉ်ကို ပုံဖော်လိုက်တော့ အတိတ်ကလာတယ်ဆိုတာကိုသိအောင် အတိတ်အကြောင်းထောက်ပြလိုက်တယ်၊ ဘယ်ကလာတယ်?'

'အတိတ်အကြောင်းက လာပါတယ်ဘုရား'

'အတိတ်ကလာတာကို အကြောင်းတရားနေနဲ့ အတိတ်မှာ ပုံဖော်ပြီးတော့ ဘယ်သူနဲ့လာခဲ့သလဲမေးရင် သစ္စာမသိတဲ့ အဝိဇ္ဇာ၊ ပြောလိုက်ပါ'

'သစ္စာမသိတဲ့အဝိဇ္ဇာပါဘုရား'

'သစ္စာမသိတဲ့ အဝိဇ္ဇာနဲ့ ဘယ်တုန်းကလာခဲ့လဲမေးရင်'

'အတိတ်ကလာခဲ့ပါတယ်ဘုရား'

'အတိတ်က သစ္စာမသိတဲ့ အဝိဇ္ဇာနဲ့လာခဲ့တဲ့အတွက် ဟောဒီပစ္စုပ္ပန်မှာသူသူငါငါအားလုံး ခေါင်းတွေကို တပ်ပြီးတော့ ပုံသဏ္ဌာန်တွေလိုက်ပြီး ဒါ

http://www.dhammadownload.com



ယောက်ျား၊ ဒါ မိန်းမ၊ ဒါ လူ၊ ဒါ နတ်၊ ဒါ ဗြဟ္မာ၊ ဒါအပါယ်လေးဘုံသား လို့ဘယ်လောက်ပဲ ဆိုင်းဘုတ်ဆွဲဆွဲ ရထားတာက တခြားလား ခန္ဓာငါးပါး သား?'

'ခန္ဓာငါးပါးပါဘုရား'

'ဘာသစ္စာပါလိမ့်'

'ဒုက္ခသစ္စာပါဘုရား'

'မြန်မာလိုပြန်ရင် ဆင်းရဲခြင်း အမှန်တရား ပိုင်ဆိုင်ထားတဲ့သဘော ကိန်းမနေဘူးလား?'

'ကိန်းနေပါတယ်ဘုရား'

'ဒီလို ဆင်းရဲခြင်းတရားတွေနဲ့ ဒုက္ခတွေရောက်ပြီးတော့ ဘဝတွေ ဘဝတွေ ဖြတ်ကျော်ခဲ့တာဟာ ဘာကြောင့်လဲမေးရင် အတိတ်က သစ္စာမသိတဲ့ အဝိဇ္ဇာနဲ့လုပ်ပြီးလို့ လာခဲ့တဲ့အတွက်၊ ဒါဖြင့်ရင် အတိတ်တုန်းက မိမိတို့ အဝိဇ္ဇာ တွေနဲ့ လုပ်ပြီးလာခဲ့တော့ ဟောဒီပစ္စုပ္ပန်မှာ ဒုက္ခရောက်မနေဘူးလား?'

'ရောက်နေပါတယ်ဘုရား'

'ရရှိထားတဲ့ဘဝမှာ ပြည့်စုံကြွယ်ဝ ချမ်းသာတယ်လို့ ဘယ်လောက်ပဲ ပြောပြော တစ်နေ့ ပင်ပန်းရတဲ့ဒုက္ခကလည်း မသက်သာ၊ ရင်ထဲမှာလောင်ခဲ့ ရတဲ့ အပူမီးတွေကလည်း တဟုန်းဟုန်းတောက်ဆိုတော့ ပြာကျမတတ် ဆင်းရဲဒုက္ခကြုံနေတာဟာ တစ်နေ့ထဲလား နေ့တိုင်းလား?'

'နေ့တိုင်းပါဘုရား'

'အချိန်တိုင်းဆိုရင်ရော မမှန်ဘူးလား'

'မှန်ပါတယ်ဘုရား'

'အဲဒီလောက် နှိပ်စက်ခံနေရတာ တခြားလား, ခန္ဓာရလို့လား?'

'ခန္ဓာ ရလို့ပါဘုရား'

'ဒီခန္ဓာရတဲ့ပုဂ္ဂိုလ်တိုင်းကို ဒုက္ခသစ္စာလို့ ဟောထားတာ မသိအောင်လို့ အဝိဇ္ဇာကလုပ်တဲ့အတွက် ပစ္စည်းဥစ္စာ အိုးအိမ် တိုက်တာ ကြွယ်ဝချမ်းသာ၊

http://www.dhammadownload.com



သားနဲ့သမီးနဲ့ သိုက်သိုက်ဝန်းဝန်း ကာမဂုဏ်အာရုံမှာ ပျော်ရွှင်စွာနေရပြီဆိုရင် သဘောကျတဲ့အတွက်ကြောင့်မို့လို့ -

**“ပစ္စုပ္ပန်မှာ ဘဝတဏှာ၊ ရောက်ရာပျော်နင်း စက်လှည့်သည်”**

‘အခု ပစ္စုပ္ပန်မှာရထားတဲ့ခန္ဓာ သူသူငါငါအားလုံးဟာ ဒုက္ခသစ္စာ နှိပ်စက် ခြင်းခံနေရပါလားလို့ အမှန်တရားကိုမမြင်အောင် အဝိဇ္ဇာက ဖုံးထားပြီး သားနဲ့ချော သမီးနဲ့ချော ဆွေမျိုးနဲ့ချော ဥစ္စာပစ္စည်းနဲ့ချောတော့ အပေါ်ကြီး ထင်ပြီးတော့ ဒီဘုံဒီဘဝတွေကို အထပ်ထပ်အခါခါ ပြန်သဘောကျပြီး လိုချင် နေသမျှ ပစ္စုပ္ပန်မှာ ဘယ်သူလာသလဲမေးရင် တဏှာ၊ တဏှာလာရင် ဥပါဒါန် ဆိုတဲ့ စွဲလမ်းမှုကလည်း မဖြစ်မနေ ပါလာပြီ’

‘မှန်လှပါဘုရား’

‘ကာယကံ, ဝစီကံ, မနောကံတွေနဲ့ ကြိုးစားတဲ့ကံတွေရော မပါဘူး လား?’

‘ပါပါတယ်ဘုရား’

‘အဲဒီလိုနဲ့ ဟောဒီ ပစ္စုပ္ပန်အုပ်ချုပ်တဲ့တဏှာအောက်မှာ ကံတွေ လုပ်နေသမျှ ကမ္မဘဝပစ္စယာ’

‘ဇာတိပါဘုရား’

‘ပစ္စုပ္ပန်မှာ ဘဝတဏှာ ရောက်ရာပျော်နင်း စက်လှည့်သည် ဆိုတော့ တစ်ပတ်လည် မသွားဘူးလား’

‘လည်သွားပါတယ်ဘုရား’

‘လည်ခဲ့ရတဲ့ဇာတိ ဘာသစ္စာ?’

‘ဒုက္ခသစ္စာပါဘုရား’

‘ဒုက္ခသစ္စာ အတိတ်ကလည်းပဲ မလည်ခဲ့ဘူးလား’

‘လည်ခဲ့ပါတယ်ဘုရား’

‘အတိတ်ကလည်းပဲ မိမိတို့ အဝိဇ္ဇာ သစ္စာမသိဘဲ လုပ်ခဲ့တဲ့အတွက် ဟောဒီပစ္စုပ္ပန်မှာ ခန္ဓာဒုက္ခ ရထားတယ်၊ ဘုံဘဝတွေကို ဒုက္ခလို့မမြင်အောင် ခန္ဓာတွေကို ဒုက္ခလို့ မမြင်အောင် အဝိဇ္ဇာကဖုံးပြီး သားသမီး ဥစ္စာပစ္စည်းနဲ့

http://www.dhammadownload.com



ချော့တော့ အဟုတ်ကြီးထင်ပြီး ပျော်စရာလို့ထင်တော့ တဏှာက မိမိတို့ကို ဆက်ပြီးလှည့်တော့မှာ၊ အဲလိုလှည့်တဲ့အတွက်လည်းပဲ ဥပါဒါန်ကံတွေ အတော မသတ်အောင်လုပ်ခဲ့မိတော့ ဩော်. . . စုတိနောင် ပဋိသန္ဓေကြောင့် ဒီဘက်မှာ ဇာတိ လူ့ဇာတိ နတ်ဇာတိ ဗြဟ္မာဇာတိ အပါယ်လေးဘုံဇာတိ (၃၁)ဘုံ ဇာတိ မျိုးစုံမပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'ပေါ်သမျှဇာတိ ဘာသစ္စာ'

'ဒုက္ခသစ္စာ'

'ကဲ. . . တဏှာနဲ့စက်လှည့်တော့လည်း ဒုက္ခရောက်ပါလား?'

'မှန်လှပါဘုရား'

'မသိလို့ အတိတ်က အဝိဇ္ဇာနဲ့လုပ်ခဲ့တော့ ဒုက္ခမရောက်ဘူးလား?'

'ရောက်ပါတယ်ဘုရား'

'ဒါဖြင့် အတိတ်က အဝိဇ္ဇာနဲ့နေလို့ ဒုက္ခ ရောက်တယ်၊ တဏှာနဲ့ ပျော်လို့ ဒုက္ခရောက်တယ်၊ အဲဒါလေးကိုလည်း'

**"အတိတ်မလိမ္မာ၊ ပစ္စုပ္ပန်မှာ၊ မိုက်ကာလွန်၍ မမြင်ပြီ"**

'အတိတ်တုန်းကလည်းပဲ မိမိတို့ အဝိဇ္ဇာနဲ့နေခဲ့လို့ မလိမ္မာဘူး၊ ဘာကြောင့်လဲမေးတော့ ဒုက္ခရောက်နေလို့၊ ဟောဒီပစ္စုပ္ပန်မှာလည်း ခန္ဓာဒုက္ခ မရောက်ဘူးလား?'

'ရောက်ပါတယ်ဘုရား'

'အဲဒီလိုရောက်ခဲ့တာသည် တခြားလား၊ အတိတ်က အဝိဇ္ဇာကြောင့် လား?'

'အတိတ်က အဝိဇ္ဇာကြောင့်ပါဘုရား'

'သစ္စာမသိတဲ့အဝိဇ္ဇာနဲ့နေခဲ့တဲ့အတွက်ကြောင့်မို့လို့ ကိုယ်က မလိမ္မာခဲ့ ဘူးလို့ ဒါကိုအမည်ဖော်လိုက်တယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'မလိမ္မာမှုကြောင့်လည်း ဒုက္ခရပြီး ဒုက္ခခံနေရပြီ၊ အဲဒီဒုက္ခတွေ သိပ်ကြီးပါတယ်ကွာလို့ ဘယ်လောက်ဟောဟော၊ မမြင်အောင် အဝိဇ္ဇာက ဖုံးထားပြန်တော့ ဥစ္စာပစ္စည်း အိုးအိမ်တိုက်တာ ကာမဂုဏ် အာရုံတွေက သူ့ကို နှစ်မြှုပ်ထားတော့ ဒုက္ခမမြင်ဘဲ ဒီဘက်မှာ တဏှာနဲ့ခင်တော့ ဆက်မိုက်တယ်လို့ မှတ်ထားပါ'

'မှန်လှပါဘုရား'

'တဏှာနဲ့နေရင် မိုက်တယ်နော်'

'မှန်လှပါဘုရား'

'အဝိဇ္ဇာနဲ့ နေခဲ့မိလို့လည်း မလိမ္မာဘူး၊ မလိမ္မာလို့လည်း ဒုက္ခရောက်တယ်၊ မိုက်ပြန်တော့လည်း ဒုက္ခက မလွတ်ဘူး၊ အဲဒီတော့ မလိမ္မာတာနဲ့ မိုက်တာ ဘယ်ဟာသဘောကျ'

'ဘယ်ဟာမှ မကြိုက်ပါဘူးဘုရား'

'နေခဲ့တာကော ပြန်ကြည့်လေ၊ မလိမ္မာတာနဲ့ရော မနေခဲ့ဘူးလား?'

'နေခဲ့ပါတယ်ဘုရား'

'အခုလည်း တဏှာနဲ့မနေဘူးလား?'

'နေပါတယ်ဘုရား'

'ကဲ. . . မိုက်လက်စသိမ်းပြီလား'

'မသိမ်းသေးပါဘူး ဘုရား'

'မလိမ္မာမှုကော အဆုံးသတ်ပြီလား?'

'မသတ်သေးပါဘူးဘုရား'

'မလိမ္မာလို့ ဒုက္ခရောက်သလို မိုက်တော့လည်းပဲ ဒုက္ခရောက်ပြန်ပြီ၊ ဒါဖြင့် ဒုက္ခရောက်တာကိုကြည့်တော့ မလိမ္မာမိုက်ပြစ်သင့်နေတာ ဘယ်လို ပြောလိုက်တုန်း?'

'မလိမ္မာလို့ မိုက်ပြစ်သင့်နေတာပါဘုရား'

'အချိန်တိုင်း အချိန်တိုင်းမှာ ဒုက္ခနဲ့ နေနေရတာကိုက မလိမ္မာ မိုက်ပြစ်သင့်နေတာကို ယနေ့ ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းပေါ်တင်ပြီးတော့ ကိုယ့်အဖြစ်မှန်

http://www.dhammadownload.com



ကို ပုံဖော်လိုက်ပြီ၊ ငါတို့ ဟောဒီ ပစ္စုပ္ပန်မှာ ခန္ဓာရတယ်၊ ရတဲ့ခန္ဓာမှန်သမျှသည် အိုလို့မဆုံး၊ နာလို့မဆုံး သေလို့မဆုံး သောကပရိဒေဝတွေနဲ့ ရင်ထဲမှာ တဟုန်းဟုန်းတောက်ပြီး လောင်မြိုက်ခံရအောင် ဒုက္ခတွေသိပ်ကြီးခဲ့တာဟာ ခန္ဓာရလို့၊ ဘုရားရှင် အဆုံးအမကို ပြန်ပြောင်းဟောတော့ သူတော်စင်များ လည်း နာရတဲ့အခါမှာ ခန္ဓာရဲ့သဘောသည် ဒုက္ခလို့ မြင်မလာဘူးလား?'

'မြင်လာပါတယ်ဘုရား'

'ကဲ. . . ဒါဆို မသိအောင် အဝိဇ္ဇာက ဖုံးပြီးတော့မှ ပစ္စည်း ဥစ္စာလေး တွေက ကိုယ့်ကို အချော့ကောင်းတော့ သူ့နောက်ကိုပါသွားပြီး မခင်ရမနေနိုင် ခင်လိုက်ကြပြန်တယ်၊ အဲလို ခင်မိတဲ့တဏှာကြောင့်လည်းပဲ ဟော. . . ဥပါဒါန် ကံတွေက ဒုက္ခရောက်အောင် လုပ်ဦးမှာဆိုတော့ ဒါတွေနဲ့နေရင်ကွာ မင်းတို့ မိုက်တယ်ကွာလို့ ဘုရားက မဟောဘူးလား?'

'ဟောပါတယ်ဘုရား'

'တဏှာနဲ့နေရင် မိုက်တယ်၊ မိုက်လို့လည်းပဲ ဒုက္ခက ရောက်ဦးမှာ၊ အဲဒီလိုနဲ့ ဒုက္ခအဆုံးမသတ်အောင်လို့ အဝိုင်းပြေးဘဝနဲ့လည်းပဲ မလည်ခဲ့ ဘူးလား လည်လား?'

'လည်ပါတယ်ဘုရား'

'တစ်ပတ်ပြီးတစ်ပတ်ရော မပြေးခဲ့ဘူးလား?'

'ပြေးခဲ့ပါတယ်ဘုရား'

'ပြေးခဲ့လို့ လူ့ဘဝမှာသွားရောက်တော့လည်း ခန္ဓာ ရ မရ?'

'ရပါတယ်ဘုရား'

'အနာဂတ်သံသရာမှာ မိုက်ခဲ့လို့လည်း ဟောဒီမှာ လူ့ဘဝ ပြန်ရတော့ လည်း ခန္ဓာ ရ မရ?'

'ရပါတယ်ဘုရား'

'ဟော. . . လူ့ဘဝရတော့လည်း ဘာနဲ့နေရ?'

'ခန္ဓာနဲ့နေရပါတယ်ဘုရား'

http://www.dhammadownload.com



'ခန္ဓာနဲ့ နေရတယ်၊ အတိတ်က မလိမ္မာလို့ ကိုယ်က ကုသိုလ်ကောင်းမှု လုပ်ပြီး နတ်ပြည်ရောက်တော့လည်း ဘာနဲ့နေရ'

'ခန္ဓာနဲ့နေရပါတယ်ဘုရား'

'နတ်ချမ်းသာကိုခင်လို့ သဘောကျလို့ တဏှာနဲ့ခင်ပြီး မိုက်ပြန်တော့ လည်း ဘာနဲ့နေရ'

'ခန္ဓာနဲ့ နေရပါတယ်ဘုရား'

'ဒီလိုနဲ့ပဲ အမြဲတမ်းနေခဲ့ရတဲ့ဘဝတွေတော့ ရုပ်လုံးပေါ်လာပြီ၊ မလိမ္မာ တော့လည်း လူ့ဘဝခန္ဓာနဲ့နေရပါတယ် နတ်ဘဝ ခန္ဓာနဲ့နေရပါတယ် ဗြဟ္မာ ဘဝ ခန္ဓာနဲ့ နေရတယ်၊ အပါယ်လေးဘုံသားလည်း ခန္ဓာနဲ့နေရတယ်၊ ဒါတွေကို မမြင်အောင်လို့ ပျော်စရာလို့ထင်ပြီး တဏှာနဲ့မိုက်ပြန်တော့လည်း ဟော. . လူ့ဘဝ နတ်ဘဝ ဗြဟ္မာဘဝ ဘယ်ဇာတိပဲရရ၊ အပါယ်လေးဘုံ ဇာတိပဲရရ ခန္ဓာနဲ့ ပြန်မနေရဘူးလား?'

'နေရပါတယ်ဘုရား'

'ဒီလိုဆိုရင် ခန္ဓာနဲ့နေခဲ့ရတဲ့ဘဝတွေချည်းပဲ မှတ်ထား'

'မှန်လှပါဘုရား'

'ဘယ်ဘဝကိုပဲတက်တက်၊ ဘယ်ဘုံ ဘဝကိုပဲ သဘောကျကျ ဘာနဲ့ နေရမှာ?'

'ခန္ဓာနဲ့ နေရမှာပါဘုရား'

'ဩော်. . . ခန္ဓာ ဘာသစ္စာ?'

'ဒုက္ခသစ္စာပါဘုရား'

'ကဲ. . . အလိုက်သင့်လေး ဖြေလိုက်တော့ စည်းချက်ဝါးချက် ကျ သားပဲနော် ဖြေတတ်တာကိုး၊ အဲဒီလောက်လေးနဲ့ ဒုက္ခကိုမြင်ပြီလားမေးရင် မမြင်ဘူး၊ ဒီလိုမမြင်မသိတဲ့အတွက်ကြောင့်မို့လို့ ဒုက္ခတွေကို ပတ်ပြတော့ တစ်ပတ်ပြီးတစ်ပတ်လည်တယ်၊ မနေ့က သားသတ်ရုံနဲ့ပုံဖော်တော့ ကြောက် စရာအသွင်လေးမြင်တော့ ဘုံဘဝတွေရဲ့ ပျောက်စရာရှင်စရာတွေအပေါ်မှာ

http://www.dhammadownload.com



စက်ဆုပ်ရွံရှာဖွယ်အသွင်နဲ့ သိလိုက်တဲ့အခါမှာ လွတ်အောင်ရုန်းမယ်လို့တော့ ဆုံးဖြတ်ချက် မချဘူးလား?'

'ချပါတယ်ဘုရား'

'ဩော်. . . ဒါက မနေ့ကပေါ့နော်၊ ဒီနေ့ထိရောတည်လား၊ ဩော်. . တည်တောင် မတည်ဘူးတဲ့၊ ကဲ-ဒါကြောင့်မို့လို့လည်း ယနေ့ဥပမာတစ်မျိုးနဲ့ ပုံဖော်ပြီး ပြန်ဟောမှာ'

'မှန်လှပါဘုရား'

'အဲဒီတော့ ဒီဥပမာလေးက ဘယ်လိုဥပမာလဲဆိုတော့ တစ်ပတ်ပြီး တစ်ပတ် လည်ခဲ့ရတဲ့ဘဝတွေမှာ မလိမ္မာ မိုက်ပြစ်သင့်တာသည် ခန္ဓာဒုက္ခ တွေနဲ့ချည်းပဲ၊ နေခဲ့ရတာဟာ တစ်ဘဝထဲလား ဘဝတိုင်းလား?'

'ဘဝတိုင်းပါဘုရား'

'ပစ္စုပ္ပန်မှာလည်းပဲ ဘာနဲ့နေရ'

'ခန္ဓာနဲ့ နေရပါတယ်ဘုရား'

ဒါကို မကြိုက်လို့ နတ်ဘဝတက်တော့လည်းပဲ ဘာနဲ့နေရမယ်'

'ခန္ဓာနဲ့နေရမှာပါဘုရား'

'သူ့ထက်မြင့်တက် ဗြဟ္မာဘုံကိုကြိုက်လို့ ဗြဟ္မာဘုံကို သဘောကျလို့ လုပ်ပြန်တော့လည်း ဘာနဲ့နေရမယ်?'

'ခန္ဓာနဲ့နေရမှာပါဘုရား'

'ခန္ဓာမရခဲ့တဲ့ဘဝရယ်လို့ပါလား?'

'မပါပါဘူးဘုရား'

'ခန္ဓာနဲ့ မနေရတဲ့ဘဝရယ်လို့ရှိလား?'

'မရှိပါဘူးဘုရား'

'ဘယ်အချိန် ဘယ်ဘဝကိုပဲရောက်ရောက် ကိုယ်လုပ်သမျှ အဝိဇ္ဇာ တဏှာရှိနေရင် ခန္ဓာပြန်ရမှာပါ၊ အဲဒီသဘောလေးတွေကို ကောင်းစွာ

http://www.dhammadownload.com



သိအောင် ဒီခန္ဓာအကြောင်းကို ဟောပေမယ့် မိမိတို့အမြင်မှာက ခန္ဓာလို့ မမြင်ဘူးနော်'

'မှန်လှပါဘုရား'

'အဝိဇ္ဇာ တဏှာနဲ့နေသမျှ ခန္ဓာဒုက္ခ မရဘူးလား'

'ရပါတယ်ဘုရား'

'အဲဒီခန္ဓာကို မမြင်အောင်လို့ လူ့ဘောင်၊ နတ်ဘောင်၊ ပြဟ္မာဘောင် လို့ ဖုံးမထားဘူးလား?'

'ဖုံးထားပါတယ်ဘုရား'

'အဲဒီ ဖုံးထားတဲ့အတွက်ကြောင့်မို့ အမှန်ကို မမြင်ခဲ့ဘူး၊ ဒါဖြင့် ဘဝသံသရာမှာ ကြုံခဲ့ရတာက ခန္ဓာ၊ အဲဒီခန္ဓာနဲ့ နေခဲ့ရပေမယ့် ဘယ်လိုမှ အမှန်ကိုမသိအောင်လို့ အဝိဇ္ဇာက ဖုံးထားတဲ့အတွက်ကြောင့်မို့လို့ မိမိတို့ရဲ့ သဏ္ဍာန်မှာ ငါကောင် သူကောင် ငါ့သမီး ငါ့ယောက်ျား ငါ့မိန်းမက ခွဲလို့ မရအောင်ကို အစွဲကြီး မစွဲဘူးလား?'

'စွဲပါတယ်ဘုရား'

'အမြင်မှားရင် ဒိဋ္ဌိကလည်း ဖြစ်တော့ မယ်၊ အဲဒါကြောင့်လည်း သူ့သူငါငါ အားလုံးကို ရစ်ပတ်နှောင်ဖွဲ့ပြီးတော့ ဟောဒီဘဝထဲမှာ ရုန်းမထွက် အောင်လို့ တဏှာကရော ချည်မထားဘူးလား?'

'ချည်ထားပါတယ်ဘုရား'

'တဏှာရှိနေသမျှ မိုက်လုံးသန်တဲ့အတွက်ကြောင့် ဒုက္ခက ရောက်ဦး မှာနော်'

'မှန်လှပါဘုရား'

'ပဋိစ္စသမုပ္ပါဒ် ဆက်လား မဆက်ဘူးလား?'

'ဆက်ပါတယ်ဘုရား'

'ဒါကြောင့်မို့လည်းပဲ သံသရာမှာ ကျင်လည်ရတဲ့ဘဝတစ်လျှောက် မိမိတို့ အဝိဇ္ဇာနဲ့နေခဲ့တာ ဒုက္ခကိုမြင်လို့လား၊ မမြင်လို့လား?'

'မမြင်လို့ပါဘုရား'

http://www.dhammadownload.com



'တဏှာနဲ့ခင်တာလည်းပဲ ဒုက္ခကို မြင်လို့လား မမြင်လို့လား?'

'မမြင်လို့ပါ ဘုရား'

'အတိတ်ကလည်း မမြင်ခဲ့ဘူး၊ ပစ္စုပ္ပန်မှာလည်းမမြင်တဲ့အတွက်ကြောင့်မို့လို့ ဒီလိုပုဂ္ဂိုလ်မျိုးကို စုံလုံးကန်းတဲ့ပုဂ္ဂိုလ်လို့ သတ်မှတ်ပါတယ်'

'မှန်လှပါဘုရား'

'ဒါဖြင့် ဘဝဖြစ်စဉ်လေးကို အခုပြောတော့မယ်နော်'

' မှန်လှပါဘုရား'

'မိမိတို့သည် အဝိဇ္ဇာနဲ့နေခဲ့တဲ့အတွက်ကြောင့် သစ္စာကိုမသိ ခန္ဓာဒုက္ခကို မမြင်လို့လည်းပဲ မကန်းခဲ့ဘူးလား?'

'ကန်းခဲ့ပါတယ်ဘုရား'

'ဪ. . . အဝိဇ္ဇာနဲ့ နေခဲ့လို့လည်း ကန်းခဲ့ပါတယ်၊ ဒါကြောင့်မို့လည်း ခန္ဓာ ဒုက္ခရောက်ခဲ့ပြီ၊ ဟောဒီခန္ဓာကြီးက တစ်ဘဝထဲရတာလား ဘဝတိုင်းလား?'

'ဘဝတိုင်းပါဘုရား'

'အဲဒါကို မသိတဲ့အတွက်ကြောင့်မို့ ငါကောင်၊ သူကောင် ၊ပုဂ္ဂိုလ်သတ္တဝါလို့ ထင်လိုက်ပြီဆိုရင် ဘဝသံသရာခန္ဓာကို မမြင်တဲ့အတွက်ကြောင့် ဒိဋ္ဌိကလည်းလာမယ်၊ ဪ. . . ဒီခန္ဓာကိုယ်ကြီးကို ဒုက္ခလို့မမြင်တဲ့အတွက်ကြောင့် မခင်ရဘူးလား?'

'ခင်ပါတယ်ဘုရား'

'ဪ. . . တဏှာဆိုတဲ့ကြိုးတွေကလည်း ချည်နှောင်ဖို့ အဆင်သင့်၊ ဒါကြောင့်မို့လို့ သံသရာမှာ ဒုက္ခက မလွတ်အောင်လို့ အဝိုင်းပြေးဘဝနဲ့ ဒုက္ခနဲ့ဒုက္ခ ဆက်နေခဲ့ရတာကို အတိတ်ကလည်း မမြင်ခဲ့ဘူး၊ ပစ္စုပ္ပန်မှာလည်း မမြင်တဲ့အတွက်ကြောင့် မင်းတို့အားလုံးသည် စုံလုံးကန်းရင်း ဒုက္ခရောက်လိမ့်မယ်ဆိုပြီးတော့ စုံလုံးကန်းလေးကိုလည်း ပုံဖော်လိုက်တော့ ဟော-ယနေ့ ရှေ့မှာချတဲ့ အရာဝတ္ထုလေးကလေးမျိုး ပုံပေါ်မသွားဘူးလား?'

'ပေါ်သွားပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒါ မလိမ္မာမိုက်ပြစ်သင့်တဲ့အခြေအနေဆိုးပုံကို ပုံဖော်တော့မှာ'

'မှန်လှပါဘုရား'

'ဘဝတိုင်း ဘဝတိုင်းရခဲ့တာ တခြားလား ခန္ဓာလား?'

'ခန္ဓာပါဘုရား'

'ငါကောင် သူကောင်လို့ထင်ရင် ဘာဖြစ်မယ်'

'ဒိဋ္ဌိဖြစ်မှာပါဘုရား'

'အဲဒီငါဆိုတာကော မခင်ဘူးလား?'

'ခင်ပါတယ်ဘုရား'

'ငါ့သား ငါ့သမီး ဆိုတာရော မခင်ဘူးလား?'

'ခင်ပါတယ်ဘုရား'

'ချည်နှောင်စရာ သံယောဇဉ်တဏှာကြိုးတွေကလည်း ရစ်ပတ်ပြီးတော့ ချည်နှောင်တော့မယ်၊ အဲဒီလို ချည်နှောင်တဲ့ဒုက္ခသည်တွေ အမြဲတမ်းကြုံတာဟာ မြင်လို့ခံရတာလား၊ မမြင်လို့ခံရတာလား?'

'မမြင်လို့ခံရတာ ပါဘုရား'

'မမြင်လို့ခံရတဲ့ မမြင်မှုကို အကန်းလို့ သတ်မှတ်ထားပါတယ်၊ ဒါ ဘယ်နှစ်မျိုး ချထား?'

'၄ - မျိုးချထားပါတယ်ဘုရား'

'အဲဒီလေးမျိုးသည် မလိမ္မာမိုက်ပြစ် သင့်တဲ့ အကျည်းတန်ပုံကို ယနေ့ ကွက်ကွက်ကွင်းကွင်းမြင်အောင် ပုံဖော်ကြစို့ဆိုတော့ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက **" သံယုတ္တနိကာယ် သဂါထာဝဂ္ဂ သံယုတ်ပါဠိတော် "** မှာ သဂါထာဝဂ္ဂပါဠိတော်၊ ခန္ဓဝဂ္ဂသံယုတ်ပါဠိတော် ခန္ဓာတွေကိုမူတည်ပြီးတော့ မေးလာတဲ့အမေးတွေကို အဖြေပေးလေ့ရှိသလိုပဲ အခုလည်းပဲ ခန္ဓာကို ပြပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သူ့ရဲ့ချစ်သား ရဟန်းတော်တွေကို ဆုံးမဟောပေးသွားတဲ့ ဥပမာလို့ မှတ်ထားပါ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ရဟန်းတော်များကို ဟောပေးတယ်ဆိုရင် တရားဟောတိုင်း ဟောတိုင်းမှာ တရားအမျိုးအစားက သုံးမျိုးရှိတယ်၊ ရဟန်းတော်တွေကို ဟောပေးတာက အထက်တန်းစား ပထမတန်းစားတရား၊ မိမိတို့ အားလပ်တဲ့ပုဂ္ဂိုလ်တွေ၊ ကိုယ့်အိမ်ကိုယ့်ရာက အားလပ်တဲ့အချိန်မှာ သွားကြတဲ့ လူသားတွေ ပုထုဇဉ်တွေ ဒီပုဂ္ဂိုလ်တွေကို ဟောပေးတာက ဒုတိယတန်းစားတရား၊ ဒိဋ္ဌိတွေကို ဟောပေးတာက တတိယတန်းစားတရား၊ ယနေ့ မိမိတို့ အမြတ်ဆုံးသော ပထမတန်းစားတရားကို နာရမှာလား၊ မနာရမှာလား?'

'နာရမှာပါဘုရား'

'ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ရဟန်းတော်များကို ချစ်သားတို့ - လောကမှာ မလိမ္မာမိုက်ပြစ်သင့်လို့ အဝိဇ္ဇာ တဏှာနဲ့နေရင် ဘယ်လောက် အရုပ်ဆိုး အကျည်းတန်တယ်ဆိုတာကို သင်တို့မြင်အောင် ငါဘုရား ဥပမာနဲ့ တော့ပေးမယ်ကွာ၊ အဲဒီ ဥပမာကတော့ ယုတ်ညံ့တဲ့ဥပမာ ဘယ်လိုဥပမာ?'

'ယုတ်ညံ့တဲ့ ဥပမာပါဘုရား'

'ယုတ်ညံ့တဲ့ဥပမာဆိုကတည်းကိုက ဘဝဘယ်လောက် ဆိုးတယ်ဆိုတာကို ပြတာနဲ့အတူတူပါပဲ'

'မှန်လှပါဘုရား'

'အဲတော့. . . ဟော သံသရာထဲမှာ ကျင်လည်ကြရတဲ့ အဝိဇ္ဇာ တဏှာနဲ့ နေခဲ့ကြတဲ့ မိမိတို့အားလုံးရဲ့ အဖြစ်မှန်ကိုသိချင်ရင် ဒီဥပမာလေးကို မမေ့နဲ့ဆိုပြီး ဘုရားရှင်ကိုယ်တော်မြတ်က. . . ချစ်သားတို့ ခွေးလေး တစ်ကောင် ရှိတယ်ကွာ၊ အဲဒီ ခွေးလေးတစ်ကောင်ကို လည်ပတ်လေးပတ်ပြီး တော့များ ကြိုးလေးနဲ့ချည်ပြီး တိုင်မှာတုပ်ထားပေးလိုက်တယ်၊ ဒါဖြင့်ရင် ချည်တိုင်မှာ ကြိုးနဲ့ချည်ပြီးတော့ လည်ပတ်လေးပတ်ပြီး ဘယ်သူ့ကိုချည်ထား?'

'ခွေးကိုချည်ထားပါတယ်ဘုရား'

'ဥပမာ (၄) မျိုးနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ခွေးရယ်၊ လည်ပတ်ရယ်၊ ကြိုးရယ်၊ ချည်တိုင်ရယ် ဘယ်နှစ်မျိုး'

'၄ - မျိုးပါဘုရား'

'တခြားက ဥပမာပေးတာလား၊ ဘုရားကလား?'

'ဘုရားကပေးတာပါဘုရား'

'သူ့ရဲ့ ချစ်သားတပည့်တွေကို ဆုံးမပေးတာ၊ ချစ်သားတို့တဲ့ လောက သံသရာထဲမှာ မလိမ္မာ မိုက်ပြစ်သင့်ရင်တော့ အပြစ်ဆိုး ကြုံရလိမ့်မယ်၊ အဝိဇ္ဇာနဲ့နေခဲ့ရင်လည်း မမြင်ဘူးကွာ၊ တဏှာနဲ့မိုက်ရင်လည်း ကန်းဦးမှာ၊ အဲဒီပုဂ္ဂိုလ်တွေရဲ့ အပြစ်ဆိုးသည် အခု ဒီဥပမာထဲမှာ အကျုံးဝင်လိမ့်မယ်လို့ ဘုရားက မြင်လွယ် ထင်လွယ် သံဝေဂအကြီးအကျယ်ရအောင် ရဟန်းတော်တွေကို ဆုံးမပြီးတော့ ခွေးလေးတစ်ကောင်ကို လည်ပတ်လေးများ ပတ်ထားမယ်ဆိုရင် ဒီခွေးလေးက အဲဒီလည်ပတ်လေးကို သဘောကျ မကျ?'

'ကျပါတယ်ဘုရား'

'ကြိုးလေးနဲ့ချည်ထားတော့လည်း လည်ပတ်လေးကခံတော့ အခုခံလေးရှိတော့ နာနာကျင်ကျင် သိပ်မဖြစ်ဘူးပေါ့နော်'

'မှန်ပါဘုရား'

'တိုင်မှာချည်ထားလိုက်တယ်၊ အဲဒီခွေးလေးကို ချည်ထားပြီးတဲ့အခါမှာ သူ့ကို ကျကျနန အမွှန်မြတ်တွေများကျွေးမယ်ဆိုရင် ဒီခွေးလေး ဇိမ်မကျဘူးလား?'

'ကျပါတယ်ဘုရား'

'အဲဒီတော့ ညောင်းလို့ပြေးရင်လည်း ဟောဒီချည်တိုင်ကနေ သူချည်ထားတဲ့ကြိုးတစ်ဆုံးတော့ ပြေးတာပဲ၊ ကဲ-ပြေးပြီးတဲ့အခါကျတော့ ကြိုးတစ်ဆုံးရောက်ပြီဆိုရင် ဆက်ပြေးလို့ရသေးလား'

'မရပါဘူးဘုရား'

'မရရင် ဒီခွေးသည် ဘာလုပ်ရမှာလဲ တိုင်ပတ်ပြေးမယ်၊ ဘာလုပ်မှာလဲ'

'တိုင်ပတ်ပြေးမှာပါဘုရား'

http://www.dhammadownload.com



'တိုင်ပတ်ပြေးတဲ့အခါမှာ ခွေးလေးကပတ်လိုက်၊ ကြိုးလေးက တစ်ပတ် ရစ်သွားလိုက် ခွေးလေးက ပတ်လိုက်၊ တစ်ပတ်ရစ်သွားလိုက်၊ အဲဒီလို အပတ် အပတ်လေးတွေ များလာတဲ့အခါမှာ ဟောဒီကြိုးကလည်း တိုင်ကိုရစ်သွား ရစ်သွားတဲ့အတွက် ဒီခွေးသည် နောက်ဆုံး ဘယ်မှာဝပ်ရမယ်'

'တိုင်မှာဝပ်ရမှာပါဘုရား'

'ချည်တိုင်မှာ ဝပ်ရမယ်၊ ဒီခွေးသည် အဲဒီချည်တိုင်ကို သူက ကြောက် စရာလို့မမြင်တာက သူ့ကို ကျကျနနကျွေးထားလို့ပါ၊ အဲဒီ ကျွေးထားလို့ ဒီအာဟာရတွေကို ခင်မင်ပြီးတော့ ဒီချည်တိုင်ကို သူ မခင်မင်ဘူးလား?'

'ခင်ပါတယ်ဘုရား'

'ဒါကြောင့် ဒီချည်တိုင်ကနေ လွတ်အောင်ပြေးဖို့ မစဉ်းစားဘဲ ချည်တိုင် ပတ်ပြေးပြီး နောက်ဆုံးတော့ ဒီချည်တိုင်မှာပဲ ဝပ်နေရတဲ့အဖြစ်ကို သဘောကျ ပြီးနေခဲ့ရတဲ့အတွက် ဒီချည်တိုင်ကခွာဖို့ စဉ်းစားပါ့မလား?'

'မစဉ်းစားပါဘူးဘုရား'

'ဒါ-ခွေးလေးရဲ့အဖြစ်နော်'

'မှန်လှပါဘုရား'

'ယနေ့ မိမိတို့ အဝိဇ္ဇာ တဏှာနဲ့နေရင် ဘယ်လောက်များ အဖြစ်ဆိုး တယ်ဆိုတာကို သိဖို့မလိုဘူးလား?'

'လိုပါတယ်ဘုရား'

'ခွေးလေး ဘယ်လောက်ပြေးပြေး ဘယ်မှာဝပ်?'

'ချည်တိုင်မှာဝပ်ပါတယ်ဘုရား'

'ယနေ့ မိမိတို့တစ်တွေလည်းပဲ အတိတ်ကနေပြီးတော့ အဝိဇ္ဇာနဲ့ မလာခဲ့ဘူးလား?'

'လာခဲ့ပါတယ်ဘုရား'

'အဝိဇ္ဇာနဲ့လာပြီးတော့မှ သင်္ခါရဆိုတဲ့ ကံတရားတွေရော မလုပ်ဘူး လား?'

'လုပ်ပါတယ်ဘုရား'

http://www.dhammadownload.com



'သူ့ဆိုင်ရာဆိုင်ရာ လုပ်တဲ့အတွက်ကြောင့်မို့လို့ သူ့ကံရဲ့ နှစ်ချမှုကြောင့် လူလည်းဖြစ်မှာပဲ နတ်လည်းဖြစ်မှာပဲ ဗြဟ္မာလည်း ဖြစ်မှာပဲ အပါယ်လေးဘုံသားလည်းဖြစ်မှာပဲ၊ ဖြစ်ချင်ရာဖြစ် ဘာပြန်ရ'

'ခန္ဓာပြန်ရမှာပါဘုရား'

'ခန္ဓာပြန်ရတယ်နော်'

'မှန်လှပါဘုရား'

'အဲဒီ ခန္ဓာရတာကို ဒုက္ခလို့မမြင်ရင် မခင်ဘူးလား?'

'ခင်ပါတယ်ဘုရား'

'ခင်လို့ စွဲလမ်းပြီး ကြိုးစားရင်လည်း ကံတွေကလုပ်တဲ့အတွက်ကြောင့်မို့လို့ အနာဂတ်သံသရာမှာ (၃၁) ဘုံ သတ္တဝါအဖြစ်နဲ့ ဇာတိမျိုးစုံရတော့လည်း ဘာပြန်ပေါ်?'

'ခန္ဓာပေါ်ပါတယ်ဘုရား'

'သံသရာတစ်လျှောက်လုံးမှာ ကြိုက်တဲ့နေရာကိုတက်ပြေး၊ လူ့ဘုံတက်ပြေးလည်းခန္ဓာ၊ နတ်ပြည်တက်ပြေးတော့လည်း ခန္ဓာ၊ ဗြဟ္မာပြည်ကိုပြေးတော့လည်း?'

'ခန္ဓာပါဘုရား'

'အပါယ်လေးဘုံ ဆင်းတော့လည်း'

'ခန္ဓာပါဘုရား'

'ဒါဖြင့် ဘယ်ဘုံပြန်ပြန်ပြီးရောက်'

'ခန္ဓာပဲ ပြန်ရောက်ပါတယ်ဘုရား'

'အဲဒီတော့ ဟောဒီခန္ဓာကို အကျဉ်းသုံးရင် ငါလား သူလား ရုပ်နဲ့နာမ်လား'

'ရုပ်နဲ့ နာမ်ပါဘုရား'

'အကျယ်ချဲ့ရင်'

'ခန္ဓာ ၅-ပါးပါဘုရား'

http://www.dhammadownload.com



'အဲဒါကြောင့် ယနေ့ပေးထားတဲ့ဥပမာလေးနဲ့ ရထားတဲ့ခန္ဓာကို သဘာဝကျကျ ဥပမာနဲ့ ဥပမေယျ တွဲစပ်ကြစို့ဆိုတော့ -

**" ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာ၊ ပမာချည်တိုင်မည် "**

'အခု ဥပမာနဲ့ဥပမေယျ တွဲစပ်လိုက်ပြီ၊ မိမိတို့မလိမ္မာလို့ အဝိဇ္ဇာနဲ့ နေခဲ့တော့လည်း ဘယ်ဘုံ ဘယ်ဘဝကိုရောက်ရောက် ဘယ်မှာနေရ?'

'ခန္ဓာနဲ့ နေရပါတယ်ဘုရား'

'တဏှာနဲ့မိုက်ပြန်တော့လည်း အနာဂတ်သံသရာမှာ ဘာပြန်ရ'

'ခန္ဓာပြန်ရပါတယ်ဘုရား'

'အဲဒီလိုဆိုရင် သံသရာတစ်လျှောက်လုံးမှာ ဘယ်ကိုပဲရောက်ရောက် ဘာတွေပဲလုပ်လုပ် ခန္ဓာမှာနေခဲ့ရတဲ့အတွက်ကြောင့်မို့လို့ ဘုရားရှင်က မြင်လွယ် ထင်လွယ်အောင်ဆိုပြီး အဲဒီရတဲ့ခန္ဓာကို ချည်တိုင်လို့ သတ်မှတ်ပေးပြီ၊ ဒါဖြင့် တစ်ဘဝ တစ်ဘဝ ဘယ်မှာဝပ်ရတယ်ဆိုတာ ပေါ်လာပြီပေါ့'

'မှန်လှပါဘုရား'

'ဘယ်မှာဝပ်ခဲ့ရ'

'ချည်တိုင်မှာ ဝပ်ခဲ့ရပါတယ်ဘုရား'

'ဥပမာလေးတော့ ပေါ်လာပြီနော်'

'မှန်လှပါဘုရား'

'ချည်တိုင်ဆိုတာသည် ခန္ဓာ၊ ခန္ဓာပြန်ရရင် ချည်တိုင်မှာချည်းပဲ အချည်ခံရတော့မယ် ဝပ်ရတော့မယ်ဆိုတော့ ဘဝ မဆိုးဘူးလား?'

'ဆိုးပါတယ်ဘုရား'

'ဒီလောက်အစလေးကိုကြည့်လိုက်တာနဲ့ကို ငါတို့ဘဝ ဘယ်လောက် ဆိုးတယ်ဆိုတာ ပေါ်တော့မယ်၊ အဝိဇ္ဇာနဲ့နေလည်း ဘယ်မှာဝပ်ရမယ်'

'ချည်တိုင်မှာ ဝပ်ရမှာပါဘုရား'

'တဏှာနဲ့နေလည်း'

'ချည်တိုင်မှာဝပ်ရမှာပါဘုရား'

http://www.dhammadownload.com



'သားသမီးကို မခင်ရမနေနိုင်လည်း'

'ချည်တိုင်မှာဝပ်ရမှာပါဘုရား'

'ကိုယ့်ရဲ့ လုပ်ငန်းအိုးအိမ်တိုက်တာတွေကို မစွန့်နိုင်ရင်လည်း'

'ချည်တိုင်မှာဝပ်ရမှာပါဘုရား'

'ဝပ်မှာလား'

'မဝပ်ပါဘူးဘုရား'

'မဝပ်ချင်ပဲ ဝပ်ရတော့မှာနော်၊ ဘာနဲ့နေရင်'

'အဝိဇ္ဇာတဏှာနဲ့ နေရင်ပါဘုရား'

'အခုတော့ ခန္ဓာဆိုတာလေးကို ပုံဖော်လိုက်တော့ ဩော်-ဘုရား ပေးတဲ့ ဥပမာတစ်ခုလေးဆိုထားမှ အကျုံးဝင်သွားပါလား၊ ခွေးကလေးသည် ကြိုက်သလောက်ပြေး၊ ဘယ်မှာဝပ်ရ?'

'ချည်တိုင်မှာ ဝပ်ရပါတယ်ဘုရား'

'လူ့ဘဝမကောင်းဘူးကွာ နတ်ဘဝ ငါလိုချင်တယ်ဆိုလည်း ဘယ်မှာ သွားဝပ်ရမယ်'

'ချည်တိုင်မှာသွားဝပ်ရမှာပါဘုရား'

'ဗြဟ္မာဘဝကို သဘောကျရင်လည်း'

'ချည်တိုင်မှာ ဝပ်ရမှာပါဘုရား'

'ဒါဖြင့် လူချမ်းသာ အကြိမ်ကြိမ်တောင်းတာ ဘာလုပ်ချင်လို့?'

'ချည်တိုင်မှာ ဝပ်ချင်လို့ပါဘုရား'

'နတ်ချမ်းသာ အကြိမ်ကြိမ်တောင်းတာ'

'ချည်တိုင်မှာ ဝပ်ချင်လို့ပါဘုရား'

'တောင်းကြမှာလား?'

'မတောင်းတော့ပါဘူးဘုရား'

http://www.dhammadownload.com



'ငိုတော့မငိုကြနဲ့နော်၊ အဲဒီတော့ ချည်တိုင်ဆိုတာလေးတော့ ပုံဖော်သွားပြီ၊ အဲဒီချည်တိုင်ဆိုတာက ခန္ဓာငါးပါးကိုပြောတာဆိုတော့ ဒီခန္ဓာငါးပါးကို ဘယ်လောက်ပဲပြောပြော ယနေ့သူတော်စင်များက သဠာယတနဆိုတဲ့ မျက်စိ, နား, နှာ, လျှာ ကိုယ်စိတ်မှာ မြင်လိုက်ပြီဆိုလည်းပဲ သားလေးကို မြင်လည်းပဲ ခန္ဓာလို့မြင်လား ငါ့သားလို့မြင်လား?'

'ငါ့သားလို့ မြင်ပါတယ်ဘုရား'

'သမီးလေးကိုမြင်ရင်လည်း'

'ငါ့သမီးလေးလို့ မြင်ပါတယ်ဘုရား'

'ယောက်ျား မိန်းမ မြင်လည်း ယောက်ျားလို့မြင်တယ်၊ မိန်းမလို့မြင်တယ်၊ ဒါတွေက ခန္ဓာပဲလို့ ဘယ်လောက်ပဲဟောဟော နားထဲမှာ လျှံထွက်သွားပြီ ဟုတ်လား?'

'မှန်လှပါဘုရား'

'ခန္ဓာလို့မြင်ရဲ့လား၊ မြင်လိုက်တာနဲ့ကို ငါ့သား ငါ့သမီးလို့ မြင်တာနော်၊ အဲဒီလိုလုပ်ပြီဆိုရင် ဟောဒီ ရုပ်နာမ်နှစ်ဖြာလို့ ငါကောင် သူကောင်တင်လိုက်တာနဲ့ ဘယ်လိုဖြစ်သွားတယ်ဆိုတဲ့ အခြေနေလေးကို သိဖို့မလိုဘူးလား?'

'လိုပါတယ်ဘုရား'

'ရုပ်နာမ်ခန္ဓာကိုမသိတာက ဘယ်သူနဲ့နေလို့'

'အဝိဇ္ဇာနဲ့နေလို့ပါဘုရား'

'ဒါဖြင့် အဝိဇ္ဇာနဲ့နေခဲ့တဲ့အတွက် ခန္ဓာကို အမှန်မြင်ဖို့ဆိုရင်-

**" ရုပ်နာမ်နှစ်ဖြာ ဒိဋ္ဌိငါ၊ ထင်တာ လည်ပတ်မည် "**

'ရထားတဲ့ သူသူငါငါ သုံးဆယ့်တစ်ဘုံထဲ ကြိုက်တဲ့နေရာကိုတက်ရောက်တဲ့နေရာသည် ခန္ဓာရလို့ ချည်တိုင်ဝပ်တယ်လို့ ပြောလိုက်တယ်၊ တစ်ခါထပ်ပြီးတော့ ဒီရုပ်နာမ် ဒီခန္ဓာပဲရှိတယ်ဆိုတာကို ဘယ်လောက်ပဲ ဟောဟော အဝိဇ္ဇာကဖုံးထားရင် မမြင်တဲ့အတွက်ကြောင့်မို့လို့ မြင်မြင်သမျှ အာရုံထဲမှာ ဒါ. . . ငါ့သမီး၊ ကြားကြားသမျှလည်း ယောက်ျား, မိန်းမ, ပုဂ္ဂိုလ်, သတ္တဝါ လုပ်နေခဲ့ရင် ရုပ်နာမ်အရှိ ပျောက်သွားပြီးတော့မှ ငါလို့ထင်ရင်

http://www.dhammadownload.com



သူလို့ထင်ရင် ပုဂ္ဂိုလ်သတ္တဝါလို့ထင်ရင် ဒီပုဂ္ဂိုလ် ကိုယ့်ကိုယ်ကို ပြန်ကြည့် မှန်ထဲမှာ မြင်ရမှာက ဘာပတ်တာ'

'လည်တိုင်ပတ်တာပါဘုရား'

'ဒါဖြင့် မှန်ထဲသေချာကြည့်ကြနော်၊ ကိုယ့်ကိုယ်ကို မှန်ထဲကို ရပ်ကြည့် လိုက်ပါတဲ့၊ ရပ်ကြည့်လိုက်တဲ့အခါကျရင် ကိုယ်ဝတ်ထားတဲ့အဝတ်တွေ ကိုယ်ဝတ်ထားတယ်ဆိုတဲ့နေရာ ဘယ်နေရာဆိုတာလဲ ပုံပေါ်သွားမယ်၊ ကိုယ့် လည်ပင်း ဘာရှိတယ်ဆိုတာ ပုံပေါ်သွားမယ်၊ ဘာနဲ့နေရင်'

'အဝိဇ္ဇာနဲ့နေရင်ပါဘုရား'

'ရှင်းပြီးလား?'

'ရှင်းပါပြီဘုရား'

'ကြောက်စရာတော့ ကောင်းလာပြီနော်'

'မှန်လှပါဘုရား'

'မလိမ္မာ မိုက်ပြစ်သင့်တာ ဘယ်လောက်တောင် ကြောက်စရာ ကောင်းတယ်ဆိုတာကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ချစ်သားတို့. . . ဒီဥပမာကို မမေ့ကြနဲ့၊ ခန္ဓာရရင် ချည်တိုင်မှာနေရတော့မယ်၊ အဲဒီချည်တိုင်ကို သဘောကျအောင်လို့ ချော့စရာလေးတွေကလည်း ပြထားတဲ့နေရာမှာ ငါ့သား တို့ ငါ့သမီးတို့ ဟော. . . မျိုးစုံသော ချော့စရာတွေကို အဲဒီလိုသွားတင်နေရင် မင်းတို့ဘဝသည် လည်ပတ်ပတ်ထားသည်၊ ဘာပတ်ထား'

'လည်ပတ်ပတ်ထားတာပါဘုရား'

'ဥပမာ ( ၄ ) မျိုးထဲမှာ ( ၂ ) မျိုးတော့ ပေါ်သွားပြီ၊ ချည်တိုင် အကြောင်းလည်း သိသွားပြီ၊ လည်ပတ်အကြောင်းလည်း သိသွားပြီ၊ အဲဒီ ချည်တိုင်ကို လည်ပတ်နဲ့ ဘာနဲ့ဆက်သွယ်မှာ'

'ကြိုးနဲ့ဆက်သွယ်မှာပါဘုရား'

'ဟောဆက်သွယ်စရာ ကြိုးမရှိဘူးလား'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com



'သူလည်း ခန္ဓာငါးပါးကိုရထားတဲ့ ဒုက္ခသစ္စာလို့ပြောတယ်၊ ပြောပင် ပြောငြားသော်လည်း မိမိတို့က ဒုက္ခလို့ မမြင်၊ ခန္ဓာလို့မမြင်လို့ သားလို့သမီးလို့ ငါကောင်၊ သူကောင်၊ ပုဂ္ဂိုလ် ၊သတ္တဝါတို့ ၊ယောက်ျား၊ မိန်းမတို့ ဒီလိုဆိုတာနဲ့ ငါလို့ထင်တာနဲ့ ငါ့ခန္ဓာ မခင်ဘူးလား?'

'ခင်ပါတယ်ဘုရား'

'သူလို့ဆိုတော့လည်း သူ့ကိုမခင်ဘူးလား?'

'ခင်ပါတယ်ဘုရား'

'သားသမီးလို့ထင်ပြန်တော့ သားသမီးကိုမခင်ဘူးလား?'

'ခင်ပါတယ်ဘုရား'

' အဲဒီလို ခင်ပြီဆိုတာနဲ့ -

" ရုပ်နာမ်နှစ်ဖြာ၊ ခင်တဏှာ၊ မှတ်ပါ ကြိုးချည်မည် "

'အခုပြောလိုက်ပြီ၊ မိမိတို့ရထားတဲ့ ရုပ်နာမ်သည် ဒုက္ခသစ္စာ ကြိုက်စရာကို မရှိ စက်ဆုပ်စရာအတိ၊ ဒါတွေကို ရှုရှာပြီး ကြိုးစားပါလို့ တိုက်တွန်းတော့ မိမိတို့က မြင်မြင်သမျှအာရုံတွေအပေါ် မခင်ရမနေနိုင်၊ မတွယ်တာရ မနေနိုင်၊ စွန့်လွှတ်ခြင်းမရှိလောက်အောင် တွယ်တာ တပ်မက်နေသမျှ ဘာလုပ်နေတာ'

'ကြိုးချည်နေတာပါဘုရား'

'တစ်နေ့တစ်နေ့ ဖြည်လား, ချည်လား?'

'ချည်ပါတယ်ဘုရား'

'သံသရာမှာလည်း ဘာလုပ်ခဲ့'

'ချည်ခဲ့ပါတယ်ဘုရား'

'အခု ပစ္စုပ္ပန်လည်း'

'ချည်ပါတယ်ဘုရား'

'ဘယ်တော့ဖြည်မလဲ အခု လာဖြည်တာပေါ့ ဘာလာလုပ်တာလဲ'

'လာဖြည်တာပါဘုရား'

http://www.dhammadownload.com



'ဘဝမဆိုးဘူးလား?'

'ဆိုးပါတယ်ဘုရား'

'ဆိုးလိုက်တာ၊ ဒီလိုတရားတွေမှ မနာရရင် သိကိုမသိဘူးနော်'

'မှန်လှပါဘုရား'

'အခု ပဋိစ္စသမုပ္ပါဒ်တရားကို နာလိုက်ရတဲ့အခါကျမှ ကိုယ့်ဘဝရဲ့ ဖြစ်စဉ်ကို ထွင်းထွင်းရှင်းရှင်းပေါ်သွားတာ'

'မှန်လှပါဘုရား'

'အရပ်ဆိုး အကျည်းတန်လိုက်တာ၊ ဘယ်ဘဝသာယာစရာရှိလဲ'

'မရှိပါဘူးဘုရား'

'ဘယ်လောက်ပဲ သာယာစရာ မရှိ ရှိရှိ သူတော်စင်များကတော့ ပြုံးနေတာပဲ အပြုံးကို မပျက်ဘူး၊ အဲဒီတော့ ချည်တိုင်ဆိုတာက ခန္ဓာရရင် ဝပ်ရတော့မယ်နော်'

'မှန်လှပါဘုရား'

'ဝပ်တယ်ဝပ်တယ်ဆိုတာ ချည်တိုင်ကြီး သွားဝပ်လို့မရဘူး ကြိုးလေး လည်း ရှိဦးမှ၊ အဲဒီကြိုးလေးနဲ့ချည်တဲ့အခါမှာလည်း မနာအောင် ဘာခံရဦးမှာ'

'လည်ပတ်ခံရမှာပါဘုရား'

'ဒါဆို သဘောကျနေတာပေ့ါ၊ အဲဒီတော့ လည်ပတ်လည်း ရှိသွားပြီ၊ ကြိုးလည်းရှိသွားပြီ ချည်တိုင်လည်း ရှိသွားပြီ၊ ချည်တိုင်ဆိုတာ ဘာကိုပြောတာ'

'ခန္ဓာကိုပြောတာပါဘုရား '

'ကြိုးဆိုတာက တဏှာကိုပြောတာ၊ လည်ပတ်ဆိုတာက ဒိဋ္ဌိကို ပြောတာ၊ ဒါဖြင့်ရင် သူ့ပစ္စည်းနဲ့သူ ချပြလိုက်ပြီနော်'

'မှန်လှပါဘုရား'

'ဒီပစ္စည်း အခုဘယ်သူ့ပစ္စည်းလဲလို့မေးတော့မယ်နော်'

'မှန်လှပါဘုရား'

'အခုချမပြ လိုက်ဘူးလား'

'ချပြလိုက်ပါတယ်ဘုရား'

http://www.dhammadownload.com



'ပစ္စည်း (၃) မျိုးတော့ရသွားပြီ၊ အဲဒီပစ္စည်းသုံးမျိုးရဲ့ပိုင်ရှင် ရှိမရှိ'

'ရှိပါတယ်ဘုရား'

'ရှိတယ်၊ ကိုယ်မဖြစ်ဖို့ အရေးကြီးတယ်နော်'

'မှန်လှပါဘုရား'

'ပစ္စည်းတွေကတော့ ရှိနေပြီ၊ အဲဒါကို ရမ်းပြီးတော့များ ငါ့ပစ္စည်း မလုပ်လိုက်နဲ့ '

'မှန်လှပါဘုရား'

'အခြေနေ တော်တော်ဆိုးသွားမယ်နော်'

'မှန်လှပါဘုရား'

'အဲဒီတော့ ချည်တိုင်ရယ်၊ ကြိုးရယ်၊ လည်ပတ်ရယ် ဘယ်သူ့ ပစ္စည်း လဲဆိုတာကို ကြည့်ရအောင်၊ ဟောဒီမှာရရှိထားတဲ့ ပစ္စုပ္ပန်ဘဝမှာရရှိနေကြတဲ့ ခန္ဓာရဲ့ဒုက္ခတွေအပေါ်မှာထားတဲ့ ပစ္စည်းလေးတွေကို ဘယ်လောက်ပဲ သာယာ အောင် မွမ်းမံထားပါစေ ငါ့ပစ္စည်းတော့ မလုပ်ကြနဲ့နော် '

'မှန်လှပါဘုရား'

' အခု ဘယ်သူ့ပစ္စည်းလဲလို့ ပုံဖော်ပေးလိုက်တဲ့အခါမှာ ကြိုးတို့ ချည်တိုင်တို့ လည်ပတ်တို့သည် ဘယ်သူ့ပစ္စည်း'

'ခွေးလေးရဲ့ပစ္စည်းပါဘုရား'

'ခွေးပစ္စည်းဆိုတော့ ကိုယ့်ပစ္စည်း ဖြစ်နိုင်ပါ့မလား?'

'မဖြစ်နိုင်ပါဘူးဘုရား'

'မဖြစ်နိုင်ဘူး၊ ဒါပေမယ့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောပေး လိုက်တယ်၊ အဲဒီပစ္စည်းတွေမှန်သမျှ ခွေးပစ္စည်းတော့ ဟုတ်တယ်ကွာတဲ့၊ အဲဒီ ခွေးဆိုတာက ဥပမာ ဥပမေယျက စုံလုံးကန်းတဲ့ ပုဂ္ဂိုလ်တွေကိုပြောသည်၊ တရားမနာ၊ တရားအားမထုတ်၊ တရားနှလုံးမသွင်းလို့ တရားနဲ့ဝေးနေရင် မြင်ပါ့မလား?'

'မမြင်ပါဘူးဘုရား'

http://www.dhammadownload.com



'မမြင်လို့ကန်းနေတဲ့ပုဂ္ဂိုလ်သည် ဒီ ဥပမာထဲဝင်သွားပြီ၊ ကိုယ်လည်း တရားမနာခဲ့တုန်းက ဒီအတိုင်း မဖြစ်ခဲ့ဘူးလား?'

'ဖြစ်ခဲ့ပါတယ်ဘုရား'

'တရားနာ တရားအားထုတ်လို့များ ဒီတရားကိုလည်း နှလုံးမသွင်းရင် ဒီအခြေအနေဆိုးထဲက လွတ်ပါ့မလား?'

'မလွတ်ပါဘူးဘုရား'

'အဲဒီလိုလေးလည်း ပုံဖော်လိုက်ရော ရဟန်းတော်တွေမှာလေ ဒီတရား တွေကို နာရင်းကနေ ဆတ်ဆတ်ထိ မခံနိုင်လောက်အောင်ကို နာကြဉ်း သွားတာ တရားက ကိုယ့်ကို မစောင့်ရှောက်ဘူးလား?'

'စောင့်ရှောက်ပါတယ်ဘုရား'

'ဘုရားက မသိတာတွေကို ဖွင့်လှစ်ပြပြီးတော့လည်း အမှန်မြင်အောင် ပြောမသွားဘူးလား?'

'ပြောသွားပါတယ်ဘုရား'

'ယနေ့ မိမိတို့ ဘဝသံသရာတစ်လျှောက်လုံးမှာ ဘယ်လောက် ပျော်စရာကောင်းလဲ ကြည့်လိုက်စမ်းပါ။ ပျော်စရာဘယ်နားပါတုန်း'

'မပါပါဘူးဘုရား'

'ချည်တိုင် ဝပ်ခဲ့ရတာ၊ အဲဒါက မမြင်မကန်းနဲ့သွားနေကြလို့၊ အခု လည်းပဲ သံသရာထဲမှာ ကျင်လည်ရတဲ့ဘဝ ကိုယ့်မိသားစုနဲ့နေရတာ ကိုယ့်ရဲ့ အပေါင်းသင်းမိတ်ဆွေနဲ့နေရတာ မပျော်ကြဘူးလား?'

'ပျော်ကြပါတယ်ဘုရား'

'ပျော်ကြလား ပျော်စရာဘာရှိတုန်း'

'ဘာမှမရှိပါဘူးဘုရား'

'ပျော်တယ်ဆိုရင် ဟောဒီမှာ-တဏှာကြိုးနဲ့ချည်လိုက်ပြီ၊ ငါ့ အပေါင်း အသင်းလို့ ထင်လိုက်ရင် လည်ပတ်လေးက ပြုံးစိစိတပ်ထားပြီး အဲဒီပုဂ္ဂိုလ် ချည်တိုင်နဲ့တွဲနေပြီ မြင်လို့လား၊ ကန်းလို့လား?'

'ကန်းလို့ပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့်ရင် ဒီပစ္စည်းတွေ ဘယ်သူ့ပစ္စည်းဖြစ်သွား'

'ခွေးရဲ့ပစ္စည်းဖြစ်သွားပါတယ်ဘုရား'

'ဘယ်သူ့ ပစ္စည်းဖြစ်သွားလဲ၊ အေးပေါ့ ခွေးပစ္စည်းပေါ့၊ ကိုယ့်ပစ္စည်း မှမဟုတ်တာ၊ အဲဒီတော့ မိမိတို့ အဝိဇ္ဇာ တဏှာနဲ့ နေရင်တော့ ကိုယ့်ပစ္စည်း ဟုတ်မှာလား မဟုတ်ဘူးလား?'

'ဟုတ်မှာပါဘုရား'

'ကဲ-အဝိဇ္ဇာနဲ့နေရင် အမှန်သိသေးလား?'

'မသိတော့ပါဘူးဘုရား'

'တဏှာနဲ့နေရင်ရော မြင်သေးလား?'

'မမြင်ပါဘူးဘုရား'

'ယနေ့သူတော်စင်များ ကိုယ့်သားသမီးကို မခင်ဘူးလား?'

'ခင်ပါတယ်ဘုရား'

'ဟော-ကြိုးလေးချည်လိုက်ပြီ၊ ငါ့သားလို့ရော မထင်ဘူးလား?'

'ထင်ပါတယ်ဘုရား'

'လည်ပတ်လေးပတ်လိုက်ပြီ၊ ကဲ. . . အဲဒီတော့ ခန္ဓာချည်တိုင်မှာ ချည်လိုက်တော့ မြင်သေးလား?'

'မမြင်တော့ပါဘူးဘုရား'

'ဒါဖြင့် ဒီဥပမာ ဘယ်သူ့အတွက်ဖြစ်သွား'

'ကိုယ့်အတွက်ဖြစ်သွားပါတယ်ဘုရား'

'မလုပ်ကြနဲ့နော်

'မှန်လှပါဘုရား'

'ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဟောလိုက်တာက သံဝေဂရစေချင်လို့၊ အကြီးအကျယ် သံဝေဂရလိုက်တဲ့အတွက် ရဟန်းတော်တွေမှာ ကိုယ့်ကိုယ်ကို အပြစ်ဆိုးလိုက်တာဆိုပြီး နာကြည်းသွားတဲ့အတွက်ကြောင့်မို့ ဘုရားဟောပေးတဲ့ ကမ္မဋ္ဌာန်းတရားတွေကို ကျင့်လိုက်တာ ရဟန္တာတွေ ဖြစ်ကုန်ပြီ၊ အဲဒီတော့

http://www.dhammadownload.com



မိမိတို့ ဒီအဖြစ်ဆိုးလေးက ငါတို့ဟာ . . မသိတုန်းကမိုက်ခဲ့သမျှ ဒီလမ်းစဉ် ပါလား၊ မလိမ္မာမိုက်ပြစ်သင့်တာ ဘယ်နေရာကောင်းတုန်း'

'မကောင်းပါဘူးဘုရား'

'နတ်ပြည်ကိုတက်တော့လည်းပဲ ဩော် . . . ဟောဒီဥပမာလေးထဲမှာ သွားပြီးတော့ သူတို့ ကာမဂုဏ် အာရုံတွေနဲ့ နစ်မြုပ်နေရင် နတ်တွေလည်းပဲ အန္ဓပုထုဇဉ်ဖြစ်တော့ ဟောဒီ . . . ဥပမာလည်းပဲ ပါမသွားဘူးလား?'

'ပါသွားပါတယ်ဘုရား'

'သူတို့မှာ ဒိဋ္ဌိလည်ပတ်တွေရော မပတ်ဘူးလား?'

'ပတ်ပါတယ်ဘုရား'

'တဏှာကြိုးနဲ့ရော ချည်နှောင်ထားတာ၊ ကာမဂုဏ် အာရုံထဲက မထွက်နိုင်ဘူး၊ ဒါကြောင့် ခန္ဓာတွေချည်းပဲ ပြန်ပြီးတော့ရရင် ချည်တိုင်မှာ ပြန်မဝပ်ရဘူးလား?'

'ဝပ်ရပါတယ်ဘုရား'

'ယနေ့ သူတော်စင်များ တစ်နေ့တစ်နေ့ ဘာလုပ်နေတယ်ဆိုတာ မသိချင်ဘူးလား?'

'သိချင်ပါတယ်ဘုရား'

'ကဲ. . ကျောက်ကလေးတစ်လုံးကို လာပြီးပြပြီ၊ အဲဒီချိန်ခါမှာ ကိုယ်က ကြည့်လိုက်တယ်ပေါ့ မမြင်ဘူးလား၊ မြင်လိုက်တဲ့အခါ ကျတော့ အရည်အသွေး ကတော့ လည်နေတာပဲ၊ ဒီကျောက်လေးကတော့ ငါ့လက်ထဲရောက်ရင် ဘယ်လောက်တန်မှာပဲ၊ ကဲ. . . ဒါဆိုရင် သူ့မှာက ဒိဋ္ဌိလည်ပတ်ကို အထပ်ထပ် မပတ်ဘူးလား?'

'ပတ်ပါတယ်ဘုရား'

'အဲဒီကျောက်လေးကို သဘောကျရင် တဏှာကြိုးနဲ့ မချည်ဘူး လား?'

'ချည်ပါတယ်ဘုရား'

'ကိုယ်နာခဲ့တဲ့ တရားတွေအပေါ်မှာ အသုံးမချရင် မြင်လား ကန်းလား'

'ကန်းပါတယ်ဘုရား'

http://www.dhammadownload.com



'ဘယ်မှာဝပ်ချင်လို့'

'ချည်တိုင်မှာဝပ်ချင်လို့ပါဘုရား'

'ကျောက်ဝယ်တာဘာလုပ်နေတာ'

'ချည်တိုင်မှာဝပ်နေတာပါ ဘုရား'

'မပြောဘူးနော်၊ ဘုန်းဘုန်း ဘာမှမပြောဘူး သဘောပြောပြတာပါ၊ အဲဒီသဘောလေးသာသိနေမယ်ဆိုရင် ဩော်. . . အရောင်းအဝယ်လည်းပဲ ကြောက်စရာပါလား၊ တစ်နေ့တစ်နေ့ လုပ်နေရတဲ့အလုပ်သည် ချည်တိုင် ဝပ်တဲ့ အလုပ်ဆိုရင် မမှန်ဘူးလား?'

'မှန်ပါတယ်ဘုရား'

'အဲဒီချည်တိုင်တွေကို မချိုးချင်ဘူးလား?'

'ချိုးချင်ပါတယ်ဘုရား'

'ကြိုးရော'

'ပြုတ်ချင်ပါတယ်ဘုရား'

'လည်ပတ်ရော'

'လွတ်ချင်ပါတယ်ဘုရား'

'အေး. . . လည်ပတ်ကလည်း တပ်တာနဲ့ ဖြုတ်တာရှိတယ်နော်'

'မှန်လှပါဘုရား'

'ဟော. . . ဒီကြိုးကလည်း ချည်တာနဲ့ ဖြုတ်တာရှိတယ်၊ တိုင်ကလည်းပဲ စိုက်တာနဲ့ချိုးတာရှိတယ်၊ ဒါဖြင့် အဲဒီ အဖြစ်လေးတွေက ဒွန်တွဲနေတာ ဖြစ်တဲ့အတွက်ကြောင့် ဘုရားရဲ့ အလိုတော်ကျက တိုင်ကိုချိုးကြပါ၊ ကြိုးကို ဖြတ်ကြပါ၊ လည်ပတ်တွေ ဖြုတ်ကြပါ၊ ဟော. . . ဒီဘဝဆိုးက လွတ်အောင် ကိုယ့်ကိုကိုယ် ကယ်ပါလို့ ပြောသွားပြီ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ကဲ. . . ချည်တိုင်ချိုးချင်တယ်ဆိုရင် ကြိုးဖြတ်ချင်ရင် လည်ပတ်ဖြတ်ချင်ရင် တခြားမလုပ်နဲ့၊ ကိုယ် ယနေ့ကြိုးစားလုပ်နေတဲ့ ဝိပဿနာအလုပ်သည် တိုင်ချိုးနေတာ၊ ဝိပဿနာအလုပ်က'

'တိုင်ချိုးနေတာပါဘုရား'

'တစ်နည်းပြောရင် ကြိုးဖြတ်နေတာ၊ တစ်နည်းပြောရင် လည်ပတ်ဖြတ်နေတာ၊ ဒါဖြင့် လည်ပတ်ဖြတ်ချင်ရင် ဘာလုပ်ရမယ်'

'ဝိပဿနာအလုပ်လုပ်ရမှာပါဘုရား'

'ကြိုးဖြတ်ချင်ရင် '

'ဝိပဿနာလုပ်ရမှာပါဘုရား'

'တိုင်ချိုးချင်ရင်'

'ဝိပဿနာလုပ်ရမှာပါဘုရား'

'ဒါနကုသိုလ်လေးလုပ်ပြီး ဉာဏ်သာမယှဉ်ရင် အဝိဇ္ဇာက ဖုံးမြဲပဲ၊ အဝိဇ္ဇာက ဖုံးနေမယ်ဆိုရင် လူချမ်းသာ နတ်ချမ်းသာပဲ အာရုံပြုမှာ၊ အဲဒါကို သဘောကျနေသမျှ ဒီပုဂ္ဂိုလ် ချည်တိုင်ဝပ်ရဦးမှာ'

'မှန်လှပါဘုရား'

'ဒါနနဲ့လည်း ချည်တိုင်ကျိုးပါ့မလား?'

'မကျိုးပါဘူးဘုရား'

'တဏှာကြိုးလည်းပဲ မဖြတ်နိုင်၊ လည်ပတ်လည်းမဖြတ်နိုင်၊ သီလကုသိုလ်လေးလောက်နဲ့ ဉာဏ်မယှဉ်ပြန်ရင် အဝိဇ္ဇာက ဖုံးအုံးမှာ၊ အဝိဇ္ဇာနဲ့နေရင် မကန်းဘူးလား?'

'ကန်းပါတယ်ဘုရား'

'ဒါဖြင့်ရင် အမှန်မမြင်ရင် လည်ပတ်ရော မတပ်ဘူးလား?'

'တပ်ပါတယ်ဘုရား'

'ဒီဘဝတွေကိုခင်ရင် တဏှာကြိုးရောမချည်ဘူးလား?'

'ချည်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဒါဖြင့်ရင် ချည်တိုင်ဝပ်ဦးမှာပဲ၊ ယနေ့ ချည်တိုင်တွေချိုးချင်တယ်၊ လည်ပတ်တွေဖြုတ်ချင်တယ်၊ ကြိုးတွေကိုဖြတ်ချင်ရင် ဘာလုပ်ရမလဲ'

'ဝိပဿနာလုပ်ရမှာပါဘုရား'

'ယနေ့ အချိန်တိုင်း အချိန်တိုင်းမှာ သူတော်စင်များ ကြိုးစားရုန်းကန်ပြီးတော့ မနက်ပိုင်းတွေ ညနေပိုင်းတွေ တရားတွေ နာကြတယ် တရားတွေ အားထုတ်ကြတယ်၊ ဒါဖြင့် နည်းလာသင်တာ ချိုးနည်း လာသင်တာ ဖြုတ်နည်း လာသင်တာဆို မမှန်ဘူးလား?'

'မှန်ပါတယ်ဘုရား'

'ဘဝတိုင်း ဘဝတိုင်းမှာလည်းပဲ ဒီလိုတွေနေခဲ့ရတဲ့အတွက် ဘဝက ဆိုးခဲ့ပြီနော်'

'မှန်လှပါဘုရား'

'တစ်ချို့တွေများ ဘယ်လောက်တောင်များ အကျည်းတန်သလဲမေးတော့ ကိုယ်ကဘဝအကျိုးပေးက မကောင်းတဲ့အခါမှာ ဆင်းဆင်းရဲရဲနေရ၊ သွားရင်းလာရင်းကနေပြီးတော့ ဩော်. . . ကိုယ်တောင် မစီးနိုင်တဲ့ကား ကြီး ဇိမ်ကျကျနဲ့ လင်ခရုဇာပေါ်မှာ ဩော်. . . ခွေးလေးများ အင်္ကျီလေးတွေ ဝတ်ပြီးတော့ လှလှပပလေး ဆင်သွားတာကို သဘောကျပြီး အင်း. . . ဒီခွေး ငါဖြစ်ရင် သိပ်ကောင်းမှာပဲလို့ တွေးမိတာမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ရှိတယ်လား ရှိတာပဲလား၊ တချို့ အဲဒီလို သွားစိတ်ကူးသေး တယ်နော်၊ ဘယ်လောက် အဖြစ်ဆိုးလဲ ကိုယ့်ကိုယ်ကို ပြန်ကြည့်တော့ လည်းပဲ မမြင်လို့ ဒီဘဝရောက်နေပြီ၊ အခု သူက တိရစ္ဆာန်စိတ်ကို ဖြစ်ချင်တယ်ဆိုတော့ ကိုယ်ကျိုး မနည်းဘူးလား၊ နည်းလား?'

'နည်းပါတယ်ဘုရား'

'ကဲ. . . ဘယ်လောက် အမှောင်ဖုံးတယ် ဆိုတာ ပေါ်မသွားဘူးလား'

'ပေါ်သွားပါတယ်ဘုရား'

http://www.dhammadownload.com



'ဒီလိုဆိုရင် တိုင်ချိုးတဲ့ အလုပ် လုပ်ရဦးမှာနော်'

'မှန်လှပါဘုရား'

'ဘဝသံသရာပဲ ကျင်လည်ခဲ့ရတဲ့ တစ်လျှောက်မှာ အဝိဇ္ဇာတဏှာနဲ့ နေနေသမျှမှာ ဒီအစဉ်ကို ကျော်လို့မရပါဘူး။

'အဲတော့. . . ဟောဒီပစ္စုပ္ပန် (၂) ကွက်ထဲမှာ ရောက်နေကြတဲ့ မိမိတို့ အားလုံး လွန်ခဲ့တဲ့အတိတ်ကို ပြန်သွားလို့လည်း မရတော့ဘူး၊ ဟောဒီ ပစ္စုပ္ပန်က အတိတ်ရဲ့အရိပ်ဖြစ်တဲ့အတွက် ပြုပြင်လို့မရတော့ဘူး၊ အနာဂတ် သံသရာကို လျှောက်လှမ်းရမယ့်နေရာမှာ ချည်တိုင်ပြန်မဝပ်ရအောင် ကြိုးစားမယ်ဆိုတော့ အနာဂတ်ဆိုတာ ရောက်ပြီလား မေးတော့လည်း?'

'မရောက်သေးပါဘူးဘုရား'

'မရောက်သေးရင်လည်း ထည့်မစဉ်းစားနဲ့၊ ဟောဒီအတိတ်ကလည်း လွန်ခဲ့ပြီ ဖြစ်တဲ့အတွက်ကြောင့် မေ့ထားလိုက်တော့၊ အရေးကြီးတာ ဘယ်မှာ အရေးကြီးလဲမေးရင် ပစ္စုပ္ပန်၊ ဟောဒီပစ္စုပ္ပန်မှာ တဏှာကိုသာ ကူးခွင့်ပေး လိုက်မယ်ဆိုရင် ဟော. . . လည်ပတ်တွေနဲ့ ချည်တိုင်တွေနဲ့ ကြိုးတွေနဲ့ ဖြစ်သွားတဲ့အတွက် ချည်တိုင်ပြန်မဝပ်ရဘူးလား?'

'ဝပ်ရပါတယ်ဘုရား'

'ဒီပစ္စုပ္ပန်မှာ ဖြတ်နိုင်မယ်ဆိုရင်တော့ တိုင်လည်းကျိုးမယ်၊ ကြိုးလည်း ပြတ်မယ်၊ လည်ပတ်လည်းပြုတ်မယ်ဆိုရင် မလွတ်ဘူးလား?'

'လွတ်ပါတယ်ဘုရား'

'အရေးကြီးတာ အတိတ်လား?'

'မဟုတ်ပါဘူးဘုရား'

'အနာဂတ်လား?'

'မဟုတ်ပါဘူးဘုရား'

'ဘယ်မှာ အရေးကြီးတာ'

'ပစ္စုပ္ပန်မှာပါဘုရား'

http://www.dhammadownload.com



'ပစ္စုပ္ပန်မှာ အရေးကြီးတယ်ဆိုတော့ ပစ္စုပ္ပန်မှာလုပ်ရမဲ့အလုပ်သည် တိုင်ချိုးတာ ဘာအလုပ်?'

' ဝိပဿနာအလုပ်ပါဘုရား'

'ကြိုးဖြတ်တာ၊ ကဲဒီလိုဆိုရင် တိုင်ကြိုး ကြိုးဖြတ်ပုံလေးကို အရင်ဆုံး မသင်ခင်မှာ ဘဝဖြစ်စဉ်လေးကို မြင်တိုင်း၊ မြင်တိုင်းမှာ ကြားတိုင်းကြားတိုင်းမှာ နမ်းရှူတိုင်း၊ နမ်းရှူတိုင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ အစဉ်လေးကိုကြည့်ရင် ကိုယ့်ရဲ့ သန္တာန် ထင်ရှားခဲ့တဲ့ ဟောဒီ မျက်လုံးလေးတွေက ဟောဒီမျက်လုံး ဖွင့်တိုင်း ဖွင့်တိုင်း ပတ်ဝန်းကျင်က အရာအားလုံးနဲ့ မတွေ့ဘူးလား?'

'တွေ့ပါတယ်ဘုရား'

'ကဲ. . . တွေ့လိုက်တဲ့အခါမှာ မျက်စိရယ် မိမိတို့ရဲ့သန္တာန်မှာပေါ့နော်'

'မှန်လှပါဘုရား'

'အဲဒီမျက်စိလေးကဖွင့်လိုက်တဲ့အခါမှာ အဆင်းလေးနဲ့ဆုံလိုက်တော့ မြင်တယ်ဆိုတဲ့သဘောလေး မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'မြင်တာက ဘယ်သူကမြင်'

'မြင်စိတ်က မြင်တာပါဘုရား'?

'အဲဒီမြင်စိတ်ဆိုတာ ငါမြင်တာ ဟုတ်သလား?'

'မဟုတ်ပါဘူးဘုရား'

'ပုဂ္ဂိုလ် သတ္တဝါ မြင်တာ ဟုတ်သလား?'

'မဟုတ်ပါဘူးဘုရား'

'ယောကျ်ား မိန်းမ မြင်တာရော ဟုတ်လား?'

'မဟုတ်ပါဘူးဘုရား'

'မြင်တဲ့ထဲမှာ ငါပါသလား?'

'မပါပါဘူးဘုရား'

http://www.dhammadownload.com



'မပါရင် အဲဒီမြင်တဲ့ သဘောလေးဟာ မြင်ခန္ဓာပဲလို့သိလိုက်ရင် လည်ပတ်ပြုတ်သွားပြီ၊

အဲဒီ မြင်ခန္ဓာလေးက ဖြစ်ပြီးတည်နေတာလား၊ ပျက်သွားတာလား?'

'ပျက်သွားပါတယ်ဘုရား'

'အဲဒီ ပျက်သွားတာကိုမြင်ရင် ခင်ချိန်တောင်မရပါဘူး မရရင် တဏှာကြိုး ပြတ်သွားပြီ၊ အဲဒီတဏှာကြိုး ပြတ်ရတာသည် ဟောဒီ မြင်ခန္ဓာလေးသည် ဖြစ်ပြီးပျက်နေတာမို့လို့ တိုင်ကျိုးသွားတာ၊ ဒါဖြင့် ဝိပဿနာလုပ်တဲ့ပုဂ္ဂိုလ် မြင်ဆဲ ခဏလေးဟာ ဒီအမှန်တရားကိုသိရင် တိုင်ချိုးလို့ရော မရဘူးလား?'

'ရပါတယ်ဘုရား'

'ကြိုးဖြတ်လို့လည်း'

'ရပါတယ်ဘုရား'

'လည်ပတ်လည်း ဖြုတ်လို့လည်း'

'ရပါတယ်ဘုရား'

'အရှုခံတရားပေါ်မှာ အမှန်သိအောင်လို့ တရားနာကြားပြီးလို့ သိတဲ့ အသိလေးကို ခန္ဓာမှာ ဉာဏ်လှည့်လို့ မြင်ရင် အဆင်ပြေသွားတာက ဒီအဖြစ်ဆိုးက လွတ်သွားပြီ၊ အဲဒီတော့ မြင်လိုက်တဲ့ ခဏမှာ ဟော. . . မြင်သိစိတ်လေးကတော့ သဘောပေါက်သွားပြီး ငါမဟုတ်၊ သူမဟုတ် ပုဂ္ဂိုလ်သတ္တဝါ မဟုတ်၊ မြင်ခန္ဓာ မြင်စိတ်ကမြင်တာ နာမ်ဓမ္မလို့ သိလိုက်တဲ့အတွက် လည်ပတ်ကောင်းစွာ ဖြုတ်သွားပါပြီ၊ အဲဒီ မြင်စရာ အဆင်းလေးကို ကြည့်တော့လည်း ပုံသဏ္ဌာန် အထည်တွေနဲ့ ဘယ်လောက်ပဲပြပြ၊ အဲဒီ ပုံသဏ္ဌာန်အထည်တွေ အပေါ်မှာ မပါဘဲနဲ့ ဟော. . . မြင်စရာသည် အဆင်းပါလား၊ အဆင်းဆိုရင် ငါလား, သူလား, ရုပ်တရားလား?'

'ရုပ်တရားပါဘုရား'

'ရုပ်တရားလို့သိရင် လည်ပတ် ပြုတ် မပြုတ်'

'ပြုတ်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဩော်. . . ငါ့သား ငါ့သမီးလို့ထင်ရင် လည်ပတ်တပ်မတပ်'

'တပ်ပါတယ်ဘုရား'

'ရုပ်လို့မြင်တာနဲ့ သားလို့မြင်တာမတူဘူးနော်၊ သားသမီး လို့မြင်လိုက်လို့ ပုံသဏ္ဌာန် အထည်လို့မြင်သွားရင် လည်ပတ်က တန်းလန်းပဲ၊ ကြိုးကလည်း အဆင်သင့်ချည်တော့မှာ၊ အခုတော့ ရုပ်အဆင်းဟာ ရုပ်တရားလို့ နှလုံးသွင်းလို့များ အသိမှန်ကိန်းသွားရင် လည်ပတ်လည်း ပြုတ်သလို ဒီအဆင်းလေးတွေ ရိပ်ကနဲ,ရိပ်ကနဲ ပျက်တာကိုမြင်ရင် ကြိုးလည်း မပြတ်ဘူးလား?'

'ပြတ်ပါတယ်ဘုရား'

'ချည်တိုင်ကော မကျိုးဘူးလား?'

'ကျိုးပါတယ်ဘုရား'

'ဒါဖြင့် မြင်လိုက်တဲ့ ခဏမှာ သဘောပေါက်ဖို့ အရေးကြီးတယ်ပေါ့၊ ဒီလိုဆိုရင် ဝိပဿနာအလုပ်ကို မရှုပွားခင်မှာ မကြိုးစားခင်မှာ ဝိပဿနာဆိုတဲ့ သဘောတရားလေးကို သူတော်စင်များသိအောင်ဖြေရင် -

**"ပညတ် ပရမတ်၊ နှစ်ရပ်ခွဲပါ၊ အတ္တ နတ္တ ကွဲကြသေချာ၊**
**ရုပ်နာမ်လောက၊ ကြောင်းမှကျိုးလာ၊ ရှင်းလေမှ ပွားကြဘာဝနာ"**

အခု ဝိပဿနာအလုပ်ကို လုပ်တော့မယ်၊ တိုင်ကြိုး လည်ပတ် ပြုတ်တဲ့ အလုပ်ကို သေချာ ကျကျနနလုပ်တော့မယ်ဆိုတော့ မလုပ်မီမှာ ရှေ့က သေချာသင်ပေးလိုက်ပါတယ်၊ (၃) ချက်ကို မှတ်ထားတဲ့၊ ဘာလဲမေးရင် နံပါတ် (၁) ပညတ် ပရမတ်ကွဲရမယ်၊ ဒုတိယက အတ္တ အနတ္တလည်း ရှင်းရမယ်၊ တတိယက ရုပ်တရား, နာမ်တရားတွေရဲ့ အကြောင်းကျိုးပေါ်မှာ ဉာဏ်ရှင်းရမယ် ဘယ်နှစ်မျိုး'

' ၃ - မျိုးပါဘုရား'

'အဲဒီသုံးမျိုးကို သဘောပေါက်ပြီးသွားရင်တော့ ဝိပဿနာ အလုပ်ကို လုပ်တော့ အဲဒီလိုလုပ်ပြီဆိုရင် ဒီ ပုဂ္ဂိုလ်သည် ဒီအဖြစ်ဆိုးက လွတ်ပြီ၊ ကိုယ့်ဘဝကိုယ် ကယ်တင်ချင်တယ်ဆိုရင် ဝိပဿနာမလုပ်ခင် ရှေးဦးစွာ သိရမယ့် အကြောင်းလေးတွေကို ကောင်းစွာသိထားရင် ပိုမကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

http://www.dhammadownload.com



'နံပါတ် (၁) ဘာနဲ့ဘာကွဲရမယ်'

'ပညတ်နဲ့ပရမတ် ကွဲရမှာပါဘုရား'

'ကဲ. . . ပညတ်နဲ့ ပရမတ်ကွဲရမယ်ဆိုတော့ ဟောဒီ ခန္ဓာကိုယ်ထဲမှာကိုပဲ ဉာဏ်စိုက်လိုက်၊ ဒီကိုယ်ကောင်ကြီးပေါ်မှာ အာရုံပြုပြီး ကြည့်လိုက်တဲ့အခါမှာ ခေါင်း, ကိုယ်, ခြေ လက်ဆိုတဲ့ အထည်မတွေ့ဘူးလား?'

'တွေ့ပါတယ်ဘုရား'

'ခေါင်းတွေ, ကိုယ်တွေ, ခြေတွေ, လက်တွေ ဒီသဘော တရားတွေက ကိုင်ပြလို့ရော မရဘူးလား?'

'ရပါတယ်ဘုရား'

'တို့ပြ ထိပြလို့ရော မရဘူးလား?'

'ရပါတယ်ဘုရား'

'ကိုယ့်ရဲ့ကံပေးတဲ့မျက်လုံး ပါလာတာနဲ့ရော ကြည့်လိုက် မမြင်ဘူးလား?'

'မြင်ပါတယ်ဘုရား'

'အဲဒီလိုဆိုရင် ဘာတုန်း'

'ပညတ်ပါဘုရား'

'ကိုင်ပြလို့ရတယ်၊ တို့ပြလို့ရတယ်၊ ထိပြလို့ရတယ်၊ ယူပြလို့ရတယ်၊ မျက်လုံးနဲ့မြင်ရတယ် ပုံသဏ္ဍာန် အထည်လည်းပါတယ်၊ အဲဒါသည် ပညတ်၊ ဟောဒီခန္ဓာကိုယ်ပေါ်မှာ အခုထိုင်လာတာကြာတော့ ညောင်းတာမပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'နာတာ ကိုက်တာရော'

'ပေါ်ပါတယ်ဘုရား'

'အဲဒီ နာတာလေးယူပြ'

'မရပါဘူးဘုရား'

http://www.dhammadownload.com



'ကိုက်တာလေးလည်းယူပြ'

'မရပါဘူးဘုရား'

'ကိုင်ပြ၊ တို့ပြ၊ ထိပြလို့လည်းရလား?'

'မရပါဘူးဘုရား'

'ပုံသဏ္ဌာန်ရောပါလား?'

'မပါပါဘူးဘုရား'

'ပုံသဏ္ဌာန် အထည်ထဲမပါဘူး၊ တို့ပြယူပြလို့လည်းမရဘူး ကိုယ့်ရဲ့မျက်လုံးနဲ့မြင်လား မေးတော့လည်း?'

'မမြင်ပါဘူးဘုရား'

'ဒါဖြင့်ရင် အဲဒီသဘောလေး မရှိဘူးလားမေးတော့'

'ရှိပါတယ်ဘုရား'

'ကိုယ့်ရဲ့ခန္ဓာကိုယ်မှာ ညောင်းတာကြီး ပြနေတာကို သိတယ်နော်'

'မှန်လှပါဘုရား'

'အဲဒီသဘောလေးသည် ပရမတ်၊ ဒါဖြင့် ပညတ်ဆိုတာ အထည်ရှိတယ် ပုံသဏ္ဌာန်ရှိတယ်၊ ယူပြ, ကိုင်ပြ, တို့ပြ, ထိပြလို့ရတယ်၊ မျက်လုံးနဲ့မြင်တယ် ဒါပညတ်၊ မိမိရဲ့သန္တာန်မှာတဲ့ အခု လှုပ်တယ် ပူတယ်, တင်းတယ်, ညောင်းတယ်, ကိုက်တယ်ဆိုတာ အချိန်တိုင်းရော မပြဘူးလား?'

'ပြပါတယ်ဘုရား'

'အဲဒီပြတဲ့တရားကျတော့ အကောင်အထည်ပါလား?'

'မပါပါဘူးဘုရား'

'ပုံသဏ္ဌာန်ပါလား?'

'မပါပါဘူးဘုရား'

'ယူပြ, ကိုင်ပြ, တို့ပြ, ထိပြလို့ရောရလား?'

'မရပါဘူးဘုရား?'

http://www.dhammadownload.com



'ကဲ. . . မရှိဘူးလားမေးတော့'

'ရှိပါတယ်ဘုရား'

'ဘယ်လို ရှိသလဲမေးတော့ သဘော၊ အဲဒီသဘောလေးသည် ပရမတ်၊ ဒါဖြင့် ပညတ်နဲ့ ပရမတ် ရှေးဦးစွာကွဲမသွားဘူးလား?'

'ကွဲသွားပါတယ်ဘုရား'

'ပညတ်သည် သမထအာရုံ၊ ပရမတ်သည် ဝိပဿနာအာရုံ၊ အခု မိမိရဲ့ သဏ္ဌာန်မှာ ညောင်းတဲ့ သဘောလေးကိုသာ အဲဒီသဘောလေးကို ဉာဏ်ရောက်အောင်သိရင် ညောင်းတာသည် ငါမဟုတ်၊ သူမဟုတ်၊ ပုဂ္ဂိုလ် သတ္တဝါမဟုတ် ရုပ်တရား၊ ရုပ်တရားလို့တစ်ချက်သိလိုက်၊ အဲဒီပုဂ္ဂိုလ်မှာ လည်ပတ်ပြုတ်သွားပြီ၊ ဒိဋ္ဌိပြုတ်တော့ လည်ပတ်မပြုတ်ဘူးလား?'

'ပြုတ်ပါတယ်ဘုရား'

'အဲဒီ နာသဘောဆိုတဲ့တရား ကျင်သဘောဆိုတဲ့ တရားသည် ပေါ်တဲ့ နေရာမှာကြည့်လိုက် ဖြစ်ပြီးရင်'

'ပျက်သွားပါတယ်ဘုရား'

'ဩော်. . . ဖြစ်ပြီးပျက်တာသည် တိုင်ကျိုးသွားတာ၊ ဖြစ်ပြီးပျက် တာသည် တိုင်ကျိုးတဲ့အတွက် တဏှာမရှိတဲ့အတွက် ကြိုးပြတ်သွားတယ်၊ ဒါဖြင့်သဘောကို ဉာဏ်ရောက်သွားရင် တိုင်လည်းချိုးလို့ရတယ်၊ ကြိုးလည်း ဖြတ်လို့ရတယ်၊ လည်ပတ်လည်းဖြုတ်လို့ရတယ်၊ ငါ့ပေါင်ကြီး နာလိုက်တာ ငါ့ပေါင်ကြီး ညောင်းလိုက်တာဆိုရင် ဟော. . . ပေါင်ဆိုတဲ့ပညတ်ကို သွား အာရုံပြုတဲ့အတွက် နာတာကို ငါလုပ်လိုက်တော့ လည်ပတ် ပတ်ပြီ၊ အဲဒီ ငါနာတာကြီးကို ပျောက်ချင်တယ်ဆိုတော့ တဏှာကြိုး မချည်ဘူးလား၊ ကဲ. . . ပညတ်ပေါ်တင်ရင် လည်ပတ်တွေသည် ကိုယ့်ပစ္စည်းဖြစ်လိမ့်မယ်'

'မှန်လှပါဘုရား'

'ချည်တိုင်ကြိုးတွေသည် ကိုယ့်ပစ္စည်းဖြစ်လိမ့်မယ်၊ ပရမတ်ကို ရောက်သွားပြီဆိုရင် ဒီပစ္စည်း ကိုယ့်ပစ္စည်းဟုတ်သေးလား?'

'မဟုတ်ပါဘူးဘုရား'

http://www.dhammadownload.com



'မဟုတ်ရင် အရမ်းကို ဝမ်းသာစရာကောင်းဟာက သာသနာနဲ့ ဆုံရတာ တန်ဖိုးရှိသွားပြီ'

'မှန်လှပါဘုရား'

'ဒါဖြင့် ပညတ် ပရမတ် နားလည်သွားပြီလား?'

'နားလည်သွားပါပြီဘုရား'

'ဒါက အကြမ်းစား ခွဲပေးလိုက်တာ၊ တဖြည်းဖြည်းနဲ့ အနုစားလည်း ကျန်သေးတယ်နော်၊ အဲဒီအနုစားလေးကို တဖြည်းဖြည်းနဲ့ ရှင်းပြီးရင် ပိုကောင်းပါတယ်၊ အခုချိန်ခါမှ တန်းရှင်းလိုက်ရင် ရပ်သွားမှာစိုးလို့ပါ၊ တစ်ခါထဲ ရှင်းပေးရမှာလား၊ တစ်ခါထဲ ရှင်းပေးပါဆိုတော့ အကြမ်းစားတော့ သဘောပေါက်သွားပြီ၊ ကိုယ်, ခြေ, လက်, အထည်နဲ့တွေ့နေတဲ့အရာသည် ပညတ်၊ အဲဒီအကွက်မှာပြနေတဲ့ နာမှု, ကျင်မှုသဘောလေးက ပရမတ်၊ ဒါကိုတော့ ရှင်းသွားပြီနော်'

'မှန်လှပါဘုရား'

'ယုံမှားသံသယ မရှိလောက်အောင်ကို ရှင်းသွားပြီ၊ ကဲ. . . အဲဒီအပေါ်မှာ ထပ်လောင်းပြီးတော့မှ အနုသယ ကိန်းပြီးတော့မှ မိမိတို့သဘောကို ပိုင်နိုင်စွာ ကိုယ့်ဉာဏ်နဲ့ကိုယ်မမြင်ဘဲနဲ့ ဟော. . . နာတာလေးကို နာတယ်၊ ကျင်တာလေးကို ကျင်တယ်၊ကျင်တယ်နဲ့ စိတ်ထဲက တွတ်တွတ်လုပ်နေတာ ရောမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'နာတာသည် ပရမတ်လို့ပြောတယ် ကျင်တာသည် ပရမတ်လို့ ပြောတယ် မှန်ပါတယ် သဘောလေးကိုပြောတာပါ၊ အဲဒီသဘောလေးသည် ပရမတ်ပါ၊ အဲဒီပရမတ်သည်ပင် ဖောက်ပြန်တဲ့သဘောလေးကို ဉာဏ်ရောက်တိုင်း ဉာဏ်ရောက်တိုင်းမှာ ဒါပရမတ်လို့ဆိုပြီးသား၊ သို့သော် ကိုယ်သိတာက နာတာကို နာတာလို့ပဲ ကိုယ်သိတယ်၊ ကျင်တာကို ကျင်တာလို့ပဲ သိတယ်၊ အဲဒီသိတဲ့အသိသည် ကိုယ်ပိုင်အသိမဟုတ်ဘဲနဲ့ သူများပါစပ်ဖျားလမ်းဆုံးတဲ့ အသိဆိုရင် ပညတ်မလွတ်သေးပါ၊ ဒါက ပိုပြီးတော့ နက်ရှိုင်းပါတယ်၊ နက်ရှိုင်းတော့ ရှင်းပေးတဲ့နေရာမှာ သဘောလည်း ပေါက်စေချင်

http://www.dhammadownload.com



တယ်၊ အားလုံးကို ရှုပ်ထွေးသွားမှာစိုးတဲ့အတွက် တစ်ဆင့်ပြီးတစ်ဆင့် ပြောချင်တာပါ။ သူတော်စင်များ သိပ်သိချင်တယ်ဆိုလို့ ဒါပြောပြသွားမှာနော်'

'မှန်လှပါဘုရား'

'အဲဒီတော့ သဘောလေးကို ပြန်ပြီးကြည့်လိုက်တယ်၊ နာတာလေး ကျင်တာလေးကို ဟော. . . နာတာလေးက ပရမတ်လို့ ပြောလိုက်တော့ ဒီပေါ်မှာ ပရမတ်စွဲသွားရော၊ စွဲသွားတော့ နာတာလေး ပေါ်တာလည်းပဲ နာတာလေးကို နာတယ် နာတယ် ဖြစ်ပျက် ဖြစ်ပျက်၊ ကျင်တာလေးကို ကျင်တယ် ကျင်တယ် ဖြစ်ပျက် ဖြစ်ပျက် လုပ်ပြန်ရော၊ အဲဒီလိုလုပ်တဲ့အတွက်ကြောင့်မို့လို့ တကယ်မြင်လားမေးရင် မမြင်ဘူး အရွတ်နဲ့သွားနေတာ၊ အရွတ်နဲ့သွားနေရင် အဲဒါကို ဖျောက်မရရင် ဒီပုဂ္ဂိုလ် ဒီပေါ်မှာ တင်သွားရော၊ ခုန အကြမ်းစား အထည်ကိုတော့ ပယ်နိုင်ပါတယ်တဲ့၊ သို့သော်လည်း ဒီပေါ်မှာမြင်နေတဲ့ နာတယ် နာတယ်ဆိုတဲ့သဘော ကျင်တယ် ကျင်တယ်ဆိုတဲ့ သဘောကို ဒီသဘောလေးက နာတယ် ဒီသဘောလေးကကျင်တယ် ဒီသဘောလေးက အောင့်တယ် စူးတယ်လို့ သင်ပေးထားတဲ့အတိုင်း လိုက်သိနေတာ၊ အဲဒီသိနေတဲ့ အသိကို ကိုယ်ပိုင်သိလို့ မတွက်ပါနဲ့'

'မှန်လှပါဘုရား'

'ကဲ. . . နာတာလေးက ကိုယ့်ခန္ဓာ မပြဘူးလား?'

'ပြပါတယ်ဘုရား'

'ကိုယ်ကလည်းကြည့်တော့ မမြင်ဘူးလား?'

'မြင်ပါတယ်ဘုရား'

'အဲဒီမြင်လိုက်တဲ့ နာတာလေးကို နာတယ် နာတယ်လို့ ရွတ်နေရင် ဒီပုဂ္ဂိုလ် ကိုယ်သိမဟုတ်သေးပါ နာမပညတ် မလွတ်သေးဘူးလို့ မှတ်ပါ၊ နာတာလေးပဲ ရုပ္ပတိတိရုပ် ဖောက်ပြန်သဘော၊ ကျင်တာလည်းပဲ ရုပ္ပတိတိရုပ် ဖောက်ပြန်တဲ့သဘော၊ ဖောက်ပြန်တဲ့သဘောလေးပေါ်မှာ အရွတ်မပါ အဆိုမပါ သိရုံသိရင်တော့ ပရမတ်တန်းရောက်တယ်၊ ဒီစကားလေး အရေးကြီးတယ်နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'သဘောပေါက်စေချင်ပါတယ်၊ မိမိတို့က နာတာကို နာတယ်လို့ ရွတ်နေတဲ့ အရွတ်ကိုဖျောက်ပြီးတော့ သိရုံသိလိုက်ရင် ပရမတ် တန်းရောက်တယ်၊ ဒါက သိမှနော်'

'မှန်လှပါဘုရား'

'အားထုတ်နေတဲ့ ပုဂ္ဂိုလ်များအတွက် ဘာပြောတယ်ဆိုတာက သူတို့မှာ ယောင်နနဖြစ်ကုန်တယ်၊ အဲဒီတော့ ဒီသဘောလေးအပေါ်မှာ နာတယ်, ကျင်တယ်, ကိုက်တယ်,ခဲတယ်, စူးတယ်,အောင့်တယ်, ဆိုင်းဘုတ်တွေ မများဘူးလား များလား'

'များပါတယ်ဘုရား'

'နာတာလည်း ဖောက်ပြန်တာ၊ ကျင်တာလည်း ဖောက်ပြန်တာ၊ ကိုက်တာလည်း ဖောက်ပြန်တာ၊ အောင့်တာလည်း ဖောက်ပြန်တယ်၊ စူးတာလည်း ဖောက်ပြန်တာဆိုတော့ ဖောက်ပြန်တဲ့သဘောလေးသည်'

'ရုပ်တရားပါဘုရား'

'ဒါဖြင့် ဖောက်ပြန်တဲ့သဘောလေးကို သိဖို့အတွက်ကော ဒီသဘောလေးကို သိရုံသိလိုက်၊ နာတာပေါ်လည်း သိရုံသိလိုက် နာတယ်လို့ အမည်မတပ်နဲ့၊ ကျင်တာပေါ်လည်း သိရုံသိလိုက် အမည်မတပ်နဲ့၊ အဲဒီလို အမည်မတပ်ဘူးဆို ပရမတ်ကိုတန်းရောက်သွားရင် နာမပညတ် ပြုတ်သွားပြီရှင်းလား?'

'ရှင်းပါတယ်ဘုရား'

'အားထုတ်တဲ့ပုဂ္ဂိုလ် သဘောရောက်ပုဂ္ဂိုလ်ကတော့ သိမှာပေါ့၊ ကျန်တဲ့သူ ဘယ်သိနိုင်မှာလဲ၊ အဲဒီတော့ ကိုယ်သိတဲ့နေရာမျိုးမှာ ကိုယ်ပိုင်သိဆိုတာ ပြောချင်ပါတယ်၊ အခု နာတယ်ဆိုတာက သူတော်စင်များကို ခန္ဓာမှာပြတဲ့အတွက် ကိုယ်ကကြည့်လိုက်တော့ ဩော်- နာတာလေးပေါ်တယ်၊ ဒါလေးကို နာတာလို့သိလိုက်တယ်၊ အဲဒီအသိသည် ကိုယ်တိုင်မြင်လို့ ကိုယ်သိ သိတယ်လို့ ပြောချင် ပြောလိမ့်မယ်၊ သို့သော် ကိုယ်သိမဟုတ်ပါဘူး၊ ဘာလို့ မဟုတ်သလဲ မေးတော့ အဲဒီစကားလေးက ဘယ်တုန်းကတည်းက သင်ခဲ့တာလဲမေးရင် မွေးကတည်းကကို ပြောတတ်ဆိုတတ်ကတည်းက သင်ပေးခဲ့တာ၊ ဒီသဘော

http://www.dhammadownload.com



လေးက ပူတယ် ဒီသဘောလေးက အေးတယ်၊ ဒီသဘောလေးက နာတယ်လို့ စ,မသင်ခဲ့ဘူးလား?'

'သင်ခဲ့ပါတယ်ဘုရား'

'အဲဒီ သင်တဲ့အသင်လေးက ငယ်ငယ်ကနေ ကြီးတဲ့အထိကို စွဲလာခဲ့တာ၊ အဲဒီစွဲတဲ့အစွဲအတိုင်းကို သူတော်စင်များ နားလည်အောင်ဆိုပြီး သင်ပေးလိုက်တော့ ကိုယ်ကလည်းပဲ နာတာလေးပေါ်မှာ နာတယ် နာတယ် ကျင်တာလေးပေါ်ရင် ကျင်တယ် ကျင်တယ်နဲ့ အဲဒီလို အရွတ်နဲ့သွားနေရင် ဟောသူများပါစပ်ဖျား လမ်းဆုံးတဲ့အကျင့် မပျောက်ခဲ့ပါဘူး၊ အခု ဘုရားဟောတဲ့တရားက နာတာလည်းပဲ ဖောက်ပြန်နေတာ၊ ကျင်တာလည်းပဲ ဖောက်ပြန်နေတာ အောင့်တာ စူးတာလည်း'

'ဖောက်ပြန်နေတာပါဘုရား'

'ဒီလိုဆိုရင် သိတဲ့နေရာမှာ သူများပါစပ်ဖျားလမ်းဆုံးတဲ့အသိက လွတ်ချင်ပါတယ်ဆိုရင် နာတာလေးပေါ်လည်းပဲ နာတယ်၊ နာတယ် မလုပ်နဲ့တော့ သိရုံသိလိုက်၊ အဲဒီအသိလေးသာ တန်းရောက်သွားရင် ဒီပုဂ္ဂိုလ်ရဲ့သဏ္ဍာန်မှာ အမြင်ရှင်းသွားတဲ့အတွက်ကြောင့် ပရမတ်ကို ရောက်သွားရင် အဲဒီပုဂ္ဂိုလ် ကိုယ်ပိုင်ဉာဏ်နဲ့မြင်သွားပြီ၊ အခုပြောတဲ့ အကြမ်းစားနဲ့ ဟောဒီမှာ ခွဲပေးထားတာကတော့ သူတော်စင်များ နာမပညတ် တင်နေသေးတယ်နော်'

'မှန်လှပါဘုရား'

'အဲဒါ (၁၀) ရက်မှာ ဖြည်းဖြည်းချင်းရှင်းရင်တော့ ပိုကောင်းတာပေါ့'

'မှန်လှပါဘုရား'

'အရမ်းသိချင်လို့ အခုရှင်းပေးလိုက်ပါတယ်၊ ရှင်းလား?'

'ရှင်းပါတယ်ဘုရား'

ကဲ. . . ရှင်းရင်တော့ ကျေးဇူးတင်စရာပေါ့နော်'

'မှန်လှပါဘုရား'

'ဒါဖြင့် ပညတ် ပရမတ်ကို ကွဲသွားပြီ၊ ဟောဒီ ခန္ဓာ ကိုယ်ကြီးထဲမှာ ကိုယ်ကောင်ပေါ်မှာရှိနေတဲ့ ပုံသဏ္ဍာန်အထည်အတိုင်း ပြနေတာ ဘာလို့ခေါ်၊

http://www.dhammadownload.com



ပညတ်မျက်လုံးနဲ့မြင်လို့မရ ကိုင်ပြ ပြုပြလို့ရတဲ့ သဘောလေးက'

'ပရမတ်ပါဘုရား'

'ပရမတ်၊ ဒါဖြင့် ပညတ်နဲ့ပရမတ်တော့ ကွဲသွားပြီ၊ အတ္တ၊ အနတ္တ ခွဲရဦးမယ်၊ ဘာနဲ့ဘာ'

'အတ္တနဲ့ အနတ္တပါဘုရား'

'အတ္တနဲ့ အနတ္တ ခွဲရမယ်ဆိုတော့ ခုန ကိုယ့်ရဲ့သဏ္ဌာန်မှာ ညောင်းသဘောတွေပေါ်တယ်၊ အောင့်သဘောလေးပေါ်တယ်၊ ကိုက်သဘောလေးပေါ်တယ်၊ အဲ့ဒီသဘောလေးသည် ပေါ်ကာမျှမတ်တတ် ဖြစ်ပြီးရင်'

'ပျက်ပါတယ်ဘုရား'

'အဲဒီ ဖြစ်ပျက် ဖြစ်ပျက်တဲ့ ပြနေတဲ့တရားသည်ပင်လျှင် ဟော. . . စက္ကန့်မလပ် ဒလစပ် ပျောက်ပျက်နေတာ၊ အဲဒီပျောက်ပျက်နေတဲ့ နာသဘောလေးကို ခွဲထား သဘောကျလို့ ဆွဲထားလို့ရောရလား?'

'မရပါဘူးဘုရား'

'နာသဘောလေးကို မကျေနပ်လို့ တွန်းထုတ်လို့ရောရလား?'

'မရပါဘူးဘုရား'

'အကြောင်းရှိရင် နှိပ်စက်မှာပဲ၊ အကြောင်းကုန်မှ ပျောက်ပျက်သွားမှာ၊ ဒါဖြင့်ရင် အကြောင်းရှိရင် မခံရဘူးလား၊ သူ့အကြောင်းနဲ့သူဖြစ်နေတာ ကိုယ်ဝင်ရှုပ်လို့ရလား?'

'မရပါဘူးဘုရား'

'ဝင်ရှုပ်စရာ ကိုယ်ရောပါလား?'

'မပါပါဘူးဘုရား'

'နာတာ ကျင်တာ ကိုက်တာ ခဲတာသည်ပင်လျှင် ဖောက်ပြန်နေတဲ့ ရုပ်သဘောရဲ့အလုပ်၊ ကိုယ်လည်းမဆိုင်ဘူး ငါလည်းမပါတဲ့အတွက် ကိုယ့်အလုပ် ကိုယ့်အကြိုက် ငါသဘောလို့ရော ငါရော ပါပါ့မလား?'

'မပါပါဘူးဘုရား'

http://www.dhammadownload.com



'မပါတာကိုကြည့်ခြင်းအားဖြင့် အတ္တကင်းသွားပြီ၊ ငါမပါရင်၊ အတ္တ မပြုတ်ဘူးလား?'

'ပြုတ်ပါတယ်ဘုရား'

'သူကောင်ပုဂ္ဂိုလ် သတ္တဝါမပါရင် အတ္တ မပြုတ်ဘူးလား?'

'ပြုတ်ပါတယ်ဘုရား'

'ကဲ. . . ဒီအတ္တ ပြုတ်သွားရင် ဘာပဲကျန်မလဲ?'

'အနတ္တပါဘုရား'

'ကိုယ့်အလို ကိုယ့်အကြိုက် ကိုယ့်သဘော ဘာတစ်ခုမှမပါတာ ရှင်းနေပါတယ်၊ အဲဒါလေးကို သဘောပေါက်သွားရင် ခန္ဓာမှာ ပရမတ်ဉာဏ် ရောက်တဲ့ပုဂ္ဂိုလ် အနတ္တမြင်သွားပြီ'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် သဘောပေါက်ဖို့ အရေးကြီးတယ်နော်၊ ဒီသဘောကို မပိုင်သေးဘဲနဲ့ တရားကို ရမ်းပြီးသွားမရှုနဲ့၊ အခုသဘောပိုင်ပြီး တရားရှုမယ် ဆိုရင် ခရီးလျှင်မြန်စွာ မရောက်ဘူးလား ရောက်မှာလား?'

'ရောက်မှာပါဘုရား'

'နံပါတ် (၁) ဘာနဲ့ဘာ ကွဲရမယ်?'

'ပညတ်နဲ့ ပရမတ် ကွဲရမှာပါဘုရား'

'နံပါတ် (၂) က'

'အတ္တနဲ့ အနတ္တ ကွဲရမှာပါဘုရား'

'ဒီ နှစ်ချက်ကော ရှင်းပြီလား'

'ရှင်းပါပြီဘုရား'

'ကဲ. . . ပြန်ပြီးတော့ ရှင်းပေးပါဦးမယ် အခုပြောတဲ့အသံလေးတွေ မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

http://www.dhammadownload.com



'နားအကြည်လေးတိုက်တော့ ဘာစိတ်ပေါ်'

'ကြားစိတ်ပေါ်ပါတယ်ဘုရား'

'ကြားစိတ်ပေါ်ပြီ၊ အဲဒီပေါ်လာတဲ့ တရားလေးကိုကြည့်လိုက် မိမိတို့ အခုပေါ်တဲ့အသံ တစ်သံပြီးတစ်သံ တစ်သံပြီးတစ်သံ မပြဘူးလား?'

'ပြပါတယ်ဘုရား'

'ယူပြစမ်း'

'မရပါဘူး ဘုရား'

'ယူချိန်တောင် မရလိုက်ဘူး အသံလေး မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ပုံသဏ္ဌာန်ပါလား?'

'မပါပါဘူးဘုရား'

'အထည်နဲ့ရောတွေ့လား?'

'မတွေ့ပါဘူးဘုရား'

'မျက်လုံးနဲ့ကြည့်လို့ရောမြင်ရလား?'

'မမြင်ရပါဘူးဘုရား'

'အဲဒီအသံလေးသည် ပညတ်လား ပရမတ်လား?'

'ပရမတ်ပါဘုရား'

'ပရမတ် သဘောလေးတန်းသိသွားပြီ၊ အဲဒီပရမတ် သဘောအသံလေးသည် ငါလား၊ သူလား၊ ရုပ်တရားလား?'

'ရုပ်တရားပါဘုရား'

'လည်ပတ်ပြုတ်သွားပြီ ဟော. . . ရုပ်တရားလို့ သိသွားပြီနော်၊ အဲဒီအသံလေး ကြည့်စမ်းတဲ့ အကြည့်ခံလား?'

'မခံပါဘူးဘုရား'

'မပျက်ဘူးလား ပျက်လား?'

'ပျက်ပါတယ်ဘုရား'

http://www.dhammadownload.com



'ပျက်သွားရင် ချည်တိုင်ကျိုးပြီ၊ ချည်တိုင်လည်းကျိုး လည်ပတ်လည်း ပြုတ်တော့ ဘယ်နားသွားချည်မှာလဲ ချည်လို့ကိုမရတော့ဘူးနော်'

'မှန်လှပါဘုရား'

'ဒါဖြင့် အသံဆိုတဲ့ ပရမတ်လေးတန်းပေါ်တယ်၊ ပေါ်တဲ့အသံလေး ကို ဉာဏ်လေးစိုက်ပြီး ကြည့်လိုက်တဲ့အခါမှာ ဒီအသံလေးသည် ရုပ်တရားလို့ သိလိုက်တဲ့အချိန် လည်ပတ်ပြုတ်သွားပြီ၊ အဲဒီအသံလေးပေါ်မှာ ငါကောင် သူကောင် ဆိတ်သုဉ်းတဲ့အမြင်လေးသည် လည်ပတ်ကိုဖြုတ်ထားသလို အသံ လေးက တစ်သံပြီးတစ်သံ ပေါ်လိုက် ပျောက်လိုက်ကို မြင်လိုက်ပြန်တော့ ချည်တိုင်လေးကျိုးတဲ့အတွက် ကြိုးပါချည်စရာ မရှိတော့ဘူး၊ ဒါဖြင့်ရင် ဒီအပေါ် မှာ ပရမတ်လေး မြင်သွားပြီပေါ့'

'မှန်လှပါဘုရား'

'အဲဒီအသံလေးသည် ငါမမှတ်မိဘူးကွာ လာစမ်းပါဦး၊ လာစမ်းပါဦး ခေါ်လို့ရသလား?'

'မရပါဘူးဘုရား'

'ကိုယ့်အလို ကိုယ့်အကြိုက်,ကိုယ့်သဘောအတိုင်းရော ပြုပြင်လို့ ရလား?'

'မရပါဘူးဘုရား'

'အကြောင်းရှိလိုက်တော့ အသံလေး မပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'အကြောင်းကုန်တော့ အသံလေးရှိသေးလား?'

'မရှိတော့ပါဘူးဘုရား'

'ရုပ်သူ့အလုပ်သူလုပ်နေတာ ရုပ်သည် ငါဟုတ်ရဲ့လား?'

'မဟုတ်ပါဘူးဘုရား'

'ပုဂ္ဂိုလ် သတ္တဝါဟုတ်လား?'

'မဟုတ်ပါဘူးဘုရား'

http://www.dhammadownload.com



'အဲဒါကိုကြည့်ခြင်းအားဖြင့် အနတ္တသည် ထင်သွားပြန်ပြီ ထင်မသွားဘူးလား?'

'ထင်သွားပါတယ်ဘုရား'

'ဒါဖြင့်ရင် ပညတ် ပရမတ်လည်းကွဲသွားသလို အတ္တ၊အနတ္တလည်းကင်းသွားသလို ဟော. . . ပေါ်လာတဲ့ ရုပ်တရား နာမ်တရားလေးတွေကြည့်အခုအသံက ရုပ်၊ နားအကြည်က ရုပ် သူတို့နှစ်ခု အကြောင်းပြုပြီး ကြားစိတ်ပေါ် မပေါ်'

'ပေါ်ပါတယ်ဘုရား'

'ကြားစိတ်သည် ငါလား သူလား နာမ်တရားလား?'

'နာမ်တရားပါဘုရား'

'ပေါ်လာတာက ပုဂ္ဂိုလ်သတ္တဝါလား ရုပ်နဲ့ နာမ်လား?'

'ရုပ်နဲ့ နာမ်ပါဘုရား'

'ဩော် ရုပ်နာမ်လေး သိသွားပြီနော်၊ အသံတစ်ခု ကြားတိုင်း ကြားတိုင်းမှာ ပုဂ္ဂိုလ် သတ္တဝါ ပေါ်တာမဟုတ်၊ ငါကောင် သူကောင် ကြားတာမဟုတ်၊ ရုပ်နာမ်အလုပ်လုပ်သွားတာ'

'မှန်လှပါဘုရား'

'အဲဒီအချက်ကိုသိရင် လည်ပတ်ပြုတ်ပြီ၊ ဟောဒီ ရုပ်နာမ်လေးသည် ပေါ်ပြီးတာနဲ့ ရှိသေးလား?'

'မရှိတော့ပါဘူးဘုရား'

'ချည်တိုင်ကျိုးသွားတဲ့အတွက် ကြိုးချည်စရာမရှိတော့ဘူး၊ အဲဒီသဘောလေးကို ပြန်ကြည့်တဲ့အခါမှာ ကြားတယ် ကြားတယ်ဆိုတာ အလိုလိုကြားတာလား?'

'မဟုတ်ပါဘူးဘုရား'

'ဟော. . . ဒီကြားစိတ်နာမ်တရားလေးသည် အလိုလိုပေါ်တာလား?'

'မဟုတ်ပါဘူးဘုရား'

http://www.dhammadownload.com



'မဟုတ်ဘူးဆိုရင် ကြားရခြင်းအကြောင်းကို ကြည့်လိုက်တော့ နား အကြည်နဲ့အသံ၊ ပြောလိုက်ပါ'

'နားအကြည်နဲ့ အသံပါဘုရား'

'နားအကြည်နဲ့အသံကအကြောင်း၊ ကြားစိတ်က အကျိုး၊ အကြောင်း ကြောင့် ဘာဖြစ်'

'အကျိုးဖြစ်ပါတယ်ဘုရား'

'ဒါဖြင့်ရင် ရုပ်နာမ်တရားတွေသည် အကြောင်းအကျိုးပဲရှိတာကို ဉာဏ် ရှင်းရမယ်လို့ တတိယအချက် မပြောဘူးလား?'

'ပြောပါတယ်ဘုရား'

'အခုကြားတိုင်း ကြားတိုင်းမှာ ဟော့. . . ပုဂ္ဂိုလ် သတ္တဝါ ငါကောင် သူကောင် ကြားတာပါလား?'

'မပါပါဘူးဘုရား'

'ကြားတာ ဘယ်သူ၊ ကြားစိတ် ကြားစိတ်လို့ သိလိုက်တဲ့အတွက် ကြောင့်မို့ ဒိဋ္ဌိပြုတ်သွားပြီ၊ အဲဒီကြားစိတ်လေးသည်ပင် အလိုလိုပေါ်တာ မဟုတ်ပါလား၊ ဟောဒီ နားအကြည်နဲ့ အသံလေးက အကြောင်းပြုလို့ ပေါ်လာတဲ့ အကျိုးတရားပါလားဆိုတော့ အကြောင်းနဲ့အကျိုးပေါ်ရော ဉာဏ်မရှင်းဘူးလား?'

'ရှင်းပါတယ်ဘုရား'

'အကြောင်းတရား ကြည့်လိုက်ပါ၊ အသံလေးတွေက ဖြစ်ပြီးတော့'

'ပျက်ပါတယ် ဘုရား'

'နားအကြည်တွေကလည်း ကြည့်လိုက်ပါတဲ့ မိမိတို့ပျက်စီးပုံလေး တွေက နားလေးတွေ လေးသွားတာ ထိုင်းသွားတာ ပင်းသွားတာက အကြည် ခတ် ပျက်စီးတာကို မပြဘူးလား?'

'ပြပါတယ်ဘုရား'

'ဒါဖြင့် အကြောင်းတရားမြဲလား?'

'မမြဲပါဘူးဘုရား'

http://www.dhammadownload.com



'အကြောင်းတရားမှမမြဲရင် သူတို့နှစ်ခုကို မှီပြီးဖြစ်တဲ့ အကျိုးတရားကျမှ ဆွဲထားလို့ရပါ့မလား?'

မရပါဘူးဘုရား'

'ဘာမမြဲလို့ ဘာမမြဲတာ'

'အကြောင်းမမြဲလို့ အကျိုးမမြဲတာပါဘုရား'

'အဲဒီသဘောကိုသိရင် အတ္တကင်းသွားပြီ'

'မှန်လှပါဘုရား'

'မမြဲပုံလေးသိတော့လည်း အနိစ္စ မြင် မမြင်'

'မြင်ပါတယ်ဘုရား'

'အကြောင်းထဲမှာလည်း ပုဂ္ဂိုလ်သတ္တဝါလား ခန္ဓာလား?'

'ခန္ဓာပါဘုရား'

'အကျိုးတရားထဲမှာလည်း ပုဂ္ဂိုလ်သတ္တဝါလား ခန္ဓာလား'

'ခန္ဓာပါဘုရား'

'ဒီလို ခန္ဓာကို သိသွားရင်ရော ဒိဋ္ဌိပြုတ် မပြုတ်'

'ပြုတ်ပါတယ်ဘုရား'

'အဖိုးတန်သွားတာက တိုင်ချိုးဖို့၊ ကြိုးဖြုတ်ဖို့၊ လည်ပတ်ဖြုတ်ဖို့အတွက် ရှေ့ပိုင်းက အစပျိုးလိုက်တဲ့ ဝိပဿနာအလုပ်ရဲ့ သဘောပေါက်ပုံကို ဉာဏ်ရောက်သွားရင် ခရီးပေါက်မှာလား မပေါက်ဘူးလား?'

'ပေါက်ပါတယ်ဘုရား'

'ဒါဖြင့် ဝိပဿနာနဲ့ တိုင်မချိုးခင်လေးမှာ သဘောပေါက်အောင် ပြောထားတာက နံပါတ်တစ် ပညတ်နဲ့ပရမတ် ရှင်းရမယ်၊ နံပါတ်နှစ် အတ္တနဲ့ အနတ္တကွဲရမယ်၊ နံပါတ်သုံးက ဒီပေါ်လာတဲ့ ရုပ်နာမ်တွေရဲ့ အကြောင်းကျိုးပေါ်မှာ ဉာဏ်ရှင်းရမယ်၊ ဒီသဘောပိုင်ရင် ယနေ့ တရားအားထုတ်လို့ မရဘူးလား?'

'ရပါတယ်ဘုရား'

http://www.dhammadownload.com



'ကဲ. . . တရားအားထုတ်တဲ့အခါမှာ တိုင်ချိုးတယ် လည်ပတ်ဖြတ် တယ် ကြိုးဖြတ်တယ်ဆိုတာ ဟော. . . အဝိဇ္ဇာ တဏှာ ဖုံးနေတဲ့ပုဂ္ဂိုလ်များ အတွက်ကို ဒါ သင်ပေးတာနော်'

'မှန်လှပါဘုရား'

'ဒီအဝိဇ္ဇာ တဏှာကို ပယ်ရှင်းနိုင်ဖို့အတွက် ဝိပဿနာအလုပ်ကို လုပ်ဆိုတော့ မိမိတို့တစ်တွေ အခုတော့အချိန်စေ့သွားတဲ့အတွက် နက်ဖြန်မှ ကြိုးဖြတ်ပုံတွေ တိုင်ချိုးပုံတွေ လည်ပတ်ဖြတ်ပုံတွေကို ဆက်နာကြ၊ ခုတော့ သာဓု (၃) ကြိမ်ခေါ်ပြီး တော်လိုက်ကြရအောင်'

( သာဓု . . . သာဓု . . . သာဓု . . . )

× × × × ×

သူတော်စင်များအားလုံး ယနေ့ချိန်ကစပြီးတော့ မိမိတို့ရဲ့သန္တာန်မှာ ပြနေတဲ့ အနိစ္စတရားတွေဟာ ရုပ်နာမ် ခန္ဓာဘယ်နေရာကပြပြ အနိစ္စတွေ ချည်းမို့ အနိစ္စတွေချည်းပြတာကို မြင်ပြီးတော့ ကိုယ့်ရဲ့သဏ္ဍာန် အမြင်ဉာဏ် လေးတွေက ရုပ်နာမ်တွေရဲ့ဖြစ်ပျက်တွေကို ကောင်းစွာသိမြင်ပြီး ရုပ်နာမ်ရဲ့ အပျက်ဆုံးမှာပဲ အရှုးပျောက်တဲ့နိဗ္ဗာန်ကို လွယ်လင့်တကူနဲ့ မျက်မှောက်ပြု ရယူနိုင်ကြတဲ့ သူတော်စင် သူတော်ကောင်းတွေ ဖြစ်ကြပါစေ . . . ။

http://www.dhammadownload.com

# နေ့စဉ်လှအောင်ပြင်ပြီးနေကြပါ

တရားတော်



http://www.dhammadownload.com

http://www.dhammadownload.com

# နေ့စဉ်လှအောင်ပြင်ပြီးနေကြပါတရားတော်

သာသနာတော်နှစ် (၂၅၅၁) ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၆၉) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၇) ရက်၊ ခရစ်နှစ် (၂၀၀၇) ခု၊ ဒီဇင်ဘာလ (၁) ရက်နေ့၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးမြို့နယ်၊ လွိုင်ဆောင်ထောက်ဒေသ၊ ဝမ်ကမ်ရတနာနယ်မြေ၊ ဂိုပီမင်္ဂလာခန်းမမှာ (၁၀) ရက်တိုင်တိုင် ကျင်းပပြုလုပ်တဲ့ ဓမ္မဒါနတရားအလှူ၊ အမတဒါန အမြိုက်နိဗ္ဗာန်အလှူ ပေးလှူတဲ့ပွဲမှာ (၃) ရက် မြောက်နေ့ည ဟောကြားအပ်သော ခုဒ္ဒကနိကာယ် အဠကထာမှ ထုတ်နုတ်ဟောကြားအပ်သော " နေ့စဉ် လှအောင်ပြင်ပြီးနေကြပါ တရားတော် "။

ဒီတရားတော်ကို မဟောကြား၊ မနာကြားမီမှာ တရားပိုင်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးကို နမောပြန်ဘုရားရှိခိုးနဲ့ ရှိခိုးကြည်ညိုပါ့မယ်၊ လေးလေးစားစား လက်အုပ်ချီမိုးလို့ အာရုံပြုထားကြပါ။

(---------------------------)

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com



ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးကြည်ညိုပြီးတဲ့နောက် တစ်နေ့ တစ်နေ့မိမိတို့ နေနေကြတဲ့ကိုယ့်ရဲ့ရောက်ရှိတဲ့ သက်တမ်းတစ်လျှောက်မှာ ဘယ်လိုအလှတွေကို ပြင်ဆင်ပြီးတော့နေနေကြလို့ ဘုရားရဲ့အလို ကျမကျ တွေကိုလည်း သတိထားပြီး နေ့စဉ်နေ့စဉ်ဘယ်လိုအလှတွေကိုပြင်ပြီးနေရင် ကိုယ့်အတွက် သာသနာတော်နဲ့ဆုံရတာ အဖိုးတန်လို့ ရောက်ရှိတဲ့ဘဝဟာ တန်ဖိုးသိပ်ကြီးမှာပဲလို့ ကောင်းစွာဆုံးဖြတ်ချက်ချလို့ နေ့စဉ်နေ့စဉ် အလှဆုံး ပြင်ပြီးနေတတ်အောင် ဒီတရားတော်ကို ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဘယ်ပြည်ဌာန ဘယ်ဒေသမှာ သီတင်းသုံးတော်မူစဉ်အခါမှာ ဘယ်ပုဂ္ဂိုလ်တွေ ကို အကြောင်းပြုပြီးဟောသွားတာလဲဆိုတော့ -

' ဘုရားရှင်ကိုယ်တော်မြတ်ကြီး မွေးရပ်မြေဖြစ်တဲ့ ကပ္ပိလဝတ်ပြည်မှာ သီတင်းသုံးတဲ့အချိန် တစ်နေ့ နောက်တော်ပါ သံဃာတော်တွေနဲ့ ဒေသစာရီ အကြွ တစ်နေရာရောက်တဲ့အခါမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီးက လှစ်ကနဲ ပြုံးတော်မူလိုက်တယ်၊ အဲဒီ ပြုံးတော်မူတာကို နောက်တော်ပါ ရှင်အာနန္ဒာက မြင်လိုက်တဲ့အတွက် 'အရှင်ဘုရား ဘယ်အတွက်ပြုံးပါလဲ' လို့ မေးတဲ့အခါ 'ချစ်သားအာနန္ဒာ၊ ရှေးအတိတ်သူတော်ကောင်းတွေဟာ ဒီနေရာမှာ အလှဆုံး တရားကို ဟောပေးခဲ့တယ်'၊ 'အရှင်ဘုရား အဲဒီအလှဆုံးတရား ပြန်ပြောင်း ဟောပေးပါ' လို့ သံဃာတော်အရှင်မြတ်တွေက လျှောက်ထားတဲ့အတွက် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက သံဃာတော်အရှင်မြတ်တွေကို 'ချစ်သားတို့ ရိုသေလေးစားစွာနဲ့ နာယူကြလော့' ဆိုပြီး အလှဆုံးတရားကိုဟောပေးလိုက် ပါတယ်။

'ရှေးခေတ်အခါတုန်းက ဗာရာဏသီပြည်ကြီး ဒီနေရာမှာ ပေါ်ထွန်းခဲ့ သလို ဗြဟ္မဒတ်မင်းကြီးကလည်း အုပ်စိုးခဲ့တော့ အလွန်ပြည့်စုံကြွယ်ဝ ချမ်းသာ တဲ့ ဇနီးမောင်နှံမှာလည်း သားသမီးကို တောင့်တအလိုရှိတဲ့အခါ ငါဘုရား ကလည်း အဲဒီမှာ ပဋိသန္ဓေနေလို့ အမျိုးကောင်းသားတစ်ယောက်အနေနဲ့ မွေးဖွားလာခဲ့တယ်၊ အသားအရေတွေကတော့ သူများနဲ့မတူလောက်အောင်ကို အကျည်းတန် မဲလွန်းအားကြီးလို့ ငါ့ရဲ့အမည်ကိုတော့ ကဏ္ဍကုမာရလို့ အမည်ပေးထားပါတယ်၊ မြန်မာလိုပြန်ရင်တော့ မောင်မဲလို့မှတ်ထားလိုက်ပါ။

http://www.dhammadownload.com



အသားအရေတွေက မဲတဲ့အတွက်ကြောင့် မို့လို့ မောင်မဲ၊ အသားဖြူရင်တော့-

‘ မောင်ဖြူပါဘုရား ’

‘ ကိုယ်နားလည်ထားတာ ဒီအတိုင်းပေါ့နော် ’

‘ မှန်လှပါဘုရား ’

‘ အသားမဲတဲ့ပုဂ္ဂိုလ်ကို လူမဲ၊ အသားဖြူတဲ့ ပုဂ္ဂိုလ်ကို လူဖြူ ဒီလိုခွဲခြား သတ်မှတ်တယ်၊ အခုလည်းပဲ အသားအရေမဲလို့ သူ့ကိုမောင်မဲလို့ နာမည်ပေး ထားပြီးတော့ မွေးကာစကနေပြီး တဖြည်းဖြည်းနဲ့ အရွယ်လေးတွေ သွားနိုင် လာနိုင် လှုပ်ရှားနိုင်လာလို့ ပညာတွေသင်ပေးတဲ့ အခါကျတော့လည်း ပညာ သင်ပြီး ဒီလိုနဲ့ အရွယ်တွေကြီးလာ အဖိုးတွေ အဖွားတွေ အဖေတွေအမေ တွေက ယယ်သွားတာမဟုတ် သူတို့လည်း အသက်အရွယ်တွေကြီးလာ၊ အဖေ အမေတွေလည်း အသက်အရွယ်ကြီးလာတော့ အသက်ကြီးတာသည် ပြန်ကြည့်လိုက်တော့ နေချိန်လေးတဖြည်းဖြည်းနဲ့တိုတောင်းလာတာကို သတိ မပေးဘူးလား?

‘ ပေးပါတယ်ဘုရား ’

‘ အသက်ကြီး လာတိုင်းသည် တခြားနဲ့နီးလား သေခါနီးတာလား ’

‘ သေခါနီးတာပါဘုရား ’

‘ ဒီလိုနဲ့ အသက်အရွယ်တွေ ကြီးလာတိုင်း ကြီးလာတိုင်းမှာ အဖိုးနဲ့အဖွား လည်း တဖြုတ်ဖြုတ်သေသွား၊ အဖေအမေလည်း တဖြုတ်ဖြုတ်နဲ့သေသွား တော့ မောင်မဲပဲကျန်တော့တယ်၊ ဒီအချိန်ခါမှာ ဘဏ္ဍာစိုးက မောင်မဲကို အမောင် အမောင်ပိုင်တဲ့ပစ္စည်းတွေ ဟောဒီမှာ အဖိုးဘက်ကထားခဲ့တဲ့ပစ္စည်း က ဒီလောက်၊ အဖွားဘက်ကထားခဲ့တဲ့ပစ္စည်းက ဒီလောက်၊ အဖေအမေဘက် က ထားခဲ့တဲ့ပစ္စည်းကဒီလောက်ဆိုပြီး များမြောင်လှတဲ့ သုံးမကုန် ဖြုန်းမကုန် လောက်အောင်ကို အမွေတွေရလိုက်တော့ မောင်မဲက အဲဒါကိုကြည့်ပြီး အကြီးအကျယ် ထိတ်လန့်သွားတယ်၊ ယနေ့တရားနာပရိသတ်တွေ အဲလောက် များမြောင်လှတဲ့အမွေများရရင် ရင်ထဲဘယ်လိုနေမလဲ ’

‘ ပျော်မှာပါဘုရား ’

http://www.dhammadownload.com



' အပျော်ကြီးပျော်မှာနော် '

' မှန်လှပါဘုရား '

' သုံးမကုန် ဖြုန်းမကုန် ရလိုက်တဲ့အတွက် အပျော်ကြီးပျော်ကြမှာ၊ ဘာတွေ ဘာတွေလုပ်မယ်ဆိုတာကအစ တန်းစီလို့ ဇယားတွေချတော့မှာ၊ အဲဒီဥစ္စာပစ္စည်းကိုကြည့်ပြီးတော့လည်း တနေ့တခြား သူတော်စင်များရဲ့သန္တာန်မှာ နေစရာ ထိုင်စရာတွေကို ကျက်သရေရှိအောင် သူများ ချီးမွမ်းလောက်အောင်လည်း ပြင်နိုင်ဆင်နိုင်ပါတယ်၊ အလှအပတွေကို ကြိုက်သလို မွမ်းမံနိုင်ပါတယ်၊ ဟောဒီခန္ဓာကိုယ်ကြီး တစ်ကိုယ်လုံးညွတ်အောင်လည်းပဲ ဆင်လို့မရဘူးလား '

' ရပါတယ်ဘုရား '

' ဒီနည်းကိုပဲ အသုံးချပြီး ပြင်ဆင်နေတော့ အပြင်ပအနေနဲ့ကတော့ အားရစရာ ကောင်းလောက်အောင်ကို အလှတွေတိုးမှာပါ၊ အဲဒီ တိုးတိုင်း တိုးတိုင်း ကိုယ့်ရင်ထဲကို သေချာနှလုံးသွင်းပြီး အာရုံပြုလိုက်ရင် ဒီဥစ္စာပစ္စည်းတွေကို ကြည့်ပြီး တစ်နေ့တခြား လိုချင်တပ်မက်မှု လျော့လား တိုးလား '

' တိုးပါတယ်ဘုရား '

' တိုးခြင်းအားဖြင့် ကိုယ့်စိတ်ထဲကိုပြန်ကြည့် လောဘတရား နေရာယူသွားပြီ၊ ကုသိုလ်လား အကုသိုလ်လား '

' အကုသိုလ်ပါဘုရား '

' အဲဒီဥစ္စာပစ္စည်းတွေကို စိတ်မချ လက်မချ သောကတွေဖြစ်ခဲ့ရင် ဒီဥစ္စာပစ္စည်းတွေ အကြောင်းပြုပြီး မကျေနပ်မှု ဒေါသတွေဖြစ်ခဲ့ရင် အဲဒါတွေက ကိုယ့်ရဲ့သန္တာန် စိတ်မှာ ညစ်နွမ်းလောက်အောင် ဒေါသကော နေရာမယူဘူးလား '

' ယူပါတယ်ဘုရား '

' သောကပရိဒေဝကော '

' ယူပါတယ်ဘုရား '

http://www.dhammadownload.com



‘ အပျော်ကြီးပျော်မှာနော် ’

‘ မှန်လှပါဘုရား ’

‘ သုံးမကုန် ဖြုန်းမကုန် ရလိုက်တဲ့အတွက် အပျော်ကြီးပျော်ကြမှာ၊ ဘာတွေ ဘာတွေလုပ်မယ်ဆိုတာကအစ တန်းစီလို့ ဇယားတွေချတော့မှာ၊ အဲဒီဥစ္စာပစ္စည်းကိုကြည့်ပြီးတော့လည်း တနေ့တခြား သူတော်စင်များရဲ့သန္တာန်မှာ နေစရာ ထိုင်စရာတွေကို ကျက်သရေရှိအောင် သူများ ချီးမွမ်းလောက်အောင်လည်း ပြင်နိုင်ဆင်နိုင်ပါတယ်၊ အလှအပတွေကို ကြိုက်သလို မွမ်းမံနိုင်ပါတယ်၊ ဟောဒီခန္ဓာကိုယ်ကြီး တစ်ကိုယ်လုံးညွတ်အောင်လည်းပဲ ဆင်လို့မရဘူးလား ’

‘ ရပါတယ်ဘုရား ’

‘ ဒီနည်းကိုပဲ အသုံးချပြီး ပြင်ဆင်နေတော့ အပြင်ပအနေနဲ့ကတော့ အားရစရာ ကောင်းလောက်အောင်ကို အလှတွေတိုးမှာပါ၊ အဲဒီ တိုးတိုင်း တိုးတိုင်း ကိုယ့်ရင်ထဲကို သေချာနှလုံးသွင်းပြီး အာရုံပြုလိုက်ရင် ဒီဥစ္စာပစ္စည်းတွေကို ကြည့်ပြီး တစ်နေ့တခြား လိုချင်တပ်မက်မှု လျော့လား တိုးလား ’

‘ တိုးပါတယ်ဘုရား ’

‘ တိုးခြင်းအားဖြင့် ကိုယ့်စိတ်ထဲကိုပြန်ကြည့် လောဘတရား နေရာယူသွားပြီ၊ ကုသိုလ်လား အကုသိုလ်လား ’

‘ အကုသိုလ်ပါဘုရား ’

‘ အဲဒီဥစ္စာပစ္စည်းတွေကို စိတ်မချ လက်မချ သောကတွေဖြစ်ခဲ့ရင် ဒီဥစ္စာပစ္စည်းတွေ အကြောင်းပြုပြီး မကျေနပ်မှု ဒေါသတွေဖြစ်ခဲ့ရင် အဲဒါတွေက ကိုယ့်ရဲ့သန္တာန် စိတ်မှာ ညစ်နွမ်းလောက်အောင် ဒေါသကော နေရာမယူဘူးလား ’

‘ ယူပါတယ်ဘုရား ’

‘ သောကပရိဒေဝကော ’

‘ ယူပါတယ်ဘုရား ’

http://www.dhammadownload.com



' သိလို့လား မသိလို့လား '

' မသိလို့ပါဘုရား '

' မသိရင်မောဟက လာပြန်ပြီ '

' မှန်လှပါဘုရား '

' အပြင်မှာကျ ကျက်သရေရှိပြီး သူများချီးမွမ်းလောက်အောင်ကို ဂုဏ်တက်စရာကောင်းလောက်တဲ့ အလှပိုင်ရှင်တော့ဖြစ်ပါတယ်၊ ရင်ထဲ ကြည့်လိုက်တော့ လောဘ၊ ဒေါသ၊ မောဟ၊ သောက၊ ပရိဒေဝအစရှိတဲ့ အကုသိုလ်တရားတွေ မိမိသန္တာန်လွှမ်းနေရင် သေရင် အပါယ်သွားရလောက်အောင်ကို အရုပ်မဆိုးဘူးလား '

' ဆိုးပါတယ်ဘုရား '

' ပြင်ပအလှကတော့ ကျက်သရေရှိတယ်ထင်ရပေမယ့် အတွင်းကို ကြည့်လိုက်တော့ မလှနိုင်လောက်အောင်ကို ရုပ်ဆိုးသွားတာက တခြားလား ကိလေသာကြောင့်လား '

' ကိလေသာကြောင့်ပါဘုရား '

' တစ်နေ့တစ်နေ့ ဒီအတိုင်းသွားတာများတယ်နော်'

' မှန်လှပါဘုရား '

' အဲဒီဥစ္စာပစ္စည်း အမွေရတာကို ကြည့်ပြီးတော့များ အလှအပတွေကို တစ်နေ့တခြား တိုးအောင်လို့ သူတော်စင်များက ပြင်ပကို မွမ်းမံဖို့လောက်ဖို့သာ အရှိန်ယူနေကြတယ်၊ အတွင်းကိုလှအောင်ဆင်ဖို့ကျတော့ အမေ့ကြီးမေ့တဲ့ ပုဂ္ဂိုလ် နည်းလားများလား '

' များပါတယ်ဘုရား '

' ခုလည်းကြည့်လေ၊ သုံးမကုန် ဖြုန်းမကုန် အမွေများရမယ်ဆိုရင် ကျေနပ်စရာကောင်းလောက်အောင်ကို အပျော်ကြီးပျော်ပြီး သောက်စားမှာက လည်းပဲ အရင်နော် '

' မှန်လှပါဘုရား '

http://www.dhammadownload.com



' ပျော်ရေး ပါးရေး မော်ရေး ကြွားရေးအတွက်ကိုသာ အာရုံများမယ်ဆိုရင် အပြင်ပမှာ ကြည့်ကောင်းသလောက်၊ အတွင်းမှာ အကျည်းတန် အရုပ်ဆိုးနေပါလားဆိုတာကို ကနေ့ တရားနာတော့ ပေါ်မလာဘူးလား ?'

' ပေါ်ပါတယ်ဘုရား '

' အခုမောင်မဲဘုရားလောင်းက ဒီဥစ္စာပစ္စည်းကို ကြည့်ပြီးတော့မှ အကြီးအကျယ် ထိတ်လန့်သံဝေဂဖြစ်သွားတယ် မပျော်နိုင်ပါဘူး၊ သူတော်စင်များကပျော်တယ် ဟိုကမပျော်နိုင်ဘူး၊ ဘာကြောင့် မပျော်လဲမေးတော့ သူက ဒီဥစ္စာပစ္စည်းကို ကြည့်ပြီးတော့မှ ဩော်-ကြည့်စမ်း ကြည့်စမ်း ဒီလောက်များမြောင်လှတဲ့ ဥစ္စာပစ္စည်းတွေကို ငါတို့ရဲ့ အဖိုးတွေ အဖွားတွေ အဖေတွေ အမေတွေ ရှာတော့ ရှာတတ်တယ် ယူမသွားတတ်ဘူး၊ ဒီစကားက အင်မတန်အဖိုးတန်တဲ့စကားပါ '

' မှန်လှပါဘုရား '

' ရှာတော့ မရှာတတ်ဘူးလား '

' ရှာတတ်ပါတယ်ဘုရား '

' သေသွားတော့ ဘာတစ်ခုယူလို့ရလဲ '

' မရပါဘူးဘုရား '

' ထားခဲ့ရတာကို ကြည့်ပြီးတော့မှ ဩော်-ဒီလောက် များမြောင်လှတဲ့ ဥစ္စာပစ္စည်းတွေကို ငါတို့ရဲ့အဖိုးတွေ အဖွားတွေ၊ အဖေတွေ အမေတွေသည် ရှာတတ်တယ်၊ ယူတော့ ယူမသွားတတ်ဘူး၊ ငါ့ကျရင် တော့ ဒီလိုမဖြစ်ရဘူးတဲ့၊ ရအောင်ယူမယ်ဆိုပြီး ဆုံးဖြတ်ချက်ချတာ '

' မှန်လှပါဘုရား '

' အခုလည်း မိမိတို့ အပင်ပန်းဆင်းရဲဒုက္ခတွေခံပြီးတော့မှ ကိုယ့်ခွန်ကိုယ့်အားကို အသုံးချပြီး တစ်နေကုန် ကြိုးစားရုန်းကန် မရှာဘူးလား '

' ရှာပါတယ်ဘုရား '

' အဲဒီလိုရှာသမျှ ရတဲ့ဥစ္စာပစ္စည်းတွေ များမြောင်လောက်အောင်ကို ပိုင်ဆိုင်ကြပါပြီတဲ့၊ အဲဒီဥစ္စာပစ္စည်းတွေကို အကျိုးရှိအောင် အသုံးမချနိုင်ရင်

http://www.dhammadownload.com



ဒီအဖိုးအဖွား အဖေအမေလိုပဲ ထားခဲ့ရမှာနော် '

' မှန်လှပါဘုရား '

' ထားခဲ့ရင် အရုပ်ဆိုး အကျည်းတန်တဲ့အဖြစ်မျိုးတွေနဲ့ ကိုယ့်ဘဝကို အဆုံးသတ်သွားရင် ရင်နာစရာသိပ်ကောင်းလွန်းလို့ အခု ဘုရားလောင်း မောင်မဲရဲ့ ဆုံးဖြတ်ချက်နဲ့အတူ ကိုယ့်ရဲ့သန္တာန်မှာ အလှဆုံးဖြစ်အောင် ဘယ်လို ဆင်တယ်ဆိုတာကို အတုခိုးဖို့အတွက် ယနေ့ညတရားသည် သူတော်စင် များအတွက် အဖိုးတန်တဲ့တရားတစ်ပုဒ် မဖြစ်မှာလား ဖြစ်မှာလား ?'

' ဖြစ်မှာပါဘုရား '

' အခု မောင်မဲက စဉ်းစားလိုက်တယ်၊ ဒီလောက်များမြောင်လှတဲ့ ဉစ္စာပစ္စည်းတွေကို ငါ့ကျရင်တော့ မထားခဲ့ဘူး ရအောင်ယူမယ်ဆိုပြီး တိုင်းပြည် အုပ်ချုပ်မင်းလုပ်တဲ့ ရှင်ဘုရင်ထံမှာ သွားရောက်ပြီး ဟောဒီပစ္စည်းတွေကို အများသူငါအတွက် လှူချင်ပါတယ် တန်းချင်ပါတယ် ခွင့်ပြုပါဆိုပြီး ခွင့်တောင်း လို့ ခွင့်ပြုလိုက်တဲ့အချိန်အခါမှာ တိုင်းပြည်ကို စည်လှည့်ပြီး အလိုရှိတဲ့မည်သူ မဆို မောင်မဲအိမ်မှာ လာရောက်ပြီး အလှူခံနိုင်ပါတယ်လို့ စည်လှည့်လိုက်တော့ အားလုံးက လာယူကြတဲ့ ပုဂ္ဂိုလ်တွေဟာ နင်ပဲငဆ သယ်သွားကြတဲ့ပုဂ္ဂိုလ် တစ်ယောက်မှမရှိဘူး၊ ကိုယ့်လိုသလောက်လေးပဲအလှူခံသွားတယ်၊ အဲဒီလိုနဲ့ လှူလာလိုက်တာ ဘယ်လောက်ကြာသွားလဲမေးတော့ ရက်ပေါင်း (၇) ရက် ကြာသွားတယ်၊ (၇) ရက်ကြာသည့်တိုင်အောင် ဒီဉစ္စာပစ္စည်းတွေက မကုန်နိုင် ဘူး၊ များမြောင်လှတဲ့ဉစ္စာပစ္စည်းတွေကို ပိုင်ဆိုင်ခွင့်ရတဲ့ မောင်မဲက သြော်- တစ်နေ့တစ်နေ့ ကုန်သွားလိုက်တာ (၇) ရက်တောင် ကုန်ပါပေ့လား၊ ဉစ္စာ ပစ္စည်းတွေကလည်း လှူလို့တန်းလို့ကို မကုန်နိုင်ဘူး၊ ဒီလိုနဲ့ သက်တမ်းက ငယ်လာလား၊ ကြီးလာလား ?'

' ကြီးလာပါတယ်ဘုရား '

' သက်တမ်းက ကြီးလာပြီ၊ တရွေ့တရွေ့နဲ့ကြီးလာပြီ၊ ငါ့ရဲ့သက်တမ်းက ကြီးလာသလို သေဖို့လည်းနီးလာပါပြီလား၊ ဟောဒီ အိုခြင်းတရားတွေကလည်း နှိပ်စက်လို့ ငါ့ရဲ့ခန္ဓာကိုယ်ကြီးကလည်း ယိုယွင်းပျက်စီးလာပြီ၊ နှိပ်စက်တဲ့ ဗျာဓိ ဒုက္ခတွေကလည်းပဲ အငြိမ်မနေရအောင်လို့ ညောင်းလို့လည်းပဲ ထပေးရ၊

http://www.dhammadownload.com



လျှော်ပေးရ၊ လှဲပေးရ၊ ဈေးပေးရနဲ့ အမျိုးမျိုးလုပ်ပေးရတာကလည်း မသက်သာပါလား၊ တစ်နေ့တခြား ဒုက္ခတွေက သိပ်ကြီးတာပဲလို့ ခန္ဓာက နှိပ်စက်တဲ့အသွင် ဉာဏ်ရောက်အောင်ကော သူမကြည့်ဘူးလား ?'

' ကြည့်ပါတယ်ဘုရား '

' ဩော်-တစ်နေ့တခြား ဒုက္ခတွေက တိုးလာပြီ၊ ဒီလိုနဲ့သာသေသွားရင် ဒါနတစ်မျိုးတည်းနဲ့ ငါဟာ အရှုံးကြီးရှုံးမှာ၊ ဒီလိုတော့ အဖြစ်မခံနိုင်ဘူး ဟောဒီဥစ္စာပစ္စည်းတွေလည်း လှူပြီးတန်းပြီးသားဖြစ်တဲ့အတွက်ကြောင့်မို့လို့ လိုချင်တဲ့ အလိုရှိတဲ့ပုဂ္ဂိုလ်တွေ ယူကြပါစေတော့၊ ငါတော့ ဟောဒီဥစ္စာပစ္စည်း တွေကို တွယ်တာတပ်မက်နေလို့ အချိန်တွေနဲ့ကုန်သွားရင် အရှုံးကြီးရှုံးမှာ စိုးတဲ့အတွက် ကျန်တာလည်း ရအောင်ယူမယ်ဆိုပြီး ဥစ္စာတွေကျောခိုင်းလို့ တောထွက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်၊ ဥစ္စာပစ္စည်းတွေကို ကျောခိုင်းပြီးတော့ တောထွက်သွားပါပြီ၊ အဲဒါ ဘာလုပ် ဖို့လဲမေးရင် အတွင်းမှာလှအောင်ဆင်မလို့ ဘယ်မှာ ?'

' အတွင်းမှာ လှအောင် ဆင်မလို့ပါဘုရား '

' တစ်နေ့တစ်နေ့ မိမိတို့ အပြင်ကိုလှအောင်မဆင်ဘူးလား '

' ဆင်ပါတယ်ဘုရား '

' အပြင်ကိုလှအောင်ဆင်ပြီး မှန်ထဲမှာကြည့်နေလို့ ကိုယ့်ရဲ့ လှပါတယ် ဆိုတဲ့ ကြည့်ရှုချင်စရာ ဒီခန္ဓာကိုယ်ကို ဘယ်လောက်ပဲ တင့်တယ်အောင်ပြင်ပြင် သဘောကျတော့ ကိုယ့်ရင်ထဲကြည့်စမ်း ဘာလာတုန်း ?'

' လောဘလာပါတယ်ဘုရား '

' ပြင်တိုင်း အချိုးမကျရင် '

' ဒေါသလာပါတယ်ဘုရား '

' တစ်နေ့တည်းလား ပြင်တိုင်းပဲလား ?'

' ပြင်တိုင်းပါဘုရား '

' အပြင်မှာ ကြည့်ကောင်းအောင်လှအောင်လို့ လုပ်နိုင်ပေမယ့် ကိုယ့်ရင် ထဲကျတော့ လောဘ၊ ဒေါသ၊ မောဟတွေ သောင်းကျန်းတာကို ခွင့်ပေးနေရင်

http://www.dhammadownload.com



အဲဒီ ပုဂ္ဂိုလ် အပြင်သာလှမယ် အတွင်းမှာတော့ အကျည်းတန်နေပါလားဆိုတာ မပေါ်ဘူးလား ?'

' ပေါ်ပါတယ်ဘုရား '

' အခု ဘုရားလောင်းမောင်မဲက အဲဒီအပြင်အလှကိုဂရုမစိုက်ဘူးနော်?'

' မှန်လှပါဘုရား '

' အတွင်းမှာကျက်သရေရှိတဲ့အလှတွေကို တိုးပွားအောင်လို့ ဒါနတစ်မျိုးတည်းနဲ့ မကျေနပ်တဲ့အတွက် ကျန်တာကိုပါရအောင်ယူမယ်ဆိုပြီး ဆုံးဖြတ်ချက်ချပြီး တောထွက်တာ၊ သူတော်စင်များကို တောမထွက်ခိုင်းပါဘူး၊ အလှပြင်ပုံလေး သင်ပေးခဲ့မှာပါ '

' မှန်လှပါဘုရား '

' ဘာပြင်ပုံ '

' အလှပြင်ပုံပါဘုရား '

' ဘယ်မှာလှအောင် '

' အတွင်းမှာလှအောင်ပါဘုရား '

' အတွင်းမှာ လှအောင် ဘယ်လိုပြင်ရမယ်ဆိုတာက အကာနဲ့အနှစ်ကို ခွဲသိမှ ပြင်တတ်မှာ '

' မှန်လှပါဘုရား '

' ဘုရားလောင်းမောင်မဲက အကာနဲ့အနှစ်ကို ခွဲခြားသိတဲ့အတွက် ကြောင့်မို့လို့ အနှစ်တွေစုပြီးတော့ အရယူမယ်ဆိုပြီး အလှပြင်ဖို့ အဝေးတစ်နေရာတောကိုထွက်သွားတာက သူ့အတွက်ကို ပြင်ဆင်ချိန်တွေ ရအောင်ကြိုးစားသွားတာ '

' မှန်လှပါဘုရား '

' မိမိတို့တွေက ဟောဒီ လုပ်ရင်းကိုင်ရင်းနဲ့ကို ကိုယ့်ရဲ့သန္တာန်မှာ နေ့စဉ်နေ့စဉ် အလှတရားတွေကိန်းအောင် ပြင်တတ်မယ်ဆိုရင် ကျေးဇူးမများဘူးလား ?'

' များပါတယ်ဘုရား '

http://www.dhammadownload.com



' အဲလိုဆိုရင် ဘာနဲ့ဘာ ခွဲခြားသိရမယ် '

' အကာနဲ့အနှစ်ခွဲခြားသိရမှာပါဘုရား '

' အကာနဲ့ အနှစ်၊ အကာနဲ့အနှစ်ကို ခွဲခြားသိရမယ်ဆိုတော့ အနှစ်ဆိုတာဘာ၊ အကာဆိုတာဘာ ဆိုတာကိုလည်း နားလည်ရမယ် '

' မှန်လှပါဘုရား '

' အခု တစ်နေ့ တစ်နေ့ ရှာနေဖွေနေ စုဆောင်းနေတဲ့ဥစ္စာပစ္စည်းတွေ ဘယ်လောက်ပဲ များမြောင်ပါစေ၊ အဲဒီဥစ္စာပစ္စည်းတွေသည် ရန်သူမျိုးငါးပါး ဖျက်ဆီးရင် မကုန်သွားဘူးလား ?'

' ကုန်သွားပါတယ်ဘုရား '

' ရှိပြန်တော့လည်း ကိုယ့်ရဲ့သန္တာန်မှာ လိုချင်တပ်မက်တဲ့ လောဘကလည်း တစ်နေ့တခြားကြီးလာတယ်၊ ဒီအပေါ်မှာ စိတ်မချလို့ သောက ပရိဒေဝတွေ ရင်မှာလောင်မြိုက်တာကလည်းအပြည့်၊ ဩော်-ကြောက်စရာကောင်း လောက်အောင်ကို နစ်မွန်းရတဲ့အဖြစ်တွေဟာ အမှန်တရားကို မသိရင် မပေါ်ဘူးလား ပေါ်လား ?'

' ပေါ်ပါတယ်ဘုရား '

' ဒါဖြင့် ဒီဥစ္စာပစ္စည်းတွေသည် ရန်သူမျိုးငါးပါးနဲ့ ဆက်ဆံပြီး ပျက်စီးဆုံးရှုံးတတ်တဲ့အတွက်ကြောင့်မို့လို့ အဲဒါကို အကာလို့မှတ်ထား '

' မှန်လှပါဘုရား '

' ယနေ့ ဒီဥစ္စာပစ္စည်းတွေကို ရှာတုန်းကလည်း ဘာနဲ့ရှာခဲ့ ?'

' လောဘနဲ့ ရှာခဲ့ပါတယ်ဘုရား '

' အဲဒီဥစ္စာပစ္စည်းတွေကို သိုသိုသိပ်သိပ် စုဆောင်းတော့လည်း နှစ်နှစ်သက်သက်နဲ့ စုဆောင်းတာမို့လို့ တခြားလား လောဘပဲလား ?'

' လောဘပါဘုရား '

' ရှာတော့လည်း '

' လောဘနဲ့ပါဘုရား '

http://www.dhammadownload.com



‘ စုတော့လည်း ’

‘ လောဘနဲ့ပါဘုရား ’

‘ ဟိုသွားဒီသွား သွားပြန်တော့လည်း ကျန်ခဲ့တဲ့ဥစ္စာပစ္စည်း စိတ်ချလား ?’

‘ မချပါဘူးဘုရား ’

‘ သောကပရိဒေဝကော မနှိပ်စက်ဘူးလား ?’

‘ နှိပ်စက်ပါတယ်ဘုရား ’

‘ အဲဒီတရားတွေကိုများ အဖော်လုပ်ပြီးတော့ သေပွဲဝင်ရင် ကိုယ်ကျိုးနည်းမှာက အပါယ်မှတစ်ပါး သွားစရာမရှိဘူးနော် ’

‘ မှန်လှပါဘုရား ’

‘ ယနေ့ အဲဒီရှာထားတဲ့ဥစ္စာပစ္စည်းတွေကို အကြောင်းပြုပြီးတော့ လိုချင်မှု၊ နှစ်သက်မှု အားကောင်းနေရင် ဘယ်တော့မှမလှူဖြစ်ဘူး ’

‘ မှန်လှပါဘုရား ’

‘ လှူတယ် လှူတယ်ဆိုတာက လိုချင်နှစ်သက်မှု လောဘတရားကို နှင်ထုတ်နိုင်မှ လှူလို့ရတာ၊ ယနေ့ ဒါနကုသိုလ် ပြုလိုက်ပြီဆိုရင် အလောဘတည်းဟူသော ကုသိုလ် စေတနာလေးက လောဘကို အနိုင်ယူပြီးတော့မှ ကိုယ့်စိတ်မှာနေရာယူရင် လောဘကိုပယ်ထုတ်လိုက်တဲ့အတွက် ကိလေသာအညစ်အကြေး တစ်နေရာ မစင်သွားဘူးလား ?’

‘ စင်သွားပါတယ်ဘုရား ’

‘ အဲဒီ စင်တဲ့စိတ်တွေပြန်ကြည့်စမ်း အလောဘနဲ့အလှဆင်တယ်လို့ မှတ်ထားနော် ’

‘ မှန်လှပါဘုရား ’

‘ ဒီကုသိုလ်တရားကျတော့ ရန်သူမျိုးငါးပါး ဖျက်ဆီးလို့ရလား ?’

‘ မရပါဘူးဘုရား ’

http://www.dhammadownload.com



' ကိုယ့်ရဲ့သံသရာအတွက်ကို အားကိုးရာအနေနဲ့ကော ယူသွားလို့ မရဘူးလား ?'

' ရပါတယ်ဘုရား '

' အဲဒါကို အနှစ်လို့မှတ်ထားပေါ့ '

' မှန်လှပါဘုရား '

' ဒီလိုဆိုရင်အများနားလည်အောင် -

**" ဥစ္စာအကာ၊ အနှစ်ဟာ၊ ဒါနာမြတ်ကုသိုလ် "**

' ရှာထားဖွေထားတဲ့ ဥစ္စာတွေက ရန်သူမျိုးငါးပါးနဲ့ဆက်ဆံလို့ ပျက်စီးတတ်တဲ့ ဥစ္စာတည်းဟူသော အကာထဲကနေ ယနေ့ အနှစ်ကိုထုတ်ဆိုရင် တခြားလား လှူတဲ့တန်းတဲ့ကုသိုလ်လား ?'

' လှူတဲ့တန်းတဲ့ကုသိုလ်ပါဘုရား '

' အဲဒီလှူတဲ့ တန်းတဲ့ ဒါနကုသိုလ် ကိုယ့်ရဲ့စိတ်မှာနေရာယူပြီဆိုရင် အလောဘတရားက လောဘဆိုတဲ့ ကိလေသာအညစ်အကြေးကို ပယ်ရှင်းပြီးသားဖြစ်လို့ စင်ကြယ်သွားတဲ့တစ်နေရာလေးဟာ အကျည်းတန်ဘဝက လွတ်သွားတော့ အလှတစ်မျိုး တိုးမသွားဘူးလား ?'

' တိုးသွားပါတယ်ဘုရား '

' ဘယ်မှာတိုးတာတုန်း ?'

' စိတ်ထဲမှာပါဘုရား'

' စိတ်မှာအလှတိုးသွားတာ '

' မှန်လှပါဘုရား '

' အဲဒီစိတ်မှာ အလှလေးတစ်ခုကို ကိုယ်က ဆင်မြန်းလိုက်နိုင်တဲ့အတွက် လောဘတရားကို ပယ်ရှင်းလိုက်ရင် လောဘအုပ်ချုပ်တဲ့ ကာယကံအပြုအမူ ရှိအုံးမလား '

' မရှိတော့ပါဘူးဘုရား '

http://www.dhammadownload.com



'လောဘအုပ်ချုပ်တဲ့ အပြောအဆို ဝစီကံကော ကင်းမသွားဘူးလား ?'

'ကင်းသွားပါတယ်ဘုရား '

'ဒါဆိုရင် ဟောဒီခန္ဓာကိုယ်မှာ လောဘအုပ်ချုပ်တဲ့ ကာယကံ၊ ဝစီကံ၊ မနောကံတွေ မရှိတော့တဲ့အတွက်ကြောင့်မို့လို့ အတွင်းစိတ်လေးမှာ အလောဘကုသိုလ်တရားနဲ့ အလှဆင်လိုက်တာသည် တစ်နေရာတည်းမှာ မဟုတ်ဘဲ စိတ်လှတော့ ကိုယ်ပါလှမသွားဘူးလား ?'

'လှသွားပါတယ်ဘုရား '

'အပြစ်ကင်းတဲ့ အနေအထားနဲ့ သေသွားရင် တောင် အပါယ်လေးပါးက မလွတ်ဘူးလား ?'

'လွတ်ပါတယ်ဘုရား '

'ဒါဖြင့်ရင် စိတ်လှရင် ဘာကောလှ ?'

'ကိုယ်ပါလှပါတယ်ဘုရား '

'မိမိတို့ ကိုယ့်ကိုကိုယ် လောဘတွေအုပ်ချုပ်ပြီးတော့ ပြုနေတဲ့ ကာယကံ ဝစီကံ မနောကံတွေ ဩော်-မွမ်းမံထားတဲ့ အလှအပတွေ၊ လောဘအုပ်ချုပ်တဲ့ အလှအပတွေ အဲဒီအလှအပတွေက အပြင်မှာကြည့်ကောင်းပေမယ့် အတွင်းကျတော့ အကျည်းတန်တဲ့လောဘက ကိုယ့်ကို နစ်မွန်းအောင် အရောင်ခြယ်သွားခဲ့ရင် ဩော်-အကျည်းတန်လိုက်တာဆိုတာဟာ ကိုယ်လှရုံနဲ့ စိတ်မလှတာ ပေါ်သွားပြီနော် '

'မှန်လှပါဘုရား '

'စိတ်လှရင်ဘာလှမယ် '

'ကိုယ်လှမှာပါဘုရား '

'ဒါဖြင့် ပြင်မယ့်ပြင် ဘယ်မှာပြင်ရမယ် '

'စိတ်မှာပြင်ရမှာပါဘုရား '

'အပြင်ကိုလည်း မပြင်နဲ့လို့ မပြောပါဘူးနော် '

'မှန်လှပါဘုရား '

http://www.dhammadownload.com



' အပြင်ကိုပြင်ရင်းနဲ့ အတွင်းကိုပါ သတိထားရင် လောဘမဖြစ်အောင် စောင့်ရှောက်နိုင်ရင် နှစ်မျိုးလုံး မလှသွားဘူးလား ?'

' လှသွားပါတယ်ဘုရား '

' ယနေ့ ဘာပြင်နည်းသင်နေတာ '

' စိတ်ပြင်နည်းသင်နေတာပါဘုရား '

' အလှပြင်နည်း သင်နေတာနော် '

' မှန်လှပါဘုရား '

' ပြင်ပမှာဖွင့်တဲ့အလှပြင်ဆိုင်တွေက ဟောဒီကိုယ်ကြီးကိုတော့ လှအောင် ပအောင် ကြည့်ကောင်းအောင်ပြင်နိုင်ပါတယ်၊ ယနေ့ ဂျီပီမင်္ဂလာခန်းမမှာ ဖွင့်လိုက်တဲ့ အလှပြင်ဆိုင်ကျတော့ ဘယ်မှာလှအောင်ပြင်တာ ?'

' စိတ်မှာ လှအောင်ပြင်တာပါဘုရား '

' ကဲ-ဘယ်အလှပြင်ဆိုင် တန်ဖိုးရှိ ?'

' စိတ်အလှပြင်ဆိုင် တန်ဖိုးရှိတာပါဘုရား '

' နှစ်မျိုးလုံး တန်ဖိုးရှိပါတယ်၊ ကိုယ်ကိုလည်း လှအောင်ပြင်ပေါ့နော် '

' မှန်လှပါဘုရား '

' စိတ်ကိုလည်း '

' လှအောင်ပြင်ရမှာပါဘုရား '

' အပြင်လှရုံနဲ့တော့ အတွင်းလှပ့ါမလား ?'

' မလှပါဘူးဘုရား '

' အတွင်းလှ ရင်တော့ '

' အပြင်လှမှာပါဘုရား '

'ဩော်-ငါတို့ ဒီနေ့ အလှပြင်နည်းဟာ တန်ဖိုးရှိလိုက်တာဆိုရင်မမှန်ဘူးလား?'

' မှန်ပါတယ်ဘုရား '

http://www.dhammadownload.com



'အခု အကာထဲက အနှစ်ကို ထုတ်လိုက်တာဟာ ကိုယ် ရှာထား ဖွေထားတဲ့ဥစ္စာပစ္စည်းတွေကို စွမ်းနိုင်သမျှ လှူနေတန်းနေတာသည် အကာထဲက အနှစ်ထုတ်တာ၊ အဲတော့ ကိုယ့်စိတ်လေးမှာ ယနေ့တရားပွဲကိုရောက်လာကြလို့ စွမ်းနိုင်သမျှလှူလိုက်တဲ့ အလှူတွေသည် ကိုယ့်စိတ်ထဲမှာ ကုသိုလ်တရားနဲ့ အလှဆင်တော့ တစ်နေရာတော့လှသွားပြီ၊ အလှစုံပြီလားမေးရင်တော့ '

' မစုံသေးပါဘူးဘုရား '

' ယနေ့ ကိုယ်က အပြင်ကိုသွားချင်လို့ အလှအပလေးပြင်ပြီဆိုရင် ဟောဒီမျက်နှာလေးကို ပြင်တဲ့နေရာမှာ တစ်ခြမ်းပဲအလှပြင်ပြီးထွက်လား ?'

' မထွက်ပါဘူးဘုရား '

' ပြည့်စုံအောင် လှအောင် ပြင်ရတယ်နော် '

' မှန်လှပါဘုရား '

' အခုလည်းပဲ သံသရာကိုသွားမယ့်နေရာမှာ ကိုယ့်စိတ်လေးကို အလှပြင်ရင်လည်း ကွက်ပြီးတော့ မပြင်နဲ့ပေါ့ '

' မှန်လှပါဘုရား '

' အလုံးစုံလှအောင်ပြင်ရင် ကြည့်မကောင်းဘူးလား ကောင်းမှာလား ?'

' ကောင်းမှာပါဘုရား '

'ဩော်-အကာထဲက အနှစ်တစ်မျိုးကတော့ ဥစ္စာထဲကနေထုတ်လိုက်လို့ ဒါနကုသိုလ်နဲ့အလှဆင်တာတော့ ရသွားပြီ '

' မှန်လှပါဘုရား '

' နောက်တစ်ခု အကာထဲကအနှစ်ကိုထုတ်ဆိုတော့ တစ်နေ့တစ်နေ့ ရှာဖွေလုပ်ကိုင်စုဆောင်းနေရတဲ့ဥစ္စာပစ္စည်း စားဖို့ရှာတယ်၊ ဝတ်ဖို့ရှာတယ် နေဖို့ရှာတယ်၊ အဲဒီရှာတော့ ဟောဒီကိုယ်ကြီးကို အသုံးမချဘူးလား ?'

' ချပါတယ်ဘုရား '

' ကာယကံနဲ့ လုပ်အားတွေကို ပြုပြီးတော့ ရှာရပါတယ်၊ ဝစီကံနဲ့ ပြောဆိုပြီးတော့ ရှာရပါတယ်၊ ဟောဒီကိုယ်ကြီးကို အသုံးချပြီး ရှာနေရတဲ့

http://www.dhammadownload.com



ကိုယ်အမူအယာကိုပြန်ကြည့်လိုက်ပါ။ ဒီကိုယ်ကြီးသည် ရောဂါမျိုးစုံကော မနှိပ်စက်ဘူးလား ?'

' နှိပ်စက်ပါတယ်ဘုရား '

' အမျိုးစုံနှိပ်စက်လို့လည်း မပျက်စီးဘူးလား '

' ပျက်စီးပါတယ်ဘုရား '

' တစ်နေ့တစ်နေ့ ကိုယ့်ရဲ့ဟောဒီ မနောကံကနေပြီးတော့ လိုချင်တပ်မက်မှု လောဘခိုင်းလို့လည်း ကာယကံတွေ၊ ဝစီကံတွေနဲ့ မလုပ်ရဘူးလား ?'

' လုပ်ရပါတယ်ဘုရား '

' ကာယကံကော ကောင်းပါ့မလား '

' မကောင်းပါဘူးဘုရား '

ဝစီကံလည်း

' မကောင်းပါဘူးဘုရား '

' ကာယကံလည်းမကောင်း ဝစီကံလည်းမကောင်းတဲ့အပြုအမူတွေနဲ့ နေ့စဉ်နေ့စဉ်လုပ်ဆောင်နေရတာဟာ ကိုယ်ကြီးကို အသုံးချပြီး လုပ်နေရတာ အကာထဲက အနှစ်မထုတ်တတ်လို့ '

' မှန်လှပါဘုရား '

' အကာထဲက အနှစ်ကို ထုတ်ချင်ပါတယ်ဆိုရင် ဟောဒီကိုယ်ကြီးသည် သေချာပြန်ကြည့်လိုက်တဲ့အခါကျတော့ မိမိတို့အတွက် တစ်နေ့တခြား အိုမင်းယိုယွင်းပြီးတော့ ပျက်စီးနေတဲ့ သဘောကိုလည်း ပေါ်လွင်အောင် ဖော်ဆောင်ထားတာကို သတိမထားနိုင်ရင် အကာကိုမမြင်ပြန်ဘူး၊ အဲဒါကြောင့်မို့လို့ ဒီကိုယ်ကြီးကို အသုံးချပြီးတော့ လောဘခိုင်းတဲ့နောက် ဒေါသခိုင်းတဲ့နောက် မောဟခိုင်းတဲ့နောက် တစ်နေကုန် လုပ်နေရတာကလည်း အကျည်းတန် အရုပ်ဆိုးပါလားဆိုတာကို ယနေ့ည တရားပွဲနာရတော့ မပေါ်သွားဘူးလား ?'

' ပေါ်သွားပါတယ်ဘုရား '

http://www.dhammadownload.com



' ဒါဆိုရင် ဒီကိုယ်ကို အသုံးချပြီးတော့ အနှစ်ထုတ်တတ်ရင် တန်ဖိုးမရှိဘူးလား ?'

' ရှိပါတယ်ဘုရား '

' အေး အကာထဲကအနှစ်ကိုထုတ်ဆိုတော့ -

**" ကိုယ်ဟာအကာ၊ အနှစ်ဟာ၊ သီလာမြတ်ကုသိုလ် "**

' ယနေ့မိမိတို့တရားပွဲကို ရောက်ရှိလာတဲ့အတွက်ကြောင့်မို့လို့ တရားပွဲမစခင်မှာ ကိုယ်စီကိုယ်စီ ငါးပါးသီလ မစောင့်ထိန်းရဘူးလား ?'

' စောင့်ထိန်းရပါတယ်ဘုရား '

' ငါးပါးသီလစောင့်ထိန်းလိုက်တဲ့အတွက် ဟောဒီ ကာယကံကို စောင့်ရှောက်လိုက်ပြီ၊ သူများအသက်ကိုမသတ်အောင်၊ သူများဥစ္စာတွေ မခိုးရအောင် ကဲ-သီလတရားက ကိုယ့်စိတ်မှာ အလှဆင်လိုက်တဲ့အတွက် ကာယကံအပြုအမူတွေကို ယဉ်ကျေးသိမ်မွေ့ လှပအောင်ကော စောင့်ရှောက်ပြီးသားမဖြစ်ဘူးလား ?'

' ဖြစ်ပါတယ်ဘုရား '

' ဝစီကံ အပြောအဆိုတွေကို ပြန်ကြည့်တော့လည်း သီလကုသိုလ်တွေကိုယ့်ရဲ့သန္တာန် တန်ဆာဆင်ထားတဲ့အတွက်ကြောင့်မို့လို့ သူများအသက်သတ်တာ သူများဥစ္စာခိုးတာ သူများအိမ်ယာ ကျူးလွန်တာ မဟုတ်မမှန်တာပြောတာ အရက်သေစာသောက်စားတဲ့ အပြောအဆိုတွေရဲ့ အကုသိုလ်တွေကောပါသေးလား ?'

' မပါပါဘူးဘုရား '

' ကိုယ့်ရဲ့ အကြံအစည်ကလည်း သီလကုသိုလ်တွေ တည်တဲ့အတွက်ကြောင့်မို့လို့ အပြစ်မကင်းဘူးလား ?'

' ကင်းပါတယ်ဘုရား '

' ဩော်-ကိုယ်တည်းဟူသော အကာထဲက အနှစ်ထုတ်ချင်ရင် ကိုယ်ကျင့်သီလစောင့်ထိန်း '

' မှန်လှပါဘုရား '

http://www.dhammadownload.com



' ဒါဖြင့် သီလ ကိုယ့်သန္တာန်မှာ အလှဆင်လိုက်ရင် ဟော စိတ်လေးမှာ မသန့်စင်သွားဘူးလား '

' သန့်စင်သွားပါတယ်ဘုရား '

' အဲဒီစိတ်မှာ သီလနဲ့အလှဆင်လိုက်တဲ့အတွက် အတွင်းတင်လှသလား မေးတော့ အပြင်ပါလှသွားတာက ကာယကံအပြစ်ပါလုံခြုံသွားတယ်၊ ဝစီကံ၊ မနောကံအပြစ်ပါ '

' လုံခြုံသွားပါတယ်ဘုရား '

' ဒါကြောင့် စိတ်လှရင် ကိုယ်လှတယ်ဆိုတာ မမှန်သွားဘူးလား ?'

' မှန်သွားပါတယ်ဘုရား '

' အကာထဲက အနှစ်ထုတ်တာ အခုနှစ်မျိုးရပြီနော် '

' မှန်လှပါဘုရား '

' အိမ်မှာထိုင်နေရင်တော့ ရပ့်ါမလား '

' မရပါဘူးဘုရား '

' အခု ဒီကိုရောက်လာတဲ့အတွက်ကြောင့်မို့လို့တန်ဖိုးရှိသွားတာက စွမ်းနိုင်သမျှ ကိုယ်လှူလိုက်တဲ့ဒါနကုသိုလ် ကိုယ့်စိတ်မှာ အလှဆင်ပေးတာ၊ သီလတရားတွေ ခံယူစောင့်တည်လိုက်တော့ ဟော သီလကုသိုလ်ကလည်း ကိုယ့်စိတ်မှာ အလှတစ်နေရာယူသွားပြီ၊ ဒါတင်ပဲလားဆိုတော့ မဟုတ်ဘူး၊ ဩော် ဆရာတော်က တရားဟောတော့မယ်၊ ကြွလာတဲ့အခါမှာ အားလုံးရဲ့ သန္တာန်မှာ မေတ္တာတွေထားပြီးတော့ မေတ္တာတွေမပွားကြဘူးလား ?'

' ပွားကြပါတယ်ဘုရား '

' အဲဒီလို မေတ္တာတွေပွားတဲ့အတွက် အဒေါသတည်းဟူသော ကုသိုလ် သည် မိမိရဲ့စိတ်မှာ နေရာယူသွားတော့ ဒေါသကို နှင်ထုတ်ပြီးသားပဲ '

' မှန်လှပါဘုရား '

' ဒါဖြင့် အညစ်အကြေးတွေကို သန့်စင်ပြီးတော့ စိတ်မှာ တစ်နေရာပြီး တစ်နေရာ အလှဆင်လိုက်တာဟာ ကုသိုလ်တရားတွေ မများသွားဘူးလား ?'

' များသွားပါတယ်ဘုရား '

http://www.dhammadownload.com



' ဟော စိတ်လေးမှာ တင်လှတာမဟုတ်ဘူး ကာယကံ ဝစီကံ မနောကံ တွေပါ အပြစ်လုံခြုံသွားတော့ ကိုယ်ပါ တစ်နေ့တခြား လှမလာဘူးလား ?'

' လှလာပါတယ်ဘုရား '

' အလှပြင်နည်း ပြောနေတာနော် '

' မှန်လှပါဘုရား '

' အပါယ်လေးပါးကကော မလွတ်နိုင်ဘူးလား ?'

' လွတ်နိုင်ပါတယ်ဘုရား '

' နိဗ္ဗာန်ရောက်လောက်အောင်ကော အထောက်အပံ့ကောင်းတွေ အား မကြီးသွားဘူးလား ?'

' ကြီးသွားပါတယ်ဘုရား '

' ဘယ်မှာလှလို့ '

' စိတ်မှာ လှလို့ပါဘုရား '

' ဥစ္စာတည်းဟူသော အကာထဲကအနှစ်ထုတ်ချင်ရင် ဘာနဲ့ အလှဆင်မယ်၊ ဒါနကုသိုလ်နဲ့အလှဆင်မယ်၊ ဟောဒီ ကိုယ်တည်းဟူသော အကာထဲက အနှစ်ထုတ်ပြီး ကိုယ့်စိတ်မှာ လှအောင်ဆင်ချင်ရင် ဘာနဲ့ဆင်မယ် သီလ ကုသိုလ်နဲ့ဆင်ရမယ်၊ မေတ္တာတွေပွားပြီးတော့ ဆင်ရမယ်၊ အဲဒီလို ဆင်သွား တော့ ဟော နှစ်မျိုးတော့လှသွားပြီ၊ နောက်ဆုံးတစ်မျိုး ကျန်သေးတာက အကာနဲ့အနှစ်ကိုထပ်ခွဲတတ်အုံးမှ '

' မှန်လှပါဘုရား '

' အကာနဲ့အနှစ်ကို ခွဲကြအုံးစို့ဆိုတော့ ယနေ့ သူတော်စင်များ အသက် ရှင် ရပ်တည်မှုအတွက်ကို အသက်ရှူသွင်းလိုက်၊ အသက်ရှူထုတ်လိုက် မလုပ်ဘူးလား ?'

' လုပ်ပါတယ်ဘုရား ?'

' အဲဒီလို ရှူသွင်း ရှူထုတ်လုပ်နိုင်တိုင်း လုပ်နိုင်တိုင်းမှာ အသက်မရှင် ဘူးလား ?'

' ရှင်ပါတယ်ဘုရား '

http://www.dhammadownload.com



' ဒီလိုဆိုရင် အသက်ရှင်တယ်လို့ပြောနေကြတဲ့ မိမိတို့တစ်တွေ အသက်ဆိုတာဘာလဲ မသိဘူးလား၊ အသက်ဆိုတာ မသိဘူးပေါ့နော် ?'

' မှန်လှပါဘုရား '

' ဒါဖြင့် ဘာလို့ အသက်ရှင်တယ်ပြောတုန်း တရားတစ်ပွဲလုံး ငြိမ်သွားပါလားပြောတော့ အသက်ရှင်တယ်၊ အသက်ဆိုတာ ဘာလဲမေးတော့ ' အ ' ကုန်ကြပြီ၊ အဲတော့ အသက်ရှင်တယ် အသက်ရှင်တယ်ဆိုတာလေးကို ပြန်ကြည့်လိုက်၊ မိမိတို့အသက်ရှင်ရပ်တည်မှုအတွက်ကို ဟော နှာခေါင်းထဲကို ရောက်အောင် လေမရှူသွင်းဘူးလား ?'

' ရှူသွင်းပါတယ်ဘုရား '

' အဲဒါကို ဘယ်လိုပြော ?'

' အသက်ရှူတယ်လို့ပြောပါတယ်ဘုရား '

' တကယ်တမ်းပြန်ကြည့်တော့ အသက်ရှူတာလား လေရှူတာလား ?'

' လေရှူတာပါဘုရား '

' ဘာလို့လေရှူတယ်မပြောတုန်း အသက်ရှူတယ်ပြောတယ်နော် '

' မှန်လှပါဘုရား '

' ရှူတာကဘာတုန်း ?'

' လေပါဘုရား '

' အသက်ကိုမရှူပါဘူး၊ ရှူတာကတော့ '

' လေပါဘုရား '

' ဒါဖြင့် အသက်ရှူတယ်လို့ပြောပြီးတော့ အသက်ရှင်ရပ်တည်နေရတဲ့ ဘဝ အသက် အသက်လို့ခေါ်ရတဲ့အရာ ဘာဆိုတာ ကွဲပြားအောင်ပြောရင် လေရှူတယ်ဆိုတာက အဲဒီလေသည် နှာခေါင်းထဲကို တစ်ဆင့်တိုးပြီးတော့ ဝမ်းထဲကိုဝင်သွားတာ အလိုလိုဝင်တာလား ?'

' မဟုတ်ပါဘူးဘုရား '

http://www.dhammadownload.com



' မဟုတ်ဘူးနော်၊ လေကိုအတွင်းထဲကို ရှူသွင်းတော့မယ်ဆိုရင် ရှူချင်တဲ့စိတ် ဖြစ်ရတယ်၊ ရှူချင်တဲ့စိတ်လေးပေါ်မှ ရှူသွင်းတဲ့အမူအရာ မပေါ်ဘူးလား ?'

' ပေါ်ပါတယ်ဘုရား '

' ဒါဖြင့် ရှူချင်တဲ့စိတ်ကနာမ်၊ ရှူချင်တဲ့စိတ်က '

' နာမ်ပါဘုရား '

' ရှူလိုက်တဲ့ အမူအရာက '

' ရုပ်ပါဘုရား '

' ရုပ်နဲ့ နာမ်လေးပေါ်သွားပြီနော် '

' မှန်လှပါဘုရား '

' တစ်ခါပြန်ပြီး ရှူထုတ်ချင်တဲ့ စိတ်လေး မပေါ်ဘူးလား၊ ရှူထုတ်ချင်တဲ့စိတ်က '

' နာမ်ပါဘုရား '

' ရှူထုတ် လိုက်တဲ့အမူအရာက '

' ရုပ်ပါဘုရား '

' ဒီလိုဆိုရင် ရှူသွင်းတုန်းကလည်းပဲ ပေါ်လာတာက ရုပ်နဲ့နာမ် အဲဒီရုပ်နာမ်လေးပေါ်တိုင်း ပေါ်တိုင်း အသက်ရှင်တယ် '

' မှန်လှပါဘုရား '

' ရုပ်နာမ်လေးဖြစ်တိုင်း ဖြစ်တိုင်း '

' အသက်ရှင်ပါတယ်ဘုရား '

' ပြန်ပြီးရှူမထုတ်ဘူးလား '

' ထုတ်ပါတယ်ဘုရား '

' အဲဒီ ရှူထုတ်လိုက်တဲ့အခါမှာ ရှူထုတ်ချင်တဲ့စိတ် မဖြစ်ဘူးလား ?'

' ဖြစ်ပါတယ်ဘုရား '

http://www.dhammadownload.com



' ရှုထုတ်တဲ့အမူအရာကော ပါ မပါ ?'

' ပါပါတယ်ဘုရား '

' ပေါ်လာတာက ငါလား သူလား ရုပ်နဲ့ နာမ်လား ?'

' ရုပ်နဲ့နာမ်ပါဘုရား '

' အဲဒီလို ရုပ်နာမ်လေးတွေ ဆက်ကာဆက်ကာ အစားထိုးလို့ အသက်ရှင်တယ်ပြောတာ '

' မှန်လှပါဘုရား '

' ဟောတဲ့ပုဂ္ဂိုလ်လည်း ဟောချင်တဲ့စိတ်လေး ဆက်ကာ ဆက်ကာ ပေါ်နေသေးလို့ဟောနိုင်တာ '

' မှန်လှပါဘုရား '

'နာတဲ့ပုဂ္ဂိုလ်ကလည်း နာချင်တဲ့စိတ်လေးတွေ ဆက်ကာဆက်ကာ အစားထိုးနေလို့ နာနိုင်တာ၊ အဲဒါကို အသက်ရှင်တယ်လို့ခေါ်တာ '

' မှန်လှပါဘုရား '

' ဒီလိုဆိုရင် အသက်ဆိုတာ ဘာလဲလို့မေးရင် အသက်သမုတ် နာမ်နဲ့ရုပ် ရုပ်နာမ်နှစ်ပါးကို အသက်လို့ ခေါ်တာ '

' မှန်လှပါဘုရား '

' သိသွားပြီပေါ့နော် '

' မှန်လှပါဘုရား '

' အသက်ရှင်တယ်ဆိုတာ ဘာအစားထိုးလို့ ?'

' ရုပ်နဲ့နာမ်အစားထိုးလို့ပါဘုရား '

' ရုပ်နာမ်အစားမထိုးရင်သေရမှာ၊ အဲတော့ ဒီရုပ်ဒီနာမ်သည် ဘယ်အချိန် ကြည့်ကြည့် ဖြစ်ပြီးရင်ပျက်လို့ မြဲလား ?'

' မမြဲပါဘူးဘုရား '

http://www.dhammadownload.com



' မမြဲတဲ့တရားမို့လို့ ဘာမှအသုံးမကျလို့အကာ၊ အဲဒီရုပ်နာမ်တည်းဟူသော မမြဲတဲ့တရားကို မိမိရဲ့သန္တာန်မှာ ဉာဏ်သာမရှိရင်သိမလား ?'

' မသိပါဘူးဘုရား '

' ဉာဏ်သာမရှိရင် မောဟတည်းဟူသောတရားဆိုးက ကိုယ့်စိတ်မှာ နေရာယူသွား အမှောင်ဖုံးထားရင် ဘာမှမမြင်ဘူးနော် '

' မှန်လှပါဘုရား '

' ဒါကြောင့် ဟောဒီရုပ်နာမ်သည် ဖြစ်ပြီးရင် ပျက်တတ်ပါလားလို့ ကိုယ့်စိတ်လေးမှာ ဉာဏ်သာနေရာယူလိုက်ရင် မောဟကိလေသာကို နှင်မထုတ်ဘူးလား ?'

' နှင်ထုတ်ပါတယ်ဘုရား '

' အဲဒါဆိုရင် အကာနဲ့အနှစ်ခွဲရအုံးမယ် '

' မှန်လှပါဘုရား '

**" အသက်ဟာအကာ ၊ အနှစ်ဟာ ၊ ဘာဝနာမြတ်ကုသိုလ် "**

' အခုအကာနဲ့အနှစ်ကို ထပ်ပြီးတော့ ခွဲပြလိုက်ပြီ၊ ရုပ်နာမ်အစားထိုးတိုင်း ထိုးတိုင်းမှာ အသက်ရှင်တယ်လို့ပြောတယ်၊ ဒီအသက်တည်းဟူသော ရုပ်နာမ်သည် ဖြစ်ပြီးရင်ပျက်လို့ ဘာတစ်ခုမှအသုံးမကျလို့ အကာ၊ အဲဒီသဘောအမှန်ကို သိအောင်ကျင့်ပါတယ်ဆိုရင် ကိုယ့်စိတ်မှာ ဘာဝနာနဲ့ အနှစ်ထုတ်၊ ဘာဝနာအနှစ်ထုတ်လိုက်ရင် ဘာဝနာကုသိုလ် ကိုယ့်သန္တာန်တည်ရင် ပညာဉာဏ်လေးမကိန်းဘူးလား ?'

' ကိန်းပါတယ်ဘုရား '

' ပညာဉာဏ်ကိန်းသွားရင် ကိုယ့်စိတ်လေး ဘယ်လောက်လှလဲမေးတော့ မောဟကိုနှင်ထုတ်လိုက်တော့ မောဟအုပ်ချုပ်လို့ဖြစ်ပေါ်လာတဲ့ ကိလေသာအလိုဆိုးတွေပါ မစင်သွားဘူးလား '

' စင်သွားပါတယ်ဘုရား '

http://www.dhammadownload.com



' ကဲ စိတ်မှာစင်ကြယ်အောင် လှသွားပြီနော် '

' မှန်လှပါဘုရား '

' ယနေ့ ဒါနကုသိုလ်နဲ့သူတော်စင်များက တစ်နေရာလေးကို လှအောင် ဆင်လိုက်ပါပြီ၊ ဥစ္စာတည်းဟူသော အကာထဲကနေ အနှစ်ထုတ်ပြီး ဒါနနဲ့ အလှဆင်လိုက်တယ်၊ ကိုယ်တည်းဟူသော အကာထဲကနေ အနှစ်ထုတ်ပြီး တော့ သီလနဲ့ အလှဆင်လိုက်တယ်၊ အခု ရုပ်နာမ်တည်းဟူသော အသက် အကာထဲကနေပြီးတော့ ဘာဝနာနဲ့အနှစ်ထုတ်ပြီး အလှဆင်လိုက်တော့ လှတဲ့ နေရာမှာ စိတ်ကိုကြည့်လိုက်ရင် ဩော်-အလောဘ၊ အဒေါသ၊ အမောဟ သုံးမျိုး နေရာမယူဘူးလား ?'

' ယူပါတယ်ဘုရား '

' အလောဘနဲ့နေရာယူရင် လောဘကိုနိုင်သွားပြီ အဒေါသ ကိုယ့် သန္တာန်မှာ နေရာယူရင် ဒေါသလာအုံးမလား ?'

' မလာပါဘူးဘုရား '

' အမောဟ နေရာယူလိုက်ရင် မောဟလာအုံးမလား ?'

' မလာပါဘူးဘုရား '

' ကိလေသာအလိုဆိုးတွေ မရှိတော့ဘဲနဲ့ စင်ကြယ်သွားတာသည် စိတ်မှာ အလှဆင်တတ်လို့ '

' မှန်လှပါဘုရား '

' ဒါဖြင့် စိတ်ကိုအလှဆင်ရင် အကာထဲက '

' အနှစ်ထုတ်ပါတယ်ဘုရား '

' အခု ဘုရားလောင်းမောင်မဲက အကာထဲကအနှစ်ထုတ်မယ်ဆိုပြီး တောမထွက်သွားဘူးလား ?'

' ထွက်သွားပါတယ်ဘုရား '

' တောထွက်သွားပြီးတော့ ခြိုးခြိုးခြံခြံနဲ့ ပြင်းပြင်းထန်ထန် သူတော်ကောင်းတရားတွေကို ကိန်းအောင်ကျင့်မယ်ဆိုပြီးတော့ ရသေ့ဝတ်

http://www.dhammadownload.com



လိုက်ပါပြီ၊ အဲလို ရသေ့ဝတ်ပြီးတော့မှ အကျင့်ကို ပြင်းပြင်းထန်ထန် ကျင့်တဲ့ နေရာမှာ ဟိုနေရာ ဒီနေရာသွား ပြီးတော့လည်းပဲ ဆွမ်းခံပြီးမစားရှာပါဘူး၊ သစ်ပင်အောက်မှာနေပြီးတော့မှ အသီးသီးတဲ့အချိန်အခါမှာ အသီးတွေ စားကျင့်တယ်၊ အသီးမရှိလို့ အပွင့်ပွင့်တဲ့အချိန်မှာ အပွင့်စားကျင့်သည်၊ အပွင့်မပွင့်သေးလို့အဖူးဖူးတဲ့အချိန်မှာ အဖူးစား ကျင့်သည်၊ အဖူးတွေ အပွင့်တွေ အသီးတွေမရှိဘူးဆိုရင် အရွက်ပဲစားကျင့်တယ်၊ အရွက်လည်းမရှိတော့လို့ အရိုးပြိုင်းပြိုင်းပဲကျန်မယ်ဆိုရင်တော့ အပင်မှာရှိတဲ့ အခေါက်မှာ တင်နေတဲ့ အပွေးတွေကိုခြစ်ပြီးတော့ ရေဖျော် သောက်ပြီး စားကျင့်တယ်၊ အဲဒီလောက်ထိ အကျင့်ကို ပြင်းပြင်းထန်ထန် ကျင့်လိုက်တဲ့အတွက် သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ တင်းရပါတယ်၊ သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာတင်းရ တာသည် အကြောင်းသုံးမျိုးရှိတယ်၊ ဘယ်နှစ်မျိုးရှိ ?'

' သုံးမျိုးရှိပါတယ်ဘုရား '

' သိကြားမင်းတို့ စုတိစိတ်ကျကာနီး သေခါနီးပြီဆိုရင်လည်းပဲ သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာကျောက်ဖျာတင်းတယ်၊ သိကြားမင်းရဲ့စည်းစိမ်ကို အလိုရှိလို့ ကျင့်သူပေါ်ခဲ့ရင်လည်း သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာကျောက်ဖျာ တင်းသည်၊ လောကမှာ သူတော်ကောင်းတရားကို ပြင်းပြင်းထန်ထန် ကျင့်ခဲ့ ရင်လည်းပဲ အဲဒီအကျင့်ကြောင့် သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာကျောက်ဖျာ တင်းပါသည်၊ သိကြားမင်းရဲ့ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာတင်းရခြင်း ဘယ်နှစ်ချက် ?'

' သုံးချက်ပါဘုရား '

' အခု မောင်မဲရသေ့က အကျင့်ပြင်းထန်လို့ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ တင်းလာတော့ သိကြားမင်း မနေနိုင်ဘူး၊ လူ့ပြည်လောကကို လူယောင် ဖန်ဆင်းပြီးတော့ ဆင်းလာ၊ မောင်မဲဘုရားလောင်း တရားကျင့်တဲ့နောက်က နေပြီးတော့ အသာလေးရောက်အောင်သွားပြီးတော့မှ မောင်မဲရသေ့ တရား ကျင့်တာကိုကြည့်ပြီး သူက ကဲ့ရဲ့တာ၊ ဩော်-ဒီရသေ့အမျိုးကောင်းသား သူတော်ကောင်းတရားတွေကျင့်တယ်လို့သာပြောတာ အသားအရေ အဆင်း ကြည့်တော့လည်း မဲကြုတ်နေတာပဲ၊ စားပြန်တော့လည်း အညံ့စားစားပြီး

http://www.dhammadownload.com



ကျင့်တာ သူတော်ကောင်းတရား ဘယ်ကိန်းနိုင်ပါ့မလဲ သွားကဲ့ရဲ့နေတာ၊ အဲလို ကဲ့ရဲ့နေတော့ မောင်မဲရသေ့ကလည်း ကြိုးစားကျင့်ကြံထားတာဖြစ်တော့ အဘိညာဥ်ရနေတာ၊ အဲလိုရနေတဲ့ပုဂ္ဂိုလ်ဖြစ်တော့ ဘယ်သူလဲဆိုတာ ကြည့်လိုက်တော့ သိကြားမင်းမှန်းသိတော့ အသင်သိကြားမင်း အသင်သိကြားမင်းက ငါ့ရဲ့ပြင်ပ အသားအရေကိုကြည့်ပြီး အကျည်းတန်တယ် ရုပ်ဆိုးတယ် လူမဲလို့ သင်ကကဲ့ရဲ့နေတယ်၊ တကယ်တမ်းကျတော့ သင်သိကြားမင်းဟာ အလှတရားကို သိမှမသိဘဲ၊ အလှဆိုတာက အပြင်မှာကြည့်ပြီး မဆုံးဖြတ်ရဘူး၊ ဟောဒီ အသားအရေတွေ ဘယ်လောက်ပဲမဲမဲ လောကမှာ သူတော်စင်များ နားလည်ထားတာက အသားမဲရင်လူမဲ၊ အသားဖြူရင် '

' လူဖြူပါဘုရား '

' ဒီလိုသိထားတာသိကြားမင်းလည်း ဒီလောက်ပဲ နားလည်တာကို၊ အဲတော့ မောင်မဲ ဘုရားလောင်းရသေ့က အသင် သိကြားမင်း အသင် သိကြားမင်းက ပြင်ပအရည်အဆင်းလေးကြည့်ပြီးတော့မှ အသားမဲတာကိုလူမဲ၊ အကျည်းတန်တယ်၊ ရုပ်ဆိုးတယ် ဒီလိုပြောနေတာ တကယ်တမ်းကျတော့ သင်က ငါ့ရဲ့အတွင်းနှလုံးသားကိုမှ မကြည့်တတ်ဘဲ၊ ငါ့ရဲ့နှလုံးသားအတွင်းမှာ ဟောဒီစိတ်လေးမှာ တစ်နေ့တခြား အလှတွေတိုးအောင်လို့ ငါသည် ဒါန ကုသိုလ်နဲ့အလှဆင်တယ်၊ သီလကုသိုလ်တွေနဲ့ အလှဆင်တယ်၊ ဘာဝနာ ကုသိုလ်တွေနဲ့ အလှဆင်ထားတယ်၊ ငါ့ရဲ့သန္တာန်မှာ ကိလေသာတွေကို တတ်စွမ်းသမျှ ငြိမ်းအောင်ငြိမ်းအောင် လုပ်ပြီးတော့မှ ကုသိုလ်တရား တွေနဲ့စင်ကြယ်အောင်အလှ ဆင်ထားတဲ့အတွက် ငါသည် လူမဲမဟုတ်ပါ လူဖြူလို့ခေါ်သည်၊ ဘာလို့ခေါ် ?'

' လူဖြူလို့ခေါ်ပါတယ်ဘုရား '

' ဘာဖြစ်လို့ လူဖြူလို့ခေါ်လဲမေးရင် စိတ်မှာလှလို့ တစ်နည်းပြောရင် ကုသိုလ် တရားတွေနဲ့ ထုံမွှမ်းထားလို့ ကုသိုလ်ရှိရင် ဘယ်လောက်ပဲအသားမဲမဲ လူဖြူ ဘယ်လောက်ပဲအသားတွေဖြူဖြူ အကုသိုလ်တရားတွေ ရင်ထဲပြည့်ရင် လူမဲ၊ ယနေ့ လူဖြူနဲ့လူမဲကွဲပြီလား ?'

' ကွဲပါပြီဘုရား '

http://www.dhammadownload.com



' အသားမဲလို့ လူမဲလို့ခေါ်တာ ဟုတ်လား ?'

' မဟုတ်ပါဘူးဘုရား '

' အသားဖြူလို့ လူဖြူလို့ခေါ်တာဟုတ်လား ?'

' မဟုတ်ပါဘူးဘုရား '

' ဘုရားရဲ့အလိုတော်ကျ ဓမ္မသဘောနဲ့ပြောရင် လူဖြူလူမဲဆိုတာ ကုသိုလ် အကုသိုလ်နဲ့ ပိုင်းခြားသွားတာ '

' မှန်လှပါဘုရား '

' ကိုယ့်ရဲ့စိတ်ထဲမှာ ကုသိုလ်တရားတွေပြည့်နေရင် လူဖြူ အကုသိုလ် တရားတွေရှိနေရင် '

' လူမဲပါဘုရား '

' ယနေ့ တရားနာပရိသတ်တွေ အားလုံးမေးပါ့မယ် လူဖြူတွေလား လူမဲတွေလား ?'

' လူမဲတွေပါဘုရား '

' အံမယ် ဘာတွေတုန်း အခုတရားပွဲ ရောက်တာတောင်မှ မဲချင်သေး လို့လား ?'

' မမဲချင်ပါဘူးဘုရား '

' တရားပွဲမှာ တရားလေးနာနေတော့ ကိုယ့်စိတ်လေး မကြည်ဘူးလား ?'

' ကြည်ပါတယ်ဘုရား '

' စွမ်းနိုင်သမျှလှူတဲ့ ဒါနကုသိုလ်ကော မရှိခဲ့ဘူးလား ?'

' ရှိခဲ့ပါတယ်ဘုရား '

' သီလတရားကော မစောင့်ထိန်းဘူးလား ?'

' စောင့်ထိန်းပါတယ်ဘုရား '

' အဲလိုဆိုရင် ကိုယ့်စိတ်ထဲမှာ အလောဘနဲ့လည်း အလှဆင်ထား သလို အဒေါသ မေတ္တာတွေပွား၊ မေတ္တာတွေထားပြီးတော့ ပို့ခဲ့လို့လည်းပဲ

http://www.dhammadownload.com



အလှတစ်မျိုးတိုးနေပါပြီ '

' မှန်လှပါဘုရား '

' တရားပွဲပြီးတာနဲ့ မိမိတို့ကို နှလုံးသွင်းပြီးတော့ တရားကော မရှုနိုင်းဘူးလား ?'

' ရှုနိုင်းပါတယ်ဘုရား '

' ဘာဝနာကုသိုလ်ကော မတိုးဘူးလား ?'

' တိုးပါတယ်ဘုရား '

' လူမဲလား လူဖြူလား '

' လူဖြူပါဘုရား '

' မြင်သွားပြီပေါ့ '

' မှန်လှပါဘုရား '

' ကဲ-တရားပွဲပြီးလို့ အိမ်ပြန်သွားရင်တော့ '

' လူမဲပါဘုရား '

' မဲတာပဲ၊ ဒီပရိသတ်က တစ်မျိုးပါလား စဉ်းစားနော်၊ မိမိတို့တစ်တွေ သေချာပြန်ပြီးအာရုံပြု ကိုယ်က ပြင်ပ အလှဆိုင်လေးမှာသွားပြီးတော့ အလှ မပြင်ဖူးဘူးလား ?'

' ပြင်ဖူးပါတယ်ဘုရား '

'မျက်နှာပဲပေါင်းတင်တင် ဆံပင်ပဲအလှပြုပြင်ပြင် ကိုယ်က အဲဒီ အလှလေး ပြုပြင်ပြီးလို့ အိမ်ပြန်ရောက်တဲ့အခါမှာ မျက်နှာပေါင်းတင်တဲ့ ပုဂ္ဂိုလ်ကကော ကိုယ့်မျက်နှာကို ဘယ်သူ့အကိုင်ခံတုန်း ဘယ်သူ့မှ အထိမခံဘူး၊ ဆံပင်လေးကို အလှပြင်လာရင်လည်း သူများကလာပြီး အထိခံလား ?'

' မခံပါဘူးဘုရား '

' ဘာဖြစ်လို့တုန်း အလှပျက်မှာစိုးလို့ စောင့်ရှောက်လိုက်တာ၊ အဲဒီစောင့်ရှောက်ရင်း စောင့်ရှောက်ရင်းနဲ့ အပါယ်လေးပါးမျက်စောင်းထိုး၊ ဘယ် မျက်

http://www.dhammadownload.com



စောင်းထိုး ?'

' အပါယ် မျက်စောင်းထိုးပါတယ်ဘုရား '

' ကဲ-ယနေ့အလှလာပြင်ပြီ၊ အလှလာပြင်လိုက်တဲ့ ဟောဒီစိတ်လေးမှာကျတော့ အလောဘ အဒေါသ အမောဟနဲ့ အလှပြင်လိုက်တော့ အပါယ်တံခါးမပိတ်ဘူးလား ?'

' ပိတ်ပါတယ်ဘုရား '

' နိဗ္ဗာန်ကော မရနိုင်ဘူးလား ?'

' ရနိုင်ပါတယ်ဘုရား '

' ယနေ့ သူတော်စင်များက အိမ်ပြန်ရောက်ရင် မဲမယ်နော် ဟုတ်လား၊ ဒီလောက်ပြင်လိုက်တဲ့အလှကို မစောင့်ရှောက်ချင်ဘူးပေါ့ '

' စောင့်ရှောက်ချင်ပါတယ်ဘုရား '

' အပါယ်လေးပါးကျမယ့်အလှကျတော့ စောင့်ရှောက်လိုက်တာ၊ အပါယ်လေးပါးလွတ်မယ့်အလှကျတော့ ဆက်ဟောရအုံးမှာလား ?'

' ဟောပါဘုရား '

' အလှကတော့ ပြင်ဖို့မသင်လိုက်ဘူးလား '

' သင်လိုက်ပါတယ်ဘုရား '

' စောင့်ရှောက်ဖို့က ဘယ်သူ့တာဝန်တုန်း '

' တပည့်တော်တို့တာဝန်ပါဘုရား '

' ဆံပင်အလှပြင်တုန်းကတော့ သေလောက်အောင် စောင့်ရှောက်တယ်၊ မျက်နှာပေါင်းတင်တုန်းကလည်း ဘယ်သူ့မှအထိမခံဘူး၊ အခု ဒီအလှလေးပြင်လိုက်လို့များ ဒါကိုစောင့်ရှောက်ရင် အပါယ်မလွတ်ဘူးလား '

' လွတ်ပါတယ်ဘုရား '

' တန်ဖိုးရှိတဲ့အလှကျတော့ မစောင့်ရှောက်ချင်ဘူး အခုတရားပွဲပြီးလို့အိမ်ပြန်သွားရင် ဟဲ့-ဖြူမလား မဲမလားဆိုရင် '

' မဲမယ်ဘုရား '

http://www.dhammadownload.com



' တော်တော် တော်တဲ့လူတွေပါ၊ တပည့်တော် ဒီအလှမပျက်အောင် စောင့်ရှောက်မယ်လို့တော့ မပြောဘူးနော်၊ အခုအလှတရားလေးကို အဲလို ပြင်ပေးတာ၊ ပြင်ပေးတဲ့အခါကျတော့ ဩော်-သိကြားမင်းကိုပြောတယ်၊ ငါ့ရဲ့ ဟောဒီအတွင်းထဲမှာ လှနေတဲ့ ကုသိုလ်တရားတွေနဲ့ဆင်ထားလို့ ငါသည် ဘယ် လောက်ပဲ အသားမဲမဲ လူမဲမဟုတ်ဘူး လူဖြူ ကုသိုလ်တွေရှိလို့ '

' လူဖြူပါဘုရား '

' အကုသိုလ်ရှိရင် '

' လူမဲပါဘုရား '

' အသင်သိကြားမင်း အသင်သိကြားမင်းက ပြင်ပကအလှကို ကြည့်ပြီး တော့သာလျှင် လှတယ်ပတယ်ပြောနေတာပါ၊ ဟောဒီကိုယ်ကြီးကို ဘယ် လောက်ပဲလှအောင်ပြင်ပြင်၊ ဘယ်လောက်ပဲ လှအောင် ဆင်ဆင် -

**" ကိုယ်ခန္ဓာတွင်၊ အလှဆင်၊ အဇိုတွင်လမ်းဆုံးသည်**

**ကိုယ်ခန္ဓာတွင်၊ အလှဆင်၊ အနာတွင်လမ်းဆုံးသည် "**

' တစ်နေ့တစ်နေ့ ဟောဒီကိုယ်ကောင်ကြီးကို ပြုပြင်ပြီး ယုယလို့ အလှတွေ ပြင်နေတာသည် ဘယ်လောက်ပဲ အလှပြင်ပြင် ပြင်ရင်းပြင်ရင်းနဲ့ ပျိုလာလား အိုသွားလား ?'

' အိုသွားပါတယ်ဘုရား '

' နာခြင်းတရားကကော တစ်နေ့တခြား မတိုးဘူးလား ?'

' တိုးပါတယ်ဘုရား '

' ဒါကြောင့် ဟောဒီခန္ဓာကိုယ်ကြီးကို လှအောင်ပအောင် ဘယ် လောက်ပဲပြင်ပြင်ပါ၊ အဇိုမှာလမ်းဆုံး အနာမှာ လမ်းဆုံးပြီးတော့ အလှတရား တွေဟာ ချက်ချင်းချက်ချင်းကို ပျက်စီးပါသည် '

' မှန်လှပါဘုရား '

' မပျက်စီးဘူးလား ?'

' ပျက်စီးပါတယ်ဘုရား '

http://www.dhammadownload.com



' ဘယ်မှာ အလှပြင်လို့ ?'

' ကိုယ်မှာအလှပြင်လို့ပါဘုရား '

' ကုန်ကျစရိတ် နည်းလားများလား ?'

' များပါတယ်ဘုရား '

' ဘယ်လောက်ကုန်ကုန် ပြင်မယ်ပေါ့နော် ပြင်ကြပါ၊ အဲလို အကုန်ကျ တွေခံပြီး ပြင်လိုက်တဲ့အပြင်သည် အအိုမှာ လမ်းဆုံးတယ်၊ အနာမှာ လမ်းဆုံး တယ်၊ ဟောဒီစိတ်မှာ အလှပြင်လိုက်တာကျတော့ '

**" စိတ်ခန္ဓာတွင်၊ အလှဆင်၊ မဂ်ဝင်ဖိုလ်ပေါက်သည် "**

' မိမိတို့ ဟောဒီစိတ်လေးမှာသာ အလောဘနဲ့အလှဆင်မယ် အဒေါသနဲ့ အလှဆင်မယ် အမောဟနဲ့သာ အလှဆင်မယ်ဆိုရင် မဂ်ဖိုလ်နိဗ္ဗာန် သေချာ တယ်တဲ့ '

' မှန်လှပါဘုရား '

' အပါယ်တံခါးပိတ်ပြီး မဂ်ဖိုလ်နိဗ္ဗာန်တောင်ရမယ်ဆိုတော့ အလှဆုံး ဆိုရင် မမှန်ဘူးလား ?'

' မှန်ပါတယ်ဘုရား '

' အသင် သိကြားမင်း၊ အလှမှာ စိတ်အလှကတစ်မျိုး ကိုယ်အလှက တစ်မျိုး အလှဘယ်နှစ်မျိုးရှိ ?'

' နှစ်မျိုးရှိပါတယ်ဘုရား '

' ဒါကြောင့် ဒါလေးကိုလည်း မှတ်မိအောင် -

**" ကိုယ်လှစိတ်လှ၊ ထိုနှစ်လှ၊ ဘယ်လှသာ၍လှသနည်း "**

' အသင်သိကြားမင်း ကိုယ်ကိုပြင်တဲ့အလှကတစ်မျိုး စိတ်ကိုပြင်တဲ့ အလှကတစ်မျိုး အလှနှစ်မျိုးရှိတယ်၊ အဲဒီကိုယ်ကိုပြင်ပြီးတော့ လှနေတဲ့အလှ ကိုကြည့်ပြီး သဘောကျရင် ရင်ထဲမှာ လောဘတွေဖြစ်တယ်၊ မကျေမနပ် ဖြစ်နေရင် ဒေါသတွေဖြစ်တယ်၊ အမှန်တရားကိုမသိတဲ့အတွက် မောဟက ဖုံး တယ်၊ ကိုယ်ကိုဘယ်လောက်ပဲ လှအောင်ပြင်ပြင် စိတ်လှဖို့မသေချာဘူးနော်၊

http://www.dhammadownload.com



ဒီတော့ ကိုယ်လှအောင်ပြင်တာနဲ့ စိတ်ကလှဖို့သေချာပါ့မလား ?'

' မသေချာပါဘူးဘုရား '

' ကိုယ်ကိုအလှပြင်ပြီးတော့ သဘောကျနေတော့ လောဘကလာမှာ-

' မှန်လှပါဘုရား '

' အရုပ်မဆိုးဘူးလား ဆိုးမှာလား ?'

' ဆိုးမှာပါဘုရား '

' ဟောဒီစိတ်လေးကိုသာ အလှဆင်မယ်ဆိုရင် လောဘ၊ ဒေါသ၊ မောဟတွေကို နှင်ထုတ်ပြီးသားဖြစ်လို့ အလောဘ အဒေါသ အမောဟ အုပ်ချုပ်တဲ့ ကာယကံ ဝစီကံ မနောကံနဲ့ ကိုယ့်သန္တာန်မှာတည်တော့ ကိုယ်ပါ လှမသွားဘူးလား ?'

' လှသွားပါတယ်ဘုရား '

' အဲဒီလို အလှက အပါယ်တံခါးလည်းပိတ်တယ် နိဗ္ဗာန်ကိုလည်း ရောက်တယ်၊ ကိုယ်ကိုအလှပြင်ခြင်းအားဖြင့် စိတ်ကိုလှအောင်မလုပ်နိုင်ရင် အပါယ် မသွားရဘူးလား သွားရမှာလား ?'

' သွားရမှာပါဘုရား '

' ဒါကြောင့် -

**" ကိုယ်လှစိတ်လှ၊ ထိုနှစ်လှ၊ စိတ်လှသာ၍လှသတည်း "**

' ဘယ်အလှကပိုလှ -

' စိတ်လှကပိုလှပါတယ်ဘုရား '

' ယနေ့ သူတော်စင်များက အလှဆုံးမဖြစ်ချင်ဘူးလား ?'

' ဖြစ်ချင်ပါတယ်ဘုရား '

' ကိုယ်လည်း လှမယ် စိတ်လည်းလှမယ် နှစ်မျိုးလုံးလှရင် အလှဆုံး နော် ?'

' မှန်လှပါဘုရား '

http://www.dhammadownload.com



' ယနေ့ ကိုယ့်စိတ်လေးလှရင် ဘာလည်းလှမယ် ?'

' ကိုယ်လည်းလှမှာပါဘုရား '

' ကိုယ်လည်းလှမယ်၊ ကိုယ်ကို ဘယ်လောက်ပဲပြင်ပြင်တဲ့ အလှကတော့ ပြင်ပက တိုးကောင်းတိုးမယ်၊ အတွင်းမှာ အကျည်းတန်ရင် အလှဆုံးဖြစ်ပါ့ မလား ?'

' မဖြစ်ပါဘူးဘုရား '

' ယနေ့ တရားလာနာတာသည် အခုလို ကိုယ့်စိတ်လေး ကိုယ်ပြင် လိုက်တဲ့အတွက်ကြောင့်မို့လို့ တခြားလား အလှဆုံးလား ?'

' အလှဆုံးပါဘုရား '

' နေ့စဉ်နေ့စဉ် ဒီလိုလေးများ ပြင်သွားရင် ပိုမကောင်းဘူးလား ?'

' ကောင်းပါတယ်ဘုရား '

' အခု ကိုယ်လှစိတ်လှကို ခွဲပြသလိုပဲ ကိုယ်ကို ပြင်တာက အပြင်အလှ စိတ်ကိုပြင်တာက '

' အတွင်းအလှပါဘုရား '

' ဒီလိုဆိုရင် -

" ပြင်လှတွင်းလှ၊ ထိုနှစ်လှ၊ ဘယ်လှသာ၍လှသနည်း၊
ပြင်လှတွင်းလှ၊ ထိုနှစ်လှ၊ တွင်းလှသာ၍လှသတည်း "

' ဘယ်အလှကပိုလှ ?'

' အတွင်းအလှကပို၍လှပါတယ်ဘုရား '

' ဒါဖြင့် အလှကတော့ သေချာသွားပြီ အတွင်းလှတာဟာ အကောင်း ဆုံး အမွန်ဆုံး အမြတ်ဆုံးတော့ သဘောပေါက်သွားပြီ၊ တစ်နေ့တစ်နေ့ သူတော်စင်များ ဘယ်အလှစောင့်ရှောက် ?'

' အတွင်းအလှစောင့်ရှောက်ရမှာပါဘုရား '

' ဘယ်အလှ စောင့်ရှောက်ကြ ?'

' အတွင်းအလှ စောင့်ရှောက်ကြမှာပါဘုရား '

http://www.dhammadownload.com



' မိမိတို့မျက်နှာမှာ သနပ်ခါးအပျက်ခံလား ?'

' မခံပါဘူးဘုရား '

' နှုတ်ခမ်းနီကော -

' အဖျက်မခံပါဘူးဘုရား '

' အပြင်ကျတော့ စောင့်ရှောက်လိုက်ကြတာ၊ အတွင်းမှာကတော့ လောဘ ဒေါသ မောဟတွေနဲ့ အကျည်းတန်နေတာနော် '

' မှန်လှပါဘုရား '

' ယနေ့ အလောဘ အဒေါသ အမောဟ အလှလေးတွေကို ဆင်လိုက်တဲ့အတွက် ကိုယ်စီကိုယ်စီလှနေတာကို သိသွားတော့ သိကြားမင်းကလည်း မနေနိုင်ဘူး၊ ဩော်- ဂျီပီမင်္ဂလာခန်းမမှာ အလှဆုံးတွေ ရောက်နေပြီ ငါသွားကြည့်အုံးမယ်၊ ဟော သိကြားမင်းရောက်လာပြီ၊ သိကြားမင်းက အလှဆုံးကြည့်ချင်တာကိုး၊ အဲတော့ ကြည့်ချင်တော့ ဟောဒီကိုရောက်လာပြီးတော့ ဩော်-သူတို့ရဲ့သန္တာန်မှာ အလောဘတွေ၊ အဒေါသတွေ၊ အမောဟတွေနဲ့ ဆင်မြန်းထားလို့ ကျက်သရေရှိအောင်လှနေတယ်၊ သင်တို့ အားလုံးကိုတော့ ငါဒီလောက် ပင်ပင်ပန်းပန်းလုပ်နေတာ မကြည့်ရက်ဘူး ချီးမြှောက်မယ်လိုရာ ဆုတောင်းပါ၊ သိကြားမင်းရောက်ပြီးတော့ မင်္ဂလာခန်းမမှာ ရှိတဲ့ပုဂ္ဂိုလ်တွေကို ပြောမယ်နော် '

' မှန်လှပါဘုရား '

' ယနေ့ တရားတစ်ပွဲလုံးက ဘာဆုတောင်းမယ်ဆိုတာ စဉ်းစားထား၊ သိကြားမင်းကတော့ ရောက်လာပြီးတော့ ပြောတော့မယ်၊ သင်တို့လည်း နေ့စဉ်နေ့စဉ် ပင်ပင်ပန်းပန်းနဲ့ လုပ်ကိုင်ဆောင်ရွက်တာ ငါမကြည့်နိုင်တော့ဘူး၊ ယနေ့ သင်တို့ရဲ့စိတ်လေးတွေ လှတုန်းကို ငါချီးမြှောက်ချင်လွန်းလို့ ဆုပေးချင်လွန်းလို့ ကြိုက်တဲ့ဆုတောင်းကြလို့ သိကြားမင်းကပြောရင် ဘာဆုတောင်းမလဲ ?'

' နိဗ္ဗာန်ဆုတောင်းမှာပါဘုရား '

http://www.dhammadownload.com



' ဒါ ဒီမှာပြောတာပါ ကျောက်တွင်းက ကျောက်တွေများများထွက်ပါစေ ပေါ့ ဟုတ်လား၊ ဒါမှအဆင်ပြေမှာဟုတ်လား ?'

' မှန်ပါ့ဘုရား '

' အဲတော့ သိကြားမင်းကို တောင်းခိုင်းနေပြီ သူတို့က မတောင်းဘူး လား တောင်းမှာလား '

' တောင်းမှာပါဘုရား '

' အခုသိကြားမင်း မမြင်ရသေးလို့ မတောင်းတာပေါ့နော်၊ သိကြားမင်း မြင်ရင်မတောင်းဘူးလား တောင်းမှာလား ?'

' တောင်းမှာပါဘုရား '

' ကဲ ပွင့်ပွင့် လင်းလင်းပြောစမ်းပါ ဘာတောင်းမလဲ ?'

' နိဗ္ဗာန်ပါဘုရား '

' အလကား ညာနေကြတာ နိဗ္ဗာန်ဆုတောင်းတယ်ဆိုတာ ညာနေကြ တာနော် '

' မှန်လှပါဘုရား '

' တကယ် စိတ်ထဲ ကလိကလိဖြစ်နေတာက ပေါချောင်ကောင်း ပေါပေါ လေးနဲ့ ချောင်ချောင်ရရင်ကောင်းတာပေ့ါ ဟုတ်လား၊ အဲလိုလည်း မလုပ်နဲ့ လေ၊ အဲတော့ သိကြားမင်းက ရောက်လာလို့ တို့များကို တောင်းခိုင်းပြီဆိုရင် ကိုယ့်စိတ်ထဲရှိတာကိုတောင်းကြ သူကပေးချင်လွန်းလို့လေ၊ ကဲ ဘာတောင်း မလဲပြော၊ ရှေ့က ဒကာကြီးတွေက ဘာတောင်းမလဲ ?'

' နိဗ္ဗာန်ဆုပါဘုရား '

' နိဗ္ဗာန်ဆု၊ ကဲနောက်က ဒကာမတွေကော '

' နိဗ္ဗာန်ဆုပါဘုရား '

' နိဗ္ဗာန်ဆု အဲဒီလိုသာ နိဗ္ဗာန်ကို တောင်းလို့ပေးလို့ရမယ်ဆိုရင် ဘုရား က အပင်ပန်းခံပြီး တရားမဟောဘူး ဟောပါ့မလား '

' မဟောပါဘူးဘုရား '

http://www.dhammadownload.com



' ဟောစရာအကြောင်းမရှိဘူး '

' မှန်လှပါဘုရား '

' နိဗ္ဗာန်တောင်းလို့ ရပ့်မလား ?'

' မရပါဘူးဘုရား '

' အလကား ညာနေတာနော် မိမိတို့မတောင်းတတ်ရင်လည်း သေချာအာရုံပြု အခုတောင်းဆိုတဲ့အတွက်ကြောင့်မို့လို့ မောင်မဲရသေ့က တောင်းတော့မယ်၊ အသင်သိကြားမင်း အသင်သိကြားမင်းက တောင်းဆိုလို့ ကျွန်ုပ်တောင်းပါ့မယ်၊ အကျွန်ုပ်သည် ဟောဒီလောကထဲမှာ နေစဉ်တစ်လျှောက်အမျက်မထွက်ရပါလို၏၊ စိတ်မဆိုးရပါလို၏၊ လောဘမဖြစ်ရပါလို၏၊ အများသူငါတွေကို ချစ်ခင်ခြင်း မရှိရပါလို၏၊ ဆု ဘယ်နှစ်မျိုးတောင်းသွားလဲ ?'

' လေးမျိုးတောင်းသွားပါတယ်ဘုရား '

' သူတော်စင်တို့တောင်းတဲ့ဆု တစ်မျိုးမှမပါဘူး၊ အခု မောင်မဲရသေ့တောင်းတဲ့ဆုကို သေချာအာရုံပြုနော် '

' မှန်လှပါဘုရား '

' အသင်သိကြားမင်း၊ အသင်သိကြားမင်းက တောင်းဆိုလို့ ကျွန်ုပ်တောင်းပါ့မယ်၊ ကျွန်ုပ် ဟောဒီလောကမှာ နေစဉ်တစ်လျှောက်မှာ အမျက်မထွက်ရပါလို၏၊ စိတ်မဆိုးရပါလို၏၊ လောဘမဖြစ်ရပါလို၏ အများသူငါတွေကို ချစ်ခင်ခြင်းမရှိရပါလို၏လို့ တောင်းလိုက်တဲ့ဆု သိပ်ကောင်းတယ် '

' မှန်လှပါဘုရား '

' မိမိတို့က နိဗ္ဗာန်ကို တောင်းရမယ့်အစား ဒါကိုအာရုံပြု '

' မှန်လှပါဘုရား '

' အဲဒီတော့ သိကြားမင်းက သူကြားဖူးနေကျ ဆုတောင်းမှုမျိုးတောင်းမယ်ထင်နေတာ၊ အခုတော့ တောင်းတာက မကြားဖူးတဲ့အရာ တောင်းတော့ အသင်ရသေ့၊ အသင်ရသေ့တောင်းတဲ့ဆုတွေက သိပ်ကောင်းလွန်းနေပါတယ်၊ ဘယ်အပြစ်မြင်လို့တောင်းတာလဲမေးတော့မှ အသင်သိကြားမင်း

http://www.dhammadownload.com



သေချာအာရုံပြုပါ အမျက်ထွက်တယ်၊ စိတ်ဆိုးတယ်ဆိုတာဟာ ဒေါသတရား၊ အဲဒီဒေါသတရားသည် မြင်လည်းပဲဖြစ်တတ်ပါတယ်၊ ကြားလည်းပဲဖြစ်တတ်ပါတယ်၊ နမ်းရှူလည်းပဲ ဖြစ်တတ်ပါတယ်၊ စားသောက်လည်းပဲ ဖြစ်တယ်ပါတယ်၊ တွေ့ထိလည်းပဲ ဖြစ်တတ်ပါတယ်၊ အဲဒီဖြစ်တတ်တဲ့ဒေါသတရား စဖြစ်တုန်းကတော့ စိတ်မှာ အားနည်းသေးတယ်၊ ဒေါသတရားအားကြီးလာပြီဆိုရင် အသားတွေနီမြန်းလာပြီ၊ ဆတ်ဆတ်တုန်လာပြီ၊ ကာယကံတွေကလည်းပဲ ကြမ်းတမ်းတဲ့အသွင်အပြင်တွေ မပေါ်ဘူးလား ?'

'ပေါ်ပါတယ်ဘုရား'

'နားမခံသာအောင်လည်း ပြောကြပြီနော်'

'မှန်လှပါဘုရား'

'အဲသလိုဆိုရင် အကုသိုလ်သေးလားကြီးလာလား ?'

'ကြီးလာပါတယ်ဘုရား'

'အကုသိုလ်တရားတွေသည် တဖြည်းဖြည်းနဲ့ အားကောင်းလာပြီ ကြီးထွားလာပြီ၊ အဲဒီအကုသိုလ်တရားတွေကြီးတဲ့အတွက် ဟောဒီ လက်ကလည်းပဲ ဩော်-ဒေါသတရား ပြင်းထန်ပြီဆိုရင် ရိုက်ဟယ် ပုတ်ဟယ် နှက်ဟယ် သတ်ဟယ် မလာဘူးလား ?'

'လာပါတယ်ဘုရား'

'အပြစ်တွေ ကြီးလွန်းလို့ ဒီအကုသိုလ်တရားတွေများ ကျူးလွန်မယ်ဆိုရင် အပါယ်မှတစ်ပါး သွားစရာမရှိလို့ ကြောက်လွန်းလို့ ဒေါသမဖြစ်အောင် လုပ်ပေးပါ၊ ဘာမဖြစ်အောင် ?'

'ဒေါသမဖြစ်အောင်ပါဘုရား'

'ဒါဖြင့် သိကြားမင်းက ဒေါသ မဖြစ်စေသတည်းဆိုလို့ ဒေါသမဖြစ်ဘဲနေလား'

'မရပါဘူးဘုရား'

'သိကြားမင်း ဒေါသ မဖြစ်အောင် လုပ်ပေးလို့မရဘူး ?'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒေါသမဖြစ်ချင်ရင် ကိုယ့်စိတ်လေးလှအောင်လုပ် '

' မှန်လှပါဘုရား '

' ဒေါသမဖြစ်ချင်ရင် '

' ကိုယ့်စိတ်လေးလှအောင်လုပ်ရမှာပါဘုရား '

' သီလကုသိုလ်တွေ ကိုယ့်သန္တာန်ရှိရင် မိမိတို့မေတ္တာတွေထား မေတ္တာတွေ ပွားနေရင် ဒေါသဖြစ်အုံးမလား ?'

' မဖြစ်တော့ပါဘူးဘုရား '

' ဘယ်လှသွားလို့ ?'

' စိတ်လှသွားလို့ပါဘုရား '

' စိတ်လှအောင် ဒေါသတရားကို ယနေ့မဖြစ်ချင်ရင် ပြင်လိုက်ပါ '

' မှန်လှပါဘုရား '

' သိကြားမင်း လုပ်ပေးလို့မရဘူးနော် '

' မှန်လှပါဘုရား '

' လောဘမဖြစ်ချင်ဘူးဆိုတာလည်း တခြားကြောင့်မဟုတ်ဘူး၊ သိကြားမင်းရေ အသင်သိကြားမင်း အာရုံပြုလိုက်ပါ၊ လောဘတရားရှိလာပြီဆိုရင် နေ့လည်းမအိပ်ရဘူး၊ ညလည်းမအိပ်ရဘူး၊ ရှာလိုက်ဖွေလိုက်တာ ဟောဒီ ခန္ဓာကိုယ်ကြီးကိုလည်း အငြိမ်မနေရဘူး ခိုင်းလိုက်တာများ တောင်တက်ဆိုကော မတက်ရဘူးလား ?'

' တက်ရပါတယ်ဘုရား '

' ကျောက်တွင်းတူးဆိုရင်ကော '

' တူးရပါတယ်ဘုရား '

' ချွေးဒီးဒီးကျလို့ နားဆိုတော့လည်း သူ့ခမျာ မနားနိုင်အောင် ဟော တွေ့တော့မယ် တွေ့တော့မယ်နဲ့ လိုက်လိုက်ရတာ '

' မှန်လှပါဘုရား '

http://www.dhammadownload.com



' သေတဲ့အထိ ပင်ပင်ပန်းပန်းလုပ်နေရတာ ဘယ်သူခိုင်းတာလဲ ?'

' လောဘခိုင်းလို့ပါဘုရား '

' လောဘခိုင်းလို့ လုပ်လိုက်ရတာသည် တစ်နေကုန် တစ်နေခန်း အားတယ်ကို မရှိဘူးနော် '

' မှန်လှပါဘုရား '

' ဟောဒီခန္ဓာကိုယ်ကြီးကို ညှဉ်းပန်းနှိပ်စက်ပြီးတော့ ဒုက္ခတွေ စုပြုံပြီးတော့လည်းပဲ မခံရဘူးလား ?'

' ခံရပါတယ်ဘုရား '

' ဘယ်သူခိုင်းရင် '

' လောဘခိုင်းရင်ပါဘုရား '

' ကျေနပ်တယ်ပေါ့နော် အဲဒီလို ပင်ပင်ပန်းပန်း လုပ်ရင်းနဲ့ လောဘနဲ့ သေရင် ပြိတ္တာဘုံသွားရမှာ '

' မှန်လှပါဘုရား '

' အများအတွက် ရှန်းကန်လှုပ်ရှားပြီး ကိုယ့်ကိုယ်ကို နှစ်လိုက်တာ ဘယ်သွားရမှာ ?'

' ပြိတ္တာဘုံသွားရမှာပါဘုရား '

' ပျော်ကြတယ်ပေါ့နော် '

' မပျော်ပါဘူးဘုရား '

' မပျော်လည်းလုပ်တာပဲပေါ့၊ လောဘတရားအုပ်ချုပ်ရင် ကြောက်စရာ ကောင်းပါတယ်၊ အဲဒီလိုအလိုမပြည့်ပဲနဲ့ သေခဲ့ရတဲ့ဘဝတွေလည်း မနည်း တော့ပါ၊ ဒါတင်မဟုတ်သေးဘူး၊ လောဘရှိရင် အလုံးစုံသော အကုသိုလ်တွေ ကိုလုပ်ရပါသည်၊ လောဘတရားများရှိမယ်ဆိုရင် အသင်တို့အားလုံး အာရုံပြု လိုက်၊ မိမိတို့ လောဘတရားက ခိုင်းပြီဆိုရင် နားကပ်တစ်ဖက်နဲ့လည်း လူသတ်ရဲသည် မသတ်ရဲဘူးလား ?'

' သတ်ရဲပါတယ်ဘုရား '

http://www.dhammadownload.com



' ဆွဲကြိုးတစ်ကုံးနဲ့လည်း လူသတ်ရဲတယ်၊ လက်စွပ်တစ်ကွင်းနဲ့လည်း '

' သတ်ရဲပါတယ်ဘုရား '

' အင်္ကျီတစ်စနဲ့လည်း '

' သတ်ရဲပါတယ်ဘုရား '

' သတ်ရဲတယ် အဲဒီလို လူသတ်ရဲ အောင်လည်း လောဘက တိုက်တွန်းပါသည်၊ ခိုးပါသည်၊ သူများဥစ္စာကို ခိုးရဲအောင်လည်းလောဘက တိုက်တွန်းပါသည်၊ သူများအိမ်ယာ ကျူးလွန်အောင်လည်း လောဘက တိုက်တွန်းပါသည်၊ မဟုတ်မမှန်တာတွေကို တွင်တွင်ကျယ်ကျယ်ပြောနိုင်အောင်လည်း ဘယ်သူက တိုက်တွန်း ?'

' လောဘက တိုက်တွန်းပါတယ်ဘုရား '

' အရက်သေစာတွေ သောက်အောင်လည်း '

' လောဘက တိုက်တွန်းပါတယ်ဘုရား '

' အလုံးစုံသော အကုသိုလ်တရားတွေ လောဘရှိရင် ဖြစ်မဖြစ် ?'

' ဖြစ်ပါတယ်ဘုရား '

' ဩော်-ဒါကြောင့်မို့လို့ အပါယ်မှတစ်ပါး သွားစရာမရှိလို့ ကြောက်လွန်းလို့တဲ့ လောဘမဖြစ်အောင်လုပ်ပေးပါ၊ သိကြားမင်းလုပ်နိုင်ပါ့မလား ?'

' မလုပ်နိုင်ပါဘူးဘုရား '

' လောဘမဖြစ်ချင်ရင်လည်း ဘာလှအောင်လုပ် ?'

' စိတ်လှအောင်လုပ်ရမှာပါဘုရား '

' စိတ်လေးလှရင် လောဘမဖြစ်ဘူးနော် '

' မှန်လှပါဘုရား '

' အဲတော့ လောဘမဖြစ်အောင်လည်း သိကြားမင်းလုပ်ပေးလို့မရဘူး၊ ဒေါသမဖြစ်အောင်လည်း သိကြားမင်း လုပ်ပေးလို့မရဘူး၊ ကိုယ့်ကိုယ်ကို စိတ်လှရင်တော့ မဖြစ်အောင် စောင့်ရှောက်လို့ရတယ် '

' မှန်လှပါဘုရား '

http://www.dhammadownload.com



' သတ္တဝါတွေကို မချစ်ခင်ချင်ဘူးဆိုတာကလည်း တခြားကြောင့် မဟုတ်ပါ။ ယနေ့အများသူငါကို အသာထား၊ ကိုယ့်မိသားစု အချင်းချင်းကိုပဲ ကြည့်လိုက် ကိုယ့်သားသမီး၊ မိဘနှစ်ပါးပြန်ပြီးကြည့်လိုက်တော့ အိမ်ထောင်စု ထဲမှာ သားတွေကငယ်သေးလို့၊ သမီးလေးက အရွယ်မရောက်သေးလို့ ကျောင်းကတက်ရလို့ စိတ်မချရလို့နဲ့ အမျိုးမျိုး ဆင်ခြေတွေပေးပြီးတော့မှ သူတို့ရဲ့နှောင်ဖွဲ့မှုအောက်မှာ ရုန်းမထွက်နိုင်အောင် တရားမနာနိုင်၊ တရား အားမထုတ်နိုင်နဲ့ ကိုယ့်ဘဝအဆုံးသတ်တဲ့ ရှုံးချက်တွေနာတာကော မရှိဘူး လား ?'

' ရှိပါတယ်ဘုရား '

' အဲဒါသည် ဘယ်သူက ချည်နှောင်လဲမေးရင် ချစ်ခင်မှုက ချည်နှောင် တာ၊ ဘယ်သူက ချည်နှောင်တာလဲ ?'

' ချစ်ခင်မှုက ချည်နှောင်တာပါဘုရား '

' သားလေးကို ချစ်ပြန်တော့လည်း သူကနှောင်ဖွဲ့ထားတဲ့အတွက် ရုန်းထွက်လို့မရဘူး '

' မှန်လှပါဘုရား '

' တစ်ဦးနဲ့တစ်ဦး ချစ်ခင်ပြန်တော့လည်း အပြန်ပြန်အလှန်လှန် ရစ်ပတ် ထားလို့ ရုန်းထွက်လို့ ရသေးလား ?'

' မရပါဘူးဘုရား '

' တစ်ယောက်ကသွားပြီးတော့ တရားအားထုတ်မယ်ဆိုရင် ငါတစ် ယောက်ထဲ စိတ်မချလို့မနေနိုင်လို့ နေပါအုံးဟဲ့ တားလိုက်ရတာ၊ အဲလို တား လိုက်ရတဲ့အတွက် နေခဲ့နေခဲ့ရင်းနဲ့ အသက်တွေတိုလာတာကို ရှည်လာပြီ ထင်နေက မှားနေကြတာ၊ သက်တမ်းလေးတွေ ပြန်မတိုသွားဘူးလား ?'

' တိုသွားပါတယ်ဘုရား '

' တကယ်တမ်း ပြန်ကြည့်တဲ့အခါကျတော့ နစ်နာသွားတဲ့ ဘဝတွေ နစ်နာသွားတဲ့အချိန်တွေ ပြန်ယူလို့ရသေးလား ?'

' မရပါဘူးဘုရား '

http://www.dhammadownload.com



' အေး အဲဒါက ဘာလို့လဲမေးရင် ချစ်ခင်မှုက နှောင်ဖွဲ့ထားလို့ '

' မှန်လှပါဘုရား '

' သတ္တဝါတွေကိုသာ ချစ်ခင်မယ်ဆိုရင် အများက နှောင်ဖွဲ့ထားတဲ့ ချည်နှောင်မှုအောက်မှာ ဘယ်လိုမှရုန်းထွက်လို့မရဘူး၊ အခုလိုတောထွက်ပြီး တော့ တရားအားထုတ်ဖို့တောင် လွယ်ပါ့မလား ?'

' မလွယ်ပါဘူးဘုရား '

' အေး ဒါတွေက ဘာကြောင့်လဲလို့မေးတော့ သတ္တဝါတွေကို ချစ်ခင်မှုက နှောင်ဖွဲ့လို့ပါ။ အဲဒီချစ်ခင်မှုတွေက ကြောက်စရာကောင်းပါတယ်၊ သံသရာမှာ လည်းပဲ သူနှောင်ဖွဲ့လို့ ရုန်းထွက်လို့မရလို့ ခန္ဓာဒုက္ခတွေ ဇာတ်မသိမ်းဘဲနဲ့ ခံခဲ့ရပြီ၊ အခုလည်းပဲ ခံရအုံးမယ်ဆိုရင် မသက်သာဘူးတဲ့၊ သာသနာနဲ့ဆုံခိုက်မှာ ဒီလိုအခွင့်အရေးလေးရတုန်းကိုတော့ ဒီနှောင်ဖွဲ့မှုက လွတ်အောင်လို့၊ ချစ် ခင်မှုမရှိအောင် လုပ်ပေးပါ၊ သိကြားမင်းလုပ်ပေးနိုင်ပါ့မလား ?'

' မလုပ်ပေးနိုင်ပါဘူးဘုရား '

' ယနေ့ မိမိတို့ရဲ့သန္တာန်မှာ ဘာဝနာကုသိုလ်နဲ့ အလှဆင်လိုက်ရင် ဟောဒီခန္ဓာကိုယ်ထဲမှာရှိတာက ငါကောင်သူကောင်လား ရုပ်နာမ်လား ?'

' ရုပ်နာမ်ပါဘုရား '

' အဲဒီရုပ်နာမ်လေးတွေကို ဉာဏ်နဲ့စိုက်ကြည့်လို့ ရုပ်ကိုရုပ်မှန်းသိ၊ နာမ်ကိုနာမ်မှန်းသိ၊ ဒီရုပ်တရား နာမ်တရားတွေက ဉာဏ်အောက်မှာ တဖွဲ့ဖွဲ့ တသဲသဲနဲ့ တည်တံ့ခိုင်မြဲပြတာလား ဖြစ်ပြီးပျက်တာလား ?'

' ဖြစ်ပြီးပျက်တာပါဘုရား '

' အဲဒီသဘောကို ဉာဏ်သွင်းလို့ ဉာဏ်မြင်လာပြီဆိုရင် တစ်ချက်ရှုလို့ တစ်ချက်မြင် အရှိနဲ့အသိ ကိုက်တိုင်းကိုက်တိုင်းမှာ အိမ်လည်းသတိမရဘူး သားလည်းသတိမရဘူး သမီးလည်းသတိမရဘူး၊ စီးပွားဥစ္စာလည်းမေ့ထားလို့ မရဘူးလား ?'

' ရပါတယ်ဘုရား '

http://www.dhammadownload.com



' အဲဒီအချိန်အခါမှာ အချစ်ကင်းကွာနေတယ် '

' မှန်လှပါဘုရား '

' ရှုန်းထွက်လို့ကော မရဘူးလား ?'

' ရပါတယ်ဘုရား '

' ဒါဖြင့်ရင် မိမိတို့ချစ်ခင်အနှောင်အဖွဲ့တွေကို ဖြတ်ချင်ရင်လည်း ကိုယ့်စိတ်လေးလှမှ '

' မှန်လှပါဘုရား '

' ဒါဖြင့် အမောဟနဲ့အလှဆင်ရင် အချစ်ကို ဖြတ်လို့မရဘူးလား ?'

' ရပါတယ်ဘုရား '

' အလောဘနဲ့အလှဆင်ရင် လောဘကိုလည်းပဲ ပယ်လို့မရဘူးလား၊ အဒေါသနဲ့အလှဆင်ရင် ဒေါသကိုကော အနိုင်မယူဘူးလား ?'

' ယူပါတယ်ဘုရား '

' အဲဒါသည် နိဗ္ဗာန်ရောက်ကြောင်းတရားပါ '

' မှန်လှပါဘုရား '

' ရှုန်းထွက်လို့ကော မရနေဘူးလား ?'

' ရနေပါတယ်ဘုရား '

' အလောဘ၊ အဒေါသ၊ အမောဟ ဒီတရား ကိုယ့်သန္တာန်မှာသာ အလှဆင်စမ်း ဒီပုဂ္ဂိုလ် အပါယ်လည်း ဘယ်တော့မှမကျဘူး၊ နိဗ္ဗာန်ကိုလည်း သေချာပေါက်ရမယ်၊ ဒါဖြင့် သိကြားမင်းထံမှာ နိဗ္ဗာန်ပေးပါလို့ တောင်းရမှာလား၊ ကိုယ့်စိတ်လှအောင် လုပ်ရမှာလား ?'

' ကိုယ့်စိတ်လှအောင်လုပ်ရမှာပါဘုရား '

' ရှင်းသွားပြီနော် '

' မှန်လှပါဘုရား '

http://www.dhammadownload.com



' တခြားလား နိဗ္ဗာန်ရောက်ကြောင်းတရားလား ?'

' နိဗ္ဗာန်ရောက်ကြောင်းတရားပါဘုရား '

' နိဗ္ဗာန်ရောက်ချင်ရင် ဘာလှုရမယ် ?'

' စိတ်လှုရမှာပါဘုရား '

' ကိုယ်လေးလှုအောင်ပြင်ရုံနဲ့ နိဗ္ဗာ ခရဘူးနော် '

' မှန်လှပါဘုရား '

' နှလုံးသွင်းမှားသွားရင် အပါယ်တောင်ကျအုံးမှာ '

' မှန်လှပါဘုရား '

' စိတ်လှုနေတဲ့ပုဂ္ဂိုလ်သည် နှလုံးသွင်း မမှန်ဘူးလား ?'

' မှန်ပါတယ်ဘုရား '

' အဲဒါကြောင့် အပါယ်တံခါးပိတ်ပြီး နိဗ္ဗာန်ကိုရောက်အောင်လှုတဲ့အလှု မို့လို့ အလှုဆုံးဆိုရင်ကော လွဲစရာများရှိသေးလား ?'

' မရှိပါဘူးဘုရား '

' ယနေ့ ဟောဒီ ဆယ်ရက်တိုင်တိုင် တရားဓမ္မအလှူကို ပေးလှူနေတာသည် အလှုဆုံးပြင်ပေးနေတာပါ '

' မှန်လှပါဘုရား '

' ကျေးဇူးတင်စရာ မကောင်းဘူးလား ?'

' ကောင်းပါတယ်ဘုရား '

'အေး တရားအလှူပေးကြတဲ့ ပုဂ္ဂိုလ်တွေကိုသာ ကျေးဇူးတင်တော့နော်'

' မှန်လှပါဘုရား '

' ယနေ့ အလှုဆုံးလေးကိုပြင်လိုက်လို့ အဲဒီအလှုတရားလေးကို သိသွားတဲ့အခါ သိကြားမင်းသည် သဘောကျလွန်းလို့လည်းပဲ မနေနိုင်မထိုင်နိုင် ဖြစ်လာတော့ အသင်ရသေ့တဲ့ အသင်ရသေ့ပြောတဲ့ဆုတွေက သိပ်ကောင်းလွန်းလို့ ထပ်ပြီးတော့ တောင်းစမ်းပါအုံး ပေးနိုင်လားမေးတော့ '

' မပေးနိုင်ပါဘူးဘုရား '

http://www.dhammadownload.com



' မပေးနိုင်ဘူး တောင်းခိုင်းနေတာ၊ အဲတော့ လောကမှာလည်း သူတော်စင်များ သေချာအာရုံပြုကြ၊ တစ်ဦးတစ်ယောက်က ပေးတယ်ဆိုရင် မိမိတို့တစ်တွေသည် မယူရင် အမင်္ဂလာဖြစ်သည်၊ ဒါကြောင့် နည်းနည်းဖြစ်ဖြစ် မင်္ဂလာရှိအောင်ယူရတယ်၊ အခုလည်းတောင်းဆိုတာ မတောင်းရင် အမင်္ဂလာ ဖြစ်မှာစိုးလို့ မင်္ဂလာရှိအောင် တောင်းလိုက်ရတယ်၊ အသင် သိကြားမင်း အသင် သိကြားမင်းက တောင်းဆိုလို့ တောင်းပါ့မယ်၊ ကျွန်ုပ်သည် ဟောဒီတောထဲမှာ တစ်ပါးတည်း တစ်ယောက်တည်းနေရတာဖြစ်တဲ့အတွက်ကြောင့်မို့လို့ မကျန်းမမာဖြစ်ရင် တရားတွေကို အားထုတ်ရတာ အခက်အခဲရှိပါတယ်၊ ဒါကြောင့်မို့လို့ ဟောဒီခန္ဓာ ကိုယ်မှာ "ရောဂါမရှိအောင်" လုပ်ပေးပါ၊ ဘာမရှိအောင် ?'

' ရောဂါမရှိအောင်ပါဘုရား '

' သိကြားမင်းကို ရောဂါမရှိအောင်လုပ်ပေးပါလို့ တောင်းလိုက်တော့ သိကြားမင်းခမျာမှာ ရောဂါမရှိအောင်လုပ်ပေးလို့ ရမရ ကြည့်ရအောင်၊ ဟောဒီ ခန္ဓာကိုယ်ကြီးထဲမှာ တစ်နေ့တစ်နေ့ နာတာ ကျင်တာ ကိုက်တာခဲတာတွေဟာ အမြဲမနှိပ်စက်ဘူးလား ?'

' နှိပ်စက်ပါတယ်ဘုရား '

' ဒါကြောင့် **ရုစ္စတီတိ ရောဂေါ၊ ရုစ္စတိ**-နာတတ် ကျင်တတ် ကိုက်တတ် ခဲတတ်၏၊ **ဣတိတသ္မာ** - ထို့ကြောင့် **ရောဂေါ**-ရောဂါမည်၏၊ ရောဂါရောဂါဆိုတာ တခြားမမှတ်နဲ့ဟေ့၊ နာတတ်ကျင်တတ်ကိုက်တတ် ခဲတတ် တဲ့သဘောမှန်သမျှ ရောဂါ၊ ခန္ဓာကိုယ်ထဲမှာ နာတတ်တဲ့ ကျင်တတ်တဲ့ ကိုက်တတ် ခဲတတ်တဲ့သဘောမှန်သမျှ ဘယ်သူ နှိပ်စက်တာ ?'

' ရောဂါနှိပ်စက်တာပါဘုရား '

' ဒီလိုဆိုရင် သူတော်စင်များက တရားတွေအားထုတ်တဲ့နေရာမှာ တချို့ တချို့သောပုဂ္ဂိုလ်တွေ နာတာတွေ ကုန်အောင် မလိုက်ဘူးလား ?'

' လိုက်ပါတယ်ဘုရား '

' နာတာကုန်အောင်လုပ်ဆို လုပ်တာပဲနော် မလုပ်ကြဘူးလား ?'

' လုပ်ပါတယ်ဘုရား '

http://www.dhammadownload.com



'နာတာကိုကုန်အောင် လုပ်ဆိုတော့ ကိုယ့်ကိုယ့်ကို ဖိပြီးတော့ ထိုင်ကြတယ်၊ နာတာပေါ်လို့ မခံနိုင်ရင် ပြင်မယ်ဆိုတော့ တဏှာအလိုလိုက်တယ်ဆိုပြီး ဩော်-မိမိတို့က အစွဲသန်ပြန်တော့ ပေရှုကြပြန်တယ်၊ အဲဒီလိုခန္ဓာကိုယ်ကြီး နာတာကြီးပြတာကို ပေရှုတဲ့အတွက်ကြောင့်မို့လို့ ဟောနာတာက အစွန်းစွန်ဆုံးသော နာပြီးသွားရင် ဆက်နာလို့ရသေးလား ?'

'မရတော့ပါဘူးဘုရား'

'မရရင် အနာကုန်သွားရင် ချမ်းသာမှုလေး မပြဘူးလား ?'

'ပြပါတယ်ဘုရား'

'အဲဒါကိုပဲ ဩော်-ငါတို့တော့ဟော့ ဝေဒနာ ကုန်သွားပြီ နာတာကုန်သွားပြီ၊ မဂ်ဖိုလ်နိဗ္ဗာန် ရပြီဆိုပြီး တစ်ချို့ပျော်ကြတယ်၊ အလွဲကြီးလွဲတာကိုလည်း မမေ့ကြနဲ့နော်'

'မှန်လှပါဘုရား'

'ယနေ့ သူတော်စင်များ နာတာကုန်အောင်လုပ်တာသည် ဘာလုပ်တာလဲမေးရင် ဟောဒီ ခန္ဓာကိုယ်ကြီးရှိရင် နာတာမရှိဘူးလား ?'

'ရှိပါတယ်ဘုရား'

'ဒါလေးကိုလည်း မှတ်မိအောင် -

**"ကိုယ်ရှိရင်၊ နာကျင်ကိုက်ခဲမှုရောဂါရှိသည်၊ မကုန်နိုင်ပါ"**

'ကဲ-နာတာ ကျင်တာ ကုန်ပါ့မလား ?'

'မကုန်ပါဘူးဘုရား'

'ဘာရှိလို့ ရှိတာ ?'

'ကိုယ်ရှိလို့ပါဘုရား'

'ဒါဖြင့် နာတာ ကုန်အောင် မရှိတော့အောင် လုပ်ပြီဆိုရင် အဲဒီနာတာကုန်တာသည် ဘာမရှိရင်ကုန်မယ်'

'ကိုယ်မရှိရင် ကုန်မှာပါဘုရား'

http://www.dhammadownload.com



' ကိုယ်မရှိရင် နေရမှာလား သေရမှာလား ?'

' သေရမှာပါဘုရား '

'နာတာကုန်အောင်လုပ်တာ သေကြောင်းကြံတာ'

' မှန်လှပါဘုရား '

' ရှင်းရှင်းလေးပြောလိုက်ပြီနော် '

' မှန်လှပါဘုရား '

' နာတာကုန်အောင်လုပ်တာ ဘာလုပ်တာ ?'

' သေကြောင်းကြံတာပါဘုရား '

' ကိုယ်ရှိရင် ဘာရှိမလဲ ?'

' နာတာရှိပါတယ်ဘုရား '

' ကုန်အောင်လုပ်လို့ရပ့ါမလား ?'

' မရပါဘူးဘုရား '

' ရောဂါတွေ ကုန်အောင်လုပ်ပေးပါ ရောဂါတွေမရှိအောင် လုပ်ပေးပါ၊ သိကြားမင်း မတတ်နိုင်ပါဘူး '

' မှန်လှပါဘုရား '

' ရောဂါတွေကုန်ချင်ရင် ရောဂါတွေမရှိချင်ရင် ဘာမရှိရင်ကုန်မယ် '

' ကိုယ်မရှိရင်ကုန်ပါတယ်ဘုရား '

' ဩော်-ဟောဒီကိုယ်ကြီး နောင်တစ်ဖန်မရတော့အောင် ခန္ဓာမှာပြတဲ့ အရှုခံဉာဏ်နဲ့ ဆုံးအောင်လိုက်ရင် ရောဂါလည်းကင်း၊ ခန္ဓာလည်းသိမ်းသွားပြီ၊ ခန္ဓာဇာတ်သိမ်းတာ တခြားလား နိဗ္ဗာန်လား ?'

' နိဗ္ဗာန်ပါဘုရား '

' ရောဂါပျောက်ချင်လည်း စိတ်လှအောင်လုပ် '

' မှန်လှပါဘုရား '

http://www.dhammadownload.com



' စိတ်လှရင် ခန္ဓာ့အကြောင်းမသိဘူးလား ?'

' သိပါတယ်ဘုရား '

' ခန္ဓာအကြောင်းသိလို့ ရုပ်နာမ်တွေရဲ့အပေါ် မှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တမြင်တာက ဟောဒီဉာဏ်နော် '

' မှန်လှပါဘုရား '

' စိတ်မှာ အမောဟတည်းဟူသောဉာဏ်သာ နေရာယူရင် ဒီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ အရှိရုပ်နာမ်တွေရဲ့ ဖြစ်ပျက်တွေကို ကောင်းစွာမြင်ရတော့ အဲဒီ အမြင်သည်ပင် ဉာဏ်ဦးစီးသွားတဲ့အတွက် ဩော်-သံသရာထဲမှာ ဒုက္ခတွေကို မြင်သွားရင် အလိုမရှိတဲ့အတွက်ကြောင့်မို့လို့ လိုချင်တဲ့လောဘကို မပယ်ဘူး လား ?'

' ပယ်ပါတယ်ဘုရား '

' ကိုယ့်ရဲ့သန္တာန်မှာ ဒီတရားတွေက လွှမ်းမိုးပြီးတော့ အမောဟက နေရာယူထားပြီဆိုရင် ဟော အလောဘကလည်းပဲ ကောင်းစွာ တည်လာပြီ အဒေါသကလည်းနေရာယူတော့ သူတော်ကောင်းတရားတွေ မကိန်းသွားဘူး လား ?'

' ကိန်းသွားပါတယ်ဘုရား '

' အဲဒီပုဂ္ဂိုလ်သည် နိဗ္ဗာန်မှတစ်ပါး သွားစရာမရှိတော့ဘူး၊ ဒါဖြင့် ခန္ဓာ ဇာတ်သိမ်းသွားရင် ရောဂါရှိအုံးမလား ?'

' မရှိတော့ပါဘူးဘုရား '

' ရောဂါမရှိအောင်လုပ်ပေးဆိုတာလည်းပဲ ဘာပြောသွားတာလဲ မေး တော့ နိဗ္ဗာန်ရောက်အောင်ဟောသွားတာ ဘာရောက်အောင် ဟောတာ '

' နိဗ္ဗာန်ရောက်အောင်ဟောသွားတာပါဘုရား '

' အမျက်မထွက်ချင်ပါ စိတ်မဆိုးချင်ပါ လောဘမဖြစ်ချင်ပါ သတ္တဝါတွေ မချစ်ခင်ချင်ပါလို့ ပြောသွားတာလည်းပဲ နိဗ္ဗာန်ရောက်ကြောင်းတရားနော် '

' မှန်လှပါဘုရား '

http://www.dhammadownload.com



' အဲဒါတွေက ဘယ်မှာအလှဆင်နေတာ ?'

' စိတ်မှာအလှဆင်နေတာပါဘုရား '

' ဒီလိုလေး ပြောလိုက်တဲ့အခါမှာ သဘောတွေကျပြီးတော့မှ သိကြားမင်းသည် အာရုံလေးပြုပြုပြီးတော့များ ဩော်-သူတော်ကောင်းတရားတွေကိန်းနေတာ တယ်အလှစစ်ပါလား၊ ဒီလောက်ကောင်းတဲ့ဆုတွေကို တောင်းတတ်လိုက်တာ သိကြားမင်း ကြားနာရတာ အားမရသေးတဲ့အတွက်ကြောင့်မို့လို့ အသင်ရသေ့ အသင်ရသေ့တောင်းတဲ့ ဆုတွေကောင်းလွန်းလို့ပါ ထပ်တောင်းပါအုံး၊ ပေးနိုင်လားမေးတော့ '

' မပေးနိုင်ပါဘူးဘုရား '

' ဖွတ်တောင်းခိုင်းနေတာ ပေးတော့ မပေးနိုင်ဘူးနော် '

' မှန်လှပါဘုရား '

' အဲတော့ ရသေ့ကလည်းပဲ အသင်သိကြားမင်း အသင်သိကြားမင်းက တောင်းဆိုလို့တောင်းပါ့မယ်၊ ကျွန်ုပ်သည် ဟောဒီနေ့စဉ် သက်တမ်းတစ်လျှောက်လုံးမှာ ကိုယ်နဲ့ပြုရတဲ့ ကာယကံအပြုအမူတွေ မှန်သမျှ အပြစ်မဖြစ်ချင်ပါ၊ ပြောဆိုတဲ့ဝစီကံအပြောအဆိုတွေ အမူအရာတိုင်း အမူအရာတိုင်းမှာ အပြစ်မဖြစ်ချင်ပါ၊ မနောကံနဲ့ ကြံစည်တဲ့ ကြံစည်မှု မနောကံ မှန်သမျှတွေမှာလည်း အပြစ်မဖြစ်ချင်ပါ ကာယကံအပြစ်တွေမဖြစ်အောင် ဝစီကံအပြစ်တွေမဖြစ်အောင် မနောကံအပြစ်တွေ မဖြစ်အောင် လုပ်ပေးပါ၊ သိကြားမင်းထံကို တောင်းတာနော် '

' မှန်လှပါဘုရား '

' ကာယကံအပြစ် မဖြစ်အောင်လုပ်ပေးပါ၊ ဝစီကံအပြစ်မဖြစ်အောင် လုပ်ပေးပါ၊ မနောကံအပြစ်မဖြစ်အောင် လုပ်ပေးပါ၊ သိကြားမင်းလုပ်ပေးလို့ရလား ?'

' မရပါဘူးဘုရား '

' ယနေ့ မိမိတို့ ဟိုဟာလိုချင် ဒီဟာလိုချင်ပြီဆိုရင် လောဘ ရှိမရှိ '

' ရှိပါတယ်ဘုရား '

http://www.dhammadownload.com



'လောဘရှိရင် လောဘခိုင်းတဲ့ ကာယကံတွေ ဖြစ်လား မဖြစ်လား ?'

'ဖြစ်ပါတယ်ဘုရား'

'ဝစီကံပြောဆိုမှုတွေကော'

'ဖြစ်ပါတယ်ဘုရား'

'မနောကံ ကြံစည်မှုတွေကော'

'ဖြစ်ပါတယ်ဘုရား'

'အဲဒီလိုဆိုရင် ဒီပုဂ္ဂိုလ်ရဲ့သန္တာန်မှာ လောဘနဲ့ပြုမူတဲ့အပြုအမူ၊ ပြောဆိုတဲ့ အပြောအဆို၊ ကြံစည်တဲ့အကြံအစည် ကောင်းပါ့မလား ?'

'မကောင်းပါဘူးဘုရား'

'အဲဒါဆိုရင် ကာယကံအပြစ်လည်းမကင်းတော့ဘူး၊ ဝစီကံအပြစ်လည်း'

'မကင်းတော့ပါဘူးဘုရား'

'မနောကံအပြစ်လည်း'

'မကင်းတော့ပါဘူးဘုရား'

'ဘာရှိနေလို့'

'လောဘရှိနေလို့ပါဘုရား'

'လောဘရှိနေလို့ ကိုယ်ဖြစ်ချင်တိုင်း မဖြစ်လို့ ကိုယ်ကမကျေနပ်ရင် ဒေါသမဖြစ်ပြန်ဘူးလား ?'

'ဖြစ်ပါတယ်ဘုရား'

'ဒေါသရှိရင် ဒေါသခိုင်းတဲ့ကာယကံ လာတော့မယ်'

'မှန်လှပါဘုရား'

'ဒေါသအုပ်ချုပ်တဲ့ အပြောအဆိုကြမ်းတမ်းတဲ့ ဝစီကံတွေ ထွက်လာတော့မယ်၊ ဒေါသကြံစည်တဲ့ အကြံအစည်တွေပေါ်လာတော့မယ်၊ အဲဒါဆိုရင် ဒေါသရှိရင် ကာယကံအပြစ်တွေ မကင်းတော့ပါ၊ ဝစီကံအပြစ်တွေ မကင်း

http://www.dhammadownload.com



တော့ပါ၊ မနောကံအပြစ်တွေမကင်းတော့ပါ၊ မောဟရှိရင်လည်း ဒီတိုင်းပဲနော် '

' မှန်လှပါဘုရား '

' ကိုယ့်ရဲ့ ဟောဒီစိတ်ထဲမှာ အရုပ်ဆိုးနေပြီဆိုရင် အပြစ်တွေဖြစ်သွားပြီ၊ ကာယကံအပြစ် မဖြစ်ချင်ဘူးဆိုရင် ဝစီကံအပြစ် မနောကံအပြစ်တွေ မဖြစ်ချင်ဘူးဆိုရင် ဘာလှရင်မဖြစ်ဘူး ?'

' စိတ်လှရင်မဖြစ်ပါဘူးဘုရား '

' တန်ဖိုးရှိသွားပြီ၊ မိမိတို့ရဲ့ စိတ်လေးကို နေ့စဉ်နေ့စဉ် လှအောင်ပြင်ဖို့ မသင့်ဘူးလား ?'

' သင့်ပါတယ်ဘုရား '

' အဲဒီလိုပြင်ချင်ပါတယ်ဆိုရင် တခြားအာရုံမပြုနဲ့၊ မိမိရဲ့သန္တာန် ဟောဒီ ဝိပဿနာအလုပ်တွေကိုသာ ကြိုးစားအားထုတ်နေရင် ဉာဏ်ဦးစီးတဲ့ အသိက စိတ်မှာနေရာယူရင် အလုံးစုံပြည့်စုံပါတယ် '

' မှန်လှပါဘုရား '

' လောဘ ဒေါသ မောဟတွေကို နှိမ်နင်းပြီးသားဖြစ်တဲ့အတွက်ကြောင့် မို့လို့ မိမိရဲ့သန္တာန်မှာ အရုပ်ဆိုး အကျည်းတန်တဲ့ဘဝက မလွတ်သွားဘူးလား?'

' လွတ်သွားပါတယ်ဘုရား '

' စိတ်လှတဲ့အတွက်ကြောင့်မို့လို့ အလောဘ၊ အဒေါသ၊ အမောဟ တည်းဟူသော ကုသိုလ်တရားတွေရဲ့စေခိုင်းမှု ကာယကံ သိမ်မွေ့နူးညံ့သွားပြီ၊ ဝစီကံအပြောအဆိုတွေ ယဉ်ကျေးသွားပြီ၊ မနောကံအပြစ်တွေလည်း ကင်းသွားတဲ့အတွက်ကြောင့်မို့လို့ ကာယကံအပြစ်တွေမဖြစ်တာသည် ဘာလှလို့ ?'

' စိတ်လှလို့ပါဘုရား '

' ဝစီကံအပြစ်တွေကင်းတာ '

' စိတ်လှလို့ပါဘုရား '

' မနောကံ အပြစ်တွေစင်ကြယ်တာ '

' စိတ်လှလို့ပါဘုရား '

http://www.dhammadownload.com



' ဒါဖြင့် ဘာလုပ်အောင် လုပ်မှာလဲ '

' စိတ်လုအောင်လုပ်ရမှာပါဘုရား '

' ယနေ့ ငါတို့တစ်တွေ အလုဆုံးဆိုရင် မမှန်ဘူးလား ?'

' မှန်ပါတယ်ဘုရား '

' အဲဒီအလုတွေမပျက်အောင် ဆက်စောင့်ရှောက်ရမှာနော် '

' မှန်လှပါဘုရား '

' အပါယ်တံခါးပိတ်ချင်ရင်လည်း ဘာလုအောင်လုပ်ရမှာ ?'

' စိတ်လုအောင်လုပ်ရမှာပါဘုရား '

' ယနေ့ အရိယာဖြစ်ချင်ရင်လည်း '

' စိတ်လုအောင်လုပ်ရမှာပါဘုရား '

' သဗ္ဗညုမြတ်စွာဘုရားဖြစ်တာ ဘာလုလို့ ?'

' စိတ်လုလို့ပါဘုရား '

' ပစ္စေကဗုဒ္ဓါဖြစ်တာ '

' စိတ်လုလို့ပါဘုရား '

' ရဟန္တာဖြစ်တာ '

' စိတ်လုလို့ပါဘုရား '

' ဩော်-သာသနာတွင်းနဲ့ဆုံပြီးတော့ ဘုရားပွင့်တဲ့ကာလနဲ့ကြုံနေတဲ့ အဖိုးတန် ခေတ်ကောင်းအခါကောင်းမှာ ယနေ့ရှင်စဉ်ကာလ သက်တမ်းလေးကို အကျိုးမဲ့ အချည်းနှီး သားရေး သမီးရေး စီးပွားရေးတွေနဲ့ ဖြုတ်ခဲ့တာတွေ များခဲ့တာကို ရပ်တန်းကရပ်ပြီးတော့မှ ကိုယ့်စိတ်လေးကို တစ်ဖက်တစ်လမ်းက လုအောင်ပြင်လိုက်ရင် ကျက်သရေမရှိဘူးလား ?'

' ရှိပါတယ်ဘုရား '

' အဲဒီလို ပြင်ချင်ပါတယ်ဆိုရင်တော့ တခြားမလုပ်ပါနဲ့၊ ကိုယ့်ရဲ့သန္တာန် ကိုယ့်စိတ်လေးကို စောင့်ရှောက်လိုက်ရင်ရပါပြီ '

' မှန်လှပါဘုရား '

http://www.dhammadownload.com



' အဲဒီလို စိတ်ကို စောင့်ရှောက်နိုင်ဖို့က ကိုယ်ရှာထားတဲ့ ဥစ္စာ ပစ္စည်းတွေကိုအရင်းတည်ပြီး ဒါနကုသိုလ်နဲ့လည်းနိုင်အောင် ကြိုးစား '

' မှန်လှပါဘုရား '

' ကိုယ်ကိုအရင်းတည်ပြီး သီလကုသိုလ်နဲ့လည်းပဲ ကိုယ့်ရဲ့စိတ်ကို မွမ်းမံနိုင်အောင် ကြိုးစားပါ၊ ယနေ့ တရားတွေကို သိပြီးတော့ သံဝေဂ အကြီးအကျယ်ရပြီဆိုရင် အကောင်းဆုံး အမွန်ဆုံးဖြစ်တဲ့ ထွက်ရာလမ်း ဝိပဿနာအလုပ်ကို လုပ်မယ်ဆိုရင်တော့ အကောင်းဆုံးအမွန်ဆုံး အလှဆင်မယ်ဆိုရင် လွဲစရာများရှိသေးလား ?'

' မရှိပါဘူးဘုရား '

' ဒါဖြင့် အမောဟနဲ့လည်း ကိုယ့်စိတ်မှာ အလှဆင်တာ ဘာဝနာကုသိုလ်ပွားနေတာပေါ့နော် '

' မှန်လှပါဘုရား '

' အဒေါသမေတ္တာထားတာလည်း တခြားလား စိတ်အလှဆင်တာလား?'

' စိတ်အလှဆင်တာပါဘုရား '

' သီလစောင့်ထိန်းတာလည်း '

' စိတ်အလှဆင်တာပါဘုရား '

' ဒါနပြုတာလည်း '

' စိတ်အလှဆင်တာပါဘုရား '

'ယနေ့ည အလှဆုံးလာဆင်တာနော် '

' မှန်လှပါဘုရား '

' အဲဒီအလှလေးကို ဒီကပြန်သွားပြီး အိမ်ရောက်လည်း မပျက်စေနဲ့ '

' မှန်လှပါဘုရား '

' ပျက်သွားလည်း ချက်ချင်းပြန်ပြင်လိုက်ပါနော် '

' မှန်လှပါဘုရား '

http://www.dhammadownload.com



' မိမိမှာ သနပ်ခါးလေးတွေလိမ်းသွားလို့များ ပျက်သွားတယ် ဒါမှ မဟုတ်ရင်လည်းပဲတဲ့ မိမိတို့မှာ တို့ပတ်လေးတွေဆောင်သွားပြီးတော့ ဟော မိတ်ကပ်လေးတွေ ဆောင်သွားပြီးတော့ ပျက်တဲ့နေရာမှာ ချက်ချင်း ကောက် မပြင်ဘူးလား ?'

' ပြင်ပါတယ်ဘုရား '

' အခုလည်းပဲ စိတ်ကိုအလှပြင်လိုက်ပါပြီ အရုပ်ဆိုး အကျည်းတန်တဲ့ လောဘတွေဝင်ရင် ဝင်မှန်းသိလိုက်ရင် ပြန်လှသွားမှာပဲ '

' မှန်လှပါဘုရား '

' ဒေါသတွေဝင်တာကို ဝင်မှန်းသိလိုက်တာနဲ့ ပြန်မလှသွားဘူးလား?'

' လှသွားပါတယ်ဘုရား '

' သိတယ် သိတယ်ဆိုတာ ကိုယ့်ရဲ့ပွားများတတ်တဲ့ ဘာဝနာဉာဏ်ရှိရင် ပြင်လို့ရတယ်နော် '

' မှန်လှပါဘုရား '

' ဘာဝနာဉာဏ်မှ မရှိရင်တော့ ပြင်ဖို့လွယ်ပါ့မလား '

' မလွယ်ပါဘူးဘုရား '

' ဒါဖြင့် မြန်မြန်ဆန်ဆန် အသေမဦးခင်မှာ ဉာဏ်ဦးတဲ့ ဝိပဿနာ အလုပ်ကို တန်ဖိုးရှိရှိ အကျိုးရှိရှိနဲ့ အချိန်တိုင်း အချိန်တိုင်းမှာ နေရာယူပြီး ကိုယ့်ကိုယ်ကို ဖြည့်ဆည်းနိုင်အောင် ခုကတည်းက ကြိုးစားမယ်လို့ ဆုံးဖြတ် ချက် ချလိုက်ရင် မကောင်းဘူးလား '

' ကောင်းပါတယ်ဘုရား '

' အေး-အလှဆုံးပြင်ထားတာကို အလှ မပျက်အောင်လို့ ဆက်လက် စောင့်ရှောက်ပြီးတော့မှ ဒီအလှလေးတွေကို ထိန်းသိမ်းပြီး အပါယ်တံခါးပိတ် အောင် နိဗ္ဗာန်ကိုရောက်အောင် ကိုယ့်ကို ကယ်နိုင်ကြပါစေလို့ တိုက်တွန်းရင်းပဲ သာဓုသုံးကြိမ်ခေါ်ပြီး တရားပွဲကို အဆုံးသတ် လိုက်ကြရအောင် '

( သာဓု . . . သာဓု . . . သာဓု )

http://www.dhammadownload.com

# ချည်တိုင်ချိုးလို့ ကြိုးဖြတ်စို့

တရားတော်



http://www.dhammadownload.com

http://www.dhammadownload.com

# ချည်တိုင်ချိုးလို့ ကြိုးဖြတ်စို့ တရားတော်

သာသနာတော်နှစ် (၂၅၅၁) ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၃၆၉) ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၈) ရက်၊ ခရစ်နှစ် (၂၀၀၇) ခု၊ ဒီဇင်ဘာလ (၂) ရက်နေ့၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မိုင်းရှူးမြို့နယ်၊ ဝမ်ကမ်ဒေသ၊ ဈေးသစ်နယ်မြေ၊ ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားရေးအဖွဲ့၊ သစ္စာဓမ္မာရုံမှာ (၁၀)ရက်တိုင်တိုင် ကျင်းပပြုလုပ်တဲ့ ဓမ္မဒါန တရားအလှူ၊ အမတဒါန အမြိုက်နိဗ္ဗာန်အလှူ ပေးလှူတဲ့ပွဲမှာ (၄) ရက်မြောက်နေ့ နံနက်ပိုင်းတရားအဖြစ် ဟောကြားအပ်သော "ချည်တိုင်ချိုးလို့ ကြိုးဖြတ်စို့ တရားတော်"။

ဒီတရားတော်ကို မဟောမီ မနာမီ တရားပိုင်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးကို နမောတဿ သုံးကြိမ်နဲ့ ညီညီညာညာ ပူဇော်ကန်တော့ကြရအောင်။

(နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ)[3]

http://www.dhammadownload.com



ဘုရားရှင်ကိုယ်တော်မြတ်ကြီးကို ရှိခိုးကြည်ညိုပြီးတဲ့နောက်မှာ မနေ့က မိမိတို့ နာခဲ့ရတဲ့တရားအပေါ်မှာ သံသရာတစ်လျှောက်လုံးက အဝိဇ္ဇာ တဏှာနဲ့ လက်တွဲပေါင်းသင်းခဲ့မိလို့ မလိမ္မာမိုက်ပြစ်သင့်ခဲ့သမျှသည် ကြောက်စရာ ကောင်းလောက်အောင်ကို အကျည်းတန် အရုပ်ဆိုးတဲ့ အဖြစ်မျိုးဟာ ဘုရားဟောတော့ သိမလာဘူးလား?'

'သိလာပါတယ်ဘုရား'

'ကိုယ့်ရဲ့ဘဝ ဘယ်လောက်ဆိုးတယ်ဆိုတာကို အဝိဇ္ဇာတဏှာနဲ့ နေတဲ့ မည်သူမဆို စုံလုံးကန်းလို့ မဟောဘူးလား?'

'ဟောပါတယ်ဘုရား '

' အဲဒီပုဂ္ဂိုလ်တွေသည် မမြင်မကန်းနဲ့ ရမ်းပြီးတော့ ဘုရားဟောခဲ့တဲ့ ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးအပေါ်မှာ ငါကောင်၊ သူကောင်၊ ပုဂ္ဂိုလ်၊ သတ္တဝါလို့ ယူစွဲနေသမျှ ဒိဋ္ဌိကော မဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား '

'အဲဒီ ဒိဋ္ဌိရှိနေတဲ့သူတွေရဲ့သန္တာန်မှာ အဝိဇ္ဇာ တဏှာနဲ့နေသမျှတော့ အချည်နှောင်ခံရတဲ့ဘဝက မလွတ်တဲ့အတွက်ကြောင့်မို့လို့ တဏှာကလည်း အမြဲတမ်းချည်ထားတယ်၊ ဒါကြောင့်မို့လို့လည်းပဲ ဘယ်ဘုံ ဘယ်ဘဝပဲ ပြန်ရ ပြန်ရ လူလို့ခေါ်တယ်၊ နတ်လို့ခေါ်တယ်၊ ပြဟ္မာလို့ခေါ်သည်၊ အပါယ်လေးဘုံ သားလို့ခေါ်တယ်လို့ ဆိုင်းဘုတ်တွေ ဘယ်လောက်ပဲဆွဲဆွဲ တူညီသော အချက် သည် အားလုံးသောသတ္တဝါတွေ ရထားတာ ဝိညာဏ်အစ ဝေဒနာအဆုံး ခန္ဓာငါးပါး ပေါ်မပေါ် '

'ပေါ်ပါတယ်ဘုရား '

'ဒါဖြင့် ရောက်ရာဌာန၊ ရောက်ရာဘုံဘဝမှာ ဘာပဲရလဲမေးရင်'

'ခန္ဓာပဲရပါတယ်ဘုရား'

' အဲဒီလေးချက်ကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးက အားလုံးသော သူတော်စင်တွေ ရရှိထားတဲ့အဖြစ် တစ်စက်ကလေးမှ မကောင်းပါလား

http://www.dhammadownload.com



ဆိုတာကို ခန္ဓာငါးပါး အမြဲတမ်းရခဲ့တဲ့အတွက်ကြောင့်မို့လို့ ချည်တိုင်လို့ သတ်မှတ်ပေးတယ်နော် '

'မှန်လှပါဘုရား '

'ခန္ဓာငါးပါးကို ဘာလို့ပြော'

'ချည်တိုင်လို့ပြောပါတယ်ဘုရား'

'ဒါဖြင့် ချည်တိုင်သည် ကိုယ်ရထားတဲ့ ခန္ဓာကြီးတစ်ခုလို့မှတ်ထားပေါ့'

'မှန်လှပါဘုရား'

' အဲဒီချည်တိုင်မှာ ဘာကြောင့်မြဲသလဲလို့မေးတော့ ဘဝသံသရာမှာ ဘုံကိုခင်တယ်၊ ဘဝကိုခင်တယ်၊ ခန္ဓာကိုခင်တယ်၊ သားသမီးကိုခင်တယ်၊ ဥစ္စာပစ္စည်းကို ခင်တယ်ဆိုတဲ့ တဏှာကလည်းမပါဘူးလား?'

'ပါပါတယ်ဘုရား'

'အဲဒီခင်တဲ့တဏှာဆိုတာ ချည်တဲ့ကြိုးလို့မှတ်ထား'

'မှန်လှပါဘုရား'

'ချည်တိုင်မှာ ကြိုးလေးနဲ့ဆက်သွယ်လိုက်ပြီဆိုရင် အဲဒီကြိုးသည် ဘယ်သူ့ချည်မလဲဆိုတာကို ဆက်မရှာရဘူးလား?'

'ရှာရပါတယ်ဘုရား'

'ဒါဖြင့် အဲဒီလို ကြိုးနဲ့ချည်တဲ့ နေရာမှာ ဒီကြိုးလေးကို သဘောကျပြီး မခွဲနိုင် မခွာနိုင်တဲ့ သာယာနိုင်အောင်ဆိုပြီး ကြားထဲမှာ ဆက်သွယ်ပေးထားတာက အရှိခန္ဓာငါးပါး ရုပ်နာမ်တရားတွေကို ဘုရားက ဘယ်လောက်ပေါ်ပေါ် ကိုယ်က မြင်လိုက်တိုင်း မြင်လိုက်တိုင်း၊ ကြားလိုက်တိုင်း ကြားလိုက်တိုင်းမှာ ငါ့သား,ငါ့သမီး, ပုဂ္ဂိုလ်သတ္တဝါအနေနဲ့ ပုံဖော်မိတဲ့အတွက်ကြောင့်မို့လို့ ဒီအယူအစွဲတွေ မှားနေသမျှ ဒိဋ္ဌိကလည်းမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com



' အဲဒီ ဒိဋ္ဌိကို ဘုရားရှင် ကိုယ်တော်မြတ်ကြီးက လည်ပတ်ပတ်တယ်လို့ ဟောပေးပါတယ်'

'မှန်လှပါဘုရား '

'ဘာဟောတုန်း'

'လည်ပတ်ပတ်တယ်လို့ ဟောပါ ် ဘုရား'

'ငါလို့ထင်ရင် ဘာပတ်မှာ'

'လည်ပတ်ပတ်မှာပါဘုရား '

'ငါ့သား ငါ့သမီးလို့ မြင်ရင် '

'လည်ပတ်ပတ်မှာပါဘုရား'

'အဲဒီလို မြင်လိုက်တဲ့အတွက် ခင်လိုက်တာနဲ့ ဘာနဲ့ချည်မှာ'

'ကြိုးနဲ့ချည်မှာပါဘုရား'

'ကြိုးနဲ့ချည်ရင် ဒီပုဂ္ဂိုလ်သည် ခန္ဓာချည်တိုင်ပြန်မဝပ်ရဘူးလား?'

'ဝပ်ရပါတယ်ဘုရား'

'ချည်တိုင်ဆိုတာက ခန္ဓာကိုခေါ်တယ်၊ ခန္ဓာနဲ့ချည်တိုင်ကို ဥပမာပေးထားတယ်၊ ကြိုးနဲ့တဏှာကို ဥပမာပေးထားတယ် ဒိဋ္ဌိနဲ့ လည်ပတ်ကို ဥပမာပေးထားတယ်၊ ဒြော်. . . ဒီပစ္စည်း သုံးမျိုးသည် ဘာကြောင့်များရသလဲမေးရင် အဝိဇ္ဇာတဏှာ စုံလုံးကန်းလို့ရတာ ဘယ်လိုကြောင့်ရ '

'အဝိဇ္ဇာ တဏှာ စုံလုံးကန်းလို့ရတာပါဘုရား '

'အတိတ်ကလည်းမမြင်တာက ဘယ်သူဖုံးတာ'

'အဝိဇ္ဇာနဲ့ တဏှာဖုံးတာပါဘုရား '

'အဝိဇ္ဇာ ဆိုတာက အမှန်တရားကိုမသိတော့ သူ့ခမျာ မမြင်ခဲ့ဘူး၊ မမြင်ခဲ့လို့လည်းပဲ ဟောဒီ ဝိညာဏ်ချောက်ထဲကိုကျပြီး ဒုက္ခမရောက်ဘူးလား?'

'ရောက်ပါတယ် ဘုရား '

'အဲဒီ ဒုက္ခချောက်ကြီး တယ်ကြီးပါလား၊ နက်ရှိုင်းပါလား၊ ကြောက်စရာ ကောင်းလောက်အောင်ကိုဆင်းရဲပါလားလို့ မသိတဲ့အတွက်ကြောင့်မို့လို့

http://www.dhammadownload.com



ဟောဒီမှာ မိုက်လုံးသန်ပြီးခင်လိုက်တော့ တဏှာဆိုတဲ့ မိုက်မဲမှုကို ဘုရားက လည်း ထပ်ပြီးတော့မမြင်တဲ့ပုဂ္ဂိုလ် မိုက်တာဟာ ကန်းတာပါပဲကွာလို့ မဟောဘူးလား?'

'ဟောပါတယ်ဘုရား'

'အဲတော့ တဏှာနဲ့ခင်နေသမျှသည် ဒီပုဂ္ဂိုလ်ကန်းနေတာပဲ၊ အဲဒီကန်း လို့လည်း အနာဂတ်သံသရာမှာ ဇာတိချောက်ထဲ ပြန်မကျဘူးလား?'

'ကျပါတယ်ဘုရား'

'ဝိညာဏ်ချောက်ကနေ ဇာတိချောက်ထဲ ဆင်းရပြန်တယ်၊ ဒါဖြင့် ဝိညာဏ်ချောက်က တက်ပြန်တော့လည်း သက်သာလားမေးတော့ ဇာတိ ချောက်ထဲ ဆင်းရပြန်တယ်၊ ဒါဖြင့် ဝိညာဏ်ချောက်က ဒုက္ခသစ္စာနော်'

'မှန်လှပါဘုရား'

'ဇာတိချောက်ကလည်း'

'ဒုက္ခသစ္စာပါဘုရား'

'ဒုက္ခချောက်ထဲ အကြိမ်ကြိမ်ကျနေတာသည် မမြင်မကန်းနဲ့ လျှောက်ခဲ့လို့ပါ၊ အဲဒီ မမြင်မကန်းနဲ့ လျှောက်ခဲ့တဲ့ စုံလုံးကန်းကို ဘုရားရှင်က အေး-ဒီပုဂ္ဂိုလ်တွေ အားလုံးဟာ တခြားလို့မမှတ်နဲ့ကွာ ဟီနူပမာသုတ်မှာ ခွေးနဲ့ တူတယ်လို့ မဟောဘူးလား?'

'ဟောပါတယ်ဘုရား'

'ဒါဖြင့် ခွေးတစ်ကောင်ရှိတယ် လည်ပတ်လေးပတ်ပေး၊ ကြိုးလေး နဲ့တိုင်မှာများချည်ထားရင် ဇိမ်ကျလို့ သူ့ကို အာဟာရ ကောင်းကောင်း မွန်မွန်ကျွေးရင် သဘောကျပြီးတော့ ဒီတိုင်က မခွာတော့ဘူး၊ သူ့ခမျာ ပြေးလည်းပဲ ကြိုးတစ်ဆုံးပြေးမှာပဲ၊ ပြေးလို့ ကြိုးဆုံးသွားရင် ဆက်ပြေးလို့ မရတော့ ဘာပတ်ပြေး '

'တိုင်ပတ်ပြေးမှာပါဘုရား'

http://www.dhammadownload.com



'နောက်ဆုံး ဘယ်မှာဝပ်'

'တိုင်မှာပြန်ဝပ်ရမှာပါဘုရား'

'အဲဒီခွေးလေးကို ကျကျနနထားရင် ဒီခွေးလေးသည် ဒီတိုင်ကိုမခင်ဘူးလား?'

'ခင်မှာပါဘုရား'

'အခုလည်း မိမိတို့တစ်တွေသည် မမြင်မကန်းနဲ့ အဝိဇ္ဇာဖုံးပြီးတော့ လျှောက်ခဲ့သမျှ ဟောဒီမှာရရှိပါပြီ လူချမ်းသာလူ့စည်းစိမ် ကာမဂုဏ်အာရုံတွေကို ဇိမ်ကျကျစံနေရပြီဆိုရင် ဒီဘုံ ဒီဘဝကို သဘောကျ၊ မကျ'

'ကျမှာပါဘုရား'

'ကျတဲ့ပုဂ္ဂိုလ်တိုင်း၊ ပုဂ္ဂိုလ်တိုင်းကို ပြန်ပြီးကြည့်ပါ၊ အဲဒီဘဝကို တွယ်တာ တပ်မက် ခင်နေတဲ့အတွက်ကြောင့်မို့လို့ အနာဂတ်သံသရာမှာ ပြန်ပြီးတော့ ဇာတိ၊ ခန္ဓာပြန်ရရင် ဘယ်မှာဝပ်ရ'

'ချည်တိုင်မှာဝပ်ရမှာပါဘုရား'

'လက်ရှိ ဇိမ်ကျတဲ့ဘဝလည်း ဘယ်မှာနေရ'

'ချည်တိုင်မှာနေရပါတယ်ဘုရား'

'ဒီလောက်ဆိုးတဲ့အဖြစ် တရားမှမနာရရင် မသိဘူးနော် '

'မှန်လှပါဘုရား'

'ဒါကြောင့် ယနေ့မိမိတို့တစ်တွေ ဆိုးလှတဲ့အဖြစ်က လွတ်မြောက်အောင်လို့ ချည်တိုင်ချိုးပြီး ကြိုးဖြတ်နိုင်အောင် ပဋိစ္စသမုပ္ပါဒ်တရားပေါ်မှာ အကြောင်းအကျိုးဉာဏ်ရှင်းပြီးတော့ ရှေ့ပိုင်းကနေ နားလည်အောင်လို့ ဟောဒီရရှိထားတဲ့ သူသူငါငါ အားလုံးရဲ့ဘဝဖြစ်စဉ်ကို အတိတ် အကြောင်းကို ပြန်လှန်လိုက်ရင် သစ္စာမသိတဲ့ အဝိဇ္ဇာအုပ်ချုပ်ပြီး လုပ်ခဲ့တယ်လို့ မပြောဘူးလား?'

'ပြောပါတယ်ဘုရား'

http://www.dhammadownload.com



'အဲဒီ အဝိဇ္ဇာအုပ်ချုပ်ပြီး လုပ်ခဲ့တာသည် တခြားလား သင်္ခါရ တရားလား?'

'သင်္ခါရတရားပါဘုရား'

' သင်္ခါရတရားသည် သုံးမျိုးရှိတယ်ပေါ့၊ သင်္ခါရဘယ်နှစ်မျိုးရှိ '

'သုံးမျိုးရှိပါတယ်ဘုရား '

'သင်္ခါရ သုံးမျိုးမှာ ပုညာဘိသင်္ခါရ၊ အပုညာဘိသင်္ခါရ၊ အာနဉ္ဇာဘိ သင်္ခါရရယ် ဘယ်နှစ်မျိုး'

'သုံးမျိုးပါဘုရား'

'သင်္ခါရ'

'သုံးမျိုးပါဘုရား '

'အဲဒီသင်္ခါရသုံးမျိုးကို ဘယ်သူအုပ်ချုပ်ခဲ့'

'အဝိဇ္ဇာအုပ်ချုပ်ခဲ့ပါတယ်ဘုရား'

' အဝိဇ္ဇာအုပ်ချုပ်ပြီးတော့ သင်္ခါရသုံးမျိုးကိုလုပ်ခဲ့တဲ့အတွက် သူ့ဆိုင်ရာ ဆိုင်ရာ အကျိုးပေးအနေနဲ့ ဟောဒီပစ္စုပ္ပန်မှာ မရထားဘူးလား?'

'ရထားပါတယ်ဘုရား'

'အပုညာဘိသင်္ခါရကို အတိတ်က အဝိဇ္ဇာအုပ်ချုပ်ပြီး လုပ်ခဲ့မယ်ဆိုရင် သူနဲ့ထိုက်တန်တဲ့အကျိုးပေးသည် ငရဲကျမယ်၊ တိရစ္ဆာန်ဖြစ်မယ်၊ ပြိတ္တာ ဖြစ်မယ်၊ အသူရကာယ်ဖြစ်မယ်၊ အပုညာဘိသင်္ခါရက အကြောင်း၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဖြစ်ရတာက '

'အကျိုးပါဘုရား'

'ဒါဖြင့် အလိုလိုဖြစ်တာဟုတ်သလား?'

'မဟုတ်ပါဘူးဘုရား'

'တန်ခိုးရှင် ဖန်ဆင်းရှင်ကနေပြီးတော့ သူ့သဘော သူ့စကားကို နားမထောင်လို့ မင်းအပါယ်လေးပါးသွားဆိုပြီး ဇွတ်အတင်းနှင်ချလို့ သွားရတာ ဟုတ်သလား?'

'မဟုတ်ပါဘူးဘုရား'

http://www.dhammadownload.com



'အပြစ်ပေး ဒဏ်ခတ်လို့ရောက်တာကော ဟုတ်သလား?'

'မဟုတ်ပါဘူးဘုရား'

' ဘာလုပ်ခဲ့လို့ရောက်တာ'

'အကြောင်းလုပ်ခဲ့လို့ ရောက်တာပါဘုရား'

' ဘာအကြောင်းပါလိမ့်၊ အပုညာဘိသင်္ခါရဆိုတဲ့ အကုသိုလ်လုပ်ခဲ့လို့ အကုသိုလ်လုပ်ခဲ့တဲ့ အကြောင်းရှိခဲ့ရင် ဟောဒီပစ္စုပ္ပန်မှာ ငရဲလည်း ခံရမှာပဲ၊ တိရစ္ဆာန်ဘဝလည်း ရောက်မှာပဲ၊ ပြိတ္တာ အသူရကာယ်လည်း ဖြစ်မှာပဲ၊ ဒါဖြင့် အပါယ်လေးဘုံကိုရောက်ရတာသည် တစ်ဦးတစ်ယောက်ရဲ့ ပယောဂပါလား?'

'မပါပါဘူးဘုရား'

' ဒါဖြင့်ရင် ငရဲကျရတဲ့အကြောင်းလေးကို ဖော်ထုတ်တဲ့နေရာမှာ ဘယ်သင်္ခါရလဲမေးရင်'

'အပုညာဘိသင်္ခါရပါဘုရား'

' သိပြီးလုပ်တာလားမသိဘဲ လုပ်တာလား?'

'မသိဘဲလုပ်တာပါဘုရား'

' မသိတာက'

'အဝိဇ္ဇာပါဘုရား'

' လုပ်ခဲ့တာက'

'သင်္ခါရပါဘုရား'

' အဝိဇ္ဇာ အပုညာဘိသင်္ခါရကြောင့် ဟောဒီမှာ. . . အပါယ်လေး ပါးကျရတယ်၊ ဒါဖြင့် အပါယ်လေးပါးကျရတဲ့အကျိုးကိုတော့ သိသွားပြီပေါ့နော်'

'မှန်လှပါဘုရား'

'အကြောင်းတရားက အပုညာဘိသင်္ခါရ သူ့အကြောင်းနဲ့ သူ့အကျိုး လေးတစ်တွဲရသွားပြီ၊ ယနေ့ လူ့ဘဝကို ရောက်နေကြတဲ့ မိမိတို့အားလုံး

http://www.dhammadownload.com



အတိတ်က အပုညာဘိသင်္ခါရသာလုပ်ခဲ့မယ်ဆိုရင် ရောက်စရာအကြောင်း မရှိဘူး၊ ဘာများလုပ်ခဲ့လည်းမေးရင် ပုညာဘိသင်္ခါရ၊ ဘာသင်္ခါရလဲ'

'ပုညာဘိသင်္ခါရပါဘုရား'

' ပုညာဘိသင်္ခါရကို ဘယ်သူအုပ်ချုပ်ခဲ့'

'အဝိဇ္ဇာ အုပ်ချုပ်ခဲ့ပါတယ်ဘုရား'

'မသိမှု အဝိဇ္ဇာအုပ်ချုပ်ပြီးတော့ ကုသိုလ်သင်္ခါရကို ဘယ်သူအုပ်ချုပ်ခဲ့'

'အဝိဇ္ဇာ အုပ်ချုပ်ခဲ့ပါတယ်ဘုရား'

'မသိမှုအဝိဇ္ဇာ အုပ်ချုပ်ပြီးတော့ ကုသိုလ်သင်္ခါရကို လုပ်ခဲ့မိတဲ့အတွက် ကြောင့်မို့လို့ ယနေ့ လူလာဖြစ်တယ်၊ နတ်လာဖြစ် တယ်၊ လူ့ဘဝကိုရောက်နေ ကြတဲ့ ပုဂ္ဂိုလ်တွေ လူအဖြစ်ကို ရတယ်ပေါ့ '

'မှန်လှပါဘုရား'

'နတ်ဘဝကိုရောက်တဲ့ပုဂ္ဂိုလ်တွေက နတ်အဖြစ်ကိုရနေတယ်၊ အဲဒီလို လူဖြစ်အောင် နတ်ဖြစ်အောင်လုပ်ပေးတဲ့နေရာမှာ ဗြဟ္မာကြီးက မွေးဖွားပေး တာလား?'

'မဟုတ်ပါဘူးဘုရား'

'တန်ခိုးရှင်က ပြုပြင်ပေးတာလား?'

'မဟုတ်ပါဘူးဘုရား'

'လူဖြစ်ရခြင်းအကြောင်းတရားကတော့ ကုသိုလ်လုပ်၊ နတ်ဖြစ်ချင် ရင်လဲ ကုသိုလ်လုပ်၊ ဒါဖြင့် ကုသိုလ်သင်္ခါရကအကြောင်း၊ လူဖြစ်တာ နတ်ဖြစ်တာက အကျိုး '

'အကျိုးပါဘုရား'

'ဒါဖြင့်ရင် မိမိတို့တစ်တွေ သူများပါးစပ်ဖျား လမ်းဆုံးပြီးတော့ တစ်စုံတစ်ဦးကြောင့် ဖြစ်တာတွေ ဒါတွေပါလား၀?'

'မပါပါဘူးဘုရား'

http://www.dhammadownload.com



'မပါရတာတွေ ယနေ့သေသေချာချာသိသွားတာတွေက ပုညာဘိသင်္ခါရ၊ ကုသိုလ်သင်္ခါရကိုလုပ်ရင် လူ နတ် ရမှာပဲ၊ အာနဉ္ဇာဘိသင်္ခါရဆိုတဲ့ဈာန် သမထကုသိုလ်ကိုလုပ်ရင် ဗြဟ္မာပြည်ကိုရောက်မှာပဲ၊ ဒါဖြင့် သူ့အကြောင်း သူ့အကျိုးမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

' အဲဒီလို အကြောင်းအကျိုးမှန်ကိုသိရင် သံသယ ဝိစိကိစ္ဆာသေတယ်'

' မှန်လှပါဘုရား'

'ဘာသေတုန်း'

'သံသယဝိစိကိစ္ဆာသေပါတယ်ဘုရား'

'နဂိုတုန်းကတော့ ဟောဒီဖြစ်လာရတဲ့ လူ့ဘဝကိုပဲ ထင်လာတဲ့ အကြောင်းလေးတွေမှာ ဩော်-ဗြဟ္မာကြီးက မွေးဖွားလာသလိုလို၊ မိမိတို့ မျောက်ကဆင်းသက်လာသလိုလို နီးစပ်ရာ နီးစပ်ရာတွေနဲ့ ပြောတဲ့အတွက် ကြောင့်မို့လို့ ဟုတ်နိုးနိုးနဲ့ ထင်ခဲ့ကြတာ'

'မှန်လှပါဘုရား'

'အခုတော့ သူများပါစပ်ဖျား လမ်းဆုံးတဲ့အဖြစ်က လွတ်အောင်လို့ ဓမ္မသဘောတွေကို ကောင်းစွာနာလိုက်ရတော့ လူဖြစ်တာရယ်၊ နတ်ဖြစ်တာရယ် အကြောင်းဟာ ကုသိုလ်လုပ်ခဲ့လို့ပါလား?'

'မှန်လှပါဘုရား '

'ဗြဟ္မာဖြစ်တာလည်းပဲ ကုသိုလ်လုပ်ခဲ့လို့၊ အပါယ်လေးဘုံကျရတာက'

'အကုသိုလ်လုပ်ခဲ့လို့ပါဘုရား'

'ကဲ. . . ကုသိုလ်ကံ အကုသိုလ်ကံက အကြောင်း၊ ဟောဒီမှာ လူနတ် ဗြဟ္မာ အပါယ်လေးဘုံသားဖြစ်ရတာက'

'အကျိုးပါဘုရား'

'အဲဒီလို သိသွားရင် သံသယစင်ကြယ်သွားတဲ့အတွက် ဝိစိကိစ္ဆာ တစ်လုံးကို သေအောင်သတ်လိုက်ပါတယ်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့် တရားနာလိုက်ရတဲ့ကျေးဇူး မကြီးဘူးလား၊ ကြီးလား?'

'ကြီးပါတယ်ဘုရား'

'ဝိစိကိစ္ဆာသံသယကို သေစေတာသည် အကြောင်းအကျိုးပေါ်မှာ ဉာဏ်ရှင်းမှ၊ အကြောင်းတရားက ပဋိစ္စအကျိုး တရားကသမုပ္ပါဒ်၊ အကြောင်းအကျိုးဆက်ရင် ပဋိစ္စသမုပ္ပါဒ် '

'ပဋိစ္စသမုပ္ပါဒ်ပါ ဘုရား'

'ပဋိစ္စသမုပ္ပါဒ်တရားနာရတဲ့ကျေးဇူးဟာ အခုမျက်မှောက်ကာလမှာကိုပဲ ချက်ချင်းလက်ငင်း အသိမရှင်းသွားဘူးလား?'

'ရှင်းသွားပါတယ်ဘုရား'

'သံသရာတစ်လျှောက်လုံးက ဖုံးအုပ်ခဲ့တဲ့ သံသယတွေလည်း စင်သွားပြီ၊ ပစ္စုပ္ပန်မှာ သူများပါးစပ်ဖျား လမ်းဆုံးပြီးတော့ ယောင်နနနဲ့ ပါးစပ်လေး အဟောင်းသား ခေါင်းလေးမော့ပြီး နေခဲ့ရတဲ့အဖြစ်ကလည်း မလွတ်နိုင်ဘူးလား?'

'လွတ်နိုင်ပါတယ်ဘုရား'

'ဒါဒီတစ်ချက် တခြားလား တရားနာရလို့လား?'

'တရားနာရလို့ပါဘုရား'

' ကဲ. . . ဒါသံသယစင်ပုံပေါ့နော်'

'မှန်လှပါ ဘုရား '

'တစ်ခါကြည့်လိုက်အုံး ဟောဒီအဝိဇ္ဇာအုပ်ချုပ်ပြီးတော့ အပုညာဘိသင်္ခါရ လုပ်ခဲ့တဲ့အတွက် ဒီပစ္စုပ္ပန်မှာဖြစ်လာတဲ့နေရာမှာ ငရဲသားလို့ ခေါ်တယ်၊ တိရစ္ဆာန်လို့ခေါ်တယ်၊ ပြိတ္တာလို့ခေါ်တယ်၊ အသူရကာယ်လို့ ခေါ်တယ်လို့ ဆိုင်းဘုတ်တွေဆွဲပြီး ခေါင်းအမျိုးမျိုးတပ်ပြီး ပုံသဏ္ဌာန်တွေကို သမုတိနယ်က သမုတ်ထားပေမယ့် ဟောဒီ ( ၂ ) ကွက်ထဲမှာရှိတဲ့တရားတွေနဲ့ သေချာဝေဖန်ပြတဲ့အခါမှာ ငရဲသားအဖြစ်တွေ့တာလား၊ ခန္ဓာငါးပါး ပေါ်တာလား?'

'ခန္ဓာငါးပါး ပေါ်တာပါဘုရား '

http://www.dhammadownload.com



'ဒါလေးကိုလည်းပဲ ဉာဏ်ရှင်းပါစေနော်'

'မှန်လှပါဘုရား '

'အပုညာဘိသင်္ခါရက ဖြစ်စေတဲ့နေရာမှာ ပုံသဏ္ဍာန်နောက်ကို လိုက်ပြီးတော့ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်လို့ပြောပင် ပြောငြား သော်လည်း သူတို့ရဲ့ အပါယ်လေးဘုံမှာ ဖြစ်နေကြတဲ့ဘဝတွေရဲ့အမှန်ကို ဖော်ထုတ်တဲ့နေရာမှာ စစဦးချင်း ပဋိသန္ဓေ ဝိညာဏ်က စတယ်ဆိုပြီး ဟောဒီ ဝိညာဏ်ကနေ နာမ်ရုပ်၊ သဠာယတန၊ ဖဿ ၊ ဝေဒနာ တရားဘယ်နှစ်ပါး ပြောသွား'

'ငါးပါးပြောသွား ပါတယ်ဘုရား'

'ဒါ အပါယ်လေးဘုံသားအဖြစ်နဲ့ ဖွေရှာလိုက်တော့ ဩော်. . . ပုဂ္ဂိုလ် သတ္တဝါ အထည် ပျောက်ပြီးတော့မှ ခန္ဓာအရှိပေါ်သွားတယ် '

'မှန်လှပါဘုရား'

'ဒါဖြင့် အပုညာဘိသင်္ခါရကဖြစ်စေတဲ့နေရာမှာ ပုံသဏ္ဍာန် အထည်ကို ပြောပေမယ့် အပါယ်လေးဘုံသားအဖြစ်တွေ့တာလား၊ ခန္ဓာငါးပါး ပေါ်တာ လား?'

'ခန္ဓာငါးပါးပေါ်တာပါဘုရား'

'အဲဒီခန္ဓာပဲရှိတယ်လို့သိလိုက်ရင် သက္ကာယဒိဋ္ဌိပြုတ်တယ် ဘာဒိဋ္ဌိ'

'သက္ကာယဒိဋ္ဌိပြုတ်ပါတယ်ဘုရား '

'သက္ကာယဆိုတာ သန္တော ကာယော သက္ကာယော၊ သန္တော- ထင်ရှားရှိသော၊ ကာယော-ရုပ်နာမ် အပေါင်းအစု ထင်ရှားရှိတာက ငါလည်း မဟုတ်ဘူး၊ သူလည်းမဟုတ်ဘူး၊ ပုဂ္ဂိုလ်သတ္တဝါလည်း မဟုတ်ဘူး၊ ရုပ်နဲ့နာမ် ခန္ဓာငါးပါးပဲရှိတာ၊ အဲဒီအရှိတရားက သက္ကာယလို့ခေါ်တယ်၊ အဲဒီအပေါ်မှာ ငါကောင်၊ သူကောင်၊ ပုဂ္ဂိုလ်သတ္တဝါ လုပ်လိုက်ပြီဆိုရင် အမြင်မှားတဲ့အတွက် ကြောင့်မို့လို့ သက္ကာယနဲ့ ဒိဋ္ဌိပေါင်းတော့'

'သက္ကာယဒိဋ္ဌိပါဘုရား'

http://www.dhammadownload.com



'အခုရှိတာက သက္ကာယပဲရှိတာနော် '

'မှန်လှပါဘုရား'

'သက္ကာယအရှိတရားသည် ရုပ် နာမ် ခန္ဓာငါးပါး၊ အဲဒါကိုပဲ ပုဂ္ဂိုလ် သတ္တဝါ လုပ်မိတဲ့အတွက်ကြောင့်မို့လို့ ဒိဋ္ဌိဖြစ်ကြတာ၊ အခုတော့ဟော့ အပုညာဘိသင်္ခါရက ပြုပြင်လို့ပေါ်လာတဲ့တရားမှာ အပြောအားဖြင့်တော့ ငရဲသားလို့ပြောတယ်၊ တိရစ္ဆာန်လို့ပြောတယ်၊ ပြိတ္တာလို့ပြောတယ်၊ အသူရကာယ်လို့ပြောတယ်၊ တကယ်ထင်ရှားရှိတာက ဝိညာဏ်အစ၊ ဝေဒနာ အဆုံး ခန္ဓာဘယ်နှစ်ပါး'

'ငါးပါးပါဘုရား '

'ဒီတစ်ချက်သိသွားပြီနော်'

'မှန်လှပါဘုရား'

'ဒီလိုပဲ ပုညာဘိ သင်္ခါရ၊ အနေဥ္ဇာဘိသင်္ခါရဆိုတဲ့ ကုသိုလ် သင်္ခါရက ပြုပြင်လို့ ပေါ်လာတဲ့နေရာမှာလည်း လူလို့ခေါ်တယ်၊ နတ်လို့ခေါ်တယ်၊ ဗြဟ္မာလို့ခေါ်တယ်၊ ပုံသဏ္ဌာန်ကို လိုက်ပြီးတော့ မသတ်မှတ်ဘူးလား ?'

'သတ်မှတ်ပါတယ်ဘုရား'

'သူတို့ အားလုံးလည်းပဲ တရားဘယ်နှစ်ပါးရ'

'ငါးပါးရပါတယ်ဘုရား'

' ဝိညာဏ်အစ ဝေဒနာအဆုံး ခန္ဓာငါးပါးပေါ်တာ၊ ဒါဖြင့် အဲဒီ ခန္ဓာငါးပါးပဲ ရှိပါလားလို့သိရင် သက္ကာယဒိဋ္ဌိပြုတ်တယ်၊ ဘာပြုတ်လဲ'

'သက္ကာယဒိဋ္ဌိပြုတ်ပါတယ်ဘုရား'

'ကဲ-ဒီထက်ရှင်းအောင် ထပ်ပြောပြအုံးမယ်၊ မိမိတို့ရရှိထားတဲ့ ဟောဒီ သင်္ခါရပြုပြင်လို့ပေါ်လာတဲ့ သုံးဆယ့်တစ်ဘုံ သတ္တဝါတွေအနေနဲ့သာ ခေါင်း အမျိုးမျိုးတပ်ပြီး ပုံသဏ္ဌာန်နောက်ကိုပြောပေးမယ့် တကယ် ထင်ရှားရှိတဲ့ တရားတွေအပေါ်မှာ ဝေဖန်သုံးသပ်ပြီးတော့ ဝိညာဏ်အစ ဝေဒနာအဆုံး

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ်မှာ ဆင်ထားတဲ့ ခန္ဓာငါးပါးရယ်၊ မိမိတို့အဘိဓမ္မာနည်းမှာ ပုံဖော်ထားတဲ့ ခန္ဓာငါးပါးကောမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဘိဓမ္မာနည်းမှာပြထားတဲ့ ခန္ဓာငါးပါးကိုပြောရင် ရူပက္ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ၊ ဝိညာဏက္ခန္ဓာ ခန္ဓာဘယ်နှစ်ပါး'

'ငါးပါးပါဘုရား '

'ဟောဒီရရှိထားတဲ့ သင်္ခါရက ပြုပြင်လို့ပေါ်လာတဲ့တရားတွေထဲမှာ အပါယ်လေးဘုံသား၊ လူနတ် ဗြဟ္မာလို့ ပြောထားတဲ့အပြောတွေ ဆိတ်သုဉ်းပြီးတော့ အခုပြောခဲ့တဲ့ အဘိဓမ္မာနည်းမှာပြတဲ့ ခန္ဓာငါးပါးနဲ့ တစ်သားတည်းတပ်ပြီးတော့ သိလိုက်မယ်ဆိုရင် အရှိခန္ဓာပေါ်မှာ ဉာဏ်ရောက်သွားတဲ့အတွက် သံသယစင်သွားသလို သက္ကာယဒိဋ္ဌိကော အမြင်ကြည်ကြည်နဲ့ မပြုတ်နိုင်ဘူးလား?'

'ပြုတ်နိုင်ပါတယ်ဘုရား'

'ယနေ့ ဒိဋ္ဌိကိုဘာကြောင့် ဖြုတ်ပေးနေသလဲမေးရင် လည်ပတ်ပြုတ်စေချင်လို့ပါ၊ လည်ပတ်ပြုတ်လို့ ချည်တိုင်ကျိုးပြီဆိုရင် ကြိုးဘယ်နေရာမှာချည်လို့ မရတော့ဘူး'

'မရတော့ပါဘူးဘုရား'

'ဒါဖြင့်အဖိုးတန်တဲ့ တရားတစ်ပုဒ်ဆိုရင်ကော မမှန်ဘူးလား?'

'မှန်ပါတယ်ဘုရား'

' အဲဒီတော့ ဟောဒီမှာ ရရှိထားတဲ့ လူလို့ခေါ်တယ်၊ နတ်လို့ခေါ်တယ်၊ ဗြဟ္မာလို့ခေါ်တယ်၊ အပါယ်လေးဘုံသားလို့ခေါ်တဲ့ ဆိုင်းဘုတ်တွေမှန်သမျှ ဝိညာဏ်အစ ဝေဒနာအဆုံး ခန္ဓာငါးပါးပဲရှိတာပါ၊ လူကောင် နတ်ကောင် ဗြဟ္မာကောင် အပါယ်လေးဘုံသားတွေ ရှိ မရှိ ရှာကြည့် မယ်နော် '

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့် ဟောဒီ အပုညာဘိသင်္ခါရက ပြုပြင်လို့ ပေါ်လာတဲ့နေရာမှာ ဝိညာဏ်ဆိုတဲ့ဘဝမှာ အဦးဆုံး အစဆုံးဖြစ်တဲ့ ပဋိသန္ဓေ စိတ်လေး စဖြစ်ပါတယ်၊ အဲလိုစဖြစ်တဲ့အခါမှာ ဟောဒီ ဝိညာဏဆိုတဲ့ ပဋိသန္ဓေ စိတ်သည် ပုံသဏ္ဌာန် အထည်လည်းပါတာမဟုတ် သဘောမျှသာဖြစ်နေတဲ့ အရှိတရားလေးကို ခန္ဓာနဲ့ပြောရင် ဝိညာဏက္ခန္ဓာ ဘာခန္ဓာလဲ?'

'ဝိညာဏက္ခန္ဓာပါဘုရား'

'ဒါဖြင့်ဘဝမှာ အဦးဆုံးအစဆုံးဖြစ်တဲ့စိတ်လေးသည် ပဋိသန္ဓေစိတ် အဲဒီပဋိသန္ဓေစိတ်သည် ယောက်ျားလား မိန်းမလား၊ ငါကောင် သူကောင် ပုဂ္ဂိုလ် သတ္တဝါလား အပါယ်လေးဘုံသားလား၊ လူနတ်ဗြဟ္မာလားလို့ ဖွေရှာ လိုက်တော့ သိရမယ့်တရားလေးကို ဘုရားကဟောပေးလိုက်တယ်၊ အဲဒါတွေ အားလုံး ဘာတစ်ခုမှမဟုတ်ဘူးကွာတဲ့၊ ရှိတာက ဝိညာဏက္ခန္ဓာ ဘာခန္ဓာ'

'ဝိညာဏက္ခန္ဓာပါဘုရား '

' ဒါဖြင့် ကုသိုလ် အကုသိုလ်က ပစ်ချလိုက်လို့ ရောက်လာတဲ့ (၃၁) ဘုံ သတ္တဝါတွေကို ပုံသဏ္ဌာန်တွေကို လိုက်ပြောနေပေမယ့် တကယ်တမ်းရှိတာက ခန္ဓာပဲရှိပါလားလို့ ဝိညာဏ်က ပြောသွားပြီနော် '

'မှန်လှပါဘုရား'

'ဒီတစ်လုံးကို သိလိုက်ပြီဆိုရင် သက္ကာယဒိဋ္ဌိကွာတယ် '

'မှန်လှပါဘုရား '

'ကဲ-အဲဒီဝိညာဏ်ဆိုတဲ့တရားက ကျေးဇူးပြုတော့ နာမ်ရုပ်မပေါ် ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'နာမ်ကတစ်ပုဒ်၊ ရုပ်ကတစ်ပုဒ် ခွဲကြည့်ရအောင်၊ ဟောဒီနာမ်ဆိုတာ က စိတ်ကို မှီတွယ်ဖြစ်တဲ့ စေတသိက်တရား၊ စေတသိက် ( ၅၂ ) ပါးထဲမှာ သူ့ကို တူရာတူရာလေးတွေနဲ့ သက်ဆိုင်ရာလေးတွေကို ခွဲလိုက်တဲ့အခါမှာ ဝေဒနာစေတသိက်ကို တစ်ခုယူလိုက်တယ်၊ သညာစေတသိက်ကို တစ်ခုယူ

http://www.dhammadownload.com



လိုက်တယ်၊ စေတနာဦးဆောင်တဲ့ စေတသိက်ငါးဆယ်ကို တစ်အုပ်စုဖွဲ့လိုက်တယ်ဆိုတော့ ဟောဒီ နာမ်ဓမ္မလေးမှာ (၃) အုပ်စု ပေါ်သွားတယ်၊ ဝေဒနာကတစ်စု၊ သညာကတစ်စု၊ စေတနာဦးဆောင်တဲ့ စေတသိက်ကတစ်စု ဘယ်နှစ်မျိုးပေါ်သွား'

'သုံးမျိုးပေါ်ပါတယ်ဘုရား '

'အဲဒီ (၃)မျိုးထဲမှာကြည့်လိုက်ပါ၊ ဝေဒနာက ဝေဒနာက္ခန္ဓာ၊ ဝေဒနာက'

'ဝေဒနာက္ခန္ဓာပါဘုရား '

'သညာက သညာက္ခန္ဓာ၊ သညာက'

'သညာက္ခန္ဓာပါဘုရား'

'စေတနာဦးဆောင်တဲ့ စေတသိက် (၅၀) က သင်္ခါရက္ခန္ဓာ၊ ဝိညာဏ်လေးက ဝိညာဏက္ခန္ဓာ၊ ဒီလိုဆိုရင် ဟောဒီနာမ်ဆိုတဲ့ ဒီတရားနှစ်လုံးမှာ ကံကပစ်ချလို့ ဆိုင်းဘုတ်ဆွဲတဲ့နေရာမှာ အပါယ်လေးဘုံသားလို့လည်း ပြောကြတယ်၊ လူနတ် ဗြဟ္မာလို့လည်း ပြောကြတယ်၊ တကယ်ဖွေရှာပြီး ကြည့်လိုက်တော့ လူလည်းရှာမတွေ့၊ နတ်လည်း ရှာမတွေ့၊ ဗြဟ္မာလည်း ရှာမတွေ့၊ အပါယ်လေးဘုံသားလည်း ရှာမတွေ့၊ နာမ်လေးပါးသည်ပင် ခန္ဓာဘယ်နှစ်မျိုး ပေါ်လာလဲမေးရင် လေးမျိုးပေါ်လာတယ်၊ ဘယ်နှစ်မျိုး ပေါ်တာလဲ '

' လေးမျိုးပေါ်ပါတယ်ဘုရား '

' ပဋိသန္ဓေစိတ်ဆိုတဲ့ ဝိညာဏ်လေးက ဝိညာဏက္ခန္ဓာ၊ နာမ်ဆိုတဲ့ တရားလေးရဲ့ စေတသိက် (၅၂) လုံးမှာ ဝေဒနာက ဝေဒနာက္ခန္ဓာ၊ သညာက သညာက္ခန္ဓာ၊ စေတနာဦးဆောင်တဲ့ စေတသိက် (၅၀)က သင်္ခါရက္ခန္ဓာ၊ ဒါဖြင့် ခန္ဓာလေးပါး တွေ့မသွားဘူးလား?'

'တွေ့သွားပါတယ်ဘုရား'

'ဝိညာဏ်နာမ်လေးနှစ်ခုထဲမှာတင် ပုဂ္ဂိုလ် သတ္တဝါပါလား?'

'မပါပါဘူးဘုရား'

http://www.dhammadownload.com



'ယောက်ျား မိန်းမရှာတွေ့လား?'

'မတွေ့ပါဘူးဘုရား'

'လူနတ်ပြဟ္မာ အပါယ်လေးဘုံသားကောပါသလား?'

'မပါပါဘူးဘုရား'

'တကယ်ရှိတဲ့တရားလေးကို နာမ်ဓမ္မတွေ ဖွေရှာလိုက်တော့ ခန္ဓာလေးပါးပေါ်သွားပြီ'

'မှန်လှပါဘုရား'

'ဟောဒီရုပ်ဆိုတဲ့တရားလေးက သတ္တဝါတွေအားလုံး (၂၈)ပါးသောရုပ်ကိုရထားတယ်၊ ဒီတရားတွေအားလုံးကို ပေါင်းစုဖွဲ့လိုက်ရင် ပုဂ္ဂိုလ် သတ္တဝါပျောက်ပြီးတော့ ရူပက္ခန္ဓာပေါ်လာတယ်၊ ဘာပေါ်လာလဲ'

'ရူပက္ခန္ဓာပေါ်လာပါ တယ်ဘုရား'

'ဒါဖြင့်ရင် ခန္ဓာငါးပါးစုံသွားပြီ ဝိညာဏ်ရယ်၊ နာမ်ရုပ်ရယ်သည် ခန္ဓာဘယ်နှစ်ပါးပေါ်သွား'

'ငါးပါးပေါ်သွားပါတယ်ဘုရား '

' ဟောဒီ သင်္ခါရ ကံသင်္ခါရက ပစ်ချတဲ့နေရာမှာ ဝိညာဏ်ကစမဖြစ်ဘူးလား?'

'ဖြစ်ပါတယ်ဘုရား'

'နာမ်ရုပ်ကို ကျေးဇူးမပြုဘူးလား?'

'ပြုပါတယ်ဘုရား'

' အဲဒီ ပြုလိုက်တဲ့တရားနှစ်ခုကို ကြည့်လိုက်ခြင်းအားဖြင့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါကောင်၊ သူကောင်၊ အပါယ်လေးဘုံသား၊ ယောက်ျား၊ မိန်းမ၊ လူ နတ် ပြဟ္မာပါတာ တွေ့လား?'

'မတွေ့ပါဘူးဘုရား'

http://www.dhammadownload.com



'ဒါဖြင့် ပုဂ္ဂိုလ် သတ္တဝါ ဆိတ်သုဉ်းသွားတဲ့ အမြင်လေးသည်ပင် ညဏ်အောက်မှာပေါ်လာတာက ခန္ဓာတွေ့သွားပြီ'

'မှန်လှပါဘုရား'

'အဲဒါသည်ပင် သက္ကာယဒိဋ္ဌိဖြုတ်လိုက်တာ ဘာဒိဋ္ဌိ'

'သက္ကာယဒိဋ္ဌိ ဖြုတ်လိုက်တာပါဘု ~'

'အဲဒီတစ်လုံးကိုသိလိုက်ရင် ယနေ့ သူတော်စင်များ လည်ပတ်မှ ကောင်းစွာပြုတ်သွားပြီ'

'မှန်လှပါဘုရား'

'ဒီတရားမှမနာရရင် ပြုတ်ဖို့မလွယ်သေးဘူးနော်'

'မှန်လှပါဘုရား '

'ပတ်ထားမှန်းလည်းမသိ၊ ဖြုတ်ရမှန်းလည်းမသိဘူး၊ အခုတော့ သံသယစင်ကြယ်စွာနဲ့ ဖြုတ်နည်းကော သိမသွားဘူးလား?'

'သိသွားပါတယ်ဘုရား'

'ဒါဖြင့် ဝိညာဏ်နာမ်ရုပ်လေးနဲ့ ခန္ဓာငါးပါးတော့ စုံသွားပြီ၊ ကျန်တာက သဠာယတန ကျန်တယ်၊ ဖဿကျန်တယ် ဝေဒနာကျန်တယ်၊ အဲဒီ (၃) မျိုး ထဲမှာ ခုနတုန်းက ကံသင်္ခါရက ပစ်ချတဲ့ (၃၁) ဘုံ သတ္တဝါတွေများ ရှိလေအုံး မလား ရှာရအုံးမှာနော်'

'မှန်လှပါဘုရား'

'နို့မို့ဆိုရင် ဝိညာဏ်နာမ်ရုပ်နဲ့ ခန္ဓာငါးပါးတော့ စုံသွားပြီ၊ သဠာယတန များ ပါမလားဟဲ့၊ ဖဿထဲမှာများ ပါမလားဟဲ့၊ ဝေဒနာထဲမှာများ ပါမလားလို့ သံသယရှိနေအုံးမယ်ဆိုရင် ဝိစိကိစ္ဆာကျန်အုံးမှာ'

'မှန်လှပါဘုရား'

'ဒိဋ္ဌိလည်းပြုတ်ဖို့မလွယ်သေးဘူး၊ အဲဒါကြောင့်မို့လို့ သဠာယတနကို ကြည့်လိုက်တဲ့အခါမှာ သဠာယတနဆိုတာ တည်ရာဌာနခြောက်နေရာ

http://www.dhammadownload.com



ဘာတွေရှိလဲမေးရင် မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ပြောလိုက်ပါ'

'မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ပါဘုရား'

'အဲဒီခြောက်ပါးသောတရားက အားလုံးရဲ့သဏ္ဌာန်မှာ နေရာမယူထားဘူးလား?'

'ယူထားပါတယ်ဘုရား'

'ဒီလိုဆိုရင် မျက်စိရယ်၊ နားရယ်၊ နှာခေါင်းရယ်၊ လျှာရယ်၊ ကိုယ်ရယ် ဒီ (၅) မျိုးက ရုပ်တရားထဲမှာပါတယ်၊ မျက်စိ ဘယ်ထဲမှာပါ'

'ရုပ်တရားထဲမှာပါပါတယ်ဘုရား '

'နားလည်းပဲ'

'ရုပ်တရားထဲမှာ ပါပါတယ်ဘုရား'

' နှာခေါင်းလည်းပဲ '

' ရုပ်တရားထဲမှာ ပါပါတယ်ဘုရား'

'လျှာ ကိုယ်လည်းပဲ '

'ရုပ်တရားထဲမှာပါပါတယ်ဘုရား '

'ဒီလိုဆိုရင် ဟောဒီသဠာယတနတရား (၆) ပါးထဲမှာ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်ဆိုတဲ့ (၅) မျိုးသော တရားက ရုပ်ထဲမှာပါတဲ့အတွက် ခန္ဓာနဲ့ ပြောရင် ရူပက္ခန္ဓာ၊ ဘာခန္ဓာ'

'ရူပက္ခန္ဓာပါဘုရား'

'သဠာယတနထဲမှာ အခုဖွေရှာလိုက်တော့ ပုဂ္ဂိုလ် သတ္တဝါပေါ်တာလား, ခန္ဓာပေါ်တာလား?'

'ခန္ဓာပေါ်တာပါဘုရား '

'သက္ကာယဒိဋ္ဌိ ပြုတ်နေပြီနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'သဠာယတနထဲမှာကြည့်တော့ မျက်စိလည်းပဲ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်၊ နား၊ နှာခေါင်း၊ လျှာ ကိုယ်လည်းပဲ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်၊ အရှိတရားသည် ရူပက္ခန္ဓာလို့သိသွားပြီ စိတ်မကျန်ဘူးလား?'

'ကျန်ပါတယ်ဘုရား'

'အဲဒီစိတ်က အခုပြောနေတဲ့အခါ ... ှာ ပေါ်နေတဲ့စိတ်တွေ၊ မိမိတို့ရဲ့ သန္တာန်မှာတွေးတဲ့ တွေးစိတ်တွေ အမျိုးမျိုးဖြစ်ကြတဲ့ ပဝတ္တိစိတ်၊ အဲဒီ ပဝတ္တိစိတ်ကလည်းပဲ ပုဂ္ဂိုလ်သတ္တဝါမဟုတ် ဝိညာဏက္ခန္ဓာ၊ ဘာခန္ဓာလဲ'

'ဝိညာဏက္ခန္ဓာပါဘုရား'

'ဒါဖြင့် စိတ်က ဝိညာဏက္ခန္ဓာ၊ ဟောဒီ ဝိညာဏ်ကလည်း ဝိညာဏက္ခန္ဓာ တူရာတူရာပေါင်းလိုက်တော့ ခန္ဓာများ အပိုထွက်သေးလား?'

'မထွက်ပါဘူးဘုရား'

'မပိုဘူးနော်'

'မှန်လှပါဘုရား'

'ဒီထဲမှာ အကျုံးဝင်သွားပြီဆိုတော့ ဝိညာဏ်လည်းပဲ ပုဂ္ဂိုလ် သတ္တဝါ မဟုတ် ခန္ဓာ၊ နာမ်ရုပ်လည်းပဲ ပုဂ္ဂိုလ် သတ္တဝါမဟုတ် ခန္ဓာ၊ သဠာယတန လည်း ပုဂ္ဂိုလ်သတ္တဝါမဟုတ် ခန္ဓာ၊ ခန္ဓာ ဘာသစ္စာ'

'ဒုက္ခသစ္စာပါဘုရား'

'ဝိညာဏ်လည်းပဲ ဒုက္ခသစ္စာ၊ နာမ်ရုပ်လည်းပါ'

'ဒုက္ခသစ္စာပါဘုရား'

'သဠာယတနလည်းပဲ'

'ဒုက္ခသစ္စာပါဘုရား'

'တခြားကြောင့်လား ခန္ဓာကြောင့်လား?'

'ခန္ဓာကြောင့်ပါဘုရား'

'ဩော်-ခန္ဓာပဲရှိတယ်၊ ဒုက္ခပဲရှိတယ်ဆိုတာ ပေါ်သွားပြီ'

'မှန်လှပါဘုရား '

http://www.dhammadownload.com



'ကဲ-ဖဿထဲမှာများ ပုဂ္ဂိုလ် သတ္တဝါရှိလေမလား ကြည့်အုံးမယ်၊ မျက်စိနဲ့အဆင်းနဲ့ဆုံရင် မြင်တွေ့ ဖဿလာမှာပဲ'

'မှန်လှပါဘုရား'

'နားနဲ့အသံနဲ့ဆုံရင် ကြားတွေ့ ဖဿလာမှာပဲ၊ (၆) နေရာဆိုရင် (၆)မျိုး တွေ့မှာပေါ့'

'မှန်လှပါဘုရား'

'အဲဒီတွေ့တဲ့ ဖဿလေးသည်ပင် ဟောဒီနာမ်ဓမ္မထဲမှာ စေတနာ ဦးဆောင်တဲ့စေတသိက် (၅၀) ထဲမှာပါတယ်၊ ဒါကြောင့်မို့လို့ စေတနာ ဦးဆောင်တဲ့စေတသိက် (၅၀) ထဲမှာပါတဲ့ ဖဿသည် သင်္ခါရက္ခန္ဓာ၊ ဘာခန္ဓာ? '

'သင်္ခါရက္ခန္ဓာပါဘုရား'

'ဒီဖဿကြည့်ပြန်တော့လည်း ပုဂ္ဂိုလ်သတ္တဝါအကျိုးပေးမှာ မဟုတ်ဘဲ ခန္ဓာသဘောပါလားဆိုတာ မပေါ်သွားဘူးလား?'

'ပေါ်သွားပါတယ်ဘုရား'

'ဖဿကိုခန္ဓာလို့သိရင်လည်း သက္ကာယဒိဋ္ဌိ ကွာ မကွာ'

'ကွာပါတယ်ဘုရား'

'သဘောအပေါ်မှာ ဉာဏ်ရောက်ပါစေနော် '

'မှန်လှပါဘုရား'

' အဲဒီလိုမျိုး တွေ့ဆုံဖို့ ဖဿ (၆) မျိုးရှိတဲ့အတွက်ကြောင့်မို့လို့ မြင်တွေ့ ဖဿလာရင် မြင်တွေ့ ခံစားလည်းလာမှာပဲ၊ ကြားတွေ့ဖဿလာရင် ကြားတွေ့ ခံစားလည်း လာမယ်ဆိုတော့ ဖဿ (၆)မျိုးပေါ်ရင် ခံစားမှု (၆) မျိုးလည်း လာမယ်၊ အဲတော့ ခံစားတယ် ခံစားတယ်ဆိုတာက ငါကောင်, သူကောင်, ပုဂ္ဂိုလ် သတ္တဝါက ခံစားတာမဟုတ် ဘယ်သူခံစားတာ'

'ဝေဒနာက ခံစားတာပါဘုရား'

'ဒီတစ်လုံးမှတ်ထားနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ပုဂ္ဂိုလ်သတ္တဝါခံစားတာ မပါဘူး၊ ငါကောင် သူကောင် ခံစားတာ မပါဘူး၊ ယောက်ျား မိန်းမခံစားတာ ရှာမတွေ့ဘူး၊ ခံစားတာ ဘယ်သူလဲ မေးရင်'

'ဝေဒနာပါဘုရား'

'ဝေဒနာ၊ ဒါဖြင့် နာမ်တရားထဲမှာလည်းပဲ စေတသိက် (၅၂) လုံး ထဲမှာ ဝေဒနာ မပါဘူးလား?'

'ပါပါတယ်ဘုရား'

'အဲဒီဝေဒနာတုန်းက ဘာခန္ဓာ '

'ဝေဒနာက္ခန္ဓာပါ ဘုရား'

'ဝေဒနာက္ခန္ဓာ၊ ဟောဒီခံစားတဲ့ဝေဒနာလည်း ဝေဒနာက္ခန္ဓာ တူရာ တူရာ ပေါင်းလိုက်ရင် ဟောဒီငါးမျိုးထဲမှာဟော့ ဝိညာဏ် နာမ်ရုပ် ခန္ဓာငါးပါး စုံသော်လည်း သင္ခာယတန၊ ဖဿ၊ ဝေဒနာဟာ တခြားတစ်ပါးများ ခန္ဓာတွေ ပေါ်အုံးမလားမေးတော့ တစ်ခုမှမပေါ်ပါဘူး၊ ဒီထဲမှာပဲ အကျုံးဝင်သွားတဲ့ အတွက် ခန္ဓာဘယ်နှစ်ပါး'

'ငါးပါးပါဘုရား'

' ဒါဖြင့် အဝိဇ္ဇာ သင်္ခါရက ဖြစ်စေတာသည် ပုဂ္ဂိုလ်သတ္တဝါလား၊ ခန္ဓာလား?'

'ခန္ဓာပါဘုရား'

' အဝိဇ္ဇာ၊ သင်္ခါရက ဖြစ်စေတာသည် ယောက်ျား မိန်းမလား ခန္ဓာလား?'

'ခန္ဓာပါဘုရား'

'ဒီလိုရှင်းသွားရင် သက္ကာယဒိဋ္ဌိကွာတယ်၊ ဘာကွာတာ'

'သက္ကာယဒိဋ္ဌိကွာပါတယ်ဘုရား'

'ဟောဒီခန္ဓာသည် အလိုလိုပေါ်တာလား?'

'မဟုတ်ပါဘူးဘုရား'

http://www.dhammadownload.com



'တန်ခိုးရှင်ဖန်ဆင်းရှင်ကြောင့်ပေါ်တာလား?'

'မဟုတ်ပါဘူးဘုရား'

'အကြောင်း တရားက ဘယ်သူနဲ့ဘယ်သူ '

'အဝိဇ္ဇာနဲ့သင်္ခါရပါဘုရား'

'အဲဒီလိုအကြောင်းမှန်ကို သိတဲ့အတွက် သံသယဝိစိကိစ္ဆာကော သေမသေ'

'သေပါတယ်ဘုရား'

' ဒိဋ္ဌိလည်းပြုတ်တယ်၊ ဝိစိကိစ္ဆာလည်းသေတယ်၊ ဒီပုဂ္ဂိုလ်လည်း ပတ်ပတ်စရာအကြောင်းမရှိပါ ရှင်းရဲ့လား ?'

'ရှင်းပါတယ်ဘုရား'

' အရေးကြီးတာက သူတော်စင်များ ဟောဒီနာကြားရတဲ့ တရား ပေါ်မှာ ခန္ဓာဉာဏ် စိုက်ပြီးတော့မှ (၆၂) ပါးသော ဒိဋ္ဌိတွေ ကိုယ့်ရဲ့ သန္တာန်မှာ ဘယ်လောက်ပဲဝင်တိုးပြီး နှိပ်စက် နှိပ်စက် ရေသောက်မြစ်ဖြစ်တဲ့ ဒိဋ္ဌိ (၃) မျိုး ကိုသာ အပိုင်ချည်ပြီးတော့ ကိုယ်ကသိအောင် ကြိုးစားလို့များ ခွာနိုင်မယ် ဆိုရင် (၆၂) ပါးသော ဒိဋ္ဌိတွေ အကုန်ပြုတ်တယ်နော် '

'မှန်လှပါဘုရား'

' ဒါဖြင့် အရေးကြီးဆုံး ဒိဋ္ဌိ (၃) မျိုးကိုပြောဆိုရင် ပြောခဲ့တဲ့ သက္ကာယ ဒိဋ္ဌိပေါ်မှာလည်း ဉာဏ်ရှင်းရမယ်၊ ဟောဒီခန္ဓာကိုယ်ကြီးကို ခိုင်တယ် မြဲတယ် တည်တယ် တံ့တယ်လို့ ယူထားတဲ့ သဿတဒိဋ္ဌိအစွဲတွေကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ခိုင်လား မြဲလားဆိုတာ ကြည့်ရအောင်၊ အဝိဇ္ဇာ သင်္ခါရကို အတိတ်က လုပ်ခဲ့တဲ့နေရာမှာ တခြားနဲ့လုပ်ခဲ့လား၊ ခန္ဓာနဲ့ပဲလား ?'

' ခန္ဓာနဲ့ပါဘုရား'

http://www.dhammadownload.com



' အတိတ်တုန်းကလည်း လူ့ဘဝ၊ နတ်ဘဝ၊ ဗြဟ္မာဘဝ မှာဖြစ်ခဲ့ကြတဲ့ ပုဂ္ဂိုလ်တွေသည် ဩော်-ပုဂ္ဂိုလ် သတ္တဝါနဲ့သာ ပြောနေတာပါ တကယ်ပေါ် နေခဲ့တာက ခန္ဓာ (၅) ပါး၊ ဒါဖြင့် အတိတ်ကလည်း ခန္ဓာနဲ့မနေခဲ့ဘူးလား?'

'နေခဲ့ပါတယ်ဘုရား'

'မသိတဲ့အတွက်ကြောင့်မို့လို့ အဝိဇ္ဇာအုပ်ချုပ်ပြီး သင်္ခါရ လုပ်မလုပ်'

'လုပ်ပါတယ်ဘုရား'

'လုပ်ခဲ့ပင် လုပ်ခဲ့ငြားသော်လည်း အတိတ်ကခန္ဓာသည် ဟောဒီ ပစ္စုပ္ပန်ကို ပါလာလား?'

'မပါလာပါဘူးဘုရား'

'အတိတ်ကခန္ဓာသည် ဇာတိပစ္စယာ ဇရာမရဏဆိုတဲ့အတိုင်းပဲ ဖြစ်ပြီးရင်'

'ပျက်ပါတယ်ဘုရား'

'မွေးပြီးရင်'

'သေပါတယ်ဘုရား'

'အတိတ်ခန္ဓာဘယ်မှာသေခဲ့'

' အတိတ်မှာသေခဲ့ ပါတယ်ဘုရား'

'အတိတ်မှာသေခဲ့တယ်ဆိုကတည်းကိုက မြဲလို့လား မမြဲလို့လား ?'

'မမြဲလို့ပါဘုရား'

'ဩော်-ချုပ်တယ် ပျောက်တယ် သေတယ်ဆိုတာသိရင် မမြဲတော့ဘူး'

'မှန်လှပါဘုရား'

' မမြဲပါလားလို့သိရင် ခိုင်တယ်၊ မြဲတယ်ဆိုတဲ့ ယူစွဲတဲ့အယူ သဿတ ဒိဋ္ဌိ ပြုတ်တယ်၊ ဒါဖြင့် ခိုင်မြဲတယ်ဆိုတာက သဿတဒိဋ္ဌိအယူ အခုတော့ ဟော-မခိုင်မြဲလို့ သေခဲ့တယ်၊ ပျောက်ခဲ့တယ်၊ ပျက်ခဲ့တယ်၊ ချုပ်ခဲ့တယ်လို့သိရင် ဒီအယူမပယ်ဘူးလား ပယ်လိုက်လား?'

'ပယ်လိုက်ပါတယ်ဘုရား '

http://www.dhammadownload.com



'အတိတ်ခန္ဓာ ဘယ်မှာချုပ် '

'အတိတ်မှာချုပ်ခဲ့ပါတယ်ဘုရား'

'ဟော. . . အတိတ်ခန္ဓာ အတိတ်မှာချုပ်ပါလားလို့ သိလိုက်တဲ့ အတွက်ကြောင့်မို့လို့ မမြဲပါလား ဆိုတဲ့အယူအစွဲလေး ဒီနေရာမှာ ကောင်းစွာ ညက်ရှင်းသွားတော့ သဿတဒိဋ္ဌိပြုတ်သွားပြီ၊ တစ်ခါ ဟောဒီမှာ ပြခဲ့တဲ့ အတိတ်အကြောင်းကြောင့် ဒီဘက်မှာ ပစ္စုပ္ပန် ခန္ဓာမပေါ်ဘူးလား ?'

'ပေါ်ပါတယ်ဘုရား'

'အတိတ်က ခန္ဓာက ပစ္စုပ္ပန်ကိုလိုက်လာလား?'

'မလိုက်လာပါဘူးဘုရား'

'မလိုက်လာဘူးနော် အတိတ်ခန္ဓာက အတိတ်မှာ မချုပ်ဘူးလား?'

'ချုပ်ပါတယ်ဘုရား'

'ပစ္စုပ္ပန်မှာလည်း ခန္ဓာမပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား'

'အဲဒီလိုဆိုရင် အတိတ်ခန္ဓာကလည်း ဒီကိုလိုက်မလာဘူး ဟုတ်ပြီ နော်'

'မှန်လှပါဘုရား '

'ပစ္စုပ္ပန်မှာလည်း ခန္ဓာကပေါ်နေတယ်၊ ဒါဖြင့်ရင် အတိတ်က ခန္ဓာက အတိတ်မှာ ချုပ်တယ်၊ ပစ္စုပ္ပန်မှာကလည်း ခန္ဓာတစ်ခုပေါ်တယ်ဆိုတော့ သူကသက်သက်၊ သူကသက်သက်လို့ ယူစရာဖြစ်နေပါလား၊ ဖြစ်နေတယ်နော်'

'မှန်လှပါဘုရား'

'အတိတ်ကခန္ဓာ ဘယ်မှာချုပ်ခဲ့လဲ'

'အတိတ်မှာချုပ်ခဲ့ပါတယ် ဘုရား'

'ဒီဘက်ကိုပါလားမေးတော့လည်း'

'မပါပါဘူးဘုရား'

http://www.dhammadownload.com



'တစ်တိုတစ်စ တစ်မှုန်တစ်မွှားကို ပါကိုမပါခဲ့ဘူး၊ မပါတဲ့အတွက် ကြောင့်မို့လို့ သူကပော့ အတိတ်မှာချုပ်ခဲ့တဲ့ခန္ဓာ အတိတ်မှာပြီးခဲ့ပြီ၊ ဟောဒီ ပစ္စုပ္ပန်မှာကလည်း ခန္ဓာတစ်ခုပေါ်တယ်ဆိုတော့ ဩော်-ဒါဆိုရင်တော့ သူကသပ်သပ်ပါလား၊ လုပ်ခဲ့တာကလည်း လုပ်ခဲ့တဲ့ခန္ဓာ သူ့ဘာသာ သူကျန် ခဲ့ပြီ၊ ဒီဘက်က အသစ်ခန္ဓာက သူ့ဘာသ ၢခံလိမ့်မယ်ဆိုပြီး အယူစွဲတွေနဲ့ အဲဒီလိုမျိုးသောင်းကျန်းတဲ့ ပုဂ္ဂိုလ်တွေလည်း အများကြီး အဲဒီပုဂ္ဂိုလ်မျိုးသည် ဥစ္ဆေဒဒိဋ္ဌိရှိတယ်၊ ဘာဒိဋ္ဌိ'

'ဥစ္ဆေဒဒိဋ္ဌိ ရှိပါတယ်ဘုရား'

'သပ်သပ်စီယူတယ်၊ ပြတ်တယ်၊ တောက်တယ်၊ ယူတယ် သူနဲ့သူ မဆိုင်ဘူးလို့ ယူထားတယ်၊ အဲဒီလိုအယူသည် ဘာအယူ'

'ဥစ္ဆေဒဒိဋ္ဌိအယူပါဘုရား'

'ကဲ. . . ဒီလိုဆိုရင် အတိတ်ကခန္ဓာ အတိတ်မှာချုပ်တယ်ဆိုတာ လည်း သံသယမရှိနဲ့ တကယ်ချုပ်ခဲ့ပြီ၊ ဟောဒီပစ္စုပ္ပန်မှာလည်း ခန္ဓာမပေါ် ဘူးလား မေးတော့'

'ပေါ်ပါတယ်ဘုရား'

'လက်ရှိ လူ့ဘဝရတဲ့ ခန္ဓာမရထားဘူးလား?'

'ရထားပါတယ်ဘုရား'

'အတိတ်က ခန္ဓာကောရှိသေးလား?'

'မရှိတော့ပါဘူးဘုရား'

'မရှိတော့ဘူး၊ သို့သော်လည်းပဲ ဟောဒီအတိတ်ခန္ဓာက ချုပ်ပင် ချုပ်ငြားသော်လည်း အလားတူခန္ဓာကို အစားထိုးပေါ်တာကို ယနေ့ အကြောင်းအကျိုးဆက်သွယ်မှုကို သိချင်ရင် လူ့ခန္ဓာပေါ်ရတာသည် အတိတ်ကပြုခဲ့တဲ့ခန္ဓာမှာ ဘာတွေကိုယ်က သိမ်းဆည်းခဲ့လဲမေးရင် ကုသိုလ် သင်္ခါရ ပြောလိုက်ပါ'

'ကုသိုလ်သင်္ခါရပါဘုရား'

http://www.dhammadownload.com



'ကုသိုလ်သင်္ခါရအကြောင်းကြောင့် လူ့ခန္ဓာမပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား '

'လူ့ခန္ဓာပေါ်ရတာသည် အတိတ်က ကုသိုလ်အကြောင်း ကင်းခဲ့လား?'

'မကင်းခဲ့ပါဘူးဘုရား'

'အကြောင်းမကင်းဘူးဆိုရင် သူ့သပ်သပ်ယူလို့ရပါ့မလား၊ အဲဒီတစ်ချက်လေးသည်ပင် ဥစ္ဆေဒဒိဋ္ဌိစင်ဖို့အတွက် အခြေခံပဲ '

'မှန်လှပါဘုရား '

'ဥစ္ဆေဒဒိဋ္ဌိက သပ်သပ်ဆီ ယူနေတာနော်'

'မှန်လှပါဘုရား'

'မဆိုင်ဘူးလို့ယူတယ်၊ ပြတ်တယ်တောက်တယ်လို့ယူတယ်၊ အတိတ်က ခန္ဓာကသက်သက်၊ ပစ္စုပ္ပန်ခန္ဓာကသက်သက်၊ ဒီလိုယူနေတာ၊ အခုတော့ အတိတ်နဲ့ ပစ္စုပ္ပန်သက်သက်မဟုတ်ပုံလေးကို ကုသိုလ်သင်္ခါရလေးက လူ့ဘဝ၊ နတ်ဘဝနဲ့ ဆက်သွယ်ထားတဲ့ အကြောင်းအကျိုး ရှိ မရှိ'

'ရှိပါတယ်ဘုရား'

'အပါယ်လေးဘုံခန္ဓာကလည်း အကုသိုလ်ရဲ့ အကြောင်းအကျိုးဆက်သွယ်မှု ရှိ မရှိ'

'ရှိပါတယ်ဘုရား'

'ဒီလိုဆိုရင် အပါယ်လေးဘုံကျရတာ အကုသိုလ်အကြောင်း မကင်းဘူး၊ လူ့ဘဝ နတ်ဘဝရတာ ကုသိုလ်အကြောင်း မကင်းဘူး၊ အဲဒီလို အကြောင်းအကျိုးမကင်းဘူးဆိုတော့ သပ်သပ်ဆီယူလို့ရလား?'

'မရပါဘူးဘုရား'

'မရလို့ သည်အသိလေးကိုမြင်ရင် အဲဒီပုဂ္ဂိုလ် အကြောင်းအကျိုးဆက်နေပါလားလို့ သိတဲ့အတွက်ကြောင့်မို့လို့ ပြတ်တယ်တောက်တယ်ယူတဲ့ အယူလေး ပယ်ရှားနိုင်တော့ ဥစ္ဆေဒ ဒိဋ္ဌိစင်သွားတယ် ဘာဒိဋ္ဌိစင်သွား'

'ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဥစ္ဆေဒဒိဋ္ဌိစင်သွားပုံလေးကိုအခု အကြောင်းအကျိုးဆက်သွယ်ပုံလေးနဲ့ ပြလိုက်ပြီနော်'

'မှန်လှပါဘုရား'

'တစ်ခါ မိမိတို့ ဟောဒီ အတိတ်ခန္ဓာက အတိတ်မှာချုပ်ပြီး အလားတူ ခန္ဓာအစားထိုးပေါ်တယ်လို့ သိရင်လည်းပဲ နောင်တစ်ဖန် ဘာမှမဖြစ်တော့ဘူးဆိုတဲ့အယူ ဥစ္ဆေဒဒိဋ္ဌိကို စင်စေပြန်တယ်၊ သူက လက်ရှိရတဲ့ဘဝကနေ နောက်ဘဝရကို မရတော့ဘူး၊ အပြတ်ကို ယူပစ်လိုက်တာ၊ အဲလိုယူလိုက်တဲ့ အယူမျိုးသည် ဥစ္ဆေဒဒိဋ္ဌိအယူပဲ၊ အခုလည်းပဲ အတိတ်ကတော့ ခန္ဓာက အတိတ်မှာ မချုပ်ဘူးလားမေးရင်'

'ချုပ်ပါတယ်ဘုရား'

'သူပြုခဲ့တဲ့ ကံသတ္တိကြောင့် အလားတူခန္ဓာ အစားမထိုးဘူးလား'

'ထိုးပါတယ်ဘုရား'

'ဒါဖြင့် မပေါ်တော့တာလား အစားထိုးပေါ်တာလား?'

' အစားထိုးပေါ်တာပါဘုရား '

'ဒီလိုအစားထိုးပေါ်တာလေးကို သိရင်လည်း ဥစ္ဆေဒဒိဋ္ဌိစင်တယ်၊ အစားထိုးပေါ်တာသိရင်လည်းပဲ '

'ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်ဘုရား'

'ဟောဒီ အကျိုးတရားနဲ့ အတိတ်ကပြုခဲ့တဲ့အကြောင်းတရား ဆက်စပ်မှုရှိလို့ အကြောင်းအကျိုး မကင်းပါလားလို့ သိရင်လည်း'

'ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်ဘုရား '

'ဥစ္ဆေဒဒိဋ္ဌိ စင်ပုံကို နှစ်မျိုးပြောထားပြီနော်'

'မှန်လှပါဘုရား '

'အစားထိုးပေါ်တယ်လို့သိရင်လည်း'

'ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဖြစ်ပေါ်လာတဲ့အကျိုးတရားသည် အတိတ်အကြောင်း မကင်းပါလားလို့သိရင်လည်းပဲ '

'ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်ဘုရား'

'သြော-ဟောဒီအတိတ်က ပြုပြင်ခဲ့တဲ့အကြောင်းကြောင့် ဟောဒီပစ္စုပ္ပန်မှာ အကျိုးပေါ်တယ်လို့ အကြောင်းအကျိုးပေါ်မှာ ဉာဏ်ရှင်းရင် သံသယစင်တယ်နော် '

'မှန်လှပါဘုရား'

'အကြောင်းတရားကြည့်တော့လည်း ပုဂ္ဂိုလ်သတ္တဝါလား ဓမ္မလား?'

'ဓမ္မပါဘုရား'

'အကျိုးတရားထဲမှာလည်း ပုဂ္ဂိုလ်သတ္တဝါလား, ဓမ္မလား?'

'ဓမ္မပါဘုရား '

'အဲဒီလိုသိရင်လည်း သက္ကာယဒိဋ္ဌိ ကွာတယ် ရှင်းသွားပြီလား?'

'ရှင်းပါတယ်ဘုရား'

'ဒီနေရာမှာ ရှင်းတဲ့နေရာမှာ သက္ကာယ ဒိဋ္ဌိကွာတာလည်းပဲအမြင်က အကြောင်းအကျိုးဆက်သွယ်ပုံလေး မကင်းပုံလေးကို ယနေ့သူတော်စင်များ ဉာဏ်ရှင်းအောင်ပြောရင် မိမိတို့ဟောဒီ ဝမ်ကမ်နယ် မြေကနေပြီးတော့ ကိုယ်ရှာထားဖွေထားတဲ့ ဥစ္စာပစ္စည်း ကိုယ့်ရဲ့ မိဘရပ်ကွက်ထဲကို ပို့ချင်တယ်ပေါ့၊ ရန်ကုန်မှာရှိတဲ့ မိဘတွေထံကို ကိုယ်က ဒီက လုပ်ကိုင်ရင်းနဲ့ရတဲ့ ဥစ္စာပစ္စည်းကို ပို့ချင်တဲ့အခါမှာ ဟောဒီဝမ်ကမ်ဒေသမှာရှိတဲ့ဘဏ်ခွဲ ကနေပြီးတော့ ကိုယ်က ဥပမာအားဖြင့် (၁၀) သိန်းပို့မယ်ပေါ့၊ အဲဒီပို့လိုက်တဲ့ အခါမှာ ဝမ်ကမ်ဒေသ ဟောဒီကနေပြီးတော့ ဘဏ်ကနေပြီးတော့ (၁၀) သိန်း ထည့်လိုက်တယ်၊ ဘယ်လောက်ထည့်လိုက် ?'

'(၁၀)သိန်း ထည့်လိုက်ပါတယ်ဘုရား'

'ရန်ကုန်မှာရှိတဲ့ ဘဏ်ကိုလှမ်းပြီးတော့အကြောင်းကြားလိုက်တယ်၊ သူ့မိဘတွေကို အကြောင်းကြားပေးပါ၊ ဟောဒီမှာ (၁၀) သိန်း ပို့လိုက်ပြီဆို

http://www.dhammadownload.com



တော့ စာရွက်လေးတစ်ရွက် ရောက်မသွားဘူးလား?'

'ရောက်သွားပါတယ်ဘုရား'

'အဲဒီ ရောက်သွားတဲ့အတွက် သူ့ဖုန်းနံပါတ်နဲ့အတူ လှမ်းပြီးတော့ အကြောင်းကြားတော့ အဲဒီ ရန်ကုန်မှာရှိတဲ့မိဘတွေက သွားပြီးတော့ အဲဒီ ရန်ကုန်မှာရှိတဲ့ ဘဏ်ကပဲ (၁၀) သိန်းရလိုက်တယ်၊ သားသမီး ထည့်ပေးလိုက်တဲ့ (၁၀) သိန်းက ဘယ်ဘဏ်မှာ '

'ဝမ်ကမ်မှာရှိတဲ့ ဘဏ်မှာပါဘုရား'

'အေး ဝမ်ကမ်မှာရှိတဲ့ဘဏ် ဟိုကမိဘကထုတ်တာက ရန်ကုန်ဘဏ်၊ ဒါဖြင့်ကိုယ်ထည့်လိုက်တဲ့ ဟောဒီ (၁၀) သိန်းက ဒီဘက်က ဘဏ်ကနေ ဟိုဘက်ဘဏ်ကို ရောက်သွားလား?'

' မရောက်သွားပါဘူးဘုရား '

'ဘယ်မှာ ကျန်ခဲ့'

'ဝမ်ကမ်မှာကျန်ခဲ့ပါတယ်ဘုရား'

'ဒီဘက်ဘဏ်မှာ ကျန်ခဲ့ပြီနော် '

'မှန်လှပါဘုရား'

'ဒါဖြင့် ဟိုဘက်က မိဘကကော (၁၀) သိန်းတော့ ရမသွားဘူးလား?'

'ရသွားပါတယ်ဘုရား'

'ကိုယ်ပေးလိုက်တဲ့ (၁၀) သိန်းကော ဟုတ်လား?'

'မဟုတ်ပါဘူးဘုရား'

'ကိုယ်ပေးတဲ့ (၁၀) သိန်းက ဒီမှာကျန်ခဲ့ပြီ၊ သို့သော်လည်းပဲ အလားတူ (၁၀) သိန်း ဟိုမှာမပေါ်ဘူးလား?'

'ပေါ်ပါတယ်ဘုရား '

'အဲဒီပေါ်ရတာသည် ဒီဘက်က (၁၀)သိန်းအကြောင်းကင်းလား?'

'မကင်းပါဘူးဘုရား'

http://www.dhammadownload.com



' ဒီဘက်က (၁၀) သိန်းက ဒီမှာကျန်ခဲ့ပါတယ်၊ ဟောဒီ ဘက်မှာလည်း (၁၀) သိန်းက အလားတူပေါ်ပါတယ်၊ ဟော-သူကသပ်သပ်၊ သူကသပ်သပ် ယူလို့မရအောင်က ဒီ (၁၀) သိန်း အကြောင်းရှိနေတယ်နော်'

'မှန်လှပါဘုရား'

'အဲဒီအကြောင်းလေးရှိလို့ ဒီဘက်က (၁၀) သိန်းက ပေါ်ရတာ၊ အဲဒီလိုဆိုရင် အကြောင်းအကျိုးဆက်သွယ်မှု ရှိ မရှိ'

'ရှိပါတယ်ဘုရား'

'ဒီလိုရှိရင် ဥစ္ဆေဒဒိဋ္ဌိပြုတ်တယ်'

'မှန်လှပါဘုရား'

'ရှင်းသွားပြီလား?'

'ရှင်းသွားပါပြီဘုရား'

'ယနေ့ ဘာကြောင့်များ ဒီလောက်သင်ပေးလဲမေးရင် လည်ပတ် ပြုတ်စေချင်လို့ပါ'

'မှန်လှပါဘုရား'

'ဘယ်လိုပြောလိုက်လဲ'

'လည်ပတ်ပြုတ်စေချင်လို့ပါဘုရား'

'အခုခန္ဓာအကြောင်း ရှင်းသွားပြီပေါ့နော်'

'ရှင်းသွားပါပြီဘုရား'

'မိမိတို့ ပဋိစ္စသမုပ္ပါဒ်ပေါ်မှာ ဒါက စာလိုရှင်းသွားတာ၊ စာလိုရှင်းပြီး တော့မှ ခန္ဓာကို ဉာဏ်ရောက်အောင် ရှင်းမယ်ဆိုရင် ပိုမကောင်းဘူးလား?'

'ကောင်းပါတယ်ဘုရား'

'အဲဒီတော့ ခန္ဓာကို ဉာဏ်ရောက်အောင်ရှင်းဆိုတော့ တစ်နေ့တစ်နေ့ ပေါ်ရဌာန (၆) နေရာမှာ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတာ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

http://www.dhammadownload.com



'မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ရှိရင် သူတို့နဲ့ဆုံမယ့် အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ ကြံတွေးစရာ ဆိုတဲ့ အာရုံခြောက်ပါးကောမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'တစ်နေ့တစ်နေ့မှာ မြင်လိုက်တဲ့အမြင်လေးတွေကို ပြန်ပြီးတော့ သုံးသပ်ကြည့်ရအောင် မျက်စိနဲ့ အဆင်းလေး ဆုံတိုင်း ဆုံတိုင်းမှာ မြင်စိတ် ပေါ် မပေါ်'

'ပေါ်ပါတယ်ဘုရား'

'ဒီလိုဆိုရင် မျက်စိနဲ့အဆင်းလေးဆုံပြီး မြင်စိတ်ပေါ်တယ်၊ အဲဒီ မြင်စိတ်လေး ပေါ်တာလေးကို အကြောင်းအကျိုးနဲ့သိအောင်လို့ တစ်ချို့ တစ်ချို့သော ပုဂ္ဂိုလ်တွေကမြင်လိုက်တဲ့ခဏမှာ ငါမြင်တာ ငါ့မျက်လုံးနဲ့ မြင်တာ၊ ငါ့သား၊ ငါ့သမီး၊ ဒါဘယ်သူပဲလို့ကော ပုံဖော်တာတွေ အမျိုးမျိုး မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'မြင်တဲ့ထဲမှာ ကြည့်လိုက်မယ်၊ ငါပါ မပါကိုလည်းပဲ ဉာဏ်ရှင်း စေချင်တယ်၊ မြင်စရာအဆင်းထဲမှာလည်း ပုဂ္ဂိုလ်သတ္တဝါ မပါပုံလေး ဉာဏ်ရှင်း စေချင်တယ်၊ အဲဒါကြောင့်မို့လို့ -

**"အဆင်းမျက်စိ၊ ကြောင်းဆုံဘိ၊ မြင်သိစိတ်နာမ်ပေါ်လာသည်"**

'အခုပြောလိုက်ပြီ မိမိတို့အဆင်းလေးသည် မြင်စရာ အာရုံရဲ့အဆင်း ဟောဒီ - မျက်စိအကြည်ရှိတော့ သူတို့နှစ်ခုမဆုံဘူးလား?'

'ဆုံပါတယ်ဘုရား'

'ဆုံရင်ဘာပေါ်မယ်'

'မြင်စိတ်ပေါ်ပါတယ်ဘုရား'

'အဲဒီမြင်စိတ်ထဲမှာ ငါပါလား?'

'မပါပါဘူးဘုရား'

http://www.dhammadownload.com



'ဟောဒီမြင်စိတ်ထဲမှာ ပုဂ္ဂိုလ်သတ္တဝါပါလား?'

'မပါပါဘူးဘုရား'

'မပါဘူးဆိုကတည်းကိုက ငါမြင်တယ်လို့ လုပ်လို့မရတော့ဘူး'

'မှန်လှပါဘုရား'

'ပုဂ္ဂိုလ်သတ္တဝါမြင်တယ်လို့ လုပ်လို့မရတော့ဘူး မြင်တာဘယ်သူလဲ မေးရင် မြင်စိတ်၊ အဲဒီမြင်စိတ်သည် အလိုလိုပေါ်လား?'

'မပေါ်ပါဘူးဘုရား'

'မြင်စရာအကြောင်းလေးကိုပြောလိုက်တာ အဆင်းနဲ့မျက်စိ အကြောင်းတရားက ဘာနဲ့ဘာ'

'အဆင်းနဲ့မျက်စိပါဘုရား'

'အဆင်းမျက်စိကြောင်းဆုံဘိ ဆိုကတည်းကိုက အကြောင်းတရား ပုံပေါ်သွားပြီ'

'မှန်လှပါဘုရား'

'မြင်သိစိတ် နာမ်ပေါ်လာမယ်ဆိုတော့ အကျိုးတရားလေးကော မပြသွားဘူးလား?'

'ပြသွားပါတယ်ဘုရား '

'ဒါအကြောင်းနဲ့အကျိုးပဲရှိတယ်နော်'

'မှန်လှပါဘုရား'

'အကြောင်းတရားထဲမှာကြည့်တော့ မျက်စိအကြည်ရယ်၊ အဆင်းရယ်၊ အဆင်းသည် ရုပ်တရား၊ မျက်စိအကြည်သည် ရုပ်တရား၊ ဒါဖြင့်အကြောင်းက ပုဂ္ဂိုလ်သတ္တဝါလား, ခန္ဓာလား?'

'ခန္ဓာပါဘုရား'

'မြင်သိစိတ်လေးကျမှ ငါလုပ်လို့ ရပ့်မလား?'

'မရပါဘူးဘုရား'

http://www.dhammadownload.com



'ပုဂ္ဂိုလ်သတ္တဝါ ဖြစ်ချင်လို့ကော ရပါ့မလား?'

'မရပါဘူးဘုရား'

'မြင်သိစိတ်ကလည်း ငါလား, သူလား ခန္ဓာလား?'

'ခန္ဓာပါဘုရား'

'ရုပ်လား, နာမ်လား?'

'နာမ်ပါဘုရား'

'အဲဒါကိုလည်း ကွဲအောင်လို့ -

**"အဆင်းမျက်စိ ၊ ရုပ်ရှဘိ၊ မြင်သိစိတ်နာမ်ရှုရမည်"**

'အခုရုပ်နာမ်ပါခွဲပေးလိုက်ပြီနော်'

'မှန်လှပါဘုရား'

'မိမိတို့ရဲ့သဏ္ဍာန်မှာဖြစ်ပေါ်နေတဲ့ အကြောင်းအကျိုးထဲမှာ ငါကောင်, သူကောင် ပုဂ္ဂိုလ်သတ္တဝါပါတယ်လို့ ထင်နေရင် ဒိဋ္ဌိက တန်းလန်း တန်းလန်း ဖြစ်တော့ လည်ပတ်ကြိုး ပတ်ထားအုံးမှာ'

'မှန်လှပါဘုရား'

'အဲဒီလိုဆိုရင် မြင်စရာအဆင်းပေါ်မှာ ပုဂ္ဂိုလ် သတ္တဝါ လုပ်လိုက်တာနဲ့ ခင်စရာမင်စရာတွေ့ရင် တဏှာကြိုးကကော ချည်ပြီးသားပဲ'

'မှန်လှပါဘုရား'

'ဒီပုဂ္ဂိုလ် ချည်တိုင်မြဲမမြဲ'

'မြဲပါတယ် ဘုရား'

'မြင်လို့လား, ကန်းလို့လား?'

'ကန်းလို့ပါဘုရား'

'ဩော်-အဲဒီပုဂ္ဂိုလ် သွားပြီနော် '

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲဒီအဖြစ်ဆိုးကလွတ်အောင်လို့ အခုကျနစွာ သင်ပေးလိုက်ပြီ၊ ဩော်-အဆင်းနဲ့မျက်စိ အကြောင်းတရားရှိရင် မြင်စိတ်ပေါ် လိမ့်မယ်၊ အဆင်းနဲ့မျက်စိဆိုတာ ငါကောင် သူကောင် မဟုတ်ဘူး၊ ရုပ်တရား မြင်စိတ်လေးကနာမ်တရား၊ ဟော-အကြောင်းအကျိုးပေါ်မှာ ဉာဏ်ရှင်းသွားတော့ ရုပ်နာမ်ပေါ်ပါလားလို့ သိမသွားဘူးလား?'

'သိသွားပါတယ်ဘုရား'

'ရုပ်ကိုရုပ်မှန်းသိရင် သက္ကာယဒိဋ္ဌိ'

'ပြုတ်ပါတယ်ဘုရား'

'နာမ်ကိုနာမ်မှန်းသိရင် သက္ကာယဒိဋ္ဌိ '

'ပြုတ်ပါတယ်ဘုရား'

'အရှိရုပ်နာမ်ကိုသိလိုက်တဲ့ သက္ကာယဒိဋ္ဌိပြုတ်သွားပြီ၊ ဒါဖြင့် ဟောဒီအဆင်းဆိုတဲ့ တရားလေးကလည်း ရိပ်ခနဲ၊ ရိပ်ခနဲ မပျက်ဘူးလား?'

'ပျက်ပါတယ်ဘုရား'

' မျက်စိအကြည်ကလည်း မှုန်လာတာ၊ မွဲလာတာ၊ မမြင်ရတာကိုက သက်သေခံတဲ့အတွက်မြဲလား?'

'မမြဲပါဘုရား'

'အကြောင်းတရားအဆင်းကလည်း မမြဲဘူး၊ ဟောဒီ အကြောင်းတရားပြထားတဲ့ မျက်စိအကြည်ကလည်း မမြဲဘူး၊ ဒါဖြင့် သူတို့နှစ်ခုမှီပြီး တော့ဖြစ်တဲ့ မြင်စိတ်ကျမှစွဲထား၊ တန့်ထားလို့ရပ့်မလား?'

'မရပါဘူးဘုရား'

'အကြောင်းမမြဲလို့ အကျိုးမမြဲပါလားလို့ ဒီလို သိလိုက်ရင် အဲဒီပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ သဿတဒိဋ္ဌိပြုတ်သွားပြီ'

'မှန်လှပါဘုရား'

'ဘာပြုတ်သွား'

'သဿတဒိဋ္ဌိပြုတ်သွားပါတယ်ဘုရား'

http://www.dhammadownload.com



'မမြဲတဲ့ အပျက်လေးကို မြင်သွားတိုင်း မြင်သွားတိုင်း ဘာပြုတ်'

'သဿတဒိဋ္ဌိ ပြုတ်ပါတယ်ဘုရား'

' ဟောဒီ. . . မြင်စရာအဆင်းလေးက ငါမဟုတ် သူမဟုတ် ခန္ဓာ မြင်သိစိတ်လေးက ငါမဟုတ်၊ သူမဟုတ် ခန္ဓာ ဒီလိုသိရင် ဘာဒိဋ္ဌိပြုတ်'

'သက္ကာယဒိဋ္ဌိ ပြုတ်ပါတယ်ဘုရား'

'ခန္ဓာလို့သိရင် သက္ကာယဒိဋ္ဌိပြုတ်တယ်၊ ဟောဒီ မြင်သိစိတ်လေး သည် အလိုလိုပေါ်လား?'

'မပေါ်ပါဘူးဘုရား'

'တန်ခိုးရှင်က မြင်စေသတည်းဆိုလို့ မြင်တာလား?'

'မဟုတ်ပါဘူးဘုရား'

'အကြောင်းတရား ပြောလိုက်ပါဘာနဲ့ဘာ'

'အဆင်းနဲ့ မျက်စိပါဘုရား'

'အဆင်းနဲ့ မျက်စိကအကြောင်း ဒီလိုဆိုရင် ဖန်တီးရှင်၊ တန်ခိုးရှင် လောက ဆိတ်သုဉ်းသွားတဲ့အတွက် အကြောင်းအကျိုးပေါ်မှာ ဉာဏ်ရှင်းတော့ သံသယစင်, မစင်'

'စင်ပါတယ်ဘုရား'

'ဝိစိကိစ္ဆာ ကိလေသာ သေသွားပြီနော်'

'မှန်လှပါဘုရား '

'အဲလိုဆိုရင် ကိလေသာလည်းသေသွားပြီ၊ သက္ကာယဒိဋ္ဌိလည်း ကွာသွားပြီ၊ မမြဲပုံသိတဲ့အတွက်ကြောင့်မို့လို့လည်း သဿတဒိဋ္ဌိ ပြုတ်သွားပြီ၊ ဟောဒီ. . . မြင်သိစိတ်လေးသည် မျက်စိဆိုတဲ့အကြည်ရယ်၊ အဆင်းရယ် အကြောင်းကင်းလား?'

'မကင်းပါဘူးဘုရား'

http://www.dhammadownload.com



'အကြောင်းမကောင်းပါလားလို့သိရင် သူနဲ့သူ အကြောင်းအကျိုး ဆက်သွယ်မှု ရှိ၊ မရှိ'

'ရှိပါတယ်ဘုရား'

'ဒီလိုသဘောပေါက်ရင် ဘာဒိဋ္ဌိစင်'

'ဥစ္ဆေဒဒိဋ္ဌိစင်ပါတယ်ဘုရား'

'ကျေးဇူးများသွားပြီနော်'

'မှန်လှပါဘုရား'

'ဒါဖြင့် မိမိတို့ရဲ့သန္တာန်မှာ အဆင်းမျက်စိ ကြောင်းဆုံဘိ မြင်သိစိတ်နာမ်ပေါ်လာတယ်ဆိုတဲ့ ရုပ်နာမ်လေးကို ဖော်ကျူးသလိုပဲ အသံနဲ့ နားတိုးရင်လည်းပဲ ကြားစိတ် ပေါ် မပေါ်'

'ပေါ်ပါတယ်ဘုရား'

' အဲဒီပေါ်တဲ့တရားသည်လည်းပဲ အကြောင်းအကျိုး မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'နားနဲ့အသံက'

'အကြောင်းပါဘုရား'

'ကြားစိတ်ကအကျိုး'

'အကျိုးပါဘုရား'

'ဟော-နားနဲ့အသံသည် ငါလား၊ သူလား၊ ရုပ်တရားလား?'

'ရုပ်တရားပါဘုရား'

'ကြားစိတ်က'

'နာမ်တရားပါဘုရား'

'ကြားတော့လည်း ပုဂ္ဂိုလ်သတ္တဝါပါလား?'

'မပါပါဘူးဘုရား'

http://www.dhammadownload.com



'အဲဒါကိုငါ့နားနဲ့ ဆတ်ဆတ်ကြားတယ် ဆိုကတည်းကိုက လည်ပတ်ပတ်နေတာ'

'မှန်လှပါဘုရား'

'ဒီအသံလေးမို့လို့ ငါကြိုက်တယ်ဆိုတော့ တဏှာကြီးက မချည်ဘူးလား ?'

'ချည်ပါတယ်ဘုရား'

' အဲဒီပုဂ္ဂိုလ် ချည်တိုင် မြဲ, မမြဲ'

'မြဲပါတယ်ဘုရား'

'ချည်တိုင်ကို သဘောကျတာမြင်လို့လား မမြင်လို့လား?'

'မမြင်လို့ပါဘုရား '

'မမြင်တဲ့ အန္ဓပုထုဇဉ်တွေမှန်သမျှကို ဘုရားကဟောသည် အလွန်ယုတ်ညံ့တဲ့ကောင်လို့ တွက်နော် '

'မှန်လှပါဘုရား'

'အဲဒီဥပမာထဲ ကိုယ်မပါဖို့အရေး မကြီးဘူးလား ကြီးလား?'

'ကြီးပါတယ်ဘုရား'

'အခုတော့ အသိတရားလေးကိန်းသွားပြီ၊ အဲဒီလိုမျိုးလေး ပြောတဲ့အခါကျတော့ သဘောပေါက်ပြီး သင်ပေးတဲ့အတိုင်းလေးဝေ ့ ဟုတ်သလိုလိုရှိတယ်၊ တရားပြန်အားထုတ်တဲ့အခါကျတော့ သူတော်စင်များ မှာ ဘယ်လိုဖြစ်နေလဲမေးတော့ ခန္ဓာငါးပါးပြထားတဲ့ ရုပ်နာမ်အပေါ်မှာ ရုပ်ကိုလည်း ပိုင်းခြားပြီးတော့ ပိုင်နိုင်စွာ မရှုနိုင်တာတွေ နာမ်ကိုလည်းပဲ သေချာ ကွဲပြားအောင် ပြောပေမယ့် သဘောပေါက်အောင်မရှုနိုင်တဲ့ ပုဂ္ဂိုလ်တွေက အလွန်များနေကြတယ်'

'မှန်လှပါဘုရား'

'ဒီတော့ တရားနယ်ပယ်မှာ အမှားအကျယ်ဆုံးက ဘာလဲမေးရင် ဝေဒနာနဲ့ ရုပ်မကွဲတာပဲ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဘာနဲ့ဘာ'

'ဝေဒနာနဲ့ ရုပ်မကွဲတာပါဘုရား'

'ဝေဒနာနဲ့ ရုပ်မကွဲတာ၊ ဝေဒနာနဲ့ ရုပ်မကွဲတဲ့အတွက်ကြောင့်မို့လို့ ဟော-ကိုယ်ပေါ်မှာ ပေါ်ပါတယ် ကိုယ်နဲ့စပ်ပြီးပြတဲ့တရားမှာ သုခလည်းပဲ ပေါ်တယ်၊ ဒုက္ခလည်းပဲပေါ်တယ်၊ အဲဒီပေါ်တဲ့တရားလေးအပေါ်မှာ အာရုံလေး ပြုပြီးတော့မှ မိမိတို့တစ်တွေ ဖောက်ပြန်တဲ့ရုပ်နဲ့ ခံစားတဲ့ဝေဒနာကွဲအောင် ခွဲနိုင်ရင် ရုပ်နာမ်သေချာပေါက်ရှင်းလိမ့်မယ်၊ အဲလိုရှင်းရင် ဘယ်အချိန်ပဲ ကြည့်ကြည့် အမြင်ကြည်တာက ဒိဋ္ဌိသေချာ ပေါက်ပြုတ်မယ်၊ ဒီလိုဆိုရင် ဟောဒီ အကြောင်းအကျိုးလေးကတော့ မြင်လိုက်တဲ့ခဏမှာဟော့ မြင်စရာ အဆင်းကရုပ်၊ ဒီဘက်က မြင်သိစိတ်က နာမ်အကြောင်းအကျိုးရှိတယ်၊ ရုပ်နာမ်လေးတွေပေါ်တယ် ဆိုတာကိုတော့ သဘောပေါက်အောင် ရှင်းပေးလို့တော့ နားလည်သလိုရှိတယ်ပေါ့၊ တကယ်တမ်း တရားထိုင်တဲ့အခါကျတော့ ကိုယ်မှာစပ်ပြီး ပေါ်တဲ့တရားကို အများဆုံးရှုနေကြတယ်၊ ကိုယ်ပေါ်မှာ ထင်ရှားတဲ့အရာကို မရှုဘူးလား, ရှုလား ?'

'ရှုပါတယ်ဘုရား'

'ကဲ-အဲဒီလိုဆိုရင် ကိုယ်ပေါ်မှာ ထင်ရှားတဲ့အရာလေးကိုပဲ မီးမောင်းထိုးပြီးတော့ သူတော်စင်များကို ဒိဋ္ဌိလည်းဖြုတ်ပေးမယ်၊ အမြင်ရှင်းတဲ့ ဉာဏ်ကိုရောင်အောင်လို့ ရုပ်နဲ့ဝေဒနာလည်း ကွဲအောင် ခွဲနိုင်မယ်ဆိုရင် ယနေ့လာရောက်တရားနာရတာ အားထုတ်ရတာ ကျေးဇူးမကြီးဘူးလား?'

'ကြီးပါတယ်ဘုရား'

'ကဲ-ဟောဒီခန္ဓာကိုယ်မှာပြနေတဲ့တရား မိမိရဲ့ကိုယ်၊ ဒူးသော်လည်းကောင်း၊ ပေါင်သော်လည်းကောင်း၊ ဒူးပဲထားလိုက်တော့၊ ဒူးပေါ်မှာနာတယ်၊ ဘယ်လိုပြောလိုက်'

'ဒူးပေါ်မှာနာပါတယ်ဘုရား'

'ဒူးမှာနာနေတယ်၊ အဲဒီနာတာကို ဟောသိတယ်၊ ဘယ်လိုတဲ့တုန်း'

' သိပါတယ်ဘုရား'

http://www.dhammadownload.com



'ဒူးမှာနာတယ် သိတယ်၊ ဒါဖြင့် ဒူးမှာနာတယ်ဆိုတဲ့ ဟောဒီ တရား တစ်လုံးကို ကိုယ်မှာပြနေပြီ၊ အဲဒီနာမှုလေးတစ်ခု၊ ဒီနာမှုလေးကို ဘယ်သူကသိ'

'နာမ်ကသိပါတယ်ဘုရား'

'နာမ်က သိတယ်၊ စိတ်က သိတယ်ပေါ့နော်'

'မှန်လှပါဘုရား'

'ဒါဖြင့် စိတ်ကသိတဲ့အသိတစ်ခု၊ ဒီဘက်ကဒူးက နာတာကလည်း တစ်ခုပြထားပြီ၊ နာတာရယ် သိတာရယ် ပြောလိုက်ပါ'

' နာတာရယ်၊ သိတာရယ်ပါဘုရား'

' နာတာရယ်'

'သိတာရယ်ပါဘုရား'

'ဟောဒီ နာတယ်ဆိုတဲ့တရားသည် မိမိတို့ရဲ့ကိုယ်ပေါ်မှာ မပြဘူးလား?'

'ပြပါတယ်ဘုရား'

'ကိုယ်ပေါ်မှာ ပြနေတဲ့ဒူးပေါ်မှာနာတဲ့သဘောသည် ဘာတရား'

'ရုပ်တရားပါဘုရား'

'ရုပ်တရား၊ သိမှုလေးက'

'နာမ်တရားပါဘုရား'

'ဘာနဲ့ဘာပေါ်တာ'

'ရုပ်နဲ့နာမ်ပေါ်တာပါဘုရား'

'ရုပ်နဲ့နာမ်ပေါ်တာ၊ ဒါဖြင့် ရုပ်နာမ်ပေါ်တဲ့အခါမှာ မိမိတို့က နာတယ်ဆိုတဲ့တရားအပေါ်မှာ ရုပ်ကိုရှုတယ်လို့ ပြောပေမယ့် ဟော-ဝေဒနာလုပ်ကြပြန်သည်၊ ဘာလုပ်ပြန်လဲ'

'ဝေဒနာလုပ်ကြပြန်တာပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့် ဝေဒနာဆိုတာကို ဟောဒီနာတာရယ်၊ သိတာရယ်မှာ ရှာတော့မယ်နော်'

'မှန်လှပါဘုရား'

'ဒူးက မနာဘူးလား?'

'နာပါတယ်ဘုရား'

'သိကော မသိဘူးလား?'

'သိပါတယ်ဘုရား'

'ကဲ. . . ရုပ်နဲ့နာမ်တော့ပေါ်သွားပြီ၊ အဲဒီမှာ ဝေဒနာရှုကွက်ကြည့်ရအောင် ဝေဒနာရှုကွက်ကြည့်မယ်ဆိုတော့ ဝေဒနာဆိုတဲ့ တရားကိုအခုရှာမယ်၊ နာတယ်ဆိုတဲ့ တရားရယ်၊ သိတယ်ဆိုတဲ့တရားရယ် နှစ်မျိုးမရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲတော့ ဝေဒနာကိုရှာကြည့် နာတာနဲ့ သိတာ ဘယ်ထဲမှာပါ၊ တစ်ပွဲလုံး ငြိမ်သွားတာကိုက မသိလို့ပေါ့နော်'

'မှန်လှပါဘုရား'

'တရားတော့မရှုဘူးလား?'

'ရှုပါတယ်ဘုရား '

'ကိုယ်ကျိုးတော့ နည်းတော့မှာပဲ တကယ်မသိဘူးလား၊ ဟာ-ဒုက္ခရောက်ကုန်ပြီ၊ ဘယ်လိုတွေဖြစ်ကုန်ကြတုန်း တရားမရှုဘူးလား?'

'ရှုပါတယ်ဘုရား'

'ဝေဒနာမရှုဘူးလား?'

'ရှုပါတယ်ဘုရား '

'အခုပြောနေပြီနာတာရယ်၊ သိတာရယ် ဘယ်ထဲမှာပါတုန်း'

'ရုပ်နာမ်ထဲမှာ ပါပါတယ်ဘုရား'

'သေချာပြောနော် ရောမပြောနဲ့၊ ဝေဒနာကို မရှုဘူးလား, ရှုလား?'

'ရှုပါတယ်ဘုရား'

http://www.dhammadownload.com



'ဟဲ့-ဒါကျတော့လည်း မြိုင်သားပဲ ရှုပါတယ်ဘုရား၊ အခုနာတာက လည်း မပြဘူးလား?'

'ပြပါတယ်ဘုရား'

'နာတာကိုကောမသိဘူးလား?'

'သိပါတယ်ဘုရား'

'ဒါဖြင့်ရင် ဝေဒနာကို ရှုစမ်းပါ နာတဲ့ထဲရှုမလား၊ သိတဲ့ထဲရှုမလား?'

'သိတဲ့ထဲရှုမှာပါဘုရား '

'ဘယ်မှာ'

'သိတဲ့ထဲရှုမှာပါဘုရား'

'သေချာသွားပြီပေါ့နော်၊ မပိုင်ကြပါဘူး၊ တကယ်တမ်းရှုဆိုရင် နာတာ ကို ပေရှုနေကြတယ်၊ ဘယ်လိုပြောတတ်လဲမေးတော့ ဩော်. . တရားရှု ရတာ တစ်ချိန်လုံးနာတာများ နှိပ်စက်ရင် ငါ့ဝေဒနာ နှိပ်စက်လိုက်တာ တရားရှုလို့ မကောင်းဘူး၊ ဟော-ပြောပြီ၊ သက်တောင့် သက်သာလေးများ ရှုလို့ပြီးသွား မယ်ဆိုရင် အိုတစ်ချိန်လုံး ကောင်းလိုက်တာ ဝေဒနာမပေါ်ဘူး၊ ဟော မပြော ဘူးလား, ပြောလား?'

'ပြောပါတယ်ဘုရား'

'ဝေဒနာသိတယ်ပေါ့ သိလား၊ အခုမှ ခေါင်းတယမ်းယမ်း လုပ်မနေနဲ့၊ တရားတော့ ရှုနေကြတယ် ဘာရှုလို့ရှုမှန်းမသိဘူး၊ အဲတော့ နာတယ်ဆိုတဲ့ တရားကို ကိုယ်က အာရုံပြုပြီးတော့ ကိုယ်ပေါ်မှာနာတာများ တစ်ချိန်လုံး နှိပ်စက်သွားရင် ရှုံ့မဲ့ပြီးတော့ ပြီးသွားတယ်၊ ဩော်-ငါတရား ထိုင်ရတာ ဒီအချိန် မကောင်းဘူးကွ၊ ဘာဖြစ်လို့လဲမေးတော့ ဝေဒနာနှိပ်စက်လို့ ဘာကိုပြောတာလဲ၊ နာတာကိုပြောနေတာ၊ ကဲ-တရားထိုင် လိုက်လို့ ဇိမ်လေးကျပြီး ကောင်းသွားရင် နာတာလေးတောင် သိပ်မသိလိုက်ဘူး၊ တစ်ချိန်ကုန်လို့ ကုန်သွားမှန်းတောင် မသိလိုက်တဲ့ အခါကျတော့ အို-ထိုင်လို့ကောင်းလိုက်တာ ဝေဒနာတောင် မပေါ်ဘူး၊ မပြောဘူးလား ပြောလား?'

'ပြောပါတယ်ဘုရား'

http://www.dhammadownload.com



'သူထိုင်လို့ ကောင်းတယ်ဆိုတာ နာတာ မနာတာကို သတ်မှတ်နေတာ'

'မှန်လှပါဘုရား'

'ရှင်းပြီလား?'

'ရှင်းပါတယ်ဘုရား'

'ဘာတွေရှင်းလဲ၊ ဘာမှမရှင်းသေးဘဲနဲ့ လျှောက်ပြောနေကြတယ်၊ ဒူးမှာနာတယ်၊ ဟောသိပြီ၊ အဲ-သိလိုက်တဲ့အချိန်အခါမှာဘယ်သူကသိ'

'စိတ်ကသိပါတယ်ဘုရား'

'စိတ်ကသိတယ်ပေါ့နော်၊ အဲတော့ စိတ်ဖြစ်တိုင်း စိတ်ဖြစ်တိုင်းမှာ မှတ်ထားပါတဲ့၊ ဖဿရယ်၊ ဝေဒနာရယ်၊ သညာရယ်၊ စေတနာရယ်၊ ဧကဂ္ဂတာရယ်၊ ဇီဝိတိန္ဒြေရယ်၊ မနသိကာရ ရယ်ဆိုတဲ့ စေတသိက် (၇) လုံးဟာ အမြဲတမ်းယှဉ်တယ်၊ စိတ်ဖြစ်တိုင်း စိတ်ဖြစ်တိုင်းမှာ သဗ္ဗစိတ္တသာဓာရဏ စေတသိက်ဆိုတဲ့ (၇)လုံး အမြဲတမ်းပါတယ်၊ ဒါဖြင့်ရင် စိတ်ဖြစ်ရင် စေတသိက် ဘယ်နှစ်လုံးပါလဲ'

'(၇) လုံး ပါပါတယ်ဘုရား'

'အမြဲယှဉ်တယ်လို့ မှတ်ထားနော်'

'မှန်လှပါဘုရား '

'အဲဒီလို အမြဲရှင်တဲ့ အတွက်ကြောင့်မို့လို့ ဟောဒီ ဝေဒနာဆိုတာကောမပါဘူးလား?'

'ပါပါတယ်ဘုရား'

'ဖဿ၊ ဝေဒနာ ပါသွားပြီနော်'

'မှန်လှပါဘုရား'

'သညာကော မပါဘူးလား?'

'ပါ ပါတယ်ဘုရား'

http://www.dhammadownload.com



'ပါတယ်၊ ဒါဖြင့်ရင် မိမိတို့ရဲ့သန္တာန်မှာ စိတ်ဖြစ်တဲ့အခါမှာ ယှဉ်ဖော် ယှဉ်ဖက် ဝေဒနာပါတယ်၊ ယှဉ်ဖော်ယှဉ်ဖက် သညာပါတယ်၊ ဖဿတို့၊ စေတနာတို့၊ ဧကဂ္ဂတာတို့၊ ဇီဝိတိန္ဒြေတို့၊ မနသိကာရတို့ကော မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'အဲဒါဆိုရင် သင်္ခါရလည်း ပါသွားပြီ၊ ဒါဖြင့်ရင် စိတ်ဖြစ်တိုင်း ဖြစ်တိုင်း မှာ ဝေဒနာပါတယ်၊ သညာပါတယ်၊ သင်္ခါရပါတယ်၊ ဒီလိုဆိုရင် နာတဲ့ထဲမှာ ဝေဒနာပါလား၊ သိတဲ့ထဲမှာပါလား?'

'သိတဲ့ထဲမှာပါ ပါတယ်ဘုရား'

'ဘယ်ထဲပါသွားပြီလဲ'

'သိတဲ့ထဲမှာ ပါပါတယ်ဘုရား'

'ဒီလောက်ပြတာတောင် မဖြေတတ်ရင်လည်း မတတ်နိုင်တော့ဘူးနော်'

'မှန်လှပါဘုရား'

'ဟောဒီ စိတ်ထဲမှာကို ပြနေပါပြီ၊ ယှဉ်ဖော်ယှဉ်ဖက် ဝေဒနာပါတယ်၊ သညာပါတယ်၊ သင်္ခါရပါတယ်၊ ဒါကြောင့်မို့လို့ စိတ်ဖြစ်တိုင်း စိတ်ဖြစ်တိုင်းမှာ နာမ်ခန္ဓာ (၄) ပါးပေါ်တယ်၊ နာတာကို သိတဲ့နေရာမှာ အဲဒီနာတာကို ခံစားလဲ့ ဝေဒနာစိတ်မှာပေါ်တယ်၊ ဟောဒီ နာတာလေးကို မှတ်သားတဲ့သညာ စိတ်မှာ ပေါ်တယ်၊ ဒီနာမှုလေးပေါ်မှာ ကြည့်နိုင်အောင် ပြုပြင်ပေးတဲ့ သင်္ခါရ စိတ်မှာပေါ်တယ်၊ စေတသိက် ဘယ်မှာပေါ်လဲမေးရင် စိတ်မှာပေါ်တယ်၊ အဲဒီလိုဆိုရင် ဝေဒနာသည် ဘယ်နေရာယူလဲမေးရင် စိတ်မှာနေရာယူတယ်၊ ဘယ်မှာနေရာယူလဲ'

'စိတ်မှာနေရာယူပါတယ်ဘုရား'

'နာတယ်ဆိုတဲ့တရားရယ်၊ ဒီဘက်ကခံစားတဲ့တရားရယ် ကွဲသွား ပြီနော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'နာတယ်ဆိုတဲ့တရားကို ဒူးမှာပြထားတယ်၊ အဲဒီ နာတာသည် ဒူးမှာပေါ်တဲ့နာသဘော၊ ဒီဘက်ကသိတဲ့ သဘောလေးက စိတ်ကသိနေတာ၊ အဲဒီ သိစိတ်ထဲမှာ ပေါ်တဲ့ နာတာကို ခံစားတဲ့ဝေဒနာ ပါ, မပါ'

'ပါပါတယ်ဘုရား'

'ဒါဖြင့်ရင် ခံစားတဲ့ဝေဒနာ ဘယ်မှာပေါ်'

'စိတ်မှာပေါ်ပါတယ်ဘုရား'

'ဝေဒနာရှုတော့ ဘယ်မှာကြည့်'

'စိတ်မှာကြည့်ရပါတယ်ဘုရား'

'နာတာသွားကြည့်နေကြတာ၊ ဘယ်မှာသွားကြည့်တာတုန်း '

'နာတာသွားကြည့်နေတာ ပါဘုရား'

'နာတာသွားကြည့်ပြီး ဝေဒနာနှိပ်စက်လိုက်တာ ငါရှုလို့မကောင်းဘူး၊ တစ်ခါထပ်ပြီးတော့မှ အဲဒီနာတာကို မတွေ့တော့တဲ့အခါ သက်တောင့် သက်သာနဲ့ရှုရရင် ငါ ဝေဒနာတောင်မပေါ်ဘူးလုပ်တယ်၊ ဒါဖြင့်ရင် ဝေဒနာ သည် စိတ်ဖြစ်တိုင်းဖြစ်သည်၊ ဝေဒနာသည်'

'စိတ်ဖြစ်တိုင်းဖြစ်ပါတယ်ဘုရား '

'ဒါကြောင့်မို့လို့ မိမိတို့ရဲ့သန္တာန်မှာ ဟောဒီစိတ်ရှိရင် ခံစားမှု ဝေဒနာကို ရှိတယ်၊ စိတ်ရှိရင်'

'ခံစားမှုဝေဒနာရှိပါတယ်ဘုရား'

'ယနေ့ တရားအားထုတ်ကြတဲ့ပုဂ္ဂိုလ်တွေ ဝေဒနာကုန်အောင် လိုက် လိုက်ဆိုတာ မရှိဘူးလား?'

'ရှိပါတယ်ဘုရား'

'ဝေဒနာကုန်အောင်ကော လိုက်ဖူးလား?'

'မလိုက်ဖူးပါဘူးဘုရား'

http://www.dhammadownload.com



'လိုက်ဖူးကြပါတယ်၊ ဝေဒနာကုန်အောင်ကော မရှုဘူးလား၊ အခုမှ အ,မနေကြနဲ့နော်၊ နဂိုတုန်းကတော့ ဝေဒနာကုန်အောင်လိုက်ဆိုတော့ လိုက်လိုက်ကြတာ၊ ကိုယ့်ကိုယ်ကို သေရင်သေပစေဆိုပြီးတော့ ကြိတ်မှိတ်ပြီးတော့ အို-ရှုံ့မဲ့နေတာ ကင်မရာနဲ့ရိုက်ထားရင်တော့ သိသာတယ် ပေရှုဆိုရှုတာပဲ၊ အဲဒီပုဂ္ဂိုလ်တွေ သဘောမပေါက်ဘဲနဲ့ ရှုနေရင် အဲဒီ ဝေဒနာအပေါ်မှာ နားမလည်ဘဲနဲ့ရှုလို့ ဒေါသ ကိလေသာတွေ ဖြစ်ချင်တိုင်းဖြစ်ကြတယ်'

'မှန်လှပါဘုရား'

'ကြိတ်မနိုင်ခဲမရနဲ့ ရှုမှတော့ ဒေါသမလာဘူးလား?'

'လာပါတယ်ဘုရား'

'ရှုရမှာက ကိလေသာနဲ့လား ဉာဏ်နဲ့လား ?'

'ဉာဏ်နဲ့ပါဘုရား'

'အဲဒါတွေပြောရင် ပြီးမှာတောင် မဟုတ်တော့ဘူး၊ ဒါကြောင့်မို့လို့ သဘောလေးပဲပြောတော့မယ်နော်၊ နက်ဖြန်မှအကျယ်ချဲ့မှာပေါ့ဟုတ်လား ?'

'မှန်လှပါဘုရား'

'ဒီတော့ ရုပ်နဲ့ဝေဒနာလေးကို ပြန်ခွဲပေးမယ်၊ မိမိတို့ ဒူးမှာပေါ်တဲ့ နာသဘောလေးသည် ရုပ်တရား၊ နာမ်သဘောသည် ဘာတရား'

'ရုပ်တရားပါဘုရား'

'အဲဒီနာမှုလေးကို အာရုံပြုပြီးခံစားတာက'

'နာမ်တရားပါဘုရား'

'ဝေဒနာပေါ့နော်'

'မှန်လှပါဘုရား'

'နာမ်တော့နာမ်ပါပဲ သီးခြားလေးသိစေချင်လို့ပါ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒါဆိုရင် ဝေဒနာဆိုတဲ့တရားသည် စိတ်မှာပေါ်တယ်၊ စိတ်ဖြစ်တိုင်း ဖြစ်တယ်လို့မှတ်ထားလိုက်ပါ'

'မှန်လှပါဘုရား'

'အခု ဟောဒီဒူးမှာ နာတဲ့သဘော အာရုံလေးပြုပြီးတော့ မိမိဒူးမှာ နာတယ်၊ အဲဒီနာတာကို တစ်ယောက်နဲ့တစ်ယောက်က အာရုံပြုတာချင်း မတူကြဘူး၊ မတူဘူးနော်'

'မှန်လှပါဘုရား'

'ဒူးနာတဲ့နေရာမှာ အလေ့အကျင့်မရတဲ့ ပုဂ္ဂိုလ်တွေကျတော့ (၁၅) မိနစ်လောက် ထိုင်လိုက်ပြီဆိုရင် မခံနိုင်တော့ဘူး၊ အလေ့အကျင့် ရတဲ့ပုဂ္ဂိုလ်ကျတော့ ခံသာတယ်၊ ဉာဏ်ရောက်တဲ့ပုဂ္ဂိုလ်ကျတော့ ဖြစ်ပျက် တန်းမြင်တယ်၊ ဘယ်နှစ်မျိုး ပြောလိုက်တုန်း'

'၃-မျိုးပါဘုရား'

'ဒူးမှာနာတဲ့တရားကို ဒုက္ခဝေဒနာတစ်လုံးတည်း လုပ်နေကြတဲ့ အတွက်ကြောင့်မို့လို့ အခုရှင်းပေးတော့မယ်၊ ဒူးမှာနာတယ် ဆိုတဲ့နေရာမှာ မခံသာရင် ဒုက္ခ၊ မခံသာရင်'

'ဒုက္ခပါဘုရား'

'အဲဒီနာမှုလေးကို ခံသာလို့ သက်တောင့်သက်သာနဲ့ ရှုနိုင်ရင်သုခ၊ နာတာသည် မခံသာရင်'

'ဒုက္ခပါဘုရား'

'ခံသာရင်'

'သုခပါဘုရား'

'အဲဒီ နာသဘောလေးကို ဖောက်ပြန်တဲ့အနေနဲ့ ဖြစ်ပျက်ကို တန်းမြင် ရင် ဒုက္ခဘက်ကော အာရုံပြုလား?'

'မပြုပါဘူးဘုရား'

http://www.dhammadownload.com



'သုခဘက်ကော အာရုံပြုလား?'

'မပြုပါဘူးဘုရား'

'ဒုက္ခ၊ သုခလွတ်နေတယ်နော် '

' မှန်လှပါဘုရား'

' ဒီထိလည်း သဘောပေါက်တယ်နော်'

'မှန်လှပါဘုရား'

'ဒါဖြင့်ရင် နာတာကို မခံသာတာကဒုက္ခ၊ အဲဒီအာရုံကို ပြုပြီး ခံစားတာက ဝေဒနာ၊ ဒုက္ခနဲ့ဝေဒနာနဲ့ပေါင်း'

'ဒုက္ခဝေဒနာပါဘုရား '

'တစ်လုံးရသွားပြီ ဟောဒီနာတာလေးခံသာတယ်၊ အဲဒီခံသာတာကို သုခလို့ မှတ်လိုက်ပြီ၊ ဒါဖြင့် သုခအာရုံလေးကို ဘယ်သူကခံစား'

'ဝေဒနာကခံစားပါတယ်ဘုရား'

'သုခနဲ့ဝေဒနာနဲ့တွဲလိုက်'

'သုခဝေဒနာပါဘုရား'

'သုခဝေဒနာ မိမိတို့ရဲ့သန္တာန်မှာ ဒုက္ခကိုအာရုံပြုလိုက်တာက မခံသာတဲ့အချိန်လေး သုခကိုအာရုံပြုလိုက်တာက ခံသာတဲ့အချိန်လေး၊ အဲဒီခံသာတဲ့အာရုံကိုပြုတုန်းမှာ ခံစားတာက ဝေဒနာကခံစားတယ်၊ ပေါ်တာက သုခ၊ ဒုက္ခကိုခံစားတော့ ဒုက္ခကပြတာကဒုက္ခ အာရုံခံစားတာက ဝေဒနာ၊ ဟော-ခံစားတာက ခံစားတဲ့အလုပ်၊ ဒီဘက်က ပြတဲ့အာရုံကလည်း ပြတဲ့အလုပ်၊ အဲဒီနှစ်ခုကို မရှင်းတဲ့အတွက်ကြောင့်မို့လို့ ရောထွေးနေကြတယ်၊ အဲဒီဒုက္ခအာရုံသည် ဘယ်မှာပေါ်လဲမေးရင် ကိုယ်မှာပေါ်တယ်၊ ဟော-ခံစားတဲ့ဝေဒနာလေးနဲ့ တွဲလိုက်တော့ ဒုက္ခဝေဒနာကိုယ်မှာပေါ်တယ်လို့ သင်ပေးလိုက်ကော၊ အဲလိုသင်ပေးလိုက်တဲ့အတွက်ကြောင့် မိမိတို့ဒုက္ခဝေဒနာဆိုရင် ဟောဒီနာမ်စမ္မပေါ်မှာ ဒေါမနဿကို ရှုရကောင်းမှန်းမသိတော့ဘူး၊ နာတာကိုပဲ ဒုက္ခဝေဒနာ တစ်လုံးတည်းလုပ်ပြီး ရှုတော့တာပဲ၊ အဲလိုရှုတဲ့အတွက်ကြောင့်မို့လို့

http://www.dhammadownload.com



ဒီပုဂ္ဂိုလ်တွေသည် ရုပ်ပေါ်မှာတင်ပြီး ဝေဒနာလုပ်ရှုတဲ့အတွက်ကြောင့်မို့လို့ ရုပ်နဲ့ဝေဒနာကွဲကိုမကွဲခဲ့ဘူး၊ အခုဒီသဘောလေးကို ပြောတော့မယ်နော်၊ မခံသာတဲ့ အာရုံဒုဿမှာပေါ်တဲ့နာမ္မ အဲဒီနာမ္မသည် မခံသာရင်ဒုက္ခ၊ ခံစားတာက'

'ဝေဒနာပါဘုရား'

'ပေါင်းလိုက်စမ်းပါ'

'ဒုက္ခဝေဒနာပါဘုရား'

'ဒီလိုဆိုရင် ဒုက္ခသည် ဝေဒနာလား၊ ဝေဒနာသည် ဒုက္ခလား?'

'မဟုတ်ပါဘူးဘုရား'

'ဒါကွဲပစေနော် '

'မှန်လှပါဘုရား'

'ဒုက္ခသည်ဝေဒနာလားလို့မေးရင် မဟုတ်ဘူး၊ ဝေဒနာသည် ဒုက္ခလား မေးရင်'

'မဟုတ်ပါဘူးဘုရား'

'ဒုက္ခဆိုတာကအာရုံ ဒုက္ခဆိုတာက'

'အာရုံပါဘုရား'

'ခံစားမှု'

'ဝေဒနာပါဘုရား '

'ဒါဖြင့်ခံစားတာက ဝေဒနာ ဟောဒီဘက်က မခံသာတဲ့အာရုံလေးက ဒုက္ခ၊ ခံသာတဲ့ အာရုံလေးက'

'သုခပါဘုရား'

'အဲဒီအာရုံလေးတွေသည် ဒုက္ခအာရုံလည်းဖောက်ပြန်တဲ့ရုပ်၊ ဟောသုခ အာရုံလေးလည်း ဖောက်ပြန်တဲ့ရုပ်၊ ဒါဖြင့်ရုပ်တရားနဲ့ဝေဒနာ ကွဲမသွားဘူးလား?'

'ကွဲသွားပါတယ်ဘုရား'

http://www.dhammadownload.com



' ဒါကြောင့်မို့လို့ သူတော်စင်များကို သေချာ နားလည်အောင်ပြောရင် ကိုယ်နဲ့စပ်ပြီးပေါ်သမျှ ရုပ်၊ စိတ်နဲ့စပ်ပြီးပေါ်သမျှ'

'နာမ်ပါဘုရား'

'ရုပ်နဲ့နာမ်ကွဲပစေနော် မရောထွေးစေပါနဲ့၊ မိမိတို့က မခံသာတဲ့ အာရုံက ဒုက္ခအာရုံ၊ နာတာကြီးကိုပြလို့ သူ့ကိုမရှုနိုင်ရင် ဟောဝေဒနာကို ရှုချင်ရင် ဒေါမနဿကိုကြည့် စိတ်မှာပေါ်နေတယ်၊ အဲဒီစိတ်မှာပေါ်နေတဲ့ ဒေါမနဿလေးကို ရှုတဲ့နေရာမှာ မရှုတတ်ဘူးဆိုရင် ဒီဘက်မှာဒေါသ လာသည်၊ ဘာလာတုန်း'

'ဒေါသလာပါတယ်ဘုရား'

'ဒေါသလာတယ် ဆိုကတည်းကိုက ငါ့ဒူးကြီးနာလိုက်တာ မခံနိုင်ဘူး၊ မခံနိုင်ဘူးဆိုတော့ ဒိဋ္ဌိကောမပါဘူးလား?'

'ပါပါတယ်ဘုရား '

'ဒီဘက်က ဒေါသလာတဲ့အတွက်ကြောင့်မို့လို့ ကြိတ်မနိုင် ခဲမရ ဖြစ်တော့ ဒေါသကိလေသာကလာတော့ မြန်မြန်သက်သာချင်တဲ့ တဏှာကြီး ကော မချည်ဘူးလား?'

'ချည်ပါတယ်ဘုရား'

'အဲဒီပုဂ္ဂိုလ် လည်ပတ်, ပတ်လိုက် ကြိုးချည်လိုက်၊ လည်ပတ် , ပတ် လိုက် ကြိုးချည်လိုက်နဲ့ အလုပ်ရှုပ်နေတာ'

'မှန်လှပါဘုရား'

'ဒုက္ခဝေဒနာကြားထဲမှာ ဘာလုပ်နေတာတုန်း'

'ကြိုးချည်နေတာပါဘုရား'

'ရှင်းပြီလား?'

'ရှင်းပါပြီဘုရား'

'ဒုက္ခဝေဒနာပေါ်တိုင်း၊ ပေါ်တိုင်းမှာ ကြိတ်မနိုင်ခဲမရနဲ့ တွန့်လိမ် ပြီးတော့ မျက်လုံးလေး ကလည်ကလည်နဲ့ ဆရာအလစ်မှာလည်း နာရီများ

http://www.dhammadownload.com



စေ့ပြီလားဟဲ့ ဖွင့်ကြည့်ရသေးတယ်၊ အဲဒါဘာလုပ်တာလဲ'

'ကြိုးချည်တာပါဘုရား'

'လည်ပတ်တပ်လိုက် ကြိုးချည်လိုက်၊ လည်ပတ်တပ်လိုက် ကြိုးချည်လိုက်နဲ့ အဲဒီပုဂ္ဂိုလ် ပြုတ်တော့မလား?'

'မပြုတ်တော့ပါဘူးဘုရား'

'ဒါဖြင့်ရင်ပေါ်လာတဲ့အာရုံလေးသည် ဩော်-ကိုယ်မှာပေါ် ကိုယ်မှာချုပ်နေပါလား၊ ဟောဒီ ခံစားတာကလည်း ဝေဒနာ၊ သူ့အလုပ်သူ လုပ်နေတာ ရုပ်ကလည်း သူ့အလုပ်သူလုပ်နေတာ၊ သူ့အလုပ်သူလုပ်တာကို ထိုင်ကြည့်နေတာက ဉာဏ်အလုပ်၊ အဲဒီဉာဏ်အလုပ်က သူ့အလုပ်ကို သူကြည့်ရင် ရုပ်ကလည်းဖောက်ပြန်လိုက် ပျက်စီးလိုက်၊ ဝေဒနာကလည်း ခံစားလိုက် ပျက်စီးလိုက်၊ ဟောဒီ ဉာဏ်လေးကသာလိုက် ဒီပုဂ္ဂိုလ်သည် အမှန်ကိုသိတဲ့အတွက်လည်ပတ်ပြုတ် မပြုတ်'

'ပြုတ်ပါတယ်ဘုရား'

'ကဲ-ဖြစ်ပျက်ကို မြင်နေတာက ဝေဒနာဆိုတာလည်း ခန္ဓာနော် '

'မှန်လှပါဘုရား'

'ရုပ်ဆိုတာလည်း ခန္ဓာ၊ ဒီခန္ဓာလေးသည်ပင် ဖြစ်ပြီးပျက်နေတာကို ပြနေတဲ့အတွက် ဟော-ခန္ဓာဆိုတာက ချည်တိုင် ပျက်နေ ပျက်နေတော့ ကျိုးမနေဘူးလား?'

'ကျိုးနေပါတယ်ဘုရား'

'ဒါဖြင့်ရင် ရုပ်တရားနဲ့ အနိစ္စကိုမြင်ရင် ချည်တိုင်ကျိုးတယ်၊ နာမ်တရားရဲ့ အနိစ္စကိုမြင်ရင် ချည်တိုင်ကျိုးတယ်၊ အဲဒီကျိုးအောင်လို့ ဘယ်သူက ချိုးလဲလို့မေးရင် ဉာဏ်ရှင်းသွားပြီလား?'

'ရှင်းပါပြီဘုရား'

'သုခဝေဒနာလေးပေါ်ပြန်တယ်၊ အာရုံနဲ့ဟောဒီခံစားမှုကို မကွဲတဲ့အတွက်ကြောင့်မို့လို့ ဩော်-သုခဝေဒနာလေးလည်း ပေါ်လည်းပေါ်ရော

http://www.dhammadownload.com



သူတော်စင်များက ဒီဒုက္ခဝေဒနာမှာ ကြိတ်မှိတ်ခံခဲ့ရတာကို ခံခဲ့ရပြီးတော့ ဝေဒနာကုန်အောင်လိုက်ဆိုတော့ လိုက်ပစ်လိုက်တာ နာတာကုန်အောင်လိုက် ဆိုတော့ လိုက်ပစ်လိုက်တော့၊ အဆုံးစွန်ဆုံးနာ ပြီးသွားရင် ရုတ်ခနဲလည်းပဲ ချုပ်သွားရော တစ်ကိုယ်လုံးမှာ ဖြိုးခနဲ ဖျင်းခနဲနဲ့ အေးစိမ့်သွားလောက်အောင် သက်သာသွားတဲ့သဘော အစားထိုးတာကို သုခရှုရကောင်းမှန်းမသိဘဲ ပျော်သွားကြတော့ တဏှာမလာဘူးလား?'

'လာပါတယ်ဘုရား'

'အဲဒီပုဂ္ဂိုလ် ကြိုးချည်, မချည်'

'ချည်ပါတယ်ဘုရား'

'အမှန်မြင်လို့လား မမြင်လို့လား?'

'မမြင်လို့ပါဘုရား'

'လည်ပတ်ကော ဖြုတ်လား တပ်လိုက်လား?'

'တပ်လိုက်ပါတယ်ဘုရား'

'ချည်တိုင်ပတ်ပြေးသွားပြီ၊ တဏှာလာရင် ဥပါဒါန်ကံ သွားပြီလေ'

'မှန်လှပါဘုရား'

'သွားရင်တခြားလား ပတ်ပြေးနေတာလား?'

'ပတ်ပြေးနေတာပါဘုရား'

'ဟော-တရားရှုရင်း ပတ်ပြေးတာတော်ပါ့မလား?'

'မတော်ပါဘူးဘုရား'

'ဒါသေချာ အာရုံပြုနော်'

' မှန်လှပါဘုရား'

'သုခအာရုံဆိုတာကလည်းပဲ သက်တောင့်သက်သာ အစားထိုးသွားတဲ့ ရုပ်တရားရဲ့ ဖောက်ပြန်ပျက်စီးနေတာကို မြင်အောင်ကြည့်ရင် ရုပ်အလုပ်လုပ်တာ မမြင်ဘူးလား?'

'မြင်ပါတယ်ဘုရား'

http://www.dhammadownload.com



'ဟော-အာရုံလေးကလည်းခံစားနေတာကို ဝေဒနာဉာဏ်လှည့်လိုက်ရင် သူ့ခံစားမှုကလည်း ခံစားလိုက် ပျက်လိုက်၊ ခံစားလိုက် ပျက်လိုက်နဲ့ ဉာဏ်ကသာမြင်ရင် ဝေဒနာက္ခန္ဓာရဲ့အပျက်၊ ရူပက္ခန္ဓာရဲ့အပျက် ဒါကိုမြင်နေရတဲ့ ပုဂ္ဂိုလ်ချည်တိုင်ကျိုးတာတွေ့သွားပြီ၊ ချည်တိုင်ကျိုးတာ တွေ့ပြီဆိုရင် ကြိုးချည်လို့ရအုံးမလား?'

'မရတော့ပါဘူးဘုရား'

'လည်ပတ်ကော တပ်လို့ရအုံးမလား?'

'မရပါဘူးဘုရား'

' အဲဒါသည်ပင် ဘာကြောင့်လဲမေးတော့ ခန္ဓာအပေါ်မှာ ဉာဏ်ရှင်းမှ သဘောပေါက်လား?'

'ပေါက်ပါတယ်ဘုရား'

'ဒါကြောင့်မို့လို့ ပေါ်လာတဲ့တရားတွေမှာ ကိုယ်နဲ့စပ်ပြီးပေါ်ရင်'

'ရုပ်တရားပါဘုရား'

'စိတ်နဲ့စပ်ပြီးပေါ်ရင်'

'နာမ်တရားပါဘုရား'

'အဲဒါကိုမသိရင် ရှုပ်ထွေးသွားတာက ဒုက္ခတရားတွေပေါ်တိုင်း ပေါ်တိုင်းမှာ ဒေါသလိုက်တော့မယ်'

'မှန်လှပါဘုရား'

'သုခတရားတွေ လာတိုင်း လာတိုင်းမှာ တဏှာလိုက်တော့မယ်၊ အဲဒီလိုလိုက်ပြီဆိုရင် ဒီပုဂ္ဂိုလ်ချည်တိုင်ပတ်ပြေးနေတာ'

'မှန်လှပါဘုရား'

'ဒုက္ခအာရုံပေါ်လည်း ကိုယ်မှာပေါ် ကိုယ်မှာချုပ်တာ၊ သုခအာရုံပေါ်လည်း ကိုယ်မှာပေါ်ကိုယ်မှာချုပ်တာ၊ အဲဒါကို မိမိတို့က ဟောဒီတရားလေးဟာ ဖောက်ပြန်လိုက် ပျက်စီးလိုက်လို့ အမြင်လေးသာရှင်းလိုက် မိမိရဲ့

http://www.dhammadownload.com



သဏ္ဌာန်မှာ နာတာလည်းပဲ ဘယ်လောက်ကြီးကြီး ဖောက်ပြန်လိုက် ပျက်စီးလိုက်၊ ဘယ်လောက်ပဲသေးသေး ဖောက်ပြန်လိုက် ပျက်စီးလိုက် အဲဒါဆိုရင် ရုပ်သဘောရဲ့ အမှန်ကို မသိသွားဘူးလား?'

'သိသွားပါတယ်ဘုရား'

'သိသွားတဲ့အချိန်လေးသည် သုခဘက်လည်းမရောက်၊ ဒုက္ခဘက်လည်းမရောက် ဖြစ်တာပျက်တာ တန်းမြင်တဲ့အတွက်ကြောင့်မို့လို့ ဒီပုဂ္ဂိုလ်ရဲ့ သဏ္ဌာန်မှာ ဟော-ဖောက်ပြန်လိုက် ပျက်စီးလိုက်၊ ခံစားလိုက် ပျက်စီးလိုက် ဘယ်နေရာကြည့်ကြည့် ဉာဏ်က ရောက်သွားရင် အပျက် မြင် မမြင်'

'မြင်ပါတယ်ဘုရား'

'ဒါကြောင့် -

**"ရုပ်နာမ်အနိစ္စ၊ မြင်လေက၊ ခန္ဓာ့ချည်တိုင်ကျိုးလေသည်"**

'အခု ကိုယ့်ရဲ့သဏ္ဌာန်မှာ သဠာယတနဆိုတဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ခြောက်နေရာမှာ ကိုယ်ပေါ်မှာပြသွားတဲ့ ဖောက်ပြန်ပြနေတဲ့ မခံသာတဲ့ အာရုံ၊ ခံသာတဲ့အာရုံ၊ မခံသာတာ ခံသာတာ လွတ်နေတဲ့အာရုံ ဒီအာရုံတွေပေါ်မှာ ဖောက်ပြန်ပျက်စီးတာကို ဉာဏ်ကလိုက်မယ်ဆိုရင် ဖြစ်ပျက်အနိစ္စကို မမြင်ဘူးလား ?'

'မြင်ပါတယ်ဘုရား'

'ဘယ်သူ့ဖြစ်ပျက်လဲမေးရင် ခန္ဓာ့ဖြစ်ပျက်၊ ဒါဖြင့် ခန္ဓာ့ဖြစ်ပျက်ကိုမြင်ရင် ချည်တိုင်ကျိုးတယ်လို့မှတ်'

'မှန်လှပါဘုရား'

'အဲဒီလို ချည်တိုင်ကျိုးနေတယ်ဆိုရင် ဟောဒီ. . . ဉာဏ်က တဏှာကို ပယ်မပယ်'

'ပယ်ပါတယ်ဘုရား'

'အဲဒီတဏှာကို ပယ်တာသည်ပင် ကျိုးပြတ်နေတယ်လို့မှတ်နော်'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'အဲဒီလို ကျိုးပြတ်ရတာသည် တခြားလား အမန်မြင်လို့လား?'

'အမှန်မြင်လို့ပါဘုရား'

'ဒီလိုဆိုရင် ချည်တိုင်ကို ကျိုးတယ်၊ ကျိုးတယ်ဆိုတာက ရုပ်ကို ပရမတ်ရောက်အောင်၊ နာမ်ကို ပရမတ်ရောက်အောင် သဘောရှင်းပြီး မြင်လိုက်တဲ့ အသိဉာဏ်က ရုပ်နာမ်တွေရဲ့ အပျက်ကိုမြင်တဲ့အတွက်ကြောင့် မို့လို့ ဩော်-အမှန်တရားကိုသိသွားရင် ဒိဋ္ဌိလည်ပတ်ကော တပ်သေးလား?'

'မတပ်တော့ပါဘူးဘုရား'

'ဒါကြောင့် တစ်ဆင့်တက်ရမှာက-

**"ချည်တိုင်ကျိုးပြီး၊ ငါဒိဋ္ဌိ၊ မရှိလည်ပတ်ပြုတ်လေသည်"**

အခုမိမိတို့ရဲ့သန္တာန်မှာ ဒူးကနာတယ်ဆိုတဲ့နေရာမှာ နာတာလေးက ဖောက်ပြန်လိုက် ပျက်စီးလိုက်၊ ဖောက်ပြန်လိုက် ပျက်စီးလိုက်ဆိုတော့ ဒူးပါသေးလား?'

'မပါပါဘူးဘုရား'

'ဉာဏ်အောက်မှာပျက်တာကို မြင်နေရင် ဒူးပျောက်နေပြီနော်'

'မှန်လှပါဘုရား '

'အခုတော့ ငါ့ဒူးကြီးနာလိုက်တာဆိုရင် ဒီပုဂ္ဂိုလ်သည် နာတဲ့ သဘောပေါ်မှာ ဉာဏ်မရောက်တဲ့အတွက် ငါ ဝင်မရောသွားဘူးလား ?'

'ရောသွားပါတယ်ဘုရား'

'ရုပ်ကို ငါလုပ်တဲ့အတွက် ငါမခံနိုင်ဘူးဆိုတော့ ဟော-ဝေဒနာကို လည်း ငါမလုပ်ဘူးလား ?'

'လုပ်ပါတယ်ဘုရား'

'အဲဒီပုဂ္ဂိုလ် လည်ပတ်အကြိမ်ကြိမ်တပ်နေတာ'

'မှန်လှပါဘုရား'

'ဖြစ်ပျက်ကို မမြင်တဲ့အတွက် ခန္ဓာချည်တိုင်ကော ကျိုးသလား?'

'မကျိုးပါဘူးဘုရား'

http://www.dhammadownload.com



'အဲတော့ ဒေါသနဲ့ပတ်ပြေးလိုက်၊ လောဘနဲ့ပတ်ပြေးလိုက်ဆိုတော့ ဒီပုဂ္ဂိုလ် ပတ်ပြေးနေတာသည်ပင် ချည်တိုင်ဝပ်နေတော့မှာနော်'

'မှန်လှပါဘုရား'

'အခုတော့ ရုပ်နာမ်ဓမ္မတွေရဲ့သဘောကို ဉာဏ်ကလိုက်တဲ့အတွက်ကြောင့်မို့လို့ ဝေဒနာပေါ်လည်းအပျက်၊ ရုပ်တရားလေးတွေပေါ်လည်းပဲ အပျက်၊ ဒါကို မြင်တဲ့အတွက် ချည်တိုင်ကျိုးတာကိုမြင်ရင် အမှန်တရားကို မြင်တဲ့အတွက် လည်ပတ်ကော မပြုတ်ဘူးလား?'

' ပြုတ်ပါတယ်ဘုရား'

'လည်ပတ်ပြုတ်ရင် ချည်တိုင်ကျိုးရင် ကြိုးချည်လို့ရသေးလား?'

'မရပါဘူးဘုရား'

'ဒါကြောင့် -

"လည်ပတ်ပြုတ်ဘိ၊ ငါ့ဟာသိ ၊ မရှိတဏှာကြိုးပြတ်သည်"

'ကဲ-ကြိုးကော မပြတ်ဘူးလား?'

'ပြတ်ပါတယ်ဘုရား'

'ကြိုးလည်းပြတ်ပြီ၊ လည်ပတ်လည်းပြုတ်ပြီ၊ ချည်တိုင်လည်းကျိုးမှတော့ ဘယ်နေရာ သွားချည်အုံးမလဲ'

'မချည်တော့ပါဘူးဘုရား'

'ချည်စရာအကြောင်းမရှိတဲ့အတွက်ကြောင့်မို့လို့ ဝပ်စရာချည်တိုင်ကောပေါ်ပါအုံးမလား?'

'မပေါ်တော့ပါဘူးဘုရား'

'ဒါဖြင့်ရင် တန်ဖိုးရှိသွားတာက ကြိုးလည်းပြတ်တယ်၊ ချည်တိုင်လည်းကျိုးတယ်၊ လည်ပတ်လည်းပြုတ်သွားမှတော့ နောက်ထပ်ချည် တိုင်ဝပ်စရာ အကြောင်းမရှိတော့ဘူး၊ အဲဒါက ခန္ဓာမပေါ်တဲ့ ဒုက္ခသိမ်းတဲ့နိဗ္ဗာန်ကိုပြသွားတာ'

'မှန်လှပါဘုရား'

http://www.dhammadownload.com



'ဒါဖြင့်ချည်တိုင်ကျိုးရင် နိဗ္ဗာန်ရောက်မရောက်'

'ရောက်ပါတယ်ဘုရား'

'လည်ပတ်ပြုတ်ရင်လည်း နိဗ္ဗာန်ရောက်မရောက်'

'ရောက်ပါတယ်ဘုရား'

'တဏှာကြိုးပြတ်ရင်လည်း'

'ရောက်ပါတယ်ဘုရား'

'နိဗ္ဗာန်ကို ရောက်ရတာသည် ယနေ့ သူတော်စင်များ ခန္ဓာ အကြောင်း သိမှုနော်'

'မှန်လှပါဘုရား'

' ဩော်. . . ငါတို့ရဲ့သဏ္ဍာန်မှာ သံသရာတစ်လျှောက်လုံးက အဝိဇ္ဇာ တဏှာလက်ချက်နဲ့ပေ့ အမှောင်ဖုံးပြီးတော့ လျှောက်လှမ်းခဲ့ရသမျှသည် ကြောက်စရာကောင်းလောက်အောင်ကိုပဲ အဖြစ်ဆိုးနဲ့ကြုံခဲ့ရတာ ဘုရားဟော ပေးတဲ့တရားတွေကို ယနေ့ တစ်ဆင့်တစ်ဆင့် သံဃာတော်အရှင်မြတ်တွေက စောင့်ရှောက်ထိန်းသိမ်းလာပြီး ဟောပေးလိုက်တဲ့အခါကျတော့ ဉာဏ်ရောက် အောင် ပွင့်သွားပြီဆိုတော့ အမှန်ရှိတဲ့တရားလေးတွေပေါ်မှာ ဟော-ရုပ်နဲ့ ဝေဒနာကော မကွဲသွားဘူးလား?'

'ကွဲသွားပါတယ်ဘုရား'

'ကိုယ်နဲ့စပ်ပြီး ပေါ်သမျှ'

'ရုပ်တရားပါဘုရား'

'စိတ်နဲ့စပ်ပြီးပေါ်သမျှ'

'နာမ်တရားပါဘုရား'

'အဲဒီရုပ်နာမ်လေးသည် ဖြစ်ပြီးရင် တည်တာလား၊ ပျက်နေတာလား?'

'ပျက်နေတာပါဘုရား'

'ဟော-ဖြစ်ပျက်ကိုမြင်ရင် ချည်တိုင်ကျိုးမကျိုး'

'ကျိုးပါတယ်ဘုရား '

http://www.dhammadownload.com



'အမှန်ရှိရုပ်နာမ်ကိုသိတဲ့အတွက် လည်ပတ်ကော ပြုတ်မပြုတ်'

'ပြုတ်ပါတယ်ဘုရား'

'ကဲ - ချည်တိုင်ပြုတ်ပြီဆိုရင် ကြိုးချည်စရာရှိသေးလား?'

'မရှိတော့ပါဘူးဘုရား'

'အဲဒီပုဂ္ဂိုလ်ချည်တိုင်ကနေ လွတ်သွားတဲ့အတွက် အေးချမ်းတဲ့သဘောသည် နိဗ္ဗာန်ကိုရောက်တယ်လို့ ဘုရားဟောပေးတဲ့အတိုင်း ကိုယ့်ကိုယ်ကို ဒီဘဝကလွတ်အောင် ကယ်နိုင်ကြတဲ့ သူတော်စင် သူတော်ကောင်းတွေ ဖြစ်ပါစေလို့ တိုက်တွန်းရင်းပဲ တရားပွဲကို သာဓုသုံးကြိမ်ခေါ်လို့ တော်လိုက်ကြရအောင်။

( သာဓု . . . သာဓု . . . သာဓု . . . )

http://www.dhammadownload.com

# နိဂုံးပတ္ထနာ

သာသနသာစ လောကဿ၊ ဝုဍ္ဎိဘာဝတု သဗ္ဗဒါ၊
သာသနမ္ပိစ လောကဉ္စ၊ ဒေဝါရက္ခန္တု သဗ္ဗဒါ။

သာသနံ ကပ္ပေ လောကေစ၊ စိရံ ဇော တေတု သဗ္ဗဒါ၊
သဗ္ဗေ ဣဒံ လဘိတွာန၊ ပမောဒါဟောန္တု သဗ္ဗဒါ။

ဗုဒ္ဓမြတ်စွာ၊ သာသနာနှင့်၊ ကမ္ဘာလောက၊ တကွလူသား၊
နတ်များဖြဟ္မာ၊ သတ္တဝါ၊ ချမ်းသာတိုးတက်ပါစေသတည်း။

ဒေဝါသိကြား၊ ဖြဟ္မာများတို့၊ လူသားကမ္ဘာ၊ သာသနာကို၊
ဗျာပါဘေးကင်း၊ ထွန်းပြောင်လင်း၊ ဆောင်နှင်းစောင့်ရှောက်ပါစေသတည်း။

မြတ်သာသနာ၊ ဤကမ္ဘာနှင့်၊ ဒေဝါလူနတ်၊ အရပ်ရပ်၌၊ မပြတ်စည်ဖြာ၊
ဓွန့်ရှည်ကြာ၊ ပမာနေလ ထွန်းစေသတည်း။

ဤသို့ပြုရ၊ မြတ်ပုညကို၊ အမျှဝေလို၊ များလူမိုလ်နှင့်၊
ထိုထိုသတ္တာ၊ မင်းယမပါ၊ ရကြပါစေ၊ အမျှဝေ၏၊
သဗ္ဗေသတ္တာ၊ အမျှရ၍၊ သုခလန်းဖြာ၊ သာသနာ၊
မကွာစောင့်ရှောက်နိုင်စေသတည်း။

http://www.dhammadownload.com

# "အရင်းအနှီးမပျောက်စေနဲ့"

ကုသိုလ်အရင်းအနှီးရှိလို့
လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည် ရနေကြတာ။
နိဗ္ဗာန်ရောက်ကြရတာ။
ကိုယ့်ပါလာတဲ့ အရင်းအနှီးလေး
ကျန်မှကျန်သေးရဲ့လား ?
နေ့စဉ် ကုန်သွားတဲ့ အချိန်တိုင်း ပြန်ဆန်းစစ်ပါ။
နိစ္စကျတဲ့ အပါယ်လေးဘုံကို မရောက်ချင်ရင်
ဒီတရားတော် စာအုပ်ကို ဖတ်ဖြစ်အောင်ဖတ်ကြ။

